www.burmeseclassic.com



နန်းဒေဝီ စာပေ

ကမ္ဘာကျော်ပြင်သစ်ပန်းချီဆရာ
Henri de Toulouse Lautrec ၏
ဘဝနောက်ခံ ဖြစ်ရပ်မှန်ဝတ္ထုကြီး

# လေရဟတ်နီ

တင်မောင်မြင့်

# MOULIN ROUGE

Pierre La Mure

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၂၇၀/ ၂၀၀၂ (၃)
◆
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၁၁/ ၂၀၀၂ (၅)
◆
ပထမအကြိမ်
၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ
◆
မျက်နှာဖုံးပန်းချီ
စံတိုး
◆
ထုတ်ဝေသူ
ဦးသန်းဆွေ၊ စစ်သည်တော် စာပေ (၀၁၄၇၃)
အမှတ် ၁၁၃၁/က၊ ၁၉ ရပ်ကွက်၊ ဥယျာဉ်လမ်း၊
ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။
◆
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်
အမှတ် −၄၄၊ သိမ်ဖြူလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊
ပုဇွန်တောင်မြို့နယ်။
◆
စာအုပ်ရေ
၅၀၀
◆
တန်ဖိုး
၂၀၀၀ ကျပ်

ကမ္ဘာကျော် ပြင်သစ်ပန်းချီဆရာ
Henri de Toulouse Lautrec ၏
ဘဝနောက်ခံ ဖြစ်ရပ်မှန်ဝတ္ထုကြီး

# လေရဟတ်နီ

## တင်မောင်မြင့်

**MOULIN ROUGE**
Pierre La Mure

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး




HENRI DE TOULOUSE - LAUTREC *At the Moulin Rouge*, 1892 (123 × 140 cm) Chicago, Art Institute of Chicago, Helen Birch Bartlett Memorial Collection

www.burmeseclassic.com

www.burmeseclassic.com



HENRI DE TOULOUSE - LAUTREC *Jane Avril Leaving the Moulin Rouge*, 1892 (63 × 42 cm) Hartford, Conn., Wadsworth Atheneum.



ဂါဝန်တွေ လေထဲတွင် ဝဲနေသည်။ ခြေအိတ်တွေ၊ ခြေပတ်တွေက အရောင်တဖျတ်ဖျတ်။ ကခြေသည်တို့သည် သူတို့၏ ခြေထောက်များကို လူတစ်ရပ်လွတ်သည်အထိ မြှောက်ကာ မြှောက်ကာဖြင့် လေ့ကျင့်ခန်းလုပ်နေသည့်အလား။ ဤသည်မှာ 'ကင်ကင်'ခေါ် ခေတ်ပေါ်အက တစ်မျိုးဖြစ်လေသည်။

ရွှေပွဲလာတွေ ပြည့်ကျပ်နေသည့် ကပွဲခန်းမကြီးထဲတွင် အော်ဟစ်အားပေးသံများ၊ လက်ခုပ်သံများ၊ ခြေဆောင့်စည်းလိုက်သံများဖြင့် ဝက်ဝက်ကွဲနေတော့သည်။

နေရာမှာ ၁၉ ရာစုနှစ်၏ ရင်ခုန်စရာ အကောင်းဆုံး တေလေတို့၏ ဘုမ်နက်သန့် လေရဟတ်နီကပွဲခန်းမဆောင်ကြီးတွင်ဖြစ်၏။ သီးသန့်စားပွဲတစ်လုံးတွင် အရုပ်ပျပ်ပျပ်နှင့် ထူးထူးဆန်းဆန်း လူတစ်ယောက် ထိုင်နေသည်။ အမှုအစားမကျလှသည့် သူ့မျက်နှာ တစ်ခုလုံး တောဖုံးနေသည့် မုတ်ဆိတ်မွေးကြီးကြောင့် ပို၍ အကြည့်ရဆိုးနေ၏။



www.burmeseclassic.com

www.burmeseclassic.com

သူ့စားပွဲပေါ်တွင် ပုံဆွဲစာရွက်တွေ ပြန့်ကျဲနေ၏။ ပုံဆွဲစာအုပ်ထဲမှ စာရွက်များကို တစ်ရွက်ပြီး တစ်ရွက်ဖြုတ်ကာ ကခြေသည်တွေ၊ လှုပ်ရှားသွားလာနေကြသူတွေ၏ ပုံများကို လျင်မြန်သွက်လက်စွာ ရေးခြစ်နေသည်။ ပြီးသည်နှင့် တစ်ရွက်ပြီး တစ်ရွက် စားပွဲပေါ်သို့ ပစ်ချနေ၏။ နောက်ဆုံး စာရွက်ထပ်ကြီးကို စုပိုက်ပြီး ထတော့မှ သူ့ကို လူပုကလေးတစ်ယောက်ဖြစ်ကြောင်း တွေ့ကြရတော့သည်။ သူ့အရပ်မှာ ၁ ဒသမ ၃၇ မီတာ (၄ ပေ)မျှသာရှိ၏။

အခြားအခြားသော ပန်းချီဆရာများလည်း လေရဟတ်နီကို ရံဖန်ရံခါ ရောက်လာပြီး ပုံကြမ်းတွေ ရေးယူကြ၏။ သို့သော် သည်မုတ်ဆိတ်ကိုယ်တော် သူပုကလေးကတော့ ညစဉ်ပုံမှန်ရောက်လာပြီး သူ၏ သီးသန့်စားပွဲတွင် ထိုင်ကာ ဝတ္တရားမပျက် ပုံတွေ ရေးသည်။

သူ့ကို လူတိုင်းသိကြသည်။ သူသည် မင်းနှံ့စိုးနှံ့မကင်းသူဖြစ်၏။ မဟာရာလိမ်းဘုရင်၏ အနွယ်တော်တစ်ပါး ဖြစ်သည်။ သူကား တူလုစ်လောထရက်မြို့စားကြီး၏ သားတော်၊ ဉပရာဇာမြို့စားလောင်းလျာ ဟင်နရီ တူလုစ်လောထရက် ဖြစ်လေသည်။

သူ့ကို ၁၈၆၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် မွေးဖွားသည်။ ပြင်သစ်နိုင်ငံ အရှေ့ပိုင်း ကျိရှန်းပြည်နယ် မဲလ်ဂွမ်းရဲတိုက်ကြီးတွင် မင်းညီမင်းသား တစ်ပါးလို ကြီးပြင်းခဲ့သူဖြစ်၏။

သည်ဘဝကို ကျောခိုင်းပြီး တေလေတို့ ပျော်စံရာမော်မတ် ပန်းချီရွာသို့ ထွက်လာခဲ့၏။ ပန်းချီပါမောက္ခကွန်မို၏ ပန်းချီကျောင်းသို့ တက်သည်။ ၂၁ နှစ်အရွယ်တွင် သမားရိုးကျ သင်ရိုးညွှန်းတမ်း ဘောင်အတွင်းမှ ထွက်ကာ ဂေါ်ဂင်၊ ဗန်ဂိုးတို့နှင့် ပေါင်းပြီး အင်ပရက်နစ်ဇင်အုပ်စုထဲတွင် ဟန်သစ်ရှာပုံတော် ဖွင့်သည်။ မာနေးနှင့်ဒေဂါးတို့၏ စတူဒီယိုသို့ မကြာခဏသွားရောက် လည်ပတ်ရင်း ဆရာကြီးများ၏ ရေးဟန်ကို လေ့လာသည်။ သို့သော် လောထရက်က ဘယ်သူ့ဟန်ကိုမှ မယူ၊ သူ့ကိုယ်ပိုင်ဟန်နှင့် သူရေးသည်။ 'သူ့မှာ မွေးရာပါ အင်ပရက်ရှင်းနစ်ပါရမီရှိတယ်'ဟု ဒေဂါးက မှတ်ချက်ချသည်။

လေရဟတ်နီ လူစုစည်းချိန်တွင် သူအမြဲ ရောက်သည်။ ပုံကြမ်း စာအုပ်ထဲမှ စက္ကူကုန်သွားလျှင် တွေ့ရာ စက္ကူဖြင့် ဆွဲသည်။ စားပွဲပေါ်မှ ဟင်းလျာ စာရင်း၏ နောက်ကျောတွင် ရေးသည်။ စာအိတ်ဟောင်းများပေါ်တွင် ရေးသည်။ လက်လှမ်းမီရာမှ စက္ကူစုတ်များလည်း မနေရ။

ပိပြင်လှသော သီည်ရေးချက်များသည် အင်ပရက်ရှင်နစ် ပန်းချီလောကသို့ [illegible]သန်းရာ သူ၏ တောင်ပံများဖြစ်လေသည်။ စိတ်တိုင်းမကျသည့် ပုံတွေကို ထောင်နှင့်ချီပြီး ဆုတ်ဖြဲပစ်သည်။ သို့သော် သူ့တွင် ထောင်နှင့်ချီပြီး ကျန်နေသေးသည်သာ။



တူလုစ်လောထရက်သည် အလုပ်အကြိုးစားဆုံး ပန်းချီဆရာ တစ်ယောက်ခဲ့သည်ကို သက်သေပြစရာ အထောက်အထားတွေ အများအပြားရှိပါ၏။ သို့သော် အရက်ကို အလွန်အကျွံသောက်ကာ တေလေဘဝတွင် စည်းမဲ့ကမ်းမဲ့နေသည့်အတွက် ဖခင်မြို့စားကြီးက သူ့ကို ပစ်ထားသည်။ အကြောင်းမသိသူများက သူ့ကို ပေါ့ပေါ့နေ ပေါ့ပေါ့စား အထက်တန်းစား တစ်ယောက်အဖြစ်သာ မြင်ကြ၏။

သည်လို လူစဉ်မမီသည့် လူတစ်ယောက်က သည်ရွေ့ သည်မျှ ထူးခြားဆန်းကြယ်သည့် ကမ္ဘာကျော်ပန်းချီကားများ ဖန်ဆင်းနိုင်လိမ့်မည်ဟု ဘယ်သူမျှ ဆောင်ခဲ့ကြပေ။ ၁၉ ရာစု ပန်းချီဆရာများက အလှအပကို ဖော်ကျူးဖို့ နည်းလမ်းရှာနေချိန်တွင် တူလုစ်လောထရက်က လူနှင့် လူ့ပတ်ဝန်းကျင်၏ အဖွဲ့တွေ့ချက်ကို ရှာဖွေဖော်ထုတ် ရေးဆွဲခဲ့ခြင်းဟု ကျွန်တော်တို့ လေ့လာသိရှိခဲ့ကြရပြီ။

သည်လို ထူးထူးခြားခြား လမ်းသစ်ထွင်မှုကြောင့် သူသည် မော်ဒန်ပန်းချီလောက၏ အဓိက အခန်းကဏ္ဍသို့ ရောက်ရှိသွားခြင်း ဖြစ်လေသည်။

ရုပ်ဆင်းရူပကာ ချို့တဲ့သူတို့အထဲတွင် လောထရက်ကဲ့သို့ လူတောသူတောထဲသို့ ဝင်လိုသူ ရှားသည်။ အသက် ၁၄နှစ်အရွယ်တွင် မြို့စားလောင်းလျာကလေး ခြေတစ်ဖက်ကျိုးသွားသည်။ ထိုမှစ၍ သူ့ဘဝ တစ်ဆစ်ချိုးပြောင်းလဲစေမည့် ကြမ္မာမုန်တိုင်းများ ဆက်တိုက် ဝင်လာတော့၏။ ၁၅ နှစ်သားအရွယ်တွင် နောက်ခြေတစ်ဖက် ထပ်ကျိုးသည်။ မူလအရိုးတွေက ထုံးဓာတ်နည်းလွန်းသဖြင့် ရုတ်တရက် ပြန်မဆက်ဘဲ အိပ်ရာထဲတွင် ကျောက်ပတ်တီးဖြင့် နှင့်ရှည်လများနေခဲ့ရ၏။ မိခင်မြို့စားကတော် ကလေးက နိုင်ငံကျော် အရိုး





www.burmeseclassic.com

www.burmeseclassic.com



အထူးကု သမားတော်ကြီးများနှင့် ကုသပေးသည်။ နှစ်ပေါင်းများစွာ ကြာမှ ခြေထောက်နှစ်ဖက်မှ အရိုးတွေ ပြန်ဆက်သည်။ သို့သော် အောက်ပိုင်း ကြီးထွားမှု လုံးဝ ရပ်တန့်သွားတော့၏။ ဦးခေါင်းပိုင်းက သာမန်ထက် ပိုကြီးလာသည်။ နှာခေါင်းနှင့် ပါးစပ်လည်း ဦးခေါင်းနှင့်အညီ လိုက်ကြီးလာ၏။ နှုတ်ခမ်းများက ပန်းနုရောင် ဖြစ်သော်လည်း ထူထူထဲထဲ ပျော့ပျော့တွဲတွဲကြီး ဖြစ်နေ၏။

သူ့ကို မြင်သူတိုင်းက တစ်ခုခု ပြောသွားတတ်၏။ တချို့က မညှာမတာ နောက်ပြောင်ကြသေးသည်။ တစ်ခါက ကဖေးဆိုင် တစ်ဆိုင်တွင် သူ ခဲတံ မေ့ကျန်ခဲ့၏။ လူရွှတ်လူနောက် တစ်ယောက်က လှမ်းအော်ပြောသည်။

'ဟေ့. . . ဒီမှာ မင်း လမ်းလျှောက်တုတ် ကျန်နေခဲ့တယ်'

သည်လို လှိုင်းလုံးများကို တူလုစ်လောထရက် ပျော်ပျော်ပါးပါး ကျော်လွှားခဲ့၏။ ပန်းချီဆရာဖြစ်ဖို့က လွဲပြီး သူဘာမှ မသိ။ ဘာမှ ဂရုမစိုက်။ ပါရီသည် သူ၏ ပန်းချီစားကျက် ဖြစ်ရမည်ဟု အခိုင်အမာ ယုံကြည်ထား၏။

ပြင်သစ် ပန်းချီလောက၏ ဗဟိုချက်ဖြစ်သည့် မောင်မတ် အကြောင်းကို ကျောင်းသားဘဝကပင် လောထရက် နောကျေခဲ့သည်။ ကျောင်းသား သူငယ်ချင်း အားလုံး မောင်မတ် ရပ်ကွက်တွင်နေကြသည်။ ဈေးပေါပေါ အခန်းများ၊ စတူဒီယိုများ ရနိုင်သောကြောင့် ဖြစ်၏။

ရှေးဟောင်းရဲတိုက်ကြီးတွင် ကြီးပြင်းခဲ့ပြီး ပါရီ လူကုံထံရပ်ကွက်တွင် နေထိုင်လျက်သော ဟင်နရီ တူရစ်လောထရက်သည် အပေါင်းအသင်းများနှင့် ပို၍ ရင်းနှီးအောင် မောင်မတ်သို့ ပြောင်းလဲခဲ့သည်။ မင်းစိုးရာဇာ အသိုက်အဝန်း



ကို လှည့်မကြည့်တော့ဘဲ ဆူညံသော၊ ရိုင်းစိုင်းသော တေလေတို့ လောကထဲသို့ တိုးဝင်ခဲ့ခြင်းဖြစ်၏။ ပန်းချီကိုချစ်မိလေသောကြောင့် သည်လောကထဲတွင် နှစ်ထားလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

သို့သော် တကယ့် တကယ်တွင် သည်လိုနေဖို့ မလွယ်လှကြောင်း တွေ့လာရသည်။ အမေ့ဆီရေးသည့် စာတစ်စောင်တွင် 'မောင်မတ် တေလေဘဝထဲကို ကျွန်တော် တိုးဝင်နေပါပြီ။ ဒါပေမယ့် သိပ်မလွယ်ဘူး မေမေရေ။ ကျွန်တော် လိုချင်တဲ့ ပန်းတိုင်ရောက်အောင်သွားဖို့ ကျွန်တော့်ရဲ့ ငယ်ဘဝ အမူအကျင့်တွေ အားလုံး စွန့်ပစ်မှရတော့မယ်'

မကြာမတင် အတွင်း ပန်းချီနှင့် ဘဝသည် တူလုစ်လောထရက်အတွက် တစ်သားတည်း ဖြစ်လာသည်။ နံနက်ပိုင်းတွင် မောင်မတ် စတူဒီယိုတွင် အချိန်ကုန်သည်။ နေ့လယ်ပိုင်းတွင် မြင်းပွဲသွားသည်။ အပုပ်ချိန်တွင်တော့ ဆပ်ကပ်နှင့် ညကလပ်များတွင် လှည့်လည် ကျက်စားသည်။ ရောက်လေရာတိုင်းတွင် ခဲတံနှင့် လက် ပြတ်သည်မရှိဘဲ ပုံကြမ်းတွေ ဆွဲနေသည်ကိုသာ တွေ့ရ၏။

မြင်မြင်သမျှပွဲတိုင်း၊ လှုပ်ရှားမှုတိုင်း၊ သူ့စိတ်ကို လှုပ်ရှားစေသည် ချည်းဖြစ်၏။ ဆပ်ကပ်ပွဲတွင် ကောင်းကင် ကြိုးတန်းလျှောက်သူကို ရင်တမမကြည့်ရင်း၊ လူရွှင်တော်တွေ ဖန်ခွက်မြှောက်လိုက် ဖမ်းလိုက် ပြကွက်ကိုကြည့်ရင်း သူတို့ လှုပ်ရှားမှုတွေကို အမိဖမ်း၏။ မြင်းပွဲရောက်လျှင် လေထဲတွင် ဝဲနေသော ပြိုင်မြင်းများ၊ ဂျော်ကီများသည် သူ့သည်းခြေကြိုက် ပန်းချီရုပ်များဖြစ်၏။ ပြီးတော့ ရင်ခုန်ချင်စရာ ကောင်းလှသည် လေရဟတ်နီမှ ကခြေသည်များ။

သူသည် လေရဟတ်နီ ကဇာတ်ရုံကြီးတွင် အခွင့်ထူးခံ ဧည့်သည်ဖြစ်၏။ လေရဟတ်နီ ကျော်ကြားလာသည်မှာ သူ့ ကြော်ငြာ ဆိုင်းဘုတ်ကြီးများကြောင့် ဖြစ်၏။

မော်ဒန်ပန်းချီဟန်ဖြင့် သူရေးပေးသည့် ရောင်စုံကြော်ငြာ ဆိုင်းဘုတ်များကြောင့် လေရဟတ်နီ တစ်ဟုန်ထိုးနာမည်ကြီးလာ၏။ တစ်ပြိုင်တည်းတွင် သူ့ရေးဟန်သည် မော်ဒန်ပန်းချီတွင် သြဇာတိက္ကမကြီးလာ၏။ သူ့ကို မော်ဒန်ပိုစတာ လမ်းသစ်ထွင်သူ အဖြစ် အားလုံး အသိအမှတ်ပြုကြရတော့သည်။ သို့သော် ပန်းချီဝေဖန်ရေး ဆရာတို့က အစောပိုင်းတွင် သူ့ကို အလေးမထားကြ။ သူ တစ်ဟုန်ထိုး နာမည်ကြီးလာသည့်အချိန်အထိ သူ့လက်ရာတွေကို အများစုက လက်မခံခဲ့ကြပေ။ 'ကောင်းတော့ ကောင်းပါတယ်။ ဒါပေမယ့် ညစ်ညမ်းတယ်၊ အနိဋ္ဌာရုံများတယ်၊ ရိုင်းစိုင်းတယ်'စသည်ဖြင့် ဝေဖန်ခဲ့ကြ၏။

သူတို့သည် လောထရက်၏ ပန်းချီဟန်နှင့် ပူပူလောင်လောင် တောက်တောက်ပပ ပန်းချီရုပ်တွေကို ရောထွေး စဉ်းစားခဲ့ကြခြင်းဖြစ်ကြောင်း ယခုမှ ကျွန်တော်တို့ လေ့လာတွေ့ရှိကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ မိသားစုကလည်း သူ့ပန်းချီကားတွေကို မခံစားတတ်ကြပေ။ သူ့ ဦးလေးတစ်ယောက်က သူ့ကားတစ်ဒါဇင်လောက်ကို လူပုံ အလယ်တွင် မီးရှို့ဖျက်ဆီး ပစ်သည်။ 'အလကားဟာတွေ အိမ်မှာ ကျက်သရေယုတ်တယ်'ဟု ပြောသော ဟူ၏။ လူစဉ် မမီတော့သည့် ဟင်နရီကို စွန့်ပစ်ထားသည့် ဖခင် မြို့စားကြီးက နောင်ကမ္ဘာကျော် ဖြစ်လာမည့်သား၏ ကားတွေကို 'အလကားပေါက်ဆိန်ပေါက် စုတ်ချက်တွေ' ဟု ဝေဖန်၏။

တူလုစ်လောထရက်တွင် ကုစားလို့ မရသည့် ဝေဒနာတစ်ခုမှာ 'အရက်စွဲ' ရောဂါဖြစ်၏။ နေ့ရောညပါ အလွန်အကျွံ သောက်သည်။ သူနာမည်အထွတ် အထိတ်သို့ ရောက်နေချိန် ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံး တော်ဝင်ပန်းချီနိုင်ငံဂုဏ်ရည်ဘွဲ့ (Legion of Honour) နှစ်ကြိမ်ရပြီးချိန်တွင် သူ စိတ်ဖောက်ပြန်စပြုလာသည်။ ဆရာဝန်တွေ ကြိုးစားကုသသော်လည်း ပုံမှန်သို့ ပြန်ရောက်မလာတော့ပေ။ အရက်က သူ့ကို နိုင်သွားပြီ။ အပျော်အဖြစ် စသောက်ခဲ့သောအရက်က သူ့အသက်ကို နုတ်ယူသွားလေတော့၏။ ၁၉၀၁ ခုနှစ်၊ အသက် ၃၇ အရွယ်တွင် ကမ္ဘာ့အနုပညာ ကြယ်တစ်ပွင့် ကြွေလွင့် သွားရခြင်းပင်။

ထူးဆန်းသည့်အချက်မှာ သူ၏ နောက်ဆုံးအချိန်အတွင်း ရေးသွားသည့်ကားများတွင် သူ၏ စိတ်အနေမမှန်မှု အရိပ်အယောင်များ လုံးဝ မထင်ဟပ်ခြင်းဖြစ်၏။

သူ့ပန်းချီကားတွေ ဘယ်ရွေ့ဘယ်မျှ ထူးခြားကြောင်း၊ ပုံနှိပ် ပိုစတာလုပ်ငန်းတွင် သူ့ဩဇာ ဘယ်လိုဘယ်လောက်ကြီးမားခဲ့ကြောင်းနှင့် သူ့အတ္ထုပ္ပတ္တိစာအုပ်တွေ တစ်အုပ်ပြီး တစ်အုပ် ထွက်နေသည်။

အနုပညာတစ်ရပ်ကို ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ မရစကောင်းပေ။ သို့သော် သူ့ ဆီဆေးကား တစ်ချပ်ကို မကြာသေးမီက ပေါင် ၅၀,၀၀၀ ဖြင့် ရောင်းလိုက်ရသည်။ သည် အချက်ဖြင့် သူ၏ လက်ရာအဆင့် မည်သည့်နေရာတွင် ရှိနေသည်ကို မှန်းဆကြည့်နိုင်ကြပါလိမ့်မည်။

မှရင်း Strange Genius of The Moulin Rouge by Malcolm Vanghan.








HENRI DE TOULOUSE - LAUTREC *May Belfort*, 1895 (78.8 × 60 cm) Paris, Bibliotheque Nationale.

www.burmeseclassic.com

www.burmeseclassic.com



Henri de Toulouse - Lautrec *Monsieur Boileau at the Cafe*, 1893 (80 × 65 cm)
Cleveland, Ohio, Cleveland Museum of Art.



Henri de Toulouse - Lautrec *Dr Tapie de Celeyran*, 1894 (43 · 22 [illegible]

www.burmeseclassic.com

www.burmeseclassic.com



HENRI DE TOULOUSE - LAUTREC *Dance at the Moulin Rouge*, 1890 (115 × 150 cm)
Philadelphia, Henry P. McIlhenny Collection (Photo: A. J. Wyatt).

ကန့်လန့်ကာအဖွင့်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"မေမေ၊ ငြိမ်ငြိမ်နေ၊ မလှုပ်နဲ့နော်၊ မေမေ့ပုံ သားဆွဲမလို့"

"ဟင် . . မနေ့ကပဲ တစ်ပုံဆွဲသေးတယ်မဟုတ်လား သားရဲ့၊ မနေ့ကမေမေနဲ့ ဒီနေ့မေမေ ဘာများထူးလို့လဲ သားရယ်"

သားကလေးကို ငုံ့ကြည့်ပြီး မြို့စားကတော်လေး အာဒေလီ တူလုစ်လောထရက်က ပြောလိုက်သည်။

"ဂေါ်ဒွန့်ပုံကျတော့ သားဘာလို့မဆွဲတာလဲ၊ ပြောလေ ဟင်နရီ"

ချာတိတ်က စားပွဲအောက်တွင်အိပ်နေသော ခွေးကြီးကိုကြည့်ပြီး

"သား နှစ်ပုံတောင်ဆွဲပြီးပြီလေ၊ ခု သူ အိပ်ပျော်နေတယ်၊ အိပ်ပျော်နေရင် အသက်ဝင်အောင်ဆွဲလို့ ဘယ်ရမလဲ မေမေရဲ့၊ မေမေ့ပုံပဲဆွဲမယ်၊ မေမေက ပိုလှတာပဲ" ဟု စောဒကတက်သည်။

"ကဲ . . ဆွဲဆွဲ၊ မေမေ ငါးမိနစ်ပဲ အချိန်ပေးမယ်နော်"

မြို့စားကတော်လေးက ကျက်သရေရှိစွာ ပုံစံထိုင်ပေးသည်။

"ခဏနေရင် ဂျိုးဇက်ရောက်လာတော့မယ် သားရဲ့၊ မေမေတို့ အတွက် သူ မြင်းတွေအသင့်ဖြစ်နေပြီ"

ချာတိတ်ကလေး ဘာမှ ပြန်မပြောတော့။ စက္ကူပေါ်တွင် သူ့ ခဲကြောင်းတွေ ပြေးလွှားနေပြီ။



အချိန်မှာ၁၈၇၂ ခုနှစ်၊ နေခြည်ဖြာသည့် နွေဦးကာလဖြစ်သည်။ တူလုစ်လောထရက်မြို့စားကတော်လေးနှင့် သားငယ် မြို့စားလောင်းလျာလေး ဟင်နရီတို့ နေ့စဉ်လှုပ်ရှားနေပုံဖြစ်ပါ၏။ ဘဲဥပုံ ပြတင်းပေါက်ကြီးများနှင့် ရောမအလယ်ခေတ် ရှေးဟောင်းရဲတိုက်ကြီးတွင်ဖြစ်ပါသည်။ ရှေ့တွင် မြက်ခင်းစိမ်းစိမ်းကြီးက တပြန့်တပြော။ ကျေးငှက်သာရကာမျိုးစုံစွာ ကျက်စားသော ရှုမဆုံးတော့သည့် သစ်တောကြီးလည်း ရှိ၏။ သို့သော် ပြင်သစ်ပြည်တောင်ပိုင်း အာလ်ဘီမြို့ပြင်ရှိ ရဲတိုက်ကြီးမှာ ကမ္ဘာ့အပြင်ဘက်တစ်နေရာကဲ့သို့ ဝေးလံသီခေါင်လှပေသည်။

စောစောကလေးကပင် ရထားထိန်းကြီးသောမတ်စ် လက်ဖက်ရည်ပွဲ လာသိမ်းသွားသည်။ လုပ်သက် ၁၂နှစ်မျှသာရှိသေးသော ၅၈နှစ်ရွယ်ဒေါ်မနစ်က သူ့ကိုဝိုင်းကူသည်။ ခဏကြာတော့ ဆွေ့နီးမျိုးစပ်တော်သည့် ဒေါ်လေးတန်တီက သတင်းစာကိုခေါ်က်ပြီး စာရေးစရာရှိသည်ဆိုကာ ထသည်။ အမှန်မှာ ညစာမစားမီ တစ်ရေးအိပ်ဖို့ဖြစ်၏။

ခဏကြာလျှင် မြို့စားကတော်လေးအတွက် ရထားအသင့်ပြင်ပြီးပြီဖြစ်ကြောင်း ရထားထိန်းကြီး လာရောက်သတင်းပို့တော့မည်။ နံရံပတ်ပတ်လည်မှ ကန္တေကြီးလှသော ဘိုးဘွားဘီဘင်များ၏ ပန်းချီကားကြီးများက ထမင်းစားခန်းကို ငုံ့ကြည့်နေ၏။

ညစာနှင့် အချိုပွဲစားလို့ပြီးလျှင်တော့ မြို့စားငယ်လေးကို မိခင်လုပ်သူက ရှေးဟောင်းပုံပြင်တွေပြောပြီး ချော့သိပ်မည်။ ခရစ်တော်၏ ငယ်ဘဝအကြောင်း၊ ဂျုန်းအော့ဖ်အခ်အကြောင်း၊ ပထမဘာသာရေးစစ်ပွဲများအကြောင်း စသည် စသည် . . ။ ပြီးတော့ လွန်ခဲ့သည့် မျိုးဆက်ခုနှစ်ဆက်က တူလုစ်လောထရက်မြို့စားကြီးအကြောင်း။ နောက်ဆုံး မေမေ့ကို နှုတ်ဆက်ပြီး ဟင်နရီကလေး အိပ်ပျော်သွားမည်။ ပြီးမှ ရာစုနှစ်ချီပြီး ကြာခဲ့သည့်အစဉ်အလာအတိုင်း ရဲတိုက်ကြီးထဲမှ မီးတွေ တစ်ခန်းချင်း မှိတ်သွားမည်။

"ဒီနေ့ မေမေတို့ ဘယ်သွားကြမလဲ သား၊ စိန့်အင်း ဘုရားကျောင်းကိုသွားရင် မကောင်းဘူးလား"

ကလေးက ခပ်သွက်သွက် ခေါင်းညိတ်သည်။ ဘယ်သွားသွား ရပါတယ်ဟုသည့်သဘော။ သားငယ်ကိုကြည့်ပြီး မြို့စားကတော်လေး စိတ်မကောင်း ဖြစ်သွားသည်။ သနားစရာကောင်းလိုက်တဲ့ 'ရှီရှီ' ကလေး။

www.burmeseclassic.com

www.burmeseclassic.com



(ဟင်နရီကို မအေက ချစ်စနိုး 'ရီရီ' ဟု ခေါ်တတ်သည်)။ သည်နေ့ထွက်မည့် ရထားခရီးကို သူ၏နောက်ဆုံးခရီးဟု ဟင်နရီကလေး မသိရှာသေးပေ။ ဘဝသည် နှုတ်ဆက်ခွဲခွာခြင်းများနှင့် ကြုံလို့မဆုံးနိုင်အောင် ရှိတတ်ကြောင်း သားကလေး မသိနိုင်သေး။ မနက်ဖြန်သည် ယနေ့နှင့်မတူနိုင်ကြောင်းလည်း သူသိမည်မဟုတ်။

တောလမ်းများနှင့် သူခွဲခွာရတော့မည်။ သည် ရဲတိုက်ကြီးနှင့်တော သုလယ်စာလုပ်နေကျ ဂျိုးဇက်နှင့်ပါ . . .။

မြို့စားကတော်လေး၏ နှုတ်ခမ်းများ ကွေးညွတ်သွားပြီး သက်ပြင်းချလိုက်သည်၊

"မေမေ . . ငြိမ်ငြိမ်နေလေ၊ သား နှုတ်ခမ်းကိုဆွဲနေတာ၊ အဲဒါအခက်ဆုံး မေမေရ"

သားငယ်ကို သေသေချာချာကြည့်လိုက်မိပြန်သည်။ မျက်ခုံးနှစ်ဖက်ကို ရှုံ့ထား၏။ အောက်နှုတ်ခမ်းကို ကိုက်ထား၏။ သည်ပုံဆွဲဝါသနာကို ဘယ်သူ့ဆီကများ သူအမွေရခဲ့တာပါလိမ့်။ ငယ်ပါသေးတယ်လေ၊ သင်္ဘောကပ္ပတိန်ဖြစ်ချင်တယ်လို့ သူခဏ ခဏ ပြောဖူးသားပဲ၊

"ဆရာဘုန်းကြီးကို နွားပုံဆွဲပေးမယ်လို့ သားပြောဖူးတယ်နော်၊ အဲဒီအကြောင်း မေမေပြောဖူးလား"

"ညစာ လာလာစားတဲ့ ဟိုဖက်တီးပုပ်ကြီးလားမေမေ"

"ညစာလာစားတာလို့ မပြောရဘူး ဟင်နရီ၊ မေမေတို့က ညစာဖိတ်ကျွေးတာ"

မိခင်လုပ်သူ၏အသံ ချက်ချင်းမာလာကြောင်း ဟင်နရီ သိလိုက်၏၊

"ပြီးတော့ ဘုန်းတော်ကြီးတစ်ပါးကို အဲဒီလို ရှိုင်းရှိုင်းပျပျမပြောရဘူး"

"သူဝလို့ ဖက်တီးပုပ်လို့ ပြောတာပဲ မေမေရ၊ ကဲ . . သူမဝဘူးလား၊ အိမ်က သောမတ်စ်ထက်တောင် ပိုဆိုးသေးတယ်"

"သားပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ သာသနာ့ဝန်ထမ်းတစ်ပါးဟာ သိပ်အရေးပါတယ်။ ဒါကြောင့် သူ့လက်စွပ်ကိုနမ်းပြီး မေမေတို့ 'ကြည်ညိုပါသည်အရှင်' လို့ ဆိုကြရတာလေ"

"ဒါပေမဲ့ . ."



မြို့စားကတော်လေးက စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"သားရဲ့အစ်ကို ရစ်ချဒ်ကင်ပွန်းတပ်မင်္ဂလာပွဲလုပ်တုန်းက . ."

"ဟင် . . သားမှာအစ်ကိုရှိတယ် ဟုတ်လား၊ သူဘယ်မှာလဲဟင်"

"သူ ကောင်းကင်ဘုံကိုပြန်သွားတယ်၊ မေမေတို့နဲ့သူ လပိုင်းမျှနေသွားတယ် သားရဲ့"

"ဟုတ်လား"

ဟင်နရီ စိတ်ပျက်လက်ပျက် ဖြစ်သွားပုံနှင့် ညည်းညည်းညူညူ ပြောလိုက်သည်။

"ဒါဆို သူ့ကို ဘာလို့နှစ်ခြင်းမင်္ဂလာလုပ်ကြတာလဲ"

"ကောင်းကင်ဘုံကိုရောက်ဖို့ အားလုံးလုပ်ကြရတယ် သားရဲ့"

"သားရော ရောက်မှာလားဟင်"

"ရောက်မှာပေါ့ သားရဲ့"

ကျေနပ်သွားဟန်ဖြင့် ပုံဆက်ဆွဲသည်။

"ဒါဆို သားလဲသေရင် ကောင်းကင်ဘုံကိုသွားမယ်"

"ဒါပေါ့သားရဲ့၊ သားလိမ္မာရင် သွားရမှာပေါ့၊ ဘုရားသခင်ကို သားနှလုံးသားထဲက ချစ်ရမယ်"

"ဟာ . . မေမေ့လောက်တော့ ဘယ်ချစ်နိုင်မလဲ"

"ဟဲ့ . . ဟဲ့ သား၊ အဲဒီလိုမျိုးမပြောရဘူး သိလား"

ကလေးက မိခင်ကို စိမ်းစိမ်းကြည့်ပြီး

"သားတကယ်ပြောတာ၊ မေမေ့လောက် ဘယ်သူ့မှမချစ်နိုင်ဘူး"

"ကဲ . . မေမေလဲ သားကိုချစ်တာပါပဲကွယ်။ နွားအကြောင်း ပြောပြမယ်၊ လွန်ခဲ့တဲ့ ၄ နှစ်လောက်က၊ သား အဲဒီတုန်းက သုံးနှစ်သားပဲ ရှိသေးတယ်၊ ပေါက်စနကလေး . . ."

နူးညံ့သိမ်မွေ့လွန်းသည့်အသံဖြင့် သူလုံးဝမမှတ်မိတော့သော သူ့အစ်ကို၏ နှစ်ခြင်းမင်္ဂလာနေ့အကြောင်း မအေလုပ်သူက ပြောပြသည်။ အခမ်းအနားပြီးဆုံးတော့ ဆရာတော်က ဧည့်သည်များကို ပိဋကတ်တိုက်ထဲခေါ်သွားပြီး ဇရာမမှတ်ပုံတင်စာအုပ်ကြီးတွင် လက်မှတ်ထိုးစေသည်။ ဟင်နရီက သူပါ လက်မှတ်ထိုးမည်တကဲကဲ လုပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သားက စာမှမတတ်သေးဘဲနဲ့၊ ဘယ်လိုလုပ်ပြီး လက်မှတ်ထိုးမလဲ" ဟု ဆရာတော်က မေးတော့ ဟင်နရီကောက်ကာငင်ကာ ဖြေသည်။

"စာအုပ်ထဲမှာ နွားရုပ်ဆွဲထည့်မယ်"

စာရွက်တစ်ရွက်တွင် ခဲတံနှင့်ခြစ်နေသော ၃ နှစ်သားကလေးကို ဘုန်းတော်ကြီး လုံးဝစိတ်မဝင်စားနိုင်ပါ။

"ရော့ . . ဒီမှာ၊ ငါးမိနစ်တောင်မကြာဘူး"

မြို့စားကတော်ကလေးက ပုံစာရွက်ကို လှမ်းယူပြီး

"ကောင်းလိုက်တာကွယ်၊ သားက တကယ့်ပန်းချီဆရာပဲ" ဟု ဂုဏ်ပြုစကားဆိုသည်။

"လာ . . မေမေ့အနားမှာ ထိုင်ပါဦး ရီရီရယ်"

ဘယ်လိုအချိန်မျိုးတွင် မေမေက သူ့ကို ရီရီဟု ခေါ်လေ့ရှိသည်ကို ဟင်နရီကောင်းကောင်း နားလည်နေပြီ။

*

"သား ခု၊ ခုနစ်နှစ်ပြည့်ပြီနော်"

မအေ့ရင်ခွင်ထဲ တိုးဝင်နေသည့်အချိန်တွင် မြို့စားကတော်လေးက ပြောနေခြင်းဖြစ်၏။

"သားကြီးလာရင် ဧရာမ သင်္ဘောကြီးတွေမှာ ကပ္ပတိန် လုပ်ချင်တယ်ဆို၊ တစ်ကမ္ဘာလုံး လျှောက်သွားပြီး ကျားတွေ၊ ခြင်္သေ့တွေ၊ လူရိုင်းတွေရဲ့ ပုံတွေဆွဲမယ်ဆို"

သူစိတ်မသက်မသာဖြင့် ခေါင်းညိတ်သည်။ အမေလုပ်သူက ထွေးပွေ့ပြီး ချော့မော့လိုက်၏။ သူစိတ်သက်သာရာရအောင် ကြိုးစားလုပ်နေခြင်းဖြစ်သည်။

"အဲဒါဆိုရင်တော့ သားကျောင်းတက်ရတော့မယ်"

"ဗျာ ကျောင်းတက်ရမယ်၊ ဟုတ်လား"

သူ အထိတ်တလန့်မေးသည်။

"သား ကျောင်းမနေချင်ဘူး မေမေ"

"မေမေ သိပါတယ်သားရယ်၊ ဒါပေမဲ့ ကလေးတွေအားလုံး ကျောင်းသွားကြရတယ်လေ၊ ပါရီမှာ သိပ်ပျော်စရာကောင်းတဲ့ 'ဖွန်တိန်'

လောထရက်၏ ထူးထူးဆန်းဆန်းကလေးဘဝလက်ရာများကို ယနေ့ အာလ်ဘီပြတိုက်တွင် ပြထားသည်။



ဆိုတဲ့ကျောင်းကြီးရှိတယ်၊ သိပ်ပျော်စရာကောင်းတဲ့ ကျောင်းကြီးလေ၊ သားမှာ သူငယ်ချင်းတွေ၊ ကစားဖော်တွေလဲ အများကြီးရလာလိမ့်မယ်"

"ဟင့်အင်း၊ သား ကျောင်းမနေချင်ဘူး"

ဟင်နရီမျက်ရည်ကျသည်။ မေမေ ဘာတွေပြောနေပါလိမ့်။ ကျောင်းနေရလျှင် မေမေနဲ့ရော၊ တန်တီနဲ့ပါ ခွဲနေရမှာပေါ့၊ စွတ်ဖားတွေလဲ မစီးရတော့ဘူးပေါ့၊ ပြီးတော့ မြင်းပုကလေး တမ်ဘွာနဲ့ပါ ခွဲရမှာ၊ နောက် မြင်းစီးသင်ပေးတဲ့ ဂျိုးဇက်၊ ပြီးတော့ အဘိုးအဘွားများ၏ ပန်းချီကားကြီးတွေ။ ရဲတိုက်ကြီး၏ သူရဲခိုတစ်လျှောက်တွင် အင်းနက် နှင့်လည်း တူတူပုန်းတမ်းမကစားရတော့ဘူးပေါ့။

"ရှူး"

မေမေက နှုတ်ခမ်းတွင် လက်ညှိုးဖိပြီး တိတ်ခိုင်းသည်။

"မလုပ်ချင်ဘူးလို့ ဘယ်တော့မှ မပြောရဘူးနော် သား၊ ပြီးတော့ တူလုစ်လောထရက်မျိုးဆက်သွေး မြို့စားလောင်းတစ်ယောက်ဟာ ဘယ်တော့မှ မငိုရဘူး ကြားလား"

မေမေက မျက်ရည်သုတ်ပေးသည်။ နှပ်ညှစ်ပေးသည်။ ပြီးတော့ ဘိုးဘိုးကြီးသူရဲကောင်း ရေမွှန်အကြောင်း၊ ဘာသာရေး စစ်ပွဲများအကြောင်း ပြောပြသည်။

"ပြီးတော့ သား ဘာမှ ပူပင်စရာမရှိဘူး၊ ဂျိုးဇက်ကော၊ အင်းနက်ပါ မေမေတို့နဲ့ လိုက်လာမှာ"

"ဟုတ်လား၊ တကယ်နော်မေမေ"

သူစိတ်သက်သာရာ ရသွားသည်။

"ဒါတင်လားဆိုတော့ မဟုတ်သေးဘူး၊ သား ပါရီရောက်ရင် ဘယ်သူနဲ့ တွေ့ရမယ်ထင်သလဲ၊ မှန်းကြည့်စမ်း၊ သား ပါပါနဲ့ တွေ့ရမှာ"

"ပါပါ ဟုတ်လား"

အရာတိုင်းသည် ဟင်နရီကလေးအတွက် တောက်ပဝင်းလက်သွားလေသည်။ ပါပါသည် လောကတွင် သူ့အတွက် အထူးဆန်းဆုံး ပုဂ္ဂိုလ်၊ ခွန်အားအပြည့်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ ရဲတိုက်ကြီးသို့ ပါပါရောက်လာလျှင် အရာတိုင်းသည် မြန်ဆန်သွက်လက်လာသည်။ မြင်းခွာသံတွေ၊ ဖိနပ်သံတွေ၊ ကျာပွတ်သံတွေ၊ အမိန့်ပေးသံတွေနှင့် အသက်ဝင်လှုပ်ရှားလာတတ်သည်။ ပြီးတော့ ပါပါနှင့်အတူ ကျေးလက်ခရီးထွက်ရ၏။ မြင်း

www.burmeseclassic.com

www.burmeseclassic.com

များအကြောင်း၊ အမဲလိုက်ဇာတ်လမ်းများနှင့် စစ်ပွဲများအကြောင်း နားထောင်ရ၏။

"ပါရီရောက်ရင် ပါပါနဲ့အတူ ဒီလိုရဲတိုက်ကြီးမျိုးနဲ့ နေရမှာလားဟင် မေမေ"

"ပါရီက လူတွေဟာ ရဲတိုက်ကြီးတွေမှာ မနေကြဘူးသားရဲ့၊ သိပ်လှတဲ့တိုက်ခန်းကြီးတွေမှာ နေကြတယ်။ လေသာဆောင်က ထွက်ကြည့်ရင် လမ်းပေါ်ကမြင်ကွင်းတွေကို မြင်နေရတယ်"

"အဲဒီတိုက်ခန်းကြီးထဲမှာ ပါပါနဲ့အတူတူ နေရမှာလားဟင်"

"ခဏတဖြုတ်တော့ အတူတူနေရမှာပေါ့ သားရယ်၊ သားကို ပါပါက စကိတ်စီးတဲ့နေရာတွေ၊ ဆပ်ကပ်ပွဲတွေကို ခေါ်သွားမှာပေါ့၊ တကယ့်ဆင်တွေ လူရွှင်တော်တွေကို သားတွေ့ရမှာ"

*

ရထားပေါ်တွင် ရှုခင်းတွေကို ဟင်နရီကလေး တအံ့တဩ ငေးလိုက်လာသည်။ ပါရီဘူတာသို့ ရထားဆိုက်တော့ ပလက်ဖောင်းတွင် ဧရာမ လူအုပ်ကြီးကို တွေ့ရ၏။ လူအုပ်ထဲတွင် အားလုံးထက်ခေါင်းတစ်လုံးပိုမြင့်သော ပါပါကို လှမ်းမြင်ရသည်။ ထုံးစံအတိုင်း ရွှေလက်ကိုင်တုတ်ကောက်နှင့်၊ မုတ်ဆိတ်ကို သေသေသပ်သပ် ညှပ်ထား၏။ ဆောင်းထားသည့်ဦးထုပ်က အခံ့အညား၊ ကုတ်အင်္ကျီရင်ဘတ်တွင် ဇော်မွှားပန်းတစ်ပွင့်ထိုးလျက်။

မြို့စားကြီးအယ်လဖောင့်စ်တူလုစ်လောထရက်သည် အင်္ဂလန်ရဲတိုက်ကြီးများတွင် တည်းခိုပြီး သူ့မိတ်ဆွေ မြို့စားနယ်စားကြီးများနှင့် တောပစ်နေချိန် မဟုတ်လျှင်၊ ပါရီကပွဲရုံများတွင် ဝိုင်ကလေးတမြမြနှင့် ကဇာတ်ကြည့်နေချိန်မဟုတ်လျှင် ပယ်ရီဟိုတယ်မှ သူပိုင်ဧရာမ အခန်းကြီးထဲတွင် လူပျိုတစ်ယောက်လို လွတ်လွတ်လပ်လပ် အနားယူနေလေ့ရှိ၏။

သူ့အခန်းကြီးထဲတွင် မြင်းစီးဝတ်စုံ အမျိုးမျိုးရှိသည်။ သေနတ်မျိုးစုံရှိသည်။ အစေခံများစွာနှင့် သူ့အချစ်တော် သိမ်းငှက်ကြီးတွေရှိသည်။ သိမ်းငှက်တွေထားသည့်အခန်းထဲတွင် အလင်းရောင် ဖျော့ဖျော့သာ ပေးထားသည်။

သည်ညတော့ မြို့စားကြီးက မိသားစုနှင့်နေဖို့ စီစဉ်ထားသည်။ ခြေတံရှည်ရှည်ကြီး နှစ်ဘက်ကို မီးဖိုဘက်သို့ ဆန့်တန်းကာ သားကလေး



ဘို ကြည့်ပြီး ကြည်နူးနေ၏။ တူလုစ်လောထရက်မြို့စားလောင်းအဖြစ်ဖြင့် မွေးဖွားခဲ့သည့်အမိပွာယ်ကို သားငယ် တဖြည်းဖြည်းနားလည်စေရမည်၊

" . . . . အဲဒီနေ့က ဘုရင်မင်းမြတ်ရယ်၊ သားရဲ့ဘကြီးတော်တဲ့ ဗွန်တူလုစ်လောထရက် မြို့စားရယ်၊ ဖောင်တိန်ဘလူးတောထဲမှာ အမဲ -စ်ပြီး မြင်းကိုယ်စီနဲ့ အသားကျစီးပြန်လာကြတယ်တဲ့။ တစ်ခါတစ်လေ မရှိအင်တွိုင်းနက်ပါတတ်သတဲ့။ အဲဒီအချိန်မှာ သူက ၁၅ နှစ်သမီးပဲ ရှိသေးတယ်။ တော်လှန်ရေးဆိုတဲ့ လူသော့ လူသွမ်း လူသရမ်းတွေ မပေါ်ခင်ပေါ့ကွာ - "

မြို့စားကြီးသည် ဘရန်ဒီခွက်ကို လှမ်းယူပြီး တစ်ကျိုက်မော့လိုက်၏။

"အဲဒီမှာ သားရဲ့ဘကြီးတော်စီးလာတဲ့ မြင်းကြီးဟာ ငွေဖောက်ပြီး သခင်ကို ခါချပါလေရော"

"ဟင် . . ဘကြီးတော်ကြီး သေရောလား ပါပါ"

"မသေပါဘူး သားရဲ့"

"ဒဏ်ရာကော ရသေးလား"

"ဟင့်အင်း မရဘူး၊ မြင်းစီးသမားတိုင်း ဒီအဖြစ်မျိုးနဲ့ကြုံရတာချည်းပါပဲ။ ဒါ ရှက်စရာမဟုတ်ဘူးလေ၊ ပါပါကိုယ်တိုင်လဲလိမ့်ကျဖူးတာပဲ၊ အဲဒီအချိန်မှာ သားရဲ့ဘကြီးတော်က ဘာလုပ်လဲသိလား"

"မြင်းပေါ် ပြန်ခုန်တက်မှာပေါ့"

"မတက်သေးဘူးသားရဲ့၊ ဘောင်းဘီကြယ်သီးတွေဖြုတ်ပြီး ရှူးရှူးသွားပေါက်သတဲ့"

"ခင်ဗျာ၊ ဘုရင့်ရှေ့တော်မှောက်မှာ ရှူးရှူးပေါက်တယ်"

"အဲဒါအမှန်ပဲ သား၊ အဲဒါဘာကြောင့်လဲသိလား၊ ပါပါတို့ရဲ့ ဘကြီးတော် မြို့စားကြီးဟာ မင်းရိပ်စိုးရိပ်မှာ ကြီးပြင်းခဲ့လေတော့ ရွှေနန်းတော်ရဲ့ ဓလေ့ထုံးတမ်းတွေကို ကျွမ်းတယ်။ နန်းတွင်းဆိုရိုးဟောင်းတစ်ခုရှိတယ်သားရဲ့၊ ဘုရင့်ရှေ့တော်မှောက်မှာ မြင်းပေါ်ကလိမ့်ကျရင် ချက်ချင်းအပေါ့စွန့်လိုက်ရမယ်တဲ့။ အဲဒါမှတ်ထားနော်၊ အဲဒီလိုလုပ်ပြီးမှ ဘုရင်မင်းမြတ်ဟာ သူ့ပလ္လင်ရှိရာ ရွှေနန်းတော်ဆီကို ကြွချီတော်မူရတယ်တဲ့"

ဖြူဖွေးသွယ်တန်းနေသည့် သားကလေးရဲ့သွားတွေကို ကြည့်ပြီး မြို့စားကြီး ကျေနပ်နေလေသည်။ ညစာ စားအပြီးတွင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်မီးခိုးငွေ့များထဲမှ သားငယ်ကိုကြည့်ပြီး ကြည်နူးနေခြင်းဖြစ်၏။

ဟင်နရီကလေးက လိမ္မာရေးခြားရှိပါသည်။ သို့သော် လူတော ထဲတွင် မဝံ့မရဲနှင့် အမေ့ဆီမှရသည့် ဘာသာရေးအဆုံးအမများအောက် တွင် ပိနေပုံရသည်။ အင်း . . ခေါ်ထားပြီး လူကြီးလူကောင်းတစ်ယောက် ဖြစ်အောင် လုပ်ပေးမှ ဖြစ်တော့မည်။

"ဟုတ်တယ်သားရဲ့၊ ဘူဇ္ဇာဆိုတဲ့ လူလတ်တန်းစားနဲ့ ပါပါတို့ မင်းစိုးရာဇာအသိုင်းအဝိုင်း ကွာခြားပုံက ဒါပဲ၊ မင်းစိုးရာဇာက ဘာလုပ်ရ မယ်ဆိုတာ တန်းသိတယ်။ ဘူဇ္ဇာ လူလတ်တန်းစားကျတော့ . . . ."

ဟင်နရီက ဖအေလုပ်သူကို ငေးကြည့်နေသည်။

ဘယ်လောက်ကြည်ညိုစရာကောင်းသည့် ပါပါပါလဲ၊ ပါပါ့ ယောက်ခံ့ညားချောမောပြီး၊ သူ့လောက်ပညာဉာဏ်ကြီးသူ ဒီလောကတွင် ရှိနိုင်ပါမည်လား။

တွေ့သမျှ လူများက ဦးညွှတ်လေးစားရသူ။

သူနေသည့်အခန်းကြီးကို ကြည့်ပါဦး။ သည်အခန်းလောက် ကြီးကျယ်ခံ့ညားသည့် ဟိုတယ်ခန်းမျိုး ကမ္ဘာပေါ်တွင် ရှိမည်မထင်ပါ။ ကြီးလာရင် ဒီလိုအခန်းကြီးမှာ နေမည်။ ပါပါကိုင်သည့် ရွှေလက်ကိုင်နှင့် ကြိမ်လုံးကိုကိုင်မည်။ ပါပါသောက်သည့် ဟာဗာနာဆေးလိပ်ကိုသောက် မည်၊ ပြီးတော့ ပါပါသောက်သည့် ယမကာ . . .

"အဲဒီလိုနဲ့ ရှေးဟောင်းနန်းတွင်း စည်းကမ်းအတိုင်း ဆောင်ရွက် ပြီးတဲ့အခါ ဘုရင့်အပါးမှာ ခစားရင်း ရှေးဖြစ်နောက်ကြောင်းတွေ တပြော ပြောနဲ့ ဆက်စီးသွားကြတယ်တဲ့။ ဘုရင်မဖြစ်မီ မြို့စားကြီးအားတို့စ်ဘဝ ကတည်းက သူတို့နှစ်ယောက် သူငယ်ချင်းတွေလေ"

ဤသို့စပြီး တူလုစ်လောထရက် မျိုးဆက်အကြောင်းကို မြို့စား ကြီးက သားကလေးအား အိုင်ချင်းဖွဲ့ပြသည်။

"အဲဒီလို တခမ်းတနားစီးဆင်းခဲ့တဲ့ ပါပါတို့ရဲ့ မျိုးဆက်သွေးမှာ ဒီနေ့တော့ ပါပါဟာ တူလုစ်လောထရက် မြို့စားကြီးပေါ့။ ဒါပေမဲ့ အချိန်တန်ရင် ဒီနေရာကို သားအစားဝင်ရမယ်။ ပြီးတော့ သားရဲ့သား၊ ပါပါရဲ့မြေး၊ ပြီးတော့ သူ့ရဲ့သား၊ နောက်သူရဲ့သား . . . ပြင်သစ်နိုင်ငံရှိ နေသမျှ ဒီမျိုးဆက်ရှိနေလိမ့်မယ်"

ကလေးမျက်တောင်စင်းလာသည်ကို မြို့စားကြီး သတိထားမိ သည်။



"ကဲ . . သား သိပ်အိပ်ချင်နေပြီ။ ဒီညအဖို့ တော်လောက်ပြီ၊ ဒါပါ ပြောတာတွေ မှတ်ထားနော်"

ချာတိတ်က ဖအေကို နမ်းပြီး နှုတ်ဆက်သည်။

"သားက လူတော်ကလေးပါ၊ ဂျီးဇက်က ပြောတယ် မြင်းစီးလဲ သားကောင်းကောင်း ကျွမ်းနေပြီဆို။ တူလုစ်လောထရက် မျိုးဆက်မှာ မြင်းစီးညံ့တဲ့လူတစ်ယောက်မှမပါဘူး သား။ နောက်နှစ်ဆို သားတောပစ် ထွက်ရမယ်"

နောက်တစ်ပတ်လုံးလုံး တူလုစ်လောထရက်မျိုးဆက်အကြောင်း ဟင်နရီ သင်ကြားရသည်။

"အဲဒီရှည်လျားလှတဲ့ မျိုးဆက်တစ်လျှောက်မှာ မြို့စားတွေ၊ မှူ့စားတွေ အဆက်ဆက်ရှိခဲ့တယ်။ ဗိုင်တွေ၊ မြင်းတွေ မျိုးစုံရှိခဲ့တယ်။ အဲ . . သားမကြာခင် တွေ့ရတော့မယ့် မိန်းမတွေ။ မိန်းမတွေလဲ အများ ကြီးပဲပေါ့။

"မြို့စားနယ်စားတွေထဲမှာ အဆင့်အမျိုးမျိုးရှိတယ် သား။ နှစ် ပေါင်း ၁၀၀ ဒါမှမဟုတ် ၂၀၀ တောင်မရှိသေးတဲ့ ရဲတိုက်ငယ်ကလေးတွေ မှာ ဆင်းဆင်းရဲရဲနေခဲ့ရတဲ့ မထင်မရှားမြို့စားတွေရှိတယ်။ နပိုလီယံခေတ် မှာ ခပ်ကြောင်ကြောင်နဲ့ မျိုးမစစ်တဲ့ မြို့စားတွေလဲ ပေါ်ခဲ့တယ်။ သူတို့ ဘာတွေကို ချီကာဂိုက ချမ်းသာတဲ့မိန်းမတွေလောက်ပဲ အထင်ကြီးကြ တယ်"

"ချီကာဂို ဆိုတာဘာလဲ ပါပါ"

"အမေရိကန်နိုင်ငံက မြို့တစ်မြို့ပေါ့ကွာ၊ သားသတ်လုပ်ငန်းမျိုး နဲ့ကြီးပွားလာပြီး နိုင်ငံခြားက မြို့စား၊ နယ်စားတွေနဲ့သူတို့သမီးတွေကို အတင်းပေးစားချင်နေတဲ့မြို့ပေါ့။ ဒါပေမဲ့ အမေရိကန်မကလေးတွေဟာ ဘာကယ်လှတာတော့ အမှန်ပဲသား။

"နောက်ဆုံးမှာတော့ တူလုစ်လောထရက်လို ကိုယ်ပိုင်နယ်ပယ် နဲ့တဲ့၊ အုပ်ချုပ်ရေးအာဏာရှိတဲ့ တကယ့်မြို့စားတွေရဲ့ မျိုးဆက်ပဲရှင်သန် ရပ်တည်နိုင်တော့တယ်။ တူလုစ်လောထရက်တွေဟာ ကိုယ့်ပြည်နယ်ကို ကိုယ်အုပ်ချုပ်နိုင်ခဲ့တယ်။ ဥပဒေပြုနိုင်ခဲ့တယ်။ တရားစီရင်နိုင်ခဲ့တယ်။ သီတာမန်အလဲအလှယ် လုပ်နိုင်ခဲ့တယ်။ စစ်ကြေညာပြီး တိုက်ပွဲတွေ ဆင် နွှဲနိုင်ခဲ့တယ်။

"ပါပါတို့ဟာ ရဟန်းမင်းကိုတောင် စစ်ကြေညာခဲ့ဖူးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုတာမရလို့ သူ့သံတမန်ကို ကြိုးပေးခဲ့ဖူးတယ်။ အဲဒီအချိန်က စပြီး တူလုစ်လောထရက်ဟာ အချမ်းသာဆုံးနဲ့ ပြင်သစ်မှာ အင်အားအကြီးဆုံး ပြည်နယ်တစ်ခု ဖြစ်လာခဲ့တယ်။

"သာသနာပိုင်တွေ၊ ဘုရားကျောင်းက ကျောင်းထိုင်ပုဂ္ဂိုလ်တွေထက် အရေးပါခဲ့တယ်"

"ကျောင်းထိုင်ဆရာတော်ထက် အရေးပါတယ်၊ ဟုတ်လားပါပါ"

မြို့စားကြီးအယ်လ်ဖောင့်စ် ဝါးလုံးကွဲ ရယ်ချလိုက်သည်။

"ဒါပေမဲ့ သားရဲ့ ဘုလုင်လောထရက်တစ်ယောက်ဟာ ဘုန်းတော်ကြီး ၁၀ ပါးနဲ့ ညီမျှတာပေါ့။ နေပါဦး၊ သားကို ဘုန်းတော်ကြီး တစ်ပါး ဘယ်လောက်အရေးပါတယ်လို့ ဘယ်သူက ပြောလို့လဲ"

"ဘယ်သူမှ မပြောပါဘူး ပါပါ"

ဟင်နရီ ခပ်သွက်သွက် ပြန်ဖြေလိုက်သည်။ သည်လို တစ်နံ့ဘာစ်သားကြီးရှိခဲ့သည့် တူလုစ်လောထရက်မျိုးဆက်အကြောင်း မပြောသည့်အချိန်များတွင်တော့ မြို့စားကြီးက ဟင်နရီအား သူ့သေနတ်တွေကို ပြတတ်သည်။ ပခုံးတွင် လွယ်ကြည့်စေသည်။ ကိုင်ကြည့်စေသည်။ အမဲလိုက်ပုံလိုက် နည်းများနှင့် တောကောင်များအကြောင်းကို ပြောပြသည်။ ပြီးတော့ သူ ဝါသနာအပါဆုံး သိမ်းငှက်များအကြောင်း ရှင်းပြသည်။

သည်လိုရှေးခေတ်နှင့် ဆက်စပ်နေသည့် ဗဟုသုတတွေကို ရှင်းလင်းပြောပြနေရင်း မြို့စားကြီးသည် ဖြုန်းစားကြီးရပ်ပြီး အဝတ်အစားလဲကာ ထွက်ချင်ထွက်သွားတတ်၏။

မကြာမတင်အချိန်အတွင်း မြို့စားကြီးသည် ဇနီးနှင့်သား သူ့ဆီရောက်နေခြင်းကို ဝန်ထုပ်ဝန်ပိုးတစ်ခုလို စိတ်အနှောင့်အယှက်ဖြစ်လာသည်။ အစေခံတွေအပေါ် တင်းမာလာ၏။ ထမင်းဝိုင်းတွင် စကားမပြောတော့။ သိမ်းငှက်တွေအကြောင်း၊ တူလုစ်လောထရက်အကြောင်းများလည်း မကြားရတော့။

"သားရဲ့ ပါပါက သိပ်အလုပ်များတာ သားရဲ့၊ သူ့ခေါင်းထဲမှာ အရေးတကြီးကိစ္စတွေ အမြဲရှိနေတယ်" ဟု တစ်နေ့တွင် မြို့စားကတော်လေးက ဟင်နရီ့ကို ရှင်းပြသည်။

"မေမေတို့ သားအမိအတွက် သူစိတ်အနှောင့်အယှက်များ ဖြစ်နေသလား မသိဘူး"



ထိုနေ့ နေ့လည်ပိုင်းတွင် မာလက်ရှက်လမ်းမကြီးပေါ်မှ တိုက်ခန်းကြီးတစ်ခန်းဆီသို့ သားအမိနှစ်ယောက် ထွက်လာခဲ့ကြ၏။ မှန်ဝခန်းဆောင်က ကျောက်ဖြူသားခင်း။ လှေကားထစ်များကို ကော်ဇောနီခင်းထား၏။ ပန်းအိုးတွေ စီရရီနှင့်။

ထိပ်ပြောင်ပြောင်လူကြီးတစ်ယောက်က အပေါ်ထပ်သို့ လိုက်ပြသည်။ ရဲတိုက်လောက် မကြီးကျယ်သော်လည်း ကျယ်ပြန့်လှသော ဝရံတာနှင့် အခန်းကျယ်ကြီးတွေပါသည့် တိုက်ခန်းကြီးဖြစ်၏။ ကစားစရာနေရာတွေလည်း အများကြီး။ ဧည့်ခန်းဆောင်ထဲတွင် အရောင်တဖိတ်ဖိတ်တောက်နေသည့် မီးပန်းဆိုင်းကြီးနှင့်။

သားအမိနှစ်ယောက် တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်ကြည့်ပြီးမှ မြို့စားကတော်လေးက ပြောပြသည်။

"ဒါဟာ မေမေတို့နေရမယ့် အိမ်သစ်လေ သား၊ သားကြိုက်ရဲ့လား ဟင်"

ဟင်နရီခေါင်းညိတ်ပြလိုက်သည်။

ရဲတိုက်မှ ပရိဘောဂတွေ၊ ပစ္စည်းတွေ ပြောင်းရွှေ့ခြင်းကိစ္စ တစ်ပတ်အတွင်း ပြီးသွားသည်။ မြင်နေကျပစ္စည်းတွေ၊ သုံးနေကျ ပစ္စည်းတွေနှင့်မို့ ဟင်နရီ့စိတ်ထဲ ရဲတိုက်ကြီးမှာနေရသည်နှင့်မခြား ဖြစ်နေလေသည်။

*

ဖွန်တိန်ကျောင်းတွင် ဟင်နရီစတက်ရသည်။ အတန်းပိုင်ဆရာက ဖာသာအင်တွိုင်း။

"ကောင်းကင်သည် အပြာရောင် အဆင်းရှိသည်။ နှင်းက အဖြူရောင်၊ သွေးက အနီရောင်၊ ငါတို့ရဲ့ အလံတော်က အပြာ၊ အဖြူနဲ့ အနီရောင်"

ဖာသာကြီးသည် လမ်းလျှောက်ရင်း စာသင်နေခြင်းဖြစ်သည်။ ခြေချင်းဝတ်ဖုံးနေသည့် သူ့ဝတ်ရုံနှင့်ကြမ်းပြင်ပွတ်တိုက်သံကို ကြားနေရ၏။

"ပင်လယ်က အဖြူရောင်၊ သစ်ပင်က အစိမ်းရောင်"

အားလပ်ချိန်ရောက်ပြီ။ ဟင် . . မေမေပြောသလို ကစားဖော်လဲမရှိပါလား။ တစ်ယောက်ထဲထိုင်ရင်း ဟင်နရီငေါင်နေ၏။ သူတို့တွေ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပျော်ပျော်ပါးပါး အော်ဟစ်ကစားနေကြသည်။ တစ်ယောက်နှင့်တစ်ယောက် သိနေကြပုံ။ သူ့ကို ဘယ်သူမှ ခေါ်မကစားကြ။

ထိုစဉ် မျက်နှာတွင် မှဲ့ယဉ်ချေးသဲ့သဲ့နှင့် ကောင်လေး တစ်ယောက် သူ့အနားရောက်လာသည်။ ဆံပင်ကတော့ ရွှေရောင်။

"မင်းက ကျောင်းသားသစ်လားဟင်"

"အေး ဟုတ်တယ်"

"ငါလဲ လူသစ်ပဲကွ"

ကောင်လေးက ဟင်နရီ့ကိုမေးသည်။

"မင်းကြီးလာရင် ဘာလုပ်မလဲ"

"ငါ သင်္ဘောကပ္ပတိန်လုပ်မယ်"

"ငါက ပင်လယ်ဓားပြလုပ်မှာ"

"ပင်လယ်ဓားပြဆိုတာ ဘာလဲ"

"သူတို့က ဓားမြှောင်ကို သွားကြားထဲမှာ ကိုက်ထားကြတယ်။ ပင်လယ်ထဲမှာ သင်္ဘောတွေကို လိုက်ဖမ်းတယ်။ ပါလာသမျှ လူတွေသတ်၊ ပစ္စည်းတွေကို သူတို့နေတဲ့ ကျွန်းကိုသယ်လာပြီး မြှုပ်ထားကြတယ်။ ပြီးတော့ အရက်သောက်ရင်း ကကြ၊ ခုန်ကြတယ်"

ဟင်နရီ ရင်တွေခုန်နေသည်။

"အေး ငါလဲအဲဒီသင်္ဘောမျိုးလိုက်ချင်တယ်။ မင်းနဲ့ အတူတူ လိုက်မယ်။ မင်းနာမည် ဘယ်လိုခေါ်လဲဟင်"

"မောရစ်၊ မောရစ်ယိုးယန့်။ မင်းနာမည်ကော"

"ဟင်နရီတူလုစ်လောထရက်"

"ရှည်တယ်နော်"

တစ်ယောက်တစ်လှမ်းရွှေ့တိုးလာကြ၏။ ခဏနေတော့ မောရစ်က စမေးသည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"မကြာခင် ၈ နှစ်ပြည့်တော့မယ်"

"ငါက ၈ နှစ်ခွဲ၊ မင်းဘယ်ကလာပြီး ကျောင်းတက်တာလဲ"

"အာလ်ဘီက"

"အဲဒါ ဘယ်မှာလဲ"

"ဝေးတယ်၊ အဝေးကြီးပဲ။ တစ်နေကုန်ရထားစီးရတယ်"

"အဲဒီမှာ နှင်းတွေကျသလား"



ဟင်နရီက ခေါင်းယမ်းပြီး

"မကျဘူး၊ တစ်ခါတစ်လေတော့ တောင်တွေပေါ်မှာကျတယ်"

"ငါတို့အရပ်ကတော့ ဆောင်းတွင်းဆို တစ်ချိန်လုံး နှင်းကျတယ်"

နှစ်ယောက်သား အပြုံးကိုယ်စီဖြင့် ချက်ချင်း သူငယ်ချင်း ဖြစ်သွားကြ၏။

"ကစားကြရအောင်လား"

"အေး အပြေးပြိုင်ရအောင်"

အိမ်ပြန်ရောက်ရောက်ချင်း ပင်လယ်ဓားပြလုပ်မည့် သူငယ်ချင်းအကြောင်းကို မေမေ့အား အသက်မရှူနိုင်ဘဲ ဖောက်သည်ချနေ၏။

ထိုနေ့မှစ၍ ဟင်နရီကျောင်းမှာပျော်သွားပြီ။ အခြားကျောင်းသား တော်တော်များများလည်း ပင်လယ်ဓားပြလုပ်ချင်ကြ၏။ ကစားနည်းတွင် ထည့်ကစားကြ၏။ ဟင်နရီတစ်ယောက် ချွေးဒီးဒီးကျသည်အထိ အော်ဟစ်ပြေးလွှားကစားသည်။ စာသင်ခန်းထဲတွင် ပျော်လာ၏။ ဖာသာအင်တွိုင်းကလည်း ဟင်နရီ့ကို သဘောကျသည်။

*

"မေမေ . . မေမေ . . ဒီမှာ ကြည့်ပါဦး"

တစ်နေ့တွင် ဖာသာအင်တွိုင်းက အတန်းသားအားလုံးရှေ့တွင် နိုင်ငံ့ဂုဏ်ရည်တံဆိပ်ပုံတူကြေးရည်သုတ် ကြေးပြားဆုကလေး ရင်ဘတ်မှာ ထိုးပေးသည်။

မိခင်မြို့စားကတော်လေးမှာ ပါးစပ်အဟောင်းသားနှင့်၊ "မေမေဂုဏ်ယူပါတယ် ရီရီရယ်၊ သိပ်ကို ဂုဏ်ယူပါတယ်" ဟုပြောရင်း သားကလေးကို ပြေးဖက်လိုက်သည်။

တဖြည်းဖြည်းနှင့် နယ်မှ ရဲတိုက်ကြီးကို ဟင်နရီ မေ့စပြုလာ၏။ စီးတော်မြင်းကလေးကိုလည်း မေ့နိုင်လေပြီ။ နံရံမှ အဘိုးအဘေးတို့၏ ပုံများလည်း သူ့အာရုံတွင် ဝေဝါးလာခဲ့ပြီ။

"မွန်စီယာ ဟင်နရီ၊ ၇ နာရီထိုးပါပြီ။ ထတော့နော်"

ဂျိုးဇက်တံခါးလာခေါက်ပြီး နှိုးလျှင် ရေကမန်းကတန်းချိုးနံနက်စာကျွေးဖို့ အပြုံးနှင့်စောင့်ကြိုနေသည့် အင်းနက်ရှိရာ ထမင်းစားခန်းသို့ပြေး၊ စားပြီးလျှင် မေမေ့ကို ကတိုက်ကရိုက်နမ်းပြီး နှုတ်ဆက် ၈ နာရီခွဲတွင် ဂျိုးဇက်နှင့် ကျောင်းသွား။

www.burmeseclassic.com

www.burmeseclassic.com



ဟင်နရီနှင့် မောရစ်တို့သည် ပို၍ပို၍ ရင်းနှီးလာကြ၏။ အိမ်တွင် ဂျိုးဇက်ကို သုံ့ပန်းလုပ်ခိုင်းပြီး ပင်လယ်ဓားပြလုပ်တမ်း ကစားသည်။

တစ်နေ့တွင် မောရစ်က ထူးထူးဆန်းဆန်းစကားဆိုလာသည်။

"တို့နှစ်ယောက် ပင်လယ်ဓားပြမဖြစ်ဘဲ ကနေဒီယံမုဆိုးတွေ ဖြစ်သွားရင်ကော"

"ကနေဒီယံမုဆိုး ဟုတ်လား၊ သူတို့က ဘာလုပ်လဲ"

"လူတွေမရောက်ဖူးသေးတဲ့ တောနက်ထဲကို မြင်းစီးပြီး သွားတယ်၊ ဝက်ဝံတွေကို လိုက်ပစ်တယ်။ လူနီရိုင်းတွေနဲ့တိုက်တယ်။ ရေကန်နဘေးမှာ သစ်လုံးအိမ်ကလေးတွေနဲ့ နေကြတယ်"

ဟင်နရီ စိတ်ပါလာပြန်ပြီ။

"အေး . . ဒါဆိုလဲ တို့မုဆိုးလုပ်ကြတာပေါ့။ ဘယ်သူမှ မပါကြေးနော်၊ မင်းနဲ့ငါနဲ့ နှစ်ယောက်ထဲပဲ"

"ဒါပေါ့ တို့နှစ်ယောက်ထဲပေါ့"

မောရစ်က ကတိပေးလိုက်သည်။ နောက် သူတို့နှစ်ယောက် သွေးညီအစ်ကိုလုပ်မည်ဟု အပြန်အလှန်ကတိပြုကြပြန်သည်။ လက်ကောက်ဝတ်ကို ပင်အပ်နှင့်ကိုယ်စီဖောက်ပြီး တစ်ယောက်လက် တစ်ယောက်ဆုပ်ကာ သစ္စာဆိုကြသည်။

"အဲဒီလို သစ္စာဆိုပြီးရင် မီးဖိုထဲကို တံတွေးထွေးထည့်ရတယ်တဲ့၊ အဲဒါ ပိုထိရောက်တယ်တဲ့"

နှစ်ယောက်သားမီးလင်းဖိုထဲသို့ ပြိုင်တူတံတွေးထွေးထည့်လိုက်ကြသည်။

"ဒါဆို တို့နှစ်ယောက် တကယ့်သွေးညီအစ်ကိုတွေ ဖြစ်သွားပြီ၊ သေတဲ့အထိနော်" ဟု ဟင်နရီက ပျော်ရွှင်စွာပြုံးရင်း ပြောလိုက်သည်၊

ဤသို့ဖြင့် ပါရီသည် နှင်းလွှာရုံအောက်တွင် ကျောင်းပိတ်ချိန်သို့ ရောက်ခဲ့လေ၏။

*

## အခန်း (၂)

ဘာလ်ဘီရဲတိုက်ကြီးကို ပြန်ရောက်တော့လည်း ဟင်နရီ ပျော်နေပြန်သည်။ အိမ်မှာရှိသမျှလူတွေကို ပုံတူရေးသည်။ ရဲတိုက်ကြီး၏ အဆောင်ဆောင် အခန်းခန်းထဲတွင် တူတူပုန်းတမ်းကစားသည်။ မြင်းဇောင်းထဲ ဝင်ဆော့သည်။ မြင်းစီးပြန်ကျင့်သည်။ သွေးညီအစ်ကိုတော် မောရစ်ဆီက စာတွေ မှန်မှန်ရောက်လာသည်။ မုဆိုးလုပ်မည့်အကြောင်းတွေ အစုံအလင်ဖြင့်။

စက်တင်ဘာလထဲတွင် မေမေ့မိဘများရှိရာသို့ ထွက်ခဲ့ကြသည်။ အင်းနက်ပါ ပါလာ၏။ မေမေ့ဖေဖေ ဟင်နရီ၏ အဘိုးက စီလေရန် မြို့စားကြီးဖြစ်သည်။ စီလေရန်ရဲတိုက်ကြီးက အစိမ်းရောင်။ နှစ်ပေါင်း ၂၀၀ နီးပါး အိုမင်းနေပြီဖြစ်သည့် ရဲတိုက်ကြီး။ စည်းရိုးမုခ်ဝမှ ရဲတိုက်ကြီး အထိ ပေါ်ပလာပင်တွေ တန်းစီနေ၏။

ထုံးစံအတိုင်း ဘိုးဘိုးက နှုတ်ခမ်းမွေးကားကားကြီးအောက်မှ သွားတွေ အဖွေးသားပေါ်အောင်ပြုံးပြီး စောင့်ကြိုနေ၏။ ပဝါဖြူကို ဝှေ့ကာ ယမ်းကာဖြင့်။

ဘိုးဘိုးမြို့စားကြီးက ရထားထိန်းကြီး ဂျိုးဇက်ပါမကျန် နမ်းရှုပ်နှုတ်ဆက်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မနက် မိုးစင်စင်လင်းတော့ ဟင်နရီ့အခန်းထဲသို့ ဘိုးဘိုး ခြေဖွဖွနင်းပြီး ဝင်လာသည်။

"ငှက်တွေနိုးပြီ သားရဲ့၊ သား ထတော့လေ"

ပြောပြောဆိုဆို ခုတင်စွန်းတွင် ဘိုးဘိုးဝင်ထိုင်သည်။

"ကဲ . . သားကို ဘိုးဘိုး သေသေချာချာကြည့်ပါရစေဦး။ အေး . . ဟုတ်ပြီ၊ အသားရောင်ကတော့ နည်းနည်းဖျော့သလိုပဲ။ ဒီဆောင်းမှာ သားမဖျားဘူး မဟုတ်လား"

"မဖျားပါဘူး ဘိုးဘိုး"

"အေး . . ဟုတ်ပြီ၊ သားကျန်းမာရမယ်၊ ကြီးထွားရမယ်၊ သန်မာရမယ်၊ သား ပါပါနဲ့တူရမယ်၊ မဟုတ်ဘူးလား သား"

ဘိုးဘိုးမေးခွန်းက ဘယ်လိုကြီးပါလိမ့်။ ဘာလို့ မကြီးထွားရမှာလဲ ဘာလို့ မသန်မာရမှာလဲ၊ လူတိုင်းကြီးထွားသန်မာကြတာပဲ။ ဒါပေမဲ့ ပါပါနဲ့တော့ တူချင်မှတူမှာပေါ့။ ဘိုးဘိုးလို ပုပုဝဝ ဖြစ်နေရင်ကော။

ထိုနေ့တွင် မြို့စားကြီးက မြေးကလေးအား သူ့ဝိုင်လုပ်ငန်းကြီးကို လိုက်ပြသည်။ မြင်းကိုယ်စီ အသားကျစီးကာ ထွက်လာခဲ့ကြခြင်းဖြစ်၏။ စပျစ်ခင်းထဲမှ စိုက်ခင်းကြီးကြပ်ရေးမှူးများနှင့်တွေ့လျှင် လက်ပြနှုတ်ဆက်သည်။ စပျစ်သီးခူးနေသည့် အမျိုးသမီးတွေက တမျှော်တခေါ်။

"ဟေး . . ဒီမှာ ကြည့်ကြစမ်း။ ဒါ ငါ့မြေး ဟင်နရီကွ၊ ဘယ်လောက်ထွားတဲ့ ကောင်ကြီးလဲ"

ဝိုင်ချက်စက်ရုံထဲတွင် ယောကျ်ား၊ မိန်းမတွေ အလုပ်လုပ်နေကြပုံမှာ လူရှိန်းတွေ တိုက်ပွဲအောင်၍ ကခုန်နေကြသည့်အလား ရှုပ်ယှက်ခတ်နေ၏။ ဟင်နရီက သည်မြင်ကွင်းကိုလည်း ပုံကြမ်းရေးဖြစ်အောင် ရေးသေးသည်။ နောက်နေ့ကျတော့ နွားခြံနှင့် မြင်းမွေးမြူရေးစခန်းကို ဘိုးဘိုးက လိုက်ပြသည်။ ပြီးတော့ ကြက်ခြံ။

တွိုင်နွန်အမည်ရှိ* မြဲအိုကြီးက မြေဩဇာအိတ်တွေ အမိုးအမောက်တင်ထားသည့် လှည်းကြီးကို ဆွဲနေပုံနှင့် ကြက်ဖကြီးတွေ၊ ငန်းတွေ၊ ဘဲတွေ၊ သိုးတွေ၊ နွားမတွေ . . . . ပုံများ ဆွဲဖြစ်သည်။

---

* တွိုင်နွန်ရေဆေးပန်းချီကားနှင့် စပျစ်ခြံလုပ်သားများ၊ တိရစ္ဆာန်များ၏ ပန်းချီကားများ "အာလ်ဘီ" မြို့တိုက်တွင် ယနေ့တိုင်ပြထားသည်။



ညပိုင်းတွင်တော့ ရဲတိုက်ကြီးထဲတွင် ဂီတသံများ၊ ရယ်မောသံများဖြင့် နှလုံးမွေ့လျော် ပျော်ဖွယ်ရာအတိ ဖြစ်လေသည်။

ဘိုးဘိုးနှင့်သွားနေရသည့်အချိန်များသည် မမေ့တဲ့နိုင်ကဏ္ဍများဖြစ်သည်။ ဟင်နရီအလိုလိုပြုံးလိုက်မိ၏။ လက်ထဲတွင် စာတစ်စောင်ကိုင်ပြီး မေမေဝင်လာသည်။

"ပါပါ့ဆီက စာ၊ လော်ရီကို သားလိုက်ခဲ့ရမယ်တဲ့၊ တောပစ်ထွက်မယ်တဲ့"

မေမေ့အသံက တိုးလွန်းနေ၏။

"မေမေရော လိုက်မှာမဟုတ်လား"

မေမေ ချက်ခြင်းမဖြေ။ စီလေရန်အနွယ်တော်တစ်ပါး၏ မျက်လုံးများထဲမှ တောက်တောက်ပပအရောင်တွေ ချက်ခြင်းပျောက်သွား၏။

သားငယ်၏ ဆံပင်ကို ပွတ်သပ်ပေးရင်း

"မေမေ မလိုက်ဘူး သား၊ သား ဂျိုးဇက်နဲ့သွားရမှာ"

"မေမေမပါရင် သားမသွားဘူး၊ ဘယ်တော့မှ မသွားဘူး။ မေမေက ဘာလို့မလိုက်တာလဲ၊ ဘာကြောင့်လဲ"

မေမေ့လက်ချောင်းလေးများ ချက်ချင်းဟင်နရီ့နှုတ်ခမ်းပေါ် ရောက်သွားသည်။

"ရှူး . . လိမ္မာတဲ့ကလေးတွေ အဲသလိုမပြောကြဘူးသားရဲ့။ ပါပါက သားကို သူ့လိုမြင်းစီးကျွမ်းတဲ့ မြို့စားတစ်ယောက် ဖြစ်လာစေချင်တာလေ။ အမဲလိုက်ဝတ်စုံအကောင်းစားလဲ ပါပါက ဝယ်ပေးမှာ။ ဟိုရောက်လို့ လူကြီးလူကောင်းတွေနဲ့ မိတ်ဆက်ပေးရင် ဦးညွှတ်ပြီး 'သိရတာ ဝမ်းသာပါတယ်ခင်ဗျာ' လို့ ပြောနော်။ အမျိုးသမီး တစ်ယောက်ယောက်က သားကို နမ်းပြီးနှုတ်ဆက်ရင် မျက်နှာလွှဲမပစ်ရဘူး၊ ဟုတ်သား၊ ပြီးတော့ ခေါင်းဖြီးဖို့၊ သွားတိုက်ဖို့၊ ဘုရားရှိခိုးဖို့ ဘယ်တော့မှ မမေ့ရဘူး၊ ဟုတ်ပြီလား"

နူးညံ့သိမ်မွေ့လှသော မေမေ့အသံကြောင့် ဟင်နရီ ဆက်မငြင်းရက်တော့ပေ။ ထိုညတွင် ဟိုးရှေးရှေးတုန်းက ဘိုးဘိုးကြီးရေမွှန်နှင့်အတူ တောပစ်ထွက်ရသည်ဟု အိပ်မက်မက်၏။

*

www.burmeseclassic.com

www.burmeseclassic.com



"အဲ . . ဟုတ်ပြီ၊ သားကို ပါပါ သေသေချာချာကြည့်ပါရစေဦး"

တောလိုက်ကလေးဝတ်စုံကလေးနှင့် သားငယ်ကို မြို့စားကြီးက သေသေချာချာစစ်ဆေးနေ၏။ အခန်းထဲတွင် လူတွေအများကြီး အားလုံးတောလိုက်ဝတ်စုံအပြည့်ဖြင့်။ အမျိုးသမီးများလည်း ပါ၏။ အားလုံး ဝိုင်သောက်ရင်း ရယ်မောပျော်ရွှင်နေကြပုံ။

"တစ်ပတ်လှည့်လိုက်စမ်း။ အင်း . . မဆိုးပါဘူး၊ သားနဲ့အတော်ပဲ၊ သားမေမေ ပို့လိုက်တဲ့ သားရဲ့ဝတ်စုံနဲ့ တိုင်းချုပ်ထားတာ။ သားဆံပင်တွေ ရှည်လှချည်လား။ ပါရီရောက်ရောက်ချင်း သားမေမေကို ညှပ်ခိုင်းခြားလား၊ ဆံပင်ရှည်တော့ မိန်းကလေးနဲ့ တူနေတာပေါ့၊ မိန်းကလေးနဲ့တူတာ သားသဘောကျလို့လား"

မြို့စားကြီးက ရယ်ရယ်မောမောနှင့်ပင် ဟင်နရီ့လက်ကို ဆွဲပြီး မီးလင်းဖိုနားတွင် စုရုံးနေကြသည့် ဧည့်သည်များဆီသို့ ခေါ်သွားသည်၊

"လူကြီးမင်းများ၊ ဧည့်သည်တော်အမျိုးသမီးများခင်ဗျား။ ဒါ ကျွန်တော့်သား ဟင်နရီပါ။ သူ့ကို ကျွန်တော်တို့နဲ့အတူ ခေါ်သွားပါ့မယ်။ တောပစ်သင်ပေးဖို့ အရွယ်ဟာ ငယ်တယ်လို့မရှိပါဘူး"

ပြီးတော့ ခါးကုန်းပြီး ဟင်နရီ့နားနားကပ်၍ မြို့စားများ၊ မြို့စားကတော်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ကြာတော့ နာမည်တွေ မမှတ်မိနိုင်တော့။ နည်းနည်းနောနော မြို့စားနယ်စားတွေလား။ ပြီးတော့ သူတို့ကတော်တွေက ပတ်လည်ဝိုင်းပြီး နမ်းလို့ ရှုတ်လို့ မပြီးတော့။

"ကြည့်ပါဦးကွယ်၊ ပန်းရောင်ကုတ်အင်္ကျီကလေးနဲ့ ချစ်စရာကောင်းလိုက်တာ။ သားလေးအသက် ဘယ်လောက်ရှိပြီလဲကွယ်။ ဆံပင်ကလေးတွေက လှလိုက်တာဟယ်။ ပါရီရောက်ရင် အရီးတော်တို့အိမ်လာလည်နော်"

စသည်ဖြင့် . . စသည်ဖြင့် . . အိုး . . ဆုံးနိုင်သည်မရှိတော့။

လော်ရီတွင်နေသည့် တစ်ပတ်အတွင်း* ခွေးပုံတွေ၊ မြင်းပုံ နှင့် အမျိုးသမီးများ တင်ပလ္လင်မြင်းစီးနေပုံများ ရေးဖြစ်ခဲ့၏။

ခွေးသမင်ကြီးတွေနှင့် အမျိုးသားတွေရော၊ အမျိုးသမီးများပါ မြင်းကိုယ်စီ ကဆုန်စိုင်းကာ အမဲလိုက်ပွဲကို ဟင်နရီလိုက်ပါခဲ့၏၊

---

သည်ကားတွေအားလုံးနီးပါး အာလ်ဘီ ပြတိုက်တွင်ရှိသည်။



ည်းရိုးတွေကို ခုန်ရ၏။ လျှိုတွေကို လွှားခနဲ လွှားခနဲကျော်ရ၏။ ဂျိုးဇက်က သူ့အနားမှ မခွာဘဲ အနီးကပ် ကြီးကြပ်ပေး၏။ သားကောင်မိပြီဆိုလျှင် ခွေးတွေက မြင်မကောင်း၊ ရှုမကောင်း ဝိုင်းဆွဲကြ၏။ ဒီလိုအခါမျိုးတွင်တော့ သူ့မျက်နှာလွှဲထားလိုက်သည်။ ဟင်နရီ လုံးဝ မပျော်ပါ။

ပါရီပြန်ဖို့ အားလုံးကို နှုတ်ဆက် ထွက်ခွာချိန်ရောက်တော့ ဟင်နရီ့ရင်ထဲ ပေါ့သွားသည်။

*

ကျောင်းပြန်ဖွင့်တော့ ဖာသာဂျိမ်းစ်က အတန်းပိုင်ဆရာဖြစ်လာသည်။ အလွန်တင်းကျပ်သည့်ဆရာဖြစ်၏။ မျက်မှန်နောက်ကွယ်မှ သူ့မျက်လုံးများက တစ်တန်းလုံးကို အချိန်ပြည့်စောင့်ကြည့်နေ၏။ ဘယ်သူမှ မလှုပ်ရဲကြ။

ဘဝသည် မနှစ်ကပုံစံအတိုင်း ပြန်ဖြစ်လာသည်။ ၇ နာရီတွင် ဂျိုးဇက်တံခါးခေါက်သည်။ ရေချိုး၊ စားသောက်၊ ကော်ဇောနီခင်းထားသည့် လှေကားတစ်များမှ ပြေးဆင်း။

ညပိုင်းတွင် ကျောင်းစာတွေလုပ်၊ မေမေက မီးလင်းဖိုနံဘေးမှာထိုင်ပြီး အဝတ်ချုပ်၊ ဇာထိုး၊ ခက်သည့်ပုစ္ဆာတွေ ကူတွက်ပေး။ သချာနှင့် လက်တင်ဘာသာရပ်ကြောင့် ခေါင်းလေးလာပြီဆိုလျှင် "ကဲ . . ညတော်လောက်ပါပြီသားရယ်" ဆိုပြီး အနမ်းဖြင့်နှုတ်ဆက်ကာ အိပ်ခန်းထဲ ပို့ပေးသည်။ သည်သံသရာတွင် ပုံမှန်လည်ပတ်နေ၏။

ကျောင်းတွင် ကစားချိန်နည်းလာသော်လည်း ကစားချိန်တိုင်းတွင် နည်းမျိုးစုံကစားဖြစ်ကြ၏။ ဤသို့ ပျော်စရာနှင့် ကျောင်းစာတွေကြားတွင် နှစ်မျောရင်း ဆောင်းဝင်ခဲ့ပြန်၏။

ဟင်နရီ ၉ နှစ်ပြည့်ပြီ။ ပါရီမြို့ကြီးသား တစ်ယောက် ဖြစ်လာပြီ၊ ပါရီနှင့်လုံးဝအထာကျနေပြီ။ ပါပါ့ ဟိုတယ်သို့ ရံဖန်ရံခါ ရောက်ဖြစ်သည်။

တစ်နေ့တွင် မေမေ့ကို ဟင်နရီမေးကြည့်သည်။

"မေမေနဲ့ပါပါက ဘာလို့ အတူတူမနေကြတာလဲ ဟင်"

"သားရဲ့ပါပါက သိပ်အလုပ်များတဲ့လူကွယ့်။ ကဲ . . ဒီနေ့ကျောင်းမှာ ဘာတွေလုပ်ခဲ့သလဲ၊ မေမေ့ကို ပြောပါဦး"

တဖြည်းဖြည်းနှင့် ပါရီလမ်းကျယ်ကြီးများပေါ်မှ တိုက်ခန်းများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် လှပသည့် စုလစ်မွမ်းချွန်များဖြင့်ပြီးသော မယ်ဒလင်းဘုရားကျောင်းကြီးသည် အာလ်ဘီရဲတိုက်ကြီး၏နေရာတွင် အစားဝင်နေပြီ။

မေမေက ပါရီတွင် အပေါင်းအသင်း သိပ်မထားပေ။ အခန်းနီးချင်း ဆရာဝန်ကြီးကတော့ မဒမ်ပရောက်စ်တစ်ယောက်သာ အိမ်တွင် အဝင်အထွက်ရှိသည်။ တစ်ခါတလေ ဆရာဝန်ကြီး ကိုယ်တိုင် ပါလာတတ်၏။ သူတို့တွင် သားနှစ်ယောက်ရှိသည်။ မာစယ်လ်နှင့် ရောဘတ်။ ဆရာဝန်ကြီးကို ဟင်နရီသဘောကျသည်။ မိမိရင်ဘတ်မှ တံဆိပ်ကို ခိုးကူဖို့ ဆရာဝန်ကြီးက ဘယ်တော့မှ မမေ့ဘူးမဟုတ်လား။ ဒီနှစ်ထဲတွင် မေမေ့အဆုံးအမကြောင့် ဘာသာရေးသက်ဝင်ယုံကြည်မှုများ ဟင်နရီ့ခေါင်းထဲသို့ အလျှိုအလျှိုဝင်လာကြ၏။ ဘုရားသခင်၏ တန်ခိုးတော်ကို ကျမ်းစာများတွင် တွေ့ရသော်လည်း ရံခါတွင် အလွန်သေးငယ်သော ကိစ္စကလေးများအတွက် ဆုတောင်းကြည့်ရာ ကိုယ်တော်သည် ကြားတော်မမူပေ။ ဘုရားသခင်သည် ဆုတောင်းသံတိုင်းကို နားထောင်နိုင်လောက်အောင် အလုပ်အားတော်မမူဟု ယုံကြည်ထားလိုက်၏။

နောက်ဆုံးတွင် ကောက်ချက်တစ်ခု သူ့ဘာသာသူ ဆွဲလိုက်သည်၊ ဘုရားသခင်သည် တန်ခိုးရှိန်စော် အာနုဘော်ကြီးမြတ်သော်လည်း ဆုတောင်းသံကို ကြားနာပေးကမ်းသည့်နေရာတွင် အလွန်အမင်း စိစစ်သူ၊ ကပ်စေးနှဲသူအဖြစ် မှတ်ယူလိုက်သည်။ ဦးလေးလုပ်သူ မွန်စီယာအူဒွန်နှင့် တူသည်ဟုလည်း ထင်၏။ ဦးလေး အူဒွန်မှာ အလွန်ချမ်းသာ ကြွယ်ဝသူတစ်ဦးဖြစ်သည်။ သို့သော် ခရစ္စမတ်တွင် ကတ်ပြားကလေးတစ်ခု ပို့ပေးရုံမှအပ ဘာတစ်ခုမှ ဝယ်ပေးဖော်မရ။

*

မိုးဦးရာသီသို့ ရောက်ခဲ့ပြန်ပြီ။ မြို့စားကြီးက ဟင်နရီကို ပါရီ၏နာမည်ကျော် မြင်းအလှစီးပြိုင်ပွဲသို့ ခေါ်သွားချင်သည်ဆို၏။ တနင်္ဂနွေတစ်နေ့၊ ဘုရားဝတ်ပြုအပြီးတွင် သားအမိနှစ်ယောက် မြို့စားကြီးရှိရာ ဟိုတယ်သို့ လာခဲ့ကြရ၏။ မြင်းရထားပေါ်တွင် မင်းစိုးရာဇာပတ်ဝန်းကျင်၏ အပြောအဆို၊ အနေအထိုင်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို မေမေကပြောပြနေ၏။

"အမေးအမြန်းမထူရဘူး၊ ကိုယ့်ကိုစကားလာမပြောဘဲ ကိုယ်က တစ်စုံတစ်ယောက်ကိုစပြီး သွားမပြောရဘူးနော်။ မေမေကသားကို တကယ့်လူတော်ကလေးတစ်ယောက် ဖြစ်စေချင်တာ"



ဝတ်ထားသည့် အဖြူရောင်သဘော်သားဝတ်စုံမှ အတွန့်ကလေးများကို ဆွဲဆန့်ပေးရင်း ပြောနေခြင်းဖြစ်၏။

ဟိုတယ်ရှေ့တွင် ရထားထိုးရပ်တော့ မေမေ့ကို ခပ်သွက်သွက်မွှေးမွှေးပေးပြီး ရထားပေါ်မှ ခုန်ဆင်းခဲ့သည်။ အခန်းထဲရောက်တော့ မှန်ရှေ့တွင် လည်စည်းစည်းနေသည့်ပါပါ့ကို တွေ့ရ၏။ သားကလေးကို မြို့စား ကြီးက မှန်ထဲမှ ပြုံးပြနှုတ်ဆက်သည်။

"ဒီနေ့ သိပ်သာယာတယ်နော်။ ဩော် . . သားမေမေက ဆံပင်ညှပ်ပေးပြီးပြီပဲ။ အေး . . ကောင်းတယ်၊ ကောင်းတယ်"

ပြောပြောဆိုဆို အဖြူရောင် ဇော်မွှားပန်းပွင့်ကလေးကို ရင်ဘတ်တွင် ကောက်ထိုးလိုက်သည်။ ပြီးမှ ရွှေလက်ကိုင်နှင့် တုတ်ကောက်ကို ဆွဲယူပြီး တံခါးဝဆီသို့ လျှောက်သွားသည်။

ရထားထွက်သည်နှင့် မြို့စားကြီး စကားစသည်။

"နောက်နှစ်ကျရင် ရထားနဲ့ မသွားတော့ဘူး။ သားနဲ့ပါပါ မြင်းကိုယ်စီ စီးသွားမယ်။ မြင်းရထားဆိုတာ မိန်းမတွေစီးတာသားရဲ့။ ယောက်ျားကောင်းတစ်ယောက်ရဲ့နေရာဟာ မြင်းရဲ့ကျောကုန်းပဲ။ မြင်းမြီးရဲ့ နောက်မှာ မဟုတ်ဘူး။ ဩော် . . သားက ဆုတံဆိပ်ကလေး ချိတ်သာပါလား။ တော်တယ်၊ သားသိပ်တော်တယ်။ အတန်းထဲမှာ သား ပထမတဲ့အကြောင်း သားမေမေက ပါပါ့ကို အကြောင်းကြားပါတယ်။ ဒါပေမဲ့ စာကြမ်းပိုးကလေးတော့ ဖြစ်မသွားစေနဲ့နော်။ စာအုပ်ဆိုတာ သူ့နေရာမှာသူနေရင် အဖိုးတန်ပါတယ်။ ပန်းချီတို့၊ ဂီတတို့လိုပေါ့။ အဲဒါတွေက မိန်းမတွေအတွက်ပဲ၊ ဘဝမှာ အဲဒါတွေထက် အရေးကြီးတာတွေ ရှိသေးတယ် သား"

တွေ့သမျှလူတွေက ပါပါ့ကို ဦးညွှတ်နှုတ်ဆက်ကြ၊ ဂါရဝပြုကြသည်။ သူကတော့ ဦးထုပ်ကို အသာပင့်ကာ ပင့်ကာဖြင့်။ ရုပ်ရှင်မင်းသမီး ဆိုဖိခရှိုက်ဆက်က နှုတ်ဆက်တော့ ပြုံးပြုံးကြီးနှင့် မျက်ခုံးနှစ်ဖက်ပင့်ပြီး ခေါင်းညိတ်ပြ၏။

"နေပါဦး၊ သား သိုင်းမသင်သေးဘူးလား။ မသင်ရသေးဘူး၊ ဟုတ်လား။ အဲဒါက အက္ခရာသင်္ချာထက်ရော၊ ရှေးပညာရှိတို့ အဆို အမိန့်တွေထက်ရော အရေးကြီးတယ်။ အကရော ကောင်းကောင်း က တတ်မှ သားရဲ့။ ဘဝတက်လမ်းမှာ အကဟာလဲအရေးကြီးတာပဲ"

ဧရာမ စားသောက်ခန်းကြီးထဲသို့ သားအဖနှစ်ယောက် ဝင်

www.burmeseclassic.com

www.burmeseclassic.com

သွားကြသည်။ လူအုပ်ကြီးကို ဟင်နရီ အသက်မရှူနိုင်ဘဲ ငေးကြည့်နေ၏။ ပိုးရောင်၊ ဖဲရောင်၊ မြရောင် စိန်ရောင် တဖျပ်ဖျပ်။

ပါပါက စားပွဲကြီးတစ်လုံးတွင် ဝင်ထိုင်သည်။ လက်အိတ်ချွတ်သည်။ ပြီးမှ ဝတ်စုံပြည့်နှင့် စားပွဲထိုးကို မှာသည်။

"ငါ့အတွက် ရှယ်ရီ၊ မြို့စားကလေးအတွက် ဝိုင်ချိုတစ်ခွက်၊ အင်း . . သားမေမေကတော့ ဒီနေရာမျိုးကို ဘယ်တော့မှ ခေါ်လို့မရဘူး"

အထက်တန်းလွှာတို့ ကျက်စားရာ စားသောက်ဆိုင်ကြီးမှန်းသိသာလှ၏၊

"သား ဟိုမှာ ကြည့်၊ ပြတင်းပေါက်နားမှာ မုတ်ဆိတ်ဖြူနဲ့လူကြီးတွေ့လား"

မြို့စားကြီးက လေသံနှိမ့်ပြီး ဟင်နရီ့ကို မေးလိုက်သည်။

"အဲဒါဗစ်တာဟူးဂိုးတဲ့။ သူက အထက်လွှတ်တော်အမတ်လေ၊ စာလဲရေးတယ်တဲ့။ လူတိုင်း လူတိုင်း ရီပတ်ဗလစ်ကန်လုပ်နေကြပြီ။ စာပေနဲ့နိုင်ငံရေး ရောထွေးပြီး၊ အင်း . . ပြင်သစ်နိုင်ငံဟာ သူတို့လို လူတွေကြောင့် ရေတိမ်နစ်ရတော့မယ်"

သူက ရှုတ်တရက်ထပြီး မလှမ်းမကမ်းမှ စားပွဲတစ်လုံးဆီသို့ လျှောက်သွားသည်။ ပြီးတော့ ခါးညွတ်ကာ အမျိုးသမီးတစ်ယောက်၏ လက်ကိုနမ်းပြီး နှုတ်ဆက်သည်။ နောက် သူနှင့်ပါလာသည့်လူနှင့် ရယ်စရာတစ်ခွန်း နှစ်ခွန်းပြောပြီး ပြန်လာသည်။

"သား ဟိုမှာကြည့်စမ်း၊ မုတ်ဆိတ်မွေး လေးထောင့်စပ်စပ်ရိတ်ထားတဲ့လူ၊ အဲဒါ ဘယ်ဂျီယမ်ဘုရင် လီယိုပိုလေ"

ပါပါက ရှယ်ရီဝိုင်ကို ဆက်သောက်ရင်း ပြောနေခြင်းဖြစ်၏။

"ဗျာ၊ ဘုရင် . . ဟုတ်လား"

"သား . . လူတစ်ယောက်ကို စိုက်မကြည့်ရဘူး။ ဘာလို့လဲဆိုတော့ သူက ဒီပွဲမှာ ရုပ်ဖျက်ပြီးလာတက်နေတာ"

သူ့ပခုံးပေါ်ကို လက်တစ်ဖက်လာတင်လိုက်သည်နှင့် မြို့စားကြီး ချာခနဲလှည့်ပြီး . .

"ဟေး . . ဒိုဒူဗီလ်၊ မှတ်မိလား ဒါ ကိုယ့်သားလေ။ လော်ရီတုန်းက တွေ့ဖူးတယ်မဟုတ်လား။ အမဲလိုက်နည်းအရသာက တစ်မျိုး



ပေါ့ဗျာ။ ပါရီရဲ့ အရသာကလေးတွေကို ကျုပ်ဖြည်းဖြည်းချင်း သင်ပေးနေတာ"

ဟင်နရီက တစ်ကိုယ်လုံး ကွေးညွတ်သွားမတတ် အရိုအသေပြုလိုက်သည်။ မြို့စားကြီးဒိုဒူဗီးလ်က သူ့ကိုကြည့်ပြီး ပြုံးနေ၏။ ပြီးတော့ သူ့ပါးကလေးကိုပုတ်ရင်း ပြန်တွေ့ရတာဝမ်းသာကြောင်း တစ်ခွန်းနှစ်ခွန်းပြောပြီး ဆက်လျှောက်သွားသည်။ နောက်တစ်ယောက်၊ ထို့နောက်တစ်ယောက်၊ ခါးညွတ်သူညွတ်၊ ဦးညွတ်သူညွတ်။

"ကဲ . . ကလပ်ကိုသွားပြီး နေ့လည်စာ စားကြရအောင်"

မြင်းပွဲကလပ်၏အနံ့က ဘာကြောင့်မှန်းမသိ။ ဖယောင်းနံ့သင်းနေ၏။ ပြီးတော့ ဟာဗာနာဆေးပြင်းလိပ်နံ့။ အသံတိုးတိုးနှင့် စကားဝိုင်းများ။ အချိုတဲပြီးနောက် မြို့စားကြီးက သူ့ထုံးစံအတိုင်း နပိုလျံဘရန်ဒီမှာသည်။ ကလပ်ဖန်ခွက်ထဲမှ ဘရန်ဒီကို တစ်ကျိုက်တည်းမော့လိုက်ပြီး

"ကဲ . . သား သွားစို့၊ ပြိုင်ပွဲသွားဖို့ အဝတ်အစားပြန်လဲရဦးမယ်"

"တန်းဘားခုန်စီးတဲ့ပွဲကို သားဂရုစိုက်ကြည့်၊ ရှီးရှီးစီးတာထက်အပုံကြီး ပိုခက်တယ်"

သီးသန့်မှန်ခန်းထဲတွင် မှန်ပြောင်းကိုယ်စီနှင့် သားအဖ နှစ်ယောက် ကြည့်ကြ၏။

"ခုန်တဲ့အခါ ကိုယ့်မြင်းကို ကိုယ်က အကူအညီပေးရတယ်။ ဘစ်ခါတုန်းက ပါပါ ကံကောင်းလို့ ဇက်မကျိုးတယ်"

ပါပါက ပြောလက်စ စကားကို ဖြုန်းစားကြီးရပ်ပြီး ဟိုးအဝေးဘစ်နေရာ သီးသန့်ခန်းထဲရှိ အမျိုးသမီးတစ်ဦးကို မှန်ပြောင်းထဲမှ လှမ်းကြည့်သည်။

"သား ခဏနေခဲ့ဦး၊ အသိတစ်ယောက်နဲ့ သွားတွေ့လိုက်ဦးမယ်" ဟုပြောပြီး ထွက်မသွားမီ ရှေ့ခုံတန်းမှ ဗိုက်ရွဲရွဲဝဝပုပု လူကြီးနောက်မှ ခါးကိုင်းပြီး "မွန်စီယာ ပရန်စတို . . ကလေးကို တဆိတ် . ."

လူကြီးက လှည့်မကြည့်၊ ပုံကြမ်းစာအုပ်တစ်အုပ်နှင့် ပုံဆွဲနေ၏။

"ဒီမှာ . . မွန်စီယာ ပရန်စတို . . ၊ ဟာ . . ဒုက္ခပါပဲ၊ သူက နားမှမကြားတာပဲ။ သား သူ့အနားမှာ သွားထိုင်၊ သူက နားလဲမကြားဘူး၊ ဆွံ့လဲဆွံ့နေတယ်။ သူပုံဆွဲတာကိုသား ကြည့်ချင်ကြည့်နေပေါ့။ မြင်း

www.burmeseclassic.com

www.burmeseclassic.com

ပုံတွေရေးတဲ့နေရာမှာ သူသိပ်တော်တယ်။ ဒါကြောင့် ပါပါတို့က သူ့ကို အထူးတန်းမှာ ထိုင်ခွင့်ပေးထားတာ။ ပွဲပြီးရင် ပါပါ ပြန်လာခဲ့မယ်နော်"

ဆွဲ့အနားမကြား ပန်းချီဆရာကြီးက ဟင်နရီ့ကို ဝမ်းသာအားရ အမူအရာဖြင့် နံဘေးတွင် ထိုင်ခိုင်းသည်။ ပြီးတော့ သူဆွဲထားသည့် မြင်းပုံတွေပြသည်။ နှစ်ယောက်သား ခေါင်းညိတ်၊ ခေါင်းခါ အမူအရာများဖြင့် ချက်ချင်းမိတ်ဆွေဖြစ်သွားကြ၏။

ဟင်နရီ့တစ်သက် မမေ့နိုင်သည့်နေ့ဖြစ်ပါသည်။ ဂီတသံ မြူးမြူးကြွကြွနှင့် အတူပြေးလွှားခုန်ပေါက်နေသည့်မြင်းများ။ ဆုရသူများအား ဒိုင်လူကြီးများက ငွေဖလားပေးလျှင် ဆူညံသွားသော လက်ခုပ်သံများ။ နံဘေးမှ ပန်းချီဆရာကြီးကတော့ ဘာမျှမကြား၊ သူ့အလုပ်ကို သူ ဆက်လုပ်နေ၏။

ခဏနေတော့ အိတ်ထဲမှ စက္ကူတစ်ရွက်ဆွဲထုတ်ပြီး စာ တစ်ကြောင်းရေးပြသည်။

"မင်းရော ဆွဲမလား"

ဟင်နရီက ခေါင်းညိတ်ပြတော့ သူက ပုံဆွဲစာအုပ်ကို ထိုးပေးသည်။ အသားကျ အလှစီးပြနေသော မြင်းနှစ်ကောင်ကို ဟင်နရီ ဆွဲသည်။ ပန်းချီဆရာကြီးသည် ပါးစပ်အဟောင်းသားနှင့်၊ ဟင်နရီ့ကို စောင့်ကြည့်နေသည်။ တုန်ယင်သောလက်များဖြင့် စာရွက်တစ်ရွက် ဆွဲထုတ်ပြီး ရေးပြန်သည်။

"မင်း သိပ်တော်တယ်၊ အရမ်းကောင်းတယ်"

အရမ်းဟူသည့် စာလုံးနှစ်လုံးအောက်တွင် မျဉ်းသားလိုက်သေး၏။ အိမ်ပြန်ရောက်ရောက်ချင်း မေမေ့ကိုနမ်းပြီး နှုတ်ဆက်ဖို့တောင် သတိမရတော့ဘဲ ပန်းချီဆရာကြီးတစ်ဦးနှင့်တွေ့ခဲ့ပုံကို အငမ်းမရ ပြောပြနေလေသည်။

မေမေက "အသက်များလဲ ရှူပါဦးသားရယ်" ဟုဆိုကာ ရင်ခွင်ထဲဆွဲသွင်းပြီး ဆံပင်နုနုကလေးများကို ပွတ်သပ်ပေးနေသည်။

ဟင်နရီက ဖအေနှင့်အတူလိုက်သွားပြီး စားသောက်ခဲ့ပုံများ၊ မြင်းအလှပြိုင်ပွဲနှင့် တစ်နေ့တာ အတွေ့အကြုံကို ဖောက်သည်ချပြသည်။

"ပါပါက ပြောတယ်မေမေရဲ့။ စာကြမ်းပိုးကလေး မဖြစ်စေနဲ့တဲ့။ ကာယလေ့ကျင့်ခန်းတို့ အကသင်တန်းတို့လဲ တက်ရမယ်တဲ့"



"လေ့ကျင့်ခန်းတို့ အကသင်တန်းတို့ သားတက်ရမှာပေါ့။ ဒါပေမဲ့ စာလဲဖတ်ရမှာပဲ။ ဒါမှ လူကြီးလူကောင်းတစ်ယောက် ဖြစ်လာမှာ ပေါ့။ တဲ . . မေမေ့ကို တဝကြီးနမ်းပြီး အိပ်တော့၊ သားတစ်နေကုန် ပျော်ခဲ့ပြီးပြီ၊ ဘုရား အာရုံပြုဖို့လဲ မမေ့နဲ့ဦး"

*

နွေနှောင်းဆောင်းဦးကာလရောက်သည်နှင့် အဖေ့ဆန္ဒအတိုင်း ဟင်နရီ ကာယလေ့ကျင့်ခန်းနှင့် အကသင်တန်းတက်ရတော့သည်။

အားကစားရုံကို စနေနေ့တိုင်းသွားရ၏။ အကသင်တန်းကိုတော့ တစ်ပတ် ၂ ရက်တက်ရသည်။ မေမေက အမြဲတမ်း လိုက်ပို့သည်။ ပထမတော့ အကသင်တန်းတွင် ဟင်နရီစိတ်ညစ်ရသည်။ ခြေလှမ်းတွေ ရှေ့တိုး နောက်ငင်လုပ်ရတာ၊ ကောင်မလေးတွေကို ဦးညွှတ်ရတာ၊ ပြုံးပြရတာတွေအတွက် စိတ်ကမသက်သာ။ ဆရာမက စန္ဒရားတီးသွားနှင့် အတူ လက်ခုပ်တီးစီးလိုက်ပြီး ခြေလှမ်းတွေမှန်အောင် ပြင်ပေးသည်။

ဒီဇင်ဘာလထဲရောက်တော့ ဟင်နရီ တော်တော်ဟုတ်လာသည်။ ခရစ္စမတ်မှာ မေမေက အိမ်တွင်ကပွဲကြီး ကျင်းပပေးသည်။ ပါပါတလည်း သူ့ ထမင်းချက်တွေ၊ အိမ်ဖော်တွေ လွှတ်ပေး၏။

ကျောင်းက သူငယ်ချင်းတွေ၊ သူငယ်ချင်းမိဘတွေ အကုန်ဖိတ်သည်။ အကသင် ဆရာမ၏ ကြီးကြပ်မှုဖြင့် ယောကျ်ားကလေးများနှင့် မိန်းကလေးများ တွဲကကြရ၏။ စားသောက်ချိန်ရောက်သည်နှင့် ကျောင်းသူ ကျောင်းသား တစ်သိုက်၊ ငှက်အုပ်ကြီး ထပျံသွားသည့်အလား ထမင်းစားခန်းဆီ ပြေးသွားကြသည်။

စားသောက်ပြီးတော့ ကောင်လေးတွေက ဝရံတာတွင် စစ်တိုက်တမ်းကစားကြ၏။ ကောင်မလေးတွေ ပွဲကြည့်ပရိတ်သတ်ဖြစ်သွား၏၊ ပွဲသိမ်းပြီးတော့ မြို့စားကတော်ကလေးက ဟင်နရီ့ကို မေးသည်။

"သား ပျော်ရဲ့လားဟင်"

"အရမ်းပျော်တယ် မေမေ၊ နောက်နှစ်လဲ လုပ်မယ်နော်"

"မေမေ လုပ်ပေးမှာပေါ့ သားရဲ့"

နောက်တစ်နေ့မနက်တွင် ဟင်နရီအိပ်ရာမှ မထနိုင်တော့ပေ။

*

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ခေါင်းကိုက်တယ် ဟုတ်လား၊ ခေါင်းကိုက်တာလောက်များ"

ဆရာဝန်က လေးထောင့်မုတ်ဆိတ်မွေးကြီးအောက်မှ သွားတွေ အဖွေးသားပေါ်အောင် ရယ်ရယ်မောမောပြော၏။ လက်ကောက်ဝတ် သွေးစမ်း၊ အာခေါင် ဟနိုင်းကြည့်၊ ခြေတွေလက်တွေ ခေါက်ကြည့်၊ ရင်ဘတ်ကို နားထောင်ကြည့်၊ ပြီးတော့ မြို့စားကတော်ကလေးဘက် လှည့်ပြီး ဘာမျှ စိုးရိမ်စရာမရှိကြောင်းပြောသည်။ သို့သော် နည်းနည်းဆန်းဘာကလေးများတွေ့ရကြောင်း၊ ဒီညနေပဲ သူငယ်ချင်းဆရာဝန် တစ်ယောက်ကို ခေါ်လာပြီး တိုင်ပင်လိုကြောင်း ပြောသည်။

"မြို့စားကတော်လေး ဘာမှ မစိုးရိမ်ပါနဲ့နော်။ ကျွန်တော် တစ်ယောက်တည်း မဆုံးဖြတ်ချင်လို့ပါ"

နောက်ဆရာဝန်ကလည်း သူ့လို နှုတ်ခမ်းမွေးလေးထောင့်နှင့်ပင်။ ပထမဆရာဝန်စမ်းသည့်အတိုင်း သူကလည်း ထပ်စမ်းသည်။ ပြီးတော့ နဖူးရေတွေ တွန့်သွားသည်။

ဆရာဝန်နှစ်ယောက် တီးတိုးတိုင်ပင်ပြီး ကလေးအမေကို ရှင်းပြသည်။

"ကလေးက တော်တော် သွေးအားနည်းနေတယ်။ ဒါပေမဲ့ စိုးရိမ်စရာမရှိပါဘူး။ အေမီလိုင်း ရေပူစမ်းမှာသွားပြီး ရေစိမ်လိုက်ရင် ကောင်းသွားမှာပါ" ဟု အကြံပေးပြီး ပြန်သွားကြသည်။

အိမ်နီးနားချင်း ဆရာဝန်ကြီးဒေါက်တာပရောက်စ်ကတော့

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျွန်တော် ဘာမှန်းမသိဘူး။ ဘယ်သူမှလည်း သိမယ်မထင်ဘူး"

ဟင်နရီ နေမကောင်းကြောင်းကြားသဖြင့် သူဝင်လာခြင်းဖြစ်သည်။ သူလည်း နာမည်ကျော် ဆရာဝန်ကြီးတစ်ယောက်ပင်။

"ဒီလို ဖျားပုံတော့ ကျွန်တော်သိပ်မကြိုက်ဘူး။ နားမလည်နိုင်အောင်ပဲ"

ဟင်နရီ့လက်ကလေးကို စောင်ချုံထဲ ပြန်ထည့်ပေးပြီး

"ကဲ . . သားအိပ်လိုက်၊ အိပ်တာဟာ အကောင်းဆုံးဆေးပဲကွယ့်"

မြို့စားကတော်လေးဘက် လှည့်ပြီး

"ကောင်းပါတယ်၊ သူတို့ပြောတဲ့ ရေပူစမ်းကို သွားတာမမှားနိုင်ပါဘူး။ သွေးအားနည်းတယ်ဆိုတာလဲ ဟုတ်ချင်ဟုတ်မှာပေါ့"

သားကလေးသတင်းကြားတော့ မြို့စားကြီးရောက်လာသည်။

"သား မြန်မြန်နေကောင်းအောင်လုပ်နော်။ ဆောင်းတွင်းရောက်တာနဲ့ လော်ရီကို သားလိုက်ရမှာ မမေ့နဲ့ သိလား။ ရော့ . . သားနေကောင်းရင်ဖတ်ဖို့ သိမ်းငှက်မွေးမြူနည်းစာအုပ် ပါပါ ယူလာတယ်"

ဖွန်တိန်မှ ကျောင်းအုပ်ဘုန်းတော်ကြီးလည်း ရောက်လာပြီး ဆုမွန်ကောင်းတောင်းပေးသည်။ သွေးသောက်ရဲဘော်မောရစ်လည်း လာ၏။ တိုးတိုး ကပ်ပြောသွားသည်။ "ကနေဒါသွားဖို့ မင်းမမေ့နဲ့နော်"

*

အေမီလိုင်း ဂရင်းဟိုတယ်မှာ ဧည့်သည်မရှိသလောက်ရှင်းနေ၏။ နှင်းတွေဖွေးနေသည့် "ပိုင်ရင်း" တောင်တန်းများကို ဟင်နရီ အခန်းထဲမှ လှမ်းမြင်နေရ၏။ နာမည်ကျော်ရေပူစမ်းမှာ ကြေကွဲဆွေးမြည့်နေသည့် အသွင်ကို ဆောင်နေ၏။ ဝေဒနာသည်များက သူတို့ ပူဆွေးသောကတွေ အားလုံး သူ့ဆီမှာ ထားခဲ့ပြီး ပြန်သွားကြသည့်အလား . . ။

တစ်နေ့တွင် ရွှေရောင်လင်းနေသည့် ထမင်းစားခန်းသို့ မေမေနှင့်အတူ ထွက်စားဖြစ်သည်။ ညစာစားအပြီးတွင် က သူများလည်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် သူတို့အားလုံး ရောဂါသည်များဖြစ်၍ ဘယ်သူမျှ ကောင်းကောင်း မကနိုင်ကြပါ။

ဆရာဝန်များက ဟင်နရီကို စစ်ဆေးကုသပေးကြပါ၏။ ပါရီ ဆရာဝန်များလိုပင် ပါးကလေးပုတ်ကာ၊ ပုတ်ကာဖြင့် အားပေးကြပါ၏။ သို့သော် သူတို့ မျက်နှာမှ ဇဝေဇဝါ အမူအရာများကိုမူ ဖုံးထားနိုင်ခြင်း မရှိကြပေ။ ပြီးတော့ ကလေးအမေနှင့် အကြာကြီးဆွေးနွေးကြ၏။ မြို့စား ကတော်လေး၏ မျက်နှာမှာ တစ်နေ့တခြားဖြူရော်လာသည်။

တစ်နေ့တွင် ယူပစ်လိုက်သလို ဟင်နရီနေကောင်းလာသည်။ လုံး၀ အဖျားကျသွား၏။ ဆရာဝန်တွေ ခုမှ ပြုံးနိုင်ရယ်နိုင် ဖြစ်လာကြ သည်၊ ရေပူစမ်း၏အစွမ်းကိုလည်း ပိုယုံလာကြ၏။

အီစတာပွဲတော်အပြီးတွင် ပါရီပြန်ဖို့ ပြင်ဆင်ထားကြသည်။

"သား နှစ်ဆကြိုးစားရမယ်၊ ဒါမှ သူများတွေကို မီမှာ"

မောရစ်ဆီသို့ အားမာန်အပြည့်ဖြင့် စာတွေရေးသည်။ နေ ကောင်းလာသည်နှင့် လောကသည် နေချင့်စဖွယ်ပြန်ဖြစ်လာ၏။ နီးစ် တစ်ခြေမြို့ကလေးသို့ အနားယူဖို့ ထွက်ခဲ့ကြသည်။ ဟိုတယ်တစ်ဝိုက် တွင် ဝန်းပေါင်းစုံပွင့်ကာ မွှေးမြနေ၏။ နေရောင်ခြည်က ရွှန်းပနေကာ သစ်ပင်များပေါ်တွင် ကျေးငှက်သာရကာတို့၏ တေးသံမျိုးစုံဖြင့် ချမ်းမြေ့ ကြည်နူးဖွယ်အတိ။

နံနက် ၁၀ နာရီ ထိုးသည်နှင့် ငှားထားသည့် ကျူရှင်ဆရာ ရောက်လာသည်။ စာသင်ပြီး ဆရာနှင့်အတူ နေ့လည်စာစားသည်။ ညနေပိုင်းတွင် သားအမိနှစ်ယောက် ရှုခင်းတွေ လျှောက်ကြည့်ကြသည်။ ဟိုတယ်ပြန်ရောက်လျှင် ဟင်နရီက* ရှုခင်းပုံတွေရေးသည်။

အဖျားက ဖြုန်းစားကြီးဆိုင်းမဆင့်ဗုံမပါ ပြန်ဝင်လာသည်။ ဟင်နရီ အိပ်ရာထဲပြန်လဲပြန်၏။ သည်ဆရာဝန်ကတော့ ရယ်စရာ မော စရာမပြော၊ ခပ်တည်တည်။ ရှေးရှေးက ဆရာဝန်များလိုပင် အခြား ဆရာဝန်တစ်ဦးနှင့် တိုင်ပင်ပါရစေဟု ဆိုလာပြန်၏။

ဆရာဝန်နှစ်ယောက်ခေါင်းချင်းရိုက်ကြပြန်သည်။ သဘာဝ အလျောက်ဖြစ်လာသည့် သွေးအားနည်းရောဂါတဲ့။ ရုံဖန်ရုံခါ အဖျား တက်နေမည်ဟု ရှင်းပြ၏။ စိုးရိမ်စရာမရှိသော်လည်း အမြဲသတိထား

လောထရက်၏ အစောပိုင်း ရေဆေးရှုခင်းပန်းချီကားများကို ပုံနှိပ်ထုတ်ဝေပြီးသည့်အခါ နာမည်ကျော်ကားများ ဖြစ်လာသည်။



နေရမည့်ရောဂါဟု ဆို၏။ သူတို့ကလည်း ရေပူစမ်းတွင် ရေချိုးဖို့ပင် သွန်း၏။ သူတို့ညွှန်းသည့် ရေပူစမ်းက ဘားရက်ချ်။

သားအမိနှစ်ယောက် ဘားရက်ချ်သို့ ထွက်ခဲ့ကြပြန်၏။ ထုံးစံ အတိုင်း ရောက်ပြီးမကြာခင် ဟင်နရီသက်သာလာပြန်၏။ ဟိုတယ်ပန်းခြံ ထဲ ဆင်းလျှောက်နိုင်လာသည်။ အမေနှင့်အတူ တီးဝိုင်းတွေ၊ ကပွဲတွေ သိုက်နိုင်လာသည်။ ထို့နောက် အိပ်ရာထဲသို့ တလဲလဲရောက်ရပြန်၏။ ကျောင်းပြန်တက်ဖို့ သူငယ်ချင်းတွေကို အမီလိုက်ဖို့ ဟင်နရီ လက်လျှော့ လိုက်ရပြီ။

"ပလွန်ဗီယဲ ရေပူစမ်းကတော့ အတော့်ကို စွမ်းတယ်လို့ ပြော ကြတယ် မြို့စားကတော်" ဟု ဆရာဝန်များက ထောက်ခံပြန်၏။

ပလွန်ဗီယဲသို့ ထွက်ခဲ့ကြပြန်၏။ ထိုမှတစ်ဖန် အေမီယဲ ရေပူ စမ်း။ နောက်လအနည်းငယ်ကြာတော့ ဂူယွန်။ နောက် နီးစ်ကိုပြန်လာ။ နောက်ဆုံး အေမီလိုင်းသို့ တစ်ခေါက်ပြန်ရောက်။ နောက် ပြင်သစ် ဘစ်ခွင်မှ ရှိသမျှရေပူစမ်းတွေဆီသို့ အနှံ့ရောက်သည်။ သို့သော် အကြောင်းမထူး။ ဘဝသည် ဦးတည်ရာမဲ့သလို ဖြစ်လာ၏။

ဟိုတယ်မန်နေဂျာတွေ၊ အဖြေမရှာနိုင်သည့် ဆရာဝန်တွေ၊ ဘုံမခြားနားဟိုတယ်ခန်းတွေ။ သည် သံသရာတွင် လည်နေခဲ့သည်မှာ ဘစ်နှစ်ကျော်သွားပြီ။

တစ်နှစ်ပြီးတော့ နောက်တစ်နှစ်။

မိုးကုပ်စက်ဝိုင်းထဲတွင် တဖြည်းဖြည်းပျောက်ကွယ်သွားသည့် သင်္ဘောတစ်စင်းလို ဖွန်တိန်ကျောင်းကြီးသည်လည်း အတိတ်တွင် ဝေဝါး ကာ ကျန်ရစ်ခဲ့ပြီ။ ပြီးတော့ မာလာရှက်လမ်းပေါ်မှ တိုက်ခန်းကြီး၊ ကော် သောနီခင်းထားသည့် လှေကားထစ်များ။ အားလုံး ဟိုးအဝေးကြီးတွင် ကျန် နေခဲ့ပြီ။

တကယ့်ဘဝတွင် ကြုံတွေ့နေရသည်က ပြဒါးတိုင်၊ ဝေဒနာနှင့် ဆေးပုလင်းများ။ ပြီးတော့ နားထဲတွင် ကြားနေရသည့် ဆူဆူညံညံ အသံဗလံများ၊ ပြီးတော့ နွမ်းလျလျ၊ ဖြူဖျော့ဖျော့ မေမေ့မျက်နှာ။ မောရစ်ထံမှစာများလည်း မလာတော့။

နောက်ဆုံးတွင် သွားစရာရေပူစမ်းမကျန်တော့သည့် တစ်နေ့ ညို့ ရောက်လာခဲ့သည်။ ပြစရာဆရာဝန်လည်း ကုန်သလောက်ရှိပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပါရီမှထွက်လာခဲ့သည်မှာလည်း နှစ်နှစ်ပြည့်ခဲ့ပြီ။ သည်တော့မှ အာလ်ဘီ ရဲတိုက်ကြီးရှိရာသို့ သားအမိနှစ်ယောက် ပြန်လာခဲ့ကြ၏။

*

အာလ်ဘီရဲတိုက်ကြီးမှာ ပြောင်းလဲခြင်းနိယာမတရားကို အံတုနေသည် ထင်ရ၏။ မုခ်ဝနှင့် မျှော်စင်ကြီးတွေ အားလုံးယခင်အတိုင်းပင်။ ရွှေ ဘောင်အတွင်းမှ တူလုစ်လောထရက် မြို့စားပေါင်းများစွာ၏ ပုံတူကား ကြီးများသည်လည်း သူ့နေရာနှင့်သူ။

ခဲ့တိုက်ဝန်ထမ်းအားလုံးလည်း ဘာမျှအပြောင်းအလဲမရှိ။ ဘန်ဘီတစ်ယောက်သာ ဆံပင်အတုတပ်ထားသဖြင့် ပိုငယ်နေသလို ထင်ရ၏၊ ပန်းခြံထဲတွင်လည်း လိပ်ပြာကလေးများ ပျံမြူးနေဆဲပင်။ ဟန်နရီ၏ မြင်းကလေး "တန်ဘွာ" သည်လည်း မြင်းစောင်းထဲတွင် အသင့် စောင့်လျက်ပင်၊

သို့သော် ဟင်နရီမြင်းမစီးနိုင်တော့ပါ။ အရမ်းပင်ပန်းနွမ်းနယ် နေရှာသည်၊ လိပ်ပြာကလေးတွေနောက်ကိုလည်း မလိုက်နိုင်။ တူတူ ဝှန်းတမ်းလည်း မကစားနိုင်ရှာတော့ပါ။ ပုံပင် မဆွဲနိုင်တော့။ ခဲတံတစ် ချောင်း၏ အလေးချိန်သည် သူ့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေခဲ့ချေပြီ။ အိပ်ခန်းမှ လေသာဆောင်သို့ ထွက်လျှင် မေမေနှင့် ဂျိုးဇက်တို့က တွဲပို့ ပေးရ၏။

ဇွန်လထဲရောက်တော့ ဟင်နရီသက်သာလာသည်။ ဘိုးဘိုး ရှိရာ စီလေရန် ရဲတိုက်ကြီးသို့ ပျော်ပျော်ပါးပါးထွက်ခဲ့ကြ၏။ တစ်လမ်းလုံး အင်းနက်နှင့် စကားတွေ ဖောင်ဖွဲ့လာ၏။ အင်းနက်ကို သီချင်းဆိုခိုင်း သေးသည်။ ဂျိုးဇက်က နှင်တံကို ဝေ့ကာဝေ့ကာဖြင့် တပျော်တပါး ရထားမောင်းနေ၏။ လမ်းဘေးတစ်ဖက်တစ်ချက်မှ လယ်ကွင်းများသည် ခုမှသုတ်ထားသည့် အစိမ်းရောင် စုတ်ချက်များလို လန်းဆန်းနေ၏။

ထုံးစံအတိုင်း ဘိုးဘိုးက ပဝါဖြူကို ဝေ့ယမ်းကြိုဆိုနေ၏။ ဘိုးဘိုး တော်တော်ကျသွားသည်။ ဝတ်ထားသည့် ဘရိုကိတ်ဝတ်ရုံကြီးက သူနှင့် မတော်တော့သလို အဆမတန်ကြီးနေ၏။ ပြေးဆင်းလာပြီး သမီးနှင့်မြေး အား ပြုံးပြဖို့ ကြိုးစားသော်လည်း ငိုမဲ့မဲ့ဖြစ်နေ၏။ အသံတွေ အက်နေ ၏။

နောက်နေ့မနက်စောစော ဟင်နရီ့အခန်းသို့ ခါတိုင်းလိုပင် ဘိုးဘိုးရောက်လာသည်။



"သားလေး ဒီနေ့မနက် ဘယ်လိုနေလဲ။ ညက ကောင်းကောင်း အိပ်ရရဲ့လား"

"နေကောင်းပါတယ် ဘိုးဘိုး၊ ဒီမနက် ဝိုင်စက်ရုံကို သွားကြည့် ကြမလားဟင် ဘိုးဘိုး"

"သား သွားချင်သွားကြတာပေါ့။ ဒီမှာ သားလုပ်ချင်တာ အကုန် လုပ်လို့ရတယ်။ သားရဲ့ ပုံကြမ်းစာအုပ်ပါ ယူခဲ့ပေါ့"

ဘိုးဘိုးက ဟင်နရီ့လက်ကို တင်းတင်းဆုပ်ပြီး

"သား ကောင်းကောင်းနေကောင်းပြီနော်။ သား နေကောင်း ရမယ်၊ သားနေကောင်းမှဖြစ်မယ်"

ဘိုးဘိုးအသံက တစ်ဆို့ဆို့ဖြစ်ကာ ရပ်သွားသည်။ မြေးကလေး ကိုကြည့်ပြီး အဘိုးလုပ်သူ မချိတင်ကဲဖြစ်နေ၏။ သူဘယ်လိုမှ ကျန်းမာ လာနိုင်မည်မထင်တော့ပါ။ ကြည့်ပါဦး၊ မျက်နှာကလေးက ဖယောင်းရုပ် ကလေးအတိုင်းပဲ။ လက်ကောက်ဝတ်ကလည်း သေးသေးကလေး။ မျက် သုံးပြူးပြူးကြီးတွေက အဖျားရှိန်ကြောင့် နီရဲလျက်။ သိပ်မြင့်မြတ်သည့် မြေးကလေး။ သူ့အဖြစ်က ဆိုးရွားလှပါကလား။ မိသားစုဆရာဝန် ကေားကို ဘိုးဘိုးမြို့စားကြီး ပြန်ယည်ကြားယောင်လာသည်။

"ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ သူတို့နှစ်ယောက်ကို ပေးစားပါနဲ့။ မြို့စားကြီးသမီး အာဒေလီနဲ့ အယ်လ်ဖောင့်စ်ဟာ မောင်နှမ တစ်ဝမ်းပဲ ကွဲပါတယ်"

သို့သော် မြို့စားကြီးတူလုစ်ကို ဘယ်လိုမှ ပြောလို့ရမည်မဟုတ်။ သူ့အတွက် မြေးတစ်ယောက် အမြန်လိုနေပြီ။ တူလုစ်လောထရက်မျိုး ဆက်သွေး အားကောင်းမောင်းသန်ယောကျ်ားလေး လိုနေခြင်းဖြစ်၏။

"သားနေကောင်းပါတယ် ဘိုးဘိုးရယ် မငိုပါနဲ့။ သားတကယ် ကောင်းနေပါပြီ"

ခပ်ယဲ့ယဲ့အသံကြောင့် အဘိုးအို အတွေးမှ လန့်နိုးလာ၏။ ကြိုးစားပြီး ပြုံးပြလိုက်သည်။

"အေး . . ဟုတ်တယ်၊ သားနေကောင်းလာမှာပါ။ ဘိုးဘိုးနဲ့ အတူ မကြာခင် မြင်းပြန်စီးနိုင်မှာပါကွာ"

မြေးကလေးကို ခပ်သွက်သွက်ငုံ့နမ်းပြီး ဘိုးဘိုးအခန်းထဲမှ ထွက်သွားသည်။

စီးလေရန် ရဲတိုက်ကြီးတွင် ဘိုးဘိုးနှင့်ခဏသာနေပြီး ပြန်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ဟင်နရီ့အခြေအနေက ပိုဆိုးလာသည်။ အာလ်ဘီကိုပြန်လာတော့ မအေ့ရင်ခွင်ထဲတွင် ခွေခွေကလေးဖြစ်နေ၏။ တစ်ခေါင်းလုံး မှူးယစ်ရီဝေနေ၏။ ရံခါတွင် မျက်စိဖွင့်ကြည့်ပြီး လမ်းဘေးတစ်ဘက်တစ်ချက်တွင် ပွင့်နေသည့် ချယ်ရီပန်းတွေကို လက်ညှိုးထိုးပြသည်။

မျက်နှာချင်းဆိုင်ခုံတွင် အင်းနက်အိပ်လိုက်လာ၏။ ဟိုအဝေးတွင် သူတို့ရဲ့တိုက်ကြီးကို လှမ်းမြင်ချိန်တွင် နေဝင်တော့မည်။

*

နောက် သုံးရက်အကြာတွင် ကံဆိုးမိုးမှောင်နေသော ဟင်နရီ့ဘဝထဲကို မုန်တိုင်းဝင်တိုက်ပြန်၏။ စာကြည့်ခန်းထဲတွင် လဲကျသွားပြီး ဟင်နရီ ပြန်မထနိုင်တော့၊

ခြေတစ်ဖက်ကျိုးသွားပြီဟု ဆရာဝန်က အတည်ပြုသည်။

"စိတ်မပူပါနဲ့ မြို့စားကတော်လေး၊ တစ်လဆို အရိုးပြန်ဆက်သွားမှာပါ"

တစ်လကြာသည့်အခါ မဆက်တော့ ဆရာဝန်က အရိုးအထူးကုနှင့် ပြဖို့ပြောလာသည်။ သိပ်အားနည်းနေလို့ ပြန်မဆက်ခြင်း ဖြစ်နိုင်ကြောင်းလည်း ရှင်းပြ၏။ ဘားရက်ချ်တွင် အရိုးအထူးကုဆရာဝန်များ ရှိကြောင်းဖြင့် သွားဖို့တိုက်တွန်းသည်။ သူပြောသည့်အတိုင်း ဘားရက်ချ်တွင် အထူးကုဆရာဝန်နှင့် ဆက်ကုတော့ သက်သာ၏။ ၂ လအတွင်း အရိုးဆက်သွားပြီး အိပ်ရာထဲမှ ထနိုင်၏။

တနင်္ဂနွေနေ့ ညနေပိုင်းတွင် ပန်းပွဲတော်နေ့ဖြစ်၍ ပန်းမျိုးစုံ ပွေ့ပိုက်လျက် မြို့သူမြို့သားတွေ စီတန်းလှည့်လည်လာကြ၏။ မြူနီစီပါယ် သံစုံတီးဝိုင်းကြီးဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်။ ချိုင်းထောက်ကလေးကို အားပြုပြီး ဟင်နရီထွက်ကြည့်သည်။ ပဲစေ့သာသာမျှရှိသည့် ခဲလုံးကလေးပေါ်ကို ဟင်နရီ၏ချိုင်းထောက်ထိပ်မှ ရော်ဘာအစွပ်ကလေးက သွားထောက်မိသည်။ တစ်ချက်ထဲ ယိုင်ပြီး လဲကျသွားတော့၏။

"မေမေ"

ကြောက်အားလန့်အားဖြင့် အသားကုန်အော်လိုက်၏။ သည်တစ်ခါ ခြေထောက်နှစ်ဖက်စလုံး ကျိုးသွားလေပြီ။

သတိမရတစ်ချက်၊ ရတစ်ချက်ဖြင့် နေ့တွေ ညတွေကို ဖြတ်သန်းရပြန်၏။ နာကျင်ခြင်း၊ ကိုက်ခဲခြင်းကြားမှ မေမေ့ ပြုံးမျက်နှာကို တစ်ခါတစ်ခါမြင်ရ၏။



နာကျင်ကိုက်ခဲခြင်း ဝေဒနာကို ကြာရှည်စွာခံစားလာရသည့်အခါ ထုံထိုင်းလာ၏။ ဆရာဝန်များ၏ မျက်နှာပေါ်တွင် အပြုံးကို မမြင်ရတော့။ သူတို့နှင့်အတူ မေ့ဆေးနံ့ပါလာ၏။ ခွဲစိတ်ကိရိယာများ၏ အသံဗလံတွေ ပါလာ၏။

နာလွန်းလို့ အော်ရဖန်များလာသည့်အခါ အော်ဖို့ပင် အင်အားမကျန်တော့။ နောက်ဆုံး သူ့နှုတ်ခမ်းကလေးများ လှုပ်သည်ဆိုရုံမျှသာ လှုပ်နိုင်တော့၏။

လေးကြိမ်ခွဲပြီးတော့ အရိုးအထူးကုဆရာဝန်ကြီးများက မြို့စားကတော်လေးကို ဟင်နရီ၏ အရိုးထဲတွင် ထုံးဓာတ်နှင့် အခြားသတ္တုဓာတ်တွေ အလွန်အမင်းနည်းနေသဖြင့် သူတို့လုပ်ငန်း ထင်တိုင်းမပေါက်ခြင်း ဖြစ်ကြောင်း ရှင်းပြကြသည်။

"သူ့အရိုးတွေ အားကောင်းလာအောင် ရှိရန်ရေပူစမ်းကို သွားဖို့ ကျွန်တော်တို့ အကြံပေးပါရစေ။ ကန့်ဓာတ်ပါတဲ့ သဘာဝ ရေပူစမ်းဟာ သူ့အရိုးတွေကို အများကြီး အကျိုးပြုပါလိမ့်မယ်"

စိတ်ပျက်စရာခရီးကို ထွက်ခဲ့ရပြန်ပြီ။ ရောက်ပြီးသား ရေပူစမ်းတွေရော၊ မရောက်ဖူးသေးသည့် နေရာများသို့ပါ အနှံ့အပြား လျှောက်သွားကြ၏။ ခြေထောက်နှစ်ဖက်စလုံး ကျောက်ပတ်တီးစီးထားသဖြင့် ခရီး သွားရသည်မှာ ပင်ပန်းဆင်းရဲလှ၏။

ထမ်းစင်တစ်ခုပြီးတစ်ခု၊ ဝတ်စုံဖြူနှင့်ဆရာမများ၊ သူနာပြုယာဉ်များ၊ ဟိုတယ်ဝန်ထမ်းများ၊ အထူးတန်းရထားတွဲများ၊ ဟိုတယ်ခန်းကြီးများ၊ သည်သံသရာတွင် လည်နေရသော်လည်း နာကျင်မှုက မသက်သာ။

ဆရာဝန်များက ထင်မြင်ချက်အမျိုးမျိုးပေးကြ၏။ ပြန်ချိုးပြီး ပြန်ဆက်မည်တကဲကဲလုပ်သူများလည်းပါ၏။ ဤသို့ဖြင့် သုံးလကြာသွားပြီးနောက်တွင် Electrotharapy ကုထုံး၏ အစွမ်းသတ္တိကို ယုံကြည်သူများပေါ်လာ၏။ အချို့က အကြောပြင်ဆရာများနှင့် ပြကြည့်ဖို့ အာသီသရှိကြ၏။ ထုံးဓာတ်ပါသည့်ရေတွင်စိမ်ပြီး ဟင်နရီ၏ ကြွက်သားများကို နှိပ်နယ်ပေးကြ၏။ သို့သော် အကြောင်းမထူး။

ထိုအခါ အထူးကုတို့က နောက်တစ်မျိုး၊ နောက်တစ်မျိုးပြီး နောက်တစ်မျိုး အကြံပေးကြပြန်၏။ မြို့စားကတော်လေးက သားကလေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆရာဝန်တွေ ပြောသမျှ လိုက်လုပ်သည်။ တစ်ခုမျှ ရောဂါနှင့် မဟပ်စပ်။

ဤသို့ဖြင့် ဟင်နရီ့ဆီသို့ ဆရာဝန်တွေ တဖြည်းဖြည်းအလာကျဲသွားသည်။ တစ်ပြိုင်တည်းတွင် ဟင်နရီသည် ရောဂါနှင့် ရင်းနှီးလာ၏။ ဝေဒနာကို ခံနိုင်ရည် ရှိစပြုလာ၏။

တစ်နှစ်ထပ်ကြာသွားသည်။ ကျောက်ပတ်တီးစီးထားသည့် ခြေထောက်နှစ်ဘက်ကို အိပ်ရာပေါ်တွင် ဆန့်တန်းကာ ပြတင်းပေါက်မှ မြင်ကွင်းကို နေ့စဉ် ငေးကြည့်နေရသည့် ဘဝ။ သူ့တွင် ဘာမှမရှိတော့။ မုန့်ဘိန်းမရှိတော့၊ ကနေဒါမုဆိုးဘဝ မရှိတော့။ မေမေတစ်ယောက်က လွဲပြီး ဘာဆိုဘာမျှ မရှိတော့။

သည်လိုနှင့် ဟင်နရီ (၁၄) နှစ် ပြည့်ခဲ့လေသည်။

ဝေဒနာကြောင့် မျက်နှာကလေးမှာ ဖယောင်းရုပ်နှင့် ပိုတူလာ၏၊ ပါးရိုး ထွက်လာခဲ့သည်မှာ ၅ နှစ်ရှိခဲ့ပြီ။ ဟင်နရီ၏ ကြီးထွားမှုအားလုံး ရပ်တန့်သွားခဲ့သည်။

မျက်နှာက ဖွံ့တိန်ကျောင်းသားကလေး၏မျက်နှာအတိုင်းပင် ရှိနေဆဲ၊ မအေလုပ်သူက သူ့ရင်အုပ်ကလေးနှင့် လက်မောင်းကလေးများကို ငေးကြည့်နေတတ်၏။ တစ်သက်လုံး ဒီအတိုင်းဖြစ်နေတော့မှာလား သားရယ်။

*

နီးစ်သို့ရောက်နေချိန်တွင် မယုံကြည်နိုင်စရာအဖြစ်နှင့် ကြုံရသည်။ ဂရင်းဟိုတယ်တွင်ပင် သူတို့တည်းနေကြသည်။ ပန်းခြံထဲမှ ရင်းနှီးပြီးသား ပန်းရနံ့သည် ဟင်နရီ့အိပ်ရာထဲတွင် မွှေးပျံ့နေလေသည်။

"မေမေ . . မေမေ၊ ညက သားခြေထောက်လုံးဝမနာဘူး။ ခုလဲ မနာတော့ဘူး၊ အဖျားလဲ ကျသွားပြီမေမေ"

"ဟုတ်လား၊ သားက ဆရာဝန်မှမဟုတ်တာ၊ တိုင်းမကြည့်ဘဲ ဘယ်လိုလုပ်သိမလဲ"

"မေမေ မယုံရင်ကြည့်"

ပြဒါးတိုင်ကိုဖတ်တော့ မြို့စားကတော်လေး ရင်တွေတဒိတ်ဒိတ်ခုန်နေသည်။ ဟုတ်တယ်၊ သားကလေးအဖျားကျသွားပြီ။ နှစ်နှစ်အတွင်း ပထမဆုံးအဖျားကျသွားခြင်းဖြစ်သည်။

စိတ်ကိုငြိမ်အောင်ထားပြီး ပြောလိုက်သည်။

"ဒီတစ်ညလောက်တော့ စောင့်ကြည့်ရမယ် သားရဲ့၊ မနက်စားတော့မလား ဟင်"

ထိုညတွင် ဟင်နရီ အဖျားမတက်။ နောက်ဇာနေ့မနက်တွင် သူ့မျက်လုံးတွေကြည်လာသည်။ မျက်နှာကလေး အေးနေ၏။ မအေဝင်လာတော့ အပြုံးဖြင့် ဆီးကြိုနေသည်။ နောက်နေ့တွင် ဆရာဝန်ရောက်လာပြီး နားမလည်နိုင်သည့်အမှုအရာကို ဖုံးကွယ်ရင်း

"အင်း . . သိသိသာသာ သက်သာသွားပါပြီ"

ဟင်နရီတစ်နေ့တခြား နေကောင်းလာသည်။ အရိုးတွေ အားသုံးဆက်သွားပုံရ၏။ လကုန်လျှင် ကျောက်ပတ်တီးဖြေတော့မည်ဟု ဆရာဝန်က ပြောပြသည်။ ကျောက်ပတ်တီးဖြေသည့်နေ့တွင် ပထမ ချိုင်းထောက်နှင့် လမ်းလျှောက်ရမည်ဖြစ်ကြောင်း၊ နောင်တွင်လည်း လမ်းလျှောက်တုတ်တစ်ချောင်းကို အသုံးပြုရမည်ထင်ကြောင်း ဆရာဝန်များက ပြောပြသည်။

"လောလောဆယ်တော့ အိပ်လိုက် စားလိုက်လုပ်နေပြီး အားမွေးပေါ့ကွာ" ဟု အကြံပေး၏။ ဆရာဝန်ပြန်သွားတော့ သားအမိ နှစ်ယောက်ဖက်ပြီး ရှိုက်ကြီးတငင်ငိုကြွေးကြသည်။

ဤသို့ဖြင့် နေ့တွေ၊ ရက်တွေ လျင်မြန်စွာ ကုန်နေပြန်၏။ မေမေက စာတွေဖတ်ပြသည်။ သားအမိနှစ်ယောက် အိပ်ရာပေါ်တွင် စစ်တုရင်ထိုးသည်။ သားက ပန်းချီဆွဲချင်သည်ဆိုလျှင် မအေက ပုံစံအမျိုးမျိုးထိုင်ပေးသည်။ ရံခါတွင် မေမေက ကွန်ဗင့်ကျောင်းသူဘဝ အတွေ့အကြုံများကို ဟင်နရီအား ပြန်ပြောပြတတ်သည်။

"မေမေ့မှာ အချစ်ဆုံးသူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူ့နာမည်က အိန်ဂျဲလစ်တဲ့။ ကျောင်းက ထွက်ထွက်ချင်း ရေတပ်ဗိုလ်တစ်ယောက်နဲ့ သူလက်ထပ်သွားတယ်။ သူ့ဆီက သတင်းမကြားရတာတောင် တော်တော်ကြာသွားပြီ"

ပတ်တီးဖြေလိုက်တော့ ဟင်နရီ့ခြေထောက်တွေ လွတ်လပ်သွားသည်။ အသက်ဝင်လှုပ်ရှားလာပြီ။ မေမေ့မျက်နှာတွင် ပြည့်ဝ ကြည်လင်သော အပြုံးများကို ပြန်မြင်ရပြီ။ တဖြည်းဖြည်းနှင့် သူ့ခန္ဓာကိုယ် ပြန်လည်ရှင်သန်ကြီးထွားလာခဲ့၏။ သို့သော် အချိုးညီစွာ ထွားကျိုင်းလာခြင်းမျိုးမဟုတ်။ ခန္ဓာကိုယ်အောက်ပိုင်းက ကြီးထွားမှုနှုန်း လုံးဝရပ်တန့်နေပြီး အပေါ်ပိုင်းကသာ တဖြည်းဖြည်းနှင့် ကြီးကောင်ဝင်လာခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပခုံးတွေ ကျယ်လာသည်။ မျက်နှာပေါ်မှ ကလေးတစ်ယောက်၏ အသွင် ပျောက်သွားသည်။ အသံဩလာသည်။ စင်းနေသည့် နှာတံကလေးမရှိတော့။ နှာခေါင်းပြားပြား၊ နှုတ်ခမ်းထူထူကြီးဖြစ်လာ၏။ မျက်နှာပေါ်မှ ကလာပ်စည်းများ မည်သို့မည်ပုံ ပြောင်းလဲကုန်သည်မသိ။ မျက်လုံးကလည်း မျက်မှန်အထူကြီးတပ်မှ မြင်ရတော့သည်။ မျက်နှာ၊ လက်မောင်းနှင့် ရင်ဘတ်တို့တွင် မွဲခြောက်တွေ ထူလာ၏။ တစ်နှစ်အတွင်း သူ၏ အပေါ်ပိုင်းမှာ ကလေးအရွယ်မှ လူကြီးဘဝသို့ ရုတ်ခြည်းပြောင်းလဲသွားခြင်းဖြစ်လေသည်။ သည်အပြောင်းအလဲကို မြို့စားကတော်လေးသည် မယုံကြည်နိုင်စွာ၊ ထိတ်လန့်အံ့ဩစွာဖြင့် စောင့်ကြည့်နေခဲ့ရ၏။

ကြွက်သားအားနည်းသည့် ရောဂါတစ်မျိုးကြောင့် ကြီးထွားမှုအချိုးမညီဖြစ်သွားကြောင်း ဆရာဝန်များက ရှင်းပြသည်။ သည်ရောဂါမျိုးကို ဆေးသိပ္ပံပညာရပ်က မည်သို့မျှ မတတ်နိုင်ကြောင်းလည်း စိတ်ပျက်လက်ပျက် ပြောကြ၏။

ဘုရား . . ဘုရား၊ သားကလေးသည် မျက်စိမှုန်သော၊ ခြေမသန်သော၊ အရုပ်ဆိုးသော ဒုက္ခိတကလေးဖြစ်နေတော့မှာလား။

သား အိပ်ပျော်နေစဉ် နှုတ်ခမ်းကိုကိုက်ကာ ငုံ့ကြည့်ရင်း မျက်ရည်ကျရပေါင်းလည်းများပြီ။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေလည်း ပေါက်လာ၏။ ရီရီကလေး ဘယ်ရောက်သွားပြီလဲ။ မြို့စားကြီးဆီသို့ အကျိုးအကြောင်း စာရေးလိုက်သည်။ သူချက်ချင်းရောက်လာ၏။ အခန်းဝ ရောက်တော့ တံ့ခနဲရပ်ပြီး တွေနေသည်။

"ပါပါ"

ဟင်နရီက အိပ်ရာပေါ်မှ ဝမ်းသာအားရ အော်ခေါ်လိုက်သည်။

"သား လမ်းလျှောက်နိုင်တော့မယ် ပါပါ။ ဒီမှာကြည့် . . ကျောက်ပတ်တီးတွေ ဖြေလိုက်ပြီ"

ဟင်နရီက စောင်ကိုလှပ်ပြသည်။ မြို့စားကြီး ဘာမှ မကြား။ သူဘယ်သူလဲ။ မျက်မှန်ထူကြီးနှင့်၊ မုတ်ဆိတ်ကျင်စွယ်နှင့် မိမိအား ပြုံးကြည့်နေသည့် ထိုလူသည် သားကလေးဟင်နရီ ဟုတ်ရဲ့လား။ လော ထရက်မျိုးဆက်သွေး၏ ဥပရာဇာတစ်ဦးဖြစ်သော ဟင်နရီကလေး ဘယ်



ရောက်သွားပြီလဲ။ မြို့စားကြီးသည် အိပ်မက်ထဲတွင် လမ်းလျှောက်နေသူတစ်ဦးလို အိပ်ရာဆီသို့ လျှောက်သွားနေ၏။

"ဖြစ်မှ ဖြစ်ရလေသားရယ်"

နောက်ဆုံးတွင် သူ ညည်းညည်းတွားတွားပြောလိုက်သည်။ ပြီးတော့ ချာခနဲလှည့်ကာ အခန်းထဲမှ ထွက်သွားလေတော့သည်။ ကြက်နှိုင်းအတွင်း အိမ်ရှေ့တံခါးမကြီး ဆောင့်ပိတ်သံ ကြားလိုက်ရ၏။ အပြေးအလွှားရောက်လာသောမိခင်ကို ဟင်နရီလှမ်းမေးသည်။

"ဘာဖြစ်လို့ ပါပါ ထွက်ပြေးသွားတာလဲ မေမေ"

"သားရဲ့ပါပါက အမြဲတမ်းအလုပ်များနေတာပဲကွယ်။ မကြာခင်ပြန်လာမှာပါ"

မေမေညာပြောနေမှန်း ဟင်နရီသိပါသည်။ ဖခင်မြို့စားကြီး ပေါ်မလာတော့ပါ။ တစ်နေ့မနက်တွင် ဟင်နရီက မအေ့ကို ပြုန်းစားကြီး မေးခွန်းထုတ်လိုက်သည်။

"သားခြေထောက်တွေ ကြီးမလာတော့ဘူးလား မေမေ"

"သားခြေထောက်တွေ . . ဟုတ်လား။ ကြီးလာမှာပါ သားရဲ့၊ ကျောက်ပတ်တီးအကြာကြီးစီးထားရတော့ ကြွက်သားတွေ အားပြန်ရှိဖို့ အချိန်တော့ ပေးရမှာပေါ့"

မေမေ မျက်နှာပျက်နေသည်။ ထို့ကြောင့် ဟင်နရီ နောက်ထပ် သုံးဝမမေးတော့။ မကြာမီအချိန်အတွင်း လေသာဆောင်ထွက်ပြီး နေပူဆာလှုံခွင့်ရသည်။ ပတ်ဝန်းကျင်မြင်ကွင်းမှာ လွန်ခဲ့သည့် ၆ နှစ်က အတိုင်းပင်။ ကျေးငှက်သာရကာ သစ်ပင်ပန်းမာလာတို့သည် ဟိုတုန်းကအတိုင်း လှပနေဆဲပင်။ သို့သော် ပန်းခြံသည် ပို၍ ရှင်းသန့်စိမ်းလန်းနေ၏။ အကြောင်းမှာ ဟိုတယ်တွင် ဝိတိုရိယဘုရင်မကြီး လာရောက်ဘည်းခိုနေခြင်းကြောင့်ဖြစ်သည်။

"နောက် သုံးပတ်ဆိုရင် သားလမ်းလျှောက်နိုင်တော့မယ်လို့ ဆရာဝန်တွေက ပြောတယ်။ အဝတ်အစားတွေ ကြိုပြီးချုပ်ထားကြရအောင်" ဟု တစ်နေ့တွင် မေမေက ပြောလာသည်။ အပ်ချုပ်ဆရာကို အကျိုးအကြောင်း ကြိုတင်ပြောပြထားသော်လည်း ဟင်နရီ့အခန်းထဲ ဝင်တော့ ရုတ်တရက် အံ့ဩသွားသည့်အမူအရာကို အပ်ချုပ်ဆရာ မဖုံးကွယ်နိုင်ခဲ့ပေ။ သို့သော် ဣန္ဒြေဆည်ပြီး ဟင်နရီ၏ ကိုယ်တိုင်းတွေ ယူသည်။

www.burmeseclassic.com

www.burmeseclassic.com

ရက်အနည်းငယ်အတွင်း လမ်းလျှောက်တုတ်အကူအညီဖြင့် ဟင်နရီစတင်လမ်းလျှောက်သည်။ သားအမိနှစ်ယောက် နီးစ်မြို့တစ်ဝိုက် ရှုခင်းများကို မြင်းရထားဖြင့် လှည့်လည်ကြည့်ရှုကြ၏။ ဟင်နရီအဖို့ ဘဝသည် အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာဘိသို့ရှိ၏။ မျက်မှန်အောက်မှ မျက်လုံးများသည် အပြင်လောက၏ အလှတရားအားလုံးကို လောဘတကြီး လိုက်လံကြည့်ရှုလျက်ရှိ၏။ လှပသည့် ရှုခင်းများကိုမြင်လျှင်

"မေမေ . . ဟိုမှာကြည့်စမ်းပါဦး" ဟု ဝမ်းသာအားရ လှမ်းပြောတတ်၏။ သူ အရမ်းပျော်နေသည်။ သူ့မျက်ဝန်းထဲတွင် မျက်ရည်လည်လာသည်အထိ ပျော်နေ၏။ အမေ့လက်ကို တင်းတင်းဆုပ်သည့်အခါ ဆုပ်သည်။ သူ့ပါးနှင့် ကပ်သည့်အခါ ကပ်ထားသည်။

အီတာလီကမ်းခြေနားအထိ သူတို့ရထားလျှောက်မောင်းကြ၏။

"တစ်နေ့နေ့ကျရင် အီတာလီကိုသွားလည်ရအောင်နော် . . မေမေ" ဟုလည်းပူဆာ၏။

အပြန်တွင် သားအမိနှစ်ယောက် တစ်ယောက်လက်ကိုတစ်ယောက်က တင်းတင်းဆုပ်ပြီး အိမ်ပြန်ဖို့တိုင်ပင်ကြသည်။ ရဲတိုက်ကြီးဆီကိုတော့ ပြန်မသွားချင်ကြတော့။ သတိရစရာ၊ ရင်နာစရာတွေက အပုံအပင်မဟုတ်လား။

"ဆရာဝန်တွေကပြောတယ်ရီရီ . . သားကောင်းကောင်း နေကောင်းသွားပြီတဲ့။ သားပြန်ချင်ရင် ပါရီကိုပြန်လို့ရပြီ"

ဟိုတယ်ပြန်ရောက်တော့ မေမေက ပြောခြင်းဖြစ်သည်။ မေမေ့အသံ တစ်ဆို့ဆို့ဖြစ်နေ၏။ အိပ်ရာပေါ်သို့ မျက်နှာမှောက်ချလိုက်ပြီး ရှိုက်ကြီးတငင် ငိုနေသောမေမေ့ကို ဟင်နရီ ငေးကြည့်နေလေသည်။

# ဆာလောင်နေသည့် အသည်းနှလုံး

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အားလုံးရှင်းသွားပြီ။ ဟင်နရီ ဝိဇ္ဇာဘွဲ့ရရှိခဲ့လေပြီ။

"ကဲ . . မေမေ့အနား လာထိုင်ပါဦး သားရယ်၊ ငယ်ငယ်တုန်းက လိုလေ"

ပြုံးနေသော်လည်း မေမေ့မျက်နှာပေါ်တွင် သောကရိပ်များ ထင်ကျန်နေဆဲ။ ကုလားထိုင်ပေါ်မှထပုံနှင့် ထိပ်တွင်ရာဘာစွပ်တပ်ထားသည့် ကြိမ်လုံးကိုအားပြုပြီး ထော့နင်း ထော့နင်းလျှောက်လာပုံကို အသာကြည့်နေ၏။

"သား ဆရာက မေမေ့ကိုပြောတယ်၊ နောက် ဘွဲ့တစ်ခု ထပ်ယူနိုင်းပါဦးလားတဲ့။ စာအုပ်တွေဟာ သားရဲ့ အကောင်းဆုံးအဖော်တွေ မဟုတ်လား"

မှန်ပါသည်။ စာအုပ်သည် ဟင်နရီ့ဘဝအဖော်မွန်ဖြစ်ပါသည်။ သွေးညီအစ်ကို မောရစ်တို့မိသားစု ပါရီမှာ မရှိကြတော့။ ဘယ်ရောက်သွားမှန်းမသိ။ ဘီးတပ်ကုလားထိုင်ပေါ်မှထပြီး လျှောက်နိုင်ပြီဖြစ်သော်လည်း လူကောင်းတစ်ယောက်လိုကား မဟုတ်တော့ပြီ။ သူ့ခြေထောက်တွေ ပုံမှန်အနေအထားသို့ ပြန်ရောက်နိုင်တော့မည်မဟုတ်ကြောင်း ဟင်နရီသဘောပေါက်လိုက်ပြီ။ နာကျင်ကိုက်ခဲခြင်းဝေဒနာကလည်း လုံးဝပျောက်ကင်းသွားခြင်းမျိုးမဟုတ်။

သို့သော် ဟင်နရီသည် ဝေဒနာကို မကြေညာတော့ပြီ။ ကျိတ်ခံပြီး မေမေ့ကို လုံးဝမပြောတဲထားသည်။ သို့သော် မေမေက သူ့အကြောင်း ချေးခါးအူမမကျန် သိနေကြောင်းလည်း ဟင်နရီ သိနေ၏။

"စာအုပ်ဟာ လူတွေရဲ့ သစ္စာအရှိဆုံး မိတ်ဆွေပဲသားရဲ့။ ပြီးတော့ အဆုံးမရှိတဲ့ ပျော်ရွှင်မှုမျိုးလဲ ပေးနိုင်တယ်"

"သား မဟာဝိဇ္ဇာဘွဲ့ မယူတော့ပါဘူး မေမေ။ စာအုပ်ဟာ တန်ဖိုးအရှိဆုံး မိတ်ဆွေဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ စာသင်ရတာ သားအရမ်းငြီးငွေ့သွားပြီ"

"ဒါဖြင့်လဲ စာရေးပါလားသားရယ်"

"ဘာအကြောင်း ရေးရမှာလဲမေမေ။ စာမရေးခင် ဘဝအကြောင်းထဲထဲဝင်ဝင်သိဖို့ လိုသေးတယ်လေ"

မေမေ မျက်နှာပျက်သွားသည်။

"ဆောရီး မေမေ"

သူခပ်တိုးတိုး တောင်းပန်လိုက်သည်။

www.burmeseclassic.com

## အခန်း (၄)

"ဂုဏ်ယူပါတယ် သားရယ်"

"မေမေ တကယ်ပြောတာလားဟင်"

"ဘာကယ်ပေါ့ ရီရီရဲ့၊ မေမေ အရမ်းပျော်တာပဲ"

ဒီးလင်းဖိုတစ်ဖက်ရှိသားကို မအေလုပ်သူက အကြင်နာမျက်လုံးများနှင့် စိုက်ကြည့်နေသည်။

"ဆုံးရှုံးခဲ့ရတဲ့ အချိန်တွေကို သားဘာမှ မတတ်နိုင်တော့ဘူးလို့ မေမေထင်ခဲ့တာ"

"သား သိပါတယ်မေမေ၊ ဒါကြောင့် တအားဖိကြိုးစားခဲ့တာပေါ့၊ အဲဒီဘွဲ့ကို မေမေ့အတွက် ကျွန်တော်ယူပေးတာပါ။ ကျွန်တော့်အတွက်ဆိုရင် 'ဘွဲ့' ဘာလုပ်ဖို့လဲ"

ပါရီကို ပြန်ရောက်ရောက်ချင်း ဆော်ဘွန်းတက္ကသိုလ်မှ ဘွဲ့တွေတသီကြီးရထားသည့် ဆရာအကျော်အမော်တွေငှားပြီး ဟင်နရီ စာဆက်သင်သည်။ ဧည့်ခန်းထဲတွင် စာအုပ်တွေ တောင်ပုံရာပုံဖြစ်လာ၏။ ရွှေ့ပြောင်းလို့ရသည့် စာအုပ်စင်ပေါ်တွင်လည်း ဘာသာရပ်ပေါင်းစုံ၊ စာအုပ်မျိုးစုံ၊ ဘီးတပ်ကုလားထိုင်လက်တန်းပေါ်တွင် ဧရာမ ပေါ်တင်အဘိဓာန်ကြီး။

www.burmeseclassic.com

"ဒါဆို သား ဘာလုပ်မလဲ၊ သားအချိန်တွေ ဘယ်လိုဖြုန်းမလဲ"

မီးလင်းဖိုထဲကို စိုက်ကြည့်နေရာမှ ဟင်နရီဖြေသည်။

"မသိသေးဘူး မေမေ၊ သား စဉ်းစားချင်သေးတယ်"

သူ့ဆံပင်တွေကို ပွတ်သပ်ပေးရင်း မြို့စားကတော်လေး စဉ်းစားသည်။ ဩော် . . သားကလေးဟာ ဘဝကိုရော၊ အချစ်ကိုပါ မွတ်မွတ်သိပ်သိပ်ဆာလောင်နေရှာတာပါကလား။

"သား ခုတလော ဘုရားရှိခိုးဖြစ်ရဲ့လား"

သူ့မေးရိုးတွေ တင်းသွားသည်။

"နီးစ်မှာ မေမေ ငိုတာတွေ့ပြီးနောက်ပိုင်း သားဘုရား မရှိခိုးတော့ဘူး၊ မေမေဘာကြောင့် ငိုရတာလဲ၊ အပြစ်မရှိတဲ့လူတွေသောကရောက်အောင် ဘယ်သူလုပ်တာလဲ"

ဩော် . . သနားစရာကောင်းလိုက်တဲ့ ရီရီကလေးရယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒုက္ခိတဘဝရောက်နေတဲ့အတွက် သူ့ရင်ထဲမှာ ဆူးတွေပေါက်နေပြီကော။

"မေမေ နားလည်ပါတယ် သားရယ်။ ဘုရားသခင်ရဲ့ မေတ္တာတော်ကို ယုံကြည်ဖို့ခက်သလို ဘုရားသခင်ကို မယုံကြည်တဲ့ဘဝနဲ့ နေဖို့လဲ မလွယ်ဘူး သားရဲ့"

*

သည်နွေတွင် မဲလ်ရှမ်းရဲတိုက်ကြီးတွင် သွားနေကြသည်။ မကြာသေးခင်တာမှ မေမေဝယ်ယူလိုက်သည့် ရဲတိုက်ကြီးဖြစ်၏။ သားကလေး၏ ရင်နာစရာအဖြစ်ဆိုးများနှင့် ဆက်နွယ်နေသည့် အာလ်ဘီရဲတိုက်ကြီးကို သားအမိနှစ်ယောက်စလုံး ပြန်မသွားလိုကြတော့ပေ။

မဲလ်ရှမ်းရဲတိုက်ကြီးမှာလည်း ၁၇ ရာစုရှေးဟောင်း ရဲတိုက်ကြီးပင်ဖြစ်ပါသည်။ သတိရစရာ အတိတ်အပိုင်းအစများ ဘာမျှမရှိ။

ဂျီရွန်ပြည်နယ်တွင်ရှိပြီး ပင်မြင့်ပင်စောက်ကြီးတွေ ဝန်းရံထားသည့် ရဲတိုက်ကြီးဖြစ်၏။ အလှိုင်းလှိုင်းထနေသည့် တောင်ကုန်းများဝန်းရံထားပြီး ရှုမဆုံးတော့သည့် စပျစ်ခင်းတွေရှိသည်။ မေမေတို့ စီလေရန် ရဲတိုက်ကြီး၏ ရှုခင်းများနှင့် ဆင်ဆင်တူသည်။

မဲလ်ရှမ်းရဲတိုက်ကြီးတွင် ဟင်နရီပျော်သည်။ ဧရာမ မုခ်ဝတံခါးကြီးမှ ဆင်ဝင်အောက်အထိခင်းထားသည့် ကျောက်စရစ်လမ်းတစ်ဘက်တစ်ချက်တွင် ဒေလီယာပန်းတွေ ဝေနေ၏။



မြင်းဇောင်းထဲဝင်ပြီး မြင်းတွေကို မုန်လာဥနီကျွေးသည်။ ရေကန်နဘေးတွင်ထိုင်ပြီး ရေကူးနေသည့် ရွှေငါးကလေးတွေကို ကြည့်သည်။ အာလ်ဘီမှ ရောက်လာသည့် 'တန်တို့' ကို ရယ်စရာလုပ်သည်။

နေ့လည်စာစားပြီးလျှင် လေသာခန်းတွင် တရေးမှေးသည်။ အိမ်ကိုလာရောက်လည်ပတ်သည့် ဘုန်းတော်ကြီးတစ်ပါးရှိသည်။ ဆရာဝန်ကြီးတစ်ယောက်ရှိသည်။ သူတို့နှင့် စကားစမြီပြောသည်။ ညနေပိုင်းတွင် ဂျိုးဇက်၏ မြင်းရထားဖြင့် သားအမိနှစ်ယောက် အပြင်ထွက်ကြသည်။ ရုပ်ငြိမ်ရှုခင်းများသည် ဆည်းဆာရောင်တွင် အသက်ဝင်လှုပနေဘတ်သည်။

ပါရီပြန်ရောက်သည့်နေ့တွင် ဟင်နရီက နိဒါန်းမပျိုးဘဲ သူ့ဆုံးဖြတ်ချက်ကို ထုတ်ပြောလိုက်သည်။

"သား ပန်းချီဆရာဖြစ်ချင်တယ်မေမေ"

အသက်ရှူဖို့ တစ်ချက်မေ့သွားပြီး ပြန်မေးသည်။

"ဘာပြောတယ် သား၊ ပန်းချီဆရာဖြစ်ချင်တယ် ဟုတ်လား"

စိတ်ပျက်အံ့ဩမှုကို မေမေ မဖုံးကွယ်နိုင်ခဲ့ရှာပေ။ လူရှိသေ၊ ရှင်ရှိသေ ပန်းချီဆရာဦးရေမှာ လက်ချိုးရေတွက်နိုင်ပါသည်။ အများစုမှာ မောင်မတ်ကုန်းမြင့်တစ်ဝိုက်တွင် ကလေကချေဘဝဖြင့် အရက်နှင့်မိန်းမညွှတ်တွင်နစ်ကြသူများဟု မြို့စားကတော်လေး နားလည်ထားခဲ့သည်မဟုတ်လား။

ပန်းချီဆရာများသည် စာရေးဆရာတွေ၊ ရုပ်ရှင်မင်းသမီး မင်းသားတွေလို ဘဝကို ပစ္စလက္ခတ်လုပ်နေသူများဟုထင်၏။ ပန်းချီကားအရောင်းဆိုင်ကြီးများနှင့် ရင်းနှီးသူများကတော့ ပန်းချီဆရာများ ဖြစ်လာဘတ်ကြပါ၏။ သို့သော် တူလုစ်လောထရက် တစ်ယောက်အနေဖြင့်ဘား . .

"ပန်းချီဆရာလုပ်မယ်၊ ဩော် . . သားရယ်"

"မေမေ ဘာပြောမလဲဆိုတာ သားသိပါတယ်။ ဒါပေမဲ့ သားမှာ ရွေးစရာလမ်းမရှိဘူး မေမေ၊ တခြားဘာမှ ဝါသနာမပါဘူးလေ။ သားပန်းချီဆွဲဖို့ ဘယ်လောက် ဝါသနာပါခဲ့သလဲ။ ငယ်ငယ်ကလေးကထဲက ဘုရားကျောင်းမှာ နွားပုံရေးခဲ့တယ်လေ။ သားမှာ ပါရမီရှိပ့ါမလား ဆိုတာတော့ ကိုယ့်ဘာသာကိုယ် ရှာဖွေရမှာပဲ။ မေမေ ဟို ဆွံ့အ နားမကြား ဆရာကြီးမွန်စီယာ ပရန်စတိုကို မှတ်မိသေးလား၊ မြင်းပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com

တွေ့ခဲ့တဲ့ အဘိုးကြီးလေ။ သူ့ဆီသွားရင် သင်ပေးမလားမသိဘူး"

အင်း . . သူ့အာရုံကို တစ်နေရာရာမှာ မြှုပ်ထားနိုင်ရင်လဲ မဆိုးပါဘူးလေဟုပဲ မအေတစ်ယောက်အနေဖြင့် တွေးရတော့မည်။

ဆံ့အ နားမကြားအဘိုးကြီးနှင့် ခြေမသန်သည့် လူငယ်ကလေးတို့၏ ဆက်ဆံရေးမှာ အပြန်အလှန်နားလည်မှုဖြင့် နှစ်နှစ်ကာကာ ရှိလှ၏။ ခေါင်းညိတ်ခေါင်းခါနှင့်တစ်မျိုး၊ မျက်ခုံးပင့်ကာ ပြုံးကာ ရယ်ကာနှင့်တစ်ဖုံ ပြေလည်နေကြ၏။ အလေးတကြီးမေးစရာ ဖြေစရာများ ရှိလာလျှင်တော့ စာရွက်ပေါ်တွင် အသော့ရေးပြီး စကားပြောကြ၏။

စင်စစ်ဆရာကြီးသည် နာမည်ကျော်ပန်းချီဆရာတစ်ဦး မဟုတ်ပေ၊ သို့သော် တပည့်ချာတိတ်၏ အလားအလာကိုတော့ သူ ကောင်းကောင်းသိလေသည်။ သူငယ်ကလေးသည် ပါရမီရှင်ကလေးဖြစ်ကြောင်းလည်း ယုံယုံကြည်ကြည် လက်ခံထားပြီးဖြစ်သည်။ သူ့မူလ ဗီဇကိုယ်နှိုက်က အင်ပရက်နစ်ဇင်ပါလာသူကလေးဟု ဆရာကြီးထင်သည်။ သည်အတွက် ပြဿနာတော့ရှိနိုင်သည်။ လူတွေက ပူပူလောင်လောင်အရောင်တွေကို မကြိုက်ချင်ကြ။ ချာတိတ်က အရောင်ကို သဘာဝအတိုင်း သုံးချင်သူဖြစ်သည်။ လူတွေက မိမိသုံးသည့် အမှောင်များများ၊ ကားငယ်ငယ်ကလေးများကို သဘောကျကြ၏။ သူ့ကို အရောင်အသုံးမရဲဘင်းလွန်းဖို့ ထိန်းပေးရမည်။ အနက်ရောင်ကို အခြေခံဖို့ သင်ပေးရမည်။

တစ်နေ့မနက် ဆရာကြီးဆီရောက်တော့ စားပွဲပေါ်တွင် မြူးကြွားကြွားမြင်းတစ်ကောင်၏ ပလာစတာရုပ်ထုတစ်ခုကို တွေ့ရသည်။ ပြီးတော့ သူ့ပုံဆွဲခုံတွင် ပုံဆွဲစက္ကူတစ်ချပ် အသင့်ကပ်ထားပေး၏။ နောက်ချွန်မြနေအောင် ထိပ်ရှူးထားသည့် မီးသွေးတောင့်များ။

ကျကျနန ထိုင်ပြီး မြင်းပုံကို ဟင်နရီဆွဲလေတော့သည်။ တစ်ပုံပြီးတော့ ဆရာကြီးကို သွားပြသည်။ သဘောကျသည့် အမူအရာဖြင့် ခေါင်းညိတ်ပြီး မြင်းပုံကို ဒီဂရီအနည်းငယ် စောင်းပေး၏။ ပြီးတော့ သူ့အလုပ်သူ ဆက်လုပ်နေသည်။

ညနေပိုင်းတွင် လေထဲသို့ ခုန်ပျံတော့မည့် ဟန်ဖြင့် မြင်းပုံကြမ်းတွေ ကြမ်းပြင်ပေါ်တွင်ပုံနေပြီ။ အားလုံး ကားပေါင်း ၂၈ ချပ်။

သည်နောက်ပိုင်းတွင် သူရောက်လျှင် နေ့စဉ် မြင်းတစ်ကောင်၏ ပလာစတာရုပ်ထုနှင့် ပုံဆွဲခုံတွင် စက္ကူအသင့်။ ပြီးတော့ မီးသွေး



တောင့်တွေ အသင့်တွေ့ရစမြဲဖြစ်၏။ ကြာလာတော့ ဆရာကြီးကို သူရိုကျသည်။ စာရွက်တစ်ရွက်တွင် ရေးပြ၏။

"ဆရာကြီးခင်ဗျား၊ ကျွန်တော်ဘယ်တော့ ပန်းချီဆွဲရမှာလဲ"

ဆရာကြီးက ခေါင်းယမ်းပြသည်။ ဟင်နရီမြင်းပုံတွေ ဆက်ဆွဲနေ၏။ ဆရာကြီးကို မကျေနပ်သည့်အမူအရာဖြင့် ခဏခဏလှမ်းကြည့်၏။ ဆရာကြီးက မသိကျိုးကျွံပြုနေသည်။

"တစ်ခါလာလဲ မြင်း၊ တစ်ခါလာလဲ မြင်း။ ဒီနေ့သား ဘယ်နှစ်ပုံဆွဲခဲ့ရသလဲ မေမေ သိလား။ ၃၇ ပုံတောင် ရှိတယ်မေမေ။ အိပ်မက်ထဲမှာတောင် မြင်းပုံတွေ ရေးနေရတယ်။ ဒုက္ခပါပဲ သားက လူပုံတူ ဆွဲချင်တာ မေမေရ"

တစ်နေ့ညစာစားအပြီးတွင် ညည်းညည်းညူညူဖြင့် မအေကို ဟင်နရီ တိုင်တည်နေခြင်းဖြစ်၏။

မအေလုပ်သူက စိတ်မကောင်းဖြစ်သွားသော်လည်း သူစိတ်ပျက်သွားဖို့ကို တိတ်တိတ်ကလေး မျှော်လင့်နေ၏။

သို့သော် ဟင်နရီက စိတ်မပျက်။ နေ့စဉ် ရက်ပျက်မရှိ ဆရာကြီးဆီသွားလျက်ပင်။ မြင်းပုံတွေ ဆွဲလျက်ပင်။

တစ်နေ့တွင် ထူးထူးဆန်းဆန်းအဖြစ်တစ်ခုနှင့် ကြုံရသည်။ သူ့ကားခုံတွင် စက္ကူအစား ပတ္တူစတစ်ခု တင်းတင်းရင်းရင်းကျက်ပြီးသားတွေ့ရ၏။ နဘေးတွင် ဆေးရောင်စုံဘူးတွေပါသည့် ဖာကလေးတစ်ခု။ ဘရွက်တစ်ရွက်ပေါ်တွင် ရေးထားသည့်စာကြောင်းက

"ချစ်သောပါရမီရှင်တပည့်အတွက်။ မှ ရီနီပရန်စတို" ဟူ၍ဖြစ်သည်။

"ကျေးဇူးတင်ပါတယ် ဆရာကြီး။ ကျွန်တော် ဘယ်လိုကျေးဇူးဘင်စကားပြောရမှန်းတောင် မသိတော့ပါဘူးခင်ဗျာ"

ပါးစပ်ကရော အမူအရာဖြင့်ပါ မျိုးစုံ သူပြောနေသည်။ ပြောပြောဆိုဆို ဆေးစပ်ပျဉ်ချပ်အသစ်ကျပ်ချွတ်ပေါ်သို့ ဆေးတွေ ညှစ်ချနေပြီ။

"ဟာ . . ဒုက္ခပါပဲ၊ အဝါရောင် မပါပါလား၊ ဟင် . . အစိမ်းသဲမပါဘူး၊ အပြာလဲမပါဘူး၊ အနီလဲ မပါဘူး"

အံ့ဩစွာ အမှတ်မထင် သူရွတ်နေသည့် မကျေနပ်သံက ကျယ်သည်ထက် ကျယ်လာသည်။ သူ့မျက်လုံးတွေ အရောင်တောက်လာ

www.burmeseclassic.com

www.burmeseclassic.com

သည်။ စောစောကလေးကပင် ကျေးဇူးတင်မဆုံးဖြစ်ခဲ့သည့် ဆရာကြီးနှင့် ရင်ဆိုင်လိုက်သည်။ ကြိမ်တုတ်ကို အားပြုရပ်လိုက်ပြီး

"ဆရာကြီး ဆရာကြီးခင်ဗျား၊ ဒီမှာကြည့်ပါဦး၊ ဆေးရွက်ကြီးရောင် အညို၊ အသားရောင်အညို၊ သစ်အယ်သီးရောင်အညို၊ မဟော်ဂနီရောင်၊ အုန်းခွံရောင်၊ ဇော်ဂျီရောင်။ ပြီးတော့ အနက်၊ ကျပ်ခိုး။ ဆရာကြီးဟာက မီးရထားစက်ခေါင်းပုံပဲ ဆွဲလို့ရမယ်။ ကျွန်တော်ဒီအရောင်တွေနဲ့ ဘာပုံရေးရမှာလဲ ဆရာကြီး"

ဆရာအိုကြီးက စာရွက်ကလေးပေါ်တွင် ခပ်သွက်သွက်ရေးချသည်။

"တောက်တောက်ပပ အရောင်တွေဟာ အန္တရာယ်ရှိတယ်။ ရမ်းဘရင့်ဟာ အရောင်မှိုင်းမှိုင်းတွေကို တောက်တောက်ပပဖြစ်အောင် ရေးတတ်တယ်။ အဲဒီနည်းကိုလေ့လာပါ"

"ကျွန်တော် ရမ်းဘရင့်မဟုတ်ဘူး။ သူ့လို ကျွန်တော် မရေးချင်ဘူး. သူဟာ . . "

ဆရာကြီးက သူ့ကားခုံဆီသို့ ပြန်လျှောက်သွားလေပြီ။ သည်တော့မှ ဟင်နရီလည်း သက်ပြင်းချပြီး အညိုရောင် ဆေးတောင့်တွေကို ဆက်ပြီး ညှစ်ချနေတော့၏။

ပျော်စရာရက်သတ္တပတ်များ တဖြည်းဖြည်း ကုန်လွန်နေလေသည်။ ငြိမ်သက်နွေးထွေးသော စတူဒီယိုခန်းထဲတွင် ပြတင်းပေါက်များကို ဆောင်းတွင်း မိုး၏ပုလဲပန်းတို့ ဖျန်းပက်နေသံကြားနေရ၏။ အညိုရောင်မျိုးစုံတို့သည် ကမ္ဘာပေါ်တွင် ငြိုးငွေ့ဖွယ်အကောင်းဆုံး အရောင်များဖြစ်၏။ သို့သော် သည်အရောင်များဖြင့် အလှအပကလေးများ ဖန်တီးနိုင်ကြောင်း တွေ့ရ၏။ စန္ဒရားတစ်လုံးကို မတီးဘဲ ထားသည်ထက် တီးနေလျှင် သာယာနာပျော်ဖွယ်ရှိသည့်သဘော။

ရံခါတွင် ဆရာကြီးဆီထသွားပြီး

"လာကြည့်ပါဦးဆရာကြီးရယ် . . အဝါရောင် နည်းနည်းလေး ပေးပါဗျာ၊ ဒီကားမှာတကယ်လိုနေလို့ပါ"

သည်လိုအခါတွင် ဆရာကြီးက သူ့ဆွဲလက်စ ကားကို ထကြည့်သည်။ သေသေချာချာ စစ်ဆေးသည်။ ပြီးမှ သူ့နေရာသူပြန်လာပြီး ဆေးသေတ္တာကိုယူလျက် ဟင်နရီ၏ ဆေးစပ်ပျဉ်ချပ်ပေါ်တွင် အဝါရောင် နည်းနည်း ညှစ်ထုတ်ပေးပြီးတော့ စာရွက်ပေါ်တွင် ရေးသွားတတ်၏။



"အဝါရောင်ဟာ အန္တရာယ်အများဆုံး အရောင်ပဲ။ မသုံးမဖြစ်လိုအပ်မှ သုံးသင့်တယ်။ ဂီတပိုင်းတွေမှာ လင်းကွင်းသုံးသလိုပေါ့"

အဘိုးအို၏မျက်နှာဝိုင်းဝိုင်းကြီးတွင် ကြင်နာသည့် အပြုံးကို တွေ့ရသည်။ စာရွက်ပေါ်မှ သူ့လက်ရေးကိုစိုက်ကြည့်ပြီး ဟင်နရီ နဖူးရေတွန့်သွားသည်။ ပြီးမှခေါင်းယမ်းပြီး သူ့ကားခုံရှိရာသို့ထော့နင်းထော့နင်း ပြန်သွားသည်။

ခရစ္စမတ်ရောက်ခါနီးတွင် ဆရာကြီးအပြင်းအထန်ဖျားလေတော့သည်။ ပါရီမှ သူထွက်သွားတော့မည့်အကြောင်း အိပ်ရာထဲမှနေ၍ မြို့စားကတော်လေးဆီသို့ စာတစ်စောင်ရေးပြီး နှုတ်ဆက်သွားသည်။ ဟင်နရီက ပုံတူရေးဆရာလုပ်ဖို့ နာမည်ကျော် ပန်းချီကျောင်းတစ်ကျောင်းတွင် တက်မည်စိတ်ကူးသည်။ ဥပမာ - ပါမောက္ခဘိုနား၏ ပန်းချီကျောင်းမျိုး။

"အိမ်မှာပဲဆရာခေါ်သင်ပါလား သားရယ်။ အခန်းတစ်ခန်းကို စတူဒီယိုပြင်ဆောက်လိုက်ရင်ရတာပဲ" ဟု မြို့စားကတော်လေးက ဟင်နရီ့ကို ချော့ပြောသည်။

"မတူဘူး မေမေရဲ့၊ ပါမောက္ခဘိုနားဟာ ကမ္ဘာပေါ်မှာ အတော်ဆုံးပုံတူရေးဆရာပဲ"

"ဟုတ်ပါပြီ၊ ဒါပေမဲ့ ကျောင်းဝင်ဖို့က နှစ်လည်ကြီး ဖြစ်နေဘာမို့ ကိုယ့်စတူဒီယိုနဲ့ကိုယ် စပြီးလေ့ကျင့်ရင်ကောင်းမလားလို့ပါ"

"ကျောင်းမတက်ဘဲ ဘယ်လိုမှ ပုံတူပန်းချီဆရာတစ်ယောက် ဖြစ်မလာနိုင်ဘူး မေမေ။ အပေါင်းအသင်းလဲလိုတယ် မေမေရဲ့။ ပလာဘောရုပ်တွေချည်း အခန်းအောင်းပြီး ရေးနေလို့ မဖြစ်ဘူး"

သူဆန္ဒပြင်းပြနေပုံက သူ့လေသံတွင် ပေါ်လွင်နေသည်။ မအေသည်သူ မျက်ရည်လည်လာ၏။ သို့သော် မလျှော့သေးဘဲ ဆက်ပြောသည်။

"သားပြောတာ ဟုတ်ပါတယ်။ အဲဒီအသိုင်းအဝန်းထဲကို သားဝင်ဖို့ လွယ်တော့လွယ်မှာမဟုတ်ဘူး။ သူတို့က သူတို့အုပ်စုနဲ့သူတို့နေဘာ၊ လူစိမ်းကို လက်ခံချင်ကြတာမဟုတ်ဘူး။ ပြီးတော့ သားက ရှက်ဘတ်တယ်။ ရှက်တတ်တာကို အထက်တန်းစားဆန်တယ်၊ ဘဝင်မြင့်ဘယ်လို့ အဓိပ္ပာယ်များကောက်နိုင်တယ်။ ပြီးတော့ သူတို့တွေဟာ နှစ်ဆယ်ကျော်တွေ ဖြစ်ချင်ဖြစ်နေကြလိမ့်မယ်၊ သားကခုမှ ၁၈ နှစ်ပဲ ရှိ

www.burmeseclassic.com

www.burmeseclassic.com

သေးတယ်။ သူတို့ကို သားနားလည်ချင်မှ နားလည်လိမ့်မယ်။ သူတို့ဖက်ကလဲ အလားတူ ဖြစ်နိုင်တယ်"

"မေမေ ဘာဆိုလိုတာလဲ သားသိပါတယ် မေမေ"

မျက်လုံးညိုညို၊ ပြူးပြူးကြီးများဖြင့် မအေ့ကို ဝမ်းနည်း ပက်လက်ကြည့်နေသည်။

"တွေးကြည့်ရင် ကျွန်တော်လဲ ကြောက်မိတာပါပဲ မေမေရယ်။ ဒါပေမဲ့ ကျွန်တော်တစ်သက်လုံး အိမ်တွင်းပုန်းလုပ်နေလို့လဲ မဖြစ်သေးဘူးလေ မေမေ"

*

ပါမောက္ခဘိုနားသည် လက်နှစ်ဖက်နောက်ပစ်ကာ အပတ်စဉ် စစ်ဆေးနေကျအတိုင်း အတန်းသားများ၏ ကားခုံတွေကို လိုက်စစ်နေသည်။ လမ်းလျှောက်လိုက်၊ ရပ်လိုက်၊ ဆွဲလက်စကားတွေကိုကြည့်လိုက်နှင့် သဘောတရားများကို ပို့ချလျက်ရှိ၏။

"ပုံတူရေးပညာရပ်ဟာ ပန်းချီမှာ အဆင့်အတန်းအမြင့်ဆုံး ဖြစ်သလို ငွေရှာလို့လဲ အကောင်းဆုံး ပညာရပ်ပဲ။ ပုံတူရေးပန်းချီဆရာ တစ်ယောက်ဖြစ်ဖို့ မင်းတို့အားလုံး အဓိကအချက်တွေကို နားလည်ထားရမယ်၊

"ကိုယ် ပုံတူရေးမယ့်လူဟာ ဗိုလ်ချုပ်တစ်ယောက်ဖြစ်မယ်၊ စက်မှုလုပ်ငန်းရှင်တစ်ယောက်ဖြစ်မယ်၊ နိုင်ငံရေးသမားတစ်ယောက်ဖြစ်မယ်ဆိုရင် မျက်မှောင်ကုပ်နေတဲ့ပုံမျိုးကို မတ်တတ်အနေအထားနဲ့ ရေးရမယ်၊ ခါးပြတ်ကုတ်အင်္ကျီအိပ်ထဲမှာ လက်နှစ်ချောင်း ထည့်ထားစေရမယ်၊ နပိုလျံလိုပေါ့။ အဲ . . သိပ္ပံပညာရှင်တစ်ယောက်၊ တွေးခေါ်ရှင်တစ်ယောက်၊ စာရေးဆရာတစ်ယောက်ဆိုရင်တော့ ထိုင်နေတဲ့ပုံက ပိုကောင်းတယ်။ မေးကို လက်ထောက်နေတဲ့ အနေအထားမျိုးနဲ့ ရေးရမယ်၊ မျက်နှာက လေးနက်နေရမယ်။

"ဂိုဏ်းချုပ်ဆရာတော်ပုံကို ဆရာ ရေးထားတာရှိတယ်။ အဲဒီပုံကို မင်းတို့ လေ့လာနိုင်တယ်"

ကြောက်လွန်းသဖြင့် ဟင်နရီ ဒူးတွေတုန်နေသည်။ ခေါက်ကုလားထိုင်ကလေးတွင်ထိုင်ပြီး မရွှံ့မရဲဖြင့် စုတ်တံကို ဆွဲနေ၏။ ထိုင်ခုံတွင် ထိုင်နေသည့်ကိုယ်ဟန်ပြမယ်ကို တစ်ချက်ကြည့်လိုက်၊ ငုံ့ရေးလိုက်ဖြင့်။



ဒီနေ့ ဆရာဘာပြောဦးမလဲမသိ။ ဟင်နရီတွေးလန့်နေ၏။ ခါတိုင်းလိုမိမိကို အတန်းထဲတွင် လှောင်ပြောင်သရော်ဦးမှာလား။

ပါမောက္ခက ဆက်သင်သည်။

"ဘာပဲဖြစ်ဖြစ်၊ ရေးနည်းကတော့ အတူတူပါပဲ။ ပထမဆုံး ဘောင်ခတ်ပြီး ပုံကြမ်းလောင်း၊ ပြီးတော့ အညိုရောင်နဲ့ မူလအရောင်တွေဆည့် အညိုရင့်ရောင်နော်၊ အားလုံးကြားတယ်နော်"

သူ့အသံက မာလာသည်။

"တခြားဘာရောင်မှ မသုံးရဘူး၊ အင်ပရက်ရှင်းနစ်တွေနဲ့ ငါ့မြင်းငါစိုင်းနေတဲ့ကောင်တွေက မူလအရောင်ကို အပြာတို့ ခရမ်းတို့ သုံးကြတယ်။ မင်းတို့ ဘယ်တော့မှ မသုံးနဲ့"

ဟင်နရီ့ကားခုံနားရောက်တော့ သူ့လက်ချာရပ်သွားသည်။ အပတ်စဉ် လှောင်ပြောင်ခန်း စပါလေပြီ။

"ဒါကို မင်းပန်းချီကားလို့ခေါ်မလား။ မင်းက ဒါကို ပန်းချီကားပါလို့ပြောရင် ဆရာလက်မခံနိုင်ဘူး။ မင်းမှားနေပြီလို့ပဲ ပြောရလိမ့်မယ်။ ဒါပန်းချီကားမဟုတ်ဘူး၊ အမှိုက်တောင်းထဲ ရောက်ရမယ့်ပိတ်စပဲ"

ပါမောက္ခ၏ ဒေါသက သည်မျှနှင့်မပြေသေး။ ကျောင်းသားတွေ ရယ်သံငြိမ်သွားတော့ ဆက်သေးသည်။

"မင်းဒီနေရာကို ဘာလို့ရောက်လာတာလဲ။ မင်းကိုယ်မင်း ပန်းချီဆရာဖြစ်မယ် တကယ်ထင်လို့လား။ မင်း အယူအဆတွေ လုံးဝမဟုတ်ဘူး၊ မင်းမှာ ပါရမီ မပါဘူးလို့ ငါဘယ်နှစ်ခါပြောရဦးမှာလဲ၊ မျက်လုံးတွေက အလှကို မမြင်တတ်ဘူး၊ ပုံပျက်ပန်းပျက်ဖြစ်နေတာကိုပဲ မြင်တတ်တယ်။ အိမ်မှာပဲ နေပါလားကွာ၊ တို့တတွေလဲ စိတ်အနှောက်အယှက်မဖြစ်ရတော့ဘူးပေါ့"

ဆရာက ဆက်ပြောမည့်ဟန်ပြင်သေးသည်။ ပြီးမှ စိတ်ပြောင်းသွားသလို ဆက်လျှောက်သွား၏။

"ငါးမိနစ်နားမယ်" ဟု လက်ဝါးနှစ်ဖက်ရိုက်ပြောပြီး အခန်းထဲမှ ထွက်သွားသည်။

ရှေ့ခုံတန်းပေါ်မှ ဟန်ပြမယ် ခုမှ အသက်ဝင်လာသလို လှုပ်ရှားလာပြီး ခပ်နွမ်းနွမ်းခြုံထည်ကို ကောက်ယူလိုက်သည်။ ပြီးတော့ သတင်းစာဖတ်နေ၏။ ကျောင်းသားများက ဆေးဘူးတွေ၊ စုတ်တံတွေ ကောသိမ်းပြီး ကိုယ့်အစုနှင့်ကိုယ် တီးတိုးတီးတိုးလုပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင်နရီက သူ့ပုံကို ဆက်ဆွဲနေ၏။ မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံနေ၏။ တစ်ပတ်တစ်ကြိမ် ဆရာ၏ ကြိမ်းမောင်းခြင်း၊ သရော်ခြင်းကို ခံနေရ၏။ ဆက်တက်လို့ မဖြစ်နိုင်အောင် အခြေအနေဆိုးလာသည်။

ဘာကြောင့် သူတို့တတွေ မိမိကို မလိုလားကြခြင်းပါလဲ။ မေမေပြောသည့်အတိုင်း ကွက်တိဖြစ်နေပါပြီကော။ ခြေထောက်မသန်လို့လား၊ မဖြစ်နိုင်။ မိမိအဝတ်အစားတွေ သိပ်အထက်တန်းကျနေလို့လား၊ ဒါမှမဟုတ် ကိုယ်ပိုင်ရထားဖြင့် နေ့စဉ် ထည်ထည်ဝါဝါ ကျောင်းတက်နေခြင်းကြောင့်လား။ ပိုက်ဆံချမ်းသာလို့ သက်သက်အပျော်တမ်း လာအချိန်ဖြုန်းနေသည့် လူဘော်ကြော့ကလေးလို့ သူတို့ထင်နေကြသလား၊ လက်မြှောက်အရှုံးပေးပြီး မေမေပြောသည့်အတိုင်း မဟာဝိဇ္ဇာဘွဲ့ယူဖို့ ဆက်တက်ရကောင်းမလား။

"အဲဒီခွေးသားကြီး မင်းကိုနှိမ်တာ မင်းလုံးဝ ဂရုမစိုက်နဲ့"

ခပ်ကျယ်ကျယ်ထွက်လာသည့် အသံကြောင့် ဟင်နရီ အလန့်တကြားလှည့်ကြည့်လိုက်သည်။ အဝတ်အစား နွမ်းနွမ်းပါးပါးနှင့် ကျောင်းသားကြီးတစ်ယောက်။ အတန်းထဲမှာ အရပ်အမြင့်ဆုံး လန်ဘားကြီးဖြစ်၍ သူ့ကိုဟင်နရီ သတိထားမိခဲ့သည်။ မုတ်ဆိတ်တွေက မေးစေ့နှင့် ပါးတစ်ဝိုက်တွင် အနက်ရောင် ရေမြှုပ်တွေ ကပ်နေသည့်အလား။

"သူ့ဘာသာသူ ဆူချင်ဆူ၊ ဆဲချင်ဆဲ၊ မင်းကို မောင်းထုတ်လို့မရဘူး။ မင်းကျောင်းလခပေးထားတာပဲ၊ အလကားတက်တာမှမဟုတ်ဘဲ၊ မင်းမှာတုံ့ပြန်ပြောဆိုခွင့်ရှိတယ်။ ကိုယ့်နာမည်က ရာရှူးပါ။ ဟင်နရီရာရှူး၊ ကိုယ်တို့ နေ့လယ်စာ အတူစားကြရအောင်လား။ ကိုယ့်စတူဒီယိုကိုလည်း မင်း ကြည့်စေချင်တယ်၊ ဘာမှ ကြည့်စရာတော့မရှိပါဘူး၊ မောင်မတ်သချိုင်း ကို လှမ်းမြင်နေရတယ်၊ မောင်မတ်ကို မင်းရောက်ပြီးပြီလား"

*

အာဂိုစတီးနာ၏ စားသောက်ဆိုင်မှာ ဟင်နရီ့အတွက် ဆူညံလှသည်။ ထောင့်ကျကျ တစ်နေရာတွင် ထိုင်လိုက်ကြသည်။ အနက်ရောက်ဝတ်စုံများနှင့် သက္ကလတ်ဦးထုပ်ဆောင်း မောင်မတ်ပန်းချီဆရာ အများအပြားတွေ့ရ၏။

တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်ငြင်းခုန်နေကြ၏။ လေထုထဲတွင် ကြက်သွန်ဖြူနံ့သင်းနေသည်။ ခွေးကြီးနှစ်ကောင် ခြံရှိ လျက် မိန်းမချောတစ်ယောက်က စားပွဲတစ်လုံးမှ တစ်လုံးသို့ကူးပြီး ဧည့်ခံနေ၏။ သူ့ရယ်သံ လွင်လွင်ကလေးက ဆိုင်ထဲတွင် လွင့်ဝဲနေ၏။

"အဲဒါဆိုင်ရှင် အာဂိုစတီးနာလေ၊ ဟိုတုန်းက နာမည်ကျော် စံပြမယ်ပေါ့" ရာရှူးက သူ့ဆေးတံနှင့် ညွှန်ပြပြီး ဟင်နရီ့ကိုပြောပြသည်။

အသက် ၃၉ နှစ်အရွယ်တွင် အာဂိုစတီးနာမှာ မောင်မတ်တွင် ရေပန်းအစားဆုံး အမျိုးသမီးဖြစ်သည်။ ၁၆ နှစ်သမီးအရွယ်တွင် စီစလီမှ ပါရီကို ရောက်လာစဉ်က ဖိနပ်မပါ။ မြင်သူငေးရလောက်အောင် လှသော်လည်း ပိုက်ဆံတစ်ပြားမှမရှိ။

ခြောက်လအတွင်း ပါရီတွင် အလုပ်အများဆုံး စံပြမယ် ဖြစ်သွားသည်။ သူ့ကိုငှားဖို့ အလုအယက်ဖြစ်ရာမှ ပန်းချီဆရာကြီးတွေ အချင်းများခဲ့ကြရ၏။ သူ့ကိုယ်နေဟန်ကြောင့် ပန်းပုဆရာတွေ၊ ထုရင်းထွင်းရင်း ရင်တလှပ်လှပ်ခုန်ကြရ၏။

နှစ်ပေါင်း ၂၀ လုံးလုံး ပါရီ ပန်းချီပန်းပု ပြပွဲများတွင် အသက်ရှူများချင်စရာ အာဂိုစတီးနာ၏ပုံများ တာစားခဲ့၏။ ပန်းခြံများတွင်လည်း ဒိုင်ယာနာ နတ်ဘုရားမ၏ အဝတ်အစားနှင့် သူ့ပုံတူကျောက်ဆစ်ရုပ်တွေ လက်ညှိုးထိုးလို့ မလွဲနိုင်အောင်ပင်။

လွန်ခဲ့သည့် ၃ နှစ်ကမှ သည်ဆိုင်ကို စဖွင့်ခြင်းဖြစ်၏။ ပန်းချီဆရာတိုင်း၏ အချစ်တော်ဖြစ်ခဲ့ဖူးသဖြင့် သူ့စီးပွားရေးလုပ်ငန်းမှာ မောင်မတ်၏ အားပေးခြင်းကို အပြည့်အဝ ရရှိခဲ့လေသည်။ အလှမယ် အာဂိုစတီးနာကလည်း အနုပညာရှင်များကို တလေးတစားဧည့်ခံသည်။

ကျော့ရှင်းနေဆဲကိုယ်နေဟန်ပိုင်ရှင်ကို ဟင်နရီငေးကြည့်နေသည်။ မုတ်ဆိတ်ရှည်ကြီးနှင့် ပန်းပုဆရာကြီးတစ်ယောက်ကို မတိုးမကျယ် ပြောနေသည်ကို ကြားနေရသည်။

"ကျွန်မတောင်းပန်ပါတယ် ရောဘက်တိုရယ်။ အဲဒီ ထောပတ်ထမင်းမစားပါနဲ့။ အဲဒီမှာ ကြက်သွန်ဖြူပါတယ်၊ အဲဒါစားတိုင်း အိပ်မက်ဆိုးတွေ မက်တယ်မဟုတ်လား။ ထောပတ်ထမင်းအစား ဝက်အူချောင်းနဲ့ အမဲသားလုပ်ပေးမယ်နော်။ အားလဲရှိတယ်၊ အိမ်ပြန်ရောက်ရင် အမျိုးသမီး သဘောကျစေရမယ် ဟုတ်ပြီလား"

အာဂိုစတီးနာသည် သည်လိုသည်လို ဧည့်ခံတတ်သူဖြစ်လေသည်။

ကျောင်းသားနှစ်ယောက်၏ စားပွဲသို့ရောက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . သားတို့ပါလား"

သူက ကျောင်းသားဆိုလျှင် ဘယ်အရွယ်ဖြစ်ဖြစ် သားဟုပဲ ခေါ်သည်။

"သားတို့ ဆာနေကြပြီထင်တယ်"

ဟု အစချီပြီး စားသင့်သည့်ဟင်းလျာများကို သွားရည်ကျလာအောင် ပြောပြနေသည်။

"အစ်မပြောတဲ့အတိုင်းပဲ လုပ်ပါဗျာ၊ ခါတိုင်းလိုပဲပေါ့"ဟု ဝမ်းဟာနေသည့် ရာရှူးက သဘောတူလိုက်သည်။

နေ့လည်စာကို ရာရှူးက စကားသိပ်မပြောဘဲ ကုန်းလွေးနေ၏၊ ဟင်နရီကမူ စိတ်တွေ အရမ်းလှုပ်ရှားနေသည်။ သည်နေရာက သူ့အတွက် စိတ်လှုပ်ရှားချင်စရာဖြစ်နေ၏။ သည်လိုနွေးထွေးပျော်ရွှင်စရာ နေရာမျိုးကို တစ်ခေါက်မျှမရောက်ဖူးခဲ့ဘူးလေ။ ထူးထူးဆန်းဆန်း အနံ့အသက်တွေ၊ ထူးထူးဆန်းဆန်းအသံဗလံတွေ၊ လက်သီးလက်မောင်းတန်းပြီး ဆုဆုညံညံအော်ဟစ်ငြင်းခုန်နေကြသည့် ပန်းချီဆရာတွေ၊ အနုပညာရှင်တွေ၊

မုတ်ဆိတ်ဖြူနှင့် ခပ်တောင့်တောင့်လူကြီးတစ်ယောက်ကို သူ ခဏငေးကြည့်နေသည်။ သူ့မျက်လုံးများက ကြင်နာတတ်သည့် နူးနူးညံ့ညံ့မျက်လုံးမျိုးတွေ။ ဆေးချေးအတော်ထူနေပြီဖြစ်သည့် ဆေးတံကို ဖွာရင်း လူငယ်တစ်ယောက်နှင့် စကားလက်ဆုံကျနေသည်။ လူငယ်က ရွှေရောင်မုတ်ဆိတ်နှင့် အဝတ်အစားကို အထက်တန်းကျကျ ဝတ်ထား၏။ ရာရှူးက ပလုတ်ပလောင်းစားနေရာမှ သူတို့နှစ်ယောက် အကြောင်းပြောပြသည်။

"မုတ်ဆိတ်ဖြူနဲ့ အဘိုးကြီးက ပီဆာရို[၁]လေ၊ သူက အင်ပရက်ရှင်းနစ် ပန်းချီဆရာကြီး။ လူငယ်က သီအိုဗန်ဂိုး[၂]၊ သူက မောင်မတ်မှာ ပန်းချီကား အရောင်းဆိုင်ဖွင့်ထားတယ်"

---

၁။ Camille Pissarro (1830-1903) ပြင်သစ်ပန်းချီဆရာ၊ ဂရပ်ဖစ်ပန်းချီဆရာ။ ဖခင်ဂျူးလူမျိုး၊ အမေစပိန်သူတို့မှ အနောက်အိန္ဒိယ ကျွန်းစုတွင် မွေးဖွားသည်။ ၁၈၅၅ ခုနှစ်တွင် ပါရီသို့ရောက်ပြီး ပန်းချီဆွဲသည်။ ၁၈၅၉ ခုနှစ်တွင် မိုနေး နှင့်တွေ့သည်။ အင်ပရက်ရှင်နစ်အုပ်စု၏ အဓိကပန်းချီဆရာဖြစ်လာသည်။ စေဇန်းနှင့်ဂေါဂင်တို့ပင် သူ့ကိုလေးစားကြသည်။

၂။ သီအိုဗန်ဂိုး၊ ဗင်းစင့်ဗန်ဂိုး၏ညီ။



စားစရာတွေကို ခုထိ မတို့သေးသည့် ဟင်နရီကို ရာရှူးက ခြိမ်းခြောက်သည်။

"ဟေး . . ထောပတ်ထမင်းစားလေကွာ၊ အာဂိုစတီးနားတွေ့သွားရင် မင်း ဆူခံထိတော့မှာပဲ"

နေ့လည်စာစားပြီးတော့ သူတို့နှစ်ယောက် ဂင်နာရွှန်လမ်းရှိ ရာရှူး၏စတူဒီယိုသို့ ထွက်ခဲ့ကြသည်။ တံခါးကို တွန်းဖွင့်ဝင်ပြီး ရာရှူးက စကားစသည်။

"ကဲ . . ရှုခင်းက မလှဘူးလား"

လက်တစ်ဖက်ကို အပြင်သို့ဝှေ့ပြီး မေးလိုက်ခြင်းဖြစ်၏။ အုတ်ဂူတွေ၊ ကျောက်ဆစ်ရုပ်တုတွေက အနှံ့၊ ပြီးတော့ ဝိုကြွေးနေသည့် နတ်သမီးရုပ်များ၊ မရဏာမြင်ကွင်းကျယ် ရှုခင်းကြီးဖြစ်ပါသည်။

"လုဝ်ပြတိုက်ထဲက ကျောက်ဆစ်ရုပ်ခန်းထဲ ရောက်နေတာနဲ့ မတူဘူးလားသူငယ်ချင်း။ အဲဒီမြင်ကွင်းကို မိန်းကလေးတွေ သိပ်ကြောက်ကြတယ်ကွ၊ အထူးသဖြင့် မီးသဂြိုဟ်တဲ့ မြင်ကွင်းပေါ့။ သူတို့ အဲဒီလို ကြောက်စိတ်ဝင်လာပြီးရင် ချစ်စိတ်ပြင်းပြလာတတ်တယ်၊ ဒါကြောင့် ငါ ပန်းချီဆွဲရင် သူတို့ကို ဟိုမှာ ထိုင်ခိုင်းတာပေါ့"

ရာရှူးက တံခါးပေါက်နှင့်မျက်နှာချင်းဆိုင်အခန်းထောင့်မှ ကတ္တီပါကူရှင်ဖုံး ခုံရှည်တစ်ခုကို လက်ညှိုးထိုးပြသည်။ ပြီးတော့ သူ့လက်ဘဲရှည်ကြီးဖြင့် နံရံမှာချိတ်ထားသည့် မယ်ဒလင်ကို လှမ်းယူပြီး မောင်ခဘ်တွင် ရေပန်းစားနေသည့် အချစ်သီချင်းတစ်ပုဒ်ကို စတီးသည်။

*

ဘဖြည်းဖြည်းနှင့် သူတို့နှစ်ယောက် ရင်းနှီးသည်ထက် ရင်းနှီးလာခဲ့ကြ၏၊ နေ့လည်စာအတူတူစားကြသည်။ ညနေပိုင်းတွင် ရာရှူး၏ စတူဒီယိုတွင် အချိန်ဖြုန်းကြသည်။

သူ့စတူဒီယိုမှာပင် ဟင်နရီ ပန်းချီရေးဖြစ်သည်။ သူ့လက်သံ ကို နားထောင်သည်။ အသုဘပို့သည့် လူတန်းကြီးကို ပြတင်းပေါက်မှ ကြည့်သည်။ သင်္ချိုင်းလုပ်သားများက သူတို့အလုပ်ပြီးလို့ စတူဒီယိုထဲ ရောက်လာပြီး ပုံတူရေးခိုင်းလျှင် သူတို့နှစ်ယောက် ဝမ်းသာအားရ ရေးပေးကြသည်။ သူတို့နှင့်အတူ ယမကာကလေးများပင် မှိုဝဲဖြစ်ကြ၏။ ပြီးတော့ သူတို့တတွေ ရယ်မောဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ၂၂ နှစ်အရွယ်ရောက်နေပြီဖြစ်သည့် ရာရှူးက ဟင်နရီကို စိမ်းစိမ်းကြည့်ပြီးပြောသည်။

"ဒီမယ် ဟင်နရီ၊ မင်းဟာ ငယ်သေးပေမယ့် ဘာမှပြောစရာ မရှိဘူး၊ မင်းလက်ရာတွေ ငါကြိုက်တယ်။ ဟိုခွေးသားကြီး ဘိုနားဘာ ပြောပြော ငါတော့ သဘောကျတယ်"

ဟင်နရီအတွက် သည်လိုအားပေးမှုမျိုးသည် ကိုက်ခဲနာကျင်နေစဉ် ပရုတ်ဆီပူပူလိမ်းရသည်နှင့်တူသည်။ သူ့ကို စတင်မိတ်ဖွဲ့ အားပေးသူ ရာရှူး၏ ကျေးဇူးတွေက ဆပ်လို့မကုန်နိုင်အောင်ပင်။

"အို . . ရာရှူးရယ်၊ ကျွန်တော့်ရင်ထဲမှာ ပြောချင်တာတွေ . . "

"ဘာမှမပြောနဲ့"

ရာရှူးက ဟောက်လိုက်သည်။ ချာတိတ်ကို သင်ပေးစရာတွေ အများကြီးရှိသည်။ သို့သော် ဆေးခါးကြီးတိုက်သလိုတော့ ဖြစ်နေလိမ့်မည်၊ ကိစ္စမရှိပါ။ သူငယ်ချင်းပီသဖို့သာ အရေးကြီးပါသည်။

ဟင်နရီ၏ စိတ်ပျက်လက်ပျက်ဖြစ်သွားသည့် အမူအရာကို သူက ဂရုမစိုက်ဘဲ ဆက်ပြောသည်။

"မင်းမှာဖြစ်နေတဲ့ ပြဿနာက လူတွေကို မင်းရှက်နေတာ၊ အရမ်းယဉ်ကျေးနေတာ၊ အရမ်းသန့်ရှင်းနေတာပဲ ဟင်နရီ။ မင်းလက်သည်းတွေကိုကြည့်စမ်း၊ ဖြူဖွေး သန့်ရှင်းနေတာပဲ၊ နည်းနည်းပါးပါး ညစ်ပတ်တော့ ဘယ်သူ့ကို ထိခိုက်မှာမို့လဲ။ ပြီးတော့ သူများတွေ ပြောသလို တစ်ခါတလေ ဆဲဆိုတိုင်းထွာပြီး ပြောပါကွ။ အဲဒါမှ လူတွေက မင်းကို လူထူးလူဆန်းကလေးလို့ မထင်မှာ"

နောက်ရက်များတွင် ဟင်နရီကို ရာရှူးက ပန်းချီကျောင်းသားများ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားများကို သင်ပေးသည်။

"မင်းနဲ့ငါနဲ့ အငြင်းအခုန်ဖြစ်တယ်ဆိုပါတော့ကွာ၊ ရူဘင့်[၁] ကားတွေအကြောင်း ဆွေးနွေးရင်းဆိုပါတော့။ ရူဘင်ဟာ ကမ္ဘာပေါ်မှာ အကြီးမြတ်ဆုံးပန်းချီဆရာလို့ ငါပြောရင် မင်းဘယ်လိုပြန်ပြောမလဲ"

"ကျွန်တော်မသိပါဘူးခင်ဗျာလို့ပဲ ပြောရမှာပေါ့"

---

၁။ Sir Peter Paul Rubins (1577-1640) ဘယ်လ်ဂျီယံ၊ ဂျာမန်နှင့် ဒတ်ချ်စကားပြောသည့် Flemish နိုင်ငံသား၊ အနောက်ဥရောပတွင် ကြီးကျယ်သော ပန်းချီဆရာ။ စပိန်နှင့် အီတလီသို့ ခရီးထွက်ပြီး ပန်းချီရေးသည်။ ခမ်းနားလှသည့် Raising of Cross နှင့် Descent from the Cross ဘာသာရေးကားကြီးများသည် ကမ္ဘာကျော်လက်ရာများဖြစ်သည်။ စပိန်ဘုရင်၏ သူကောင်းပြုခြင်းခံရသည်။ စပိန်၊ အင်္ဂလိပ် စစ်ပြေငြိမ်းရေး ဆွေးနွေးရာတွင် အဓိကအခန်းမှ ပါဝင်သည်။



ဟင်နရီ့အဖြေကို ကြားတော့ ရာရှူးစိတ်ပျက်သွားသည်။ ညီလေးလို သံယောဇဉ်တွယ်နေသည့် ချာတိတ်ကို စိုက်ကြည့်နေပြီး ခေါင်းယမ်းလိုက်၏။ ကျပ်မပြည့်သည့်ကလေးတစ်ယောက်ကို ပြောနေသည့် လေသံဖြင့်

"မဟုတ်ဘူး . . မဟုတ်သေးဘူး။ ဒီလိုပြောရမှာ၊ 'ဘာရူဘင်လဲ၊ အလကားအသုံးမကျရူဘင်၊ ကျပ်လုံးဝ သောက်ဂရုမစိုက်ဘူး' အဲဒီ အသုံးအနှုန်းမျိုးနဲ့ပြောမှ မင်းဘာပြောချင်တယ်ဆိုတာ လူတွေ နားလည်မှာ"

ရာရှူးက အကြင်နာမျက်လုံးများနှင့် ချာတိတ်ကို ငုံ့ကြည့်နေသည်။ မိမိကို သူ မနည်းသည်းခံခွင့်လွှတ်ပြီး လက်တွဲနေခြင်းဖြစ်ကြောင်း ဟင်နရီကိုယ်တိုင် သိနေပါပြီ။

တစ်ညနေတွင် ရှုတ်ချည်းသူထပြောသည်။

"နူဝဲလ်ကဖေးကို တို့သွားကြမယ်။ အဲဒီမှာ ငါ့အပေါင်းအသင်းတွေနဲ့ မင်းကို မိတ်ဆက်ပေးမယ်"

နူဝဲလ်စားသောက်ဆိုင်ကြီးမှာ ပန်းချီသမားတို့၏ စုရပ်ဖြစ်သည်။ ဆေးလိပ်မီးခိုးတွေ ဝေနေသည့်ဆိုင်မျိုးဖြစ်၏။ သူ့သူငယ်ချင်းဆိုသူများမှာ လက်စသတ်တော့ ဘိုနားကျောင်းသားများပါကလား။ ဖရန်ခ်ဲ ဂေါ်ဒီ၊ လူဝစ် အောင်ကက်တန်နှင့် ရနေးဂရနီယေးတို့ သုံးယောက်ဖြစ်၏။ ရနေးဂရနီယေးက ရာရှူးလိုပင် မောင်မတ်တွင် နေသူဖြစ်သည်။

ပန်းချီကိုအ့ထက်တန်းလွှာမှ အပျော်သက်သက် လာသင်နေသည့် ချာတိတ်ကို သူတို့ လိုလိုချင်ချင်မရှိကြပေ။ ရာရှူး မျက်နှာကြောင့် ဘက်ကျေတန်းကျေ နှုတ်ဆက်ကြ၏။ ခေါင်းတစ်ချက်ညိတ်ပြပြီး စကားဆက်ပြောနေကြ၏။ ဟင်နရီက ဘီယာစုပ်ပြီး ဘာတစ်ခွန်းမျှ ဝင်မပြောဘဲ ငြိမ်နေသည်။

ဤသို့ ဆိတ်ငြိမ်စွာ နားထောင်နေခြင်းကြောင့် ဟင်နရီအပေါ် သူတို့ဘာသာသူတို့ အမြင်ပြောင်းလာဖို့အကြောင်းဆိုက်လာလေသည်။ သူတို့က စကားပြောသူတွေဖြစ်၏။ ပြောသူတို့ ထုံးစံအတိုင်း၊ နာသူလိုနေဘတ်ကြ၏။ ဟင်နရီသည် ရှိရိုကျိုးကျိုးနားထောင်သူဖြစ်ကြောင်း သူတို့ တွေ့ရသည်။ သူတို့၏ အချစ်ဇာတ်လမ်းများ၊ ငွေရေး ကြေးရေးမပြေလည်မှုများကို ဟင်နရီက စိတ်ပါလက်ပါ နားထောင်သည်။ ဂေါ်ဇီက ပထမဆုံး ဟင်နရီနှင့်ပတ်သက်လာသူဖြစ်သည်။ နူဝဲလ်တွင် သူတို့ဆုံပြီးလျှင်လ

www.burmeseclassic.com

www.burmeseclassic.com



အကြာ ကျောင်းငါးမိနစ်နားချိန်တွင် ဟင်နရီ့ဆီသို့ သူချဉ်းကပ်လာသည်။

"ညက ကိုယ်ဘာဖြစ်လဲ၊ မင်းမှန်းကြည့်စမ်း"

သူက ထူးထူးဆန်းဆန်းပစ္စည်းတစ်ခုတွေ့လာသူတစ်ယောက်၏ လေသံမျိုးဖြင့် စကားစသည်။ ဂေါ်ဇီသည် မျက်တွင်းဟောက်ပက်နှင့် ပုံမကျ ပန်းမကျဖြစ်၏။ သူ့ပညာနှင့်သူ့ပုံစံက တခြားစီလို ဖြစ်နေ၏။

အရောင်တောက်တောက်ခါးပြတ်ကုတ်အင်္ကျီတစ်ထည် သူလိုချင်နေသည်မှာကြာပြီ။ သို့သော် ဘိုင်ကျသဖြင့် ဘယ်တုန်းကမှ မဝယ်နိုင်ခဲ့။ မုတ်ဆိတ်ကို အမွေးအကြိုင်ဆွတ်လျှင် မြာစွဲသည်ဟု သူက ယုံကြည်၏။ မှန်ထဲတွင် မိန်းကလေးတွေကို ကြည့်သည့်အကြည့်မျိုး ကျင့်၏။

တစ်နေ့တွင် အားလုံးပြင်ဆင်ပြီးထွက်လာခဲ့သည်။

"ငါ အိမ်ပြန်တော့ လမ်းထောင့်စားသောက်ဆိုင်ကလေးတစ်ဆိုင်မှာ ဘာတွေ့တယ်ထင်လဲ၊ မင်း မှန်းကြည့်စမ်း"

အလွန်အမင်းသိချင်နေသည့် ဟင်နရီ့မျက်လုံးတွေကို ကြည့်ပြီး သူ စိတ်ပါလက်ပါ ဆက်ပြောသည်။

ဆိုင်ကလေးထဲတွင် အလွန်ချော၊ အလွန်လှသည့် မိန်းကလေးတစ်ယောက်။ တစ်ယောက်တည်းထိုင်နေသည်။ မျက်ရည်တွေ တွေတွေကျလျက်။ သူ့အနားသွားထိုင်ပြီး ဂေါ်ဇီက အကျိုးအကြောင်းမေးသည်။

လခမှန်မှန်မပေးနိုင်၍ အခန်းရှင်က သော့ပြန်သိမ်းသွားကြောင်း ကောင်မလေးက ရင်ဖွင့်သည်။ ဂေါ်ဇီက သူကျင့်ထားသည့် စိတ်ညို့မျက်လုံးများနှင့် တစ်ချိန်လုံးကြည့်သည်။ မုတ်ဆိတ်ကြီးကို ကောင်မလေး မျက်နှာနားကို တိုးကာတိုးကာဖြင့်။ ဤသို့ဖြင့် သူ၏ ချစ်ချူဟာ အလုပ်ဖြစ်သွားကြောင်း တွေ့ရလေတော့၏။

နှစ်ယောက်သား ချစ်သူများဖြစ်သွားကြ၏။ ကောင်မလေးက ဂေါ်ဇီ့အခန်းသို့ လိုက်လာသည်။ နာမည်က ဘားဘက်တဲ့။ သို့သော် သူ့ဘဝထဲ ဘားဘက်ရောက်လာသည့်အချိန်မှာ ကာလဒေသပယောဂနှင့် သိပ်မကိုက်ညီဟုဆို၏။

"လွန်ခဲ့တဲ့ နှစ်ရက်ကပဲ ငါဒီခါးပြတ်ကုတ်အင်္ကျီကို ဝယ်ဖြစ်လိုက်တယ်ကွာ"



သူက ဝတ်ထားသည့်အင်္ကျီကို လက်ညှိုးထိုးပြသည်။

သူစကားဆက်သည်။ "အဲဒီတော့ . ."

ဟင်နရီသဘောပေါက်လိုက်ပြီ။ အသာအိတ်ထဲနှိုက်ပြီး ဖရန့်၂၀ ဟုတ်ပေးလိုက်သည်။ သူ တုံ့ဆိုင်းတုံ့ဆိုင်းဖြင့် လက်ခံသည်။ နောက်တစ်ပတ်တွင် ဟင်နရီ့ဆီရောက်လာပြီး အောင်ကက်တန်ရင်ဖွင့်သည်။ သူကျူးမရလေသံဖြင့်

"ငါ့ကောင်မလေးကို ငါဆုံးပြီ ဟင်နရီ၊ သိပ်ချစ်ဖို့ကောင်းတဲ့ ကောင်မလေးပါကွာ" ဟု အစချီသည်။

"လုဗ်ပြတိုက်ကို ခေါ်သွားမိတာ ငါ့အမှားပဲကွာ" ဟု နောင်တရနေ၏။ အောင်ကက်တန်သည် လူချောတစ်ယောက်ဖြစ်သည်။ မသေသပ်နေတတ်သော်လည်း၊ ဦးထုပ်ခပ်စုတ်စုတ်ဆောင်းထားသော်လည်း ငွေရောင်ဆံပင်နှင့် ဝါကျန်ကျန်မုတ်ဆိတ်ပိုင်ရှင်ကို ကောင်မလေးတွေနှိုးကြည့်တတ်ကြ၏။

အချစ်ရေးတွင် သူ့အဆင်မပြေပုံကတစ်မျိုး။ သူက မိန်းကလေးတွေကို အထင်ကြီးတတ်၏။ ထင်သလိုမဟုတ်ဘဲ ခပ်တုံးတုံး၊ ခပ်ချာချာတွေမှန်းသိလျှင် သူတုန်လှုပ်ချောက်ချား၏။ သူ့မိန်းကလေးများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးဖို့ သူအမြဲကြိုးစားသည်။ သို့သော် တစ်ယောက်မှ ထင်သလိုဖြစ်မလာခဲ့ပေ။

လုဗ်ပြတိုက်လို ကမ္ဘာကျော်ပြတိုက်ကြီးများကို ခေါ်သွားသည်။ ကမ္ဘာကျော်လက်ရာများကိုပြသည်။ ခံစားခိုင်းသည်။ သို့သော် သူတို့က အခန်းထဲတွင် ကျားထိုးဖို့ကို ပိုပြီးအားသန်ကြသည်။

"ငါကလဲ ငါပါပဲကွာ။ အလယ်ခေတ်၊ ရှေးဟောင်းဥရောပ ဘိုက်သားတွေရဲ့ပြခန်းကို ခေါ်သွားမိတယ်။ အဲဒီမှာ သူလစ်သွားတာပဲ၊ အဲဒီပြတိုက်ကို ငါတစ်သက်လုံးမသွားတော့ဘူး"

ရင်ဖွင့်လိုက်ရလို့ သူသက်သာသွားပုံရသည်။ နောက်တစ်ပတ်တွင် ပင်မင်းဆိုင်က ကောင်မလေးတစ်ယောက်ကို စွဲပြန်သည်။

ဟင်နရီ့ကို နောက်ဆုံးမှ လူရာသွင်းဖော်ရသူက ရနေးဘရနီယေး။ ခင်မင်မှုရပြန်တော့လည်း အလေးအနက်ရှိသည်။ ဖွန်တိန်လမ်းမပေါ်ရှိ သူ့နှစ်ခန်းတွဲ တိုက်ခန်းကြီးသို့ ဟင်နရီ့ကိုခေါ်သွားသည်။ သူက ကွက်လပ်တစ်ဘက်မှ တိုက်ခန်းတစ်ခန်းကို လက်ညှိုးထိုးပြပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဟိုပြတင်းပေါက်ကိုတွေ့လား၊ အဲဒါ ဒေဂါး[၁] ရဲ့ စတူဒီယိုပဲ။ တစ်ခါတလေ သူသတင်းစာဖတ်နေတာ၊ စီးကရက်သောက်နေတာ ဒီက လှမ်းမြင်ရတယ်"

သူတို့အသိုင်းအဝန်းထဲကို ဝင်ခွင့်ရပြီဟု ဟင်နရီခံစားလိုက်ရ၏။ စိတ်ထဲပျော်သွားသည်။ သူငယ်ချင်းတွေရပြီ။

ဇွန်လတစ်မနက်ခင်းတွင် ဘိုနားအခန်းထဲဝင်လာသည်။ သည်နေ့ပင်ပန်းလို့ အတန်းစောစောဆင်းမည့်အကြောင်း ပြော၏။

"မင်းတို့ဘာမှ စိတ်မပျက်ကြနဲ့နော်။ ဆရာ့ဆီမှာ သင်ရိုးကုန်လို့ ဆက်တက်ချင်ရင် ဆရာ့သူငယ်ချင်း၊ ပန်းချီသုခမိန်အဖွဲ့ဝင်၊ ပါမောက္ခ ဖာနန်ကော်မွန် ရှိတယ်။ နေရာရအောင် ဆရာလုပ်ပေးမယ်။ အောက်တိုဘာမှာ သူ့သင်တန်းတွေစလိမ့်မယ်"

အတန်းဖြုတ်ပေးလိုက်တော့ ကျောင်းသားတွေ ပျော်ပျော်ပါးပါးထွက်လာခဲ့ကြသည်။ လမ်းထောင့်ရောက်တော့ တစ်ယောက်က ဘော်တိုင်ဖက်တက်ပြီး လမ်းပေါ်က မိန်းကလေးတိုင်းကို လေထဲထွင် နမ်းပြီးနှုတ်ဆက်ပြနေသည်။ အောင်ကက်တန်က ဘာဂျာထုတ်ပြီး အရှေ့တိုင်းတေးသွားတစ်ပုဒ် မှုတ်သည်။ ရာရှူးက ဟန်ပါပါကသည်။ ဂရနီယေးက သူ့ဦးထုပ်ကို တစ်ယောက်လက်တစ်ယောက်ပြောင်းပြီး ဆော့နေစဉ် ခုနှစ်ယောက်ရောက်လာသည်။ အများပြည်သူကို အနှောင့်အယှက်ပေးသည့် အပြုအမူဖြစ်၍တားမြစ်ရမည်ဖြစ်ကြောင်း ပြောလာသည်။

တစ်ယောက်က နှုတ်ခမ်းမွေးကိုသတ်ပြီး

"ပြီးတော့ ခင်ဗျားတို့ လမ်းပိတ်ဆို့မှုလည်း ဖြစ်နေသေးတယ်" ဟု စွဲချက်တင်ပြန်၏။

"ခင်ဗျားတို့လို သူများတွေ လိုက်လုပ်လာရင် ဘယ်နှယ်ဖြစ်ကုန်မလဲ" ဟုလည်း ဖျောင်းဖျ၏။

သူတို့ပျော်နေကြခြင်းဖြစ်ကြောင်း၊ သူတို့လည်း တိုင်းပြည်ကို ချစ်ကြသူများဖြစ်ကြောင်း အမျိုးမျိုးရှင်းပြပြီး ရဲနှစ်ယောက်ကို ဝိုင်တစ်

---

၁။ Edgar Degas (1834-1917) ပြင်သစ်ပန်းချီဆရာ၊ ဂရုပ်ဖစ်ပန်းချီဆရာ။ ပန်းချီပညာကို ၁၈၅၄၊ ၁၈၅၉ တွင် ထွန်းကားသည့်ဆရာကြီးများ၏ လက်ရာများကို အမိက ထား လေ့လာသည်။ စကျွအာရုံပျက်စီးပြီး မသေမီ နှစ်ပေါင်း ၂၀ခန့် အထီးကျန်ဘဝဖြင့် ကုန်လွန်ခဲ့သည်။ ရေနွားက ဒေဂါးကို ရှိခင်ထက်ကြီးမြတ်ပြီး ပီဆာရိုက သူသည် ကျွန်တော်တို့ခေတ်တွင် အကြီးမြတ်ဆုံးအနုပညာရှင်ကြီးဖြစ်သည်ဟု ရေးသားခဲ့သည်။



ခွက်စီတိုက်လိုက်မှ ပြဿနာရှင်းသွားသည်။

အာဂိုစတီးနား၏ဆိုင်တွင် သူတို့နေ့လည်စာစားပြီးတော့ နူဝဲလ်သို့ ချီတက်ကြပြန်သည်။ အပုပ်ချိန်မရောက်သေးသဖြင့် နူဝဲလ်တွင် လူရှင်းနေ၏။

အာဂိုစတီးနား၏ဆိုင်မှ အရှိန်ရလာသဖြင့် သူတို့တတွေ ဆိုင်ထဲသို့ အော်ဟစ်ဆူညံပြီး ဝင်သွားကြသည်။ ဆိုင်ထဲရောက်ရောက်ချင်း ခွက်စီစွေစွေနှင့်ငွေကိုင်အမျိုးသမီးထရီဇာကို ဝိုင်းပြီး နမ်းရှုတ်နှုတ်ဆက်ကြသည်။ ထရီဇာသည် ကလေးဘဝကုန်လွန်ပြီးသည့်နောက်ပိုင်း နမ်းသည့်သူမရှိသည့် အမျိုးသမီးဖြစ်၏။ ပြီးတော့ သူတို့ထိုင်နေကျစားပွဲတွင် ဝိုင်းထိုင်ကြသည်။ နောက် ဘာဆက်လုပ်ရမှန်းမသိသလို ကြောင်နေကြ၏၊

ဤတွင် ရာရှူးက အကြံပေး၏။

"လာကွာ၊ တို့အောင်ပွဲခံတဲ့အနေနဲ့ ဟိုအိမ်ကို သွားကြရအောင်။ သိပ်ပျော်စရာကောင်းတဲ့နေရာ၊ ငါသိတယ်။ သူငယ်ချင်းတို့ ဘာမှတော့ လုပ်ဖို့မလိုဘူးနော်။ သူတို့နဲ့ ဘီယာကလေး ဘာလေးသောက်၊ သူတို့က မင်းတို့ကို ပျော်အောင်ဧည့်ခံ၊ ဒါလောက်ပဲ"

ဟင်နရီက ကျို့တစ်ချက်ထိုးပြီး

"သိပ်ကောင်းတဲ့ စိတ်ကူးပဲ၊ သွားကြစို့"

ဂရနီယေးက ပူပူပင်ပင်ဝင်ဆွေးနွေးသည်။

"စိတ်ကူးကတော့ ကောင်းပါတယ်ကွာ၊ ဘယ်လောက် ကုန်မှာလဲဆိုတာလဲ ပြောပါဦး"

"ဟုတ်တယ်၊ အဲဒါ တွက်ရမယ်"

ဂေါ်ဇီနှင့် အောင်ကက်တန်က ထောက်ခံသည်။

"ဒီလိုနေ့ထူးနေ့မြတ်မှာ ငွေအကြောင်းမပြောနဲ့၊ ငါပေးမယ်"

ရာရှူးကထွေလာလျှင် ရက်ရောသည်။

ဤသို့ဖြင့် သူတို့ ငြင်းခုံပွဲကလေးအဆုံးသတ်သွားသည်။ တစ်ယောက်တစ်ပေါက်၊ ဟိုပြော သည်ပြောဖြင့် သူတို့စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ကြ၏။

သူတို့သွားမည့်လိပ်စာကို မြင်းရထားဆရာအား ရာရှူးက အကျယ်ကြီး အော်ပြောလိုက်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အောက်တိုဘာလထဲတွင် ပါမောက္ခကော်မွန်၏ သင်တန်းတက်ဖို့ ဟင်နရီ ဈေးသွင်းလိုက်သည်။ ထို့နောက် ဒုတိယနှစ် သင်ရိုးကို ဆက်တက် သည်။

မနက်တိုင်း မေမေ့တိုက်ခန်းကြီးမှ ဂျိုးဇက်၏ ရထားလုံးကြီး ဖြင့် သင်တန်းရှိရာ မောင်မတ်သို့ လာရသည်။ သို့သော် ဂျိုးဇက်ကို ကျောင်းအရောက် အပို့မခိုင်းတော့။ လမ်းထောင့်တွင် ရပ်ခိုင်းပြီး ကြိမ် တုတ် အကူအညီဖြင့် ဆက်လျှောက်သည်။

မေမေ့ရထားကြီးကို အခြားကျောင်းသားတွေ မမြင်စေချင်၊ ကျောင်းရောက်လျှင် ရာရှူးအပါအဝင် သူငယ်ချင်းများကို ဝတ်ကျေတန်း ကျေ နှုတ်ဆက်ပြီး စတုတ္ထထပ်ရှိ စာသင်ခန်းစတူဒီယိုဆီသို့ ပင်ပန်းကြီး စွာတက်သည်။ ၉ နာရီတိတိတွင် ကိုယ့်နေရာကိုယ်ရောက်အောင် ဟင်နရီ ကြိုးစားသည်။

အခန်းထဲရောက်လျှင် မီးလင်းဖိုကြီးဖြင့် နွေးထွေးနေ၏။ ကိုယ့် ပန်းချီခုံတွင် ကိုယ်နေရာယူပြီးလျှင် အပေါ်အင်္ကျီကို ချိတ်တွင် ချိတ် သည်။ ပြီးသည်နှင့် ကြိမ်လုံးကို နဘေးတွင်ထောင်ကာ ပိတ်စတွေ၊ ဆေးဘူးတွေနှင့် အလုပ်ရှုပ်တော့၏။



ဆေးစပ်ပျဉ်ချပ်ပေါ်တွင် ဆေးတွေညှစ်ချသည်။ သည်တစ်ပတ် …နပ်စ်[၁]၊ ဒိုင်ယာနာ[၂]၊ လီဒါ[၃] တို့နှင့်သာ သူနေတော့မည်။

တစ်ခဏအတွင်း ဆူဆူညံညံအသံတွေ အခန်းထဲတွင် တိတ် …တ်သွားသည်။ နောက်ပြီး ကျောင်း၏စတူဒီယို တာဝန်ခံ ရှုလန်ဘာဂျာ … ကိုယ်ဟန်ပြမယ်ကို လိုသည့်အနေအထားရအောင် ပြုပြင်ပေးသည်။

အခြားကျောင်းသား ၃၀ တို့နှင့်အတူ ဟင်နရီသည် စံပြမယ် …သမီးကို လှမ်းကြည့်လိုက်ပြီးတော့ ပိတ်စပေါ်တွင် ပုံကြမ်းဆွဲသည်။ … စုတ်ချက်တွေဖြည့်လိုက်၊ အရောင်တွေထည့်လိုက်နှင့် အလုပ်ရှုပ် …တော့သည်။

ပါမောက္ခဟာနန်ကော်မွန်က တပည့်များ၏ ကားတွေကို စစ် …သည်။ ပါမောက္ခကြီးသည် ပြင်သစ်ပန်းချီပန်းပု အနုပညာ သုခမိန် …ခင်သာမဟုတ်ဘဲ အနုပညာ နိုင်ငံ့ဂုဏ်ရည်အကဲဖြတ်အဖွဲ့ဝင် …ည်းဖြစ်သည်။

အခန်းထဲဝင်လာလျှင် ပိုးဦးထုပ်နှင့် လက်အိတ်ကိုရှုလန်ဘာဂျာ …ထဲထည့်ပြီးနောက် လမ်းလျှောက်တုတ်ကိုပါ လွှဲပေးလိုက်သည်။ ပြီးမှ …ည့်များ၏ ကားခုံတွေ လျှောက်ကြည့်ပြီး ပညာရပ်ပိုင်းဆိုင်ရာ …အပ်ချက်တွေကို အကြံပေးသည်။ သူ့လေသံက တပည့်များအပေါ်တွင် …နာမှုအပြည့်၊ ကြင်နာမှုအပြည့်ဖြင့် နူးညံ့ညင်သာလှသည်။

ဆရာကြီး၏ အပတ်စဉ်သင်ခန်းစာများမှနေ၍ ဟင်နရီသည် …လှအပသည် အနုပညာ၏ အုတ်မြစ်ဖြစ်ကြောင်း၊ ပန်းချီဆရာ တစ်ဦး … ဘဝတာဝန်မှာ အလှအပကို ဖန်တီးဖို့ဖြစ်ကြောင်းများ မှတ်သားရ …ည်၊

ပြီးတော့ အရောင်ကို ပိတ်ကားပေါ်တင်သည့်အခါ သတိကြီး …ပြီး စုတ်တံကို ဆေးပါးပါးသာတို့သင့်ကြောင်း၊ နောက်ခံရောင်ကို …က်နှင့် အညိုရင့်မှလွဲပြီး မသုံးသင့်ကြောင်းများ၊ ပန်းချီကားတစ်ချပ် …ဖွဲ့စည်းမှုသည် တြိဂံသဘောတရားကို တသမတ်တည်းအခြေပြုသင့် …ကြောင်း စသည် . . စသည်။

---

[၁] Venus- ဂရိတ်ရှေးဟောင်းသမိုင်းလာ ပန်းဥယျာဉ်၊ အချစ်နှင့် အလှအပကို စိုးပိုင်သော နတ်ဘုရားမ။

[၂] Diana - ၎င်းသမိုင်းလာ လနတ်သမီး၊ မိန်းကလေးများကို စောင့် ရှောက်သောနတ်သမီး။

[၃] Leda - ၎င်းသမိုင်းလာ စပါတာဘုရင်၏မိဖုရား။

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးပုံတူရေးခြင်းအတတ်ပညာကို ဟင်နရီက ပိုပြီး အာရုံ စိုက်မှတ်သားသည်။

"အမျိုးသမီးတစ်ယောက်ကို ပုံတူရေးမယ်ဆိုရင် ဘယ်လိုနည်းတွေ၊ ဘယ်လို ထိုးထွင်းသိမြင်မှုတွေ၊ ဘယ်လို ကျွမ်းကျင်မှုတွေ လိုမလဲ။ အများအားဖြင့် ပန်းချီဆရာတစ်ယောက်အတွက် စံပြမယ်ကောင်းဟာ အတွေ့အကြုံ ရင့်ကျက်တဲ့ အမျိုးသမီးတွေပဲ။ ပန်းချီဆရာဘက်ကလည်း စိတ်ထားမြင့်မြတ်ဖို့ လိုအပ်တယ်၊ အကြင်နာတရား ရှိဖို့လိုတယ်။ ကံကောင်းတာ တစ်ခုရှိတယ်၊ မိန်းမတော်တော်များများဟာ သူတို့ကိုယ်သူတို့ မမြင်ကြဘူး၊ သူတို့ရဲ့ ပင်ကိုမဟုတ်တဲ့ ရုပ်ဆင်းရူပကာကို အဟုတ်ထင်တတ်ကြတယ်။ သူတို့ အခင်ဆုံးသူငယ်ချင်းရဲ့ အသက်ကို မှန်းခိုင်းရင် ပိုပို သာသာမှန်းပြီး သူတို့ကိုယ်သူတို့ကျတော့ ဆယ်နှစ်၊ ဆယ့်ငါးနှစ် အမြဲတမ်းငယ်နေတယ် ထင်ကြတယ်"

ဆရာကြီးက ရယ်ရယ်မောမောနှိုက်ခိုင်းချုပ်သည်။

"အဲဒီတော့ မင်းတို့အားလုံး မိန်းမပုံရေးရင် အဲဒီအမျိုးသမီးရဲ့ အသွင်တူထဲကို ဝင်ကြည့်နိုင်ရမယ်၊ အဲဒါကို အမိဖမ်းရမယ်၊ အဲဒီအနှစ်သာရကို ကားပေါ်မှာထင်အောင် မင်းတို့လုပ်ကြရမယ်"

သည်နောက်ပိုင်းကျမှ နှာတံကလေး စင်းလာအောင်၊ နှုတ်ခမ်းကလေးနီလာအောင်၊ မျက်လုံးကလေး ပိုဝိုင်းလာအောင် လုပ်ကြရသည်။ ပြီးတော့ အသားရောင်ကို နုညက်အောင်မှုန်း၊ လည်တိုင်ကလေး ကျော့ရှင်းအောင်၊ ပခုံးအကျပ်ပိုင်းဝိုင်းကလေးဖြစ်အောင်၊ လက်မောင်းအိုးကလေးများ ပြည့်ပြည့်ဖြိုးဖြိုးဖြစ်အောင်၊ ပြီးမှ ခါးကျင်ကျင်ကလေးနှင့် ကြွားကြွားဝင့်ဝင့် ရင်သားအစုံကို ပုံဖော်ကြရသည်။ မှဲ့ချောက်တွေ၊ တင်းတိတ်တွေကို ထည့်မရေးရ။ ပြီးတော့ သူဝတ်ထားသည့် လက်ဝတ်တန်ဆာရတနာတွေကို သေသေချာချာ ဂရုစိုက်ရမည်။ ပုံတူရေးခံ အမျိုးသမီးက သူ့ပုံတူ မည်မျှခမ်းနားထည်ဝါသည်ကို အမိကထားပေးလိမ့်မည်။ လက်ဝတ်လက်စားတွေပါ အားလုံးတူအောင် ရေးနိုင်လျှင် ငွေရေးကြေးရေး ပူစရာမလိုတော့ပေ။

"မိန်းမတစ်ယောက်ကို မြှောက်ပင့်ပြောဖို့ ဘယ်တော့မှ မကြောက်နဲ့၊ အဲဒါက လွယ်လွယ်ကလေးနဲ့ ခက်တဲ့ကိစ္စ" ဟု ဆရာကြီးက နှိုက်ခိုင်းချုပ်လိုက်သည်။ သည်လိုပျော်ပျော်ရွှင်ရွှင် သင်ကြားနေရာမှ သင်ခန်းညွှန်းတမ်းကို မသိမသာကလေး ကျော်လိုက်လျှင်၊ ချမှတ်ထားသည့်



ပန်းချီဥပဒေသများကို မဆိုသလောက်ကလေး ဖောက်ဖျက်မိလျှင် ခက်ချင်းဒေါသူပုန်ထတတ်သည်။

"မင်းတို့ငါ့ကို အကဲဖြတ်သူခမိန်အဖွဲ့ဝင်တစ်ယောက် ဆိုတာ မေ့နေကြသလား။ ပြပွဲ ပြိုင်ပွဲကော်မတီမှာ ငါဂျူရီလူကြီးတစ်ယောက် ဆိုတာကော မင်းတို့ သတိရကြသေးရဲ့လား။ မြဲမြဲမှတ်ထား၊ ဒီလို ကားချပ်ကို ငါဘယ်တော့မှ ပြပွဲအတင်မခံဘူး။ ဒါမှ မင်းတို့ ပန်းချီပညာရပ်နဲ့ သင်တဲ့ဆရာတွေကို လေးစားရကောင်းမှန်းသိမှာ"

သည်လိုလမ်းရိုးဟောင်းမှ ဖောက်ထွက်သူများ ကျောင်းထုတ်ခံကြရသည်။ အစစ်ဆေးခံအကဲဖြတ် ပြပွဲအတင်မခံရလျှင် သူတို့ပန်းချီလမ်းကြောင်း ပျောက်ကွယ်သွားကြသည်သာ။

ပုံဆွဲရာတွင် သူ့ဗီဇအစွဲအလမ်းကိုက မှားယွင်းနေမှန်း ဟင်နရီသိသည်။ သူအာရုံခံလေ့ကျင့်ခဲ့ပုံက သင်ရိုးနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေ၏။ သို့သော် ကျောင်းစည်းကမ်းကို သူကြိုးစားပြီး လိုက်နာသည်။ မူလအရိပ်၏အရောင်ကို အုံးခွံရောင်သုံးသည်။ ဆေးကို ပါးပါးဆွဲသည်။ သို့သော် သူ့ပင်ကိုစရိုက် ရေးချက်များကို ကျောင်းကသင်သည့် နည်းစနစ်များနှင့် ဖုံးကွယ်ထားခြင်းဖြစ်၏။

ပါမောက္ခကော်မွန်က သူ့ကျောကိုပုတ်ပြီး အားပေးသွားသည့် အခါများပင် ရှိလေသည်။

"မင်းမှာ အခြေခံသိပ်တော့ မရှိဘူး။ ဒါပေမဲ့ ဆရာသင်တဲ့ အတိုင်း မင်းလိုက်နာရင် ပန်းချီဆရာဖြစ်လာနိုင်ပါတယ်။ တစ်နေ့ မင်းကိုယ်ပိုင်ပြပွဲမလုပ်နိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ"

ပျော်လွန်းသဖြင့် ဟင်နရီရင်တွေခုန်နေသည်။

*

အတန်းဖြုတ်သည်နှင့် သူတို့တတွေ အာဂိုစတီးနားဆိုင်သို့ ချီတက်လာခဲ့ကြသည်။ ဆိုင်ထဲတွင် ဆူညံနေပြီ။ နံဘေးစားပွဲတွင် ထရိုက်ကြတော့မဘတ် ငြင်းခုန်နေကြ၏။ ဟင်နရီက အာရုံစိုက်ပြီး နားထောင်သည်။ ပန်းချီပွဲစားများကို ငါနှင့်ကိုင်တုတ်နေကြ၏။ ပန်းချီဝေဖန်ရေးဆရာများနှင့် ပန်းချီအကယ်ဒမီအကဲဖြတ်အဖွဲ့ဝင်များကို နှစ်ပြားမတန်အောင် ဝေဖန်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ဝိုင်းတွင် ဂျော့ဆူးရတ်[၁] ကို တွေ့ရသည်။ သူက ကိုယ်ပိုင်ဟန်ရှိသည့် အင်ပရက်ရှင်နစ်ဇင်သမား။ အသက်ငယ်ငယ်ပင် ရှိသေးသည်။ နှုတ်ခမ်းမွေးထားသည်။ သူ့မျက်နှာက ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်သည်။ သို့သော် သူ့ကိုယ်နေဟန်က စစ်သား တစ်ယောက်လို ကြံ့ခိုင်၏။ စိတ်ကူးတစ်ခုထဲတွင် နစ်မျောနေသလို ဆေးတံကို ကော်ဖီပန်းကန်ပေါ် တင်ပြီး ဖွာနေ၏။ ရေနွား[၂] က အရည်ဝါသီ၊ တောမှီ ရသေ့ရဟန်းတစ်ပါးနှင့်တူသည်။ သို့သော် မိန်းမပုံတွေကို ရေးရာတွင် ပယ်ပယ်နယ်နယ် အပီအပြင်ရေးသူဖြစ်၏။

ကလော့ဒ်မိုနေး[၃] က လေးထောင့်စပ်စပ်မုတ်ဆိတ်မွေးကြီးနှင့်။

---

၁။ George Seurat (1859-91) အင်ပရက်ရှင်နစ်ဇင်ဝါဒသစ်ကို ထူထောင်သူ ပန်းချီဆရာဖြစ်သည်။ အရောင်အစက်အပြောက်ကလေးများဖြင့် ပုံရှစ်ဖော်ခြင်း (Pointillism) ကို စတင်တီထွင်သူဖြစ်သည်။ ၁၈၈၇ ခုနှစ်နောက်ပိုင်း သူ့ကားများတွင် မျဉ်းများကို အာရုံစိုက်လာကြောင်းတွေ့ရသည်။ မျဉ်းများသည် စိတ်လှုပ်ရှားမှုကို ဖော်ကျူးနိုင်သည်ဟု သူကယုံကြည်သည်။ အလျားလိုက် မျဉ်းများက တည်ငြိမ်မှု၊ အထက်နှင့်အောက်လျောပြေမျဉ်းများက ပျော်ရွှင်မှု။ သူ၏ Bather အမည်ရှိကားနှင့် Sunday Afternoon on the Island of La Grande Jatte တို့မှာ တမ္ဘာကျော်ကားများဖြစ်သည်။

၂။ Pierre-Auguste Renoir (1841-1919) ပြင်သစ်အင်ပရက်ရှင်နစ် ပန်းချီ ဆရာ။ မိုနေးနှင့် အလွန်ရင်းနှီးသူဖြစ်သည်။ လမ်းသစ်တွင်သူများ ထုံးစံအတိုင်း မိုနေးကဲ့သို့ပင် အစောပိုင်းတွင် အဝေဒုက္ခကို အလူးအလဲခံရသည်။ ၁၈၇၀ ပြည့် လွန်နှစ်များတွင်မှ ပုံတူရေးဆရာအဖြစ် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ သူ၏ ကမ္ဘာကျော် The Umbrellas ကားကြီးကို ယနေ့လန်ဒန်ပြတိုက်တွင် ပြထားသည်။ ရေနွားသည် လူချစ်လူခင်အများဆုံး အင်ပရက်ရှင်းနစ် တစ်ယောက်ဖြစ်သည်။ သူရေးသည့်ပန်းချီရုပ်များမှာ ချစ်စရာမိန်းကလေးများ၊ ပန်းပွင့်များ၊ ရှုခင်းများနှင့် မိန်းမချောများဖြစ်သည်။

၃။ Claude Monet (1840-1926) ပြင်သစ် Impressionist ပန်းချီဆရာ၊ Impressionism ပန်းချီကို စိုက်လိုက်မတ်တတ် ရေးဆွဲခဲ့သူ၊ Impression Sunrise ပန်းချီကားတွင် သူ့ဝါဒကို အလင်းအရှားတွေ့ရသည်။ ၁၈၆၂ ခုနှစ်တွင်ရေနွားနှင့် တွေ့ သည်။

ပြင်သစ် - ပရပ်ရှားစစ်ပွဲကာလဖြစ်သည့် (၁၈၇၀-၁၉၀၁)တွင် ပီဆာရိုနှင့်အတူ အင်္ဂလန်တွင်သွားနေပြီး သိမ်းမြစ်နှင့် လန်ဒန်ရှုခင်းများရေးဆွဲသည်။ Impressionism လှုပ်ရှားမှုတွင် မာနေး၊ ရေနွားတို့နှင့်အတူ တောက်လျှောက်ပါဝင်ခဲ့သည်။

တစ်သက်လုံး ဆင်းဆင်းရဲရဲနေခဲ့ရပြီး ၁၈၉၀ ခုနှစ်ရောက်မှ အောင်မြင်မှုစရသည်။ ရှုခင်းပုံတစ်ခုတည်းကို အချိန်အမျိုးမျိုးတွင်ရေးဆွဲသည်။ ဥပမာ - Hyastaks, Grain Stacks (1890-1891)၊ Rouen Cathedral (1891-1895)။

အသက်ကြီးတော့ မျက်စိကွယ်လုခမန်းဖြစ်လာသည်။ သို့သော် နောက်ဆုံးအချိန်အထိ သူပန်းချီရေးသွားသည်။



...င်ခါတွင် စေဇန်း[၄] ကို မြင်ဖူးသည်။ သူက မြို့ကို အရောက်အပေါက်နည်းသည်။ ပါရီတွင် တောသားပုံစံပေါက်နေ၏။ နေ့လည်စာကို တစ်ယောက်တည်းစားနေသည်။

ဟင်နရီအတွက် မမေ့တဲ့နိုင်သော နေ့တစ်နေ့ရှိသေးသည်။ ...တ်ဆိတ်ဖြူကြီးများပိုင်ရှင် ပီဆာရို က သူတို့သူငယ်ချင်းတစ်သိုက်ကို ...ဘ်သည်။ ဒေဂါးနှင့်အတူ ကော်ဖီသောက်ရမည်တဲ့။ သူနှင့်ဒေဂါး နေ့လည်စာစားဖို့ ချိန်းထားသည့်နေ့ဟု သိရသည်။

"ဩော် . . မင်းတို့က ပန်းချီကျောင်းသားတွေလား ဟုတ်လား"

ဘဲလေးကခြေသည်၏ ပုံကိုရေးရာတွင် နာမည်ကြီးသည့် ဆရာကြီးက မြင်မြင်ချင်းဆောက်နှင့်ထွင်းတော့၏။

"အလားအလာရှိတဲ့ ပန်းချီဆရာတိုင်းဟာ သူတို့ရဲ့ အနုပညာကို တစ်ကမ္ဘာလုံး ပြန့်စေချင်ကြတာချည်းပဲ"

သူ သရော်တော်တော်လုပ်နေမှန်းသိသိကြီးနှင့် ဟင်နရီ သဘောကျနေသည်။ မကြာသေးမီကမှ ဒေဂါး၏ ကားတွေကို လေ့လာဖြစ်ခဲ့သည်။ သူ့ကို သေသေချာချာကြည့်လေ၊ ပို၍ကြည်ညိုလေ၊ ရှိခိုးချင်လေဖြစ်လာ၏။ မုတ်ဆိတ်ညိုနှင့် ထိုလူကြီး၏မျက်နှာကို လေးမြတ်ကြည်ညိုစွာ ငေးကြည့်နေမိ၏။ ဆရာကြီး၏ မျက်နှာတွင် နာကြည်းခါးသီးမှုအရေးအကြောင်းများ ထင်ဟပ်နေ၏။ မည်သို့ရှိစေ မိမိသည် ဒေဂါးနှင့်အတူ ကော်ဖီသောက်ရခြင်းအတွက် စိတ်ထဲတွင် ကျေနပ်...ကျ်ယူမဆုံး ဖြစ်နေ၏။

ဆရာကြီးသည် စီးကရက်ကို မသောက်သေးဘဲ ကိုင်ထားရင်း သံပြတ်ဖြင့် စကားဆက်သည်။

"မင်းတို့မှာ ဘာအခွင့်အရေးမှမရှိကြဘူးဆိုတာမသိကြဘူး ...သား၊ ပန်းချီပညာဂါမင်းပတို့ကိုဘာအကျိုးပြုနိုင်မှာလဲ။ မင်းတို့က

---

၄။ Paul Cezanne (1839-1906) Imperssionism ခေတ်လွန်ပြင်သစ်ပန်းချီဆရာဖြစ်သည်။ ဗန်ဂိုး၊ ဂေါ်ဂင်တို့နှင့်အတူ လှုပ်ရှားသည်။ ၂၀ ရာစုပန်းချီတစ်ခေတ် ဆန်းသစ်မှုအတွက် အဓိကအရေးပါသူဖြစ်သည်။ နောင်ကမ္ဘာကျော်စာရေးဆရာဖြစ်လာမည့် ကျောင်းနေဖက်သူငယ်ချင်းအီမိုင်းလ်ဇိုလာက သူ့ကိုမာနေးနှင့်မိတ်ဆက်ပေးပြီး ပါရီသို့ ပန်းချီဆက်သင်ရန်ခေါ်လာသည်။

သူ၏အစောပိုင်းလက်ရာများသည် စိတ်ကူးယဉ်အနုအလှများဖြစ်သည်။ ပီဆာရိုကို ဆရာတင်သည်။ ၁၈၇၇ ခုနှစ်တွင် သူ၏ Imperssionism ကားများကို စတင်ပြပွဲလုပ် သည်။ 'ပုံသဏ္ဍာန်နှယ်မြေသစ်' စွန့်စားရှာဖွေရာတွင် စေဇန်းသည် ပန်းချီလောက၏ ခရစ္စတိုဖာကိုလံဘတ်စ်ဖြစ်သည်ဟု ဆိုစမှတ်ပြုကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကျော်မှာလား။ ပန်းချီသမိုင်းမှာ ပြေးရေမှ ကမ္ဘာကျော်ပန်းချီဆရာ ၆၀ ထက် မပိုဘူး။ငါတို့ရာစုနှစ်မှာ **မာနေး**[၁] ရှိတယ်၊ **အင်းဂရစ်**[၂] ရှိတယ်၊ **ဒလာခွား**[၃] ရှိတယ်၊ **ယေရီကိုးလ်**[၄] ရှိတယ်၊ **ဒိုးမီးယေး**[၅] ရှိတယ်။ မင်းတို့ဝင်ကြီးဖို့ အခွင့်အရေးက မရှိသလောက်ပဲ။ ငွေရေးကြေးရေးအကြောင်း ပြောဦး မလား၊ ပန်းချီပညာဟာ သိပ်ကို ရက်စက်တဲ့ . . . "

"အင်္ဂါ၊ တဆိတ်ကွာ၊ တော်ပါတော့။ ကလေးတွေကို မင်း စိတ်ဓာတ်ကျအောင် လုပ်သလိုဖြစ်နေတယ်"

ပီဆာရိုက ကြားဖြတ်ပြီး ဝင်ဟန့်သည်။

"ကျွန်တော် တမင်သူတို့ စိတ်ဓာတ်ကျအောင် လုပ်နေတာ။ အဲဒီအတွက် သူတို့တစ်သက်လုံး ကျွန်တော့်ကို ကျေးဇူးတင်နေလိမ့်မယ်"

သူက ကျောင်းသားတစ်သိုက်ဘက်သို့လှည့်လိုက်ပြန်သည်။

---

၁။ Edouard Manet (1832-1883) ပန်းချီလောကတွင် သူပုန်တစ်ယောက် ဖြစ်သော်လည်း သူ၏မှိုးရိုးမှာ ဘဏ်ကတန်းလွှာလူချမ်းသာများဖြစ်သည်။ သူ၏ Olympia, A Bar at Folies Bergre ကားများမှာကမ္ဘာကျော်ကားများစွာထဲမှ ထင်ရှားသောကားများဖြစ်သည်။ လူငယ် Impressionist များဖြစ်သော မိုနေး၊ ရေနွား၊ စေဇန်းတို့၏ လေစားခြင်းခံရသူဖြစ်သည်။ သွေးအဆိပ်ဖြစ်ပြီး ခြေထောက်ဖြတ်ခံရသည့် ဒဏ်ရာဖြင့် ကွယ်လွန်သည်။

၂။ Jean Auguste Dominique Ingress (1780-1867) ပြင်သစ်ပန်းချီဆရာ၊ Nepoleon As Emperor ကားကြီးရေးဆွဲသူ။ ဒေဂါးနှင့်ပီကာဆိုတို့ နှစ်ယောက်က သူ၏စာလုံးရေးပုံကို အတုယူရေးကြသည်။

၃။ Eugene Delacroix (1798-1863) ကားပေါင်း ၄၀၀၀ ကျော်ရေးသွားသည့် ပြင်သစ်စိတ်ကူးယဉ်အနုပညာပန်းချီဆရာ။ သူ၏အရောင်အသွေးရွေးချယ်မှုသည် ရေနွား၊ ဆူးရတ်နှင့်ဗန်ဂိုးတို့အပေါ်တွင် ဩဇာသက်ရောက်သည်။ ဗန်ဂိုးက 'ခရစ်တော်၏ မျက်နှာတော်ကို အနုစိတ်ရေးနိုင်သူ ရမ်းဘရင့်နှင့် ဒလာခွား နှစ်ယောက်ပဲရှိသည်' ဟုရေးခဲ့သည်။

၄။ Theodore Gericault (1791-1824) ပြင်သစ်စိတ်ကူးယဉ်အနုစိတ်ပန်းချီဆရာ၊ ရှဘင်ကို အားကျသည်။ ၁၉၁၆-၁၇ ခုနှစ်တွင် အီတလီရောက်သွားပြီး မိုက်ကယ်အိန်ဂျလို၏ လက်ရာများကို လေ့လာသည်။ မြင်းစီးခြင်းတွင် ဝါသနာထုံပြီး အသက် ၃၃ နှစ်အရွယ်တွင် မြင်းပေါ်မှ လိမ့်ကျသေဆုံးသည်။ ဒလာခွားတွင် သွေ့ရေးဟန်များ လွှမ်းမိုးသည်။

၅။ Honore Daumier (1808-79) ပြင်သစ်ရုပ်ပြောင်၊ပန်းချီ၊ ပန်းပုဆရာ။ နိုင်ငံရေး၊ လူမှုရေးတွင် သရော်လှောင်ပြောင်သူအဖြစ် နာမည်ကျော်သူဖြစ်သည်။ ၁၉၃၂ ခုနှစ်တွင် ၆လ ထောင်ကျခံရသည်။



"ပန်းချီပညာဟာ အသက်မွေးဝမ်းကျောင်းပညာရပ်တွေထဲမှာ မလိုက်စားသင့်ဆုံးပညာပဲ။ ငါ ပြန်စဉ်းစားကြည့်တယ်၊ လူ ၅၀ လောက်ပဲ ထမင်းဝကြတယ်။ ကျန်တဲ့လူတွေက . . . "

အဆစ်တွေ ပုံပန်းပျက်နေသည့် လက်တစ်ဖက်ဖြင့် သူတို့ဘက်သို့ ညွှန်ပြပြီး

" . . . ငတ်နေကြတာပဲ။ မင်းတို့လဲ အလားအလာရှိတဲ့ လူငယ်တွေပဲ၊ ပါရီမှာ အိမ်တွင်းပုန်းပန်းချီဆွဲနေတဲ့လူတိုင်းဟာ တစ်ချိန်တုန်းက အလားအလာရှိတဲ့ ပန်းချီဆရာတွေချည်းပဲ"

သူအာဝဇ္ဇာန်းရွှင်နေတုန်း အာဂိုစတီးနာရောက်လာပြီး စကားဖြတ်သည်။ အချိုဆုံးပြုံးပြီး နှုတ်ဆက်သည်။

"မစ္စတာဒေဂါး၊ နေကောင်းတယ်နော်"

"မင်း ဘာလိုချင်လို့လဲ ပြော"

အဘိုးကြီးက တန်းဟောက်သည်။

"စံပြမယ်အသစ်ကလေးတစ်ယောက် ဆရာစမ်းသုံးကြည့်နိုင်မလားလို့ပ။ ကျွန်မရဲ့ ညီမဝမ်းကွဲပါပဲ၊ ပလာမိုက ခုမှရောက်လာတာ။ ဆရာကြီး သဘောကျမှာပါ၊ သိပ်လှတယ်ရှင့်"

"လှတာမလှတာထက် သူက နှစ်ခြင်းခရစ်ယာန်လား"

"ရှင် . . နှစ်ခြင်းခရစ်ယာန် ဟုတ်လား၊ ပလာမိုမှာ နှစ်ခြင်း တစ်ယောက်မှ မရှိဘူးလေ"

"နောက်တစ်ခုက လှဖို့မလိုဘူး၊ ဆွဲဆောင်မှုရှိဖို့ပဲ လိုတယ်။ အဲဒါမျိုးဆို ငါ့ဆီလွှတ်လိုက်"

ဟင်နရီတို့အဖွဲ့ဘက်သို့ သူပြန်လှည့်ပြီး ဆက်ပြောသည်။

"မင်းတို့လဲ ငတ်မှာပဲ၊ လမ်းပေါ်မှာ ဖိနပ်စုတ်နဲ့ လျှောက်သွားနေရမှာပဲ။ ဆောင်းတွင်းဆိုရင် စတူဒီယိုထဲမှာ သွေးခဲအောင် ချမ်းဦးမယ်။ မင်းတို့ပညာတတ်တွေပဲကွာ၊ လူရှိသေ ရှင်ရှိသေ ဘဏ်စာရေးဝင်လုပ်ပါလား။ ရဲတပ်ဖွဲ့ထဲ ဝင်ပါလား။ စာပို့သမား ဝင်လုပ်ပါလား"

ပီဆာရို ဝင်တားပြန်သည်။

"တော်ပါတော့ အင်္ဂါရယ်၊ သူတို့ စိတ်ဓာတ်ကျကုန်ပါ့မယ်။ သူတို့ဟာ ယုံကြည်မှုပြင်းပြနေတဲ့ လူငယ်တွေပါ"

"စိတ်ဓာတ်ကျရင် လုံးဝအန္တရာယ်မရှိဘူး။ သူတို့ မျက်နှာတွေကို ကြည့်စမ်း၊ သူတို့ကိုယ်သူတို့ အရမ်းထင်နေကြတာဗျ . . . သူတို့

www.burmeseclassic.com

ကိုယ်သူတို့ မိုက်ကယ်အိန်ဂျလို[၁]တွေ ထင်နေကြတာ။ အင်း . . ကျွန်တော် သူတို့ကို စိတ်ပျက်အောင် မလုပ်နိုင်ပါဘူး၊ ဒါပေမဲ့ ဘဝက လုပ်ပေးလိမ့်မယ်"

သူက ပြောပြောဆိုဆို စင်ပေါ်မှ ဦးထုပ်ကြီးကို လှမ်းယူပြီး ထသည်။ ခေါင်းတစ်ချက်ဆတ်ကာ "ကဲ . . အားလုံး မင်္ဂလာပါခင်ဗျား" ဟုဆိုကာ ထွက်သွားလေတော့သည်။ ပီဆာရိုလည်း ထလိုက်သည်။ စိတ်ဖျက်လက်ပျက် တောင်းပန်သည့်အမူအရာဖြင့် လူငယ်တစ်သိုက်ကို လက်ဝှေ့ပြရင်း

"သူပြောတာမင်းတို့ ဘာမှဂရုမစိုက်နဲ့။ သူက အစာမကျေတဲ့ ရောဂါရှိတယ်၊ နေ့လည်စာစားပြီးရင် အဲဒီအတိုင်းချည်းပဲ"ဟု ပြောပြီး သူနောက်လိုက်သွားသည်။

"အဘိုးကြီးက ပျော်စရာကောင်းပါတယ်ကွ။ ဒေဂါးကို ပြောတာ"

ရာရှူးက ဝေဖန်သည်။ ဒေဂါးနှင့် တွေ့ရသည့်အတွက် သူတို့အားလုံး စိတ်ပျက်ခြင်းနှင့် အားတက်ခြင်းနှစ်မျိုးစလုံး ရောထွေး ခံစားနေကြရ၏။ ဤသို့ဖြင့် ဆိုင်ထဲမှ စုပြုံထွက်လာခဲ့ကြသည်။

*

ဟင်နရီသည် နေ့လည်ပိုင်းများမှာ ရာရှူး၏ စတူဒီယိုတွင် ပန်းချီရေးလိုက်၊ သီချင်းဆိုလိုက်ဖြင့် မောင်မတ်ရပ်ကွက်သားနှင့်တူအောင် မနှစ်ကအတိုင်း လေ့ကျင့်နေ၏။

ညပိုင်းတွင် ပျော်စရာကောင်းလှသည့် နူဝဲလ်သို့ ချီတက်ကြ၏။ နူဝဲလ်သည် သူတို့၏ စုရပ်ဖြစ်နေပြီ။ ဟင်နရီသည် သူတို့အသိုင်းအဝိုင်းထဲတွင် ဝင်ဆံ့နေပြီဖြစ်၏။ သူကို အားလုံးက ယုံယုံကြည်ကြည်၊ ရင်းရင်းနှီးနှီးဆက်ဆံကြ၏။ ဟင်နရီက သူတို့ဘိုင်ကျလျှင် ပိုက်ဆံချေးသည်။ ဘီယာတိုက်သည်။ သူတို့နှင့်အတူ ဖဲရိုက်သည်။ ပညာရပ်ဆိုင်ရာ

၁။ Michelangelo (1475-1564) အီတလီမြောက်ပိုင်း၊ ဖလောရင့် မြို့သား၊ ပန်းပုဆရာ၊ ပန်းချီဆရာ၊ ကဗျာဆရာ၊ ပုံဆွဲဆရာ၊ ဗိသုကာ၊ စွယ်စုံ အနုပညာရှင်ကြီးဖြစ်သည်။ အီတလီသူကောင်းမျိုးဆက်သွေးတစ်ဦးဖြစ်ပြီး ကမ္ဘာကျော် Madonna, Moses, Bettle of Cascina, Last Judgement အပါအဝင် ပန်းချီကား၊ ပန်းပုရုပ်၊ ကျောက်ဆစ်ရုပ်များစွာ၏ လက်ရာရှင်ဖြစ်သည်။ (ကမ္ဘာကျော်မိုက်ကယ်အိန်ဂျလို၏ အတ္ထုပ္ပတ္တိကို Irving Stone က ရေးသားပြီး ဒေါ်ခင်မျိုးချစ်မြန်မာပြန်တာဘုပ်ရှိသည်)



စကားစစ်ထိုးပွဲများတွင် မဝံ့မရဲဖြင့် ဝင်ဆွေးနွေးသည့်အခါ ဆွေးနွေးသည်။ စီးကရက်စသောက်သည်။ သူတို့သုံးစွဲသည့် ခပ်ကြမ်းကြမ်းစကားလုံးတွေ ပြောရဲစပြုလာသည်။ ပြီးတော့ မဆုံးနိုင်သည့် သူတို့ အချစ်ဇာတ်လမ်းများကို နားထောင်သည်။

မိန်းကလေးတွေအကြောင်း ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေကြသည့် သူတို့တတွေ။ မကြာခင် ငြီးငွေ့သွားလိမ့်မည်ဟု သူထင်ခဲ့သည်။ သူအထင်မှားပါသည်။ သူတို့မှာ ပြောစရာဇာတ်လမ်းတွေက တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် များပြားလှသည်။ အချစ်ဇာတ်လမ်း အသစ်အသစ်တို့သည်၊ အမြဲတမ်းရှင်သန်လျက်ရှိလေသည်။

အမျိုးသမီးများဆီမှရသည့် သူတို့အတွေ့အကြုံများ၊ သူတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံကို မည်သို့မည်ပုံ ပန်းချီဆွဲရာတွင် အသုံးပြုရကြောင်းများ စသည်ဖြင့် စသည်ဖြင့်။ ပြီးတော့ မိန်းကလေးများအတွက် ကုန်ကျစရိတ်။ သူတို့ကို ရအောင်စည်းရုံးနည်း။

ကြာတော့ ဟင်နရီငြီးငွေ့လာသည်။ သူငယ်ချင်းတွေကိုလည်း နားမလည်နိုင်အောင်ဖြစ်လာသည်။ ကဇာတ်တွင် တွေ့ခဲ့သည့် ပိန်ကပ်ကပ် မျက်စိမှေးမှေး ပင်မင်းဆိုင် အလုပ်သမများကို သူတို့ဘာတွေသဘောကျနေမှန်းမသိ။

မောင်မတ်စတူဒီယိုတိုင်းကို ရောက်ဖူးပြီး ပျက်စီးလုနီးနီး စံပြမယ်အချို့ဆိုလျှင် သန့်ရှင်းမှုပင်မရှိ။ လက်ချုပ်အင်္ကျီနှင့်၊ စွပ်ပြုတ်သောက်လျှင် အသံတရှုံးရှုံးနှင့်။ သူတို့ကိုယ်မှထွက်နေသည့်အနံ့က အပေါ်စားရေမွှေးနံ့။ အပေါစားဆွဲကြိုးများ ဆွဲထား၏။ ဘယ်လိုမှ အာရုံလာစရာအကြောင်းမရှိသည့် မိန်းမများဟုသာ ဟင်နရီမြင်သည်။

သို့သော် သူအမြင်ကို ဟင်နရီက သူရင်ထဲမှာသာထားသည်။ အပေါစား စားသောက်ဆိုင်များတွင် တွေ့ရသည့် စိတ်လှုပ်ရှားမှုလောက်ကိုပဲ သူခံစားလို့ရသည်။ ဖွန်းသံ၊ ပန်းကန်သံ။ ရင်ဖုံးအဖြူနှင့် စားပွဲထိုးများ သီချင်းတအေးအေးနှင့် လှုပ်ရှားနေသံများ။

ဘယ်လောက်ပျော်စရာကောင်းသည့်ဘဝပါလဲ။ မနှစ်တစ်နှစ်ကဆိုလျှင် အိမ်ရာထဲတွင် ခြေထောက်နှစ်ဖက်စလုံး ကျောက်ပတ်တီးနှင့်။ လမ်းပြန်လျှောက်နိုင် မလျှောက်နိုင် မသေချာဘဲ စိတ်ဓာတ်တွေ ကျနေခဲ့၏။ သည်နှစ်တွင် ဘဝသည် လုံးလုံးလျားလျားကြီး ပြောင်းလဲခဲ့ပြီ။ လူချစ်လူခင်များသည့် ပန်းချီကျောင်းသားတစ်ယောက်ဖြစ်ခဲ့ပြီ။ ဘီယာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးတမြမြနှင့်။ မိုက်ကယ်အိန်ဂျလိုအကြောင်း ဆွေးနွေးလိုက်၊ အီတလီရှေးဟောင်း ပန်းချီအကြောင်း ငြင်းခုံလိုက်၊ သူတို့ပြောသည့် ခပ်ကြမ်းကြမ်း အချစ်ဇာတ်လမ်းများကို နားထောင်လိုက်ဖြင့် ဘဝသည် နေချင့်စဖွယ်အတိ ဖြစ်နေ၏။

ညနေ ၆ နာရီထိုးလျှင် လူစုခွဲဖို့ မနည်းကြိုးစားရ၏။ သူငယ်ချင်းများနှင့် နှုတ်ဆက်ထွက်ခွာပြီး အိမ်ပြန်သည်၊ မေမေ့ ဧည့်ခန်းကြီးသည် ဟိုတုန်းကလို မနွေးထွေးတော့ဘဲ အေးတိအေးစက်ကြီး ဖြစ်နေသည်ထင်၏။ မောင်မတ်တွင် ကိုယ့်အခန်းနှင့်ကိုယ် နေခွင့်များရလိုက်လျှင် . . .

“ဒီနေ့လဲ နောက်ကျပြန်ပြီ မေမေရေ။ ဆောရီးနော်။ မောင်မတ်ကနေ အိမ်ကို မိနစ် ၄၀ တောင် ရထားမောင်းရတာမေမေရဲ့။ လမ်းတွေကလဲ ပိတ်ကျပ်နေတော့ ကျိုးဇော်မောင်းရတာ မတွင်လှဘူး”

တစ်ညနေ အိမ်အပြန်နောက်ကျသဖြင့် ထမင်းစားခန်းထဲတွင် မေမေ့ကို တောင်းပန်နေခြင်းဖြစ်သည်။

“စောစောပြန်လာရင် စောစောရောက်မှာပေါ့ကွယ်၊ ညနေစာစားချိန်အမီတော့ ရောက်သင့်တာပေါ့။ သားကျောင်းက ၁၂ နာရီလွတ်တာပဲ၊ ဟုတ်တယ် မဟုတ်လား”

တော်ပါသေး၏။ အခန်းထဲသို့ စားပွဲထိုးတစ်ယောက်ဝင်လာသဖြင့် မေမေ စကားပြတ်သွားသည်။ စွပ်ပြုတ်ကို ကြိုးစားပြီးသောက်၏။

“ပြီးတော့ အငှားရထားတွေနဲ့ ပြန်ရတာ အရမ်းအေးတာပဲ။ တစ်နေ့နေ့တော့ သားအအေးမိပြီး ဖျားလိမ့်မယ်”

မေမေက စားပွဲတစ်ဖက်မှနေပြီး သားကို ငေးကြည့်နေ၏။ အင်း. . လူငယ်တွေ၏ ပေါ့ပေါ့တွေးတတ်ခြင်း ပေါ့ပေါ့လုပ်တတ်ခြင်းမျိုး ပါလား။ လိုချင်တာရအောင် သူတို့ သုံးသည့်လက်နက်မှာ ဘယ်လောက် တရားမမျှလိုက်ပါသလဲ။

မောင်မတ်တွင် သူ့အခန်းနှင့်သူ နေချင်နေပြီ။ သည်လို နေချင်သည်မှာကြာပြီမဟုတ်လား။ မေမေ သိသည်ပေါ့၊ အတောင်အလက်စုံပြီပေါ့လေ။ သူငယ်ချင်းတွေနှင့် သွားသွားလာလာ မောင်မတ်ရပ်ကွက်သားလို နေချင်ပြီပေါ့။ သဘာဝကျပါသည်။ ဒါပေမဲ့ မငယ်လွန်းဘူးလား သားရယ်။

မေမေက ခပ်အေးအေးလေသံဖြင့် မေးသည်။



“သား မောင်မတ်မှာ နေချင်ပြီပေါ့လေ၊ ဟုတ်တယ်မဟုတ်လား”

တဲ့တိုးကြီးမေးလာသဖြင့် ဟင်နရီလန့်သွားသည်။ လှည့်ပတ်ခုဝိုက်ပြီး မေမေ့ကို စည်းရုံးမည်ဟု ဟင်နရီစိတ်ကူးထား၏။ လွယ်လွယ်နှင့်ရမည်မဟုတ်ဟုလည်း ထင်ခဲ့၏။ ခုတော့ မေမေ စပြီး လမ်းဖွင့်ပေးနေပါပကောလား။ အံ့ဩလွန်းစွာဖြင့် မေမေ့ကို ပြန်မေးမိ၏။

“မောင်မတ်မှာနေရမယ်၊ ဟုတ်လား မေမေ၊ သား စိတ်မကူးမိပါဘူး၊ အင်း . . မေမေ ပြောလာတော့လည်း စဉ်းစားရတာပေါ့လေ။ ဟိုမှာနေရင်တော့ ပိုအဆင်ပြေတာပေါ့မေမေရယ်၊ ကျောင်းနဲ့လဲနီးတော့ . . ပြီးတော့ . . .”

“ . . . သူငယ်ချင်းတွေနဲ့ စားသောက်ဆိုင်မှာ ထိုင်ဖို့အချိန်ပိုရတာပေါ့”

မေမေက သူ့ကိုဖြတ်ပြောသည်။ မေမေ့ကို လိမ်ပြောဖို့ မလွယ်ပါလား။

“ဟုတ်ပါတယ် မေမေ၊ သားသူငယ်ချင်းတွေနဲ့ နေချင်ပါတယ်”

“မေမေ မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ တစ်ယောက်တည်းနေလို့ ဖြစ်ပါ့မလား၊ မတော်တဆလဲကျပြီး ခြေထောက်နာသွားရင် ကူညီမယ့်သူမရှိရင် . . .”

“မေမေ့ကို သားပြောဖူးတယ်လေ၊ ဂရနီယေးမှာ အခန်း ၂ ခန်းရှိတယ်၊ သူက အသက် ၂၃ နှစ် ရှိပြီ၊ သူ မတတ်နိုင်လို့ တစ်ခန်း ပြန်ငှားချင်နေတယ်။ နေမယ့်လူရှိရင်ရှာပေးပါဆိုပြီး မနေ့ကတောင် ပြောနေသေးတယ်”

“ကျွန်တော်ယူမယ်လို့ သားပြောလိုက်တယ်မဟုတ်လား”

ဟင်နရီ့နားရွက်တွေ ပူထူသွားသည်။

“အဲဒီလိုတော့ မပြောသေးပါဘူး မေမေ၊ ဒါပေမဲ့ . . .”

မေမေ့မျက်နှာပေါ်တွင် ဆွေးရိပ်သမ်းသွားသည်ကို မြင်လိုက်ရ၏။ ပြီးမှ အပြုံးတစ်ချက်လက်လာပြီး

“သား လိမ်ပြောဖို့ ဘယ်တော့မှ မကြိုးစားနဲ့ သိလား။ သား လုံးဝ မလိမ်တတ်ဘူး။ သား သူငယ်ချင်းကို ပြောလိုက်တော့၊ အားလုံး အဆင်ပြေမှာပါလို့”

www.burmeseclassic.com

www.burmeseclassic.com



ဟင်နရီ အရမ်းပျော်သွားသည်။ စတူဒီယိုတစ်ခုလည်း ပူဆာရဦးမည်။ ဒါတော့ လွယ်မည်မထင်။ တစ်ယောက်တည်းနေဖို့ မေမေ ခွင့်ပြုမည်မဟုတ်။ တစ်နှစ်လောက် စောင့်လိုက်ဦးမည်။ ပြီးမှ ပြပွဲတင်ဖို့ ကားတွေရေးမည်။ သည်အချိန်လောက်ရောက်ရင်တော့ မေမေ ခွင့်ပြုတော့မှာပါ။

"သားကို မောင်မတ်မှာ အခန်းငှားပြီးနေဖို့ မေမေခွင့်ပြုတယ်ဟုတ်လား"

ဟင်နရီက သူ့နားသူမယုံသေးသလို ထပ်မေးသည်။

"ဟုတ်တယ်ဟင်နရီ၊ မေမေခွင့်ပြုပါတယ်"

"ကျေးဇူးတင်လိုက်တာ မေမေရယ်။ မေမေခွင့်ပြုမယ်ဆိုတာ သားသိပါတယ်။ သားနေမယ့် အခန်းပြတင်းပေါက်ကနေပြီး မွန်စီယာဒေဂါးရဲ့ စတူဒီယိုကို လှမ်းမြင်ရတယ်မေမေ"

"ဘယ်သူလဲ မွန်စီယာဒေဂါးဆိုတာ"

မေမေက စိတ်မပါလက်မပါ ပြန်မေးသည်။

"ဟင်. . မေမေမသိဘူး ဟုတ်လား။ သူကလက်ရှိပန်းချီဆရာတွေထဲမှာ နာမည်အကျော်ဆုံးမေမေရဲ့။ သူ့ရဲ့ ကချေသည်ဆိုတဲ့ကားကို မေမေမြင်စေ့ချင်တယ်။ အမျိုးသမီးပုံတွေလဲ အံများကြီးပဲ၊ ပြီးခဲ့တဲ့ အပတ်က သားနဲ့ရာရှူး သူ့ပြပွဲကို သွားကြည့်ကြသေးတယ်၊ ဒူရန်ရောလ်ရဲ့ . ."

မြို့စားကတော်လေး ဘာမျှမကြားတော့ပါ။ သားကလေးပါ ဘဝထဲက ထွက်သွားပြန်တော့မည်။ ယုံကြည်မှုအပြည့်ဖြင့်၊ သူ့လမ်းသူ လျှောက်တော့မည်။ ရင်အုပ်မကွာထားလိုသည့် ဆန္ဒတွေ၊ အဟောသိကံ ဖြစ်ကုန်ပြီ။

ဧရာမ သည်တိုက်ခန်းကြီးထဲတွင် တစ်ကိုယ်တည်း ကျန်ရစ်ခဲ့ရတော့မည်။ ဘယ်လောက် အထီးကျန်နိုင်သည့် ဘဝမျိုးလဲ။

ထိုညတွင် သားကလေး၏ အခန်းထဲသို့ အသာဝင်လာခဲ့သည်။ မီးအိမ်ကို မြှောက်ပြီး သနားစရာကောင်းလှသည့် သူ့မျက်နှာကို သေသေချာချာကြည့်သည်။ ပြီးတော့ စောင်ကိုလှပ်ကာ သူ့အောက်ပိုင်းကို ကြည့်လိုက်သည်။ သေးကွေးကျုံလှီလွန်းလှပါကလား။ သူ့ခန္ဓာကိုယ် အောက်ပိုင်းသည် ကျောင်းနေစအရွယ်ကထက် လုံးဝပိုကြီးမလာခဲ့ပေ။

သူငြိမ်သက်စွာ အိပ်နေရှာသည်။ ခြေထောက်တွေထဲက နာ





ကောင် ကိုက်ခဲလာလျှင် တစ်ခါတလေ မျက်နှာရှုံ့သွား၏။ သို့သော် အိပ်ရာမှ နိုးလောက်အောင်တော့မဟုတ်။

မုန်တိုင်းကား သူ့ဆီသို့ ရောက်မလာသေး။ မောင်မတ်၏ ညဲ့ခဲတွင် သူမနစ်သေး။ စားသောက်ဆိုင်တွေ၊ စံပြမယ်တွေနှင့် ထွေးရောယှက်တင်ဖြစ်လာလျှင် မကြာခင် သူ့နှလုံးသား လှုပ်ရှားလာတော့မည်။ နိုးကြားလာတော့မည်။ တောင်းဆိုလာတော့မည်။

ထိုအခါ သူအချစ်ရှာလိမ့်မည်။ အမှန်တရားက သူ့မျက်နှာရှေ့ဘောင် ပေါက်ကွဲတော့မည်။ အဲဒီအခါ သူဘာလုပ်မည်လဲ။ အို . . ဘုရားသခင်၊ သူဘာလုပ်မည်လဲ။

*

"ဂရနီယေး ဂရနီယေး၊ ထတော့ဗျာ မိုးလင်းပြီဗျ"

တစ်ဘက်ခန်းမှ အိပ်ချင်မူးတူးထူးသံကြားရသည်။

"ဟာကွာ . . သေတော့မှာပဲ။ အရမ်းမအော်နဲ့ကွာ၊ ဘယ်အချိန်ရှိသေးလို့လဲ"

"၈ နာရီထိုးတော့မယ်ဗျ၊ ကျောင်းနောက်ကျနေလိမ့်မယ်"

သံဖြူရေချိုးကန်ထဲတွင် ပျော်ပျော်ပါးပါး ရေဆော့ရင်း ဟင်နရီ သပ်အော်ပြောသည်။

"ထတော့ဗျ နောက်ကျနေလိမ့်မယ်"

"နောက်ကျတော့ ဘာဖြစ်လဲကွ။ ရေချိုးကန်ထဲမှာ ကမြင်းမနေနဲ့ မင်းကို ငါဘာကြောင့် ဒီအခန်းငှားတယ်ဆိုတာ မသိဘူးလား"

ဤသည်မှာ သူတို့နှစ်ယောက် မနက်တိုင်းဖြစ်နေကျ အစဉ်အလာတစ်ခုဖြစ်၏။ ဒါသည်ပင်လျှင် မောင်မတ်၏ အငွေ့အသက်တစ်ချိုးဖြစ်လေသည်။ ကြေးခုတင်သေးသေးကလေးပေါ်တွင် အိပ်ရာမှ နိုးလျှင် စိတ်ထဲ လွတ်လပ်ပျော်ရွှင်နေ၏။ ထင်ရှူးသားအဝတ်ဗီရို ခနိုးခနဲ့ သံဖြူရေချိုးကန်၊ ဒါတွေကိုလည်း ဟင်နရီ သဘောကျနေ၏။

အင်းနက်၏ အထိန်းခံ အပြုစုခံဘဝမှ လွတ်မြောက်ခဲ့ပြီ။ ဘစ်ချိန်လုံးအရိပ်တကြည့်ကြည့်လုပ်နေသည့် ဂျိုးဇက်လည်း အနားမှာ မရှိတော့။ အရာတိုင်းကို ထိုးဖောက်သိမြင်နေသည့် မေမေ မျက်လုံးများနှင့်လည်း ဝေးခဲ့ပြီ။

မောင်မတ်တိုက်အိုကြီးတစ်လုံးတွင် ကိုယ့်အခန်းနှင့်ကိုယ် နေရသည့်ဘဝကို ရောက်ခဲ့ပြီဖြစ်ပါ၏။ ရာရှူးလို၊ အခြားသူငယ်ချင်းများလို

www.burmeseclassic.com

www.burmeseclassic.com



လူပျိုလူလွတ်ဘဝကို ရခဲ့ပြီ။ မနူးမနပ် မေမေ့နို့သက်ခံ လူမမယ်ကလေး မဟုတ်တော့။

သည်တစ်ခါတော့ သူ့တကယ်ပင် ရင့်ကျက်ခဲ့လေပြီ။ ရာရှူး နှင့်အတူ မနက်စာထွက်စားသည်။ ပြီးလျှင် ကျောင်းကို လမ်းလျှောက်သွား သည်။ အငှားရထားတွေကို လမ်းထောင့်မှ အော်ခေါ်ဖို့မလိုတော့။ စား သောက်ဆိုင် စကားရည်လုပွဲများကို ကြောက်လန့်နေစရာမလိုတော့။

ဘဝသည် ခုမှ အံ့ဩစရာကောင်းလောက်အောင် နေပျော်လာ သည်၊ သူငယ်ချင်းများနှင့် ညနေတိုင်း တစ်ဝကြီးအချိန်ဖြုန်းနိုင်သည်။ အခေါ်အဝေါ် ဘားသောက်ဆိုင်များတွင် ကြိုက်သလောက်ထိုင်နိုင်သည်။

စပိန်ကလာသည့် လိမ္မော်သီးစားပြီး ဆပ်ကပ်ကြည့်ရသည် မှာလည်း ရင်ခုန်စရာတစ်မျိုးပင်။ ဘီယာနံ့နှင့် ဆေးတံမီးခိုးနံ့ ရောပျံ့ နေသည့်ဆိုင်များတွင် ကြိုက်သလောက် အော်ဟစ်နိုင်သည်။ အမျိုးသား ရေး သီချင်းများကို သံပြိုင်လိုက်ဆိုနိုင်သည်။

ပျော်စရာအကောင်းဆုံးကတော့ "လေလီ" ဖြစ်၏။ "လေလီ ဒီမောင်မတ်" ကို လေလီဟု အတိုကောက်ခေါ်ကြခြင်းဖြစ်၏။ ဟောင်း နွမ်းနေပြီဖြစ်သည့် ကပွဲခန်းမဆောင်ကြီးဖြစ်သည်။ ဈေးသက်သာသည်။ ပျော်စရာကောင်းလောက်အောင် ဆူညံသည်။

ပီဂယ်လီပန်းခြံမှ ရေပန်းကြီးများ၊ ပျက်စီးနေသည့် လေရဟတ် ကြီးများ၊ ထာဝရတည်ရှိနေသလို မောင်မတ်တွင် စံပြမယ်ကလေးများ လည်း ခေတ်အဆက်ဆက်တွင် တည်ရှိနေသည်သာ။

လေလီသည် မောင်မတ်သူကလေးများ၏ ခိုနားရာအဖြစ် ရပ် တည်နေခဲ့သည်မှာ နှစ်ပေါင်းရာချီကြာခဲ့ပြီ။ သူတို့ရယ်မောသံ၊ သူတို့၏ ဝဲနေသည့် ဂါဝန်ရှည်ကြီးများ ပွတ်တိုက်သံသည်လည်း ရှေးဟောင်း သံယက်မကြီးများ ထမ်းထားသည့် မျက်နှာကြက်အောက်တွင် သမဏီ ရှည်ခဲ့သည်။ ဝက်သစ်ချစားပွဲပေါ်မှ အသည်းကို ဓားစိုက်ပုံ ထွင်းထား သည့် အချစ်သင်္ကေတများပင်၊ ရေးရေးမျှသာ ထင်တော့သည်။ သည် နေရာသည် တစ္ဆေပေါင်း မြောက်မြားစွာ ခြောက်လှန့်နေသည့်နေရာ ဖြစ်သည်။ သို့သော် ချစ်စရာကောင်းသည့် တစ္ဆေများဖြစ်၏။ နားလည် ခွင့်လွှတ်တတ်သည့် တစ္ဆေများဖြစ်၏။

လေလီသည် ပျော်စရာကောင်းရုံမျှသာမဟုတ်ဘဲ အချစ်ဇာတ် လမ်းများစွာနှင့် တေးဂီတများစွာ မွေးဖွားရင်သန်ရာလည်းဖြစ်လေသည်။



ငွေကြေးအကုန်အကျမများလှဘဲ ဘဝအမောများအတွက် ဖြေပြေရာ၊ အကျဉ်းစံနှလုံးသားများအတွက် လွတ်မြောက်ရာနယ်မြေဖြစ်၏။

လေလီတွင် ဝိုင်နီသောက်ရင်း ပုံကြမ်းတွေ ရေးဖြစ်သည်။ သူငယ်ချင်းတွေကလျှင် ထိုင်ကြည့်သည်။ ရက်ရွဲ့ရွဲ့အမူအရာရှိသည့် ဒိုင်ရှင်အဘိုးကြီးပီယာပြူဒါက သူ့အနားတွင်ရပ်ပြီး ရံဖန်ရံခါ ဝိုင်နီ ဝင် ငှေ့တတ်သည်။ ပြီးတော့ သူ့အကြောင်းများကို ပြောပြတတ်သည်။ မောင်မတ် ရာဇဝင်ကို အိုင်ချင်းဖွဲ့တတ်သည်။

"မောင်မတ်က မိန်းကလေးတွေဟာ အားလုံးပျက်စီးနေတာ ကွ၊ သူတို့ အမေတွေ၊ အဘွားတွေလဲ ဒီအတိုင်းပဲ။ ဒီလိုဆိုင်တွေ၊ စားပွဲ ခုံအောက်တွေမှာ သူတို့ပျော်ကြတာ။ သည်လိုနေရာတွေကို သူတို့က ကိုယ့်အိမ်ကိုယ့်ယာမှတ်တာ။ အို . . သူတို့အကြောင်းတွေ ပြောပြရရင် မောင်ရင် ဆံပင်တွေ ထောင်ထလာလိမ့်မယ်။ သူတို့ ကပုံကို ကြည့်လေ၊ ဒူးတွေ ပေါင်တွေတင်မကဘူး . . ကင်ကင်အကတဲ့လေ"

ရာရှူးက သူနှင့်တွဲကလေ့ရှိသည့် ဂေါ်လီနှင့် ဟင်နရီကို မိတ် ဆက်ပေးသည်။ ရွှေရောင်ဆံပင်နှင့် ၁၈ နှစ်သမီးကလေးဖြစ်၏။ ပင်မင်း ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်သည်။

မောင်မတ်သူပီပီ ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း ပြောတတ် ဆို တတ်သည်။ ရယ်စရာရှိလျှင် အော်ရယ်တတ်သည်။ သို့သော် ဂေါ်လီက အကတော့ ကောင်းသည်။ စည်းဝါးပိုင်သည်။ ရွှေပွဲလာအစ်ကို ကာလ သားတို့ အသက်ရှူဖို့ မေ့နေအောင် ကပြနိုင်စွမ်းရှိသည်။

သီချင်းတစ်ပုဒ်ဆုံးလို့ နားချိန်တွင် ကနေသည့် သူငယ်ချင်း များ၊ ဟင်နရီဆီသို့ ပြန်ရောက်လာတတ်ကြ၏။ ဝိုင်ပူသောက်သူ သောက်၊ ဆေးတံညှိသူညှိနှင့်၊ ပြီးတော့ စကားပြောကြသည်။ နောက် သူတို့အတွဲ ကောင်မလေးတွေ လာဝိုင်းလျှင် တိုးတိုးခွေ့ခွေ့ထိုင်ပြီး ရယ်ကြ၊ မောကြ၊ ပွေ့ဖက်နှုတ်ဆက်ကြဖြင့် ဆူညံနေတော့၏။

နောက်သီချင်းတစ်ပုဒ် စလိုက်သည်နှင့် သူ့ကို တစ်ယောက် ထည်းထားခဲ့ပြီး သူတို့တတွေ ဒွိယံ၊ ဒွိယံ ဝဲကာပျံကာ ကခုန်ကြပြန်လေ သည်။ ဟင်နရီက သူတို့ကိုကြည့်ပြီး အချိန်ဖြုန်းသည်။ မီးရောင်မှိန် မှိန်တွင် သူတို့ ကနေကြပုံမှာ အိပ်မက်ထဲတွင် လေမှာဝဲနေဘိသို့ရှိ၏။ တစ်ယောက်နှင့်တစ်ယောက် ဖက်ကာ မိန်းကလေးများက သူတို့အတွဲ များ၏ ပခုံးတွင် မှီနွဲ့ကာ မျက်တောင်အစင်းသားနှင့်၊

www.burmeseclassic.com

www.burmeseclassic.com



ယန်း၊ ရေနော်ဒင်ဆိုသူ ခပ်ဆန်းဆန်းလူတစ်ယောက်နှင့်လည်း လေလီတွင်ပင် ဟင်နရီမိတ်ဆွေဖြစ်ခဲ့သေးသည်။ သူ့အရပ်ကြီးက မိုးထိုးနေ၏။ စကားတိုးတိုးပြောပြီး တစ်ယောက်တည်းနေသည်။ ချမ်းသာသည်။ သို့သော် လူက အလောင်းကောင်ကြီးနှင့် တူနေ၏။

သူက အကအလွန်ဝါသနာပါသည်။ သန်းခေါင်ကျော်လျှင် လူရှင်းသည့် အမှောင်လမ်းကိုရွေးပြီး လေလီသို့လာသည်။ ကင်ကင်ကသည်၊ အများအားဖြင့် ဂေါ်လီနှင့်တွဲသည်။ ပြီးတော့ ချက်ချင်းပျောက်ကွယ်သွားတတ်သည်။



ဟင်နရီ့အတွက် ငြီးငွေ့ခြင်းအလျဉ်းမရှိဘဲ အချိန်တွေ ကုန်လွန်နေ၏။ ကခုန်နေသည့် ပုံတွေရေးလိုက်၊ ဝိုင်ကလေးတစ်ကျိုက်မော့လိုက်၊ သူငယ်ချင်းများ၏ ဟာသကို ရယ်မောလိုက်နှင့် ဘဝသည် ရင်ခုန်ကြည်နူးစရာအတိ ဖြစ်နေ၏။



သန်းခေါင်ကျော်လျှင် လင်းကွင်းသံများ မင်းမူလာပြီး ဆူဆူညံညံ နရီသွက်တီးလုံး စလေသည်။ ကင်ကင်အကစချိန်။ လူတွေ စားပွဲမှထပြီး ဇာတ်ခုံဆီသို့ တိုးဝှေ့ကာ အလုအယက်အနီးကပ်ကြည့်ကြသည်။

ကမည့်အတွဲများ မျက်နှာချင်းဆိုင်ရပ်နေကြ၏။ စမည့်အချိန်ကို ရင်တမမ စောင့်နေကြ၏။ မိန်းကလေးများက စကတ်ကို တင်းတင်းဆုပ်ထားကြ၏။ အမျိုးသားများက လက်နှစ်ဖက်ကို မြှောက်ထားပြီး လက်ခုပ်တီးဖို့ အသင့်ပြင်ထားကြ၏။

တီးဝိုင်း စလိုက်သည်နှင့် အရုပ်တွေ တစ်ပြိုင်တည်းအသက်ဝင်လာသလို လှုပ်ရှားလာကြသည်။ မိန်းကလေးများ စတင်ကခုန်ကြလေပြီ၊ သူတို့က ကရင်း သီချင်းလည်းဆိုရသေးသည်။ ခဏကြာတော့ ခါးကိုကုတ်အကျီတွေကိုချွတ်ပြီး အပေါ်သို့ လွှင့်ပစ်လိုက်ကြသည်။

အမျိုးသားများက ရှေ့လှမ်းလိုက်၊ နောက်ပြန်ဆုတ်လိုက်ဖြင့် လက်ခုပ်မှန်မှန်တီးပေး၏။ လက်ဝါးချင်းရိုက်သည့်အခါ ရိုက်သည်။ ပေါင်ကိုပုတ်သည့်အခါ ပုတ်သည်။ ပြီးတော့ စည်းချက်ညီညီ ထိုင်လိုက်ထလိုက်နှင့် ကကြ၏။

ကြာလေ အကထဲတွင် သူတို့စိတ်ပါလေဖြစ်လာကြသည်။ ဂေါ်လီကို ကြည့်ရသည်မှာ လေပွေအငယ်စားကလေးတစ်ခုနှင့် တူနေ၏၊ မျက်လုံးတွေ အရောင်တဖျပ်ဖျပ်တောက်ကာ ဆံပင်တွေက လေထဲတွင် ဝဲနေ၏။ အလားတူ သူ့စကတ်သည်လည်း သူ့တစ်ကိုယ်လုံးတွင် လွင့်ပျံနေ၏။ ပေါင်တံများကို မြှောက်ကာ မြှောက်ကာဖြင့် ကိုယ်ပေါ်မှ အရာအားလုံးကို လှုပ်ခါချပစ်နေသည့်အလား၊ တစ်ကိုယ်လုံး ချွေးတွေရွှဲနေပြီ။ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်တို့သည် သူ့ခန္ဓာကိုယ်နှင့်အတူ သည်းဝါးကိုက်နေ၏။

တီးဝိုင်းခေါင်းဆောင် ဂျူးဖိုးက သူ့လူတွေကို အရှိန်မြှင့်ဖို့ အချက်ပြလိုက်သည်။ အတီးနှင့်အက လမိုင်းကပ်လာပြီး ဇာတ်စင်ကြီး မြေမတတ်လှုပ်ကြခါကြ၏။ လက်ခုပ်သံများမြန်သထက် မြန်လာ၏။ နှောင့်ဆောင့်သံများ ပို၍ပို၍စိတ်လာ၏။

နောက်ဆုံးတွင်မှ လင်းကွင်းသံကြီးတစ်ချက်နှင့်အတူ သူတို့ခန္ဓာကိုယ်တွေတစ်ခြမ်းစီ ဓားနှင့်ခွဲခံလိုက်ရသလို ခြေထောက်နှစ်ဘက်ကို ကြမ်းပြင်ပေါ် မျဉ်းဖြောင့်အနေအထားဖြင့် ထိုင်ချလိုက်ပြီး ရှုပ်သေးရှုပ်

www.burmeseclassic.com

www.burmeseclassic.com

ကလေးများကြိုးပြတ်ကျသည့်အလား ခေါင်းငိုက်စိုက်ချကာ ငြိမ်သက်သွားကြသည်။

*

ကျောင်းတွင်တော့ ဟင်နရီသည် စိတ်ပါလက်ပါ အလုပ်လုပ်သည်။ လမ်းရိုးဟောင်းမှ ခွဲထွက်လိုစိတ်ကို မျိုသိပ်လျက် ကျောင်းစည်းကမ်းကို ကျိုတ်မှိတ်လိုက်နာသည်။ မေမေ့ဆီသို့လည်း မကြာခဏပြန်သည်။ အတွေ့အကြုံသစ်တွေကို ပြောပြသည်။ ဗိနုပ်စ်၏ လဲလျောင်းနေပုံ သူ့လက်ရာကို ဆရာက ချီးမွမ်းကြောင်းလည်းပြောပြ၏။ ဗာလာဒွန်[၁] အိမ်သို့ ရောက်သွားပုံ၊ ပြတိုက်တကာကို ရာရှူးနှင့်လျှောက်ကြည့်ပုံ၊ ဒတ်ချ်လူမျိုး သီအိုဝန်ဂိုးသဘောကောင်းပုံနှင့် သူ့မှတ်ဆိတ်ချွန်ချွန်အကြောင်းပါမကျန် ပြောပြ၏။

ဒေဂါးအကြောင်းနှင့် မောင်မတ်၏ ပျော်စရာအဖုံဖုံကိုလည်း အားရပါးရပြောပြ၏။ သို့သော် မောင်မတ်၏ ဘဝနှင့် မောင်မတ်၏ ဝန်းကျင်ကို မေမေ နားလည်ဖို့မလွယ်ပါ။ အမေနှင့်သားသည် တစ်မြို့တည်းတွင်နေပြီး တစ်ကမ္ဘာစီခြားသလိုဖြစ်နေ၏။

သူ့ကို တိုးတိုးဖော်အဖြစ် သဘောထားနေကြပြီဖြစ်သော သူငယ်ချင်းများ၏ အခက်အခဲများကို တတ်နိုင်သလောက် ကူညီဖြေရှင်းပေးသည်။ ဂေါ်ဇီအချစ်သစ်နှင့်တွေ့ပြန်၏။ သည်တစ်ခါတော့ အတည်အတံ့ပါဟုဆို၏။ သို့သော် သုံးပတ်ကြာသည့်အခါ ခေါင်းအုံးတွင် နှုတ်ဆက်စာရွက်ကလေးကို ပင်အပ်နှင့်ထိုးထားခဲ့ပြီး ကောင်မလေးပျောက်ကွယ်သွားပြန်၏။

မိန်းမတွေသစ္စာမဲ့ပုံကို တစ်လလုံးလုံး မနားတမ်းပြောနေ၏။ အောက်ကက်တန်လည်း နောက်တစ်ယောက်ထပ်ဆုံးပြန်၏။ လုဗ်ပြတိုက်မှာပင် ပျောက်သွားခြင်းဖြစ်သည်။ သည်တစ်ခါတော့ အီတလီရှေးဟောင်းလက်ရာပြခန်းထဲတွင် သူ့ကိုထားပြီး ကောင်မလေး လစ်သွားခြင်းဖြစ်သည်။ ဂရနီယေးကလည်း အိမ်နီးနားချင်း ကောင်မလေးတစ်

---

၁။ Suzanne Valadon (1865-1938) ပြင်သစ်အမျိုးသမီးပန်းချီဆရာမ။ ဆက်ကပ်မင်းသမီးဘဝမှ ဒဏ်ရာရသဖြင့် ထွက်လိုက်ပြီးမောင်မတ်တွင် နာမည် ကျော် စံပြမယ် အလှမယ်ဖြစ်လာသည်။ ရေနွားနှင့် တူလုစ်လောထရက်၏ စံပြမယ် လည်းဖြစ်ခဲ့ဖူး၏။ ချစ်သူလည်း ဖြစ်ခဲ့ဖူး၏။ သူကိုယ်တိုင် ပန်းချီဆရာမ ဖြစ်လာအောင် လောထရက်နှင့် ဒေဂါးတို့က မြေတောင်မြှောက်ပေးခဲ့သည်။ ရုပ်ငြိမ်များနှင့် ပုံတူများရေးဆွဲခဲ့သည်။ သားဖြစ်သူ အာထရီလိုကိုလည်း ပန်းချီဆရာဖြစ်အောင် ဖွတ်လုပ်ယူခဲ့သည်။



ယောက်နှင့် အရှုးအမူးဖြစ်လိုက်သေးသည်။ သူ့အခန်းမှ မကြားချင်အဆုံး အသံဗလံများကို မမှုဘဲ ဟင်နရီနှစ်နှစ်ခြိုက်ခြိုက်အိပ်တတ်နေပြီ။

အရောင်းစာရေးမကလေးများ ဖြစ်ဟန်တူသည့် ကောင်မလေးခေါင်းများစွာကို ရာရှူးက သူ့စတူဒီယိုနှင့်ဆွဲဆောင်သည့်အလုပ် ဖြစ်ပါသည်။

ရာရှူးသည် မဆုံးနိုင်သော အချစ်ဇာတ်လမ်းများနှင့် ဆက်တိုက်နှစ်ပါးသွားနေဆဲဖြစ်သည်။ သူ့အချစ် သေနင်္ဂဗျူဟာများကို ဆက်တိုက် အသုံးပြုနေဆဲဖြစ်သည်။ အချစ်အမဲလိုက်ခန်းများအတွက် သူသုံးနေကျလက်နက်မှာ အကြင်နာတရားဖြစ်သည်။ အမဲလိုက်သည့်နေရာမှာ လမ်းမများပေါ်တွင် ဖြစ်သည်။

ဦးထုပ်ကို ချွတ်ပြီး လက်တွင်ပိုက်လျက် အမွှေးအမှင် ထူထပ်သော မျက်နှာတွင် အပြည့်ဝဆုံးပြုံးလိုက်သည်။ ပြီးတော့ သားကောင်အနားကပ်ပြီး

"ကိုယ့်ကို ခွင့်လွှတ်နော်၊ မိန်းကလေးတစ်ယောက်ကို လမ်းပေါ်မှာ စကားပြောဖို့ ကိုယ်တစ်ခါမှ မကြိုးစားခဲ့ဖူးဘူး။ ဒါပေမဲ့ ဒီတစ်ခါတော့ ကိုယ့်ကိုယ်ကိုယ်အလျှော့ပေးလိုက်ရတယ်။ ကိုယ်က ပန်းချီဆရာတစ်ယောက်ပါ။ မကြာခင်ပြပွဲတင်ရမယ့်ကားတွေ ရေးနေတယ်လေ၊ ကိုယ်ရေးရမယ့်ပုံက မယ်တော်မာရီရဲ့ပုံ၊ မင်းရဲ့ပုံကို ဘေးတိုက်မြင်ရတော့ . . အပြစ်ကင်းစင်တဲ့ မင်းရဲ့ မျက်နှာကလေးဟာ . . "

ဆယ်ကြိမ်မှာ ကိုးကြိမ် သူအောင်မြင်သည်။ မယ်တော်မာရီရဲ့ပုံတူရေးဖို့ ကိုယ်ဟန်ပြပေးမည့် မိန်းကလေးများ၊ သူ့စတူဒီယိုသို့ လိုလိုလားလားချင် ရောက်လာကြသည်သာ။

သူ့စတူဒီယို တည်ရှိရာမှာလည်း မိန်းကလေးတစ်ယောက်ကို စိတ်အားငယ်စေပြီး အချစ်စိတ်ကို နိုးကြွားစေသည့် မြင်ကွင်းကျယ်မရဏာ သချိုင်းရှုခင်းမဟုတ်လား။ မယ်ဒလင်သံကလေးနှင့် ပန်းသီးအရက်ချိုကလေးက အခန်းထဲတွင်အသင့်။ ဤသို့ဖြင့် သူ့အခန်းထဲတွင် အချစ်ဇာတ်လမ်းတိုကလေးများဖြင့် စိုပြည်နေ၏။ သူ့စိတ်အနေမှာလည်း တိမ်ညွန့် တိမ်စိုင်တွေထဲတွင် လွင့်ဝဲလျက်ရှိတော့သည်။

ဒုတိယနှစ်ဝက်တွင် သူတို့အုပ်စုထဲသို့ ကျောင်းသားသစ် တစ်ယောက် ရောက်လာသည်။ သူ့နာမည်က လူးကာတ်စ်။ လူချော တစ်ယောက်ဖြစ်၏။ လူက ချောသလောက် ပျင်းသည့် လူစားမျိုး၊ ညကျ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော်လည်း ဘာကိုမှ စူးစူးစိုက်စိုက်မရှိလှဘဲ စိတ်ကူးပေါက်ရာ လျှောက်လုပ်တတ်သူလည်းဖြစ်၏။

သည်ကျောင်းရောက်လာပုံကိုပဲ ကြည့်လေ။ ပန်းချီဆွဲချင်လှပါချည်ရဲ့ဆိုပြီး နော်မန်ဒီမှ ပါရီသို့ ထွက်လာခဲ့သည်။ သူ့မိဘများက ချမ်း သာသည်။ ရထားပေါ်တွင်ပင် ပန်းချီဆရာဖြစ်ဖို့ စိတ်ကူးတွေ ပျောက် ကွယ်သွားသည်။ သို့သော် ကျောင်းကို ဝင်ဖြစ်အောင် ငွေကြေး အကုန် အကျခံပြီး ဝင်သည်။ မောင်မတ်တွင် နေချင်လို့တဲ့လေ။ ဖအေ လုပ်သူ ဘဏ်သူဌေးက ကျောင်းစရိတ် လစဉ်မှန်မှန်ပို့ပေးသည်။ ကြည်ကြည်ဖြူဖြူ တော့မဟုတ်။

စိတ်ကူးပေါက်ရာကို စိတ်မြန်လက်မြန်လုပ်တတ်သည့် ကိစ္စများ မြောင်ထဲတွင် မိန်းမကိစ္စလည်းပါ၏။ စွဲလည်းစွဲသည်။ ဟောတစ်ယောက် ဟောတစ်ယောက် ပြောင်းသည်။

ဆောင်းရာသီသည် ပျင်းတိပျင်းတွဲနှင့် ကုန်သွားခဲ့လေသည်။ မတ်လထဲ ရောက်လာပြီမို့ စိမ်းဖြစ်ရေတွေ နောက်လာသည်။ အိမ်ခေါင် မိုးနှင့် လမ်းများပေါ်တွင် ဆီးနှင်းတွေ အရည်ပျော်နေသည်။ နှင်းရေစီး ကြောင်းတွေ ရေမြောင်းများထဲသို့ မြွေလိမ်မြွေကောက်စီးဆင်းနေကြ၏။

ဧပြီလထဲရောက်တော့ လေထုသည် ပို၍ နူးညံ့အေးမြလာ သည်။ ကောင်းကင်တွင် တိမ်စိုင်ဖြူဖြူကြီးတွေက တစ်ခါတစ်ရံ မိုးပြေး ကလေး ရွာချပေးသည်။ လမ်းပေါ်က လူတွေ နီးရာစားသောက်ဆိုင်များ သို့ ပြေးဝင်ခိုနားကြရ၏။

နောက် မိုးဦးရာသီထဲကို ရွေ့လျားခဲ့ပြန်၏။ မောင်မတ်လမ်း များ၏ တစ်ဘက်တစ်ချက်တွင် မြက်ပင်ကလေးများ စိမ်းထလာ၏။ မောင်မတ်၏ ချစ်ဖို့အကောင်းဆုံးရာသီမှာ ဟင်နရီအတွက် မိုးဦးရာသီ ဖြစ်၏။ စိတ်ဓာတ်တွေ တက်ကြွလန်းဆန်းကာ လေကလေးတချွန်ချွန်၊ သီချင်းကလေးတအေးအေးနှင့် သူ့အခန်းကလေးထဲမှ ဒေဂါး၏ ပြတင်း ပေါက်ကို လှမ်းငေးနေတတ်၏။

ရှည်လျားလှသော ဆည်းဆာချိန်များတွင် သူငယ်ချင်းတွေနှင့် နူဗဲလ် ဥပစာတစ်ဝိုက်တွင် လမ်းသလားနေရသည်မှာလည်း ဟင်နရီ အတွက် အရသာတစ်မျိုးပင်။ ပြီးတော့ ဆိုင်ထဲဝင်ပြီး ဘီယာကလေး စုပ်လိုက်၊ အနုပညာအကြောင်းတွေ လေပစ်လိုက်နှင့်။ သည်နှစ်ထဲတွင် ဟင်နရီတစ်ယောက် စကားဝိုင်းထဲကို စိတ်ပါလက်ပါ ဝင်ဆွေးနွေးတတ်



လာပြီ။ စားပွဲကိုထုပြီး အသံကျယ်ကျယ်ပြောတတ်လာပြီ။ မောင်မတ်၏ ဒဿနဝါဒများကို နှုတ်ကထွက်ဖို့လည်း ဝန်မလေးတော့။

ဤသို့ဖြင့် ဒုတိယနှစ်ပန်းချီကျောင်းသားဘဝ ပျော်ပျော်ရွှင်ရွှင် နှင့် ကုန်ဆုံးလွန်မြောက်ခဲ့လေသည်။

မဲလ်ရွှမ်းရဲတိုက်ကြီးသည် မောင်မတ်နှင့်စာလျှင် မယှဉ်သာ အောင် တိတ်ဆိတ် ငြိမ်သက်လွန်းနေ၏။ မေမေနှင့် ပြန်တွေ့ရသည့် အတွက်တော့ စိတ်၏ ငြိမ်းချမ်းမှုတစ်မျိုး ရရှိသည်မှာ အမှန်ဖြစ်ပါသည်။ ဘန်တို့ ကို စရတာ၊ ညနေခင်းများတွင် ဂျိုးဇက်၏ရထားဖြင့် အပြင်ထွက် တာတွေကလည်း ပျော်စရာကောင်းပါ၏။

သို့သော် အာဂိုစတီးနာ၏ ဆိုင်မှာနေ့လည်စာ စားရသလို နူဗဲလ် စကားဝိုင်းများလိုတော့ စိုစိုပြည်ပြည်မရှိလှ။ လေလီတွင် ဝိုင်ပူ သောက်ရသည့် အရသာနှင့်လည်းမတူ။ စက်တင်ဘာလကုန်ရက်နေ့ တစ် နေ့မှာတော့ မေမေ့ကို ဟင်နရီ ဖွင့်ပြောလိုက်သည်။

"နောက်နှစ်ကျရင်တော့ ပြပွဲတင်ဖို့ကားတွေဆွဲရမှာမို့ သား ကိုယ်ပိုင် စတူဒီယိုရှိမှဖြစ်မယ်မေမေ"

မေမေ မကန့်ကွက်တော့ပါ။ ထိုးလက်စ သိုးမွေးထည်မှ မျက် လွှာပင့်မကြည့်ဘဲ "မေမေ နားလည်ပါတယ်၊ ပါရီ ပြန်ရောက်ရင် သား အခန်းရှာပေါ့" ဟု ဆိုလေသည်။

အမှတ် ၂၁၊ ကော်လီယံကားလမ်းပေါ်မှ (၄) ထပ်တိုက်ကြီး မှာ ဝရံတာသံဘောင်လက်ရမ်းများနှင့် အလွန်လှသည့်တိုက်ကြီးဖြစ် သည်။ ပြောင်းလာသည့် အိမ်ငှားများသည် သည်နေရာကို ရောက်ရောက် ချင်း သဘောကျကြ၏။ မောင်မတ်တောင်ကုန်း၏ လေကောင်း လေ သန့်လည်းရသည်။ တိုက်ခန်းတွေကလည်း ခေတ်မီသည်။ ဓာတ်ငွေ့မီးဖို ပါသည်။ ရေချိုးခန်းအိမ်သာတွဲလျက် အခန်းတွေလည်းပါသည်။ တိုက် ခန်းတာဝန်ခံ အမျိုးသမီးကြီး မဒမ်မစ်ချလင်းလူဘေးကလည်း သဘော ကောင်းသည်။

သို့သော် သိပ်ကြာကြာမနေဘဲ လစ်ပြေးသူက များနေသည်။ မောင်မတ်၏ စရိုက်ကို သူတို့သည်းမခံနိုင်ကြသောကြောင့်ဖြစ်၏။ ည အခါများတွင် လမ်းအပြည့်လျှောက်နေကြသည့် မောင်မတ်သူများကို အမျိုးသားများက မနည်းရှောင်သွားရ၏။ "ရှင့်အိမ်မှာထက် ပျော်စရာ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းစေရပါ့မယ် ရှင်ရယ်" ဟုပြောပြီး အတင်းလက်ချင်းလိုက်ချိတ်သည့် မချောများလည်းရှိ၏။

ဤသို့ဖြင့် အချို့လူကြီးလူကောင်းများ အိမ်ပြန်ရောက်ကြ၏၊ အချို့မရောက်ကြ။ အေးအေးလူလူအိမ်ထောင်စုများတွင် ရန်ပွဲတွေ ဖြစ်လာ၏။ မျက်ရည်စက်လက်နှင့် အိမ်ထောင်စုတစ်စုပြီးတစ်စု ပြောင်းသွားကြသည်ကို မဒမ်လူဘေးမြင်ခဲ့ရပေါင်းများပြီ။ ရဲခါတွင် အစုလိုက် အပြုံလိုက် ပြောင်းပြေးကြ၏။

လပေါင်းများစွာ အိမ်ငှားမရဘဲ တိုက်ခန်းများဟောင်းလောင်းဖြစ်နေခဲ့သည်။ သည်တော့ အိမ်ရှင်များက မဒမ်လူဘေးကို "အိမ်ငှားလာလျှင် အဆင့်အတန်းရွေးမနေနဲ့တော့၊ လခမှန်မှန်ရလျှင် ဘယ်သူဖြစ်ဖြစ်ငှား" ဟု အမိန့်ပေးရတော့သည်။

မကြာပါချေ။ ဒုတိယအထပ်အခန်းတစ်ခန်းငှားမည့်သူ ပေါ်လာသည်။ မောင်မတ်ပုံစံကျ မိန်းကလေးတစ်ယောက်။ သန့်ရှင်းသည့်ပုံကံဆံမျာ။ မဟုတ်သော်လည်း မဒမ်လူဘေး'လက်ခံရတော့၏။

နောက် ဘီလူးကြီးတစ်ကောင်နှင့်တူသည့် ဆံပင်နီနီ ပန်းချီဆရာတစ်ယောက် စတုတ္ထထပ် အခန်းတစ်ခန်းငှားလာသည်၊ သူကရောက်ရောက်ချင်း ဆောက်နှင့်သာမက ပုဆိန်နှင့်ပါ ထွင်းတော့၏။

အခန်းနှစ်ခန်းကို တစ်ခန်းတည်းဖြစ်အောင်လုပ်မည်ဆိုပြီး အလယ်မှန်ရံကို ဖြိုချ၏။ ဧရာမ စတူဒီယိုကြီးဖြစ်အောင် သူလုပ်သည်။ သစ်တိုသစ်စတွေ၊ အုတ်ခဲတွေ ဘိလပ်မြေချိုးတွေကို အောက်သို့ ပစ်ချသည်။ ပြီးတော့ နံရံတွင် ဧရာမပြတင်းပေါက်ကြီးတစ်ပေါက်ဖောက်ပစ်လိုက်၏။

မဆလာခဲတွေ၊ အုတ်ကျိုးအုတ်ပဲ့တွေ လမ်းပေါ်တွင် ပလုံပွံနေ၏။ လမ်းသွားလမ်းလာတွေက လက်သီးလက်မောင်းတန်းပြီး မော့ကြည့်အော်ဆဲတော့ သူက တံတွေးနှင့်ထွေးချသည်။

လေဝင်ပေါက်ရအောင်ဆိုပြီး တံခါးရွက်ကြီးကို လွှဝိုင်းဖြင့်အပေါက်တွေဖောက်ပြန်၏။ နောက်ဆုံးမဒမ်လူဘေးက ရဲခေါ်ပြီး ထိုပန်းချီဆရာအား ဆွဲချခိုင်းရတော့သည်။

နောက်ပိုင်းတွင်တော့ လူမျိုးပေါင်းစုံရောက်လာသည်။ အများစုမှာ ပန်းချီလောကသားများဖြစ်၏။ ခုတော့ နံရံမှ ဆေးရောင်များလည်း



ချိုတော့ပြီ။ မျက်နှာကြက်မှ ဆေးများလည်း အလွှာလိုက်၊ အလွှာလိုက် ကွာကျကုန်ပြီ။ ပိုးဟပ်တရှုန်းရှုန်းနှင့် နေတတ်သူများဖြစ်၏။

မဒမ်လူဘေးသည် အားလုံးကို ပေယျာလကံထားပြီး အခန်းထဲအောင်းကာ သတင်းစာဖတ်ခြင်း၊ အချစ်တော်ကြောင်မလေးနှင့် စကားပြောခြင်းဖြင့်သာ အချိန်ဖြုန်းတော့၏။

တစ်နေ့မနက် အိန္ဒိယတွင် အစုလိုက် အပြုံလိုက် အသတ်ခံရသည့်သတင်း၊ ပီရူးတော်လှန်ရေးသတင်းနှင့် ပါရီမြို့လည်ကောင်တွင် အဆောက်အဦမျှော်စင်ကြီးတစ်ခု ဆောက်နေသည့်သတင်းများကို စိတ်ပါ လက်ပါ ဖတ်နေရင်း မှေးခနဲ အိပ်ပျော်သွားသည်။ ပြန်နိုးလာတော့ ဖတ်လက်စ သတင်းစာကို ဆက်ဖတ်မည် စိတ်ကူးနေစဉ် မြင်းရထားတစ်စီး အိမ်ရှေ့ဘွင် ထိုးဆိုက်သံကြားလိုက်ရသည်။ ခန်းဆီးကို အသာပင့်ပြီး အပြင်သို့ ကြည့်လိုက်သည်။

အထက်တန်းကျကျ အဝတ်အစားနှင့် လူရွယ်တစ်ယောက်။ ဆော့ဘာထိပ်စွပ်ကြိမ်တုတ်ကို အားပြုပြီး ရထားပေါ်မှ ဆင်းလာသည်။ ကော်ဆိတ်မွေးများက သူ့မျက်နှာအောက်ပိုင်းတွင်အပြည့်။

"ဟိုမှာကြည့်စမ်း မီမီ၊ လူပုကလေးတစ်ယောက် လာနေတယ်" ဟု ကြောင်မလေးကို တိုးတိုးကပ်ပြောရင်း တံခါးပေါက်ဆီသို့ ထလာခဲ့သည်။

"ဘာကိစ္စပါလဲ မွန်စီယာ"

သူက ယဉ်ကျေးစွာ ဦးထုပ်ချွတ်လိုက်ပြီး

"အပြင်မှာ ထောင်ထားတဲ့ကြော်ငြာတွေ့လို့ပါခင်ဗျာ၊ အဲဒီစတူဒီယိုကို တဆိတ်လိုက်ပြနိုင်မလား မဒမ်"

ကြိုးသိုင်းမျက်မှန်အောက်မှ မျက်လုံးများဖြင့် မဒမ်လူဘေးကို သူမော်ကြည့်ပြီး ပြုံးပြုံးကလေး ပြောနေသည်။

"ရပါတယ်ကွယ် ရပါတယ်။ ဒါပေမဲ့ ၄ ထပ်မှာကွဲ့။ ပြီးတော့ လှေကားက မတ်တယ်"

အဒေါ်ကြီးက သူ့အောက်ပိုင်းကို ငုံ့ကြည့်ပြီး ပြန်ပြော၏၊ သူက လှေကားကို မော်ကြည့်ရင်း

"ဟုတ်ကဲ့ ကျွန်တော်တွေ့ပါတယ်။ ဒါပေမဲ့ လိုက်သာပြပါ၊ ကျွန်တော် တကယ်ကြည့်ချင်ပါတယ်"

မဒမ်လူဘေးက သူ့ကို သံသယမျက်လုံးများဖြင့် တစ်ချက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com

ပြီး လှေကားထစ်များကို စတက်သည်။ သူနောက်မှ လိုက်တက်လာ၏။ လက်တစ်ဖက်က လှေကားကို အားပြုလျက်၊ ကျန်တစ်ဘက်က ကြိမ်လုံးကို ထောက်ကာ ထောက်ကာဖြင့် ခန္ဓာကိုယ်အပေါ်ပိုင်းကို သယ်ယူလျက်ရှိ၏။

၄ ထပ်ကိုရောက်တော့ သူချွေးသီးချွေးပေါက် ကျနေပြီ။

"အဒေါ်ပြောတာဟုတ်ပါတယ်၊ တော်တော်မတ်တာပဲ"

အိတ်ထဲမှ လက်ကိုင်ပုဝါထုတ်ပြီး မျက်နှာသုတ်ရင်း "အဲ့လိပ်တောင်ထိပ်ကို တက်ရသလိုပဲ" ဟု အရွှန်းဖောက်လိုက်သည်။ သူပြုံးတော့ သွားတွေ အဖွေးသားပေါ်လာ၏။ မဒမ်လူဘေး သူ့ကို လေ့လာနေ၏။ အင်း . . သွားတွေကတော့ အလှသားပဲ။ မျက်လုံးကြီးတွေကတော့ သူ့မျက်နှာအတွက် ကြီးလွန်းနေသလိုပဲ၊ သေသေချာချာကြည့်တော့ ဟင် . . သူဟာ လူငယ်ကလေးပါလား။ ဒီအရွယ်ကလေးမှာ ဘာကြောင့် မုတ်ဆိတ် တွေ ဒါလောက်ရှည်နေရတာလဲ။

"မွန်စီယာက ပန်းချီဆရာတစ်ယောက်ပဲလားဟင်"

"မဖြစ်သေးဘူးခင်ဗျ၊ ကျွန်တော် ပန်းချီကျောင်းတက်နေတုန်းပါ၊ ပါမောက္ခကော်မွန်ရဲ့ကျောင်းမှာ တတိယနှစ် စတက်နေပါတယ်။ ပြပွဲတင်ဖို့ကားတွေ ကျွန်တော်စရေးရတော့မယ်လေ၊ ဒါကြောင့် စတူဒီယို တစ်ခု ကျွန်တော်လိုနေပါတယ်အဒေါ်"

မဒမ်လူဘေး တွေနေသည်။ အင်း . . သူကတော့ တစ်မျိုးပဲ။ ငယ်လဲငယ်တယ်၊ ယဉ်ယဉ်ကျေးကျေးလဲရှိတယ်။ ဒုက္ခပေးမယ့် ပုံစံမျိုးတော့ မဟုတ်တန်ဘူး။

သော့ဖွင့်ပြီး တံခါးမကြီးကို တွန်းလိုက်သည်။

"အား . . တကယ့်စတူဒီယိုကြီးပါလား"

သူ ဝမ်းသာအားရပြောပြီး ပါးစပ်အဟောင်းသားနှင့် တံခါးဝတွင် ရပ်လျက် အခန်းကြီးကို ငေးကြည့်နေသည်။ မီးခိုးနုရောင် နံရံများနှင့် ရောမ မီးလင်းဖိုကြီးကို ကြည့်ပြီး သဘောကျနေ၏။ ပြတင်းပေါက်တွေက အကျယ်ကြီး အမြင့်ကြီးတွေ။

အခန်းတစ်ဘက်ကို လျှောက်သွားပြီး မြင်ကွင်းကျယ်ကြီးကို လှမ်းကြည့်သည်။ အိမ်ခေါင်မိုးတွေ၊ မီးခိုးခေါင်းတိုင်တွေ။

"လှလိုက်တဲ့မြင်ကွင်းဗျာ၊ ရာသီဥတုကောင်းရင် နိုထရီဒမ်ဘုရားကျောင်းကိုတောင် လှမ်းမြင်ရမယ်ထင်တယ်" ဟု ပြောပြီး အပေါ်ဆပ်လေသာဆောင်ကို တက်သည့် သံလက်ရန်းနှင့် လှေကားကျဉ်းကျဉ်းကို လှမ်းကြည့်လိုက်သည်။

"ကျွန်တော်အပေါ်တက်ကြည့်ပါရစေ အဒေါ်"

သူ့ကို အပေါ်ထပ်ဦးဆောင်ခေါ်သွားရင်း မဒမ်လူဘေးက 'အိပ်ခန်းက ဟောဒီဘယ်ဘက်မှာ' ဟု ပြောပြသည်။

အပေါ်ထပ်က အခန်းကလေးကိုလည်း သူကြိုက်သည်။

"ကောင်းတယ်ဗျာ၊ သိပ်နိပ်တယ်" ဟု တဖွဖွပြောနေ၏။

အခန်းတစ်ခန်း၏တံခါးကို သူတွန်းဖွင့်ကြည့်သည်။ အံ့ဩသည့်လေသံဖြင့်

"အပါး . . ရေချိုးခန်းက ရေချိုးကန်နဲ့ဘာနဲ့ပါလား"

"ဟုတ်ပါတယ် မွန်စီယာ ဒီအိမ်ဟာ လူကုံထံတွေ၊ လူချမ်းသာတွေအတွက် ရည်စူးပြီးဆောက်ခဲ့တာပါ။ မောင်မတ်ကလေကချေတွေအတွက် ဆောက်ထားတဲ့ အဆောက်အအုံမဟုတ်ပါဘူး။ ဒါပေမဲ့ ရေလောင်းအိမ်သာကတော့ ပိတ်နေတယ်နော် မွန်စီယာ၊ နေသွားတဲ့ ပန်းပုဆရာတစ်ယောက်က ပလတ်စတာတွေကို ကမုတ်ခွက်ထဲ သွန်ချသတဲ့တော်၊ ဘယ်လိုလူစားတွေလဲ စဉ်းစားသာကြည့်ပါတော့။ ဒါပေမဲ့ ဝရံတာထိပ်က အိမ်သာကတော့ ကောင်းပါတယ်။ ဒီဟာကို အဒေါ်ချက်ချင်းပြင်ပေးပါ့မယ်၊ ရေချိုးကန်ကလဲ သုံးမရတော့ဘူး။ ဒါပေမဲ့ မကြာခင် ပြီးအောင်လုပ်ပေးမယ်လေ"

"ကျွန်တော်အရင်မလိုပါဘူး အဒေါ်၊ ဖြည်းဖြည်းပဲလုပ်ပါ။ ကျွန်တော်က ဒီမှာ အမြဲနေမှာမဟုတ်ပါဘူး။ ဖွန်တိန်လမ်းက အခန်းတစ်ခန်းမှာ ကျွန်တော်နေပါတယ်။ ဒီမှာ အလုပ်လုပ်တဲ့အချိန်လောက်ပဲ ကျွန်တော်လာနေမှာပါ"

မဒမ်လူဘေး သံသယမျက်လုံးများဖြင့် သူ့ကို ကြည့်ပြန်၏။ အခန်းနှစ်ခန်းတဲ့။ သည်ခေတ်ကြီးမှာ အခန်းနှစ်ခန်း ယူနိုင်လောက်အောင် ချမ်းသာတဲ့လူ ဘယ်နှစ်ယောက်ရှိမလဲ။

လှေကားထစ်တွေကို ကြိမ်တုတ်အားကိုးဖြင့် ခဲရာခက်ဆစ်နင်းပြီး သူ့ကိုယ်သူ သယ်ယူသွားသည့် ထိုသူငယ်ကို မဒမ်လူဘေး နောက်မှ ရင်တထိတ်ထိတ်နှင့် ကြည့်နေ၏။ အင်း . . တစ်နေ့နေ့မှာ မတော်တဆ . . .

"ကျွန်တော်ယူမယ်"


www.burmeseclassic.com

www.burmeseclassic.com



အောက်ဆုံးထပ်ရောက်ရောက်ချင်း သူကပြောသည်။ မဒမ်လူဘေးက မယုံနိုင်သေးဘဲ ပြန်မေးသေးသည်။

"မင်း တကယ်ယူမလို့လား။ လှေကားတွေက ဒါလောက်မတ်တာ၊ ဖြစ်ပါ့မလားကွယ်"

"ရပါတယ်အဒေါ်၊ ကျွန်တော်လှေကားတွေကို တက်နေကျပါ။ ကျောင်းကလှေကားတွေကလည်း စောက်တာပါပဲ၊ ကျွန်တော့်အတွက် လေ့ကျင့်ခန်းလုပ်တဲ့သဘောတောင် ဖြစ်ပါသေးတယ်။ ဒါထက် အခန်းခကကော ခင်ဗျာ"

"တစ်နှစ်ယူမှာလား"

သူ ခေါင်းညိတ်လိုက်သည်။

"ဖရန့် ၄၂၀ ပါကွယ်"

အရင်ကလူတွေကို ဈေးဆစ်ဦးမှာပဲဟု အဒေါ်ကြီး စဉ်းစားနေစဉ် "ရပါတယ်၊ ကျွန်တော်ယူပါ့မယ်။ ဘယ်တော့ ပြောင်းလာလို့ ရမလဲ" ဟု သူကမေးသည်။

ဒါလောက် မြန်မြန် အလုပ်ဖြစ်သွားသည့်အတွက် မဒမ်လူဘေး အံ့ဩနေသည်။ ဧည့်ခန်းထဲမှ မီမီကိုမောင်းထုတ်ပြီး သူ့ကို ထိုင်ခိုင်းလိုက်သည်။

"ကြိုက်တဲ့အချိန် ပြောင်းလာခဲ့ပါ။ ဒါထက် မင်းနာမည် ပြောပါဦး ဘာအုပ်ထဲမှာ ထည့်ရဦးမယ်လေ"

ဧရာမလယ်ဂျာစာအုပ်ကြီးယူလာပြီး စားပွဲပေါ်တွင် တင်သည်။ ထိုင်ပြီး မျက်မှန်ကို နေသားတကျဖြစ်အောင် တပ်သည်။

"ကဲ . . ပထမ နာမည်ပြော၊ ရဲက အကုန်သိချင်တာကွဲ့"

"ဒါပေ့ါခင်ဗျာ၊ သူတို့အလုပ်ကိုး။ တူလုစ်ပါ၊ ဟင်နရီတူလုစ်ပါ"

"မင်းရဲ့ဇာတိကို မေးတာမဟုတ်ဘူး၊ နာမည်ကိုမေးတာ"

"ဟုတ်ပါတယ်၊ အဲဒါ ကျွန်တော့်နာမည်ပါပဲ။ တူလုစ်ပါ"

အဘွားကြီးက ကလောင်တံကို ချလိုက်ပြီး

"တူလုစ်ဆိုတာ မြို့တစ်မြို့ရဲ့ နာမည်ပဲ၊ လူနာမည်မှ မဟုတ်တာပဲကွဲ့"

စိတ်ရှည်ရှည်ထားပြီး ပြောနေရာက လေသံတစ်မျိုး ဖြစ်လာ၏။



"လူတွေကို ပါရီလို့ခေါ်လို့မရဘူးလေ။ မာဆေးခေါ်လို့ မရဘူးလေ။ ကဲ . . မင်းနာမည်ကို ပြော"

ကလောင်တံကို ကောက်ကိုင်ပြီး စောင့်နေသည်။

"ကျွန်တော်ပြောပြီးပြီလေ၊ တူလုစ်ဆိုတာ ကျွန်တော့် နာမည်ပါလို့။ အဲဒါမှ မဖြစ်နိုင်ရင် . ."

"ကဲ . . ကဲ မင်းက ရယ်စရာ လုပ်တတ်တယ်ထင်တယ်။ မင်းကိုယ်မင်း နပိုလီယံလို့ပြောပြော၊ ကျုပ်ရေးထည့်တော့မယ်။ ပြီးမှ ရဲနဲ့ ရှင်းပေ့ါ၊ ကဲ . . မွေးရက်၊ မွေးနေ့ အားလုံးပြော"

ဟင်နရီ ခပ်ဖြည်းဖြည်းချင်းရွတ်ပြသည်။

"ဟင်နရီရေမွန် တူလုစ်လောထရက်။ အာလဗီးတွင် မွေးဖွားသည်။ မွေးနေ့မှာ ၁၈၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်။

*

ညိုနေ့တွင် ထုံးစံအတိုင်း မဒမ်လူဘေးသည် တစ်ယောက်တည်း နေ့လည်စာ စားသည်။ မီမီနှင့်စကားပြောသည်။ လှေကားထစ်တွေကို တံမြက်စည်းလှဲသည်။ အခန်းငှားတွေကို လခသွင်းဖို့ သတိပေးသည်။ မိုးချုပ်လျှင် ရေနံဆီမီးအိမ်ထွန်းပြီး သတင်းစာဖတ်သည်။

ထိုနေ့တွင် ဒုတိယအကြိမ်အဖြစ် အခန်းရှေ့တွင် မြင်းရထားဆိုက်သံကြားရပြန်၏။ ခန်းဆီးကို အသာဖယ်ကြည့်လိုက်ပြန်သည်။ ဟင် . . ရိုးရိုး အငှားရထားတစ်စင်းမဟုတ်။ ရထားထိန်းက ဝတ်စုံပြည့်ဝတ်ထား၏။ ပြေးဆင်းလာပြီး တံခါးကို ရိုကျိုးစွာဖွင့်ပေးသည်။

အမျိုးသမီးတစ်ယောက်ဆင်းလာသည်။ သူ့ဆံပင်တွေ ဖြူစပြုနေပြီ။ သွယ်လျလျ ကိုယ်ခန္ဓာပိုင်ရှင်သည် ရထားထိန်းကို တစ်စုံတစ်ခုပြောပြီး အိမ်ကြီးကို မော့ကြည့်နေသည်။ ပြီးမှ အိမ်ထဲကို လှမ်းဝင်လာသည်။ မဒမ်လူဘေးက အထက်တန်းလွှာထဲမှ အမျိုးသမီးမှန်း တန်းသိလိုက်၏။

"ကျွန်မ ဘာများ အကူအညီပေးရမလဲရှင်" ဟု ရိုကျိုးစွာ မေးလိုက်သည်။

"ကျွန်မ ရှင်နဲ့ခဏလေး စကားပြောပါရစေလား"

တိုးညင်းသည့်အသံဖြင့် ဧည့်သည်ကဆိုသည်။ အထဲဝင်ပြီး ကုလားထိုင်တစ်လုံးတွင် ဧည့်သည်အမျိုးသမီးကို မဒမ်လူဘေးက နေရာပေးလိုက်သည်။ အလွန်ကျက်သရေရှိသည့် မျက်နှာပါလား။

www.burmeseclassic.com

www.burmeseclassic.com

"ဒီက တိုက်ခန်းတစ်ခန်းကို ဒီမနက်ငှားလိုက်တယ်လို့ ကျွန်မ သားကပြောတယ်"

"ရှင် . . မနက်က ခြေမသန်တဲ့ . . ."

နှုတ်က လွှတ်ခနဲထွက်သွားပြီးမှ မဒမ်လူဘေး တောင်းပန်သည်။

"စိတ်မရှိပါနဲ့ရှင် . . ကျွန်မ ဆိုလိုတာက . . ."

အမျိုးသမီး၏ နှုတ်ခမ်းလှလှကလေးများ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ သူ့မျက်နှာပေါ်တွင် သိသိသာသာ ဆွေးရိပ်သမ်းသွား၏။

"ဟုတ်ပါတယ် ကျွန်မသားပါ။ သူဟာ ကလေးဘဝမှာ ခြေထောက်ကျိုးခဲ့ပါတယ်"

အလင်းရောင် မှိန်မှိန်တွင် ညှိုးသည့်အမျိုးသမီးက ဟင်နရီ့အကြောင်း ပြောပြသည်။ ခြေထောက်ကျိုးပုံ၊ ထူးထူးဆန်းဆန်း ရောဂါတွေခံစားရပုံ၊ အကြိမ်ပေါင်းများစွာ ခွဲစိတ်ခဲ့ရပုံများ။

မဒမ်လူဘေးက စုတ်တသတ်သတ်ဖြင့် နားထောင်နေသည်။ မိန်းမသားနှစ်ယောက်အကြားတွင် လူမှုဆက်ဆံရေး အတားအဆီးများ မရှိတော့သလို နီးစပ်သွားကြ၏။

"ဒါကြောင့် ကျွန်မ ဒီကိုရောက်လာတာပါ။ သူ့ကို တဆိတ် စောင့်ရှောက်ပေးပါနော်။ သူတစ်ခုခုဖြစ်ရင် ခြေထောက်ပြန်နာရင် ကျွန်မကို အမြန်ဆုံးအကြောင်းကြားပေးပါရှင်"

မဒမ်လူဘေး မျက်ရည်တွေ ကျနေပြီ။ တရှုတ်ရှုတ်ငိုရင်း

"စိတ်ချပါရှင်၊ ကျွန်မသားအရင်းလို စောင့်ရှောက်ပါ့မယ်။ သူ့စတုဒီယိုကိုလည်း သန့်ရှင်းနွေးထွေးအောင် ကျွန်မအမြဲလုပ်ပေးပါ့မယ်။ သူ့ကိုလည်း အနွေးထည်အမြဲဝတ်ထားဖို့ ကျွန်မ ကြည့်ပြောပါ့မယ်။ မဒမ်လာသွားတဲ့အကြောင်းလည်း သူ့မသိစေရပါဘူး"

အမျိုးသမီးကို ရထားပေါ်ပြန်ပို့ဖို့အထွက်တွင် မဒမ်လူဘေးက မေးသည်။

"ကျွန်မကို မပြန်ခင် သူ့နာမည်ကို ပြောသွားပါလားရှင်။ သူက သူ့နာမည် တူလုစ်တဲ့၊ ကျွန်မကို နောက်သွားတာလားမသိဘူး"

"ဟုတ်ပါတယ်၊ သူ့နာမည် တူလုစ်ပါ။ သူ့အဖေက မြို့စားကြီး အယ်လ်ဖောင့်စ်တူလုစ်လောထရက်လေ"

"ရှင် . . ဒါဆို သူက မြို့စားကလေး တူလုစ်ပေါ့"



"ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီဘွဲ့ထူးကို သူဘယ်တော့မှ သုံးမှာမဟုတ်ဘူး၊ ခုတော့ ဒါတွေ အကြောင်းမဟုတ်တော့ပါဘူးလေ"

အမျိုးသမီးနှစ်ယောက် အိမ်ပေါက်ဝတွင် အတန်ကြာ ယှဉ်ရပ်နေကြသည်။ နောက်မှ မြို့စားကတော်လေး လက်ကမ်းပေးပြီး

"ကျေးဇူးတင်ပါတယ် မဒမ်လူဘေး" ဟု နှုတ်ဆက်သည်။ ခဏအတွင်း ရထားကြီးမြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။ ပြတင်းပေါက်အချို့တွင် ဝါကျန်ကျန်မီးများ လင်းနေ၏။ ဟိုးအဝေး ဘူတာရုံဆီမှ ဥသြဆွဲကာ ရထားတစ်စီးထွက်သွားသည်။ လွမ်းဆွတ်ကြေကွဲဖွယ် ပါရီမြို့ကြီးကို ထားခဲ့ပြီး ဒုက္ခရာရလာသည့် သားကောင်တစ်ကောင် အလောတကြီး ထွက်ပြေးသွားခြင်းမျိုး။

*

နောက်ရက်အနည်းငယ်အကြာတွင် နိဗ္ဗာန်ယာဉ် ရထားကြီး ဝင်လာသည်ကို လမ်းသူလမ်းသားများ တအံ့တသြ ငေးကြည့်နေကြ၏။

မြင်းအိုး မြင်းပိန်တစ်ကောင်ဆွဲလာသည့် အလောင်းတင် ရထားပေါ်တွင် ပန်းခွေတွေ တောင်ပုံရာပုံ တင်လာ၏။ ပရိဘောဂတွေက ထိုးသိုးထောင်ထောင်၊ ပုံဆွဲခုံသုံးလုံးက ကိုးယို့ကားယား။ လူတစ်ရပ်လောက်ရှိသည့် ပီးနပ်စ်ဒေဝီရုပ်ထုကြီးလည်း ပါလိုက်သေး၏။

ရထားထိန်းနေရာတွင် ထိုင်မောင်းလာသူက မုတ်ဆိတ်မွေးနှင့်လူတစ်ယောက်။ မြင်းကို တရွှမ်းရွှမ်း ရိုက်ရင်း သီချင်းတွေ အော်ဆိုလာ၏။ ပြတင်းပေါက်ပေါင်းများစွာမှ ထွက်ကြည့်နေသည့် မိန်းကလေး များကို မောင်မတ်ဟာသများဖြင့် အော်ဟစ်နှုတ်ဆက်လာသည်။

ရထားနောက်တွင် လျှောက်လိုက်လာသူ လူငယ်လေးယောက်က စုတ်ပြတ်နေသည့် ကုတ်အင်္ကျီကိုယ်စီနှင့်။ လည်စီးတွေက ရွဲ့ရွဲ့စောင်းစောင်း။ သူတို့ကို မဒမ်လူဘေးမှတ်မိသည်။ ပြတင်းပေါက်မှ လှမ်းကြည့်သျှင် အမြဲလိုလို တွေ့နေရသည့် မောင်မတ်တေလေ ပန်းချီကျောင်းသားများဖြစ်၏။ နောက်မှ သူ့အိမ်ငှားလူသစ်ကလေးကို လှမ်းမြင်ရသည်။ သူတို့နောက်သို့ ထော့နင်းထော့နင်းနှင့် အမိုကြိုးစားပြီး လိုက်နေ၏။

အိမ်ရှေ့ရောက်တော့ ရထားကြီးနားတွင် သူတို့ စုဝေးလိုက်ကြပြီး ကြိုးတွေ ဝိုင်းဖြေနေကြသည်။ ဟင်နရီက မဒမ်လူဘေး ဧည့်ခန်းထဲလျှောက်သွားပြီး ဦးထုပ်ချွတ်သည်။ မောကြီးပန်းကြီး နှုတ်ဆက်သည်။

"ကျေးဇူးပါပဲ အဒေါ်၊ အလုပ်သမားရှာလို့မရတာနဲ့ သူငယ်

www.burmeseclassic.com

www.burmeseclassic.com

ချင်းတွေပဲ ခေါ်လာခဲ့ရတယ်။ စိတ်မပူပါနဲ့နော်၊ ကျွန်တော်တို့ ဘယ်သူ့မှ အနှောင့်အယှက်မဖြစ်အောင် ဖြည်းဖြည်းချင်း သယ်ပါ့မယ်"

မကြာပါချေ။ လှေကားတစ်လျှောက်တွင် ခြေသံတွေ ဝုန်းဒိုင်းကြပြီး သီချင်းတကျော်ကျော်ဖြင့် သယ်ပိုးနေကြတော့သည်။ မနိုင်မနင်း ပစ္စည်းတွေမို့ ဟိုဘက်နံရံတိုက်လိုက်၊ သည်ဘက်နံရံတိုးလိုက်နှင့်။ ပြီးတော့ သူ့ကြောင့် ကိုယ့်ကြောင့်ဟု ငြင်းခုန်ကြ၊ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်ဆဲဆိုကြနှင့်။ ဟင်နရီ အိမ်ပြောင်းလာသည်မှာ အဝီစိပွက်သလို ဆူညံနေတော့၏။ ဟင်နရီက ချွေးတလုံးလုံးနှင့် စတူဒီယိုခန်းထဲတွင် ပစ္စည်းတွေ နေရာချဖို့ စီစဉ်ပေးနေသည်။

လူးကပ်စ်က အခန်းဝတွင် ပိတ်ကားလိပ်တွေ တပွေ့တပိုက်ကြီးနှင့်ရပ်ပြီး

"ဟေး . . ဟင်နရီ၊ ဒီအမှိုက်တွေက ဘယ်မှာ ထားမှာလဲ" ဟု အော်မေးသည်။

"ဟိုထောင့်မှာ ထားဗျာ၊ တချို့ကားတွေ ဆေးမခြောက်သေးဘူးနော် သတိထား"

လူးကပ်စ်က ကားလိပ်တွေချပြီး အခန်းကို လိုက်ကြည့်ဝေဖန်သည်၊

"ဒါမှ စတူဒီယိုကွ၊ ငါ့အဖေ ကပ်စေးနှဲကော်တရာက ဘယ်တော့များမှ ဒီလိုအခန်းမျိုး ဝယ်ပေးမလဲ မသိဘူး"

"ခင်ဗျား ကျွန်တော်နဲ့အတူ လာဆွဲနိုင်တာပဲ လူးကပ်စ်"

တကယ့် တကယ် စိတ်ပါလက်ပါလုပ်ဖို့ အာရုံမရှိသူ လူးကပ်စ် ချက်ချင်းအခန်းထဲမှ ထွက်သွားသည်။ ရောမ ပုံဆွဲခုံကြီးထမ်းပြီး ဒယီးဒယိုင်ဖြင့် ရာရှူးအခန်းထဲ ဝင်လာသည်။ နေရာချပြီးသည်နှင့်

"ရှီးတဲ့မှပဲ၊ လေးလိုက်တဲ့ဟာကြီး။ မင်းဘာလို့ ၄ ထပ်မှာ ငှားတာလဲ၊ ၁၀ ထပ်တိုက် အပေါ်ဆုံးမှာ ငှားပါလား။ လှေကားတက်ရတာ မင်းသိပ်ပျော်တယ် ဟုတ်လား" ဟု ပြောပြီး ရောက်နေနှင့်သည့် ခုံတစ်ခုံတွင် ဝင်ထိုင်သည်။ ဒူးကို လက်ဝါးနှင့်အုပ်ပြီး အခန်းကို ဝေ့ကြည့်သည်။ ပြီးမှ သဘောကျသလို ခေါင်းညိတ်ပြီး ထောက်ခံသည်။

"နိုပ်တယ် နိုပ်တယ်။ မြောက်ဘက်က ဝင်တဲ့ အလင်းရောင်နဲ့ အိုကေပဲ"

ဟင်နရီက သူ့အနားတွင် ဝင်ထိုင်ပြီး



"ခင်ဗျား တကယ်သဘောကျသလားရာရှူး၊ ခုလို ဝိုင်းလုပ်ပေးတဲ့အတွက် အရမ်းကျေးဇူးတင်တယ်ဗျာ"

ရာရှူးက သူပြောသည်ကို အရေးမထားဟန်ဖြင့် အခန်းကို လျှောက်ကြည့်နေရာမှ "ဟေး . . ငါပြေးဦးမှကွ၊ သယ်စရာတွေအများကြီး ကျန်သေးတယ်" ဟုပြောပြီး ပြေးထွက်သွားသည်။

သူတံခါးဝအရောက်တွင် ဆူဆူညံညံအသံတွေ ကြားရပြန်သဖြင့် ဟင်နရီထွက်ပြီး လှေကားထဲကို ငုံ့ကြည့်အော်ပြောလိုက်သည်။

"ဟေး . . သိပ်မဆူကြနဲ့လေဗျာ"

"ဟောဒီ ကြောင် ဂေါ်ဇီပေါ့ကွ၊ ငါ့ကောင်မလေးအကြောင်း ...တချက်တွေ လျှောက်ပြောနေတယ်"

အောင်ကက်တန်က အောက်နှစ်ထပ်မှ လှမ်းအော်ပြောသည်။ ...ဇီက ပုံဆွဲခုံကြီးမနိုင်မနင်း ထမ်းထားရာမှ ပြန်အော်သည်။

"ငါပြောတာလွန်သလားကွ သူ့မျက်စိထဲမှာ လှချင်လှနေမှာ... ဒါပေမဲ့ ငါ့အမြင် ငါပြောတာပဲ"

ဂေါ်ဇီက ရစရာမရှိအောင် အသေးစိတ်တွေ ဆက်ပြောနေ၏။ ...က်ဆုံးကောင်မလေးတစ်ယောက် သူ့ကို နှုတ်ဆက်ထွက်ခွာသွားသည်မှာ တစ်ပတ်ပင် မပြည့်သေးပေ။ သည်တစ်ယောက်ကတော့ နှုတ်ဆက်စာကို လျှော်လှန်းထားသည့် သူ့အကျႌနောက်ကျောတွင် ကပ်သွားသည်တဲ့။ အောင်ကက်တန်ကလည်း အလျှော့မပေး၊ သူ့ကောင်မလေး အေမီလို့အလှကို ဆက်ပြီး အမွှမ်းတင်နေသည်။

ဂေါ်ဇီကလည်း မှိုခိုးမျှစ်ခိုးဆက်ပြောနေ၏။ ဤတွင် လူးကပ်စ်နှင့် ဂရနီယေးက ပစ္စည်းထမ်းရင်း ပိုးရင်း သူတို့နှစ်ယောက်ကို ဟာသ...နှင့် ဝင်နှောက်သည်။ အေမီလီ၏အလှ ငြင်းခုံပွဲသည် တဟားဟား ...ဝါးနှင့် အဆုံးသတ်သွားသည်။

တိုက်ခန်းတံခါးတွေ ပွင့်လာပြီး သူတို့ကို ဝိုင်းကြည့်နေကြ၏။

"ဟာ . . သေတော့မှာပဲ။ တိုးတိုးလုပ်ကြပါဗျ၊ မဒမ်လူဘေးကြားသွားတော့မှာပဲ"

မဒမ်လူဘေးကြားပါသည်။ ပန်းချီဆရာဆိုသည့်လူတွေအကြောင်း နှောကြေနေပါပြီ။ ဒါပေမဲ့ မြို့စားကလေးကတော့ တမျိုး...ဖြေသိမ့်သည်။ စတူဒီယိုထဲရောက်တော့ ဂေါ်ဇီနှင့်အောင်ကက်တန် ...က်ငြင်းကြပြန်သည်။ အောင်ကက်တန်က အေမီလီချောကြောင်း

www.burmeseclassic.com

www.burmeseclassic.com



လှကြောင်း ဆက်ပြောနေ၏။ ပြီးတော့ အချစ်သေနင်္ဂဗျူဟာတွေ ဘယ်လောက်ကျွမ်းကြောင်းလည်း ဆက်ပြီးလေရှည်နေ၏။

*ဤတွင် ဂေါ်ဇီက ဖြတ်ပြီး အသေးစိတ်တွေ ပြောတော့သည်။*

"မိန်းမတိုင်း အတူတူချည်းပါပဲကွာ" ဟု အဆုံးသတ်လိုက်၏။ ပစ္စည်းတွေအားလုံး အပေါ်ရောက်ပြီ။ သူတို့အားလုံး ဖတ်ဖတ်မောနေကြပြီ။ ခုံရှည်တွေပေါ် လှဲသူလှဲ၊ ကြမ်းပြင်ပေါ်အိပ်သူအိပ်နှင့်၊ ပိုးလိုးပက်လက်။

"အားလုံးကို ကျွန်တော် ကျေးဇူးတင်ပါတယ်ဗျာ"

ဟင်နရီပြောသည်ကို ဂရုမစိုက်ဘဲ ဂရနီယေးက

"ငါ ရေငတ်လာပြီကွာ" ဟုဆို၏။

ရာရှူးက "အောက်မှာ ရထားရှိတာပဲ၊ ငါ သချိုင်းအပြန် မင်းတို့ကို နူဝဲလ်မှာ ဝင်ချထားခဲ့မယ်လေ" ဟု အကြံပေးသည်။ အားလုံး သဘောတူပြီး ကုန်းရှန်းထကြ၏။

"ခင်ဗျားတို့သွားနှင့်ကြ၊ ကျွန်တော်လိုက်ခဲ့မယ်" ဟု ဟင်နရီက ယောက်ခံလိုက်သည်။

သူတို့ခြေသံတွေ လှေကားထဲတွင် ဝုန်းဒိုင်းကြသွားသည်။ တိတ်ဆိတ်သွားသည့်အခန်းထဲတွင် ဟင်နရီတစ်ယောက်တည်း ဖြတ်စဗျင်းတောင်းတွေနှင့် ကျန်ရစ်၏။ ပန်းချီကားတွေကို နံရံမှာချိတ်ပြီး ခုံတစ်ခုံ၏ အစွန်းတွင် ထိုင်ကြည့်နေသည်။ နှုတ်ခမ်းအစုံက ပြုံးလျက်။

ကုလားထိုင်တွေက တစ်လုံးပေါ်တစ်လုံးဆင့်လျက် ပုံနေဆဲ။ အလှမယ်ဗီးနပ်စ်က အခန်းထောင့်တွင်ရပ်လျက်။

အင်း . . နောက်ဆုံးတော့ ကိုယ်ပိုင်စတူဒီယိုရခဲ့ပြီပဲ။ သည်နေရာတွင် ပျော်လိမ့်မည်ဟု ယုံကြည်လိုက်၏။ စိတ်ထဲ ကြိုသိနေသလိုပဲ။ သည်နေရာသည် သူ့ဘဝလမ်းခရီး၏ တာလွှတ်သည့်နေရာဖြစ်လိမ့်မည်။ ဘယ်ဘဝရောက်ရောက် သည်စတူဒီယိုကို သူဘယ်တော့မှ မေ့နိုင်လိမ့်မည်မဟုတ်။

ခုံပေါ်မှထပြီး ဦးထုပ်ကောက်ဆောင်းလိုက်သည့်တိုင်အောင် သူပြုံးနေဆဲ။ အခန်းကြီးကို တစ်ချက်ဝေ့ကြည့်၏။ ပြီးမှ တံခါးပိတ်ဆင်းလာခဲ့သည်။

လှေကားမီး ထွန်းပေးထားသည်ကို တွေ့ရ၏။ အင်း . . တော်တော်သဘောကောင်းတဲ့ မဒမ်လူဘေးပါလား။ မဟုတ်လျှင် သူဆင်းဖို့လွယ်မည်မဟုတ်။ ပျော်မှာပါ၊ ပျော်မှာသေချာပါတယ်လေ။



*

နူဝဲလ်တွင် လူတွေပြည့်နေပြီ။ မီးခိုးတွေလည်း ဝေနေပြီ။ သူရောက်သွားသော့ ဂေါ်ဇီနှင့် အောင်ကက်တန်တို့နှစ်ယောက် ဆက်ငြင်းနေကြဆဲ။ ဆထိုးမတတ် စကားနိုင်လုနေကြ၏။

ဟင်နရီက မျက်မှန်ထုတ်သုတ်သည်။ ဘီယာတစ်ခွက်မှာပြီး အခန်းထဲကို ဝေ့ကြည့်လိုက်သည်။ ပန်းချီဆရာတွေ၊ ပန်းချီဆရာတွေ။ အပုပ်ချိန်မို့ စည်ကားနေလိုက်သည့်ဖြစ်ခြင်း။ ရင်ဖုံးအဖြူနှင့် စားပွဲထိုးမိန်းကလေးများ ခြေချင်းလိမ်နေ၏။ လင်ပန်းဝိုင်းကလေးများကို ခေါင်းပေါ်တွင် ကျင်လည်စွာ မြှောက်ကာ မြှောက်ကာဖြင့် ။

ကျောက်စားပွဲပေါ်တွင် ပန်းကန်ပြားရွေ့သံ၊ ဇွန်းခက်ရင်းသံတွေက မြိုင်မြိုင်ဆိုင်ဆိုင်။ ပန်းချီကျောင်းသားများ စားပွဲတွင်လည်း အငြင်းအခုံတွေ ဖြစ်နေကြ၏။

ဆေးတွေ စွန်းပေနေသည့် အဝတ်အစားနှင့် လူလတ်ပိုင်းများကတော့ ယမကာကလေး တမြမြဖြင့် သတင်းစာဖတ်သူဖတ်၊ ပန်းချီပွဲစားများ ရက်စက်ပုံကို အတင်းတုတ်သူတုတ်၊ ဝေဖန်ရေးဆရာများ၏ နှလုံးသား ကင်းမဲ့မှုကြောင့် သူတိုကားတွေ အရောင်းမသွက်ပုံများကို ရင်ဖွင့်သူဖွင့်နှင့်။

၆ နာရီထိုးတော့ ဟင်နရီတို့ စားပွဲတွင်လည်း ပွဲကြမ်းနေပြီ။ ပေးရိုးနက်စ်[၁] ၏အမြင်ကို ဝေဖန်ရင်း ဂိုယာ[၂]နှင့် ဒလာခွါးတို့ အကြောင်း

၁။ Poalo Veronese (1528-88) အီတလီပန်းချီဆရာ၊ ဘာသာရေးပန်ချီကားများရော၊ လောကီပန်းချီကားများပါရေးဆွဲသည်။ ဗင်းနစ်ရွှေခေတ်ကို အကောင်းဆုံးရေးခြယ်ခဲ့သူဖြစ်သည်။ Triump of Venice (1588) မှာ သူ၏ကမ္ဘာကျော်လက်ရာဖြစ်သည်။

၂။ Francisco de Goya (1746-1828) စပိန်ပန်းချီဆရာ။ ပုံတူများ၊ ဘာသာရေးကားကြီးများရေးဆွဲရင်း နာမည်ကြီးလာသည်။ ဘုရင်မင်းမြတ် Charles (1748-1819) က နန်းတွင်းတော်ဝင်ပန်းချီဆရာအဖြစ်သူကောင်းပြုခံရသည်။ ထူးဆန်းသည့်ဝေဒနာတစ်မျိုးကြောင့် အကြားအာရုံပျက်စီးသွားသည်။ ထိုအခါ ကားတွေပိုရေးဖြစ်သည်။ ဆီဆေးကားပေါင်း ၅၀၀ ကျော် ရေးဆွဲခဲ့သည်။ သူ၏ Partrai of P.B Muguiro နှင့် Bulls of Bordeaux စသည့် ကားများတွင် Impressionism ခေတ်ဦး အရိပ်အရောင်များကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း မိန်းမဆိုတာ ယောက်ျားတို့၏ အသုံးခံပစ္စည်းဟုတ် မဟုတ် စကားနိုင်လုရင်း ဘီယာတစ်လုံးပြီးတစ်လုံးကုန်နေ၏။ ဆေးလိပ် မီးခိုးတွေ မွှန်သထက်မွှန်လာ၏။ ကြာတော့ အားလုံး ပင်ပန်းနွမ်းနယ်လာကြပြီ။

လူးကပ်စ်က ကောင်မလေးတစ်ယောက်နှင့်တွေ့ဖို့ သွားမည့်အကြောင်း၊ သည်ကောင်မလေးကို စတွေ့ပြီးနမ်းဖို့ကြိုးစားတော့ ပါးအရိုက်ခံခဲ့ရကြောင်း ပြောပြီးထဖို့ပြင်သည်။

"ဒီတော့ မရမနေ လိုက်မှာပဲ" ဟုလည်း ဆိုသေး၏။

"အင်း . . . မင်းစွဲသွားရင်တော့ ကမ္ဘာပေါ်မှာ သနားစရာအကောင်းဆုံးမိန်းကလေးဖြစ်မှာပဲ"

လူးကပ်စ်က ခပ်တည်တည်နှင့်ငွေရှင်းပြီး သူ့အဘိဓမ္မာကို ထုတ်ဟောသေး၏၊

"ငါက ဘာလုပ်ရမှာလဲ၊ သူ့ကို ချစ်ရမှာလား၊ မိန်းမတွေဟာ ကောတဖြုတ်သာ ပျော်ဖို့ကောင်းတာပါကွာ၊ သူတို့ကို သွားချစ်မိရင် အရှင်လတ်လတ် ငရဲပြည်ရောက်တာပဲ။ မနက်ဖြန် ကျောင်းမှာ ပြန်ဆုံကြတာပေါ့ကွာ၊ ကဲ . . လစ်မယ်" ဟုပြောပြီး အားလုံးကို လက်မဝှေ့ပြရင်း သူထွက်သွားသည်။

လူးကပ်စ်ထွက်သွားတော့ အားလုံးငြိမ်ပြီး ကျန်ရစ်၏။ ဂေါ်ဇီက မနာလိုစိတ်အပြည့်ဖြင့် စကားစသည်။

"အင်း . . လောက၊ လောက။ သူ့လိုကောင်ကျတော့ ကြွေလိုက်ကြတာ၊ မိန်းကလေးတွေ သောက်သုံးကို မကျဘူး"

ဘစ်ယောက်က အာဂိုစတီးနာဆိုင်ကိုဆက်ပြီး ပျော်ဖို့ အကြံပြုသည်။ အားလုံးက ပင်ပန်းနေပြီဖြစ်၍ သည်ည တော်လောက်ပြီဟု ဝိုင်းကန့်ကွက်ကြသည်။

"ဗီးနပ်စ်မမရဲ့ ရုပ်တုကြီးက လေးလိုက်တာကွာ၊ တစ်တန်လောက်များ ရှိမလားမသိဘူး။ ငါ့တစ်ကိုယ်လုံး ကိုက်ခဲနေပြီ" ဟု ရာရှူးကပြောသည်။

ဂရနီယေးနှင့် အောင်ကက်တန်တို့ ပြန်သွားကြသည်။ နောက်တစ်နာရီခန့် ရာရှူးနှင့်ဟင်နရီ နှစ်ယောက်တည်း ကျန်ခဲ့၏။ စကားသိပ်မပြောဖြစ်ကြ။ ဆေးတံကို စားပွဲစွန်းတွင် ခေါက်ချပြီး ရာရှူးက ရုတ်တရက် ပြောသည်။

"ငါ ဆာပြီကွာ၊ တစ်ခုခု သွားစားကြရအောင်"

စားသောက်ဆိုင်ထဲရောက်တော့ ညစာစားချိန် လွန်နေပြီ။ လူနည်းတော့။ ဝိုင်နီတစ်ပုလင်းရှေ့ချပြီး ပန်းသီးစားရင်း သတင်းစာဖတ်နေသည့် အဘိုးကြီးတစ်ယောက်နှင့် စွပ်ပြုတ်ကို အငမ်းမရသောက်နေ သော ကောင်မလေးတစ်ယောက်သာရှိ၏။ နောက်ပိုင်းမှ ပန်းကန်ဆေး သံနှင့် အီတလီသီချင်းတစ်ပုဒ် ငြီးနေသည့် အမျိုးသမီးတစ်ဦး၏အသံကို ကြားနေရ၏။ သူတို့နှစ်ယောက် နေရာယူပြီးသည်နှင့် အာဂိုစတီးနာ ပြေးထွက်လာသည်။

"အလိုတော် ကိုယ်တော်မြတ်ကလေးတွေ ပျောက်ချက်သား ကောင်းလှချေလား။ အာဂိုစတီးနာ့ဆိုင်ထက် ကောင်းတဲ့နေရာ မင်းတို့ တွေ့နေလို့လား။ ပလာမိုက ဆိုင်တွေလောက်တော့ ကိုယ့်ဆိုင်က ဘယ်ကောင်းမလဲနော်"

လှပသော သူ့မျက်လုံးများသည် ဇာတိကို အောက်မေ့လွမ်းဆွတ်နေပုံရ၏။

"ပလာမိုမှာ နေရောင်ခြည်ဟာ အမြဲတမ်းတောက်ပနေတယ်၊ ကောင်းကင်က အမြဲတန်းပြာနေတယ်၊ မယ်တော် မာရီရဲ့ ဝတ်ရုံအရောင်အတိုင်းပဲ။ လေကလဲ . . ရေမွှေးနံ့သင်းနေသလိုပဲ"

ပလာမို၏ အလှအပတွေအကြောင်း တဝကြီးပြောပြီးမှ အာဂိုစတီးနာက သူတို့နှစ်ယောက်ကို စားစရာတွေ ချပေးသည်။ နှစ်ယောက်သား အေးအေးလူလူစားကြသည်။ ပန်းသီးစားနေသည့် အဘိုးကြီး သတင်းစာ ချိုင်းကြားညှပ်ပြီး ဆိုင်ထဲမှ ထွက်သွားသည်။ ကောင်မလေးကတော့ စီးကရက် ထိုင်သောက်နေ၏။

ဟင်နရီက ကလေးမကို လှမ်းကြည့်နေသည်။ မျက်နှာလှလှကလေးသည် မီးခိုးငွေ့တွေထဲတွင် ဝေဝါးနေ၏။ ရွှေရောင်ဆံပင်တွေက မီးရောင်နှင့် လိုက်ဖက်စွာ တောက်ပနေ၏။

"ပြပွဲအတွက် မင်းဘာရေးမယ် စိတ်ကူးထားလဲ"

ရာရှူးက ရုတ်တရက်မေးလိုက်သည်။

"ပထမတော့ ကျမ်းစာထဲက ခရစ်ဝင်ပုံတွေရေးမလား စိတ်ကူးတယ်။ ဥပမာ အေဘရာဟင်က သားကိုယာဇ်ပူဇော်နေတဲ့ပုံမျိုး၊ မိုးဇက်က ကျောက်ဆောင်ကို ရိုက်နှက်နေတဲ့ပုံမျိုးတွေပေါ့၊ ဒါပေမဲ့ ဒေးရတာသိပ်ခက်မယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ဟင်နရီ၊ ရေးရမယ့်အသေးစိတ်တွေ သိပ်များတယ်"

"အီကားရုပ်စ်ပုံဆိုရင်ရော ဝက်ာပါထဲကလွတ်ပြီး သူ့ရဲ့ ဖယောင်းအတောင်တွေနဲ့ ကောင်းကင်ကို ပျံတက်သွားတဲ့ အီကားရုပ်စ်လေ။ ကြိုက်ပုံအနေအထားနဲ့ ရေးရင်ဖြစ်တယ်။ ကျောက်ဆောင်ပေါ်ကနေ ပျံမယ့်ဆဲဆဲ အတောင်တွေ ဖြန့်နေတဲ့ပုံ ကျွန်တော် ဆရာ့ကို ပြပြီးပြီ"

"ငါ သိပ်မပြောတတ်ဘူးကွ၊ အီကားရုပ်စ်အကြောင်း ကြားဖူးတဲ့လူ သိပ်မရှိဘူး။ ဗီးနပ်စ်ဖြစ်ဖြစ်၊ ဒိုင်ယာနာဖြစ်ဖြစ် ရေးပါလားကွ၊ သူတို့က ဘယ်လိုရေးရေး၊ အချိုးကျပြီးသားပဲ။ လုဗ်ကိုသွားပြီး ဘူရှား နဲ့ လက်ရာတွေကြည့်၊ ဟိုပေါင်း၊ သည်စပ် လုပ်ပေါ့ကွ"

ပြပွဲတင်ဖို့ အကြောင်းအရာ ရွေးချယ်ရေးကိစ္စကို သူတို့ ဆက်ဆွေးနွေးကြ၏။ ပြောရင်း ပြောရင်း ဗီးနပ်စ်ကို ပယ်လိုက်ကြသည်။

ရာရှူးက အကြံပေးပြန်၏။

"ခရစ်တော်ကို ကားစင်တင် နှိပ်စက်ခန်းဆိုရင်ရော၊ လုဗ်မှာ ပုံတွေအများကြီးပဲ"

အသေးစိတ်တွေ ဆက်ဆွေးနွေးကြပြန်၏။ ခုံသမာဓိ ဂျူရီအဖွဲ့ဝင်တွေ၊ တွေဝေနေပုံပါရမည်။ ခရစ်တော်၏ ခြေထောက်မှသွေးတွေကို မေရီမက်ဒါလင်းက သူ့ဆံပင်တွေနှင့် သုတ်ပေးနေပုံပါရမည်။ ဆီဘက်ဘတီယန်ကိုယ်တော်က သူ့ရင်အုပ်ကျဉ်းကျဉ်းကလေးနှင့် အစားဝင်ခံပါမယ်ဆိုပြီး ရင်ကော့ပေးနေပုံလည်းပါရမည်။

ရာရှူးကပြောနေရင်းစားပွဲကို လက်သီးနှင့် ထုလိုက်ပြီး

"ရပြီ ငါစဉ်းစားလို့ရပြီ။ မင်းနဲ့အသင့်တော်ဆုံးအကြောင်းအရာ ငါတွေ့ပြီ" ဟု ဝမ်းသာအားရ အော်ပြောသည်။

"တိုက်ပွဲဝင်နေတဲ့ မြင်းတပ်လေ၊ မင်းနဲ့အလိုက်ဆုံးပဲ။ လပ်ဇင်ဘက်ကိုသွား၊ အဲဒီမှာ ပုံကောင်းတွေရှိတယ်။ မြင်းတပ်သားတချို့ရဲ့ ယူနီဖောင်းတွေ ပြောင်းပစ်လိုက်။ မင်းဘွဲ့တင်မကဘူး၊ ဆုတောင်ရဦးမယ်"

ဆွေးနွေးရင်း၊ ဆွေးနွေးရင်း မျိုးချစ်စိတ်ဓာတ်အကြောင်း၊ အမျိုးသားရေးလက္ခဏာအကြောင်းတွေ ပါလာသည်။ တစ်ဆက်တည်း

၁။ Francois Boucher (1703-1770) ပြင်သစ်ပန်းချီဆရာ။ ၁၇၆၅ ခုနှစ်တွင် နန်းတွင်းပန်းချီဆရာအဖြစ် ဘုရင်က ချီးမြှောက်သည်။ Reeling Girl မှာ ကမ္ဘာကျော်ပန်းချီကားဖြစ်သည်။



...တ်ပညာပိုင်းဆိုင်ရာ အခက်အခဲများ၊ ဖြည့်ထည့်ရမည့် အသေးစိတ် ...မှုန်းမှု ပြဿနာများကို ဆွေးနွေးငြင်းခုန်ကြသည်။

တကယ်စဉ်းစားကြည့်တော့ တကယ့်မြင်းအရွယ် မြင်းကြီး တစ်...င်၏ ရုပ်လုံးကို စတူဒီယိုထဲတွင်ထားပြီးဆွဲရမည့်ကိစ္စမှာ ရယ်စရာ...ဖြစ်နေကြောင်း ရာရှူးသဘောပေါက်လာသည်။

နောက်ဆုံးသူ့အတွေးအမြင်ပြောင်းသွားပြီး

"တစ်ခုတော့ရှိတယ်ကွ၊ ဘယ်တော့မှ မရိုးတဲ့ရေးကွက်တစ်ခု...ယ်၊ အဲဒါက ဘာလဲဆိုရင် မိသားစုထဲက နေ့စဉ် ဘဝကလေးတွေပဲ"

"ကျွန်တော်သိတယ်၊ ကြေမွသွားတဲ့ ယမင်းရုပ်ကလေးကို ကိုင်...ငိုနေတဲ့ ကလေးမတစ်ယောက်ရဲ့ ပုံမျိုး၊ ယိုခိုးစားနေတဲ့ ကောင်လေး...စ်ယောက်ရဲ့ ပုံမျိုး၊ ဒါတွေ ပြောတာလား"

သရော်သံမပါအောင် ဟင်နရီ ထိန်းပြောနေခြင်းဖြစ်သည်။

ရာရှူးက သူ့ပြောပုံကို သဘောမတွေ့။

"သေတော့မှာပဲ၊ ကောင်လေးတစ်ယောက် ယိုဗူးဖွင့်ပြီး ခိုး...နေတာ ဘာဖြစ်လဲ၊ မကောင်းဘူးလား"

"ဘာမှတော့ မဖြစ်ပါဘူး၊ အဲဒါတွေက ဆန်းသစ်တဲ့အကြောင်း...ရာတွေမှ မဟုတ်တော့တာပဲ။ ဒီကနေ တစ်ဆင့်တက်ရတော့မယ်လို့ ...ဘူးမထင်ဘူးလား ရာရှူး"

ရာရှူးက လက်လျှော့သည့်လေသံဖြင့်

"ကဲ . . ကဲ . . ဒါဆိုလဲ အီကားရုပ်စ်ပဲရေးတာ မင်းအတွက် ...ကောင်းဆုံးပဲ။ ဂန္ထဝင်လဲဖြစ်တယ်၊ ဒါပေမဲ့ ဆရာကော်မွန် ပြော...တော့ ဂရုစိုက်နော်၊ ဆေးကို ပါးပါးယူဖို့လေ"

သူ့စကားလုံးတွေကို ဟင်နရီ စိတ်မဝင်စားတော့ကြောင်း ရာရှူး ...မိလိုက်သည်။

"ဟေ့ကောင် မင်း ဘာတွေးနေတာလဲ"

စားပွဲတွင်ထိုင်ပြီး တစ်စုံတစ်ခုကို အလေးအနက်တွေးနေပုံ ...သည့် ကောင်မလေးဆီကို ခေါင်းညိတ်ပြရင်း ခပ်တိုးတိုးပြောသည်။

"သူ့မျက်နှာကို သေသေချာချာကြည့်ဗျ။ စိတ်ဝင်စားဖို့ ...ကောင်းဘူးလား၊ သူ့ကုပ်ပေါ်မှာ ထိုးနေတဲ့အရိပ်က အစိမ်းရောင်ဗျ"

သူ့အကြောင်းကို ပြောနေမှန်း သိသွားပုံရသည့် ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com

က စီးကရက်ကို ခွက်ထဲထိုးချေပြီး ကူသင့်ငွေကို စားပွဲပေါ်တင်ကာ ထွက်သွားလေတော့၏။

ရာရှူးက ဟင်နရီ့ကို မှုက်မှောင်ကုပ်ကြည့်ပြီး

"ဟေ့ . . မင်းဘာဖြစ်နေတာလဲ ဟင်နရီ"

"ဘာမှ မဖြစ်ပါဘူးဗျ၊ သူ့မျက်နှာက ရေးဖို့ကောင်းတဲ့ မျက်နှာမျိုးလေ၊ ဒါပဲပြောတာပဲ။ တကယ်နိပ်တဲ့ ပုံစံဗျ၊ တစ်ခြားမျက်နှာတွေက ခံရုံတွေလိုပဲ၊ သူ့မျက်နှာက ပြတင်းပေါက်နဲ့ တူတယ်။ ကြည့်လိုက်ရင် အားလုံး အထဲကို ဒိုးယိုပေါက် မြင်နေရသလိုပဲ။ ကဲ . . ထားပါလေ၊ အီကားရုပ်စ်အကြောင်း၊ ဆေးပါးပါးအကြောင်းပဲ ဆက်ပြောကြတာပေါ့"

ရာရှူးက မျက်နှာမသာမယာနှင့်

"တစ်နေ့နေ့တော့ မင်းဒုက္ခတွေ့လိမ့်မယ် ဟင်နရီ။ ဒီ ဘာမဟုတ်တဲ့ လမ်းပေါ်က ကောင်မလေးကို မင်းရေးချင်နေတယ် ဟုတ်လား၊ ကုပ်ပေါ်ကအရိပ်က အစိမ်းရောင်တဲ့၊ မျက်နှာက ပြတင်းပေါက်တဲ့ ဘာတဲ့လား"

"ကျွန်တော် ဆိုလိုတာက . . ."

"နေဦး၊ ငါပြောမယ် မင်းနားထောင်။ မင်း အဲဒီကောင်မလေး ပုံကို ဆွဲပါပြီတဲ့။ ဆွဲပြီး ဘာလုပ်မှာလဲ၊ ရောင်းမှာလား။ ဘယ်သူ့ကို ရောင်းမလဲ။ ပြပွဲတင်မှာလား၊ ဘယ်ပြကိုက်က လက်ခံမလဲ။ မောင်မတ် လမ်းပေါ်က ကောင်မလေးတစ်ယောက်ရဲ့ ပုံကို ဘယ်သူယူမလဲ"

"ဘယ်သူ ယူယူ မယူယူလေ၊ သူ့မျက်နှာကတော့ ရေးချင်စရာပဲ။ ခင်ဗျားပြောတဲ့ မြင်းတပ်တိုက်ပွဲ၊ ယိုခိုးစားတဲ့ကောင်လေး၊ အီကားရုပ်စ်၊ အဲဒါတွေအားလုံး အလကားဖွတ်ကျားတွေချည်းပဲ။ နေပါဦး၊ ကျွန်တော်တို့ဆွဲချင်တဲ့ အကြောင်းအရာကို မဆွဲရတော့ဘူးလား။ ပြောချင်တာတွေကို ပန်းချီနဲ့ မပြောရတော့ဘူးလား။ ကျွန်တော်ဟာ ပုံတူတွေကို ငယ်ငယ်ကတည်းက ဆွဲခဲ့တာပါဗျ၊ ကျွန်တော့်အမေပုံတွေဆို အများကြီး"

ရာရှူး၏ အသံက ကြောက်မက်ဖွယ် ကောင်းလောက်အောင် တည်ငြိမ်နေသည်။

"ကဲ . . မင်းပန်းချီမရေးချင်တော့ဘူးလား ပြော"

"မရေးချင်တော့ဘူး၊ တစ်ခါလာလဲ ဗီးနပ်စ်၊ တစ်ခါလာလဲ ဒိုင်ယာနာ။ ကျွန်တော်ကျောင်းကို စိတ်ကုန်လာပြီဗျာ၊ မူလအရောင်ကို



ဘာကြောင့် အမြဲတမ်းအညိုရောင်နဲ့ရေးမှာလဲ။ ဖွဲ့စည်းမှုကို ဘာကြောင့် ကြံ့ဂံစနစ်နဲ့ စရမယ်လို့ ပုံသေကားချ လုပ်ထားသလဲ။ ဆေးကို ပါးပါးသုံးရမယ်လို့ ဘယ်သူက ပြောခဲ့တာလဲ။ ဘာလို့ ကျွန်တော် ဆွဲချင်သလို မဆွဲနိုင်ရမှာလဲ။ အရိပ်ကို အပြာရောင်နဲ့ ရေးချင်ရေးမယ်၊ ကျွန်တော် မြင်သလို ရေးမယ်၊ အစိမ်းဖြစ်ချင်လဲ ဖြစ်မယ်။ ဘာဖြစ်လို့ ကျွန်တော် အဲဒီလိုမလုပ် . ."

ရာရှူးက ဒေါသတကြီး အော်ပြောသည်။

"မင်း မလုပ်ရဘူး၊ မလုပ်နိုင်ဘူး၊ ဆရာကော်မွန် ပြောတဲ့ အတိုင်းပဲ မင်း လုပ်ရမယ်၊ သူ ရေးခိုင်းတဲ့အတိုင်းပဲ မင်းရေးရမယ်၊ မဟုတ်ရင် မင်းကား ဘယ်တော့မှ ပြပွဲတင်ခံရမှာ မဟုတ်ဘူး။ အကဲဖြတ် အမှတ်ပေးခံရမှာ မဟုတ်ဘူး ။ အဲဒီအဆင့်ကို မင်းမကျော်ဖြတ်ရင် မင်း ဘာဖြစ်သွားမလဲ။ သိတယ် မဟုတ်လား၊ သုခမိန်အဖွဲ့က မင်းကို အသိအမှတ်မပြုရင် မင်းပန်းချီဆရာဘဝကို ဘယ်တော့မှ မရဘူးမှတ်"

ဟင်နရီ ခေါင်းညိတ်သည်။

"ခင်ဗျား ပြောတာ ဟုတ်ပါတယ် ရာရှူး။ ကျွန်တော် ဘယ်လို မြင်နေမှန်း မသိပါဘူးဗျာ။ ကဲပါဗျာ . . အီကားရုပ်စ်ကို သူတို့ ပြောသလိုပဲ ရေးပါ့မယ်။ မလုပ်ရင် မဖြစ်ဘူးဆိုမှတော့ ဘာတတ်နိုင်မှာလဲ"

အခန်းတံခါးဝမှ ဆွဲလဲသံကလေးမြည်လာသဖြင့် သူတို့ လှည့်ကြည့်လိုက်ကြသည်။ လူနှစ်ယောက် စားသောက်ဆိုင်ထဲ ဝင်လာသည်။ ဘယ်ယောက်ကို ဟင်နရီ တန်းမှတ်မိလိုက်သည်။ ဘူးဆော့ခ်နှင့် တလာဒုံး ပန်းချီပြခန်း မန်နေဂျာ သီအိုဗန်ဂိုး။

"နောက်တစ်ယောက်က ဘယ်သူလဲဗျ"

ဟင်နရီက ရာရှူးကို ခပ်တိုးတိုးမေးလိုက်သည်။ ရာရှူးက ပခုံး တွန့်ပြီး "တော်ပြတ်နေတဲ့ကောင် တစ်ကောင်ကောင်ကို သူကျွေးဖို့ ခေါ် လာတာဖြစ်မှာပေါ့ကွာ" ဟု ပြန်ပြော၏။

သီအိုနှင့် ပါလာသူက ပခုံးကျယ်ကျယ်နှင့်။ အဝတ်အစားကို ပြင်ကတတ်ဆန်း ဝတ်ထားသည်။ ကတ္တီပါ ဘောင်းဘီတစ်ခုလုံး ဆေး စက်တွေ ပေပွလျက်။ ဆံပင်နှင့် နားရွက်တွေမှာပါ ဆေးစက်တွေ နိုင်း ခုံးနှင့်။ သူတွင် ဦးထုပ်မပါ။ တံခါးပေါက်မှ ဝင်လာပြီး စီးကရက်တိုကို ကြမ်းပြင်ပေါ် လွှင့်ပစ်လိုက်သည်။ သဘော်သား တစ်ယောက်၏ ခြေ

www.burmeseclassic.com

www.burmeseclassic.com

လှမ်းများဖြင့် လျှောက်သွားပြီး စားပွဲတစ်လုံးတွင် ဝင်ထိုင်သည်၊ ဘယ်သူမှ လူမထင်သည့် အမူအရာမျိုးဖြင့်။

သီအိုက သူတို့နှစ်ယောက်ကို လှမ်းမြင်တော့ ချက်ချင်း မှတ်မိသည်။ သူတို့စားပွဲကို လျှောက်လာပြီး "အမတော်ပဲကွာ၊ ကိုယ်က မောင်ရင်တို့နဲ့ တွေ့ချင်နေတာ၊ ခဏထိုင်မယ်နော်" ဟု ပြောပြောဆိုဆို ဝင်ထိုင်သည်။

ပြီးတော့ သူလူဘက်သို့ လှမ်းအော်ပြောသည်။

"ကြိုက်တာမှာဟေ့ ပေါလ်၊ ကိုယ်တော့ စားပြီးခဲ့ပြီ"

"သူက ဘယ်သူတုန်းဗျ"

ဘာရှူက စပ်စုလိုက်သည်။

သီအိုက ရှေ့သို့ကိုင်းပြီး လေသံနိမ့်ဖြင့်ဖြေသည်။

"သူ့နာမည်က ပေါလ်ဂေါဂင်တဲ့၊ စတော့ပွဲစား တစ်ယောက်ပဲ၊ ဒါပေမဲ့ ခု သူအဲဒီအလုပ် မလုပ်တော့ဘူး။ ပန်းချီဆရာ လုပ်မလို့တဲ့"

"သောက်ရူးပဲ"

ရာရှူက ပိုင်စိုးပိုင်နင်း အကဲဖြတ်လိုက်၏။ သီအိုက ခေါင်းယမ်းပြီး

"သူတစ်ယောက်တည်း မဟုတ်ဘူးကွ။ ကိုယ့်အစ်ကိုလဲ အဲဒီအတိုင်းပဲ၊ ဘာစိတ်ကူးပေါက်လာသလဲ မသိဘူး၊ ပန်းချီဆရာလုပ်ချင်လို့တဲ့၊ သူ နည်းနည်းပါးပါးတော့ ဆွဲဖူးတယ်၊ ဒါပေမဲ့ ဖြစ်ဖြစ် မြောက်မြောက်မဟုတ်ပါဘူး။ စောစောပိုင်းကတော့ ဘယ်လ်ဂျီယံမှာ မိုင်းလုပ်သားတွေနဲ့ သွားနေပြီး တရားဟောဆရာလုပ်နေကယ်။ ဒါလဲ မကြာပါဘူးကွာ"

"ခင်ဗျားအစ်ကိုက အသက်ဘယ်လောက် ရှိပြီလဲ"

ဟင်နရီက အမှတ်မထင် မေးလိုက်ပြီးမှ မှားမှန်းသိသွား၏။ သီအို မျက်နှာကွက်ခနဲ ပျက်သွားသည်။

"၃၃ နှစ်ရှိပြီ၊ ခုမှ ကျောင်းတက်မယ်ဆိုတော့ အသက်တော့ မငယ်တော့ဘူးပေါ့ကွာ။ ဒါလဲ စွံစွံမြဲမြဲ သူလုပ်ချင်မှ လုပ်မှာပါ"

သူခဏ တွေနေပြီး နီကျန့်ကျန့်ဆံပင်များကို လက်နှင့် သပ်သည်။

"ဒါပေမဲ့ကွာ၊ အစ်ကိုဆိုတော့လဲ သူလုပ်ချင်တာကို ဖြစ် အောင်



ပင်ပေးရမှာပေါ့။ ခရစ္စမတ်ပြီးရင် ပါရီကို လာခဲ့မယ်တဲ့။ ဒုတိယနှစ်ကက်က စတက်ဖို့ မင်းတို့ကျောင်းမှာ ငါ သူ့အတွက် စာရင်းသွင်းခဲ့ပြီ"

သူ့အသံက ချက်ချင်းတိုးသွားပြီး တောင်းပန်တိုးလျှိုးသံဖြင့်

"မင်းတို့ သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံကြပါကွာ၊ ကျောင်းသားတွေရဲ့ ထုံးစံအတိုင်း သူ့ကို သိပ်မနောက်ကြပါနဲ့နော်။ သူ စကားဝဲတာတို့ဘာ အသက်ကြီးတာကိုရောပေါ့ကွာ"

"နာမည်က ဘယ်သူတဲ့တုန်း"

"ဗင်းစင့်၊ ဗင်းစင့်ဗန်ဂိုး။ မင်းတို့ သူ့ကို မှတ်မိလွယ်မှာပါ။ ငါ့လိုပဲ မုတ်ဆိတ်နီနီနဲ့ကွ"

သီအိုက ပြုံးပြီး ထပ်ဖြည့်ပြောသည်။

"သိပ်ချစ်ဖို့ကောင်းတဲ့ လူပါကွာ၊ သူ့အကြောင်း သိသွားရင်ပေါ့လေ"

*

နောက်တစ်နေ့တွင် ပြပွဲတင်ကား ရေးဖို့ ဆေးတွေ ဝယ်ရန်နှင့် လိုချင်သည့် ပိတ်စများ မှာရန် ဂလူဇယ်လ်လမ်းပေါ်ရှိ ပီယာတန်ဂီး၏ ပန်းချီပစ္စည်းဆိုင်သို့ အငှားရထားဖြင့် ဟင်နရီ ထွက်လာခဲ့သည်၊

ဂလူဇယ်လ်လမ်းသည် ပန်းချီပစ္စည်း အရောင်းဆိုင်ဖွင့်ဖို့ လုံးဝသင့်တော်သည့် နေရာမျိုးမဟုတ်ပါ။ နေ့ခင်းတွင် ခြောက်သွေ့နေပြီး အလုပ်ချိန် ရောက်သည်နှင့် မောင်မတ်တေလေမင်းသားတွေ၊ အပျော်ကလေးတွေနှင့် ရှုပ်ယှက်ခတ်နေသည့်လမ်း ဖြစ်၏။

ဆိုင်ပိုင်ရှင် တန်ဂီးမှာလည်း စည်းအပြင်ကလူ ဖြစ်၏။ သည်နေရာမျိုးကို တမင်ရွေးဖွင့်ထားခြင်း ဖြစ်နိုင်သည်၊ ဆိုင်ထဲတွင် ဘယ်သူမှ မမြင်ဖူးသေးသည့် စေဇန်း၏ ကားတစ်ချပ်ကို ဘောင်မသွင်းဘဲ ချိတ်ထား၏။

သူက ဆေးတံနှင့် မှိန်းနေရာမှ ထပြီး ဟင်နရီ့ကို ခရီးဦးကြိုပြုသည်။

"အား . . မွန်စီယာ တူလုစ်ပါလား၊ ဝမ်းသာသဗျာ"

လက်ငင်းပေးဝယ်သူ တိုရေရှားရေထဲမှ ဟင်နရီက ဖောက်သည်တစ်ယောက် မဟုတ်လား"

"ကျန်းမာရေး ကောင်းပါတယ်နော် မွန်စီယာ။ ရာရှူ တစ်ယောက်ကော နေကောင်းပါရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ဝိုင်းဝိုင်းကြီး ပြည့်လုမတတ် ပြုံးပြီး အားလုံးကို နေကောင်းရဲ့လား၊ ကျန်းမာရဲ့လားနှင့် ပဋိသန္ဓာရပြုလို့မဆုံး ဖြစ်နေ၏။ ခေအာင်ကက်တန်၊ ဝေါ်ဇီ၊ ဂရနီယေး တစ်ယောက်မကျန် မေးနေ၏။

ရာသီဥတု ဆိုး၀ါးလွန်းကြောင်း၊ သူ့လုပ်ငန်းမှာ တန့်နေ ကြောင်း၊ သည်လို အလင်းရောင်တွင် ပန်းချီရေးဖို့ မဖြစ်နိုင်သဖြင့် ပစ္စည်းတွေ အရောင်းထိုင်းနေကြောင်းများလည်း ပါ၏။

"ဒါပေမဲ့ ကိစ္စမရှိပါဘူး"

သူက တံခါး၀ကို တစ်ချက် လှမ်းကြည့်ပြီး တိုးတိုး ဆက်ပြောသည်၊

"တော်လှန်ရေးကြီး ဖြစ်လာရင် အခြေအနေတွေ အားလုံး ပြောင်းသွားမှာ။ ပစ္စည်းမဲ့အမြင်ရှိတဲ့ ပန်းချီဆရာတွေကို နိုင်ငံတော်က ကြည့်ထားမှာပါဗျ၊ ဖောက်ပြန်တဲ့ လူတွေကိုတော့ ရှင်းပစ်ရမှာပဲ"

ပြောရင်း ပြောရင်း သူ စိတ်ပါလာသည်။ ဒုတိယအင်ပါယာ ကြီး ပြိုကျသည့်အချိန်က မထင်မရှား ကဏ္ဍမှ သူပါဝင်ခဲ့၏။ သည် အကြောင်း ဟင်နရီ အကြိမ်များစွာ ကြားဖူးပြီးပြီ။ ခုလည်း ဆက် နား ထောင်နေရ၏။

ထို့နောက်မှ လက်ဝါးနှစ်ဖက် ရိုက်ပြီး ပုံစံကျ ပန်းချီပစ္စည်း အရောင်းဆိုင်ရှင်တစ်ယောက်၏ ဟန်ဖြင့်

"ကဲ . . မွန်စီယာ တူလုစ်၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

"အုန်းခွံရောင် အကြီး ၆ ဘူးနဲ့အညိုရင့်ရောင် ဗူးကြီး ၆ ဘူး"

အတွင်းဘက်မှ မိန်းမသံတစ်သံ ထွက်လာသည်။

"အကြွေးလား လက်ငင်းလား"

တန့်ဂီး မျက်နှာတွင် စိတ်အနှောင့်အယှက် ဖြစ်သွားပုံကို အထင်းသား တွေ့လိုက်ရ၏။

"ဟဲ့ . . မိန်းမရဲ့၊ နင် ဘယ်သူ့အောက်မေ့လို့လဲ။ မွန်စီယာ တူလုစ်ဟဲ့ လက်ငင်းပေါ့"

"ဟုတ်လား . . မသိလို့ပါတော်"

ထိုညနေတွင် ဧရာမ ပိတ်စကြီးတစ်စလည်း ဟင်နရီ မှာခဲ့ သေးသည်။ အနံ ၈ ပေ၊ အလျား ၈ ပေနီးပါးရှိသည့် ပိတ်စကြီး။ နောက် ၃ ရက်အကြာတွင် ဗုက်သွင်ပျံကြွမည့်ဟန် အီကာရပ်စ်၏ ပုံကြီး ဆွဲသည်။



ဆွဲပြီးဆိုကတည်းက နေ့ရော ညပါ စိတ်ပါ လက်ပါ အလုပ် . . . ဘော့၏။ ဓာသင်လူမျိုး လူပျံတော်၏ ပုံသည် သူ့အာရုံကို သုံးဝ ဖမ်း . . . လေပြီ။ သူ့ပန်းချီဘဝကို ပြပွဲတွင်တင်မည့် သည်ကားကြီးက . . . အဖြတ် ပေးမည်မဟုတ်လား။

အာဂိုစတီးနာ၏ ဆိုင်တွင် အပေါင်းအသင်းများနှင့် နေ့လည်စာ . . . ပြီးခဲ့င်း စတူဒီယိုဆီသို့ တန်းပြန်လာပြီး လေးထပ်ကို အားကြိုး . . . တက်ဟက်၍ ကားခုံတွင် ထိုင်ကာ ဆေးဘူးတွေ၊ စုတ်တံတွေနှင့် . . . ရှုပ်နေတော့၏။

ပထမဆုံးအကြိမ်အဖြစ် မဒမ်လူဘေးက သူ့ကို ချောင်းကြည့် . . . ပါးစပ်အဟောင်းသား ဖြစ်သွား၏။ မသန်သည့် ခြေနှစ်ဖက်ဖြင့် . . . ထားသည့် လှေကားပေါ်တွင် ဆင်း၍ တက်၍ဖြင့် ဘာကိုမှ . . . ရနိုင်တဲ့ စုတ်ချက်တွေဖြင့် ရှုပ်ယှက်ခတ်နေသည့် သူငယ်ကလေး။ . . . သူငယ် ရူးများနေပြီလား။

"ပန်းချီကားတစ်ချပ် သည်လောက်ကြီးဖို့လိုသလား မွန်စီ . . . ယ်"

ဟင်နရီကို မဒမ်လူဘေး သံယောဇဉ် တွယ်နေပြီ။ ဟင်နရီ . . . သူ့အလုပ်ထဲတွင်သူ နစ်နေ၏။

အခန်းထဲ ဝင်လာပြီး မီးလင်းဖိုထဲမှ မီးအခြေအနေကို ကြည့် . . . သည်။ ပါရီမှ မီးသွေးတွေ ညှဖျင်းပုံကို ဗျစ်တောက် ဗျစ်တောက် . . . င်း စတူဒီယိုခန်းထဲတွင် ယောင်တိယောင်ချာလုပ်နေလျှင် ဟင်နရီ . . . င်ပါဦးလားခေါ်ပြီး နေရာပေးတတ်သည်။

"ခဏပဲ ထိုင်မယ်နော်" ဆိုပြီး မဒမ်လူဘေးက အိမ်ပိုင်ရှင် . . . သာ လီတာလီယားအကြောင်း၊ မည်သို့မည်ပုံ ဖြစ်သွားကြောင်းများ . . . ပြတတ်၏။

အခေါ်ကြီးပြန်သွားလျှင် ဟင်နရီ သူ့အလုပ်သူ ဆက်လုပ် . . . လှေကားပေါ်တွင် တက်ချီ ဆင်းချီဖြင့်။ မူလ အရိပ်များကို အညို . . . စုတ်ချက်ပါးပါး ခတ်ပြီး ရေးရင်း ရေးရင်း တဖြည်းဖြည်းနှင့် . . . တွေ အထူအပါး ညီလာသည်။ ပြီးတော့ ပိတ်သားပေါ်တွင် . . . င်တက်လာသည်။

တစ်ခါတစ်ခါလည်း ရေးရင်း စိတ်ပျက်လာသည့်အခါများ ရှိ . . . ဒါကြီးက ဘယ်တော့ ပြီးမှာလဲ၊ သည်မျက်နှာအတုကြီးထဲက

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းလောင်းဖြစ်နေတဲ့ မျက်လုံးအိမ်တွေထဲမှာ မျက်ဝန်းတွေ ဘယ်တော့ ထည့်နိုင်မှာလဲ။ ပြီးတော့ နှာတံစင်းစင်းနဲ့ မိန်းကလေးတစ်ယောက်လို နီမြန်းနေတဲ့ နှုတ်ခမ်းတွေ၊ နောက်ပြီး ရှူးကြောင်ကြောင်မျောင်း အတောင်ပံကြီးတွေ၊ အပြိုင်းပြိုင်းထနေသည့် ကြွက်သားတွေ။ ပြီးတော့ စည့်မျက်နှာပြင်လို တင်းမာနေသည့် ရင်အုပ်ကြီး။

ဆရာ့ရှူး၏ သတိပေးစကားကို ပြေးသတိရလိုက်၏။ အံတင်းချက်ကျိတ်ပြီး ဆေးငှဲ့ကြီးအောင့်ကြီးနှင့် စုတ်ချက်တွေ ယမ်းလိုက်သည်။ ပိုပြည်သော အရိပ်တွေ ထင်လာ၏။ ထောပတ်ရောင် ခန္ဓာကိုယ်သည် တင်လက်မချင်း ပေါ်လာ၏။

ရံခါတွင် ကျောင်းမှ သင်ထားသည့် သင်ရိုးကို ပုန်ကန်ချင်စိတ် နိုးကြွလာတတ်သည်။ သည်လိုဖြစ်လာလျှင် လှေကားပေါ်မှ ဆင်းပြီး ပန်းချီကားခုံပေါ်တွင်ထိုင်ကာ မောင်မတ် ပုံသေးကလေးတွေ ထိုင်ရေးသည်၊ လမ်းပေါ်တွင် အဝတ်ခြင်းတောင်းကို ခါးစောင်းတင်ကာ လျှောက်သွားနေသည့် ခဝါသည်မကလေးများ၊ ကံဖေးဆိုင်ထဲတွင် လျှပ်တပြက် တွေ့ခဲ့ရသည့် မောင်မတ်သူကလေးများ၏ ပုံများဖြစ်၏။

ခနေ့ညက ကပွဲတွင် ကြည့်ခဲ့ရသည့် ကင်ဟင်ကချေသည်များ၏ပုံ ရေးဖြစ်လျှင်တော့ ပင်ပန်းသမျှဒဏ်တွေ ချက်ချင်း လျော့ပြေသွားသလို ခံစားရ၏။ သည်လိုကားမျိုး ရေးဖြစ်လျှင် ပင်ကိုစရိုက်တွေ ပြန်ပေါ်လာပြီး အစိမ်းရင့်ရောင်တွေ၊ အပြာစူးစူးတွေ၊ ခရမ်းနုရောင်တွေ သွန်ခနဲ သိုက်သည်။ သည်လို အခါမျိုးတွင် ပြန်ပြီး ဈာန်ဝင်လာတတ်၏။ ညှိုသိုးပြင့် အိကားရပ်စ်ကားကြီးဆီသို့ ပြန်၍ အာရုံစုစည်းနိုင်ပြန်သည်။

တစ်နေ့တွင် ကင်ကင် ဇာတ်ခုံမြင်ကွင်းကို စုတ်ချက် ပြင်းပြင်းခတ်နေစဉ် တံခါးခေါက်သံနှင့်အတူ ဖခင်မြို့စားကြီး အခန်းထဲ ဝင်လာသည်။ မဒပ်လူဘေးက နောက်မှ အထိတ်တလန့် မျက်လုံးများနှင့် သူ့ကို လှမ်းကြည့်ပြီး တစ်ချိုးတည်း ပြန်လစ်သွားသည်။

"...င်းမေမေက သားစတူဒီယိုတစ်ခု ငှားလိုက်တယ်ဆိုလို့ လာကြည့်တာ"

ရွှေထိပ်ကွပ် ကြိမ်လုံးကို လက်မောင်းတွင် ချိတ်ပြီး မြို့စားကြီးက စကားစသည်။ အခန်းပတ်ပတ်လည်ကို ဝေ့ကြည့်ပြီး မှတ်ချက်ပေးသည်။

"အင်း . . မဆိုးပါဘူး၊ ကောင်းသားပဲ။ တိုက်ကြီးကတော့ ပြိုကျတော့မလိုပဲ။ သိပ်တော့မထူးပါဘူး၊ မောင်မတ်က အိမ်တွေအားလုံး ဒီအတိုင်းပါပဲ"



ပြတင်းပေါက်ဆီကို လျှောက်သွားပြီး မြေနှစ်ဖက် ကျဲကျဲ ရပ်ကာ မြို့စားကြီး အပြင်ဘက်သို့ လှမ်းကြည့်သည်။

"ရှုခင်းလဲ ကောင်းသားပဲ။ ရာသီဥတု ကောင်းရင် နိုထရီဒမ်ကို လှမ်းမြင်ရမယ်ထင်တယ်"

နောက်ဘက်ပြန်လှည့်ပြီး အခန်းကို တစ်ခါ ထပ်ကြည့်ပြန်၏။

"အင်း . . သား သဘောကျနေတယ် မဟုတ်လား။ သား ပန်းချီဆရာ ဖြစ်လာမှာပါ။ ငယ်ငယ်ကလေးကတည်းက ပန်းချီဆွဲခဲ့တာပဲ။ မြင်းပုံတွေ ကောင်းကောင်း ရေးတတ်လာမှာပါ၊ ဟိုအဘိုးကြီး ပရန့်စ်တိုလိုပေါ့"

ပြောင်းလဲနေသော ဖခင်ကိုကြည့်ပြီး ဟင်နရီ ရင်မတော့ ခုန်နေသည်။ ပိုးဦးထုပ်ဆောင်းကာ ဇော်မွှားပန်းကို အင်္ကျီရင်ဘတ်မှာ ထိုးထားသော မြို့စားကြီးသော်လည်း ပါပါသည် ဟိုတုန်းကနှင့် လုံးဝမတူတော့ပေ။

မျက်လုံးတွေက ခပ်ရှိုင်းရှိုင်း အရောင်တစ်မျိုး ထွက်နေသည်ဟု ထင်ရ၏။ အင်း . . သနားစရာ ပါပါ ပါကလား။ ကျားကျားလျားလျား သားတစ်ယောက် လိုချင်ခဲ့သည့် ပါပါ။ သူနှင့်အတူ ရင်ဘောင်တန်းပြီး မြင်းစီးနိုင်မည့်၊ အမဲလိုက်နိုင်မည့် သားမျိုးကို လိုချင်ခဲ့သည့် ပါပါ။

"အပေါ်ထပ်မှာ အိပ်ခန်းနဲ့ ရေချိုးခန်းရှိသေးတယ် ပါပါ။ ပါပါ ကြည့်ချင်သေးလားဟင်"

သူ ပြောသည်ကို မကြားသလိုနှင့် ကြိမ်လုံးကို အိကားရပ်စ်ကားကြီးဆီ ညွှန်ပြီး "ဒါကြီးက ဘာကြီးတုန်းကွ" ဟု မေးသည်။

"ကျွန်တော် ပြပွဲတင်မယ့် ကားပါ ပါပါ"

"ဒီ ရယ်စရာကောင်းတဲ့ အတောင်ပံကြီးတွေနဲ့ သူက ဘာလုပ်နေတာတုန်း"

"သူ့အဖေ ဒေဒါးလပ်စ်က သမုဒ္ဒရာပေါ်ကို ဖြတ်ပျံဖို့ အတောင်တွေကို ဖန်ဆင်းပေးတာလေ ပါပါ။ ဒါပေမဲ့ သူက နေမင်း ဆီရောက်လုနီးပါး ပျံတတ်သွားတော့ ဖယောင်းတွေ အရည်ပျော်သွားပြီး ပင်လယ်ထဲ ကျသွားတယ်။ ဂရိတ်ရှေးဟောင်း ဒဏ္ဍာရီလေ"

"ကမ္ဘာပေါ်မှာ အရူးဆုံး လူတွေပါကွာ"

မြို့စားကြီးက ပခုံးတွန့်ပြီး ပန်းချီကားကြီးမှ မျက်နှာလွှဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . ပါပါ သွားမယ်။ သား အနေအထိုင် အဆင်ပြေတာတွေ့လို့ ပါပါ ဝမ်းသာပါတယ်"

တံခါးပေါက်ဆီကို လှမ်းမည့်ဆဲဆဲတွင် ပန်းချီကားခုံပေါ်မှ ကင်ကင် ကချေသည်ပုံကို လှမ်းမြင်သွား၏။ လျှောက်သွားပြီး ငုံ့ကြည့်သည်။ အပေါ်အကျီကို လှန်ပစ်လိုက်ပြီး ပေါင်တံကို မြှောက်ကာ ထနေသည့် မိန်းကလေးပုံကို ကြည့်ရင်း

"အင်း . . သား မေမေ မြင်ရင်တော့ လန့်သွားမှာပဲ။ ဒါလောက် ဟိရိုဩတ္တပ္ပတရားမဲ့တဲ့ဟာတွေတော့ ရေးဖို့ မကောင်းပါဘူးကွာ"

မြို့စားကြီးက ပခုံးကို နောက်တစ်ခါတွန့်ပြီး တံခါးဆီ လျှောက်သွားရင်း

"အေးလေ ခုတော့ အကြောင်းမဟုတ်တော့ပါဘူး။ ကဲ . . သွားမယ် ဟင်နရီ"

"ဂွတ်ဘိုင် ပါပါ။ လာကြည့်တဲ့အတွက် ကျေးဇူးပါခင်ဗျာ"

မြို့စားကြီး ဘာမှ ပြန်မပြောဘဲ ဆင်းသွားသည်ကို ဟင်နရီ ငေးကြည့်ကျန်ရစ်၏။

*

ဒါနီတွင် ခရစ္စမတ် ရင်ခုန်သံတွေ ဆူဆူညံညံ လှုပ်ရှားလာပြီ။ ဆိုင်များ ပေါ်တွင် ကစားစရာတွေ ပြည့်လျှံလာသည်။ လူတွေ အလုအယက် ထိုး ဝေ့ ဝယ်ခြမ်းနေကြ၏။

တစ်နေ့ မနက် ငါးမိနစ် အတန်းနားချိန်တွင် လူးကပ်စ်က ဟင်နရီ အနားရောက်လာပြီး

"ဟို ကောင်မလေးလေ၊ ဂျူလီလေ . ."

"ဩော် . . သိပြီ၊ ဟိုအပျံစား ကောင်မလေး မဟုတ်လား"

"အေး . . ဟုတ်တယ်၊ သူက အစွဲကြီးတယ်ကွ၊ သူလုပ်ချင်တာ မလုပ်ရရင် ဘုရားသခင်က သူ့ကို ဒဏ်ခတ်မယ်လို့ ယုံကြည်နေတယ်"

"ဒါဆိုလဲ ခင်ဗျား တစ်ယောက်ယောက်ကို ပြောင်းပြီး တွဲပေါ့ဗျာ"

"ပြဿနာက အဲဒါမဟုတ်ဘူးကွ။ ငါ့ရဲ့ အတ္တနဲ့ဆိုင်လာတယ်။ ငါ့စိတ်တွေ တစ်နေ့တစ်ခြား ပြင်းထန်လာတယ်။ ဒီခရစ္စမတ်မှာ ငါ သူ့ကို လက်ဆောင်တစ်မျိုးမျိုး ဝယ်ပေးနိုင်ရင် နမ်းခွင့်ရမှာကွ။ ဟိုတစ်နေ့က အဟောင်းဆိုင်တစ်ဆိုင်မှာ သိုးမွေးလည်စီးလေးတစ်ခု ငါတွေ့ထား တယ်၊ မိုင်ငင်လမ်းက အဟောင်းဆိုင်လေ . ."

ဟင်နရီ အံ့ဩမဆုံး ဖြစ်သွားသည်။ ခရစ္စမတ်အတွက် သူ ယ်ချင်းလုပ်သူ၏ အစီအစဉ်တွင် မိမိ မပါပါကလား။ ဂရနီယေး လည်း သူ့အတွဲသစ်နှင့်သူ ပွဲတော်တွင် နွဲပျော်မည်။ ရာရှုးက သူ့ကို ငွေကြေးထောက်ပံ့နေသည့် ကြီးတော်ကြီးနှင့် သွားနေရမည်။ အောင် ကျက်တန်က ကင်ကင့် ဇာတ်သမကလေးကို အစွဲကြီး စွဲနေ၏။ ဂေါ်ဇီ လည်း အသစ်တစ်ယောက် ပြောင်းတွဲနေပြီ။ သည်တစ်ခါ ပြဇာတ် င်းသမီးတစ်လက်။

မခွဲဘဲ တတွဲတွဲ နေတော့မည့် ရဲဘော်ရဲဘက်များဟု သူထင် ခဲ့၏၊ မှားလေစွ၊ လအနည်းငယ်အတွင်း ပန်းချီကျောင်းပြီးလျှင် သူတို့ တခြားစီ ဖြစ်ကြရတော့မည်။ ကိုယ့်လမ်းကိုယ်လျှောက်ကြရတော့မည်။ သူတို့၏ ကျစ်လျစ်စုစည်းမှုကလေး ပြေထွက်သွားဖို့ အချိန် မလိုတော့ပြီ။ ပျော်စရာ ညနေခင်းများ ကုန်ဆုံးတော့မှာပါလား။

ခရစ္စမတ် အဖိတ်နေ့တွင် အမေ့ဧည့်ခန်းဆောင်မှ မီးလင်းဖို ကြီးနားထိုင်ပြီး ဟင်နရီ အတွေးတွေ ပျံ့လွင့်နေ၏။

မေမေက ဇာထိုးနေရာမှ ခဏနားပြီး မေးသည်။

"သားရဲ့ အီကားရပ်စ် အခြေအနေ ဘယ်လိုလဲ၊ စိတ်တိုင်း ကျရဲ့လား"

သိပ်ချစ်ဖို့ကောင်းသည့် မေမေပါ။ သား၏ ဘဝကို စိတ်ဝင် စားဟန်ပြဖော်ရသည်လေ။

"ပုံပေါ်စပြုပါပြီ မေမေ၊ မျက်နှာပိုင်း ပြီးနေပြီ။ အရိပ်တွေလဲ ထည့်ပြီးပါပြီ။ ဒါပေမဲ့ အချောကိုင်စရာ၊ ဖြည့်စရာတွေတော့ အများကြီး ကျန်သေးတယ်"

ဘယ်လောက် သနားစရာ ကောင်းသည့် အထီးကျန် ဘဝ ပိုင်ရှင် မေမေပါလဲ။

"ပြပွဲကိစ္စပြီးတာနဲ့ သားတို့ မဲလ်ရှမ်းကို သွားကြတာပေါ့။ အဲဒီ အချိန်ဆို ကျောင်းလဲပြီးပြီလေ။ တစ်နွေလုံး နေကြမယ်နော် မေမေ၊ ခရစ္စမတ်အထိ နေကြတာပေါ့"

မြို့စားကတော်ကြီးက သားငယ်ကို အကြင်နာမျက်လုံးများနှင့် ငိုက်ကြည့်နေသည်။ မောင်မတ်တွင် သူငယ်ချင်းတွေနှင့် ဖြုန်းခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွေကို သူပြန်အလျော်ပေးနေခြင်း ဖြစ်မည်။ ဟိုတယ် နှင့် စားသောက်ဆိုင်များတွင် သူ့အဖေ ဘောက်ဆူးပေးသလို နေမှာပေါ့။

"မဲလ်ရွှမ်းက အဲဒီရာသီမှာ နေလို့မကောင်းပါဘူး သားရယ်။ အောက်တိုဘာ နောက်ပိုင်းဆိုရင် မိုးက တအားများတာ"

သို့သော် ဟင်နရီက ဇွတ်သွားဖို့ ပူဆာသည်။

"သွားကြရအောင်ပါ မေမေရယ်နော်၊ ခရစ္စမတ်အထိ နေမယ်နော်"

ငယ်ငယ်က ရဲတိုက်ကြီးရှေ့ မြက်ခင်းပြင်တွင် ပန်းချီဆွဲဖို့ မအေကို ပူဆာနိုင်ပေးခိုင်းနေသည့် ဟင်နရီကလေး၏ ပုံ ပြန်ပေါ်လာသည်၊ ဪ . . သားကလေး ဘာမှ မပြောင်းလဲသေးပါကလား။ သူ့ တစ်စိတ်တစ်ပိုင်းက ကလေးလေးအတိုင်း ရှိနေသေးသလိုပဲ။

အပြုံးဖြင့် ခေါင်းညိတ်လိုက်ပြီး "ကြည့်သေးတာပေါ့ သားရယ်" ဟု ပြောလိုက်သည်။

နောက်နှစ် စတူဒီယိုငှားဖို့ သားအမိနှစ်ယောက် ဆွေးနွေးကြသည်။ သည်တစ်ခါ မောင်မတ်တွင် မဟုတ်တော့။ တိတ်ဆိတ် အေးချမ်းသည့် လူကုံထံရပ်ကွက် တစ်နေရာရာတွင် ဖြစ်စေရမည်။

"သား အဲဒီလိုနေရာပြောင်းမယ်ဆိုရင် အိမ်ဖော်တစ်ယောက် လိုမယ်။ မဒမ်လူဘေးက သားကို သိပ်ခင်တယ်ဆို၊ သူ့ကို ရအောင် ခေါ်ပါလား"

မေမေ့အကြံ အလွန်ကောင်းပါသည်။ အီကားရပ်စ် ရေးပြီးလို့ ပြပွဲတင်ခွင့်ရသည်နှင့် အဘွားကြီးကို ပြောမည်။ သူငယ်ချင်းတွေ အကြောင်း တွေးရင်း ဟင်နရီ စိတ်ဓာတ်ကျလာသည်။ မအေလုပ်သူက ဇာထိုးရင်း သားကို အကဲခတ်နေ၏။

ဟင်နရီသည် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရတော့မည်။ လုမမယ်ဘဝမှ ရုန်းထွက်နေပြီဖြစ်ကြောင်း မေမေ ခပ်ရေးရေး မြင်လာ၏။ ပူဇွေးသည့် တူလုစ်လောထရက် မျိုးဆက်သွေးတွေ သူ့ အကြောများထဲတွင် စီးသွင်စ ပြုနေပြီ။

မုန်တိုင်းကားမလာသေးပေ။ သို့သော် လမ်းခုလတ်သို့ ရောက်နေချေပြီ။

*

## အခန်း (၇)

...တ်လုံးလုံး ပျော်ခဲ့ကြသည့် ခရစ္စမတ်ပွဲတော်ရက်များ ကုန်ဆုံးသွား...ပြီ၊ ဆိုင်ပြတင်းပေါက်မှ ကစားစရာများလည်း ပျောက်ကွယ်သွား...ပြီ၊ ပွဲတော်အချိန်က အလှအပ၊ အမွှမ်းအမံတို့သည် အမှိုက်သရိုက်...အဖြစ် ဆက်တိုက်ရွာသည့် မိုးရေတို့နှင့်အတူ မျောပါသွားကြလေပြီ။

လူအားလုံး အလုပ်ခွင်သို့ ကိုယ်စီပြန်ဝင်ကြရပြီ။ ဟင်နရီ...ည်လည်း ပန်းချီကျောင်းသို့ ပြန်ရောက်ခဲ့၏။ အီကားရပ်စ် ရှိရာသို့ ...လာခဲ့ရ၏။

တစ်နေ့မနက်တွင် လီမွာသည့် ကျောင်းသားကလေး တစ်...ယောက်၏ ပုံစံဖြင့် ပတ္တူခွေးခြေ ထိုင်ခုံကလေးပေါ်တွင် ထိုင်ပြီး "ရေ...နေသည့် ဒိုင်ယာနာ" ပုံကို ကြိုးကြိုးစားစား ရေးနေသည်။ ရှံခါတွင် ...အနည်းငယ် အကွာမှ ပုံစံထိုင်ပေးနေသည့် * မာရီယာဆိုကို ...ကြည့်သည်။

အရာတိုင်းသည် ဘာမျှ အပြောင်းအလဲ မရှိ၊ အတန်းထဲတွင် ...တိုင်းလိုပင် သင်တန်းမှူး ရှလန်ဘာဂျာက သတင်းစာဖတ်ရင်း ကျောင်း

---

* ...ငြိက လောထရက်ဆွဲခဲ့သည့် မာရီယာ၏ ပုံကို ယနေ့ စကော့ဟုမ်းပြတိုက်တွင် ...သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းချိန်ကို စောင့်နေ၏။ မီးဖိုထဲတွင် မီးသေစပြုနေသဖြင့် အခန်းထဲမှာ အိုက်စပ်စပ်ဖြစ်နေ၏။

ကျောင်းသားများက ပန်းချီကားခုံများဟင် ယိမ်းကနေသလို သူတို့ကားများကို ရှေ့တိုးကြည့်လိုက်၊ နောက်ဆုတ် ကြည့်လိုက်နှင့်။

ဤသည်တို့မှာ နေ့တစ္ဆဝမြင်နေကျမြင်ကွင်းများ ဖြစ်ပါ၏။ ဘာမှ အပြောင်းလဲမရှိ။ အရာတိုင်းသည် စက်ရုပ်ဆန်ဆန် လည်ပတ်နေသလို ရှိ၏။ သို့သော် ဟင်နရီအဖို့ မြင်မြင်သမျှ ယခင်ကနှင့် မတူတော့ဘဲ အားလုံး ပြောင်းလဲနေသည်။ ရယ်စရာတော့ ကောင်းသည်။ ဘာကြောင့် အရာတိုင်း တစ်မျိုးတစ်ဖုံ ဖြစ်နေခြင်းပါလဲ။

သည်မေးခွန်းကို ခေါင်းထဲက ထုတ်ပစ်လိုက်သည်။ ရေးလက်စကားကို သေသေချာချာပြန်ကြည့်သည်။ အခြေခံ အရောင်ထဲကို အညိုနည်းနည်း ထပ်ဖြည့်သည်။ ဘယ်ဘက်လက်မောင်းကို ဆေးပါးပါးကလေး ထပ်ဖုံးရဦးမည်။

ဘာလို့ ဆေးထူထူ မသုံးနိုင်းတာလဲ။ ဆရာကော်မွန် ဘာကြောင့် ဒီကိစ္စကို တင်းတင်းကျပ်ကျပ်ပိတ်ပင်ထားတာလဲ။ ပြီးတော့ သူ့ရဲ့ အလှဗေဒကို ဟင်နရီ ဘဝင်မကျ။ သူတော်သည်ကတော့ အမှန်ဖြစ်၏။ သူက မိုက်ကယ်အင်ဂျလိုကို ပုံတူကူးသူဖြစ်သည်။ ပြီးတော့ ဂရေးကို [၁]၊ အားလ်စ် [၂]၊ ဗေလတ်စ်ကက်ဇ် [၃] တို့၏ ဟန်တွေလည်း သူ ကူးယူ၏။

ကမ္ဘာကျော် ပန်းချီကားကြီးတိုင်းတွင် အလှအပသည် ပဓာနအဖြစ် တွေ့ရကြောင်း သူက ယုံကြည်သူဖြစ်၏။ မနေ့ကပင် သည်

၁။ El Greco (1541-1614) စပိန်ပန်းချီဆရာ၊ ပန်းပုဆရာ၊ ဗိသုကာပညာရှင်။ ဘုရားရှိခိုးကျောင်းများတွင် သူ၏ကမ္ဘာကျော် ဗိသုကာလက်ရာများ ယခုတိုင် တည်ရှိနေဆဲဖြစ်သည်။ သူ၏ နာမည်ကျော်ပန်းချီကားကြီးနှစ်ချပ်မှာ တိုလီဒို ဘုရားကျောင်းတွင် ရေးဆွဲသည့် Christ Stripped His Garments (1577-79) နှင့် S.Tome Toledo သချိုင်းဂူတွင် ရေးဆွဲသည့် The Burial of Count Orgaz (1586-88) ဖြစ်သည်။

၂။ Frans Hals (1582-1666) ဒတ်ချ်လူမျိုး ပန်းချီဆရာ။ သူ၏ နာမည်ကျော် The Laughing Cavalier ကို Lord Hertford က ၁၈၆၅ ခုနှစ်တွင် ဖရန့် ၅၁,၀၀၀ ဖြင့် ဝယ်သွားသည်။

၃။ Diego Velasquez (1599-1660) ခေတ်ဟောင်းစပိန်တွင် နာမည် အကျော်ဆုံး ပန်းချီဆရာ။ ဖိလစ်ဘုရင်၏ ပုံတူကို ရေးပေးရာ နှစ်သက်တော်မူလွန်း၍ နန်းတွင်းပန်းချီဆရာအဖြစ် ခန့်အပ်ခြင်းခံရသည်။



အကြောင်းတွေကို ကရားရေလွှတ်ပြောသွားသေးသည်။

လှပသည့် မိန်းကလေးများကို မည်သို့မည်ပုံရေးရမည်။ ဘယ်လိုဘယ်လို ပုံစံ ထိုင်ခိုင်းရမည်။ ဘယ်လို အစိတ်အပိုင်းများကို ဖော်ထုတ်ပြီး ဘယ်လို အစိတ်အပိုင်းကို လျှို့ဝှက်ထားရမည်။ မှေးမှိန်ထားရမည်။ တိုက်တီယံ [၁] ၏ ဗီးနပ်စ် ပန်းချီကားကြီးတွင် လျှို့ဝှက်အပ်သည်ကို လျှို့ဝှက်ဖို့ လက်အနေအထားကို သတိပြုရမည် စသည် . . စသည်များကို အပ်ကြောင်း ထပ်သွား၏။

ပန်းချီပညာအပေါ် သည်ဆရာ သည်အတိုင်း မြင်နေသည်လား။ ဟုတ်ပုံရသည်။ ပြီးခဲ့သည့် အပတ်က ကျောင်းသားတစ်ယောက် အသားရောင်ကို ခရမ်းနုရောင်စဉ်းငယ်ကလေး စွက်လိုက်သဖြင့် ဆရာကော်မွန်သည် ကမ္ဘာကြီး ပျက်တော့မည့်နှယ် အထိတ်တလန့်ဖြစ်ကာ ဒေါသူပုန် ထပါလေတော့သည်။

"မင်းတို့ကို ငါအကြိမ်ကြိမ်ပြောပြီးပြီနော်။ အင်ပရက်ရှင်နစ်ဇင်ကို ငါ့အတန်းထဲမှာ လုံးဝလက်မခံဘူး၊ လုံးဝခွင့်မပြုဘူး။ မင်းတို့ ကျောင်းကပေးမယ့်ဘွဲ့ဟာ အရည်အချင်းစစ် ပြပွဲပေါ်မှာ မူတည်တယ်။ အဲဒီပြပွဲမှာ ငါဂျူရီအဖွဲ့ဝင်ဆိုတာကို မင်းတို့ ဘယ်တော့မှ မမေ့ကြနဲ့"

ထို ကျောင်းသား နောက်နေ့မလာတော့။ လုံးဝ ကျောင်းထွက်သွားသည်။ သူ့အတွက် ဘာမျှ အဓိပ္ပာယ်မရှိတော့ကြောင်း သူသိသည်။ ပြပွဲတွင် ဆရာကော်မွန်၏ မဲ မရနိုင်ကြောင်း သူ သေချာသွားပြီလေ။ သည်အဆင့်ကို မကျော်နိုင်လျှင် ပန်းချီဆရာ ဘဝကို မရောက်နိုင်တော့ဘူး မဟုတ်လား။

ထားပါတော့၊ ကိုယ့်အလုပ်ကိုယ်လုပ်တာပဲ ကောင်းပါသည်။ ဟဲ . . ဘယ်မှာလဲ အဲဒီအသုံးမကျ အုန်းခွံရောင် . . ။

ဆေးပြီးသား စုတ်တံတစ်ချောင်းယူပြီး လက်ဝါးထဲ ထည့်ကာ အသာစမ်းကြည့်လိုက်သည်။ ကုလားအုပ်မွေးသည် နူးညံ့အိညက်နေ၏။ နောက်တော့ အညိုရောင် ဆေးခွက်ထဲတွင်နှစ်ပြီး ဆေးစပ် ပျဉ်ချပ်ပေါ်ကို ပုံလိုက်သည်။

၁။ Titian (1485-1576) ဗင်နစ်ပန်းချီအုပ်စုတွင် နာမည်အကြီးဆုံး ပန်းချီဆရာ။ ၁၅၄၀ ခုနှစ်များတွင် အနောက်အီတလီပန်းချီဟန်များဘက်သို့ ယိမ်းသည်။ မိုက်ကယ်အိန်ဂျလို၏ Last Judgement ကားကြီး၏လွှမ်းမိုးမှုကို ခံရသည်။ ဥရောပ၏ ကြယ်တစ်ပွင့်မဟုတ်၊ တစ်ကမ္ဘာလုံးမှ ပန်းချီဆရာများ၏ နေတစ်ဆူ လတစ်ပါးဖြစ်သည်ဟု အဆိုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ အလွန်ငြီးငွေ့စရာ ကောင်းလှသည့် အလုပ်ထဲတွင် ရှုတ်နှစ် စိတ်ပါရပြန်၏။ အရောင်များကို သတိကြီးစွာထားပြီး ထပ်ဖြည့်သည်။ စုတ်ချက်ကို ခပ်ဖော့ဖော့ဆွဲ၏။

သို့သော် စိတ်က လွင့်ပါးသွားပြန်သည်။ စတူဒီယိုထဲတွင် မပြီးမပြတ် အိကားရပ်စ်ကားကြီးဆီ ပြန်ရောက်သွား၏။ စိတ်မသက်မသာဖြစ်မိပြန်၏။ "ဆေးပါးပါး" ထပ်လိုက်ရဦးမည်။ ဒီ အေသင်သား၏ ပုံကြီးက ဘယ်တော့ပြီးမှာလဲ။ ပြီးကော ပြီးဦးမှာလား။

ခံပြင်းစိတ်တွေ ရေကာတာ ကျိုးသလို တဟုန်ထိုး ပွင့်အံကျလာသဖြင့် သူ့ကိုယ်သူ အထိတ်တလန့်ဖြစ်သွားသည်။ ဘယ်လို ဖြစ်တာပါလိမ့်။ အိကားရပ်စ်ကို စကတည်းက သိပ်စိတ်မပါလှကြောင်း ကိုယ့်ကိုယ်ကိုယ်သိသည်။ သို့သော် အရည်အချင်းစစ် ပြပွဲတင်ဖို့ အကောင်းဆုံး အကြောင်းအရာမို့ ရေးခဲ့ခြင်းဖြစ်ကြောင်းလည်း သိ၏။

ဒါဆို ဘာကြောင့် ဖြုန်းစားကြီး စိတ်ပြောင်းသွားခြင်းလဲ၊ ဘာ ပြဿနာလဲ။ သူ ပြောင်းလဲသွားပုံကို သူငယ်ချင်းများပင် ရိပ်မိကြ၏။ ဟင်နရီ တစ်ခုခုတော့ ဖြစ်နေပြီ။ အိပ်လိုက်လျှင် သစ်တုံးတစ်တုံးလို အိပ် တတ်သည့် ဟင်နရီ။ ခုတလော အိပ်ရာထဲတွင် လူးပျံကာ ကယောင်ကတမ်းတွေလည်း ပြောတတ်လာ၏။ ဂရနီယေးက သူပြောင်းလဲလာပုံကို ထောက်ပြပြီး သတိပေးသည်။

ပြီးတော့ ခုတလော ရယ်စရာတွေ ပိုလုပ်ချင်လာသည်။ ရံခါတွင် လေထဲမှာ ပျံဝဲနေသလို သူ အူမြူးနေရာက ချက်ချင်း အမှောင်ရင်ခွင်ထဲ ပြန်ပြေးဝင်ပြီး ငိုချင်စိတ်တွေ ပေါက်ချင် ပေါက်လာ၏။ ဘာဖြစ်တာလဲ၊ အဲဒါဘာလဲ။

ဂျူလီ။ အပြစ်တစ်ခုကို လျှို့ဝှက်စွာ ကျူးလွန်ထားသူလို သည် နာမည်ကလေးကို စိတ်ထဲက တီးတိုး ခေါ်မိသည့်အခါ ခေါ်မိသည်။ ကြားယောင်မိသည့် အခါများလည်းရှိသည်။

အတန်းဖြုတ်ချိန်များတွင် သူ့အကြောင်း ခေါင်းထဲ ဝင်လာလျှင် တော်တော်နှင့် ပြန်မထွက်တော့။ စင်စစ် သူ တိမ်းတိမ်းပွေပွေ ဖြစ်နေခြင်းမှာ သည်ကိစ္စကြောင့်ဖြစ်၏။ သည်လို ဖြစ်နေသည်မှာ ကြာပြီ။ သို့သော် သူ့ကိုယ်သူ ဖုံးကွယ်ဖို့ ကြိုးစားထားခြင်းဖြစ်၏။

လေလီတွင် လူးကပ်စ်နှင့်အတူ သူ့ကိုတွေ့ပြီးနောက်ပိုင်း စိတ်တွေ တစ်မျိုးတမည်ဖြစ်ကုန်တော့သည်။ ရှတ်ချည်းပင် ရွှေရောင်ဆံပင်



နှင့် သွယ်လျလျကိုယ်နေဟန်သည် ရှေ့တွင် ချက်ချင်းပင် ရောက်လာသလို စိတ်ထဲထင်လာ၏။ လူးကပ်စ် ဝယ်ပေးထားသည့် အပေါ်စားထည်စည်းကလေး စည်းလို့။

ထိုနေ့တွင် သူတို့နှစ်ယောက် စားပွဲတစ်ဖက်စီတွင် ထိုင်ပြီး နှုတ်ဆက်ရုံ ပြုံးပြရုံမျှသာ ရင်းနှီးခဲ့ကြ၏။ ဝိုင်ပူ သောက်နေသော မိန်းကလေးကို ငေးကြည့်နေခဲ့မိ၏။

လွင်လွင်ကလေးရယ်ပြီး သူ့အကြောင်းတွေ ပြောပြနေသော မိန်းမချောကလေး၏ ကိုယ်နေဟန်ကောက်ကြောင်းကို သူ ခိုးကြည့်နေမိသည်။

ဘယ်တုန်းကမှ မခံစားဖူးသည့် ခံစားမှု အသစ်တစ်မျိုးဖြင့် ခေါင်းထဲတွင် လှိုင်းကြက်ခပ်ခုန်နေ၏။ လက်တစ်ကမ်းတွင် ရှိနေသော အကြင် မိန်းကလေးသည် စင်စစ် ကြယ်ပွင့်ကို ဆွတ်လှမ်းရသလို ဝေးကွာလွန်းလှပါကလား။ ထိုအချိန်မှစပြီး ဟင်နရီတစ်ယောက် အပြောင်းကြီး ပြောင်းလဲခဲ့ခြင်း ဖြစ်လေသည်။

သူ့ဆီသို့ ဂျူလီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေသည်။ တကယ်ရောက်လာခြင်းမဟုတ်ပါ။ အိပ်မက်ထဲတွင် ရောက်လာခြင်း ဖြစ်ပါ၏။ သို့သော် အိပ်မက်လို့ မယုံကြည်နိုင်လောက်အောင် တကယ့်အဖြစ်အပျက်နှင့် တူသော အိပ်မက်မျိုး ဖြစ်ပါ၏။

နှစ်ယောက်သား စတူဒီယိုထဲက ဇရာမ ပြတင်းပေါက်ကြီးနားမှ ခုံရှည်ပေါ်တွင် ရွှေလည်တွဲကာ လဲလျောင်းနေကြသည်။ မှန်အိမ်အလင်းရောင်တွင် သူ့ခန္ဓာကိုယ်မှာ ပယင်းရောင်တစ်ဝက်၊ ညဦးသန်းခေါင်၏ အပြာရောင် တစ်ဝက် ယှက်သန်းနေ၏။

ဘယ်လိုမှ မေ့မရနိုင်သည့် အိပ်မက်မျိုး၊ ဘယ်တော့မှ မေ့နိုင်သည်မဟုတ်သည့် အချစ်ညမျိုး။ နိုးလာတော့ ရင်တလှပ်လှပ် ဖြစ်နေ၏။ ပျော်ရွှင်မှု အသစ်တစ်မျိုးဖြင့် နွမ်းနယ်နေ၏။ သည်လို ပျော်ရွှင်မှုမျိုး ရှိလိမ့်မည်ဟု ဘယ်တုန်းကမှ သူမသိခဲ့။ ထူးထူးဆန်းဆန်း ခြေထောက်များပင် အကိုက်အခဲ သက်သာနေ၏။

ပြန်အိပ်လျှင် သည် အိပ်မက် ဆက်မက်ဦးမှာလား။ အိပ်ရာပေါ်တွင် မလှုပ်အယှက် ငြိမ်သက်စွာ စဉ်းစားနေ၏။ အသက်ပင် ပြင်းပြင်းမရှူရဲ။ ဘာဆက်စဉ်းစားရမှန်း မသိအောင် ဝိုးဝါးနေ၏။ ပြန်အိပ်ချင်စိတ်ဖြင့် ပျော်နေမိ၏။ အမှောင်ထဲတွင် သူပြုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com

သည်အိပ်မက်ညမှ စပြီး ဂျူလီက သူ့အနားမှ မခွာတော့။ အိကားရပ်စ်၏ နောက်ဘက် အမှောင်ရိပ်ထဲမှ သူ့ကို ပြုံးကြည့်နေတတ်၏။ မဒမ်လူဘေး သတင်းစာဖတ်နေလျှင် သူ့ကို လာပြီး ကျီစယ်နေတတ်၏။ ရံခါတွင် ကလူကျီစယ်နေရာမှ ပိုကဲလာတတ်၏။ မခံမရပ်နိုင်လောက်အောင် ယုယသည့် အခါများ ရှိသလို မညှာမတာ ရက်စက်သည်များလည်းရှိ၏။

ကိုယ့်ကိုယ်ကိုယ် တုံးတစ်ယောက်ပါလား၊ အရူးတစ်ယောက်ပါလား ဟုလည်း နားလည်ပါသည်။

မိမိကို သည်မိန်းကလေး ဘယ်တော့မှ တုံ့ပြန်မည်မဟုတ်ကြောင်း သိနေသည် မဟုတ်လား။

အတွေးကမ္ဘာထဲမှ အတင်းရုန်းထွက်လိုက်ပြန်သည်။ ဆွဲလက်စကားထဲကို အာရုံပြန်သွင်း၏။

ကောင်းနေသားပဲ၊ အနိပ်စားပဲ။ ဘယ်ဘက်လက်မောင်းအိုးကလေးက ဖောင်းအိလို့။ ဆရာကော်မွန် သဘောကျမှာပါ။ ပြီးတော့ မူလအခြေခံအရိပ်တွေလဲ သူပြောသလို အညိုရင့်ရောင်တွေ . . ။

စိတ်ဆင်ရိုင်းက ချွန်းအုပ်၍ မရနိုင်ဖြစ်ပြန်၏။ ခေါင်းထဲကို ဂျူလီ ဝင်လာပြန်သည်။ သည်တစ်ခါတော့ သူ့စိတ်တွေ ပွဲ့လွင့်ချင်တိုင်း ပွဲ့လွင့်နေ၏။ ကိုယ့်ကိုယ်ကိုယ် ရယ်ချင်လာသည်။ သက်ကြီးရွယ်အိုတစ်ယောက်လို ထင်လာသည်။

မည်သို့ရှိစေ၊ ဘာမျှ ဆန်းကြယ်သည့်ကိစ္စမဟုတ်ပါ။ မိန်းကလေးတစ်ယောက်ကို ချစ်ချင်လာသည်၊ ဒါ သဘာဝ မဟုတ်လား။ ဟိုတုန်းက သည်စိတ်မျိုးမဝင်ခဲ့သည်ကတော့ အံ့သြစရာပင်။

နှစ်ရှည်လများ အိပ်ရာထဲတွင် လဲနေသည့် ဘဝနှင့်များ ဆိုင်နေမလားမသိ။ ဂျူလီဆိုသည့် မိန်းကလေးသည် စင်စစ် သူ့စိတ်ကူးကမ္ဘာမှ ပုံရိပ်တစ်ခုမျှသာဖြစ်သည်။ ကဗျာဆရာတစ်ဦး ကာရံရှာနေစဉ် သူ၏ ပခုံးစွန်းတွင် မှီနွဲ့နေသည့် မိန်းမလှကလေးတစ်ယောက်၏ ပုံရိပ်မျိုး၊ သို့သော် သူ့အတွက် လိုအပ်နေသည်မှာ အိပ်မက်ပုံရိပ်မဟုတ်၊ တကယ့် သွေးနှင့်သားနှင့် မိန်းကလေးတစ်ယောက်ကို သူ သွေးသားက တောင့်တ တောင်းဆိုစပြုနေပြီ။

လွယ်ပါသည်။ ဘာမျှ ခက်ခဲနက်နဲသည့် ကိစ္စမဟုတ်ပါ။ မောင်မတ်ဆိုသော ဒေသသည် တဒင်္ဂ ရင်ခွင်ရှာနေသည့် မိန်းကလေးတွေ



ချောင်လို့မပွတ်သည့် နေရာမျိုးဖြစ်သည်။ ခဏတဖြုတ် အချစ်ပေးဖို့ အချင်ခံဖို့၊ ဈေးပေါ ပတ္တမြား၊ ဈေးပေါ နဂါး မိန်းကလေးများ အပေါဆုံး နေရာဖြစ်သည်။

သည်အတွက် အကုန်အကျ သိပ်များများစားစား မလိုပါ။ စားသောက်ဆိုင် ကောင်းကောင်းတွင် ကျွေးပြီး အဝတ်အစားကလေး၊ ဦးထုပ်လှလှကလေးတစ်လုံးလောက် ဝယ်ပေးရုံမျှဖြင့် ပြီးနိုင်ပါသည်။ ဟင်နရီ တူလုစ်လောထရက်အတွက် ဘာခက်သည့် ကိစ္စလဲ။

"ငါးမိနစ် နားချိန်ပေးမယ်"

အတန်းပိုင်ဆရာ၏ အသံသည် ဟင်နရီ၏ လှပသော အတွေးကမ္ဘာကို ဖျက်ဆီးပစ်လိုက်သည်။ နောက်ဆုံး စုတ်တစ်ချက်ဆွဲပြီး ဆေးစုတ်တံချပ်ကို ချလိုက်သည်။ လမ်းလျှောက်တုတ်ကို ကောက်ယူပြီး မုတ်ဆိတ်နီနီ၊ မျက်တွင်းချိုင့်ချိုင့်နှင့် ကျောင်းသားတစ်ယောက်ဆီကို ထော့နင်း ထော့နင်း လျှောက်သွားသည်။ သူဝတ်ထားသည့် ဝတ်စုံက အပေါစား အပြာရောင် သက္ကလပ်ဝတ်စုံ။ အတန်းဖြုတ်ချိန်ကို သူသတိထားမိဟန်မရှိဘဲ ဆွဲလက်စပုံကို ဆက်ဆွဲနေ၏။ ကျောင်းသားသစ် တစ်ယောက်မှန်း သိသာလှသည်။

*

"ခင်ဗျား ဗင်းစင့်ဗန်ဂိုးမဟုတ်လား။ ခရစ္စမတ်ပြီးရင် ခင်ဗျား လာမယ်လို့ ခင်ဗျားညီက ကျွန်တော့်ကို ပြောထားတယ်ဗျ"

"ဩော် . . ဒါဆို . . မောင်ရင်က တူလုစ်လောထရက် ပေါ့နော်၊ ဟုတ်တယ် မဟုတ်လား"

ကျောင်းသားလူသစ်က ဆွဲလက်စ အလုပ်ကို ရပ်လိုက်ပြီး ဟင်နရီကို အကဲခတ်လိုက်သည်။ မျက်လုံးအစုံက ကနုကမာရောင် ပြေးနေသည် ထင်ရ၏။

"သီအိုက မောင်ရင့်အကြောင်း ကိုယ့်ကို ပြောပြထားပြီးပါပြီကွ"

"ဘယ်တုန်းက ရောက်တာလဲ"

"မနေ့ကရောက်တာ၊ ဒါပေမဲ့ ကိုယ် လုစ်ကို ရောက်ပြီးပြီကွ"

လုစ်ပြတိုက်ကို သူ အသံထွက်ပုံက ဟင်နရီ မပြုံးဘဲမနေနိုင်အောင် ဖြစ်ရသည်။ ကျောင်းသားသစ်၏ မျက်နှာ ချက်ချင်းတင်းသွား၏။

"ဘာရယ်တာလဲကွ၊ ငါ ဘာမှားလို့လဲ"

"မဟုတ်ဘူး၊ မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

www.burmeseclassic.com



သီအိုပြောတာ မှန်နေပြီကော၊ သူ့အစ်ကို ဆိုသူသည် အလွန်ဆတ်သူပါကလား။

"ကျွန်တော် ရယ်တာက တခြားပါ။ ခင်ဗျား အချိန်မဖြုန်းတတ်တာကို သဘောကျလို့ပါ။ ခင်ဗျားမို့ ဒီသချိုင်းအိုကြီးဆီကို အလောတကြီး သွားတယ်ဗျာ"

ဗင်းစင့်က နားမလည်နိုင်စွာ မျက်မှောင် ကုပ်လိုက်သည်။

"လုဗ်က သချိုင်းအိုကြီး၊ ဟုတ်စ။ ရယ်ရတယ်ဟေ့၊ ဟား ဟား ဟား ဟိုး ဟိုး ဟိုး"

သူက တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ရယ်ပါလေတော့၏။ ခွက်ထိုးခွက်လန် ဆက်ရယ်နေသည်။ ရာသီဥတု ဒဏ်ကြောင့် ရဲနေသည့် သူ့ပါးပြင်တွေ ပိုနီလာသည်အထိ သူရယ်နေ၏။

နောက်ဆုံး မောလာတော့မှ ခဏနားပြီး

"ဘာကွ သချိုင်းအိုကြီး၊ ဟုတ်လား" ဆိုပြီး ထပ်ရယ်ပြန်၏။

ဟင်နရီက ,သူ့ကို စိတ်မသက်မသာဖြင့် စောင့်ကြည့်နေ၏။ ဒတ်ချ်လူမျိုးတိုင်း ဒီလိုပဲလားဟုလည်း တွေးနေ၏။ အတန်းသားအားလုံး တီးတိုးတီးတိုး လုပ်နေရာမှ အူတက်မလို ဖြစ်နေသည့် ကျောင်းသားသစ်ကို ဝိုင်းကြည့်နေကြ၏။ စင်မြင့်ပေါ်မှ စံပြမယ် မာရီယာကလည်း သူ့ကို လှမ်းကြည့်နေ၏။ နောက်ဆုံးတွင်မှ သူ့အရယ်ရပ်သွားသည်။ သို့သော် အရှိန်မသေသေး။ တဟင်းဟင်း ဆက်ရယ်နေသေး၏။ မျက်ရည်တွေကို လက်နှင့် ပွတ်ပြီး

"နေပါဦး . . ပြင်သစ်လို ဘယ်လိုပြောရမလဲ။ ကိုယ် သိပ်မပြောတတ်သေးဘူး'

"ခင်ဗျား ပြင်သစ်စကား ပြောတာ ကောင်းနေသားပဲ။ ကျောင်းမှာ သင်ခဲ့ရတာလား"

"မဟုတ်ဘူး၊ ဟိုတုန်းက ကိုယ်ပါရီကို ရောက်ဖူးတယ်။ သီအိုလိုပဲ၊ ပန်းချီကား အရောင်းဆိုင်ဖွင့်ဖို့ ကြိုးစားခဲ့ဖူးတယ်။ အင်္ဂလန်မှာလဲ ခဏသင်ဖူးလိုက်သေးတယ်၊ ဒီမှာလိုတော့ စနစ်တကျ မဟုတ်ဘူးပေါ့ကွာ"

"ဒီနေ့ နေ့လည်စာ ကျွန်တော်တို့နဲ့ လိုက်စားဗျာ။ အာဂိုစတီးနှာဆိုင်က ဟင်းချက်သိပ်ကောင်းတာဗျ။ ပြီးတော့ ကျွန်တော့်စတူဒီယိုကို လိုက်ခဲ့ပေါ့။ ခင်ဗျားဆန္ဒရှိရင်ပေါ့လေ"



သူပြီးသည်။ သူ့အပြုံးက ထူးထူးခြားခြား အသက်ဝင်သည်ကို ဟင်နရီ သတိပြုလိုက်မိ၏။

နေ့လည်စာစားရင်း ဟော်လန်အကြောင်း သူ့ကို ဝိုင်းမေးကြ၏။ လေရဟတ်တွေ၊ တူးမြောင်းတွေ၊ ဟော်လန်နှင်းပန်းတွေ။ ပြီးတော့ ...ဘရင့်အကြောင်း၊ သူ့ပန်းချီကားများ အကြောင်းလည်း မေးကြ၏။

ထို့နောက် အမ်စတာဒမ်အကြောင်း၊ ရိုတာဒမ်အကြောင်း၊ နောက်ဆုံး ဟော်လန်သူကလေးများအကြောင်း။ သူက ပြင်သစ်စကား ... အာလုတ်သံနှင့်ဖြေသည်။

"မောင်မတ်သူကလေးတွေကတော့ စတွေ့တွေ့ချင်း မူတတ်ကြတယ်။ ဒါပေမဲ့ ပြေလည်သွားပြီဆိုရင် သူတို့က ကြမ်းလေ သဘော...လေပဲ။ ဟော်လန်သူတွေရော အဲဒီလိုပဲလား" ဟူသည့် မေးခွန်းမျိုး...ည်း ပါ၏။

ဟင်နရီတို့ အုပ်စုက မုန်လာဥနီရောင်ဆံပင်နှင့် ကျောင်းသား...ကိုကြည့်ပြီး မည်သို့မျှ အကဲမဖြတ်နိုင်အောင် ရှိနေ၏။ သူတို့ မေးသမျှ... ထော့နင်း ထော့နင်း ပြင်သစ်စကားဖြင့် စိတ်ရှည်လက်ရှည် ဖြေနေ...း သူတို့အားလုံးကို စိုက်ကြည့်နေသည့် ဒတ်ချ်လူမျိုးတစ်ယောက်၏ ...က်လုံးတွေက သိန်းငှက်တစ်ကောင်၏ မျက်လုံးများနှင့်တူ၏။ ဆွဲ...ဆောင်မှုအပြည့်နှင့် ပြာလဲ့လဲ့မျက်လုံးများ။

"ခင်ဗျား လုဗ်ကို ရောက်ပြီးပြီဆိုတော့ မိုနာလီဆာကို မြင်ပြီး...ပေါ့ ဟုတ်လား။ အန္တိုင်းမဲ့လက်ရာပါပဲဗျာ၊ ကမ္ဘာပေါ်မှာ အကြီးမြတ်...း ပန်းချီအနုပညာပေါ့။ လီယိုနာဒိုမို့ ရေးနိုင်တာပေါ့၊ မဟုတ်ဘူးလား"

အောင်ကက်တန်က စားပွဲဝိုင်းတွင် ထိုင်နေသူ အားလုံးကို ...ခေါ်သည့်အကြည့်ဖြင့်ကြည့်ပြီး ဆက်ပြောသည်။

"မိုနာလီဆာကို မကြိုက်ဘူးပြောရင် ငါနဲ့တွေ့မယ်"

ပြီးမှ သူက ဗင်းစင့်ကို ကြည့်ပြုံးပြီး

"ပြီးခဲ့တဲ့ အပတ်ထဲက ပြတိုက်ကို ကျွန်တော်ရောက်သေးတယ်။ ...သေချာချာ အချိန်ယူပြီးကြည့်တယ်။ တကယ်ပြောင်မြောက်တဲ့ လက်...ပဲဗျာ။ မြင့်မြတ်ပါပေတယ်၊ ခမ်းနားပါပေတယ်၊ ကျွန်တော် ကားရှေ့...မှာ ဒူးထောက်ချလိုက်ဖို့တောင် စိတ်ကူးမိသေးတယ်" ဟု ချီးမွမ်းခန်း...ှင့်သည်။

ဟင်နရီက မဲ့ပြုံးပြုံးပြီး

www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့ ခင်ဗျား ဒုံးမထောက်ခဲ့သလဲ။ နေပါဦး . . ကမ္ဘာပေါ်မှာ အနိုင်းမဲ့၊ အကြီးမြတ်ဆုံးလက်ရာပါလို့ ခင်ဗျားဘာကြောင့် ပြောနိုင်တာတုံး၊ ပြီးတော့ ဒီကားကို လီယိုနာဒိုရေးတယ်ဆိုတာကော ခင်ဗျားဘယ်လိုလုပ်သိလဲ" ဟု ဝင်ထောက်သည်။

"ဘယ်လိုလုပ်သိလဲ ဟုတ်လား"

အောင်ကက်တန်က ဟင်နရီကို မလိုတမာလှမ်းကြည့်ပြီး ပြန်မေးသည်။ အောင်ကက်တန်သည် အကွက်မိမိ စကားပြောတတ်သော ဟင်နရီကို မနာလိုဖြစ်နေသူဖြစ်၏။

အားလုံးကို ဝေ့ကြည့်ပြီး ခြောက်ကပ်ကပ်ရယ်ရင်း

"အင်း . . ငချွတ်က မိုနာလီဆာကို လီယိုနာဒိုရေးတယ်ဆိုတာ ဘယ်လိုသိသလဲတဲ့ ဟား ဟား"

ဒေးဗစ်[၁] နှင့် ထိပ်တိုက်တွေ့သောအခါ ဂိုးလီယက် သည်လို ရယ်ခဲ့ဖူးပေလိမ့်မည်။ သူကပြောပြောဆိုဆို ဝိုင်ခွက်ကို အားရပါးရမော့ချပြီး အားယူလိုက်သည်။ ပြီးမှ ရွှေရောင်မုတ်ဆိတ်မွေးတွေကို လက်သုတ်ပုဝါဖြင့်သုတ်ရင်း စားပွဲကို လက်သီးနှင့် တအားထုချလိုက်သည်။

"ကဲ . . ငါဘယ်လိုသိလဲ ပြောပြမယ်၊ မန္တမနပ်ကောင် နားထောင်"

သူက စားပွဲတစ်ဖက်မှ ဟင်နရီကို မီးဝင်းဝင်း တောက်နေသည့် မျက်လုံးများနှင့် ကြည့်လျက် ဒေါသတကြီး အော်ပြောသည်။

"မသေမချင်းမှတ်ထား။ မိုနာလီဆာကို လီယိုနာဒို ရေးတာ ငါသိတယ်။ နားလည်လား၊ ငါသိတယ်ကွ။ ငါ ခံစားလို့ရတယ်၊ ဟောဒီ ငါ့အသည်းနှလုံးကသိတာ"

"ခင်ဗျားဘယ်က ခံစားသလဲ ကျွန်တော် မမေးပါဘူး။ အဲဒီလို ပြောကြစတမ်းဆို ကျွန်တော့်အသည်းနှလုံးကလည်း ခင်ဗျားကို နလပိန်းတုံးလို့ ခံစားရတယ်၊ ဒါပေမဲ့ ခင်ဗျားနလပိန်းတုံး မဟုတ်ဘူး ဟုတ်လား ဟုတ်လို့လား"

ကျောင်းသားတစ်သိုက် ဝိုင်းရယ်ကြသည်။ ဗင်းစင့်က သူ့ဆေးတံတိုကို မီးညှိနေ၏။ အောက်ကက်တန် မျက်နှာနီရဲနေပြီ။ ထင်းတော့မတတ် ဒေါကန်နေပြီ။

၁။ David (BC- 972) and Goliath ဒေးဗစ်က ပါလက်စတိုင်းလူသန်ကြီး ဂိုးလီယက်ကို [illegible]အနိုင်တိုက်ပြီး အသေသတ်နိုင်ခဲ့သည့် ဟေဘရူး သိုးကျောင်းသား လူငယ်[illegible] ဒေးဗစ်သည် နောင်တွင်ဘုရင်အဖြစ်ကို ရရှိခဲ့သည်။



"မင်းလို ကျပ်မပြည့်တဲ့ကောင်မျိုးတောင် မိုနာလီဆာရဲ့ အပြုံး[illegible]သတိထားမိရမယ်။ မျက်လုံးတွေကကော မျက်တောင်ခတ်တော့မလို[illegible] တဖျပ်ဖျပ် အရောင်တောက်နေတာမဟုတ်လား။ သူ ကြည့်နေပုံ[illegible] ဘယ်လောက် ရင်ခုန်ချင်စရာ ကောင်းသလဲ။ သူ့မျက်လုံးတွေထဲမှာ [illegible]ရှာမတွေ့ဘူးဆိုရင် အဲဒီမတွေ့တဲ့ကောင်ဟာ ငတုံးပဲ"

"သူ့ဟာသူ မျက်လုံးက မကလို့ ဘယ်ကပြုံးပြုံး၊ ကျွန်တော့်[illegible]တွက် ပြဿနာမဟုတ်ဘူး။ ကျွန်တော် သိချင်တာက ခင်ဗျား ဘယ်လို[illegible]ကာက်တော် စူးရောက်ပြီး လီယိုနာဒိုလက်ရာမှန်းသိသလဲ ဆိုတဲ့ ကိစ္စပဲ"

အောင်ကက်တန်က ပိုပြီး စိတ်ပါလာပုံဖြင့် ဆက်ရှင်းသည်။

"လွယ်ပါတယ်ကွ၊ ရေးနည်းရေးဟန်နဲ့ အတတ်ပညာပိုင်းအရ[illegible]ပြောနိုင်တာပေါ့။ စုတ်ချက်တွေကြည့်ပြီး ပြောနိုင်တာပေါ့။ သူ့ စုတ်ချက်[illegible] လုတိုင်းသိတာပဲ။ ကဲ . . မင်း ဘာပြောမလဲ"

ဟင်နရီ ပြုံးလိုက်သည်။

"ခင်ဗျား သေသေချာချာနားထောင်၊ ခင်ဗျား မန္တမနပ်မှန်း[illegible]လို့ ကျုပ်ရှင်းပြမယ်။ ခင်ဗျား ဘာကြောင့် မိုနာလီဆာကို လီယိုနာဒို[illegible]လက်ရာလို့ ထင်သလဲဆိုတာ ကျွန်တော်သိတယ်"

"ကဲ . . ပြော၊ ပြောပါဗျား"

အောင်ကက်တန်က သူ့ဘက်ပါလာသည်အထင်ဖြင့် လိုလို[illegible]လားပြော၏။ ဟင်နရီက သူ့ကို ကြည့်ပြီး ပြုံးလိုက်သည်။

"ပန်းချီကားအောက်မှာ ကပ်ထားတဲ့ ကြေးပြားကလေးမှာ '[illegible]ယိုနာဒို ဒါဗင်ချီ' (၁၄၅၂-၁၅၁၉) လို့ ရေးတာကို ခင်ဗျားကြည့်ပြီး [illegible]လက်ရာပါလို့ ခင်ဗျားပြောတယ်။ တကယ်လို့ ခင်ဗျား မိုနာလီဆာကို [illegible]ပေါင်ဆုံးဆိုင်မှာ ဘောင်မပါဘဲ ဆေးအက်ကြောင်းတွေနဲ့ ဖုန်အလိမ်း[illegible]ဖြစ်နေတာတွေ့ရင် ခင်ဗျား ဘယ်လိုထင်မလဲ။ ခင်ဗျား ဖရန့် ၅၀၀[illegible]ဘောင် ပေးမှာ မဟုတ်ဘူး"

"ငါ့မှာ ဖရန့် ၅၀၀ ရှိလို့ကတော့ကွာ၊ ဟင်း . . "

ရာရှုံးက သူ့အမိပ္ပာယ်နှင့်သူ ကျိတ်မနိုင်ခဲမရ လေသံဖြင့် ဝင်[illegible]ာက်၏။ ဖရန့် ၅၀၀ သာရှိရင် ဘယ်သွားမည်၊ ဘာလုပ်မည်နှင့်[illegible]ယောက်တစ်ပေါက် ဝင်ပြီး လောင်နေကြ၏။ ဟင်နရီက သူတို့ ပြီး[illegible]ောင်စောင့်ပြီး စကားဆက်သည်။

"ဒါပေမဲ့ လုပ်မှာကျတော့ တစ်မျိုးလေ။ ဦးထုပ်ချွတ်၊ ခြေဖွ•

www.burmeseclassic.com

www.burmeseclassic.com



နင်းပြီး ဘုရားရှိခိုးကျောင်းထဲမှာလို စကားတိုးတိုးပြောရတယ်။ ပန်း ကားတွေ လျှောက်ကြည့်ရင်း အောက်က ကြေးပြားကလေးတွေကို ဖ ရတယ်။ ကော်ရီးဂျီယို၊ ရမ်းဘရင့်၊ တိုက်တီယံ၊ ရှုဘင် . . ဘာညာ ဘ ညာပေါ့။ နေရာတိုင်းမှာ ရပ်ပြီး ကားကြီးတွေကို စိတ်ထဲက ဦးညွှတ်ရ ဦးညွှတ်ရင်း မိုနာလီဆာဆီရောက်သွားမယ်။ အဲဒီအချိန်မှာ ခင်ဗျား ရှိသေမြတ်နိုး လက်စုံမိုးချင်စိတ်က လွှမ်းထားပြီ။ အဲဒီအချိန်မှ မိုနာလီဆာကို ဖလောရင့်စ်မြို့သူ သာမန်အိမ်ရှင်မတစ်ယောက်လို မမြ နိုင်တော့ဘဲ ဝမ်းဗိုက်ပေါ်မှာ ကွေးထားတဲ့လက်တွေက ဘယ်လို ဖော ြီး မျက်လုံးတွေက ဘယ်လိုပြုံးနေတယ်၊ ဘာညာ ဘာညာတွေ ဖြစ်က ရော။ မုတ်ဆိတ်ရှည်ကြီးနဲ့ လီယိုနာဒိုဟာလဲ ပါရမီရှင်ကြီးဖြစ်သွားရော ပြီးတော့ မက်ဒီစီ [၁] ရဲ့ ဗက်ချီယိုတံတား ကားတွေဆက်ကြည် ဖလောရင့်စ်က ဗက်ချီယို တံတားရှုခင်းတွေ၊ ဘရိုကိတ် ပိုးဖဲတွေဝတ် ဗုတ်ခေါင်းတီးနေတဲ့ အမျိုးသမီးပုံမျိုးတွေ၊ ခိုကလေးတွေ ပျံနေ ပုံမျိုးတွေလဲကြည့်ပြီးရော ခင်ဗျား ဒူးထောက်ချင်စိတ်ပေါက်လာတာပဲ ဒီအက် ဘာမှမပိုဘူး"

"လုံးဝအဓိပ္ပာယ်မရှိဘူး၊ ထူးခြားတဲ့ ပါရမီရှင်ရဲ့ လက်ရာဆိုတာ သိသာတယ်၊ မြင်မြင်ချင်း တန်းပြီး ခံစားလို့ရတယ် ငတုံးရဲ့။ ရမ်းဘရ ကားတွေ၊ တိုက်တီယံကားတွေ၊ လီယိုနာဒိုရဲ့ ကားတွေဟာ မင်းမျက် နှစ်လုံးထဲကို တန်းဝင်သွားတဲ့ ကားမျိုးတွေကွ"

"သွားစမ်းပါ"

ဟင်နရီက ခပ်ကျယ်ကျယ်အော်လိုက်သည်။ ရာရှူးက တပည် ကျော်၏ တိုက်ခိုက်ပုံကို သဘောကျပြီး ပြုံးဖြဖြကြီး လုပ်နေ၏။

ဟင်နရီ စကားဆက်သည်။

"မိုနာလီဆာ့ပုံကို ဘာလို့ သူ့ယောက်ျားက မကြည်တာလဲ သူလုံးဝ အသိအမှတ်မပြုဘူးဆိုတာ ခင်ဗျားသိလား။ ဒါကို ပါရမီရှင်ရဲ့ လက်ရာလို့ လွယ်လွယ်ကူကူ အသိအမှတ် ပြုရမယ်ဆိုရင် အဲဒီလော အဓိပ္ပာယ်မဲ့တဲ့အလုပ် လောကမှာ ရှိတော့မှာ မဟုတ်ဘူး။

"ပြီးတော့ လိုရင်ဖိုမက်ဒီစီကကော၊ ဒီကားကို ဘာလို့ မကြည် သလဲ။ သူက လီယိုနာဒိုကိုခေါ်ပြီး မျက်နှာဖုံးစွပ် ကပွဲအတွက် အဝ

[၁] Lorenzo Medici (1449-92) အီတလီကဗျာဆရာ။ အနုပညာနှင့် ပန်း လောကတွင် ကြြဇာကိတ္တိမကြီးမားသူ၊ မိုက်ကယ်အိန်ဂျလိုကို မြေတောင် မြှောက်ပေး



းပုံစံတွေ ဘာလို့ ပုံကြမ်း ရေးခိုင်းတာလဲ။ သူ့ဘာသာသူ အေးအေး ဆေး ပန်းချီဆွဲနေပါစေလား။ ထားတော့၊ ခင်ဗျား ပြောသလို ထူးခြား ပါရမီရှင်ရဲ့ လက်ရာကို လူတိုင်း သိနိုင် မြင်နိုင်တယ် ဆိုရင် ရမ်းဘရင့် 'ညစောင့်' ကို လူတွေဘာလို့ ဝိုင်းဟားကြသလဲ။ ဘာလို့သူဟာ ောင်းစားဘဝနဲ့ ဇာတ်သိမ်းရတာလဲ။ ပြီးတော့ ဗက်တို [၂]။ သူဟာ ုတ်ရေးစားသွားရတယ်။ နောက် တနီယေး၊ သူသေတော့မယ့် ကြောင်း သတင်းရေးပြီး ဖြန့်မှ သဂြိုဟ်စရိတ်အတွက် ကားတချို့ကို လောက်နဲ့ ရောင်းခဲ့ရတယ်။ ရှာဒန် [၃] ကော ဘာထူးလဲ၊ ပန်းချီကားနဲ့ နွေးထည်လဲပြီး ဝတ်ရတဲ့ဘဝ။ ခင်ဗျားပြောတဲ့ ထူးခြားတဲ့ ပါရမီရှင် တာကို သူတို့ခေတ်ပြိုင်တွေ ဘာကြောင့် မမြင်နိုင်ကြတာလဲ။ကျွန်တော် ောင် မြင်နိုင်သေးတာပဲ။ နောက်တစ်ချက်၊ ရှေးဆရာတွေရဲ့ လက်ရာ ကို ကျွန်တော်တို့တွေ အကဲဖြတ်နိုင်လောက်အောင် တော်နေကြရင် ကိုရှိထင်ရှားဆရာတွေရဲ့ လက်ရာတွေကို ကျတော့ ဘာလို့ကျွန်တော်တို့ င်နိုင်လောက်အောင် ကန်းနေကြတာလဲ။ ဥပမာ စေဇန်း။ သူဟာ မိရှင်တစ်ယောက် ဖြစ်မလာဘူး။ သူ့ ကားတွေက တစ်နေ့မှာ ဘူးရဲ့ မဟာလီယိုနာဒိုရဲ့ ကားတွေနဲ့ ယှဉ် ပြီး လုဗ်ပြတိုက်ထဲ က်မလာဘူးလို့ ဘယ်သူပြောနိုင်လဲ"

"စေဇန်းဆိုတာ ဘယ်သူလဲကွ"

ဗင်းစင့်က ဖြတ်မေးသည်။

"ဘယ်သူမှ မဟုတ်ပါဘူးဗျာ၊ အလကား . . ဒီကောင် လော က် လျှောက်ပြောနေတာပါ" ဟု ဂေါဂင်က ဝင်ထောက်သည်။

ရာရှူးက လူကြီးတစ်ယောက်၏ လေသံဖြင့် ဟင်နရီ့ဘက် ည့်ပြီး ဝင်ဆွေးနွေးသည်။ "မင်းပြောတာတွေ မှန်သင့်သလောက်မှန်ပါ ယ် ဟင်နရီ။ ဒါပေမဲ့ တစ်ဖက်စွန်းရောက်လွန်းနေတယ်။ စေဇန်းဟာ

[၂] Jean-Antoine Watteou (1684-1721) သူ့ခေတ်တွင်နာမည်အကြီးဆုံး ပြင်သစ်ပန်းချီဆရာ။ ရှုဘင်၏ရေးဟန်များ သူ့ကိုလွှမ်းမိုးသည်။ သို့သော် ကိုယ်ပိုင်ဟန်ဖြင့် ကိုယ့်လမ်းကို တီထွင်သူဖြစ်သည်။ သူ၏အရောင်အသွေး၊ အယူ အဆများကို ဒေလခွားက ယူသည်။ ဆူးရတ်၏ခေတ်သစ်အင်ပရက်ရှင်နစ်ဇင်တွင်လည်း သူ့ဩဇာလွှမ်းမိုးမှုကို တွေ့ရသည်။

[၃] Jean BS Chardin (1699-1779) နာမည်ကျော် ပြင်သစ်ရီယယ်လစ်ဇင် ပန်းချီဆရာ။ ၁၇၂၈ ခုနှစ်တွင် ပန်းချီအကယ်ဒမီအဖွဲ့ဝင် ဖြစ်လာသည်။ ရုပ်ငြိမ် ပန်းချီတွင်ပါရမီရှင်အဖြစ် ထင်ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းပြောသလောက် မဟုတ်ဘူးဆိုတာ လူတိုင်းသိနေတာပဲ။ အင်ပရက်ရှ နစ်လင်သမားတွေတောင် သူ့ကို နာခေါင်းရှုံ့နေကြတယ်လေ။ သူ့ကား တွေကို သူမဖြင့်နိုင်တဲ့ အခန်းထောင့်မှာပဲ ချိတ်ကြတယ် မဟုတ်လား"

သူက သူငယ်နာမစင်သေးသည့် ကလေးတစ်ယောက်ကို ပြော သလို ချော့ချော့မော့မော့ ပြောနေခြင်းဖြစ်၏။

"ဧဒေန်းရဲ့ကားတွေ လုင်ပြတိုက်ထဲ ရောက်လာနိုင်တယ် ဆို တာကတော့ မင်းပြောတာ ကလေးဆန်လွန်းတယ် ဟင်နရီ။ မင်းကား တွေ လုဗ်ထဲရောက်နိုင်တယ်လို့ ပြောသလို ဖြစ်နေပြီ" ဟု ရာရှုံးက နိုင် ချုပ်လိုက်သည်။

ခဏ စကားပြတ်သွားကြပြီး အားလုံးဗင်းစင့်ဆီသို့ အာရုံ ရောက်သွားကြပြန်၏။ သူ့ကို ပန်းချီပစ္စည်း ကြွေးဝယ်လို့ ရမယ့်ဆိုင်တွေ ကို ဝိုင်းပြီး ညွှန်နေကြ၏။ ပြီးတော့ ခန္တာဝေဒ စာအုပ်အဟောင်း ရနိုင် သည့် နေရာကိုလည်း ပြောပြကြ၏။ နေ့လည်စာဝိုင်းသည် တြိဂံ ဖွဲ့ စည်းမှုအကြောင်း၊ ပန်းချီကားတစ်ချပ် အချောသတ်ပုံအကြောင်း၊ အရောင်တွဲစပ်ပုံ ညီမျှမှုအကြောင်းများနှင့် အရည်အချင်းစစ်ပြပွဲ စနစ် အကြောင်းများကို အပြင်းအထန် ငြင်းခုန်ရင်း အဆုံးသတ်သွားသည်။

သို့သော် အာဂိုစတီးနာဆိုင်မှ တစ်အုပ်ကြီး ထွက်လာသည် အထိ စကားကြော မပြတ်ကြသေးပေ။ နောက်မှ အသီးသီး လမ်းခွဲလိုက် ကြသည်။

*

"ဘယ့်နှယ်လဲ၊ တော်တော် ဦးနှောက်ခြောက်သွားပြီလား"

သူ့စတူဒီယို လှေကားထစ်များကို တက်နေစဉ် ဟင်နရီက ဗင်းစင့်ကို မေးလိုက်သည်။ ဗင်းစင့်က သားရေအိတ်ကို ချိုင်းညှပ်ပြီး ခေါင်း ငိုက်စိုက်ချ လိုက်လာသည်။

"ကိုယ် ထွက်လာတုန်းက ပါရီကိုရောက်ရင် ပန်းချီသင်မယ် ပန်းချီဆရာ ဖြစ်မယ်လို့ ထင်ခဲ့တယ်။ ခုတော့ ငါသိပ်မသေချာတော့ဘူး သီအိုပြောတာ ဟုတ်ပါလိမ့်မယ်၊ ငါ အသက်ကြီးသွားပြီ ထင်ပါတယ် ကွာ"

မနက်ပိုင်းက အော်ဟစ်ရယ်မောခဲ့သော သူ့မျက်နှာမှာ လုံးဝ ညှိုးနေသည်။ သူ့ကြည့်ရသည်မှာ စိတ်ဓာတ်တွေ ကျနေပုံရ၏။ သူ့

အတွက် နယ်သစ်ပယ်သစ်ဖြစ်သော မောင်မတ်တွင် လမ်းစပျောက်သလို ဖြစ် နေဟန်တူ၏။ ဟင်နရီ စိတ်မကောင်း ဖြစ်သွားသည်။

"စိတ်မပျက်ပါနဲ့ ဗင်းစင့်ရ။ ကျွန်တော် ခင်ဗျားကို ဗင်းစင့် လို့ပဲ ခေါ်တော့မယ်နော်။ ဒီနေ့ ကျွန်တော်တို့ ငြင်းကြတဲ့ အရောင် အစပ် အစွန့်တွေ၊ ဖွဲ့စည်းမှု အကြောင်းတွေကြောင့်တော့ ခေါင်းရှုပ်မခံနဲ့ဗျ။ ဒါတွေက ထင်သလောက် မခက်ပါဘူး၊ ခင်ဗျား ခဏလေးနဲ့ သဘော ပေါက်သွားမှာပါ"

လှေကားကို ကွေ့ကာ၊ ပတ်ကာဖြင့် ခပ်ဖြည်းဖြည်းချင်း တက် လာခဲ့ကြသည်။ နောက်ဆုံး စတူဒီယိုခန်းသို့ ရောက်လာကြ၏။ မဒမ် ဒူဘွားက အပေါ်ထပ်တွင် လှဲကျင်းနေ၏။ မဆလာခဲတွေကို သိမ်း ဆည်းနေရင်း ဗျစ်တောက် ဗျစ်တောက် ပြောနေ၏။

"တော်တော် ပစ္စလတ်ခတ်နိုင်တဲ့ ပန်းရုံသမားတွေ။ ဒီလိုမှန်း သိရင် ရေချိုးခန်းကို မပြင်ပါဘူး မွန်စီယာရယ်"

တံမြက်စည်းတစ်ဘက်၊ သံပုံးတစ်ဘက်ကိုင်ပြီး လှေကား ကျဉ်း ကျဉ်းကလေးမှ ဆင်းလာသည်။ ဗင်းစင့်ကို တစ်ချက် လှမ်းကြည့်၏။

ဗင်းစင့်က ပုံးကို လက်လှမ်းယူရင်း

"ကျွန်တော် ကူလုပ်ပါရစေလား အဒေါ်" ဟု လှမ်းပြောသည်။ အဘွားကြီး၏ မျက်နှာတွင် အံ့ဩခြင်းနှင့်အတူ ပါးစုံ့ကြီးတွေ ဖောင်း လာအောင် ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ကွယ်။ ဒါပေမဲ့ အဒေါ်နိုင်ပါတယ်၊ မင်းတို့ အချင်းချင်း စကားပြောနေကြပါ"

အဘွားကြီး တံခါးပိတ်ပြီး ထွက်သွားသည်။ ဟင်နရီက ဦးထုပ် နှင့် ကုတ်အင်္ကျီကို လှမ်းချိတ်ရင်း

"ခင်ဗျား အဘွားကြီးကို ကောင်းကောင်း စည်းရုံးလိုက်တာပဲ။ စောင့်ကြည့်နေ၊ ခဏကြာရင် လက်ဖက်ရည် ရောက်လာလိမ့်မယ်။ ကြိုက် ကြိုက် မကြိုက်ကြိုက် သောက်ပေတော့။ ကဲ . . ခင်ဗျား ပုံကြမ်းတွေ ပြပါဦး၊ ကျွန်တော် ကြည့်ချင်တယ်"

ဗင်းစင့်၏ သားရေအိတ်ထဲမှ ပုံတွေချဖို့ နေရာကျယ်သွား အောင် စားပွဲပေါ်မှ မီးအိမ်ကို တစ်ဘက်စွန်းသို့ ရွှေ့ပေးလိုက်သည်။

"မင်းကားတွေ ငါ အရင် ကြည့်ပါရစေလားကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဒတ်ချ်လူမျိုးက မပြီးသေးသော အီကားရပ်စ်ပန်းချီကားကြီး
သေသေချာချာကြည့်ရင်း ပြန်ပြောသည်။

"တကယ်လှတဲ့ ကားကြီးပဲကွ။ မင်း ခန္ဓာဗေဒကို ပိုင်တ
ဆိုတာ ရှင်းနေတာပဲ။ ငါလဲ လူ့ကာယ အစိတ်အပိုင်းတွေအကြော
သိ ချင်လိုက်တာကွာ"

"မခက်ပါဘူးဗျာ၊ လက်တင်စကားလုံးတွေကို မှတ်ရ
လောက်ပါပဲ။ ခင်ဗျား စိတ်ဝင်စားရင် ကျွန်တော်တို့ အတူတူ လေ့
ကြတာပေါ့"

သည် ဆံပင်နီနီနှင့်နိုင်ငံခြားသားကို ဟင်နရီ သဘောကျ
သည်။ သူ့တွင် ဆွဲဆောင်မှုတစ်မျိုးရှိနေသည် ထင်ရ၏။

"ခင်ဗျား ကျွန်တော့် စတူဒီယိုကို အချိန်မရွေး သုံးနိုင်တ
နော်၊ ဘာမှ အားနာစရာမရှိဘူး။ ရာရှူး စတူဒီယိုထဲမှာ ကျွန်တော်
နှစ်တောင် ကြာခဲ့တာဗျ"

ဟင်နရီ့ဘက်ကို သူလှည့်ကြည့်သည်။ သူ့မျက်လုံးများက
ခုခုတွင် အလေးအနက် အာရုံစိုက်နေပုံရ၏။

"မင်းလိုဆွဲနိုင်ရင် ကိုယ် ဘာတွေရေးမယ် မင်းထင်လဲ။ လ
ကွင်းထဲက လယ်သမားတွေရဲ့ ပုံမျိုးတွေရေးမှာ။ သူတို့ ဆင်းရဲ ပင်ပန်းပုံ
မိအောင်ဖမ်းပြီးရေးမယ်။ တစ်နေကုန် ပင်ပန်းလို့ တောင့်တင်း ကို
နေတဲ့ သူတို့ ကျောပြင်တွေ၊ နဖူးကချွေးတွေကို အကျီလက်မောင်း
သုတ်နေပုံတွေ၊ ပြီးတော့ လယ်တောတစိုက်က သစ်ပင်တွေ၊ နေလုံးကြီး
ပန်းပွင့်တွေ၊ အဲဒါတွေကို အဝါရောင်များများနဲ့ ကိုယ်ရေးမှာ။ အ
ရောင်ဟာ ဘုရားသခင်ရဲ့ အရောင်ပဲ၊ နေမင်းကြီးကို အဝါရောင်နဲ့
ဆင်းပေးထားတယ် မဟုတ်လား"

နောက်ဆုံးပြောလိုက်သည့် သူ့စကားလုံးများက ဟင်နရီ တု
လောထရက်ကို အသက်ရှူမှားစေ၏။ ဒီလူ စိတ်တော့မှန်ကောင်းပါ

ဘုရားသခင်က အဝါရောင်ကို ချစ်ကောင်းချစ်ပါလိမ့်မ
သို့သော် ပါမောက္ခကော်မွန်ကတော့ အညိုမှ အညို။ ဟင်နရီ ပြုံးလို
သည်။

"ခင်ဗျား လောလောဆယ်တော့ အညိုမျိုးစုံ စုထားရမ
ပီယာတန်ဂီးဆိုင်ကို ကျွန်တော် ခေါ်သွားမယ်။ အဲဒီမှာ နည်းနည်း သ
သာတယ်၊ ဘာလဲဗျ"



အခန်းဆောင့်တစ်နေရာကို သူ ဖြတ်လျှောက်သွားပြီး ကင်ကင်
ကောက်ကြည့်သည်။

"ဩော် . . အဲဒါ လေလီက ကောင်မလေးတွေရဲ့ ပုံပါ။ တစ်
နေ့ ကျွန်တော်ခင်ဗျားကို အဲဒီ ပို့ပေးပါဦးမယ်။ အချိန်ရရင် ဒီည
ကြတာပေါ့ဗျာ"

"နိုပ်တယ်ကွာ အရမ်းနိုပ်တယ်"

ဗင်းစင့်က ဝမ်းသာအားရ အော်ပြောသည်။

"မင်း ဟောဒီဟာကြီးထက်တောင် ငါ ပိုကြိုက်သေးတယ်။
ောင်မလေးတွေက တကယ် လှုပ်ရှားလာတော့ မလိုပဲကွ။ ဂီတသံတွေ
ကြားယောင်လာသလိုပဲ။ ပြီးတော့ ပရိသတ်ရဲ့ အငွေ့အသက်နဲ့
ဝန်းကျင်ရနံ့ပါ ပျံ့လွင့်နေတယ် ထင်ရတယ်။ အဲဒီကား ဘာလို့
အပြီးမဆွဲတာလဲ"

"အချိန်မရလို့ဗျ၊ ပြီးတော့ ကျွန်တော့်အဖေကလဲ မကြိုက်ဘူး
။ အလကား အပြာကားတွေတဲ့"

"မဟုတ်ဘူး မဟုတ်ဘူး။ မင်းပြီးအောင် ရေးရမယ်"

"မပူပါနဲ့ဗျာ၊ တစ်နေ့နေ့ ကျွန်တော် အပြီးသတ်မှာပါ။ ကျွန်
က ဒတ်ချ်လူမျိုးတွေဟာ ခပ်ထိုင်းထိုင်းတွေ အောက်မေ့နေတာ၊
ကျတော့ တော်တော်ထက်ပုံရပါလား‌ဗျ။ အင်းလေ . . ခင်ဗျား
ကားကို ကြိုက်တယ်ဆိုလို့ ကျွန်တော်ဝမ်းသာပါတယ်။ ကျွန်တော်
တိုင်လဲ ကြိုက်ပါတယ်။ ဖြစ်နိုင်ရင် ကျွန်တော်က အဲဒါမျိုးတွေချည်း
နေ့ချင်တာ"

"ရေးပေါ့ကွ၊ ဘာလို့မရေးသလဲ"

"ဘာလို့လဲဆိုတော့ ပြပွဲတင်ရမယ့်ကားကို ဦးစားပေးနေရလို့
ဲ . . ခင်ဗျား ပုံကြမ်းတွေ ပြပါဦး၊ အလင်းရောင်က အကျဘက်
ကလာပြီဗျ"

ဗင်းစင့်က မရွံ့မရဲဟန်ဖြင့် အိတ်ထဲမှ ရေးပြီးသား ကားတွေ
သည်။

"တစ်ခုတော့ ပြောထားပါရစေကွာ။ ငါကခုမှ စဆွဲတဲ့လူပါ။
ပန်းချီကျောင်းမှလဲ မတက်ဖူးဘူး၊ သိပ်လဲ မလေ့လာဖူးဘူး။ ဟောဒါ
မဆုံးရေးတဲ့ကားပဲ။ စာအုပ်တစ်အုပ်ထဲက ပြောင်းခင်းကို ကြည့်
းတာ"

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ သူက ပုံကြမ်းတွေ တစ်ပုံပြီးတစ်ပုံ စားပွဲပေါ် ချပြ သည်။

"ဒါတွေက ရှိတာဒမ်က တံငါသည်တွေ၊ ဟောဒါက နယူနှင် က ရက်ကန်းသမားအိုကြီး၊ ဟောဒါက 'စိမ်း' တဲ့၊ ငါ့အသိ ကောင်မလေး တစ်ယောက်။ ဒါကတော့ ဘရာဘင့်က တောသူတောင်သားတွေ၊ ဒါ ကတော့ အာလူးစားသူများလို့ နာမည်ပေးထားတယ်"

ကားတွေ အားလုံး ကြည့်ပြီးတော့ စတူဒီယိုထဲတွင် အလင်း ရောင် နည်းစပြုလာပြီ။ သူက စမေးသည်။

"နည်းတော့ မနည်းဘူးကွ။ ဆိုပါဦး၊ မင်းဘယ်လိုထင်လဲ။ ငါ ပန်းချီဆရာတစ်ယောက် ဖြစ်နိုင်ပါ့မလား"

စိတ်လှုပ်ရှားမှုဖြင့် သူ့အသံ လှိုင်းထနေ၏။

ဟင်နရီက လက်ထဲမှ ပုံတွေကို ခပ်ဖြည်းဖြည်း ချလိုက်သည်။ စားပွဲတစ်ဘက်မှ မျက်နှာတွင် မှဲ့ယဉ်ချေးများနှင့်လူက သူ့ကို အသက် မရှူအားဘဲ စောင့်နေ၏။

"ခင်ဗျားကိုယ် ခင်ဗျားမသိဘူးလား ဗင်းစင့်။ ခင်ဗျားပုံကြမ်းတွေ က ပထမတန်းစားတွေပဲ။ ခင်ဗျားကိုယ် ခင်ဗျားရော၊ ဒီကားတွေအတွက် ပါ ခင်ဗျား ဘာလို့ သံသယဖြစ်နေရတာလဲ"

"မင်း တကယ်ပြောနေတာလား ဟင်နရီ၊ တကယ်နော်"

သူ့အသံက မယုံတဝက် ယုံတဝက် အုံ့ဩနေသည့် လေသံ။

"ငါ စိတ်သက်သာရာရအောင် မင်းပြောနေတာလား ဟင်နရီ၊ ငါ တကယ် ပန်းချီဆရာ ဖြစ်နိုင်ပါ့မလားကွာ"

"ဖြစ်နိုင်ပါ့မလား ဟုတ်လား။ ခင်ဗျား ဖြစ်နေပြီပဲ ဗင်းစင့် ခင်ဗျား ပန်းချီဆရာ ဖြစ်နေပြီပဲဗျ"

ပျော်လွန်းသဖြင့် သူ့မျက်နှာကြီး ပြုံးဖြဲဖြဲနှင့် ရှုံ့မဲ့မဲ့ဖြစ်သွား သည်။

"ကျေးဇူးတင်တယ်ကွာ၊ ကျေးဇူးတင်တယ် ဟင်နရီ။ ငါ့အတွက် ဘယ်လောက် အဓိပ္ပာယ်လေးနက်သလဲဆိုတာ မင်းသိမှာမဟုတ်ဘူး တစ်ယောက်ယောက်က ငါ့ကို အဲဒီလိုပြောတာကို ငါ သိပ်နားထောင် ချင်နေတာကွ"

တစ်ယောက်ကို တစ်ယောက် စားပွဲတစ်ဘက်စီမှ အပြုံးကိုယ်



ဖြင့် စိုက်ကြည့်နေကြ၏။ ဘာဆက်ပြောရမှန်းမသိအောင် နှစ်ယောက် သား ဝမ်းသာနေကြသည်။

နောက်မှ ဗင်းစင့်က မရွှံ့မရဲပြုံးပြီး ခပ်ဖြည်းဖြည်းပြောသည်။

"မင်းနဲ့ငါနဲ့ တွဲလို့ ရနိုင်မယ်ထင်ပါတယ် ဟင်နရီ"

"ကျွန်တော်လဲ အဲဒီအတိုင်း မျှော်လင့်ပါတယ်ဗျာ။ ခင်ဗျား ဒီကို လာဖြစ်တဲ့အတွက် ကျွန်တော် သိပ်ဝမ်းသာပါတယ် ဗင်းစင့်။ တကယ်ပြောတာနော်၊ လာ . . ကျွန်တော်တို့ နူဗဲလ်ကို သွားပြီး ဘီယာ သောက်ကြရအောင်"

ထိုစဉ် မရွှံ့မရဲ တံခါးခေါက်သံကြားရသည်။ မဒမ်လူဘေးက ဒန်းတစ်ချပ်နှင့် ဝင်လာ၏။ ဗန်းထဲတွင် အငွေ့တထောင်းထောင်း ထနေ သည့် လက်ဖက်ရည်နှစ်ခွက်ပါလာ၏။

ဟင်နရီက ဗင်းစင့်ကို မျက်ခုံးပင့်ကြည့်ပြီး ခပ်တိုးတိုး ပြော လိုက်သည်။

"ကဲ . . ကျွန်တော် မပြောဘူးလား"

*

ဆောင်းလယ်သို့ မရောက်မီ သူငယ်ချင်းတွေအားလုံး ပြောင်းလဲလာ သည်ကို ဟင်နရီ သတိပြုမိ၏။ ပန်းချီအကြောင်း၊ ကောင်မလေးတွေ အကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် အသေအလဲ ငြင်းခုန်ကြဆဲ ဖြစ်သော်လည်း၊ ဟန်တစ်လုံး ပန်တစ်လုံးနှင့် ဆက်နေနေကြသော်လည်း ဝေးတော့သော အနာဂတ်အတွက် တွေးပြီး ရတက်မအေး ဖြစ်နေကြ၏။

ဂေါ်ဇီက တစ်ညနေတွင် စကားစသည်။

"မနှစ်က အာဂိုစတီးနာ့ဆိုင်မှာ ဟို ဒေဂါးဆိုတဲ့ ခွေးသားကြီး ပြောသွားတာ မင်းတို့ မှတ်မိလား။ ငတ်သေကြတဲ့ ပန်းချီဆရာတွေ အကြောင်း၊ ဖိနပ်စုတ်နဲ့ လျှောက်သွားနေတဲ့ ပန်းချီဆရာတွေအကြောင်း လေ။ အဲဒီတုန်းက ငါသိပ်အရေးမထားခဲ့ဘူး၊ ဒါပေမဲ့ ခုတော့ ငါ တွေးစားမိလာပြီ . ."

အောင်ကက်တန်က သက်ပြင်းချပြီး

"ငါလဲ မင်းလိုပဲကွ၊ စာတိုက်မှာ အလုပ်ရတုန်းက ဝင်လုပ် လိုက်ရအကောင်းသား"

ဂေါ်ဇီက တုံ့ဆိုင်းဆိုင်းအမူအရာဖြင့် အိတ်ထဲမှ ပရိဘောဂ ဆက်တလောက်စာအုပ်ကို ထုတ်ယူလိုက်သည်။ "ကက်တလောက်ပုံတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆွဲရတာ ဝင်ငွေမဆိုးဘူးတဲ့ကွ တချို့ကလဲ ခန်းဆီးတွေမှာ ပုံတွေ ပါတာ ကြိုက်သတဲ့။ အဲဒါတွေ ဆွဲပေးရင်လဲ တော်တော် ရဆိုပဲကွ"

အားလုံး ခဏငြိမ်သွားကြသည်။ သူတို့တတွေ အကြောင်း အရာတစ်ခုတည်းကို တွေးနေကြခြင်းဖြစ်၏။ သူတို့အားလုံး ပန်းချီဆရာ ဖြစ်ဖို့ အသေအလဲ ကြိုးပမ်းခဲ့ကြသူတွေ ဖြစ်သည်။ မကြာမီ သူတို့ ဖြစ်ကြတော့မည်။ ပန်းချီဆရာ ဖြစ်ပြီး ဘာလုပ်ကြမည်လဲ။ လောလောဆယ် ဘာနဲ့ သွားစားမလဲ။

ဘာကိုမှ အလေးအနက်မထားဘဲ တေလေဘဝဖြင့် နေခဲ့သူ လူငယ်တစ်သိုက်သည် တကယ့်လက်တွေ့ဘဝထဲသို့ တိုးဝင်ရမည့်အခါ တွင် စိုးရိမ်စိတ်ကလေးများ ဝင်လာလေတော့သည်။

တစ်သက်လုံး သောက်သောက်စားစား ပေါ့ပေါ့ပါးပါး နေသွား နိုင်မည်မဟုတ်ကြောင်း ပြင်သစ် လူလတ်တန်းစားအသိက သူတို့ကို သတိပေးလာခြင်း ဖြစ်သည်။ ဗီးနပ်စ်နှင့် ဒိုင်ယာနာပုံတွေဆွဲပြီး အရည် အချင်းစစ်ပြပွဲတင်လို့ လက်မှတ်ရပြီထား၊ တစ်ဝမ်းတစ်ခါးအတွက် အာမခံ ချက် မဖြစ်နိုင်။

အောင်ကက်တန်က စိတ်မသက်မသာဖြစ်နေသည့် အမူအရာ ကို ဖုံးကွယ်ပြီး သတင်းတစ်ခုပေးသည်။

"တင်ပယ်လ်ခရိုင်ထဲမှာ လူတစ်ယောက် ရှိတယ်တဲ့ကွ။ မျူရီ လို[၁] ရေးဟန်နဲ့ ဆွဲတဲ့ ကားတစ်ကားကို ၁၅ ဖရန့်၊ ခရစ်တော် ဖွားမြင်ခန်း တစ်ကားကို ၂၇ ဖရန့် ပေးတယ်တဲ့။ ရေးနိုင်သလောက် ယူတယ်ဆိုပဲ"

ရာရှူးက ပြတိုက်တစ်ခုတွင် ပန်းချီကား အရောင်းစာရေး အလုပ်လျှောက်ထားကြောင်း ထုတ်ပြော၏။

"အဲဒီမှာ အဲဒီအလုပ်ထက် အောက်တန်းကျတဲ့ ရာထူး မရှိ ဘူး၊ ဒါပေမယ့် ထမင်းတစ်လုပ်တော့ စားလောက်တယ်"

သူငယ်ချင်းအားလုံး သူပြောပုံကြောင့် စိတ်မကောင်း ဖြစ်ကြ

၁။ Bartolome Esteban Murillo (1617-82) စပိန်ပန်းချီဆရာ။ ပန်းချီကျောင်း ထောင်ပြီး လူငယ်များအား သင်ပေးသည်။ Marriage of St,. Catherine ဘာသာရေး ပန်းချီကားကြီးရေးနေစဉ် ငြမ်းပေါ်မှ ပြုတ်ကျသည့် ဒဏ်ရာဖြင့် ၁၆၈၂ ခုနှစ်တွင် ကွယ်လွန်သည်။ သူ့ခေတ် စပိန်နိုင်ငံထဲတွင်သာမက ပြည်ပအထိ နာမည် ကြီးသူမှာ သူတစ်ဦးတည်းရှိသည်။ ၁၈ ရာစုနှောင်းပိုင်းနှင့် ၁၉ ရာစု နှစ်ဦးပိုင်းတွင် သူသည် စပိန်၏ ဩဇာအကြီးဆုံးပန်းချီဆရာတစ်ဦးဖြစ် သည်။



သည်။ နောက် ရက်အနည်းငယ်ကြာတော့ ဂရနီယေးက ဟင်နရီကို နံရံကပ်စက္ကူလုပ်ငန်းအကြောင်း ဘာသိလဲ မေးသည်။

ကျောင်းအသွား စားသောက်ဆိုင်ကလေးတစ်ဆိုင်တွင် ထုံးစံ အတိုင်း နံနက်စာ စားနေကြစဉ် ဖြစ်၏။ အပြင်တွင် နံနက်ခင်း ဈေး သွား ဈေးလာများနှင့် စည်ကားလျက်ရှိသည်။ တွန်းလှည်း ဈေးသည် များ၊ ကုန်စိမ်းသည်များ၊ ဦးထုပ် ၃ လုံးဆင့် ဆောင်းထားသည့် အဝတ် ဟောင်းရောင်းသူများ၊ ဓားသွေးသူများ၊ ပန်းကန်အကွဲဖာသူများ၊ ခွေး ဆေးခွေးလွှင့်များနှင့် ဆူညံနေ၏။

ဟင်နရီက ရမ်းဘရင့်၏ ဈေးရှုခင်းလက်ရာများ အသက်ဝင် လှုပ်ရှားနေသည်ဟု ခံစားလိုက်မိသည်။ သည်အကြောင်း ပြောမည့်ဟန် ပြင်လိုက်စဉ် ဂရနီယေးက စကားဆက်သည်။

"တော်တော် စိတ်ဝင်စားဖို့ ကောင်းတယ်ကွ။ စောစောက ပြောတဲ့ နံရံကပ်စက္ကူလုပ်ငန်း ပြောတာ၊ ငွေရင်းလဲ တော်တော်များမယ်။ တော်တော် အနုပညာပါတဲ့ လုပ်ငန်းမျိုးကွ၊ မင်း အဲဒီ ဒီဇိုင်းမျိုး ဆွဲနိုင်ပါ့မလား"

ဟင်နရီက နံနက်စာ လွေးနေရင်း ဖြေသည်။

"ကျွန်တော်တော့မထင်ဘူး၊ ဒါက လက်မှုပညာတစ်ရပ်ပဲဗျ"

ဂရနီယေးက စားပွဲရှေ့သို့ ကိုင်းလာပြီး ခပ်တိုးတိုးပြောသည်။

"ဘယ်ကလာ .. ပန်းချီကွ ပန်းချီ။ ခရစ္စမတ်တုန်းက ငါ တွေ့တဲ့ ကောင်မလေး မင်းမှတ်မိလား။ သူ့နာမည်က လီလီတဲ့၊ လူတကာ နဲ့ တွဲတဲ့ မောင်မတ်ကဟာမမျိုးတွေထဲက မဟုတ်ဘူး မောင်။ တကယ့် အပျို မကလေး၊ ဆွေကြီး မျိုးကြီးထဲကကွ။ ထားပါတော့၊ ကောင်မလေး ငါ့ကို ကြွေနေတယ်သိလား။ သူ့အဖေက အဲဒီနံရံကပ်စက္ကူလုပ်ငန်းပိုင်ရှင် ဘူး၊ ငါ့ကို သူ့အလုပ်ရုံထဲ ခေါ်သွားပြီး ပြတယ်၊ ငါ့ရဲ့ ပန်းချီအခြေခံနဲ့ ဆိုရင် သူ့လုပ်ငန်းမှာ သိပ်အသုံးဝင်မယ့် အကြောင်းလဲပြောတယ်"

ဟင်နရီ သူ့ကို ငေးကြည့်နေသည်။ သူလည်း ရင့်ကျက်လာ ပြီပဲ။ မိမိကိုယ်တိုင်လည်း ဘဝဆိုတာ ကပွဲရုံများနှင့် မြင်းပွဲသာမဟုတ် ကြောင်း သိမြင်လာပြီမဟုတ်လား။

"ခင်ဗျားပြောတာ ဟုတ်တယ် ဂရနီယေး။ အိမ်ထောင်သည် ဘဝဟာ တကယ်ပျော်စရာကောင်းတယ်လို့ ပြောကြတာပဲ"

သည်ဆောင်းတွင် ဟင်နရီနှင့် ဗင်းစင့် တွဲဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝင်းစင့်က ဟင်နရီ့ပုံတူ တစ်ပုံဆွဲပေးသည်။ အရက်ခွက်ကို ရှေ့မှာချလျက် ထိုင်နေသည့်ပုံ။[၁] ပုံစံထိုင်ပေးရင်း သူ၏ နိုင်ငံရေး အမြင်များကို နားထောင်ရသည်။ ဝင်းဆင့်ဗန်ဂိုးသည် ဘာသာတရား ကိုင်းရှိုင်းမှု အရက်နှင့် ရင်ထဲမှ ပေါက်ကွဲထွက်တော့မည့် အနုပညာ မီးလျှံများ စုဝေးနေသည့် လူတစ်ယောက်ဖြစ်ကြောင်း၊ ရောဂါဓာတ်ခံလည်း ရှိကြောင်းများလည်း သိရသည်။ သူသည် အလွန်ရိုးသားပြီး သနားစရာ ကောင်းသူတစ်ယောက်ဖြစ်ကြောင်း ဟင်နရီ တဖြည်းဖြည်းနားလည်လာသည်။ မရွှံမရဲပြုံးတတ်၏။ သို့သော် ရယ်စရာရှိလျှင် တအား အော်ရယ်တတ်သည်။ စိတ်အားထက်သန်လာပြီဆိုလျှင် ပေါက်ကွဲတော့မည့် မီးတောင်နှင့်တူပြီး၊ ငြိမ်နေပြီ ဆိုလျှင်လည်း စိုးရိမ်ထိတ်လန့်နေသည့် သိုးကလေးတစ်ကောင်လို နေတတ်၏။

လေလီ ကပွဲရုံတွင် သူ့ကို ဟင်နရီ အကဲခတ်ကြည့်မိသည်။ တစ်ခါတုန်းက မမွှဆရာသည် ဒူးပေါ် ပေါင်ပေါ် ကချေသည်မကလေးများနှင့် အဆင်ပြေနေ၏။ ကောင်မလေးတွေက သူ၏ လိမ္မော်ရောင်နှုတ်ခမ်းမွေးနှင့် ဝဲတဲတဲ စကားပြောပုံကို သဘောကျနေကြ၏။

နူဗဲလ်ကို ရောက်လျှင်တော့ အရက်ကို စိတ်ကြိုက်သောက်တတ်၏။ အရှိန်ကလေး ရလာလျှင် ဆေးတံကို ဟန်ပါပါ ဖွာရင်း သူ၏ ဝိတ်ကူးယဉ် ပန်းချီရွာတစ်ရွာ တည်ထောင်ရေးကို ဆွေးနွေးတတ်သည်။

"အဲဒီရွာဟာ လုံးဝ ဘုံဝါဒ ပန်းချီရွာဖြစ်ရမယ်၊ ဆွဲပြီးသမျှ ပန်းချီကားတွေဟာ အဖွဲ့ပိုင်ပဲ ဖြစ်ရမယ်၊ ရောင်းရသမျှ ပိုက်ဆံ အားလုံးအဖွဲ့ကို အပ်ရမယ် . ."

နှစ်ယောက်သား အမြဲတမ်း အငြင်းပွားရသည့် ကိစ္စ။ သဘောကွဲသော်လည်း တစ်ယောက်ကို တစ်ယောက် နားလည်ကြသဖြင့် ပြဿနာ မရှိဘဲ ပို၍ ပို၍ ရင်းနှီးလာကြ၏။

"ပန်းချီရွာ" တည်ထောင်ဖို့ ခင်ဗျားစိတ်ကူးဟာ လုံးဝ အဓိပ္ပာယ်မရှိဘူး ဗင်းစင့်။ ပန်းချီဆရာဆိုတဲ့ လူမျိုးတွေ အတူတူ စုနေလို့ မရဘူးဆိုတာ ခင်ဗျား မသိဘူးလား။ ပန်းချီဆရာ နှစ်ယောက်ကို အခန်းထဲ သော့ခတ်ပြီး တစ်ပတ်လှောင်ထားကြည့်၊ ဆေးခြစ်တဲ့ ဓားနဲ့ တစ်ယောက်လည်ပင်း တစ်ယောက် မဖြတ်ရင် ခင်ဗျား ကျွန်တော့် လည်ပင်းဖြတ်" ဟု ဟင်နရီက စောဒကတက်တတ်၏။

---

၁။ သည်ပုံကို အမ်စတာဒင်ပြတိုက်တွင် ပြထားသည်။



တစ်နေ့ညနေတွင် သူ့စတူဒီယိုသို့ ဗင်းစင့် ဒရောသောပါး ဝင်လာသည်။ လမ်းသစ် ရှာဖွေ တွေ့ရှိပြီဖြစ်ကြောင်း၊ သူ 'ပွိုင့်တစ်လစ်' ဆွဲမည့်အကြောင်း အားတက်သရော ပြောနေ၏။

"ဟာ . . သေတော့မှာပဲ၊ ခင်ဗျား အဲဒီလိုင်း လိုက်မယ် ဟုတ်လား"

ဟင်နရီက အီကားရပ်စ်ကို ဆွဲနေရာမှ ရပ်ပြီး ရယ်သည်။

"ပြီးခဲ့တဲ့အပတ်အထိ ခင်ဗျားဟာ အင်ပရက်ရှင်းနစ် စစ်စစ်။ [illegible]နွားလို၊ မိုနေးလိုလေ ဟုတ်တယ်နော်"

"အေး . . ခု ငါတစ်မျိုး ဖြစ်သွားပြီ"

သူ့မျက်လုံးပြာထဲမှ မျက်ဝန်းများက ပျော်ရွှင်စွာ ကခုန်နေ၏။ သူစကားဆက်သည်။

"ညက ငါ ဆူရတ်နဲ့ အတူတူ ညစာစားတယ်။ အချိုတဲ့ရင်း [illegible]က သူ့ရေးနည်းတွေ ငါ့ကို ရှင်းပြတယ်။ ပန်းချီ ပြဿနာတွေ [illegible]တော် ရှင်းသွားတယ်ကွ သိလား။ ရိုးရိုးကလေးပဲ၊ စက္ခုဝိညာဏအမြင်အာရုံ အကြောင်း လေ့လာရမယ်။ အလင်းရောင် အကွေးအညွှတ်ဥပဒေသကို လေ့လာရမယ်။ မျက်ဝန်းထဲမှာ အလင်းထင်ဟပ်မှု . . ."

". . . ဆူးရတ်လို ပိတ်ကားပေါ်မှာ အစက် အပြောက်တွေ တစ်နှစ်လုံးလုံးလိုက်ချပြီး ခင်ဗျား အချိန်ဖြုန်းနိုင်မလား။ ဒီပိတ်စပေါ်မှာ ဒီအစက်တွေကို နေ့တိုင်း ခင်ဗျားချနေရမှာ၊ သွားစမ်းပါ"

ပြီးတော့ သူတို့နှစ်ယောက် နိုင်ငံရေးငြင်းကြပြန်သည်။

ဟင်နရီက အားမလို အားမရလေသံဖြင့်

"ခင်ဗျားလို အတွေးအခေါ်နဲ့ လူတစ်ယောက်က သူ့ကို သဘော ကျတယ်ဆိုတာ ကျွန်တော်ဖြင့် နားမလည်နိုင်အောင်ပဲ။ ခင်ဗျားရေးရ မှာက ခင်ဗျားကိုးကွယ်တဲ့ မီးလက်[၁] လို ဆေးပျစ်ပျစ်နဲ့ အရောင်တွေ သုံးပြီး ရေးရမှာ။ သေတော့မှာပဲ၊ လုပ်စရာရှိတာတော့ ခင်ဗျားမလုပ်ဘူး။ ခင်ဗျားရဲ့ 'အာလူးစားသူများ'ဟာ တကယ့်အနိုပ်စားဗျ။ သူတို့ သွားတွေ မကောင်းတာ၊ ရေမှန်မှန်မချိုးနိုင်တော့ မကောင်းတဲ့

---

၁။ Jean Millet (1642-79) ပြင်သစ်ရှုခင်းပန်းချီဆရာ။ သူ့သား Jean (1666-1723) လည်း ရှုခင်းပန်းချီဆရာဖြစ်လာသည်။ ၎င်း၏သား Joseph (1697-1777) သည်လည်း ပန်းချီဆရာတစ်ဦးပင်။

www.burmeseclassic.com

www.burmeseclassic.com



အနံ့အသက်တွေ ထွက်နေတာ၊ သူတို့ဘဝ ခါးမနောက်ပိတ်ခွေး ဖြစ်နေတာတွေအားလုံး ပေါ်လွင်နေတာပဲ"

"တောသူ တောင်သားတွေရဲ့ ဘဝဟာ ဒီအတိုင်းပါပဲကွာ။ ရှေးတုန်းကဆို ပိုဆိုးသေးတယ်၊ ရှင်ဘုရင်တွေက သူတို့ရဲ့ သီးနှံတွေကို မတရားသိမ်း . . ."

"အဲဒီ အဓိပ္ပာယ်မရှိတာတွေ ခင်ဗျား ဘယ်က ဖတ်လာတာလဲ"

"အဲဒါ အမှန်ကွ"

"မဖြစ်နိုင်ပါဘူးဗျာ"

"အမှန်ပါဆိုနေ"

"မဖြစ်နိုင်ဘူးဗျာ။ ဒုက္ခပါပဲ၊ ခင်ဗျား လူဗ်ကိုသွားကြည့်၊ ဆင်းရဲသားပုံတွေ အများကြီး။ ဘရူဂဲလ်စ်[၁] ရဲ့ ကားတွေ၊ အားလ်စ်ရဲ့ကားတွေ တနီယေး [၂] ရဲ့ ကားတွေ၊ သူတို့ ငတ်ပြတ်နေပုံ မပေါ်ပါဘူး။ သစ်ပင်အောက်မှာစုပြီး ကခုန်နေကြတာပဲ။ ဝိုင်တွေ စည်လိုက်ချပြီး သောက်ရင်း အစားအစာတွေ အဝအပြဲ စားနေကြတာပဲ။ လယ်သူမကြီးတွေဆိုရင် ဝပြဲလို့"

"ဒါဆို ဘာလို့ သူတို့တော်လှန်ရေး လုပ်ကြတာလဲ"

"သူတို့က တော်လှန်တာမဟုတ်ဘူး။ သူတို့ဘာမှ မသိဘူး အာဏာကို ပြည်သူလက်ထဲမှာ ရှိရမယ်ဆိုတဲ့ ခင်ဗျားတို့လို လူတွေ မြှောက်ပေးလို့ သူတို့ ဘုမသိ ဘမသိနဲ့ ထတိုက်ကြတာ။ ဘုရင်က သူတို့ရဲ့ မြေတွေကို မယူပါဘူးဗျ။ နေပါဦး၊ ကျွန်တော်တို့ အဲဒါတွေ ငြင်းနေမယ့်အစား နူဗဲလ်ကိုသွားပြီး ဖဲလေး ဘာလေး ကစားရရင် မကောင်းဘူးလား။ ကျွန်တော် ဒီည ကံကောင်းမယ်လို့ စိတ်ထဲ ထင်နေလို့ဗျ"

ပါရီကိုရောက်ပြီး မကြာမီ ဗင်းစင့်၏ မတည်မငြိမ် စိတ်ရောဂါ ပြန်ထလာသည်။ ပန်းချီကျောင်း၏ ပုံသေနည်း စည်းရိုးသတ် သင်ရိုးတွေကို သည်းမခံနိုင်အောင် ဖြစ်လာသည်။

ကျောင်းမှာ လေ့ကျင့်ရတာထက် မောင်မတ်လမ်းကြိုလမ်းကြားတွင် ပန်းချီခုံချပြီး ရေးချင်နေသည်။ ဒါမှမဟုတ် ညီတောင်မောင့်

---

၁။ Pieter Brueghel (1525-69) ၁၆ ရာစုနှစ်၊ နယ်သာလန်ပုံဆွဲဆရာ၊ ပန်းချီ ဆရာ

၂။ Teniers (1610-90) ဘယ်လ်ဂျီယံ၊ ဂျာမန်နှင့် ဒတ်ချ်စကားပြောသည့် Flemish ပန်းချီဆရာ။ ကားပေါင်း ၂၀၀၀ ကျော်ရေးခဲ့ပြီး ကျေးလက်ရှုခင်းကားများ နာမည်ကျော်ကြားသည်။



အိမ်တွင် အောင်းပြီး ရွှံ့နိုင်းချင်းနှင့် ဖိနပ်တွေ ဝတ္ထုစာအုပ်ပုံတွေကို ရေးချင်ရေးနေသည်။ တစ်ခါတလေ သုံးလေးရက် ပျောက်နေတတ်၏။ ပြီးတော့ မျက်တွင်း ဟောက်ပက်နှင့် မုတ်ဆိတ်ကျင်စွယ် တောထလျက် ငတ်စုတ်ပြတ်ပြတ် ပြန်ရောက်လာတတ်သည်။

"ငါ သစ်ပင်တွေ လျှောက်ကြည့်နေတာကွ။ မြို့ထဲမှာ ငါ အသက် မရှူတတ်တော့ဘူး။ ငါ ဘယ်မှာ အိပ်တယ်ထင်လဲ ဟင်နရီ။ မင်းက သိပ်ရယ်ရတာပဲ၊ ငါဘယ်မှာအိပ်မှန်း ငါ မမှတ်မိတော့ဘူးကွ။ မြင်းမြစ် လမ်းက တဲစုတ်တစ်ခုခုမှာ အိပ်မိတယ်ထင်တယ်၊

"မိုးရွာချတယ်လေ။ သိပ်ရယ်ရတယ်ကွာ၊ ပျော်စရာကြီး။ မင်းသိတယ်နော်၊ တို့ ဒတ်ချ်လူမျိုးတွေဟာ မိုးရွာရင် ရယ်တတ်ကြတယ်လေ။ ဒီမယ် ဟင်နရီ၊ ငါ လျှောက်သွားနေတုန်း ဘာတွေလုပ်သလဲ၊ မင်းသိလား. . ."

ရှက်သလိုလို၊ တောင်းပန် တိုးလျှိုးသလိုလို အမူအရာဖြင့် ပန်းချီကား တစ်ချပ်ကို နံရံတွင် သွားဖြန့်ပြီး ကပ်သည်။ ၃ နာရီနှင့် အပြီး ရေးခဲ့သည့်ကားဟု ဆို၏။ ဒလာခွား၊ ပီဆာရိုနှင့် ဆူးရတ်တို့၏ လက်ရာမျိုး ရောထွေးနေသော်လည်း သူ့ကိုယ်ပိုင်ဟန်တွေ သိသိသာသာ ပါနေသည်။ အမှားအယွင်းတွေ ပါသော်လည်း ထူးထူးခြားခြား ပြောင်မြောက်သည့် ကားတစ်ကားဖြစ်သည်။

ရံခါတွင်လည်း မထင်ဘဲ ရောက်လာတတ်သည်။ "မင်း ငါ့ကို မော်ဒယ် သင်ပေးမှ ဖြစ်တော့မယ်ကွ" ဟု ရမ်ကို တကွတ်ကွတ် သောက်ရင်း ပူဆာတတ်၏။

ဟင်နရီက စိတ်ရှည်လက်ရှည် သင်ပေးသည်။ ခန္ဓာကိုယ် ဖွဲ့စည်းမှုတွေ၊ အရိုးအဆစ်တွေ အားလုံး လက်တင်ဘာသာနှင့်ချည်းမို့ သူ စိတ်ပျက်အားလျှော့ သွားပြန်သည်။

"ငါ အလကားပါပဲကွာ၊ ငါ မရတော့ပါဘူး။ ငါ အသက်ကြီးသွားပြီ၊ ဘာမှ သောက်သုံးမကျတော့ဘူး။ လာကွာ . . တို့အပြင်ထွက်ကြရအောင်"

သူတို့ ညီအစ်ကိုနှစ်ယောက်နေသည့် အခန်းကျဉ်းကလေးကို ရောက်လျှင် ဗင်းစင့်က ဒတ်ချ်အစားအစာတွေ လုပ်ကျွေးတတ်၏။ ပြီးလျှင် ငြင်းကြ ခုန်ကြပြန်သည်။ နောက်ဆုံးတွင် နှစ်ယောက်စလုံး မနေနိုင်သည့် အနာဂတ်၏ သားကောင်များအဖြစ် နိဂုံးချုပ်ကြရသည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကျောင်း၏ နောက်ဆုံးနှစ် ဆောင်းရာသီကို ဤသို့လျှ ဟင်နရီ ဖြတ်သန်းနေရ၏။ သို့သော် ဤသည်မှာ ဟင်နရီ၏ ဘဝမျ နှာစာ တစ်ခုမျှသာဖြစ်သည်။ အခြားမျက်နှာစာ တစ်ခုကိုကား သူ့ရင် တွင်သာ သိမ်းဆည်းထားလေသည်။ ထို မျက်နှာစာတွင် လိုအပ်နေ သည်မှာ သူ့ရင်ခွင်အတွက် မိန်းကလေးတစ်ယောက် ဖြစ်၏။

*

သည်ကိစ္စမှာ လွယ်မယောင်နှင့် ခက်သည့် ကိစ္စဖြစ်နေသည်။ လေ တွင် ကောင်မလေးတွေ ပေါမှပေါ။ ဘီယာတိုက်၊ တွဲက၊ တစ်ပတ်အတွ အတွဲဖြစ်သွားကြ၏။ အချို့သူငယ်ချင်းများ ညတွင်းချင်း စွံကြ၏။ သို့ သော် သူက မကနိုင်။ ထို့ကြောင့် ကပွဲတွင် ချစ်သူရှာဖို့ စိတ်လျှော့လိုက် ရသည်။

လမ်းပေါ်မှာ ရှာရင်ကော၊ ဖြစ်နိုင်တယ်။ ရာရှူး ပြောဖူးသည် ကို မှတ်မိနေ၏။ သူက လျှပ်တစ်ပြက် တိုက်ပွဲဆင်ရာတွင် ဆရာကြီး မဟုတ်လား။

“ဒီကိစ္စက ကိုယ်တစ်ဖက်တည်းရဲ့ ဆန္ဒမှ မဟုတ်တာ။ သူ့ လဲ လိုအပ်နေတာပဲ။ ဖွဲကောင်းကောင်းနဲ့သာ ကြိုးစား၊ ဘယ်တော့ မဖြစ်မရှိဘူး”

သူ စမ်းကြည့်သည်။ ခပ်သွက်သွက် လျှောက်သွားနေသော ကောင်မလေးတစ်ယောက်ကို အမီလိုက်ရန် သူ့အနေဖြင့် မလွယ်ပြန် ကိုယ့်ကိုယ်ကိုယ်တောင် အနိုင်နိုင်သယ်နေရသည် မဟုတ်လား။ အ လိုက်နိုင်ပြီ ထားပါဦး၊ ကြိမ်လုံး အားကိုးနှင့် လျှောက်နေရသည့် အောက်ပိုင်းကို ကောင်မလေးငုံ့ကြည့်လျှင် ဘာဆက်ပြောရမလဲ။ သည် တော့ လမ်းပေါ်မှာ ချစ်သူရှာဖို့ အကြံကိုလည်း စွန့်လွှတ်လိုက်ရပြန်၏။

ထိုအခါ ရော့ ပတ္တမြား၊ ရော့နဂါး၊ အပျော်အိမ်သွားပေ သူငယ်ချင်းများနှင့် အဖော်လိုက်သွားလို့ ရောက်ဖူးပါ၏။ အများသုံး ရေအိမ်သာလို စက်ဆုပ်ရွံရှာစရာ ကောင်းလှသည်။ မည်သို့လျှင် အချ စိတ် နိုးကြွနိုင်ပါမည်လဲ။

သည်တော့ ဘာလုပ်စရာ ကျန်တော့မည်လဲ။ ဂျူလီကို အိ မက် မက်နေရုံပဲပေါ့။ ရှက်စရာကောင်းသည့် ရောဂါတစ်ခု စွဲကပ်နေ သလို မျိုသိပ်ထားရုံပေါ့။ သည်လိုနှင့်ပဲ ရင်ထဲက ပူပူလောင်လော ဝေဒနာ လျော့ပါးချင် လျော့ပါးသွားလိမ့်မည်လေ။



မတ်လထဲတွင် ဂျူလီကို စိတ်ပျက်လာပြီဖြစ်ကြောင်း လူးကပ်စ် ပွင့်ပြောသည်။ လွန်ခဲ့သည့် ၃ လက သူ တန်းတန်းစွဲ ဖြစ်ခဲ့သည့် ဂျူလီ။

“ဒီလိုပါပဲကွာ၊ အစကတော့ ကလီယိုပါထရာ မျက်လုံးနဲ့ တူ လိုလို၊ ဘာလိုလိုနဲ့။ နောက်ဆုံးသူ့ရာသီရောက်လာတဲ့ ကြောင်မတွေ ပဲ၊ နောက်တော့ . . ”

ရာရှူးက မဆုံးနိုင်အောင် မင်္ဂလာဖွင့်ပါလေတော့၏။

ထူးဆန်းသည်မှာ ဂျူလီသည် လူးကပ်စ်နှင့် ခွာပြဲပြီးကာမှ မြူးမြူးကြွကြွ ဖြစ်လာသည်။ သူ လွတ်လွတ်လပ်လပ် ဖြစ်နေပြီ။ ကဲ့သို့ပင် မွတ်သိပ်သော ဘဝတူနှလုံးသားပိုင်ရှင် ဖြစ်နေလေပြီ။

ချဉ်းကပ်ဖို့ အကြံအမျိုးမျိုးထုတ်ကြည့်၏။ တစ်ခုမှ အဆင် ပြေ။ ရင်ထဲမှာ ပူလောင် တင်းကျပ်လာ၏။ နေရာတကာတွင် ဂျူလီ ယ်ဟန်ပြနေပုံတွေချည်း မြင်နေ၏။

သည်လို အခါမျိုးတွင် သူ၏ နိုးကြားလာသော သွေးသားဆန္ဒ တောင်းဆိုမှုများကို သူမတားဆီးနိုင်တော့။ သည်တော့ မသွားချင်ဘဲ နှင့် မသွားချင်သည့် နေရာသို့ ရောက်သွားခဲ့သည်။

တစ်သက်တွင် မမေ့နိုင်သည့်ထိုနေ့။ မမျှော်လင့်ဘဲ အငြင်း ယ်ခံရသည့်နေ့။

ရင်ထဲတွင် တင်းကျပ်လာသည်။ လက်ထဲတွင် ကိုင်ထားသည့် န်ခွက်ကလေး တဆတ်ဆတ်တုန်နေသည်။ တစ်ခါပျော်လျှင် ၁၀ ဖရန့် န် ဈေးအပေါဆုံး ကောင်မလေးက သူ့ကို ခေါင်းခါလိုက်လေသည်။ သော့ကျိုးတစ်ယောက်နှင့် တွဲမလျှောက်ချင်ဘူးပေါ့လေ။

အာခေါင်တွေ ခြောက်လာသည်။ အသည်းနှလုံးတွေ၊ ဖြောင်း ဆန်ကုန်ကြပြီလားမသိ။ ဦးနှောက်တွေ ချာချာလည်နေ၏။ သည်လို မိန်းကလေးများ၏ ငြင်းပယ်ခံရလျှင် ဘယ်မိကောင်းဖခင်သမီးက သူ့ကို လက်ခံပါတော့မည်လဲ။

ဖန်ခွက်ထဲမှ အရက်ကို တစ်စက်မှ မသောက်တော့ဘဲ စားပွဲ ပေါ်ပြန်ချပြီး ကြိမ်လုံးကိုဆွဲကာ ထိုနေရာမှ ထွက်ခွာခဲ့တော့သည်။

*

နောက်တစ်နေ့မနက်တွင် မနေ့က ဘာမှမဖြစ်ခဲ့သလို မေမေ့ပျော့ကို ယှောက်နေလိုက်သည်။ သို့သော် သည်ကိစ္စကို ခေါင်းထဲမှ ဖယ်ထုတ်

www.burmeseclassic.com

www.burmeseclassic.com

မရနိုင်ဘဲ ဖြစ်နေ၏။ သူကို့လူတွေနှင့် သူတို့ချိန်းထားပြီးသားဖြစ်နေလို့များလားဟု ဖြေတွေး၏။

အလုပ်ထဲတွင် အာရုံရောက်အောင် ပြန်ထိန်းသည်။ ကျောင်းတွင် စည်းနှင့်ကမ်းနှင့် ဆရာအကြိုက်ပုံတွေ ဆက်ရေးသည်။

ပါမောက္ခကော်မွန်က အားတက်သရော ချီးကျူးသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ် လောထရက်။ ပုံရေးတာသိပ်မညက်ပေမယ့်၊ အဲ . . ပါရမီအခံနည်းပေမယ့် မင်းရဲ့ လုံ့လ ဝီရိယက အကျုံးပေးမှာပါ"

စတူဒီယိုပြန်ရောက်လျှင် မပြီးသေးနိုင်သည့် အီကားရပ်စ်ကားကြီးကို မနားမနေ ဆက်ရေးသည်။ မဒမ်လူဘေးလာလျှင် စကားထိုင်ပြောသည်။ သူ့စိတ်ကို ဟိုဘက်သို့ ရောက်မသွားအောင် အချိန်ပြည့်အလုပ်ပေးနေခြင်းဖြစ်၏။

နူဝဲလ်သို့ ရောက်လျှင် ဘီယာတစ်ခွက်ပြီးတစ်ခွက်ချပြီး သူစကားတွေ အများကြီး ပြောနေသဖြင့် သူငယ်ချင်းတွေ အံ့သြနေကြသည်။ ပန်းချီ သဘောတရားများအကြောင်း အငြင်းအခုန်ဖြစ်လျှင်လည်း အာဘောင်အာရင်းသန်သန်။ ဣတ္ထိယခေါ် မိန်းမတို့အကြောင်း ရောက်သွားလျှင်တော့ သူနှင့် မဆိုင်သလို ဝင်မပြောဘဲနေ၏။

ညရောက်လာမည်ကို သူကြောက်လာ၏။ အိပ်ချိန်များကို ကော်ဖြတ်ရသည်မှာ ကြာလေမလွယ်လေဖြစ်လာ၏။ အိပ်မက်များက နှိပ်စက်နေမြဲ။ အိပ်ရာထဲတွင် စာဖတ်သည့် အကျင့် လုပ်ယူသည်။ ရှိသမျှအားအင်တွေ ကုန်ခန်းသွားသည့်နှယ် အိပ်ပျော်သွားချိန်တွင် ရင်ဘတ်ပေါ်မှ စာအုပ်က ဖွင့်လျက်သား။ နံဘေးစားပွဲငယ်ပေါ်တွင် မှန်အိမ်က ထွန်းလျက်သား။

*

ဤသို့ဖြင့် မိုးဦးရာသီ တစ်နေ့နံနက်တွင် ပျံလွှားငှက်ကလေးများ၏ ကျီကျီကျာကျာအသံဖြင့် သူနိုးလာသည်။ အိပ်ရာပေါ်မှဆင်းကာ ကြိမ်လုံးဆွဲပြီး ပြတင်းပေါက်ဆီသို့ ဖိနပ်မပါဘဲ လျှောက်သွားသည်။ သိုးမွေးညဝတ်ရှုံကြီး ဘိုသီဘတ်သီဖြင့် ငှက်ကလေးတွေကို ကြည့်ပြီး သူပြုံးနေ၏။ လေထဲတွင် ထိုးဆင်းလိုက်၊ ပျံတက်လိုက်ဖြင့် သူတို့တတွေ ပျော်ပါးနေကြ၏။ ဘယ်လောက် ချစ်စရာ ကောင်းသည့်နေ့ပါလဲ။

"အင်း . . ပျော်ပွဲစားထွက်ဖို့ အကောင်းဆုံးနေ့မျိုးပဲ"



သူ့နှုတ်မှ တိုးတိုးကလေး အသံထွက်သွားသည်။

သတိသပမ္ပဇဉ်ချွန်းဖြင့် မအုပ်နိုင်မီ စိတ်ဆင်ရိုင်းသည် တံလျှပ်ဆီဟာ လွင့်ထွက်သွားလေတော့၏။ အလွန်သိမ်မွေ့ပြီး ရက်စက် ပြင်းထန်သော စိတ်ခံစားမှုတစ်မျိုး။

စိန်းမြစ်လိုလို . . မန်းမြစ်လိုလို၊ ကမ်းစပ်တစ်နေရာ . . မြက်ခင်းစိမ်းစိမ်းပေါ်တွင် ဂျူလီက သူ့နံဘေးတွင် လှဲပြီး အိပ်ချင်ယောင်ဆောင်နေသည်။ ဆည်းဆာနေခြည်က သစ်ရွက်ကြို သစ်ရွက်ကြားမှ ညှနမ်းချင်နေသည့် မျက်နှာကလေးကို ပြောက်ပြောက်ကျားကျား ပက်ဖျန်းနေ၏။ ထို့နောက်တွင်တော့ နေသာညနေခင်းတွင် ချစ်မိုးကြီးဖြိုင်ဖြိုင်ရွာလေတော့သည်။

ထို့နောက်၊ ထို့နောက်တွင်ကား ဂျူလီက ရှက်ကိုးရှက်ကန်းအမူအရာဖြင့် ထထိုင်ပြီး ဆံပင်တွင် ကပ်ငြိနေသည့် သစ်ရွက်တွေကိုဆယ်ချနေသည်။

"တို့ပျော်ပွဲစားထွက်လာတာ၊ စားဖို့သောက်ဖို့လဲ ပါတယ်လေ။ ရှက်ဆိတ်တွေကို ကျွေးဖို့ မဟုတ်ဘူးကွယ့်"

သူကပြောတော့ ဂျူလီ ရှက်ရှက်ကလေး ပြုံးနေသည်။

မနိုးချင်သည့် အိပ်မက်စိတ်ကူးမှ အတင်းရုန်းထွက်လိုက်၏။ ပြတင်းပေါက်မှ လက်ဆေးကန်ဆီသို့ ဒယီးဒယိုင် လျှောက်သွားသည်။

"ဂရနီယေး . . ထလေဗျာ၊ ဘယ်အချိန်ရှိနေပြီလဲ" ဟု ကြုံးအော်လိုက်သည်။

ထိုနေ့တွင် 'ကျောက်ဆောင်ပေါ်မှ အင်ဒရိုမိဒ' ပုံကို ဆွဲရသည်။ သည်တစ်ပတ်အတွက် ရွေးထားသည့် အကြောင်းအရာဖြစ်၏။

ဆရာကော်မွန်က ဂရိနတ်ဘုရားသမိုင်းလာ အင်ဒရိုမိဒအကြောင်း ပြောပြသည်။ ခမည်းတော်နှင့် မယ်တော်တို့က မင်းသမီးလေး အင်ဒရိုမိဒအား တိုင်းသူပြည်သားများကို ခြိမ်းခြောက်နေသောအလွန်ရမ်းကြမ်းသည့် ရေနတ်နဂါးကြီးထံ ဆက်သလိုက်ပုံများကို ပြည့်တည်ပြီးနောက် အသေးစိတ် ရှင်းပြသည်။

"အဲဒီရေနတ်နဂါးကြီးဟာ ရေရှိသမျှ နေရာအားလုံးမှာ မင်းမူသောင်းကျန်းနေတယ်ဆိုတာကို မင်းတို့ခေါင်းထဲမှာ စွဲထားပြီး မှန်တိုင်းထန်ကမ်းခြေတစ်နေရာမှာ ကမ္ဘာဦးလူမကလေးတစ်ယောက်၊ အထိတ်တလန့် ရပ်နေတဲ့ မိန်းကလေးတစ်ယောက်ကို မြင်အောင်ကြည့်၊ မကောင်း

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းဝိုင်းကြီးဟာ သူ့ဆီကို ရေအောက်ကနေ ကူးလာပြီး ဘွားကနဲ ပေါ်လာတော့မယ်။ အဲဒီအချိန်မျိုးမှာ မင်းသမီးကလေး ဘယ်လို ခံစားနေရမလဲ။ နက်နဲ့ကလေးတွေ ပင့်ပြီး မျက်လုံးအစုံက အထိတ်တလန့် ဖြစ်နေရမယ်။ နှုတ်ခမ်းတွေက ငိုတော့မယောင် ပုံဆောင်နေရမယ်၊ သိပ်အရေးကြီးတာက ဗျာ ... ဒီနေ့ အဲဒီလို အခြေအနေမျိုးမှာတောင် အင်ဒရိုမိဒ မင်းသမီးကလေးဟာ ရှင်ခုန်လောက်အောင် စွဲမက်ချင်စရာ ဖြစ်နေရမယ်"

ဟင်နရီ သက်ပြင်းတစ်ချက်ချလိုက်သည်။ အတန်း၏ ခပ်ချာချာ ကိုယ်ဟန်ပြမယ် မာရီယာက ခုံမြင့်ပေါ်တွင် ရပ်ပြီး မိဒမင်းသမီးကလေးဟန် လုပ်ပြနေ၏။ စိတ်အပျက်ကြီးပျက်သွားသည်။ လုံးဝ အာရုံလာစရာမရှိ၊ မျက်နှာပုံစံက စိုစိုပြည်ပြည်မရှိ။ အနက်ရောင် ဆံပင်တွေက ဝက်မွေးတွေလို ကြမ်းကြမ်းထူထူ။ ပေါင်တံတွေက တုတ်တုတ်ခိုင်ခိုင်။ ကဲ . . အားတင်းလိုက်ဦးမယ်၊ တစ်ပတ် နှစ်ပတ်တော့ ဝင်ရှိသရွေ့ပေါ့။ နောက်ဆို ဆေးပါးပါးလဲဆွဲဖို့ မလိုတော့ဘူး၊ အင်ဒရိုမိဒတွေ ဘာတွေလဲ မရှိတော့ဘူး။

ထိုညတွင်ပင် အီကားရပ်စ်ကားကြီးကို အဆုံးသတ်နိုင်ခဲ့သည်။ ဒေရာမကားကြီး၏ ညာဘက်ထောင့်တစ်နေရာတွင် သူလက်မှတ်ထိုးနေသည်ကို မဒမ်လူဘေးက မျက်ရည်ဝဲနေသည့်မျက်လုံးများဖြင့် ငေးကြည့်နေသည်။

"သိပ်လှတာပဲ မွန်စီယာရယ်၊ ဓာတ်ပုံတစ်ပုံကို ကြည့်နေရသလိုပဲ"

သည်သူငယ်အိမ် ရောက်လာသည့်အတွက် မဒမ်လူဘေး သိပ်သဘောကျနေသည်။ သိပ် သိမ်မွေ့တဲ့ သူငယ်၊ သိပ်သိတတ်သည့် သူငယ်ကလေး။ ခုတော့ သူပြောင်းတော့မည်တဲ့။ သည် ဆူဆူညံညံ အောက်တန်းကျကျ ရပ်ကွက်မှ လူကုံထံရပ်ကွက်ကို ပြောင်းတော့မည်တဲ့။ အင်း. . . သူပြောင်းသွားရင် အောက်မေ့နေမည်ထင်ရဲ့။

မဒမ်လူဘေးက မျက်ရည်အနိုင်နိုင်ဆည်ရင်း

"သူကြည့်ရတာ ပိတ်ကားထဲကနေ ထပျံတက်တော့မလိုပဲ"

ဟင်နရီက ဆေးစပ်ပျဉ်ချပ်ကိုချပြီး အမျိုးသမီးကြီးဘက်သို့ လှည့်လိုက်သည်။

"အဒေါ် သဘောကျတယ်ဆိုလို့ ကျွန်တော် ဝမ်းသာပါတယ် ခင်ဗျာ။ ကျွန်တော့်အစီအစဉ်ကို ပြောပြပါ့မယ်။ ပြပွဲပြီးသွားရင် ကျွန်တော် ဒီကားကြီး ပြန်သယ်လာမယ်၊ အဒေါ့်ရဲ့ အောက်ထပ်ဧည့်ခန်းမှာ ထားဖို့ ကျွန်တော် အပိုင်ပေးခဲ့မယ်။ အဒေါ် လက်ခံပါနော်"

မဒမ်လူဘေး ငိုမလို ဖြစ်သွားသည်။

"ကျွန်တော့်ကို အဒေါ် စောင့်ရှောက်ခဲ့တဲ့ကျေးဇူးတွေနဲ့စာရင် ဒါဟာ မပြောပလောက်ပါဘူး ခင်ဗျာ"

သူနှင့်အတူ လိုက်ခဲ့ဖို့ ကိစ္စပြောရန် စိတ်ကူးလိုက်မိသေးသော်လည်း စောလွန်းနေသဖြင့် အသာနေလိုက်သည်။ ပြပွဲကိစ္စပြီးမှပဲ ပြောတော့မည်။

"ကဲ . . ကျွန်တော် တန်ဂီးဆိုင်ပြေးလိုက်ဦးမယ်။ ဘောင်လုပ်ခိုင်းရဦးမယ်လေ"

အပြင်တွင် ခိုက်ခိုက်တုန်အောင် အေးနေသည်။ သို့သော် ထူးထူးခြားခြား ခြေထောက်တွေ အနာသက်သာနေ၏။ အီကားရပ်စ်ကားကြီးပြီးသွားပြီမို့ စိတ်တွေ လွတ်လပ်ပေါ့ပါးနေ၏။

မကြာခင် ပြောင်းရတော့မည်မို့ မောင်မတ်ကို စိတ်ထဲက ကြိုပြီး နှုတ်ဆက်နေမိ၏။ နားလိုက် လျှောက်လိုက်ဖြင့် ခရီးဆက်ခဲ့၏။ နှုတ်ဆက်သူများ တွေ့လျှင် ဦးထုပ်ကိုချွတ်ပြီး ပြန်နှုတ်ဆက်သည်။

လမ်းထောင့်တစ်ခုတွင် အင်္ဂါရထားတစ်စီးဖြတ်မောင်းလာသည်ကို တွေ့သဖြင့် လှမ်းတားလိုက်သည်။

*

ဆိုင်ရှေ့တွင် ရထား ထိုးဆိုက်တော့ ပီယာတန်ဂီး တစ်ယောက် သူ့ဆိုင် လှေကားထစ်တွင် ဆေးတံသောက်ရင်း နေစာလှုံနေသည်ကို တွေ့ရ၏။

ဟင်နရီကို မြင်တော့ ခုန်ထလိုက်ပြီး အူယားဖားယား ကြိုဆိုသည်။ ပြီးတော့ ဖောက်သည် ပန်းချီကျောင်းသား ကျန်းခံ့သာလို့မာပါစ မေးသည်။

ဟင်နရီက လာရင်းကိစ္စ ပြောတော့ . .

"ဗျာ . . ဘောင် ဟုတ်လား၊ ပြပွဲတင်မယ့် ကားအတွက် ဟုတ်လား၊ ကျွန်တော် လုပ်ပေးရမှာပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော့်မှာ မှုတစ်ခုရှိတဲ့အကြောင်းတော့ ပြောပါရစေ မွန်စီယာ။ မူနဲ့ ပတ်သက်လာရင်တော့ ကျွန်တော် ခေါင်းမာတတ်ပါတယ်။ ကျွန်တော့်ဘက်က တစ်စက်ကလေးမှ မလွှဲစေရဘူး။



www.burmeseclassic.com

www.burmeseclassic.com



"စည်းအပြင်က လူတစ်ယောက်အနေနဲ့ ကျွန်တော် ပြပွဲတင် ပန်းချီကားတွေကို မကြိုက်ဘူးဗျ။ အားလုံးဟာ အရင်းရှင်နဲ့ ဘူဇွာ အတွေးအခေါ်အောက်က ပန်းချီတွေချည်းပဲ။ ကျွန်တော့်သဘော ပြော ရရင်တော့ သင်ရိုးညွှန်းတမ်းကို အသေကိုင်ထားတဲ့ လူတွေကို ပစ်သတ် ပစ်ဖို့ ကောင်းတယ်"

ပြောပြောဆိုဆို ကောင်တာစားပွဲအောက်ဘက်မှ ဖုန်ထုတက် နေသည့် ကားဘောင် နမူနာတွေ ထုတ်ပြသည်။

"ကဲ . . ဟောဒီမှာဗျား၊ ကြိုက်တာ ရွေးပေတော့"

ဟင်နရီက ပုံစံတစ်မျိုးကို ရွေးပေးသည်။ တန်ဂီးက အတိုင်း အထွာ ရေးယူပြီး ဟန်ပါပါဖြင့် နှုတ်ခမ်းပေါ်ကို လက်ညှိုးကလေး တင် လိုက်သည်။ ပြီးတော့ ခြေဖျားကလေး ထောက်ကာ ထောက်ကာဖြင့် ထောင့်တစ်နေရာမှ ပန်းချီကားများ စုပုံထားသည့် နေရာသို့ လျှောက် သွားသည်။ ဂျပန် ပန်းချီလက်ရာတစ်ချပ်ကို ယူလာပြီး

"အထူးအဆန်းကလေးပေါ့ ဆရာရယ်။ အူတာမာဂိုရဲ့ လက် ရာ ဆရာရဲ့ အူတာမာဂိုလက်ရာ" ဟု ကားကို တယုတယ ကိုင်ပြီး ပြောသည်။

ပင်လယ်ကမ်းခြေမှ ဂေရှာမယ်ကလေး သုံးယောက်ပုံ ဖြစ် သည်၊ တစ်ယောက်က ဆံပင်ဖြီးနေသည်။ တစ်ယောက်က သဲပြင်တွင် ဒူးထောက်ပြီး ခရုကလေးတွေကို ကြည့်နေသည်။ နောက်တစ်ယောက် က ရေလှိုင်းတွေကို ငေးကြည့်နေသည်။ ကားကောင်းတစ်ချပ် ဖြစ်ပါ၏၊ ခုတ်ချက်များက တီးတိုးစကား ဆိုနေပြီး လိုင်းများက ဂီတသံ ထွက်နေ သည် ထင်ရ၏။

"သိပ်လှတဲ့ ကားပဲဗျာ၊ ဘယ်လောက်နဲ့ ရောင်းမှာလဲ"

ဟင်နရီက သူ့လက်ထဲမှာ ကားကို လှမ်းယူလိုက်သည်။ သေ သေချာချာကြည့်ဖို့ ကုထားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။

"မရောင်းပါဘူး ဆရာရယ်၊ မွန်စီယာ့ကို ကြည့်စေချင်လို့ ထုတ် ပြတာပါ။ ဒီ မိန်းကလေး သုံးယောက်ဟာ ကျွန်တော့်သမီးတွေလို ဖြစ် နေပါပြီ"

"ဒါပေမဲ့ ခင်ဗျား သမီးတွေမှ မဟုတ်တာပဲဗျာ။ သူတို့ဟာ လွန်ခဲ့တဲ့ နှစ် ၁၀၀ ကတည်းက သေသွားကြပြီပဲ။ ကဲ . . ပြောပါဗျား သက်သက်ညာညာလဲ လုပ်နော်၊ ဘယ်လောက်ထားမလဲ"



"ကျွန်တော် ပြောပြီးပါပြီ မွန်စီယာရယ်။ သူတို့တတွေ ဟာ ကျွန်တော့်သမီးတွေလို ဖြစ်နေပါပြီလို့။ သားသမီးကို ရောင်းစားရိုး ထုံးစံ မရှိဘူးလေ"

"ဒီမယ် တန်ဂီး၊ သူတို့ဟာ ခင်ဗျားရဲ့ သမီးတွေလဲ မဟုတ် ဘူး ခင်ဗျားမှာလဲ သမီးတစ်ယောက်မှ မရှိဘူး"

"မဖြစ်လို့ပါ မွန်စီယာရယ်။ ကျွန်တော် တခြား ဘာပဲ လုပ်ပေး ရ လုပ်ပေးရပါ။ ဒါပေမဲ့ . ."

သူတို့နောက်မှ ပင်ပန်းနွမ်းနယ်နေသည့် အမျိုးသမီး တစ်ဦး ၏ အသံထွက်လာသည်။

"၁၂ ဖရန့်၊ ဘောင်သွင်းပေးရမယ် ဆိုရင် ၁၄ ဖရန့်"

တန်ဂီး ချာခနဲ နောက်လှည့်ကြည့်လိုက်၏။ ဆေးဘူးတွေကို ဘတင်းစာအဟောင်းနှင့်ထုပ်ပြီး ထွက်လာသည့် တန်ဂီးကတော် စကား ဆက်သည်။

"သူပြောတာ တစ်ခုမှ ဂရုမစိုက်ပါနဲ့ မွန်စီယာ လောထရက်။ သူကဘာမှ ရောင်းချင်တဲ့လူ မဟုတ်ဘူး။ လွန်ခဲ့တဲ့ အပတ်ထဲက လူတစ် ယောက် ရောက်လာပြီး စေ့ဇန်းကား လာမေးတယ်။ သူတစ်ယောက်ပဲ ဆေးဖော်ရတာပါ။ သူက ဖရန့် တစ်သောင်းဈေးဖြတ်တယ်၊ ကျွန်မက ၂၀ ဖရန့်နဲ့ ရောင်းထုတ်ပစ်လိုက်တယ်၊ မှတ်ကရော။ ဘာလဲ၊ သည် မိန်းသီး ကလေး သုံးလုံးများ၊ ဒါလောက်ရ တော်ရောပေါ့"

တန်ဂီးက လက်ပိုက်လိုက်ပြီး

"အဲဒါသာ ကြည့်တော့ဗျာ၊ မိန်းမတွေဟာ ပန်းချီကို လုံးဝ နားမလည်ကြဘူး။ သူတို့သိတာ ပိုက်ဆံ၊ ပိုက်ဆံပဲ"

ဤသို့ဖြင့် လင်မယားနှစ်ယောက် ရန်ဖြစ်ကြသည်။ ပြီးတော့ ချက်ချင်း ပြေလည်သွားကြ၏။

"ရော့ . . ဒီဆေးဘူးတွေ မွန်စီယာဒေဂါးဆီ သွားပို့။ သူ့မီးဖို ဆောင်ထဲသွားပြီး ဇိုကို သွားငမ်းမနေနဲ့ဦး။ မသိရင်ခက်မယ်၊ ရှင် သူ့ကို ကြိုက်နေတယ် မဟုတ်လား"

တန်ဂီးက မြက်ဦးထုပ် လှမ်းယူပြီး ဟင်နရီ့ကို ရထားဆီသို့ လိုက်ပို့ရင်း

"မွန်စီယာ လောထရက်နဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံး အတွက် မိန်းမဆိုတဲ့ သတ္တဝါတွေဟာ အောက်တန်းစားတွေပဲဗျာနော်"

www.burmeseclassic.com

www.burmeseclassic.com

မိန်းမ မကြားနိုင်သည့် နေရာအရောက်တွင် စကားဆက်သေးသည်။

"ဘာမှ မခံစားတတ်တဲ့ နလပိန်းတုံးတွေပဲ"

ဟင်နရီက သူ့ကို နှုတ်ဆက်ပြီး ရထားသမားကို အမိန့်ပေးလိုက်သည်။

"နွဲဖလ်သွားမယ်ဗျို့၊ ဖြေးဖြေးမောင်းဗျာ"

ထိုင်ခုံနောက်မှီပြီး ကောင်းကင်ကို မော့ကြည့်မိသည်။ အမိုးကျဲကျဲကို ဖြတ်ပြီး ပန်းနုရောင် ပြေးနေသည့် ကောင်းကင်ပြင်ကို မြင်ရ၏။ နေဝင်ဆည်းဆာချိန် ဖြစ်လေသည်။ မြို့ထဲကလူတွေ သတိပြုမိကြမည်မဟုတ်။ တောပိုင်းမှာဆိုလျှင် လူတိုင်း ခံစားနိုင်သည့် လှသော ဆည်းဆာဖြစ်၏။

ဟိုးအရင်တုန်းက အယ်လ်ဘီရဲတိုက်ကြီးဆီမှ နေဝင်ချိန်များကို ပြေးသတိရမိ၏။ မြက်ခင်းစိမ်းစိမ်း၊ ပန်းခြံစားပွဲအောက်တွင် အိပ်ငိုက်နေသည့် ခွေး၊ ပြီးတော့ ဇာထိုးနေသည့် မေမေ၊ ပြီးတော့ မေမေ့ကို ငြိမ်ငြိမ်ထိုင်နိုင်းပြီး ပန်းချီဆွဲနေသည့် သူငယ်ကလေး။

ဩော် . . ဟိုးအဝေးကြီးမှာ ကျန်ခဲ့လေပြီပဲ။

နွဲဖလ်ကို ရောက်တော့ ပြပွဲအကြောင်း၊ ပြပွဲတင်ရမည့် ကားများအကြောင်း ပြောနေသည့် သူငယ်ချင်းများနှင့် ထုံးစံအတိုင်း ဆုံသည်။

"ငါကတော့ 'ရှေးဟောင်း ခရစ်ယာန်များ' ကားကို တင်မယ်၊ ဘာသာရေးကားမို့ ပြဿနာ မရှိနိုင်ဘူး" ဟု ရာရှူးက ပြောသည်။

ထုံးစံအတိုင်း ဘီယာကလေးထွေလာတော့ မိန်းမအကြောင်း ပါလာသည်။ သို့သော် ရှေ့လျှောက်ဘာလုပ်ကြမည်လဲဆိုသည့်အကြောင်း အရာဆီကိုပဲ နောက်ဆုံးဦးတည်ဖြစ်ကြ၏။

"ဘဝကို ပြန်စလို့ရမယ်ဆိုရင် ငါ ဆေးဆရာလိုင်း လိုက်ပါတယ်ကွာ။ လူတွေဟာ နေ့တိုင်း ဖျားနာနေကြတော့ အဲဒီအလုပ် ဘယ်တော့မှ မတိမ်ကောဘူး" ဟု ဂေါ်ဇီက နောင်တရနေသည်။

"သွားဆရာဝန်လုပ်ငန်းက ပိုကိုက်တယ်ကွ၊ ပါးစပ်တွေဟာ သူတို့ရဲ့ ရွှေတွင်းတွေပဲ"

အောင်ကက်တန်က ဆေးလိပ် မီးခိုးငွေ့တွေထဲမှ ပြောလိုက်ခြင်းဖြစ်၏။ နောက်ဆုံး ဆရာကော်မွန်ကို အစာမကြေကြကြောင်း ပွင့်



ထွက်လာကြ၏။ သည်ဆရာ သင်ပေးလိုက်သည့် ပညာမှာ အရေမရ၊ အတော်မရ ပညာမျိုး ဖြစ်ကြောင်း သူတို့ သဘောပေါက်ခဲ့ကြလေပြီ။

"အဲဒီ ဝဲစားကြီးက ပန်းချီပညာနဲ့ ထမင်းမဝဘူးဆိုတာ တို့ကို စောစောပြောခဲ့ဖို့ ကောင်းတာပေါ့ကွ။ အလကား ဗီးနပ်စ်တွေ၊ မိဒတွေ၊ နောက်အဓိပ္ပာယ်မရှိ"

ဂရန်နီယေးက မကျေမနပ် ရင်ဖွင့်သည်။

သူတို့အားလုံး အာဂိုစတီးနာဆိုင်တွင် ညစာ စားကြပြီး လေလီပွဲရုံသို့ ချီတက်ကြသည်။ ညတိုင်းလိုပင် ဟင်နရီက ဘီယာကို တစ်ခွက်ပြီးတစ်ခွက် သောက်သည်။ ထိုင်ပြီး ပုံကြမ်းတွေဆွဲသည်။ ကနေသည့် သူငယ်ချင်းတွေကို လှမ်းပြီး လက်မြှောက်ပြသည်။

မီးရောင်မှိန်မှိန်တွင် ကနေကြသည့် အတွဲတွေ၊ အတွဲတွေ။ ငယ်ငယ်ချောချော ကောင်မလေးတစ်ယောက်က ကလေကချေပုံစံ လူတစ်ယောက် ရင်ခွင်ထဲတွင် နွဲ့ကာ ပျောင်းကာ လူးကာ လွန့်ကာနှင့် ပါ လက်ပါ။

မျိုးသိပ်စိတ်တို့ ဖိတ်အန် ပြုဆင်းလာကြပြန်သည်။ သူငယ်ချင်းတွေနဲ့ တန်းတူမကနိုင်ရလောက်အောင် ဘာအမှား ကျူးလွန်ခဲ့ဖူးလို့လဲ။ ဘာဖြစ်လို့ သူများနည်းတူ မိန်းကလေးတစ်ယောက်ကို ရင်ခွင်ထဲမှာ မထားနိုင်ခြင်းလဲ။ အရှုးအမူး ချစ်ချင်ပါလျက်၊ အချစ်ခံချင်ပါလျက် ဘယ်အတွက် အပယ်ခံအချစ်ရှုံးသမားဘဝကို ရောက်နေခြင်းလဲ။ မိမိဘာပြစ်မှုကျူးလွန်ခဲ့လို့ သည်လို ပြစ်ဒဏ်ကျခံနေခြင်းလဲ၊ ဘာကြောင့်လဲ၊ ဘယ်အတွက်လဲ။

သူ့လက်ဖဝါးတွေ ချွေးစို့လာသည်။ ထောင်းခနဲဖြစ်ကာ အံကြိတ်မိလျက်သား ဖြစ်နေသည်။ ရမ္မက်ဆန္ဒနှင့်အတူ ဒေါသတွေ ရင်ထဲမှာ လှိုင်းထလာသည်။ တစ်ယောက်ကို ရမှ ဖြစ်မယ်၊ ခု ရမှ ဖြစ်မယ်။

ကပွဲပြီးအောင် မစောင့်တော့ဘဲ အပြင်ထွက်လာခဲ့ပြီး ရထားတစ်စီးပေါ် တန်းတက်လိုက်သည်။ နေရာတစ်နေရာကို သွားဖို့ လှမ်းပြောလိုက်မိ၏။ သည်နေရာ ဘာကြောင့် ခေါင်းထဲ ဝင်လာသည်မသိ။

ကဖေးဆိုင်သည် ပထမဦးဆုံး တစ်ခေါက်ရောက်ဖူးစဉ်ကအတိုင်းပင် မီးတွေ ထိန်ထိန်လင်းနေ၏။ စားပွဲထိုးများက ဟင်းပွဲတွေ သွက်သွက်လက်လက် ချပေးနေ၏။

www.burmeseclassic.com

www.burmeseclassic.com


၀

မိန်းကလေးများက လည်တဆန့်ဆန့်၊ နာရီ တကြည့်ကြည့်ဖြင့် အတွဲမျှော်နေကြ၏။ ဆိုင်ထဲဝင်ထိုင်ပြီး အရက်ချိုတစ်ခွက် မှာလိုက်သည်။ သကြားတစ်ခဲထပ်ထည့်ပြီး ရေဖြည့် မော့ချလိုက်၏။ သည်နေ့တော့ အလုပ်မဖြစ်ဖြစ်အောင် ကြိုးစားရမည်။ သည့်အတွက် ရဲဆေးတင်ချင်လိုသည်။ နောက်တစ်ခွက် ထပ်မှာလိုက်၏။

ဒုတိယတစ်ခွက်ဝင်တော့ မြူးကြွပေါ့ပါးကာ လွတ်လပ်ပေါ့ရွှင်လာ၏။ ဘယ်တုန်းကမှ သည်လောက် မတက်ကြွဖူးခဲ့။ ခြေထောက်မသန်တော့ ဘာဖြစ်လဲ၊ ဘာလို့ စားပွဲပေါ် ခုန်မတက်နိုင်ရမှာလဲ။ အိကားရပ်စ်လိုတောင် ပျံချင်ပျံတက်နိုင်လိမ့်ဦးမည်။

နောက်နားက စားပွဲတွင် ရင်ထွားထွား၊ တင်ကားကား ကောင်မလေးတစ်ယောက် လာထိုင်သည်။ ပေါင်တစ်လုံးပေါ် တစ်လုံးဆင့်လိုက်ပြီး အိတ်ထဲမှ စာတစ်စောင် ထုတ်ဖတ်သည်။ စာဖတ်ရင်း စီးကရက်သောက်နေ၏။

နောက်ဘက်သို့ အသာငဲ့ပြီး ခပ်တိုးတိုးပြောလိုက်သည်။

"ကျွန်တော်နဲ့အတူတူ တစ်ခုခု သောက်ပါလားဟင်။ ကျွန်တော် ပြုစုပါရစေလား"

မိန်းကလေးက မျက်လွှာပင့်ကြည့်သည်။

"ဒီမှာ စာဖတ်နေတာ ရှင် မတွေ့ဘူးလား၊ ကျွန်မသာ ရှင့်လို ချုပ်ရည်မျိုးဆိုရင် အိမ်ထဲက အိမ်ပြင်တောင် ထွက်မှာမဟုတ်ဘူး" ဟု ပြောပြီး စာဆက်ဖတ်နေ၏။

မိန်းကလေး၏ စကားလုံးများသည် သူ့နားထဲတွင် မိုးကြိုးပစ်သည့်နှယ် ဆူညံသွား၏။ ခတ်လိုက်ခံရသူ တစ်ယောက်လိုလည်း စူးစူးရှရှ ခံစားလိုက်ရ၏။ ချက်ချင်း သေသွားမလားဟုပင် ထင်လိုက်မိသည်။

မျက်စိကို မှိတ်ပစ်လိုက်၏။ ဒါ တကယ့်အဖြစ်လား၊ စောစောက ကြားလိုက်သည့် စကားလုံးများသည် ထိုမိန်းကလေးနှုတ်မှ တကယ်ထွက်လာခြင်းလား။ သည်လို အတန်းစား မိန်းကလေးကမှ သူ့ကို မလိုချင်လျှင် ဘယ်မိန်းကလေးက လိုချင်တော့မည်လဲ။ ပျော်ပွဲစားထွက်ဖို့ မျှော်လင့်ချက်မရှိနိုင်တော့ပြီပေါ့။ မျက်စိ ဖွင့်ကြည့်လိုက်တော့ စောစောက မိန်းကလေးစားပွဲပြောင်း ထိုင်နေသည် ကို တွေ့ရ၏။ ကြိမ်လုံးကို ဆွဲပြီး အပြင်ထွက်ခဲ့သည်။ ကြေးစား အပျော်အိမ်မှတစ်ပါး အခြားမရှိတော့ပြီ။ ရထားသမားကို လိပ်စာတစ်ခုအော်ပြောပြီး မြန်မြန်

မောင်းခိုင်းသည်။ အခန်းပြန်ရောက်တော့ အမှောင်ထဲတွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ မီးထွန်းဖို့ အဝတ်လဲဖို့ပင် အင်အားမရှိတော့။

သူ အပျော်အိမ်သို့ မရောက်ခဲ့ပါ။ တံခါးဝရောက်ပြီး ခေါင်းလောင်းကြိုးဆွဲခါနီးမှ ရှိသမျှ သတ္တိတွေ၊ အားအင်တွေ ကုန်ခန်းသွားခြင်းဖြစ်လေသည်။

အခန်းထဲမှ စန္ဒရားသံတွေ၊ ရယ်မောသံတွေ အတိုင်းသားကြားနေရ၏။ စိတ်ထဲမြင်ယောင်ကြည့်လိုက်သည်။ စီးကရက်မီးခိုးတွေနှင့် အရက်ခိုးတွေ။ ရမွှက်ခိုးတွေ ဝေနေသည့် မျက်နှာနီနီကြီးတွေ။ ပြီးတော့ ၁၀ ဖရန့်တန်၊ ၁၅ ဖရန့်တန် အပျော်မကလေးတွေ။

မဖြစ်ဘူး၊ သည်နေရာမျိုး သွားလို့မဖြစ်ဘူး၊ ဆွဲလွဲပြီး မိမိခြေထောက်ကို သရော်လှောင်ပြောင်ကြလျှင်၊ အတွေ့အကြုံမရှိသည့် မိမိ၏ အပွေ့အပိုက်ကို ဝိုင်းဟားကြလျှင် . . ။

ချာခနဲ လှည့်ပြန်လာခဲ့သည်။

အပြင်သို့ စိတ်မှတ်မဲ့စွာ ငေးနေမိ၏။ ဒေဂါး အခန်းက မီးလင်းနေသည် ဖြတ်လျှောက်သွားသည်ကို မြင်လိုက်ရ၏။ မီး မှိန်မှိန်လင်း နေသည့် အခန်းပြတင်းပေါက် များစွာကို မကြည့်ချင်ဘဲ မြင်နေရ၏။ သူတို့တတွေ ပျော်နေကြပေလိမ့်မည်။ လောကကြီးကို မေ့ချင်မေ့နေကြလိမ့်မည်။ ပျော်ကြပါစေ။

မိမိက လူစဥ်မမီသည့် ခြေထောက်ကျိုး။ ဘယ်သူ့အချစ်ကိုမှ မရခဲ့သည့် ကံနည်းလေသူ။

"ဟင်နရီ မင်းဟာ အကျိုး၊ လူစင်မမီတဲ့ကောင်၊ ပြီးတော့ မင်းရုပ်က လူတော သူတောထဲ ဝင်နိုင်တဲ့ ရုပ်မျိုး မဟုတ်ဘူး"

သူ၏ ဒုတိယအသံကို သူကိုယ်တိုင် ကျယ်လောင်စွာ ကြားလိုက်ခြင်းဖြစ်၏။

"မေမေ . . သားကို ဘာလို့ အသက်ရှင်အောင် လုပ်ခဲ့တာလဲ မေမေရယ်"

*

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

မဲလ်ရှမ်းရဲတိုက်ကြီးသည် ဩဂုတ်လ ညနေခင်းတွင် ပျင်းရိစွာ ငိုက်မျဉ်းလျက် ရှိသည်။ စပျစ်ခင်းနှင့် ယာတောတွေ ရိတ်သိမ်းပြီးချိန် ဖြစ်၍ အလုပ်သမားများသည် အရိပ်ကောင်းကောင်းရသည့် ကောက်ရိုးပုံများတွင် ဦးထုပ်ကို မျက်နှာတွင် ဖုံးပြီး နားနားနေနေ ငိုက်မျဉ်းနေကြ၏။

ရဲတိုက်ကြီးထဲမှ ကျောက်စရစ်ခင်း အဝင်လမ်း တစ်ဖက်တစ်ချက်ရှိ ပန်းခြံထဲတွင်တော့ ဒေလီယာတွေ အဆုပ်လိုက် အဆုပ်လိုက် ပွင့်နေကြ၏။ ရေကန် မျက်နှာပြင်သည် မှန်တစ်ချပ်လို ကြည်လင်နေ၏။ မုခ်ဝတံခါးကြီးများကမူ မြင့်မားလွန်းသဖြင့် သုသာန်မုခ်ဝကြီးနှင့် တူနေ၏။

ရဲတိုက်ကြီး၏ အရိပ်ကောင်းလှသော အတွင်းဘက် ကွက်လပ်ဆောင်တွင် မြို့စားကတော်ကြီး အာဒေလိတူးလုစ်လောထရက်သည် နေ့လည်စာစားပြီးလို့ ပတ်လက်ကုလားထိုင်တွင် အိပ်ပျော်နေသည့် သားဖြစ်သူ ဟင်နရီကို ငေးကြည့်နေသည်။

မျက်မှန်ကလေး နှာခေါင်းပေါ် လျှောကျပြီး လက်တစ်ဖက်တိုရင်ဘတ်ပေါ်တင်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေခြင်းဖြစ်သည်။ ဘယ်ဖက်လက်ထဲမှ စာအုပ်က သူ့နဘေးတွင် ပြုတ်ကျနေ၏။ စားပွဲငယ်ကလေးပေါ်တွင် တစ်ဝက်ကျန်နေသေးသည့် သံပုရာရည် တစ်ခွက်။

ကမ္ဘာ့အပြင်ထွက်ပြီး စွန့်စားခန်းခရီးရှည်ကြီး ထွက်ခဲ့ရာမှ အတောင်ကျိုးလေသည့် ငှက်ငယ်ပမာ သနားစဖွယ် ပြန်ရောက်လာခြင်း ဖြစ်၏။ ဩော် . . သနားစရာကောင်းလိုက်သည့် သားကလေး။ ပြပွဲတွင် အရည်အချင်းစစ် ကား မတင်ဖြစ်ခဲ့သည့်အတွက် အသည်းကွဲကာ ချည်တိုင်သို့ ပြန်ရောက်လာခြင်း ဖြစ်လေသည်။

ခုတော့ သူ့ဝေဒနာတွေ အပြင်းအထန် မဟုတ်တော့၊ ထုံထိုင်းစပြုလာပြီ။ ဆောက်တည်ရာမရ မဖြစ်တော့၊ ကျွဲပခုံးထစ ပြုလာပြီ။

မနက်ပိုင်းတွင် သူခြံထဲလျှောက်သွားနေတတ်သည်။ ရံခါတွင် ဘုရားကျောင်းသွားပြီး ဖာသာအဘေးနှင့် စစ်တုရင် ကစားသည်။ ပြီးတော့ ကောင်းကောင်းစားသည်၊ ကောင်းကောင်း အိပ်သည်၊ ညနေခင်းများတွင်တော့ သားအမိနှစ်ယောက် မဆုံးနိုင်သည့် တောလမ်းတစ်လျှောက်တွင် ရထားလျှောက်စီးကြသည်။

ငြိမ်းငွေ့ဖွယ်ကောင်းသည့် အထီးကျန်ဘဝကို ဘယ်တော့မှ စိတ်ပျက်ဟန်မပြ။ အပေါင်းအသင်း မရှိသည့် အတွက်လည်း ပျင်းရိပုံ မရှိ။ မောင်မတ်အကြောင်းကား စပ်လို့ပင် မပြောတော့။

စင်စစ် သူ့နှလုံးသားတွင် ဇရာမ ဒဏ်ရာကြီး ရလာခဲ့ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် သူ့ဘဝ သူသိသွားခြင်းဖြစ်၏။ သူ့ကိုယ်သူ ရှာဖွေတွေ့ရှိ သွားခြင်းဖြစ်၏။ စင်စစ် ဟင်နရီသည် သူ၏ အတ္တနှင့် သူ ငြိမ်းချမ်းသင့်မြတ်သွားခြင်း ဖြစ်လေသည်။

နောက်နှစ်ဆိုလျှင် သူ့စာအုပ်ပုံထဲတွင်ပြန်ပြီး နစ်မြုပ်နေလိမ့်ဦးမည်ထင်၏။ စာအုပ်တွေက သူ့ကို အကာအကွယ် ပေးသည်လေ။ ဝေဒနာတွေကို စာအုပ်များနှင့် ကုစားနိုင်သည် မဟုတ်လား။

ပက်လက် ကုလားထိုင်ပေါ်တွင် သူတစ်ချက် လှုန့်လိုက်တော့ မအေမြို့စားကတော်ကြီး မျက်လွှာချလိုက်သည်။ လက်ထိပ်အုပ်ကလေးကို ပြင်စွပ်ပြီး ပြုံးလိုက်၏။

"သား အိပ်လို့ ကောင်းရဲ့လား"

ဟင်နရီက ပြန်ပြုံးပြီး

"ယင်ကောင်တစ်ကောင်က သားကို နှိုးလိုက်တာ မေမေရဲ့။ အိပ်ရေးဝပါတယ်၊ ဘယ်နှစ်နာရီ ရှိပြီလဲ မေမေ"

www.burmeseclassic.com

www.burmeseclassic.com

တန်တီက နာရီကို ငုံ့ကြည့်ပြီး ဝင်ဖြေသည်။

"နှစ်နာရီ ဆယ့်ငါးမိနစ် တိတိ"

ခဏစောင့်ပြီး မြို့စားကတော်ကြီးက စကားစသည်။

"ဒီဆောင်းတွင်းမှာ အီတလီသွားဖို့ သား စိတ်ဝင်စားသေးသလား"

"သိပ်သွားချင်ပါတယ် မေမေ။ ဒါပေမဲ့ ခရစ္စမတ် ဒီမှာပဲနေမယ် မဟုတ်လား"

လျှပ်တစ်ပြက်အတွင်း မနှစ်က မေမေ့ညှော်ခန်းထဲမှ ခရစ္စမတ်အဖိတ်နေ့ကို ပြေးသတိရ လိုက်သည်။ မဲလ်ရွှမ်းရဲတိုက်ကြီးတွင် နွေနှောင်းဆောင်းဦးတွင် နေဖို့ မိမိ ပူဆာခဲ့သည်လေ။ ပြီးတော့ မဒမ်လူဘေးကို အိမ်ပြောင်းလျှင် ဆက်ခေါ်သွားဖို့ ကိစ္စလည်း ထိုနေ့တွင်ပင် ပြောဖြစ်ခြင်းဖြစ်၏။

ပန်းချီဆရာတစ်ယောက် ဖြစ်ရမယ်၊ ကိုယ်ပိုင် စတူဒီယိုကြီးတစ်ခုရှိရမယ်၊ အဲဒီစတူဒီယိုက မောင်မတ်လိုနေရာမှာ မဟုတ်ဘဲ လူကဲ့ထဲရပ်ကွက်မှာ ရှိရမယ်ဆိုတဲ့ အိပ်မက်မျိုးတွေဟာ တကယ့် မိမိဘဝတွင် ရှိခဲ့ဖူးလို့လား။

ဘာမှ မကြာလိုက်သော ၄ လ အတွင်း အရာတိုင်းသည် ငယ်ငယ်တုန်းက ကနေဒါသွားဖို့ စိတ်ကူးခဲ့သလို ဘာမှ အရာမထင်ခဲ့ပါကလား။

"မေမေနဲ့သားနဲ့ သွားဖို့ သဘောတူပြီးသားနော်"

"ဟုတ်ပါတယ် သားရဲ့၊ မဲလ်ရွှမ်းဟာ ဆောင်းမှာ နေသင့်တဲ့နေရာမျိုး မဟုတ်ပါဘူး။ အီတလီ သွားမယ်ဆိုရင် ရီးပီးရားကို သွားမလား"

"စန်၊ ရာမီယိုဆိုရင်ကော မေမေ။ ပြီးမှ ဖလောရင့်စ်ကို သွားကြတာပေါ့၊ အဲဒီကမှ ရောမကို ကူးမယ်လေ။ မိုက်ကယ် အိန်ဂျလိုရဲ့ ကားတွေ ကြည့်ချင်တယ်၊ သွားမယ်မဟုတ်လားဟင် မေမေ"

"သွားတာပေါ့၊ အောက်တိုဘာလလယ်လောက်ထွက်ကြမယ်လေ"

"နောက်လထဲ သွားရင်လဲ ရတာပဲ မဟုတ်လား"

မြို့စားကတော်ကြီး ပြုံးသည်။ ဒီနေရာမှာတော့ ဖအေနှင့် တူသည်။ လုပ်ချင်ပြီဆိုရင် ချက်ချင်းလုပ်ရမှ။



သံပုရာရည်လက်ကျန်ကို မော့သောက်လိုက်သည်။

"ကုန်အောင်မသောက်ရင် အင်းနက် မျက်နှာကောင်းမှာ မဟုတ်ဘူး" ဟု ပြောတော့ မေမေက "ဟုတ်တယ်၊ သားကို သူက အရမ်းချင် အရမ်းဂရုစိုက်တာ" ဟု ဆိုသည်။ မြို့စားကတော်ကြီး စကားမဆုံးခင် အင်းနက်ဝင်လာသည်။ လက်ထဲတွင် သံပုရာရည် နောက်တစ်ခွက်တင်လျက်။ ဒုတိယခွက်ကို သောက်ရင်း ဟင်နရီက ချီးမွမ်းစကားဆိုလိုက်သည်။

"အင်းနက်ဖျော်တဲ့ သံပုရာရည်လောက်ကောင်းတာ ကျွန်တော် ဘယ်မှာမှ မသောက်ဖူးဘူး"

အဘွားအိုက ပြုံးပြီး ပြန်ထွက်သွားသည်။

ဟင်နရီက ကောင်းကင်ကို မော်ကြည့်လိုက်သည်။ တိမ်ရောင်စုံတို့ လှနေချိန်ဖြစ်သည်။ ပျံလွှားကလေးများကို စောင့်ကြည့်နေသည့် နောက်က နှုတ်မှ ထွက်သွားသည့် စကားလုံးများကို ပြန်လည် ကြားယောင်နေ၏။

စိတ်ကူးထဲတွင် ဂျူလီနှင့် ပျော်ပွဲစားထွက်ဖြစ်သည့်နေ့ပေါ့။ အသိမ့်သိမ့်ရင်ခုန်သံများကို ကြားယောင်လာ၏။ ပြီးတော့ နေပြောက်ထိုးနေသည့် သူ့မျက်နှာလှလှကလေး။

ချက်ချင်းသတိဝင်လာ၏။ တော်ပြီ၊ တော်လောက်ပြီ။ ခြေထောက်ကျိုးနေသူများ ပျော်ပွဲစား မထွက်ကြရဘူးလေ။ အချစ်မရှိဘဲနေနိုင်သူတွေ လောကကြီးတွင် အပုံအပင်ပါ။ မိန်းမတွေကို မေ့ထားရမည်။ ဒီလောက်ခံခဲ့ရပြီးမှ အမှတ်မရှိလျှင် သူ့လောက် မိုက်မဲသူ ရှိတော့မည်မဟုတ်။ အပြင်းပြဆုံး ဆန္ဒဖြင့် ဖြစ်ချင်ခဲ့သည့် ပန်းချီဆရာဘဝကို စွန့်လွှတ်ခဲ့ရသည်။ ပြပွဲကို ကား မတင်ဖြစ်ခဲ့။

ထိုနေ့မနက်က ပန်းချီကျောင်းတွင် မည်သည့် အမှောင့်ယောဂမျိုး ဖိစီးခြင်းလဲ။ အကြိမ်ပေါင်း ထောင်သောင်းမက ကိုယ့်ကိုယ်ကိုယ် ပြန်မေးခဲ့သည့် မေးခွန်း။ တစ်ခါမှ အဖြေမရခဲ့။ ဆရာကော်မွန်ကို ပုန်ကန်ခြားနားဖို့ ဘယ်လို၊ ဘယ်လို သတ္တိတွေ ဝင်လာခဲ့ခြင်းလဲ။

တစ်ခုပဲ စဉ်းစားလို့ရသည်။ သိမ်းဆည်းထုပ်ပိုးထားခဲ့ရသည့် ချိုသိပ်စိတ်တို့ ခံနိုင်ရည် ကုန်ဆုံးသည့်အမှတ်သို့ ရောက်သည့်အခါ ပေါက်ကွဲခြင်းပဲ ဖြစ်လိမ့်မည်။ သည်လိုအခါတွင် ကိုယ့်ကိုယ်ကိုယ် ထိန်း

www.burmeseclassic.com

www.burmeseclassic.com



သိမ်းနိုင်စွမ်းတို့လည်း တဒင်္ဂပျက်သုဉ်းသွားခြင်းဖြစ်နိုင်သည်။ စင်စစ် ခဏငယ်မျှ ရှုံးသွပ်ခြင်းပင်။

ပြီးခဲ့သည့် ညက တစ်ရေးမျှ အိပ်လို့မရခဲ့။ အပေါ်စား မိန်းကလေးတစ်ယောက်၏အသံက နားထဲမှ မထွက်။ "ရှင့်လို ရုပ်ရည်မျိုးနဲ့ဆိုရင် ကျွန်မ အိမ်ထဲက အိမ်ပြင်တောင် ထွက်မှာ မဟုတ်ဘူး" တဲ့။

မိုးစင်စင်လင်းသွားသည်။ ဖျားချင်သလိုလိုဖြစ်နေ၏။ သည်ကြားထဲမှ ကျောင်းကို ဘာကြောင့် သွားမိခြင်းလဲ။ ဒါကိုလည်း အဖြေရှာမရ။ မနက်အထိ အရက်ရှိန်က မပြယ်။ ပါးစပ်တွေ ခါးသက်နေ၏။ မျက်လုံးတွေ ပူနေ၏။ ခေါင်းတွေ အုံခဲနေ၏။ သွေးကြောတွေ ပြတ်ထွက်ကုန်ပြီလား။

ဆရာကော်မွန်က ထုံးစံအတိုင်း သူ့ကားခုံနားတွင်ရပ်ပြီး ပြောနေကျအတိုင်းပြောသည်။ "အေး . . ကောင်းတယ် လောထရက်၊ မင်းကြိုးစားတာကတော့ မြင်သာပါတယ်ကွာ။ မင်းမှာ ပါရမီ မပါပေမယ့် အသေးစိတ်မှုန်းချက်တွေ သိပ်မကောင်းပေမယ့် မဆိုးပါဘူး၊ လူတိုင်းတော့လဲ ဘယ်ပါရမီရှင်ဖြစ်နိုင်မလဲကွာ"

ကြားနေကျ ဆရာ၏ မှတ်ချက်ဖြစ်၏။ နေ့တိုင်း နေ့တိုင်း သူ ပြောနေကျ၊ ဘာမှ နာစရာမရှိ။ ဒါတိုင်းဆိုလျှင် ခွေးခြေပေါ်တွင် ထိုင်ကာ ဆရာ့စကား မြေဝယ်မကျ နားထောင်သည့် ကျောင်းသားကလေးတစ်ယောက်အတိုင်း ရေးလက်စ ကားထဲတွင် အာရုံစိုက်နိုင်မြဲ။ ရေးဆွဲမြဲ။

သို့သော် သည်မနက်တွင်တော့ သူ့တစ်ကိုယ်လုံး မီးလျှံထဲ ရောက်သွားသလို ဒေါသအမျက် ချောင်းချောင်းထွက်လေတော့သည်။ ဆရာ့ဘက်ကို ချာခနဲ လှည့်လိုက်သည်။ ပြီးတော့ စက်သေနတ်ပစ်သလို ကြက်ခေါင်းဆိတ်မခံ တုံ့ပြန်ချေပတော့၏။

အသေးစိတ်မှုန်းတယ်ဆိုတာ ဘာလဲ၊ ဆရာ ရေးခိုင်းလို့ ရေးရတဲ့ မိန်းမတို့၏ ခန္ဓာကိုယ် အလှအပ ဆိုတာဘာလဲ၊ ငါးမိနစ်လုံးလုံး ပြောလိုက် ရပ်လိုက်နှင့် မြိန်လိုက်သည့် ဖြစ်ခြင်း။ သြော . . သိတာပေါ့ သိပ်သိတာပေါ့။ ဖြစ်ချင်လွန်းသည့် ပန်းချီဆရာဘဝကို ဖုတ်ကျည်း သင်္ဂြိုဟ်လိုက်ရပြီဆိုတာ နားလည်သည်ပေါ့။

သို့သော် သူ့ကိုယ်သူ တားမရတော့။ ဘာမှလည်း ဂရုမစိုက်တော့၊ ခံနိုင်မည်မှန်သမျှ ကျဆုံးသွားသည့်အတွက် ထိန်းမနိုင် သိမ်းမရ



ပေါက်ကွဲခြင်းမဟုတ်လား။

သည်တော့ ဘာဂရုစိုက်စရာ လိုတော့မည်လဲ။

*

က်လက်ကုလားထိုင်ပေါ်တွင် တစ်စောင်းလှည့်လိုက်သည်။ ငွေလင်ပန်းကလေးကိုင်ပြီး ဝင်လာသည့် ဂျိုးဇက်ကို တွေ့ရ၏။ မေမေ့ဘက် ကြည့်ပြီး ဂျိုးဇက်အစီရင်ခံသည်။

"ရထားဝင်လာပါပြီခင်ဗျာ"

"အို . . ကြည့်စမ်း၊ မေမေ မေ့နေလိုက်တာ၊ အိန်းဂျဲလစ် ရောက်လာပြီ သားရဲ့"

အိန်းဂျဲလစ်တဲ့၊ အိန်းဂျဲလစ်ဆိုတာ ဘယ်သူပါလိမ့်။ ရောက်လာတဲ့ အချိန်ကလဲ နေ့လည်အိပ်ချိန်။ ပြီးတော့ ဧည့်သည်ကိုတွေ့ဖို့ အသင့်မဖြစ်။ ကွင်းစွပ်ဖိနပ်နှင့်၊ လည်စီးလည်း မပါ။

မေမေ့နောက်ကို စိတ်မသက်မသာဖြင့် ထလိုက်သွားရသည်။ သြော် . . သတိရပြီ၊ မေမေ့ ကျောင်းနေဘက် သူငယ်ချင်း အိန်းဂျဲလစ်၊ မေမေ့ အချစ်ဆုံးသူငယ်ချင်းတဲ့။ ရေတပ်အရာရှိတစ်ဦးနှင့် လက်ထပ်ပြီး ခွဲခွာသွားသူ မြို့စားနွယ်ဖွားတစ်ဦး။

ဆင်ဝင်အောက်တွင် ဈေးဟောင်းပုံစံ မြင်းရထားကြီးတစ်စီး ထိုးရပ်လာသည်။ အစေတော် တစ်ဦး ခုန်ဆင်းလာပြီး အဆင်းလှေကားချပေးသည်။ သက်လတ်ပိုင်းအရွယ်၊ ခပ်ဝဝအမျိုးသမီးတစ်ယောက် ဆင်းလာသည်။ မျက်နှာတွင် သောကဇောပါးပုဝါ လွှမ်းပြီး အနက်ရောင် ဝတ်စုံ ဝတ်ထား၏။

"အာဒေလီ" ဟု အော်ပြီး မေမေ့ရင်ခွင်ထဲသို့ ပြေးဝင်လာသည်။

"အိန်းဂျဲလစ်"

အမျိုးသမီးနှစ်ယောက်၊ တစ်ယောက်ကို တစ်ယောက် တအား ပွေ့ဖက်ကြသည်။ နောက် ဧည့်သည်တစ်ယောက်ကို ဟင်နရီတော် တော်နှင့် သတိမထားမိ။ ဆင်းလာသူကလေးက ၁၇ နှစ် ၁၈ အရွယ် အပျိုမကလေး။ မိန်းကလေးကလည်း အနက်ရောင်ဝတ်စုံနှင့်ပင်။

ဟင်နရီ အသက်ရှူမှားသွားသည်။

ဂျူလီ၊ ဂျူလီများလား။ ဂျူလီ မဟုတ်ပါ။ မိန်းကလေးက ဆံပင်

www.burmeseclassic.com

www.burmeseclassic.com

အညိုရောင်၊ ဂျူလို့ဆံပင်က ရွှေရောင်။ အို . . ဘာမှမဆိုင်ပါကလား။ ဂျူလီက မောင်မတ်ပုံစံ မိန်းကလေး။ သည်ကလေးမက ဣန္ဒြေရှင်မကလေးပဲ။

အားရအောင်ငိုပြီးမှ အမျိုးသမီးက မိတ်ဆက်ပေးသည်။

"ဒါ ကိုယ့်သမီး ဒင်းနစ်လေ အာဒေလီ၊ နိုင်ငံခြားမှာ မွေးတာလေ"

မေမေက မိန်းကလေး၏ နဖူးကိုနမ်းပြီး နှုတ်ဆက်သည်။ မိန်းကလေးက ယဉ်ကျေးသိမ်မွေ့စွာ ဒူးတစ်ဘက်ညွှတ်ပြီး ဂါရဝပြုသည်။

နောက် တစ်နာရီလုံးလုံး ဧည့်သည်အမျိုးသမီးသည် ယောကျ်ား ကွယ်လွန်ပုံ၊ သားအမိနှစ်ယောက်လောကအလယ်တွင် ကျန်ခဲ့ပုံများကို သနားစဖွယ် ရင်ဖွင့်လေသည်။ အိန်ဂျလစ်မှာ စကားပြောကောင်းသူဖြစ်၏။

"သမီးကလေးက မွန်စီယာတူလုစ်လောဆရက်ကို စန္ဒရား တီးပြပါလားကွယ်"

ဟင်နရီ့ဘက်လှည့်ပြီး

"သမီးက စန္ဒရားအတီး သိပ်ကောင်းတာကွဲ့" ဟု ပြောလိုက်သေးသည်။

မှန်ပါသည်။ ဒင်းနစ်၏ စန္ဒရားလက်သံမှာ နူညက် သေသပ်လှပေသည်။ ဧည့်ခန်း ဆိုဖာပေါ်တွင် ကြိမ်လုံးကို ထောက်ပြီး ထိုင်ရင်း ပြတင်းပေါက်မှ ဝင်လာသော အလင်းရောင်ကို ကျောပေးကာ ကျက်သရေရှိစွာ စန္ဒရားကို စိတ်ပါလက်ပါ တီးနေသော မိန်းကလေးအား ဟင်နရီ ငေးကြည့်နေသည်။ မေမေ ငယ်ငယ်တုန်းကလည်း သည်ပုံအတိုင်း ရှိလိမ့်မည်ဟု တွေးကြည့်နေ၏။

တေးတစ်ပုဒ်ဆုံးတော့ ပြုံးပြုံးကလေး မေးသည်။

"ဆက်တီးရမလား၊ တော်ပြီလား"

ပြီးမှ တစ်ခုခုကို သတိရလိုက်ဟန်ဖြင့်

"နေဦး၊ ကျွန်မ အကြိုက်ဆုံး တီးပြမယ်။ ဆီဇာဖရင့်ရဲ့ နာမည်ကျော် သီချင်းလေ။ ဖေဖေ သိပ်ကြိုက်တဲ့ သီချင်းပေါ့။ ဖေဖေ့ကို ခဏခဏ တီးပြရတယ်"

နားထောင်လို့ မဝနိုင်အောင် ငြိမ့်ညောင်းလှပါသည်။ သီချင်းဆုံးသည်နှင့် တစ်ဘက်လှည့်ပြီး





"ရှင် သဘောကျနေတယ် မဟုတ်လား၊ ဝမ်းသာပါတယ်ရှင်"

ပြီးတော့ ဟင်နရီ၏ နဘေးမှ ဆိုဖာတွင် လာထိုင်သည်။ ဒင်းနစ်ကလည်း သူ့အမေလိုပင် စကားပြောကောင်းသူဖြစ်သည်။ သူတို့ သားအမိ ပူဆွေးသောက ရောက်နေချိန်တွင် မြို့စားကတော်ကြီးသည်အရပ်တွင် ရောက်နေကြောင်း ဘုန်းတော်ကြီးထံမှ ကြားသည့်အခါ သူ့အမေ မည်ရွေမည်မျှ ဝမ်းသာသွားကြောင်းများကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြသည်။

"ဒါပေမဲ့ ကျွန်မတို့ရောက်လာလို့ ရှင့်စိတ်အနှောင့်အယှက် ဖြစ်သွားတယ်မဟုတ်လား။ အတွင်းဘက် ကွက်လပ်ဆောင်ထဲကို ဆင်ဝင်အောက်က လှမ်းမြင်ရတယ်လေ"

"ဟာ . . မဟုတ်ရပါဘူးဗျာ"

ဒင်းနစ်က ရယ်ပြီး သူ့ကို စသည်။

"ရှင် မညာတတ်ပါဘူး၊ ရှင် ညာပြောနေမှန်း သိပ်သိသာတာပဲ၊ ကျွန်မကမှ ညာတတ်တာ၊ ယိုအပ်ရင်ပေါ့လေ"

"အင်းပေါ့လေ၊ ညာပြောတဲ့ အလုပ်မျိုးမှာ မိန်းကလေးတွေ ပိုကျွမ်းမှာပေါ့"

သူက ရယ်ပြီး ပြန်ပြောလိုက်သည်။ ဤသို့ဖြင့် ထွေရာလေးပါး ပြောရင်း သူတို့ ချက်ချင်း ရင်းနှီးသွားကြ၏။ အိမ်နာမည်များကို ခေါ်ယ်စီခေါ်ပြီး တောအကြောင်း၊ တောင်အကြောင်းများ ဆက်ပြောဖြစ်ကြ၏။

"တောပိုင်းကို ရောက်ပြီးပြီလား၊ ရှုခင်းတွေ သိပ်လှတာပဲ" ဟု ဟင်နရီက မေးသည်။

"ဘယ်မှ မရောက်သေးပါဘူး ဟင်နရီရယ်၊ ဒီရောက်တာလဲ မကြာသေးဘူးလေ။ လိုက်ပို့ပါလားဟင်၊ ဒီဝတ်ရုံကြီးနဲ့ လျှောက်သွားလို့ သင့်ပါ့မလား။ တစ်မျိုးတော့လဲ ကောင်းတာပေါ့လေ၊ အမေတွေကလည်း ဒွေးဖြစ်နောက်ကြောင်းတွေ ပြောလို့ တော်တော်နဲ့ ကုန်မှာမဟုတ်ဘူး။ သူတို့နှစ်ယောက်က သိပ်ချစ်တဲ့ သူငယ်ချင်းတွေဆိုတော့ ဒင်းနစ်နဲ့ ဟင်နရီလဲ မောင်နှမတွေလိုပဲပေါ့နော်"

*

ဤသို့ဖြင့် ဒင်းနစ်တို့သားအမိသည် မဲလ်ရှမ်းရဲတိုက်ကြီးသို့ နေ့စဉ်နေ့ခင်းတိုင်း ရောက်လာတတ်သည်။ အမေနှစ်ယောက်က အတွင်း

www.burmeseclassic.com

www.burmeseclassic.com



ကွက်လပ်ဆောင် မြက်ခင်းပြင်တွင် စကားတွေ ပြောလို့မကုန်သေး လူငယ်နှစ်ယောက်က အပြင်ထွက်ပြီး တောပိုင်းသို့ ရထားလျှောက်စီး ကြ၏။

ဒင်းနစ်ရောက်လာသည့်အတွက် ဟင်နရီ၏ အထီးကျန်ဘဝ သည် တစ်မျိုးတစ်ဖုံ သက်သာရာရသလိုဖြစ်လာသည်။ မိန်းကလေး တစ်ယောက်နှင့် အပေါင်းအသင်းမဖြစ်ဖူးခဲ့သည့် ဟင်နရီသည် ရှင်းသန့် သိမ်မွေ့သည့် စိတ်၏ငြိမ်းချမ်းမှုမျိုးဖြင့် အေးမြလျက်ရှိသည်။ မဝေးသေး သောအတိတ်မှ တစ်စစီပျက်စီးခဲ့သည့် ဘဝကို မေ့မေ့လျော့လျော့ ထား နိုင်လာသည်။ ငြိုးငွေ့ဖွယ်ရာအတိ ပစ္စုပ္ပန်သည်လည်း နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ဖြစ်လာ၏။ ထို့ထက်ပိုဆိုးသည်မှာ စိတ်ထဲတွင် ကိုယ့်ကိုယ် ကိုယ် လူရာဝင်သလိုထင်လာခြင်းဖြစ်၏။

သို့သော် သည်မိန်းကလေး၏ အချစ်ကိုတော့ မျှော်လင့် မထားမိ။ သည်ရွေ့သည်မျှနှင့်ပင် ကျေနပ်နေဖို့ သတိရှိရမည်။

ကိုယ့်ကိုယ်ကိုယ် ပိုဂရုစိုက်တတ်လာ၏။ မုတ်ဆိတ်ကို သေသေ သပ်သပ်ဖြစ်အောင် အချိန်ယူပြီး ညှပ်သည်။ သူနှင့်ထွက်လျှင် အကောင်း ဆုံး အဝတ်တွေ ထုတ်ဝတ်သည်။ ၂၀ နှစ်ပြည့်သည့်မွေးနေ့တွင် မေမေ ဝယ်ပေးသည့် လက်စွပ်ကလေးကို ထုတ်ဝတ်၏။ သို့သော် မည်သည့် မျှော်လင့်ချက်မျိုးနှင့်မျှ မဟုတ်။ ဒင်းနစ်က ဝတ်ကောင်းစားလှများကို သဘောကျတတ်သဖြင့် အလိုက်အထိုက် ဧည့်ဝတ်ပြုသည့် သဘော သာဖြစ်သည်။

ဂျုံးဇက်နှင့်တိုင်ပင်ပြီး နေ့စဉ်သွားမည့် ရှုခင်းသာခရီးများကို စီစဉ်သည်။ ဘုန်းတော်ကြီးဆိုးလက်ထံမှ နယ်မြေသမိုင်းစာအုပ်ငှားပြီး ရှေးဟောင်းအဆောက်အအုံများ၏ သမိုင်းဖြစ်စဉ်များကို ဒင်းနစ်အား ရှင်းပြသည်။

အစဉ်အလာကြီးမားခဲ့သည့် တူလုစ်လောထရက် မျိုးဆက် အကြောင်းတွေ ကြားရတော့ ဒင်းနစ်က မျက်လုံးကလေး တစ်လက်လက် တောက်ကာ မိမိ၏ ဘိုးဘွားများ အကြောင်းကိုလည်း ကြားဖူးနားဝဖြင့် ပြန်လည်ပြောပြလေသည်။

သူတို့နှစ်ဦးစလုံး၏ ဘိုးဘေးဘီဘင်များသည် သာသနာပြု စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည့် နာမည်ကျော် မြို့စား နယ်စားကြီးများ ဖြစ်လေသည်။



သည်မိန်းကလေးသည် မိမိတွေ့ဖူးခဲ့သည့် မောင်မတ်သူများ မဟုတ်ဘဲ မိမိနှင့် တန်းတူရည်တူ အနွယ်တော်တစ်ပါး ဖြစ်၍ ပို၍ ရင်းနှီးကာ ဪ . . ငါ့ညီမလေးပဲ ဖြစ်လိုက်ပါတော့ ဟု ဟင်နရီ ထဲတွင် တောင့်တစိတ်များ ဖြစ်ပေါ်လျက်ရှိသည်။

အောက်တိုဘာလထဲတွင် မိုးတွေ ရွာလာသဖြင့် အပြင်မထွက် ဘဲ ဟင်နရီ စုတ်တံ ပြန်ကိုင်သည်။ ဒင်းနစ်၏ ပုံတူတွေရေးသည်။

"ခေါင်းကလေးနည်းနည်းငဲ့လိုက်၊ သိပ်များသွားပြီ ဒင်းနစ်၊ အေး . . ဟုတ်ပြီ။ ပခုံးကလေးတွေ နည်းနည်းလျှော့ချလိုက်၊ ဟုတ်ပြ။ ကဲ . . ငြိမ်ငြိမ် ကလေး ဆက်ထိုင်နော်"

အပေါ်ထပ် စတူဒီယိုထဲမှ နေ့စဉ် မြင်နေကျ မြင်ကွင်းဖြစ်ပါ ဒင်းနစ်ပင်ပန်းလာလျှင် ၁၅ မိနစ် အနားပေးပြီး လက်ဖက်ရည် ကြသည်။ တစ်နေ့တွင် ဒင်းနစ်က လက်ဖက်ရည်ခွက်ကို ရှုတ် ချပြီး ပြောသည်။

"ဟင်နရီ . . ဒင်းနစ်တော့ ဟင်နရီကို ဘယ်လို ကျေးဇူးတင် တောင်မသိတော့ဘူး။ ဟင်နရီနဲ့သာ မဆုံရင် ဒင်းနစ်ဘဝ ဘယ်လို လဲမသိဘူး။ ဒီလိုနေရာမှာ ပျင်းတာနဲ့ သေမလားပဲ။ ဒင်းနစ်တွေ့ဖူး ထဲမှာ ဟင်နရီဟာ ချစ်ဖို့အကောင်းဆုံးပဲ"

မိန်းကလေးကို ဟင်နရီ ခဏငေးကြည့်နေသည်။ သူ့မျက်လုံး နူးညံ့စွာဖြင့် လေးနက်နေ၏။

"ကိုယ် ဘာမှ မလုပ်ပေးရသေးပါလား ဒင်းနစ်ရယ်၊ ကိုယ်လဲ လုအောင် ပျင်းနေတာ၊ မင်းရောက်လာလို့ မသေတာ။ မင်းလဲ ကိုယ် သမျှထဲမှာ ချစ်ဖို့အကောင်းဆုံး မိန်းကလေးပါ ဒင်းနစ်"

ကြိမ်လုံးကို ကောက်ကိုင်ကာ ဒင်းနစ်၏ လက်ကလေးကို ပုတ်

"ကဲ . . ညီမလေး၊ တို့လေပစ်နေလို့ ပန်းချီကားပြီးမှာ မဟုတ် သောက်ပြီးရင် အလုပ်ဆက်လုပ်ကြရအောင်"

"ကောင်းပါပြီ အစ်ကိုရယ်"

ဤသို့ဖြင့် သူတို့နှစ်ယောက်၏ ရင်းနှီးမှုသည် ပို၍ ပို၍ ချစ် လေးနက်လာခဲ့သည်။ ဒင်းနစ်က မအေ့ထက် ပိုချစ်သော သူ နှင်းဝါဖျားရောဂါဖြင့် အင်ဒိုနီးရှားတွင် ဆုံးသွားပုံအကြောင်း၊ ပြင် လိုနီနိုင်ငံများတွင် သီလရှင်ဘဝမျိုးဖြင့် နေခဲ့ရသည့် ကျောင်း

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းများအကြောင်းလည်း ပြောပြ၏။ တပဲတီတွင်နေခဲ့ရသည့် ငယ်
ဘဝအကြောင်းများလည်း ပါသည်။

ဟင်နရီကလည်း သွေးညီအစ်ကိုမောရစ်အကြောင်း၊ မောင်မင်
ပန်းချီကျောင်းသားဘဝအကြောင်းနှင့် သူငယ်ချင်းများအကြောင်း၊ မအ
လူဘေးအကြောင်းပါမကျန် ပြောပြသည်။

"မောင်မတ်ကို အစ်ကို မအောက်မေ့ဘူးလားဟင်"

တစ်နေ့တွင် ဒင်းနစ်က မေးသည်။

"ပြန်ရောက်စကတော့ အရမ်းလွမ်းတာပေါ့ကွာ။ နောက်တော့
နေသားကျသွားတာပါပဲ"

စင်စစ် ဟင်နရီသည် ဘဝအမြင်များပါ ပြောင်းလဲလာခဲ့ခြင်း
ဖြစ်လေသည်။ ကြံသမျှဆန္ဒတို့ မပြည့်ဝလေသောအခါ ကိုယ့်ကိုယ်ကိုယ်
သတိမထားမိဘဲ ပြောင်းလဲလာခြင်းမျိုး။

ပိုင်စားမြေတွေပေါ်တွင် ဘိုးဘိုးစီလေရန်လို အေးအေးချမ်း
ချမ်းနေတော့မည်။ စပျစ်စိုက်ခင်းတွေဆီ သွားလည်မည်။ ဝိုင်စက်ရုံ
ကြီးကြပ်မည်။ အလုပ်သမားများနှင့် တရင်းတနှီးနေမည်။ ဝိုင်အတူ
သောက်မည်။ ရိတ်သိမ်းချိန်များ၊ စပျစ်ခူးချိန်များတွင် သူတို့နှင့်အတူ
သွားနေမည်။ အိမ်ထောင်ပြုပြီး သားသမီးတွေ ပွားစည်းမည်။ သ
အတိုင်း အသက်ကြီးပစေပေါ့။ အဲဒီဘဝတွင် ခါးသီးနာကျည်းမှုတွေမ
နိုင်၊ နောင်တရစရာအမှားတွေ မရှိနိုင်။ နွေးထွေးသည့် ဘဝကြင်ဖော်
နှင့် ကလေးတို့၏ ရယ်သံများ ပျံ့လွင့်နေလိမ့်မည်။

စိတ်ကူးထဲမှ ဇနီးသည်၏ ရုပ်ပုံလွှာသည် ရဲဖန်ရံခါ ဒင်းနစ်
ဖြစ်နေသည်။ ပျင်းစရာကောင်းသောနွေရာသီတွင် ဘွားခနဲ ပေါ်လာပြီး မိမိ၏ အထီး
ကျန်ဘဝကို ကုစားပေးခဲ့သည့် မိန်းကလေးမှသည် တူလုစ်မြို့စား
ကတော်လောင်းအဖြစ် ဘဝကြင်ဖော်အဖြစ် စိတ်ကူးမိချိန်မှစ၍ ရှိ
နေဆဲ စိတ်၏ငြိမ်းချမ်းပျော်ရွှင်မှုကလေး ထွက်ပြေးပျောက်ကွယ်သွားလေ
တော့သည်။

ဒင်းနစ်ကလေးလည်း သူ့ကို သဘောကျနေသည်ဟု ဟင်နရီ
ယုံ၏။ သို့သော် ချစ်သူအဖြစ် မျှော်လင့်မရဲဖြစ်နေသည်။ ဇနီးသည် ဖြစ်
ဖို့ကား ပို၍ ကွာလှမ်းနေပြီပေါ့။ မိမိက အရုပ်ဆိုး၊ အကျည်းတန်၊ ဒုက္ခိတ။
ပါရီကဖေးထဲမှ ငကောင်မလေးပြောလိုက်သည့်စကားသံများ နားထဲတွင်
ပဲ့တင်လာပြန်၏။

ကြဲဖန်အားတင်းလိုက်သည်။ အချို့မိန်းကလေးများ ခြေပြတ်
လက်ပြတ် ဒုက္ခိတများကို လက်ထပ်ကြသည့် သာဓကများ ရှိသည်ပဲ။
စစ်ပွဲပြီးတိုင်း အကျိုးအကန်း၊ ခြေပြတ်လက်ပြတ်များကို မိန်းက
လေးများ လက်ထပ်ကြသည် မဟုတ်လား။ ဒင်းနစ်ဆိုသော မိန်းကလေး
သည်လောက် သတ္တိကောင်းပါ့မည်လား။

မဲလ်ရွမ်းကို သူလာနေခြင်းက မိမိကို သံယောဇဉ်ဖြစ်နေလို့
လား၊ ဒါမှမဟုတ် မအေကို အဖော်လုပ်ခြင်း သက်သက်လား။

ဒင်းနစ်ကို အသေးစိတ်လေ့လာသည်။ အကဲခတ်သည်။ ဆာ
င်မွတ်သိပ်နေသည့် နှလုံးသားက အကောင်းဘက်မှ မြင်နေ၏။
ချင်းလည်း ရင်းနှီးပြီးသား၊ အလွှာချင်းလည်း အတူတူ၊ ပျော်စရာ
ထောင်တစ်ခု ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။

တစ်နေ့မနက်။ နံနက်စာ စားနေရင်း အဘိုးကြီးဂျိုးဇက်ကို
နှိုန်းထုတ်ကြည့်သည်။

"ဂျိုးဇက်၊ ခင်ဗျားလဲ ကြီးပြီနော်၊ ဘာလို့ ခုထိ မိန်းမမယူတာ
လဲ။ လူဟာ တစ်ယောက်တည်းနေဖို့ ဘုရားသခင်က ဖန်ဆင်းထားတာ
ဘူး"

"ဟုတ်ကဲ့၊ မွန်စီယာဟင်နရီ"

"တစ်ခါမှ ချစ်သူမရှိခဲ့ဖူးဘူးလား"

"ရှိခဲ့ဖူးပါတယ် မွန်စီယာဟင်နရီ"

"ဒါဆို ဘာလို့ လက်မထပ်သလဲ"

"ကျွန်တော် သူ့ကို တစ်ခါမှ ဖွင့်မပြောခဲ့ဘူး"

"ဟာ . . မပြောဘဲ ဟိုက ဘယ်လိုလုပ်သိမလဲ။ မိန်းမတွေက
ရှိတဲ့လူ၊ ရဲရင့်တဲ့လူမှ ကြိုက်တာဗျ"

"ဟုတ်ကဲ့ မွန်စီယာဟင်နရီ၊ ရေချိုးတော့မလား ခင်ဗျ"

ဟင်နရီအတွက် အဓိကအကျဆုံးဆန္ဒမှာ မေမေ ပျော်ရွှင်မှု
ဖြစ်ပါသည်။ ခုတလော မေမေ ပြောင်းလဲနေသည်ထင်၏။ ပထမ
တွင် ဒင်းနစ်လာတိုင်း လိုလိုချင်ချင်ရှိသည်။ အပြင်ထွက်လည်ကြဖို့
တိုက်တွန်းသည်။

နောက်ပိုင်းတွင် မေမေ တစ်မျိုးဖြစ်လာသည်။ ထမင်းဝိုင်းတွင်
နှလုံး သူ့ကို အကဲခတ်သည့် မျက်လုံးများဖြင့် စောင့်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com

တတ်သည်။ ဆောင်းအမိ အီတလီ သွားဖို့ကိစ္စကို မကြာမကြာ သတိရ
သည်။ မိခင်လုပ်သူ၏ စိတ်ထဲတွင် တစ်ခုခု ကြိုသိနေပြီ။

နိမိတ်ဆိုးတစ်မျိုးမျိုး ကျရောက်တော့မည် ထင်နေ၏။ ကလေး
ကို သူသဘောကျနေပြီ။ မကြာခင် သူလက်ထပ်ခွင့် တောင်းတော့မည်
ထင်၏။ တောင်းလျှင် . . .။

တစ်နေ့ညတွင် ဧည့်ခန်း မီးလင်းဖိုနားတွင် ထိုင်ရင်း စကား
ဖြစ်သည်။

"မေမေ ပြောရမှာ စိတ်တော့မကောင်းဘူး သား။ မေမေ ထုပ်
ပိုးပြီးပြီ၊ သန်ဘက်ခါ မေမေတို့ ခရီးထွက်မယ်"

မအေလုပ်သူကို ဟင်နရီ စိုက်ကြည့်နေသည်။ ဘာပြန်ပြော
ရမှန်း မသိဘဲ ကြက်သေ သေနေ၏။ မေမေ ဘယ်တုန်းကမှ သူ့ကို
မတိုင်ပင်ဘဲ အလောတကြီး လုပ်လေ့မရှိခဲ့ပါ။

"ဒင်းနစ်ပုံ မပြီးသေးဘူးလေ မေမေ"

မေမေ့မျက်နှာက ထူးထူးခြားခြား တည်ငြိမ်နေ၏။ တစ်ခါမှ
မကြားဖူးသည့် လေသံမျိုး မေမေ့နှုတ်မှ ထွက်လာသည်။

"သားပြီးမယ်လို့ ပြောထားတဲ့ ရက်ထက် အများကြီး လွန်လာ
ပြီလေ။ အောက်တိုဘာလလယ် သွားဖို့ဟာ ခု နိုဝင်ဘာ ၂၀ ရက် ရောက်
လာပြီ။ မေမေ နောက်ထပ် အချိန် မပေးနိုင်တော့ဘူး"

"ဘာထူးမှာမို့လဲ မေမေရယ်။ တစ်ပတ်နောက်ဆုတ်ဆုတ်၊
တစ်လနောက်ဆုတ်ဆုတ်၊ သားတို့ ဘယ်သူနဲ့မှ ချိန်းထားတာလဲ မဟုတ်
ဘဲနဲ့"

မေမေ့ မျက်နှာ ညှိုးကျသွားသည်။ ခါတိုင်းလိုပင် သားအလို
လိုက်မည့် မေမေပါ။ သည်လို ကျပြန်တော့ စိတ်မကောင်း ဖြစ်သွားပြန်
သည်။

"ဆောရီးနော် မေမေ။ ဟုတ်သားပဲ၊ ရက်တွေ လွန်လာခဲ့ပြီပဲ။
သွားကြတာပေါ့နော်၊ ဒါပေမဲ့ သားမွေးနေ့ပြီးမှ သွားရင် မကောင်း
ဘူးလားဟင်၊ လေးရက်ပဲ လိုတော့တာ မဟုတ်လား၊ မရောက်ဖူးတဲ့ နေရာ
မှာထက် ဒီမှာပဲ မွေးနေ့လုပ်ရင် မကောင်းဘူးလား မေမေရယ်"

ဝေခွဲမရသည့် မျက်လုံးများဖြင့် သားဖြစ်သူကို ငေးကြည့်နေ
ရာမှ

"ကြည့်သေးတာပေါ့ သားရယ်" ဟု ဆိုလာသည်။



"လေးရက်ထဲ လိုတော့တာပဲ မေမေရယ်၊ နော်"

ကိုယ့်ကိုယ်ကိုယ် သတိမထားမိဘဲ ကလေးတစ်ယောက် ပူဆာ
သည့် လေသံပါသွားသည်။

"ကောင်းပြီလေ၊ ဒါဖြင့်လဲ သားမွေးနေ့ပြီးမှ သွားကြတာပေါ့"

*

နေ့ညစာစားပွဲတွင် ဟင်နရီ အနေရကြပ်နေ၏။ ရှမ်ပိန်ကို ခပ်
း မော့လိုက်သည်။ ဖယောင်းတိုင် မီးပန်းဆိုင်းကြီးအောက်တွင်
ခွက်တွေ၊ ငွေထည်ပစ္စည်းတွေ၊ အရောင်တဖျတ်ဖျတ် တောက်
၊ မေမေရော၊ အိန်ဂျလစ်ပါ လှပနေပုံရနေကြ၏။ တန်တီပင် ခါတိုင်း
ပြီး ငယ်နေသည် ထင်ရ၏။ ဘုန်းတော်ကြီး ဖာသာဆိုးလက်၏
နှာက ခါတိုင်းလိုပင် နူးနူးညံ့ညံ့ ပြုံးလျက်။ ဒင်းနစ်က ပိုးဝတ်ရုံ
ရောင် ဝတ်လာ၏။ သတို့သမီးကလေး တစ်ယောက်နှင့် တူနေ
သည်။

သည်ည ထူးထူးခြားခြား လှနေ၏။ သည်ပုံစံအတိုင်း ပန်းချီ
လိုက်ရလျှင် ဘယ်လောက်ကောင်းလိုက်မည်လဲ။ ရှမ်ပိန်သောက်ပြီး
စားကြ၏။ ပြီးတော့ ကော်ဖီခန်းသို့ ပြောင်းကြသည်။ ကြိမ်လုံး
က်ပြီး ဟင်နရီ လိုက်သွားသည်။ ခြေထောက်အောက်မှ ကြမ်းပြင်
တစ်ခုလုံး ယိမ်းထိုးနေသည် ထင်၏။

ဘုန်းတော်ကြီးက ခွင့်တောင်းပြီး ပြန်သွားသည်။ ကော်ဖီခန်း
ရောက်တော့ ဝိုင်းထိုင်လိုက်ကြသည်။ အမျိုးသမီးနှစ်ယောက် စကား
ောင်းနေစဉ် ဟင်နရီနှင့် ဒင်းနစ်တို့က စန္ဒရားတီးဖို့ ထလာခဲ့ကြ၏။
တွေ့သည့်နေ့က သီချင်းကို ဒင်းနစ်တီးသည်။ ဟင်နရီက နံဘေးမှ ထိုင်
ထောင်နေ၏။ ပြီးတော့ ဒင်းနစ်က စကားစသည်။

"သုံးလတောင် ရှိခဲ့ပြီနော်၊ အစ်ကို၊ မြော်တယ် မဟုတ်လား
င်"

သည့်ထက် ကောင်းသည့်အချိန်မျိုး၊ အခွင့်အရေးမျိုး မရှိနိုင်
တော့။

"လာ . . တို့ စတူဒီယိုထဲ သွား စကားပြောကြရအောင်" ဟု
ဟင်နရီက ခပ်တိုးတိုး ပြောလိုက်သည်။

"အခု . . ဟုတ်လား"

"ဟုတ်တယ်လေ၊ ခုပေါ့ အရေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်ပိန်အရှိန်ဖြင့် သူရဲတင်းနေသည်။ စတူဒီယိုထဲ ရောက်တော့ ရင်တွေ တဒိုင်းဒိုင်း ခုန်လာတယ်။

"ဘာ ပြစရာရှိလို့လဲဟင် အစ်ကို"

"လာ. . ဒီဆိုဖာပေါ် ထိုင်"

ပြောသည့်နေရာတွင် ဒင်းနစ် ဝင်ထိုင်သည်။

"ကိုယ်ပြောမယ် ပြောမယ်နဲ့ အခုမှပဲ ပြောဖြစ်တော့တယ် ဧပြီလမှာ ကိုယ်ပြန်ရောက်မယ်။ ဒင်းနစ် အစ်ကို့ကို စောင့်နေမယ် မဟုတ်လားဟင်"

"အို . . စောင့်မှာပေါ့။ အစ်ကို့ကို ဒင်းနစ်ပြောပြီးပြီပဲ၊ အ တစ်လုံး နှစ်ချုပ်နဲ့ငှားပြီးပြီလေ။ ဖွန်လအထိ ဒင်းနစ်တို့ ဒီမှာနေမှာ"

ဟင်နရီ ရှေ့သို့ ကိုင်းပြီး ဒင်းနစ်၏ လက်နှစ်ဖက်ကို လှ ဆုပ်လိုက်သည်။

"ကိုယ် ဆိုလိုတာက တစ်မျိုး၊ ဒင်းနစ်၊ မင်းအစ်ကို့ကို စော နေမှာ မဟုတ်လားဟင်"

ဒင်းနစ် မျက်ခုံးတွေ ပင့်တက်သွားသည်။

"ဘာဆိုလိုတာလဲ ဟင်"

သံပြတ်နှင့် ပြန်မေးခြင်းဖြစ်၏။ ရှေ့တည့်တည့်တွင် ချော ကမ်းပါးကြီးကို လှမ်းမြင်လိုက်သည်။ သို့သော် ရင်ထဲမှ စကားလုံးများ တားဆီး၍ မရတော့။

"ညီမလေးရယ် . . မင်းအချစ်ကို အစ်ကို မမျှော်လင့်ရဲပါဘူး ဒါပေမဲ့ မင်းတစ်သက်လုံး ပျော်အောင် ထားပါ့မယ်။ ကိုယ့်ကို လက်ထ လို့ မင်းဘယ်တော့မှ နောင်တ မရစေရပါဘူး။ အားလုံး မင်းစိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်"

ပြောရင်း လက်ကလေးနှစ်ဖက်ကို မွတ်မွတ်သိပ်သိပ် နမ်း လိုက်သည်။

ခဏလေး သူ့ကို ငေးကြည့်နေသည်။ အံ့သြလွန်းသဖြင့် ရှ ဖို့ပင် သတိမရ။ အံ့သြခြင်းနှင့်အတူ သနားသလိုလည်း ဖြစ်သွား၏။

"နေဦး အစ်ကို။ ဒင်းနစ် ပြောပါရစေ၊ ကျွန်မ အစ်ကို့ကို အဲ လိုမျိုး မချစ်ဘူး။ အဲဒီလိုလဲ တစ်ခါမှ စဉ်းစား မကြည့်မိဘူး. ."

"ကိုယ်သိပါတယ်ကွယ်၊ မင်း ကိုယ်တိုင် မဆုံးမဖြတ်ချင်းဘူ



င်းအမေကို အရင်ပြောရမယ်ပေါ့ ဟုတ်လား။ ကိုယ်နားလည်ပါတယ်၊ ပေမဲ့ ကိုယ် ခရီးမထွက်ခင်. . ."

"မဟုတ်ဘူး အစ်ကို၊ အစ်ကို နားမလည်ဘူးလား။ ဒင်းနစ် င်ကို့ကို မချစ်နိုင်ဘူးလေ။ စိတ်မကောင်းပါဘူး၊ လက်ကို လွှတ်ပါတော့"

ရှမ်ပိန်တန်ခိုးဖြင့် သူ့သွေးတွေ ဆူဝေနေသည်။

"မင်း ကိုယ့်ကို မချစ်ပေမယ့် သဘောကျတယ် မဟုတ်လား င်၊ မင်း ကိုယ့်လက်ကိုကိုင်ပြီး ပြောတဲ့နေ့က . . ."

"ကျွန်မ လက်ကိုလွှတ်ပါ။ ရှင် ရူးနေလား၊ လက်ကို လွှတ်ပါ။ ကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ကျွန်မ ဆက်ဆံနေတာ၊ အဲဒါ ဘာ ဘယ်မှ မဆောင်ဘူး။ ဘယ်တုန်းကမှ ရှင့်ကို မချစ်ခဲ့ဖူးဘူး။ ဘယ် မှလဲ ချစ်မှာ မဟုတ်ဘူး။ ရှင် အဲဒီ စိတ်ကူးရတာ ရူးလို့ပဲ"

ဒင်းနစ် ကြောက်စိတ်တွေ ဝင်လာပြီး၊ သူ့မျက်လုံးတွေ မူမမှန် နှုတ်ခမ်းတွေ တလှုပ်လှုပ်ဖြစ်လာ၏။ အကြည့်ရ ဆိုးလှသော သူ့ နှာကြီးက ပို၍ ကြောက်စရာ ကောင်းလာသည်။ မကောင်းဆိုးဝါး းသည့် မျက်နှာမျိုး။

"မရူးဘူး ဘာလို့ ရူးရမှာလဲ"

သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ လက်ကောက်ဝတ် ဆုပ်ထားသည့် သူ့လက်တွေက ပြုတ်တူလို အားသန်လာ၏။ တအား မေးလိုက်သည်။

"ငါ ခြေထောက် မသန်လို့လား၊ ငါ ဒုက္ခိတ ဖြစ်နေလို့ မဟုတ်"

နာကျင်ခြင်းနှင့် ဒေါသရောသွားပြီး ကြောက်ရမှန်း မသိ ဘဲ သူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဟုတ်တယ်၊ ရှင် ခြေထောက်ကျိုးနေလို့၊ အရုပ်ဆိုးလွန်းလို့၊ မ တွေ့ဖူးသမျှ ယောကျာ်းတွေထဲမှာ ရှင်ဟာ အရုပ်အဆိုးဆုံး၊ ည်းတန်ဆုံး၊ ပြီးတော့ . . ."

စကားမဆုံးမီ ဟင်နရီ့ ရင်ခွင်ထဲသို့ ဒင်းနစ် ရောက်သွား ၏၊ တအားဖက်ပြီး အတင်းနမ်းပါလေတော့၏။ မိန်းကလေးတစ်ဦး ထမဆုံး အတွေ့ဖြစ်၍ ဟင်နရီ့ တစ်ကိုယ်လုံး ချက်ချင်း ပူလောင် ၏၊

www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှ အင်အားသုံးပြီး ဒင်းနစ်က သူ့ကို ဆောင့်တွန်းကာ တံခါးဝဆီ ပြေးထွက်သွားသည်။ သူဘယ်လိုမှ နောက်က လိုက်လာပြီး အမိဖမ်းနိုင်မည် မဟုတ်ကြောင်း ဒင်းနစ်သိနေ၏။

ဆိုဖာပေါ်တွင် ခေါင်းငိုက်စိုက်ကျပြီး သူ ဆက်ထိုင်နေသည်။

"ရှင်ဟာ အလကား ဘာမှ အသုံးမကျတဲ့ မကောင်းဆိုးဝါး လိုလူ။ ရှင့်ကို ဘယ်မိန်းကလေးမှ အကပ်ခံမှာ မဟုတ်ဘူး။ ကျွန်မ ပြောတာကြားလား ဟင်နရီ၊ ထပ်ပြောမယ်၊ ဘယ် မိန်းကလေးမှ ရှင့်ကို အကပ်ခံမှာ မဟုတ်ဘူး။ အဲဒါ မြဲမြဲမှတ်ထား"

သူ ပြေးထွက်သွားသည်ကို မော့မကြည့်။ ဒေါသတကြီး အော်ဟစ်ပြောဆို သွားသော စကားလုံးများသည် အခန်းထဲတွင် ပဲ့တင် ကျန်ရစ်၏။

ရထားတစ်စီး တရကြမ်းမောင်းထွက်သွားသံ ကြားလိုက်ရ သည့်နောက်တော့ ရဲတိုက်ကြီး တစ်ခုလုံး လုံးဝ တိတ်ဆိတ်ငြိမ်သက် ကျန်ရစ်ခဲ့လေသည်။ ကြေကွဲဖွယ်ရာ ဆိတ်ငြိမ်ခြင်းမျိုး။

အပြင်တွင် ညသည် ငိုကြွေးလျက် ရှိလေသည်။

*

နောက်ထပ် မိနစ်ပေါင်းများစွာ ဘာမျှ ခံစားမှုမရှိဘဲ ဆက်ထိုင်နေ၏။ မကြာခင် အောက်ထပ်သို့ဆင်းပြီး မေမေနှင့် မျက်နှာချင်းဆိုင်ရတော့ မည်။

အမှန်က မေမေ အပေါ် ပြေးတက်လာပြီး သူ့ကို မေးခွန်းထုတ်ရမည်။ ဆူပူကြိမ်းမောင်းရမည်ဖြစ်သည်။ ခုတော့ မီးလင်းဖိုနံဘေးတွင် ထိုင်မြဲ ဆက်ထိုင်နေမည် ထင်၏။ သြော် . . မေမေ၊ သားကို စောင့်နေသည် ထင်၏။ သည်တစ်ကြိမ် ခါတိုင်းလို သားကို ခွင့်လွှတ်နိုင်ပါတော့မည်လား။ ဘယ်လောက် ဘယ်လောက်များ စိတ်ထိခိုက် နေရှာမည်လဲ။

ကြိမ်လုံးကို ကောက်ယူပြီး ဆင်းလာခဲ့၏။ အောက်ဆုံး လှေကားထစ်ရောက်တော့ မေမေ့ကို လှမ်းမြင်ရသည်။ ထင်သည့်အတိုင်း မေမေ သူ့ကို စောင့်နေပုံရပါသည်။ မီးလျှံတွေကို ငေးကြည့်နေ၏။ မေမေ့ကို တစောင်းမြင်ရသည့်ပုံမှာ ကျောက်ဆစ်ရုပ် တစ်ရုပ်နှင့် တူ နေသည်။ မေမေ့ရှေ့မှ ကုလားထိုင်တွင် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက် သည်။ သားအမိနှစ်ယောက် တော်တော်နှင့် စကားမစကြ။



"မေမေ အားလုံး သိနေတယ် မဟုတ်လားဟင်၊ သား ကိုယ် သား အရှုံးလုပ်ခဲ့တာကို ပြောတာ။ အဲဒီအပြစ်ကို သားရင်ထဲက လေး လေးနက်နက် သိပါတယ် မေမေရယ်။ ဒါပေမဲ့ ဒင်းနစ်ဟာ တခြား မိန်းကလေးတွေနဲ့ မတူဘူးထင်လို့ပါ။ သားရဲ့ အချစ်ကို တုံ့ပြန်နိုင်လိမ့် မယ်လို့ ယုံကြည်မိတယ် မေမေ။ မေမေ နားလည်နိုင်ပါ့မလားဟင်၊ အကျိုး တစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ်လိမ်ဖို့ ဘယ်လောက် လွယ်တယ်ဆိုတာ လေ။ ဒီမျက်နှာကြီးကို ဒါလောက် အရုပ်မဆိုးပါဘူး ထင်ခဲ့တယ်၊ ခြေ ထောက်မသန်တာကို မဆိုစလောက် ခြေဆာတာလို့ ဖော့တွက်ခဲ့တယ်၊ သုံးစင်မမီတဲ့ . . ."

"တော်ပါတော့ သားရယ်၊ မေမေ တောင်းပန်ပါတယ်၊ ဆက် မပြောနဲ့တော့"

"ဒါပေမဲ့ သားပြောနေတာတွေက အဖြစ်မှန်တွေ မေမေရဲ့။ မောင်မတ်မှာ လမ်းပေါ်က မိန်းကလေးတွေတောင် သားကို လက်မခံ ကြဘူး။ အဲဒီနောက်ပိုင်းမှာ ချောက်အိပ်မက်တွေနဲ့ သားရင်ဆိုင်ခဲ့ရတယ်။ သားအကြောင်းကို မေမေ အားလုံး သိလက်စနဲ့ အဲဒါတွေပါ ဆက်သိ ထားသင့်ပါတယ် မေမေ။ ဒီကိစ္စကို ဖယ်ထားဖို့ ကြိုးစားပါတယ်၊ ခေါင်း ထဲက မောင်းထုတ်ဖို့ အကြိမ်ကြိမ် ကြိုးစားပါတယ်။ မရဘူး မေမေ၊ သား ရူးသွားမတတ် ခံစားရပါတယ်"

မြို့စားကတော်ကြီး မလှုပ်မယှက် ငြိမ်သက်စွာ နားထောင်နေ သည်။ လိမ္မော်ရောင် မီးလျှံများက သူ့မျက်နှာတွင် တရိပ်ရိပ် ထင်ဟပ် သွက်။

ဟင်နရီ စကားဆက်သည်။

"နောက်ဆုံးတော့ အမှန်တရားက ပေါ်လာတာပဲ၊ အဖြစ်မှန် ကို ကိုယ်တိုင် သိလာတာပဲ မေမေ။ မြွေတစ်ကောင်ပေါ်ကို တက်နင်း ထားမိသလိုပါပဲ၊ ခြေထောက်ကို ပြန်ရုပ်ဖို့လဲ မရဲဘူး"

မအေလုပ်သူ၏ မျက်နှာကို စိမ်းစိမ်းကြည့်ပြီး ဆက်ပြော သည်။

"အဲဒါကြောင့် မောင်မတ်ကို ပြန်သွားရုံမှတစ်ပါး အခြား မရှိ တော့ပါဘူး မေမေ"

မေမေ အပြင်းအထန် စိတ်ထိခိုက်သွားပုံရ၏။ နှုတ်ခမ်းကလေး တွေ တဆတ်ဆတ် တုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သားကို ခွင့်လွှတ်ပါ မေမေ၊ မေမေ့ကို ထပ်ပြီး စိတ်ဆင်းရဲအောင် လုပ်မိတဲ့အတွက်လဲ ခွင့်လွှတ်ပါ။ သားမှာ တခြားရွေးစရာလမ်း မရှိတော့လို့ပါ။ ဒီနေ့ အဖြစ်မျိုးဟာ ဒီမှာမဖြစ်လဲ တစ်နေရာရာမှာ ဖြစ်မှာပါပဲ၊ ဒါမျိုး ထပ်အဖြစ်မခံနိုင်တော့ဘူး မေမေ၊ ဒါကြောင့် သားနဲ့ ခွင့်ကျမယ့်နေရာဟာ မောင်မတ်ပါပဲ။ အဲဒီမှာဆိုရင် ဒီညလို မေမေ စိတ်ဆင်းရဲရတာမျိုးကို ကျွန်တော် ရှောင်နိုင်မှာပါ"

မေမေ မှုက်လှာချလိုက်သည်။ မျက်ရည်ပေါက်တွေ ပါးပြင်ပေါ် သို့ကျလာ၏၊

"မောင်မတ်မှာ သိပ်အထီးကျန် ဖြစ်နေမှာပေါ့"

"ဘယ်မှာဖြစ်ဖြစ် အထီးကျန် ဖြစ်နေမှာပါ မေမေရာ"

ကြိမ်လုံးကို ကောက်ယူပြီး ထလိုက်သည်။ အမေ့ရှေ့တွင် ခဏတွေ ရပ်နေမိ၏။

"မငိုပါနဲ့ မေမေရယ်၊ မေမေရော သားပါ သတ္တိရှိကြရလိမ့်မယ်၊ လုပ်သင့်လုပ်ထိုက်တာကို သား လုပ်တာပါ၊ မကြာမကြာ မေမေ့ဆီ . ."

ဆက်မပြောနိုင်တော့၊ သူ့အသံ တိမ်ဝင်သွားသည်။ ရှေ့ကို ကိုင်းပြီး မိခင်၏ ပါးပြင်ကို နမ်းလိုက်သည်။ ပြီးတော့ နားနားကပ်ပြီး တိုးတိုးပြောလိုက်၏။

"ဘာကြီး ဖြစ်နေဖြစ်နေ၊ ဘယ်လို အခြေအနေမျိုး ရောက်ရောက်၊ မေမေ တစ်ခု အမြဲသတိရနေပါ။ မေမေ့ကို သား သိပ်ချစ်ပါတယ်၊ ကမ္ဘာပေါ်မှာ မေမေဟာ သားရဲ့ အချစ်ဆုံးပါ"

မြို့စားကတော်ကြီးက သားကို တားဖို့ မကြိုးစားတော့ပေ။ သူ ပြောသည့်အတိုင်း မှန်နေသည်ကိုး။ သူ့အကြောင်းပြချက်တွေ ခိုင်လုံနေသည်ကိုး။ ဖြေရှင်းစရာ သည်နည်းပဲ ရှိသည်ဆိုသည်မှာ မှန်ပါသည်။

သူ့ကိုယ်သူ လေးလံစွာ ဆွဲယူသွားသော သားငယ်ကို မိခင်က ငေးကြည့် ကျန်ရစ်သည်။ ကော်ဇောခင်းထားသည့် အခင်းပြင်တွင် တုတ်ထောက်သွားသံ ခပ်တိုးတိုး ထွက်နေ၏။ ပြီးတော့ သူ့အခန်းတံခါး ပိတ်သံ ကြားလိုက်ရသည်။ မီးညွှန့်ကျိုးနေပြီဖြစ်သည့် မီးလင်းဖိုထဲသို့ ပြန်ငေးကြည့်နေသည်။

သူ သွားလေပြီ။ သည်တစ်ခါ အပြီးအပိုင် ထွက်သွားခြင်းပါ



ကလား။ သားကို အရာရာတွင် အကာအကွယ် ပေးနိုင်လိမ့်မည်ဟု ထင်မှတ်ခဲ့ခြင်းမှာ အမှားကြီး မှားခဲ့ခြင်းပါလား။

ဘယ်ဝဋ်ကြွေးကြောင့်သားကလေး သည်ဘဝကို ရောက်ရခြင်းလဲကွယ်။ ခြေထောက် မသန်သည့်အပြင် အရုပ်ဆိုး အကျည်းတန်ဘဝဖြင့် အချစ်ကို မွတ်မွတ်သိပ်သိပ် တမ်းတနေရှာသည့် သူငယ်ကလေး။ သူ ဘာဆက်လုပ်မှာပါလိမ့်။ မိခင်တစ်ယောက်အနေဖြင့် မသိနိုင်ပေ။ တစ်ခု သိသည်မှာ သူသည် မိမိ၏ ရင်မှဖြစ်သော ရင်သွေးစစ်စစ်။ သူ့ ဒုက္ခကို ဝင်မကယ်နိုင်သည့် မိမိ၏ အဖြစ်။

သားကို ပစ်မထားရက်ပါ။ အချစ်များစွာဖြင့် ဆုတောင်းရင်း သူပြန်အလာကို စောင့်နေရှာသာ ရှိပါတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

မာရီရှားလက်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"မွန်စီယာ တူလုစ်"

စကတ်ရှည်ကြီးကို လက်နှစ်ဖက်နှင့် မလျက်၊ မဒမ်လူဘေး အိမ်ပြင်သို့ ပြေးထွက်လာသည်။ သံကြိုးစာ ရကတည်းက ခြေမကိုင်မိ လက်မကိုင်မိနှင့် အပျော်ကြီး ပျော်နေ၏။

ဘာဖြစ်လို့များ ဒီလို အောက်တန်းစားရပ်ကွက်ကို သူ ပြန် ရောက်လာတာပါလိမ့်။ ဘာပဲဖြစ်ဖြစ် သည်သတင်းကို ကြားပြီး အရမ်း ပျော်နေမိ၏။ ပြတင်းပေါက်မှာ ထိုင်ပြီး လည်တဆန့်ဆန့် မျှော်နေခဲ့မိ၏။

ခုတော့ သူတကယ် ပြန်ရောက်လာပြီ။

မြင်းရထားဆီ ပြေးသွားပြီး ကြိုသည်။

"မွန်စီယာ တူလုစ်၊ နေကောင်းပါတယ်နော်။ စတူဒီယိုကတော့ မွန်စီယာ ထားသွားတဲ့အတိုင်းပဲ။ မီးမွှေးဖို့ မီးလင်းဖိုကို အဒေါ် အသင့် လုပ်ထားတယ်။ ပြီးတော့ သန့်ရှင်းရေးလဲ . . ."

မဒမ်လူဘေးက ရပ်ပြီး ကြောင်ကြည့်နေသည်။ သူ ဘာဖြစ် လာတာပါလိမ့်။ တစ်ခုခု ဖြစ်လာတာတော့ သေချာသည်။ ဘာမှ မပြောင်းလဲဘူး ထင်ရပေမယ့် သူ့မျက်လုံးတွေက ပိုပြီး နက်မှောင်လာ သည်။ ပျော်ရွှင်မှု အရိပ်အယောင်များ မတွေ့ရတော့။ လူငယ် တစ် ယောက်၏ အသွင် လက္ခဏာ သူ့တွင် လုံးလုံး မရှိတော့။

"မွန်စီယာ နေကောင်းပါတယ်နော်"

သူပြုံးပြသည်။ နွေးထွေးသော အပြုံး။ ရထားပေါ်မှ ဆင်းပြီး

"နေကောင်းပါတယ် အဒေါ်ရဲ့၊ ကျေးဇူးတင်ပါတယ်။ ပြန်လာ ခြင်လို့ ကျွန်တော် ကျေနပ်နေပါတယ် ခင်ဗျာ။ ကျွန်တော် အဒေါ့်ကို သတိရနေတာပါ"

စတူဒီယိုထပ်ကို ရောက်တော့ ဟင်နရီက တံခါးကို တွန်းဖွင့်ဝင် သွားပြီး ပြတင်းပေါက်ဆီသို့ တန်းလျှောက်သွားသည်။ ခဏရပ်ပြီး ကြိမ် ဒံးကို အားပြုလျက် အပြင်သို့ ငေးကြည့်နေ၏။ မြင်နေကျ အိမ်ခေါင် မိုးများ၊ မီးခိုးခေါင်းတိုင်များ။ ဆောင်းမှ နွေအကူး နူးညံ့နေသည့် ကောင်း ကင်ပြင်ကမှ ဒင်းနစ်နှင့် နောက်ဆုံး မြင်းရထား လျှောက်မောင်းသည့် နေ့ကို သတိရစေ၏။ နောက်လှည့်လိုက်တော့ တာပင်တိုင်နံ့ သင်းနေသည့် စတူဒီယို၏ အငွေ့အသက်ကို ရှူရှိုက်မိ၏။

"ပြန်လာဖြစ်တာ ကျွန်တော့်အတွက် သိပ်အဓိပ္ပာယ်ရှိပါတယ် ခင်ဗျာ"

ဟင်နရီက ထပ်ပြောလိုက်သည်။

ပြုံးလျက်ပင် အခန်းထဲက ပန်းချီကားတွေကို ငေးကြည့်လိုက် သည်။ အချို့က နံရံပေါ်မှာ၊ အချို့က ကားခုံတွေပေါ်မှာပင် ရှိသေး၏။ အလှသခင်ဗီးနပ်စ်၏ ကျောက်ဆစ်ရုပ်ထုမှာ ရောက်စနေ့တွင် ရာရှူး နေရာချပေးထားသည့်အတိုင်း အခန်းထောင့်တွင်ပင် ခပ်န္ဒဲ့န္ဒဲ့ ရပ်နေ ဆဲ၊ ပေါင်းဟောင်းသင်းဟောင်းများဆီသို့ ပြန်ရောက်လာသလို စိတ်မှာ ခံစားရ၏။

"ကျွန်တော် ဒီမှာပဲ နေတော့မယ် အဒေါ်၊ အလုပ်ခန်းအဖြစ် ပဲ ကျွန်တော်သုံးမယ်။ ဒါ ကျွန်တော့်အိမ်ပဲ၊ အိမ်ကနေ ကျွန်တော် ဘယ်တော့မှ ထွက်မသွားတော့ဘူး"

နောက်နှစ်ရက်ကြာတော့ သူ့ပစ္စည်းတွေ၊ အဝတ်အစားတွေ ရောက်လာသည်။ သေတ္တာပေါင်းများစွာ။ မဒမ်ဘူဘေးက အားလုံး နေရာချပေးသည်။ အင်း . . သူပျော်မှာ ထင်ပါရဲ့ဟု စိတ်ထဲ ယုံကြည် နေမိ၏။

ရာရှူးဆီ သွားလည်မည်။ သူ ပန်းချီဆွဲနေမည်လား။ မယ်ဒလင် တီးနေမည်လား။ သချိုင်း လုပ်သားများနှင့်အတူ ထိုင်ပြီး ဘီယာသောက် နေမည်လား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူစတူဒီယိုကို ရောက်သွားတော့ ရောမ လူထွားကြီးကို စိတ်မာတတ်ကျနေသည့် ပုံဖြင့် ... သဲ့သဲ့မဲ့မဲ့ ဖတ်နေ၏။ စက်နေသည့် အခန်းထဲတွင် ကုတ်အကျီအထူကြီး ဝတ်ပြီး ပန်းချီ အနုပညာ သမိုင်းစာအုပ်ကြီးကို သဲသဲမဲမဲ ဖတ်နေ၏။

ရှက်ကိုးရှက်ကန်းပြုံးပြီး ဟင်နရီကို ထကြိုသည်။

"မြင်တဲ့အတိုင်းပဲ မောင်ရေ . . ပြတိုက်မှာ အလုပ်ရဖို့ ဆိုတာ မလွယ်ဘူးဗျ။ စာမေးပွဲအောင်ဖို့ ဖတ်လိုက်ရတာ မျက်စိတောင် ကွယ်တော့မယ်ကွ"

သူ့ပုံစံက လေးနက်နေသည်။ မောင်မတ် ဂလေပုံစံ မဟုတ်တော့။ တဟားဟား အော်ဟစ်ရယ်မောသည်ကိုလည်း မတွေ့ရတော့။ သူ လာခဲ့သည့် လူလတ်တန်းစားပုံစံ ပြန်ပေါ်နေ၏။ နူဝဲလ်ကိုရောလေလီကိုပါ သူ စိတ်မပါတော့။ ဘီယာလည်း မသောက်တော့ဟု ဆို၏။

"ကျောင်းသားဘဝတုန်းကတော့ အဲဒါတွေနဲ့ တို့ နှစ်ပါးသွားခဲ့ကြတယ်၊ ဒါပေမဲ့ တို့မှာ ဘာအကျိုးအမြတ် ရခဲ့သလဲ"

ဟိုတုန်းက အကြောင်းတွေ ခဏပြန်ပြောဖြစ်ကြသည်။

"ဂရနီယေး မိန်းရသွားပြီကွ၊ လူကပ်စ်တော့ နော်မန်ဒီ ပြန်သွားတယ်၊ မင်း ကြားတယ်မဟုတ်လား"

ဟင်နရီ ခေါင်းညိတ်သည်။

"ခင်ဗျားပဲ ကျွန်တော့်ဆီ စာရေးတယ်လေ၊ ဗင်းစင့် တစ်ယောက်ကောဗျ"

"အင်း . . သူကတော့ မူးလို့ ကောင်းတုန်းပဲကွ။ သူ့ပန်းချီကိုလိုနီ တည်ထောင်ဖို့ စီမံကိန်းကြီးနဲ့ လူတွေကို စိတ်ညစ်အောင် လုပ်တုန်းပဲ။ နွေတုန်းက အာဂိုစတီးနာဆိုင်မှာ သူပြပွဲလုပ်တယ်။ လုံးဝမအောင်မြင်ရှာပါဘူးကွာ၊ သူက အာဂိုစတီးနာကို ချစ်ပါရစေလို့ အသနားခံသတဲ့ကွ၊ ဟိုက ဟားလွှတ်တာပေါ့။ 'မင်း ရူးနေတာပဲ၊ မင်းဦးနှောက်မကောင်းတော့ဘူး' လို့ ပြောသတဲ့။ မင်းနဲ့ ငါနှစ်ယောက်ထဲတွေ့တုန်းပြောရဦးမယ်။ အာဂိုစတီးနာ ပြောတာအမှန်ကွ ဟင်နရီ သူဟာ ချစ်ဖို့ကောင်းတဲ့လူတော်တစ်ယောက်ပါ။ ဒါပေမဲ့ စိတ်သိပ်မမှန်တာတော့ သေချာတယ်ကွ"

သူက သူ့ခေါင်းကို လက်နှင့်ယောက်ရင်း ပြောနေခြင်း ဖြစ်သည်။

ဂေါ်ဂီနှင့်လည်း သူမဆုံဖြစ်၊ အောင်ကက်တန်နှင့်လည်း မတွေ့။ မောင်မတ်တွင် ရှိနေလျက်နှင့် မတွေ့ကြခြင်းဖြစ်သည်။ သူတို့တွင် အားလပ်ချိန် မရှိကြတော့ပေ။ ထမင်းနပ်မှန်အောင် အသေအလဲ ရုန်းကန်နေကြရပြီ။ "ဘယ်လောက်အားကိုးရတဲ့ အသက်မွေးဝမ်းကျောင်းသောရပ်လဲကွာ" ဟု ရာရှူးက နာနာကျည်းကျည်း မှတ်ချက်ချသည်။

သူ့ အကြောင်းလည်း ပြောပြ၏။

ပူပူလောင်လောင် နွေညနေခင်း တစ်ခုတွင် ကောင်မလေးတစ်ယောက်နှင့် သူဆုံသည်။ တွေ့သည့်နေရာက မောင်မတ် သချိုင်းနံ့ခံဝရှေ့။

"ထုံးစံအတိုင်းပေါ့ကွာ၊ ငါ့အတွက် ကိုယ်ဟန်ပြပေးဖို့ စ စည်းရုံးရတာပေါ့။ ငါ့ရဲ့ မက်ဒေါနား* ပုံအတွက် ထိုင်ပေးဖို့ပေါ့။ သူက လက်ခံတယ်။ သိပ်ထက်ထက် မြက်မြက်ထဲကတော့ မဟုတ်ဘူးကွ၊ နားလဲ နည်းနည်းလေးတယ်။ ဒါပေမဲ့ အရမ်းသဘောကောင်းတယ်၊ စိတ်ထားကောင်းတယ်၊ ဟိုတယ်တစ်ခုမှာ ငွေကိုင်စာရေးလုပ်တယ်လို့ ပြောတယ်၊ သူပြောတာပဲ။ မိန်းမတွေဟာ သူတို့အကြောင်း ဘယ်တုန်းက အမှန်အတိုင်း ပြောဖူးလို့လဲ။ သူ့ပုံတူကို ငါဆွဲပြီး သူ့ကိုပေးတော့ ငိုတယ်ကွ"

သူ့မျက်နှာ ပြုံးလာသည်။

"သူ့နာမည်က ဘာ့သ်တဲ့၊ တကယ်ချစ်ဖို့ကောင်းတဲ့ ဟာလေးကွ"

သူခဏတွေပြီး ငြိမ်နေသည်။ ရောမ လက်ဝါးကြီးတွေနှင့် သူ့နှစ်ဖက်ကို အုပ်ထား၏။ ပြီးမှ မေးသည်။

"အဲဒီတော့ မင်းကော ဘာဆက်လုပ်မှာလဲ"

"ပန်းချီပဲ ဆက်ရေးရမှာပေါ့ဗျာ၊ တခြားဘာလုပ်စရာရှိလို့ လဲ"

"အေးပေါ့ကွာ၊ မင်းကတော့ လုပ်နိုင်မှာပေါ့၊ မင်းရေးချင်တဲ့ပုံ ရေးနိုင်တော့မှာပေါ့။ အေး . . ဒါထက် အာဂိုစတီးနာဆိုင်မှာ တွေ့တဲ့ကောင်မလေး မင်းမှတ်မိလား။ သူ့မျက်နှာကလေးက အရမ်းကြည်လင်တဲ့ သူလည်တိုင်တစ်ဝိုက်မှာ အစိမ်းရောင်အရိပ်ထွက်နေတယ်ဆိုပြီး မင်း အရမ်းပုံတူ ရေးချင်နေတဲ့ ကောင်မလေးလေ"

"မှတ်မိပါတယ်ဗျာ၊ ခုကျွန်တော့်အစိမ်းရောင်အရိပ်ကို ရေးလို့ရပြီပေါ့နော်၊ အပျော်တမ်းသမားတစ်ယောက်ရဲ့ လွပ်လပ်ခွင့်ဟာအဲဒါပဲဗျ"

---

* Madonna မယ်တော်မာရီ၏ ပုံတူ။

www.burmeseclassic.com

www.burmeseclassic.com

ရှတ်တရက် စကားပြောစရာ ကုန်သွားသလို ငြိမ်သွားကြသည်။ သူငယ်ချင်းတွေအဖြစ် ဆက်လက်ရပ်တည်သွားလိုသော်လည်း ဘဝ လမ်းကြောင်းမှာ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေကြပြီ။ ကျောင်းတုန်းက မျှဝေခံစားခဲ့ကြသည့် အရသာမျိုး သူတို့နှစ်ဦးကြားတွင် ပျောက်ဆုံးသွားလေပြီ။ သူတို့နှစ်ဦးသည် သတိရစရာ အတိတ်ကဏ္ဍတစ်ခုနှင့် သူစိမ်းများ ဖြစ်သွားလေပြီ။

တံခါးဝတွင် နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။ နှစ်ယောက်စလုံး စိတ်မသက်မသာ ပြုံးလိုက်ကြ၏။ သူတို့ မျက်လုံးများက အပြီးအပိုင် နှုတ်ဆက်နေဘိသို့ ရှိ၏။ သို့သော် ရာရှူးက စကားဆက်သေးသည်။

"ဩော် ဒါထက် . . မင်းဂျူလို့ အကြောင်းကော ကြားပြီး ပြီလား"

"ဟင့်အင်း . . မကြားဘူး"

"မင်းပြန်သွားပြီး နောက်တစ်ပတ်မှာ သူ့ကိုယ်သူ သတ်သေသွားတယ်၊ ရေထဲ ခုန်ချသွားတယ်လေ"

"သူ့ကို ဘယ်မှာ သင်္ဂြိုဟ်သလဲ"

ရာရှူးက ပခုံးတွန့်ပြီး

"သင်္ဂြိုဟ်စရိတ်မရှိရင်၊ ဆွေမျိုးရင်းချာမရှိရင် ဘယ်လွယ်မလဲကွာ"

ဟင်နရီ ဆင်းလာခဲ့သည်။ အောက်ဆုံး လှေကားထစ် ရောက်သည့်အခါ ထိုင်ချပြီး တိတ်တိတ်ကလေး ကျိတ်ငိုလိုက်တော့၏။

ထိုည နူဝဲလ်သို့ ရောက်သွား၏။ သို့သော် အလားတူ စိတ်ပျက်စရာတွေနှင့်ပင် ကြုံရသည်။

ဂေါ်ဇီက စီးပွားရေးပန်းချီ တွင်ကျယ်နေကြောင်း၊ ကြော်ငြာကက်တလောက်များ ခေတ်စားလာမည့် အကြောင်းများနှင့် ဆိုင်းဘုတ်ဆေးစားလျှင်ပင် ထမင်းဝနိုင်ကြောင်းများ ပြောပြ၏။ အောင်ကက်တန်ကသူ ကျွမ်းကျင်သည့် ဘာသာရေးပန်းချီ ကားများ အကြောင်း ပြောနေသည်။

"ခရစ်တော် ကောင်းကင် ကြွမြန်းခန်းကို မျူရီလို ရေးဟန်နဲ့ ရေးတာ၊ ၃ ရက်တောင် ရေးရတယ်ကွ၊ အမှန် ၂ ရက်နဲ့ ပြီးရမှာ၊ နတ်သမီးချပ်ကလေးတွေက တော်တော် လက်ဝင်တာ။ ခရစ်တော် ဖွားမြင်ခန်းရေးတာ ၄ ရက်ကြာတယ်၊ အဆာတွေ သိပ်များတာကိုး"



စကားဝိုင်းကို စိုစိုပြည်ပြည်ဖြစ်အောင် အရင်အတိုင်း ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင် သူတို့ ကြိုးစားကြသည်။ ကျောင်းတုန်းက ရယ်စရာများ ပြန်ဖော်ကြသည်။ သို့သော် ဟိုတုန်းကလို အားရပါးရ မရယ်ဖြစ်ကြတော့။

မရေရာသည့် အနာဂတ်နှင့် အဟောသိကံ ဖြစ်ခဲ့ရသည့် နှစ်များအတွက် သူတို့ နောင်တရနေသည်ဟု ဟင်နရီ ခံစားရ၏။

ဂေါ်ဇီက ခြောက်ကပ်ကပ်ရယ်ပြီး

"ချွေးတလုံးလုံးနဲ့ ပြပွဲတင်ဖို့ ရေးလိုက်ရတာ သေလုမြောပါးပြီး [illegible] ပြီးတော့မှ အဓိပ္ပာယ်မရှိမှန်း သိတယ်"

အောင်ကက်တန် ဝင်ထောက်ခံသည်။

"ပြပွဲမှာ ကားအရည်အချင်းစစ်အောင်ပြီးတဲ့ ပန်းချီဆရာတစ်ဝက်လောက် ပါရီမှာ ထမင်းငတ်နေကြတယ်။ အဘိုးကြီး ဒေဂါးပြောတာ အမှန်တွေကွ။ ပန်းချီဟာ အသက်မွေးဝမ်းကျောင်း ပညာရပ်မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ဖြည်းဖြည်းချင်း သတ်သေတဲ့ အတတ်ပညာတဲ့။ အင်း . . မင်းကတော့ ပူစရာ မလိုဘူးပေါ့ကွာ"

မိမိ မောင်မတ်ကို ပြန်ရောက်လာကတည်းက သူတို့၏ မသိစိတ်တွင် မဆိုစလောက် ဝန်တိုစိတ်ကလေး ကပ်နေသည်ဟု ဟင်နရီထင်သည်။ အံ့လည်း အံ့ဩမိ၏။

ဧရာမ စတူဒီယိုကြီးထဲတွင် မိမိက လိုလေသေးမရှိ ပန်းချီဆွဲနိုင်၏။ စားရေးသောက်ရေး မပူရ၊ နေရေးထိုင်ရေးမပူရ။ မိမိက ချမ်းသာသည်၊ သူတို့က ဆင်းရဲသည်။ သည်အသိက သူတို့၏ ရဲဘော်ရဲဘက် ဆန်ခဲ့ဖူးသည့် ဘဝကို အဆိပ်အတောက် ဖြစ်စေခဲ့လေသည်။ ပျော်စရာ ကောင်းလှသည့် အတိတ်ကာလ တစ်ခုကို ဆေးကြော တိုက်ချွတ်ပစ်လိုက်သလိုဖြစ်သွား၏။

မကြာ မကြာ တွေ့ကြမယ်ဟု အကြိမ်ကြိမ်ပြောပြီး လူချင်းခွဲခဲ့ကြသော်လည်း မဖြစ်နိုင်တော့ကြောင်း သူတို့ နှလုံးသားများက သိနေ၏။

သူ့ကို ပြန်တွေ့ရလို့ လှိုက်လှိုက်လှဲလှဲ ဝမ်းသာသူမှာ ဗင်းစင့်တစ်ယောက်သာ ရှိသည်။ မှဲ့ခြောက်တွေ နိုင်းချင်းနှင့် အရိုးငေါ်ငေါ်

www.burmeseclassic.com

www.burmeseclassic.com





သူ့ ကိ်တစ်ဖက်ကို ကမ်းပေးတော့ ကျောက်မျက်တစ်မျိုးမျိုးနှင့် တူသည့် သူ့မျက်လုံးများထဲတွင် အရောင်တဖျတ်ဖျတ် လက်နေသည်။

"ခင်းကို ငါ သိပ်သတိရနေတာ ဟင်နရီ။ လာ တို့အိမ်ပြန်ပြီး သီအို့ လက်ရာ ဒတ်ချ်အစားအစာ တစ်မျိုးမျိုး စားကြရအောင်"

သူတို့နှင်ယောက်၏ တစ်ဦးအပေါ် တစ်ဦး အပြန်အလှန် နား လည်မှုက လေးနက်သည်။ ပျက်စီးမသွားပေ။ ညနေခင်းများသည် အရင် အတိုင်း ဆက်ခရာ ကောင်းနေဆဲဖြစ်၏။ ငြင်းခုန်ကြပြန်၏။ သို့သော် ဗင်းစင့်သည် စိတ်ကျန်းမာသူ တစ်ယောက်တော့ကား မဟုတ်တော့ အဘော့ချာချာလည်ကာ တိမ်းတိမ်းပွေပွေ နောက်ကျနေသူ တစ်ယောက် ဖြစ်သည်။ သူလည်း သူ့နည်းသူ့ဟန်ဖြင့် ပြောင်းလဲခဲ့ပြီ ဖြစ်၏။ သူနှင့် အတူတူ အလုပ်လုပ်ရသည်မှာ တစ်ခါတစ်လေ ကြောက်စရာ ကောင်း လာ၏။ သူ့တွင် တစ်စုံတစ်ရာ ပူးကပ်နေသလို ထင်ရ၏။ သူ့တွင် မျိုးသိပ် ဗိတ်တွေ များလွန်းနေသည် ထင်၏။

ကျယ်ကျယ်လောင်လောင် ထအော်ချင်အော်သည်။

"ငါ ဒီမှာ မနေချင်တော့ဘူး၊ နေရှိတဲ့နေရာကို ငါ သွားမယ်။ နေကို ကြည့်ပြီး ငါ ပန်းချီရေးမယ်၊ ပြီးတော့ လယ်ကွင်းတွေ . ."

ပါရီကို သူ သည်းမခံနိုင်တော့သလို ဖြစ်လာ၏။ ဆောက်တည် ရာမရဖြစ်လာ၏။ နှုတ်ခမ်းတွေ ဆတ်ဆတ် တုန်နေတတ်၏။ ရံခါတွင် မျက်လုံးတွေက စားတော့ဝါးတော့မလို ကြောက်စရာ ကောင်းနေ၏။ တကယ့် သူရူးတစ်ယောက်ပမာ ဖြစ်နေတတ်၏။

တစ်နေ့ ဟင်နရီ့ စတူဒီယိုသို့ သူပေါက်ချလာသည်။ ဒယီး ဒယိုင်ဖြင့်။ တစ်ကိုယ်လုံး မိုးရေတွေ စက်စက်နစ်လျက်။ ခုံတန်းပေါ် တွင် ထိုင်ချလိုက်ပြီး ခေါင်းငိုက်စိုက်ချကာ ဦးခေါင်းကို လက်နှစ်ဖက် ဖြင့် ပင့်ထား၏။

"မင်းငါ့ကို ရူးနေတယ် ထင်လား ဟင်နရီ။ ပြောစမ်းပါကွ၊ ငါ ရူးနေသလား။ သူတို့ ငါ့ကို ဖမ်းပြီး ပိတ်လှောင်ထားကြဦးမှာလား"

ထိုနေ့ ညနေ ပီယာတန်ဂီး၏ ပန်းချီပစ္စည်းဆိုင်တွင် သူနှင့် စေဇန်းသွားဆုံသည်။ စေဇန်းက သူ့ကားတွေကို ကြည့်ပြီး သူ၏ နှာခေါင်း သံလေးတွဲ့တွဲ့ဖြင့် မှတ်ချက်ချသည်။

"တကယ်ပဲ မွန်စီယာ၊ ခင်ဗျားရဲ့ ပန်းချီရေးဟန်က အရူး တစ်ယောက်ရဲ့ ရေးဟန်မျိုးပဲဗျ"

သည်မှတ်ချက်သည် ဗင်းစင့်အဖို့ ယမ်းအိုးအနီးတွင် မီးပွား ကျသလို ဖြစ်ခဲ့လေသည်။

သည့်နောက်ပိုင်းတွင် ဗင်းစင့်တစ်ယောက် အခြေအနေ ပို ဆိုးလာသည်။ အရက်ပိုသောက်လာသည်။ ဟင်နရီ့ စတူဒီယို ရောက် လာလျှင် စွတ်ကန်ပြီး ဝေဖန်သည်။ ထင်ရာ မြင်ရာ လျှောက်ပြောသည်။ မြင်သစ်စကားနှင့် အားမရလျှင် ဒတ်ချ်စကားတွေ ညှပ်ပြောသည်။ စကားတွေ ထပ်လာသည်။ ကဘောက်တိကဘောက်ချာ ဖြစ်လာသည်။ ကာခဏ ပျောက်ပျောက်သွားတတ်သည်။

အုံ့မှိုင်းမှိုင်း ညို့ဆိုင်းဆိုင်း ဖေဖော်ဝါရီ နံနက်ခင်းတစ်ရက် တွင် သူအားလပ်စ်သို့ ထွက်သွားသည်။ ဟင်နရီက ဘူတာရုံ လိုက်ပို့ သည်။ သူက တတိယတန်းတွဲ ပြတင်းမှ အရက်ဒဏ်ကြောင့် နီကြန် ကြန်ဖြစ်နေသည့် မျက်လုံးများဖြင့် သူ့ကို ပြုံးပြီး နှုတ်ဆက်သည်။ သူ့ ဘက်ပြပုံက ရေနစ်သူ တစ်ယောက်၏ လက်များ လှုပ်ရှားပုံနှင့်တူ၏။

ရက်အနည်းငယ်ကြာတော့ ရာရှူး သတင်းကြားရ၏။ စာမေးပွဲ အောင်သဖြင့် အလွန်ပျင်းစရာကောင်းသည့် ဒရူဂင်ဒွန် မြို့ကလေးတွင် ဆက်ထောက်ပြတိုက်မှူး အလုပ်ရသွားသည်တဲ့။ သူ့ကိုလည်း ဟင်နရီ ဘူတာလိုက်ပို့ပြီး နှုတ်ဆက်လိုက်သေးသည်။ နှစ်ယောက်သား အဓိပ္ပာယ် သိပ်မရှိလှသည့် အားမာန်စကားများ ပြောဖြစ်ကြသေး၏။

အတိတ်နှင့် ဆက်စပ်မှုကလေးများ တစ်ခုပြီးတစ်ခု ပြတ်ထွက် နေခြင်းဖြစ်လေသည်။

*

အလုပ်ကို စိတ်ပါလက်ပါ ပြန်လုပ်သည်။ ကားသုံးလေးကား တစ်ပြိုင် တည်း ရေးသည်။ ဧရာမ ပြတင်းပေါက်ကြီးကို ဖြတ်သန်းလာသည့် အလင်းရောင် ရှိနေသမျှ သူ ရေးသည်။ စုတ်တံကို ကိုင်ထားသည့် သူ့လက်တွေက ရဲရင့်သွက်လက်လှ၏။ စုတ်ချက်တွေက တစ်နေ့ တ ခြားမြန်လာ၏။ မဒမ်လူဘောက သူ့ကိုနဘေးမှ သတင်းစာဖတ်ပြရသည်။

မိုးချုပ်သွားလျှင် အထီးကျန်ဝေဒနာက မသိမသာ လာနှိုးတတ် ၏၊ ပြန်တွေးစရာ အတိတ်၏ ဝေဒနာဖြစ်လေသည်။ အမှောင်ရိပ် လွှမ်း နေသော စတူဒီယို နံရံများကို ထိုးဖောက်ပြီး စိတ်တေလေသည် လွင့်ပျံ ထွက်သွားတတ်၏။ ထိုအခါ အတိတ်တစ္ဆေကို ရှောင်ပြေးဖို့ ဦးထုပ် ကောက်ဆောင်းပြီး ကြိမ်လုံးကို ကိုင်ကာ အပြင်ထွက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နူပဲလ်လို နေရာများဆီကို ပြန်ပြီး ခြေဦးလှည့်ဖြစ်သည်။ သည်ရွေ့သည်မှ ရင်းနှီးခဲ့သည့် နေရာသည် ယခု သူစိမ်းပြင်ပြင် အေးစက်စက်ဖြစ်နေသည်ကို တွေ့ရ၏။

လွန်ခဲ့သည့်နှစ်က အလွန်ပျော်စရာကောင်းပြီး ရင်းနှီး ကျွမ်းဝင်ခဲ့သည့် ကဖေးဆိုင်ကြီးသည် ယခုတော့ ဆူညံလွန်းသည့်နေရာ ဖြစ်နေ၏။ မရောက်ဖူးသည့် အပေါစား ဆိုင်တစ်ဆိုင်လို ဖြစ်နေ၏။

ပန်းချီ ကျောင်းသားများက ငြင်းလက်စ စကားဝိုင်းကို ခဏ ရပ်ပြီး သူ့ကို ငေးကြည့်နေတတ်၏။ သူ့အကြောင်း ကြားဖူးပြီးသား ဖြစ်၍ သူတို့ အံ့ဩနေကြခြင်းဖြစ်သည်။ ရေးပြီးသား ကားကို ပြပွဲ မတင်ဖြစ်ခဲ့သည့် ပန်းချီကျောင်းသား လူထူးလူဆန်းသည် ဘာကြောင့် မောင်မတ်ကို တဝဲလည်လည် ပြန်ရောက်လာတာပါလိမ့်။

ပန်းချီဆရာအိုကြီးများက သူတို့၏ ဒိုမီနို ကစားဝိုင်းမှလွဲပြီး ဘာမှစိတ်မဝင်စား။ အသက် ၂၂ နှစ်တွင် မောင်မတ် အနုသမားဘဝဖြင့် ဟင်နရီသည် လူငယ်ဝိုင်းကို ဝင်ဖို့ အသက်ကြီးလွန်းနေပြီး လူကြီးဝိုင်းနားကပ်ဖို့လည်း ငယ်လွန်းနေ၏။

ဤသို့ဖြင့် သူ၏ ညနေခင်းများသည် ယောင်လည်လည် ညနေခင်းများ ဖြစ်လာသည်။ လူအများထဲတွင် ရောက်နေပြီး တစ်ယောက်ထဲ ငေါင်းစင်းစင်းအဖြစ်ကို ခါးသီးစွာ နားလည်လာ၏။

ဤသို့ဖြင့် ကပွဲရုံတွေ၊ ဆက်ကပ်ပွဲတွေဆီသို့ ခြေဦးလှည့် ဖြစ်လေသည်။ ဆက်ကပ် လူရွှင်တော်များ၊ အလွတ်မြင်းစီးသမားများ၊ နွေလိမ္မာကလေးများ၊ ပန်းရောင်ကိုယ်ကျပ်ဝတ်စုံနှင့် ဘားကျွမ်းသမားများကို သူ သဘောကျသည်။

အထီးကျန် ဝေဒနာ ခံသာသလို ရှိလာချိန်တွင် လေလီလီ နေရာမျိုးကိုပင် သူပြန်ရောက်သည့်အခါ ရောက်သည်။ ထိုင်နေကျ စားပွဲတွင် ခဏတစ်ဖြုတ်ထိုင်သည်။ သို့သော် အတိတ်အကြောင်း ပြန်မတွေးချင်သည်နှင့် ခပ်လောလော ထပြန်တတ်သည်။

ပိုင်ရှင် ပီယာပူဂျားက သူ့ကို ပျူပျူငှာငှာ ကြိုဆိုသည်။ သူ့ဆိုင်က မိန်းကလေးများ အချိုးမပြေသည့်အကြောင်း၊ ခပ်ဆိုးဆိုး နယ်ထိန်းရဲ 'ပါတို' အကြောင်းများ ပြောပြတတ်၏။ ကချေသည်မကလေးတွေ ကတ်ပြားအနီ မပြနိုင်လျှင် စိန့်လေဇာ ထောင်ဆေးရုံသို့ ဖမ်းပို့တတ်ကြောင်းစသည်များလည်းပါ၏။



တစ်ကိုယ်တော်ဘဝဖြင့် စားသောက်ဆိုင်တွင် ထိုင်ရင်း ထိုင်ရင်း အရက်ကို ကြိုက်နေမိကြောင်း ကိုယ့်ကိုယ်ကိုယ် ကျိတ်ပြီး သတိထားမိလာသည်။ တော်တော်များများ သောက်မိသည့်တိုင် နောက် တစ်နေ့တွင် အရက်နာမကျ၊ ခေါင်းမကိုက်။

တချို့လူတွေ တောင်တက်နိုင်ကြသည်။ တချို့ ၆ ပေ အမြင့်ကို မြင်းစီး ခုန်ကျော်ကြသည်။ သန့်ရာ သန့်ရာပေ့ါ။ မိမိက အရက်သောက်နိုင်သည်လေ။

အရက်သည် မိမိအတွက် တစ်စုံတစ်ရာသော အတိုင်းအတာအထိတော့ အကျိုးပြုလေသည်။ အကြောက်တရားမှ ကင်းဝေးစေ၏။ သွားရဲသည့်နေရာကို သွားရဲ၏။

*

ညသည်တစ်ခါတော့ ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ရထားကို အိမ်ရှေ့တည့်တည့်တွင် ထိုးရပ်စေပြီး တံခါးခေါင်းလောင်းကို ဆွဲလှုပ်လိုက်သည်။ သည်အချိန်ကို တမင်ရွေးပြီး လာခြင်းဖြစ်၏။ အလွန် မလိုက်ဖက်သည့် ပျင်းစရာ မိုးဖွဲဖွဲ ညနေခင်း။ သည်အိမ်တွင် လူရှင်းနေလိမ့်မည်၊ ကောင်မလေးတွေ အားနေလိမ့်မည်။

အဝတ်အစား နွမ်းနွမ်းဖတ်ဖတ်နှင့် အမျိုးသမီးကြီး တစ်ယောက် တံခါးဖွင့်ပေးသည်။ သူ့မျက်လုံးများကမျက်ရည်တွေထွက်နေ၏။

"မြန်မြန်ဝင်လေ၊ မိုးတွေ ရွာနေတယ် မဟုတ်လား"

မိန်းမကြီးက ပြောပြောဆိုဆို သူ့ကို ဝင်စေပြီး တံခါးပိတ်ပစ်လိုက်သည်။ ပြီးတော့ သူ့ကို မှတ်မိသွားပုံရ၏။

"မင်း ဒီကို လာဖူးတယ် မဟုတ်လား။ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က သူငယ်ချင်းတွေနဲ့လေ၊ ငါက တစ်ခါမြင်ရင် မှတ်မိတယ်ကွဲ့"

သူခေါင်းညိတ်ပြလိုက်ပြီး အဒေါ်ကြီးလက်ထဲသို့ အကြွေစေ့တစ်စေ့ထည့်ပေးလိုက်သည်။ မနေသခွေ့သွားပုံရ၏။

"အင်း . . လူတိုင်း မင်းလို သဘောကောင်းရင် ငါ အနားယူနိုင်တာကြာလှပေ့ါ၊ မင်းနဲ့ကျုပ်နဲ့ မိတ်ဆွေဖြစ်နိုင်မှာပါ"

အဒေါ်ကြီးက သူ့ကို စွေကြည့်လိုက်၏။ မရွံ့မရဲဖြစ်နေသည့် ပုံစံကို ရိပ်မိပုံရသည်။

"မင်းရောက်လာတာ အချိန်ကောင်းပဲ၊ အပေါ်ထပ်မှာ ဘယ်သူမှ မရှိဘူး။ ကဲ . . ကဲ၊ မင်းသွားနှင့်၊ ကောင်မလေးတွေ ငါ လွှတ်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ ဝင်သွားသည်။ အခန်းထဲတွင် "ကလီယိုပါထရား ရေချိုးခန်း" ကားကြီး ချိတ်ထား၏။ ပေါင်ဒါနှင့် ဆေးလိပ်နံ့က အခန်းထဲတွင် ပျံ့လွင့်နေသည်၊ လေှကားမှ ဆင်းလာသည့် ခပ်သွက်သွက် ခြေသံတွေ ကြားရ၏၊ ညဝတ်အင်္ကျီပါးလွှာလွှာကလေး ဝတ်ထားသည့် ပန်းရောင်ဖိနပ်နှင့် မိန်းကလေးတစ်ယောက် ဝင်လာသည်။ သူ့ကိုမြင်တော့ တုံ့ခနဲ ရပ်သွားပြီး နှုတ်ခမ်းပေါ်မှ အပြုံးပျောက်ကွယ်သွားသည်။ အထိတ်တလန့် ဖြစ်နေသည့် မျက်လုံးများကို လှမ်းမြင်လိုက်၏။ ပြီးတော့ ချက်ချင်းဆိုသလို ထွက်ပြေးသွားတော့သည်။ ရင်ခုန်သံတွေနှင့် ရောနှောပြီး နောက်ထပ်ခြေသံတွေ ကြားနေရ၏။ ရယ်သံစွက်ကာ တီးတိုး တီးတိုးလုပ်လာသည့် မိန်းကလေး တစ်သိုက် ဖြစ်သည်။

လက်တစ်ဘက်က ခန်းဆီးကို ဆွဲဖွင့်လာသည်။ အားလုံး သူတို့ ၅ ယောက်။ မျက်လုံး ၁၀ လုံးက သူ့ထံတွင် စိုက်နေ၏။ ရှက်လွန်းသဖြင့် တစ်ကိုယ်လုံး ပူထူသွားသည်။

"ဟယ် . . ဟင်နရီ ပါလား"

ခပ်တုတ်တုတ် အမျိုးသမီးကို သူအူကြောင်ကြောင် ပြန်ကြည့်နေ၏။ ဝတုတ်မက သူ့ကို ပြုံးကြည့်နေရာမှ

"ရှင် ကျွန်မကို မသိဘူး၊ ဒါပေမဲ့ ကျွန်မရှင့်ကို သိတယ် ဟင်နရီ ကျွန်မနာမည် ဘာ့သ်ပါ။ ရှင့်သူငယ်ချင်း ရာရှူက ရှင့် အကြောင်း ကျွန်မကို ခဏခဏ ပြောတယ်လေ"

သူဘာမှ ပြန်မပြောနိုင်ခင် ဘာ့သ်က နောက်ဘက်လှည့်ပြီး ကောင်မလေးတွေကို ခေါ်လိုက်သည်။

"ကဲ . . လာကြ လာကြ၊ ဘာမှ ပြဿနာမရှိဘူး၊ သူက ပန်းချီဆရာဟဲ့။ ငါ့ ချစ်ချစ်လိုပဲ၊ ပုံတူတွေ ဆွဲတယ်"

စောစောက တင်းမာမှုများ ချက်ချင်း လျော့ပြေသွားလေသည်။ သူထိုင်နေသည့် စားပွဲတွင် မိန်းကလေးတွေ ဝိုင်းထိုင်လာကြ၏။ ဘာ့သ်က တစ်ယောက်ချင်း မိတ်ဆက်ပေးသည်။ ဆံပင်နက်နက်၊ သွားခေါ်ခေါ် ပိန်ရှည်ရှည်၊ ကြွက်မျက်နှာနှင့်တူသည့် ကောင်မလေးဘက်ကို လက်ညှိုး ပြပြီး

"သူက ဗရိုးနစ်၊ အလုပ်လုပ်တာ သိပ်မကြာသေးဘူး၊ သုံးလပဲ ရှိသေးတယ်"

ဗရိုးနစ်က လက်ကမ်းပေးသည်။



"သူ့နာမည်က စူဇန်၊ သူက ဂျင်နီနာ၊ အီတလီမလေ။ ဟောဒါက အင်းနက်၊ သူကတော့ ကြာပြီ၊ ဘာ့သ်နဲ့အတူတူရောက်တာ"

မိန်းကလေးများက သူတို့၏ မလုံ့တလုံ အဝတ်အစားများကို ဘာမှ အမှုမထားဘဲ သူနှင့် လက်ဆွဲနှုတ်ဆက်ကြသည်။ အပြုံးကိုယ်စီဖြင့်၊ ဤသို့ဖြင့် သူတို့၏ ဆက်ဆံရေးမှာ သာမန်လူမှုဆက်ဆံပုံစံမျိုး ဖြစ်သွားလေတော့သည်။ စားပွဲထိုးတစ်ယောက် ဝင်လာပြီး ခပ်ညစ်ညစ် လက်သုတ်ပုဝါတစ်ထည်ကို လုံးထွေးကိုင်ကာ စားပွဲကို ဝတ်ကျေတန်းကျေ သုတ်သည်။ ဟင်နရီက လမ်းတွင် ဝင်ဝယ်လာသည့် စီးကရက်ဘူးကို သူတို့ရှေ့ ထိုးပေးလိုက်သည်။ ပြီးတော့ တစ်ယောက်ချင်း၏ နှုတ်ခမ်းများ ဆီကို မီးညှိပေးသည်။ သည်လို ဂရုစိုက်မှုမျိုးမခံရဖူးသည့် မိန်းကလေး အစ်သိုက်က သူ့ကို အမျိုးကောင်းသမီးများ၏ လေသံဖြင့် ကျေးဇူးစကား ဆိုကြသည်။

သူတို့ကသူ့အောက်ပိုင်းကိုခိုးကြည့်ကြသည်။ အထက်တန်းလူကျ ဝတ်ကောင်းစားလှနှင့် ခြေမသန်သူ လူငယ်၏ ယဉ်ကျေးဖွယ်ရာမှုကို ကရုဏာသက်နေကြ၏။ သူနှင့် တန်းတူရည်တူ မိန်းကလေးများ ရနိုင်ပါလျက် သူတို့ဆီရောက်လာသည့်အတွက်လည်း သဘောကျနေကြ၏။

"မွန်စီယာက ပုံတွေဆွဲတယ် ဟုတ်လား။ ပုံမျိုးစုံ ဆွဲတာပေါ့နော်"

ဗရိုးနစ်က စကားဝိုင်းဖြစ်အောင် စပေးသည်။

ဘာ့သ်က ဝင်ဖြေသည်။

"ငါ့ချစ်ချစ်လိုပဲပေါ့ဟယ်၊ ဒီက မွန်စီယာ ဟင်နရီကလဲ ပုံမျိုးစုံဆွဲတာပေါ့. သူတို့ခေါင်းထဲ ဝင်လာသမျှကို လက်က လိုက်ရေးနိုင်တယ်"

"တစ်ခါတုန်းက ဩစတီးယန်း ပန်းချီဆရာတစ်ယောက်ဆီမှာ ကျွန်မ ကိုယ်ဟန်ပြမယ် လုပ်ပေးဖူးတယ်" ဟု ဂျင်နီနာက အတိတ်ကို ဆင်ခြင်ဟန်ဖြင့်ပြောသည်။ သူ့ပုံစံက ရှေးဟောင်းပန်းချီကားချပ်ထဲက အရုပ်မျိုး။ မျက်တောင် ရှည်ကြီးများက စိုစွတ်စွတ်။ လှိုင်းထနေသည့် ဆံပင်ထူထူများကို ကုပ်ပေါ်တွင် နောက်တွဲတုံးထားသည်။ ဟင်နရီ့ မျက်စိထဲတွင် အီတလီ ကျေးတောသူများနှင့် တူသည်ထင်၏။

အီတလီသံဝဲဝဲဖြင့် သူ့ပန်းချီဆရာ့အကြောင်းကို စားမြုံ့ပြန်ပြနေသည်။

"သူက ပြောတယ်၊ ကျွန်မကို ဆွဲရတာ သူ သိပ်ချွန်တဲ့

www.burmeseclassic.com



ပဲတဲ့။ ပန်းချီဆွဲနေရင်း ကျွန်မဆီလာပြီး ကိုင်ကြည့်လိုက် သူနေရာ ပြ
သွားပြီး ရေးလိုက်နဲ့၊ သိပ်ပျော်စရာ ကောင်းတာပဲ"

စုဇန်က သူ့အမြင်ကို ဝင်ပြောသည်။ သူက တစ်မျိုး။ ပန်းချီ
ဆရာတစ်ယောက်ကို ဖျော်ဖြေဖို့ သူဝန်မလေးပါဘူးတဲ့။ ဒါပေမဲ့ သူ့ရှေ့
ချမ်းချမ်းစီးစီးနဲ့ ကိုယ်ဟန်ပြနေရတဲ့ အလုပ်ကိုတော့ စက်ဆုပ်သည်တဲ့
ရှက်သည်တဲ့။

ဂျင်နီနာက ထပ်ရှင်းသည်။

"အဲဒါ နင်နားမလည်လို့ပါဟာ။ ပန်းချီဆရာတွေဟာ တခြား
ယောကျာ်းတွေလို မဟုတ်ဘူးဟ၊ သူတို့က နင့်ကို သာမန် ယောကျာ်း
တွေကြည့်တဲ့ မျက်လုံးမျိုးနဲ့ ကြည့်တာ မဟုတ်ဘူး . . ဘာနဲ့ တူလဲ ဆို
ရင် . ."

ဘာ့သ်က အဆုံးအဖြတ်ပေးသည့် လေသံဖြင့်

"ဆရာဝန်တွေလိုပေါ့ဟာ။ ဆရာဝန်ရှေ့မှာ ငါတို့ ရှက်နေ
ရမလား။ ပြဆို ပြရတာပဲ၊ ချိန်းတဲ့နေ့သွားရတာပဲ။ ပန်းချီဆရာဆီ
အလုပ်လုပ်ရတာလဲ အဲဒီသဘောပါပဲ"

သူတို့ တစ်ယောက်တစ်ပေါက် ငြင်းနေကြသည်။ ဟင်နရီ
သူတို့ကို ပြုံးပြုံးကြီး ကြည့်နေ၏။ သူတို့ ပျော်နေကြသည်။ ဘီယာစုပ်
လိုက်၊ စီးကရက်ဖွာလိုက်ဖြင့်။ သည်လို ရွှေရောင် အစီခံနှင့် အကော
ဘီး စီးကရက်ကို သူတို့တစ်ခါမှ မသောက်ဖူးကြ။

ဘယ်လိုလဲ၊ သည်မိန်းကလေးတွေ။ မိမိထင်ထားသလို မဟုတ်
ပါလား၊ မကောင်းသည့် အနံ့အသက်တွေ ထွက်မနေပါလား။ ခင်
ချင်စရာကောင်းသားပဲ၊ သဘောကောင်းကြသားပဲ၊ ပြီးတော့ ရိုးသား
လဲ ရိုးကြတာပဲ။ ဒါကို နောက်ကျမှာ သိရခြင်းပါကလား။

"သူက အမြဲတမ်း ပြောပါတယ်၊ ဟင်နရီဟာ သိပ်သဘော
ကောင်းတဲ့ လူတစ်ယောက်တဲ့"

ဘာ့သ်က သူတို့ စကားဝိုင်းထဲမှ ထွက်ပြီး ဟင်နရီ့ကို စိုက်
ကြည့်နေသည်။ သူ့မျက်လုံးပြာများက ပြုံးနေ၏။ သူ စကားဆက်သည်
"သူပြောတဲ့အတိုင်း ဟုတ်တာပဲနော်။ ရှင်က သဘောကောင်း
ပါတယ်၊ သူလဲ သဘောကောင်းရှာပါတယ်လေ၊ ဟုတ်တယ်မဟုတ်လား
ဟင်။ မယ်ဒလင် တီးတဲ့နေရာမှာလဲ တကယ်တော်တာ၊ သူ သီချင်း
ကလဲ နားထောင်လို့ မဝဘူး။ သူဆွဲတဲ့ ကျွန်မပုံတူကို တစ်နေ့ပြပါမယ်



သူ့မျက်လုံးတွေ အတိတ်ဖြင့် ရီဝေနေ၏။

"သူ နေကောင်းပါတယ်နော်"

ဟင်နရီ စိတ်မကောင်းဖြစ်သွားသည်။ ဘာ့သ်သည် စောစော
လို မဟုတ်တော့ဘဲ အသံတွေပင် တုန်နေ၏။

"သူ့ဆီက ဘာသတင်းများ ကြားသေးလဲဟင်။ သူ ကျွန်မဆီ
မရေးနိုင်ဘူး၊ ကျွန်မ လိပ်စာ အမှန်ပေးမထားဘူးလေ။ ဟိုတယ်တစ်ခု
ငွေကိုင်စာရေး လုပ်တယ်လို့ ကျွန်မသူ့ကို လိမ်ပြောထားတယ်"

မျက်လွှာခဏ ချလိုက်၏။

"သူ . . သူ . . ကျွန်မအကြောင်း မသိစေချင်ဘူးလေ . .
က . ."

"နယ်ပြတိုက်မှာ သူလက်ထောက်ပြတိုက်မှူး လုပ်နေတယ်
"

သူ့စကားဆုံးအောင် မစောင့်ဘဲ ဖြတ်ပြောလိုက်သည်။

"ပြတိုက်မှာ . . ဟုတ်လား၊ ပြတိုက်မှာ အလုပ်ရတယ် . .
တ်လား"

ဘာ့သ်က ကောင်မလေးတွေဘက် လှည့်ပြီး

"ကဲ . . ငါမပြောဘူးလား၊ ငါ့ ချစ်ချစ်ဟာ တကယ့် ပန်းချီ
ညာရှင်ပါလို့။ ပြတိုက်မှာ အလုပ်ရသွားပြီတဲ့"

ဇရီးနစ်က အားကျမခံ မျက်ခုံးချီပြီး

"တစ်ခါတုန်းက ငါလဲ ချစ်သူရှိခဲ့ဖူးပါတယ်ဟယ်။ သူက စိုက်
ရေးဌာနက တိုင်းမင်းကြီး။ ငါ့ကို သိပ်ချစ်တာ၊ သူ့သမီးနဲ့ တူလို့တဲ့"

မှောင်စပြုနေပြီဖြစ်၍ စားပွဲထိုးတစ်ယောက် မီးအိမ်ကို ထွန်း
သွားသည်။ ခွက်များထဲသို့ ဘီယာငှဲ့ထည့်ပေးပြီး ထွက်သွားသည်။
နေတော့ ဧည့်သည်တွေ ရောက်စပြုလာ၏။ ကောင်မလေးတွေ သူ့ကို
လေးတစား နှုတ်ဆက်ပြီး ထွက်သွားကြသည်။ ဘာ့သ်တစ်ယောက်
အခန်းထဲ ကျန်နေရစ်၏။

ခုမှ ဧည့်သည်၏လာရင်းကိစ္စကို သတိရသလို ဖြစ်သွားပြီး

"အပေါ်ထပ်တက်မယ် မဟုတ်လား၊ သွားစို့လေ"

ဟင်နရီက ခေါင်းညိတ်ပြီး သူ့နောက်မှ လိုက်သွားသည်။

*

www.burmeseclassic.com

www.burmeseclassic.com

နောက်လများတွင် ဟင်နရီတစ်ယောက်တည်း အထီးကျန်ဆန်နေ ပင်။ သို့သော် ငြိမ်းချမ်းနေ၏။ ရံခါတွင် ပျော်သလိုလိုပင် ဖြစ်နေမိ

ညနေခင်းများတွင် ဖြေပြေရာနေရာသို့ ရောက်သည်။ ဘာ ၏ လမ်းညွှန်ချက်အတိုင်း သူအပေါ် ထပ်တက်သည်။ သူ ထောက်ခံသ မိန်းကလေးများနှင့် နှစ်ပါးသွားသည်။ သူတို့တာဝန်ကျေကြပါသည် သူပျော်အောင် သူတို့ဆောင်ကြဉ်းနိုင်ကြလေသည်။ အမြဲတမ်း သူ လက်ခံ သည့်အတွက် သူ ကျေနပ်နေ၏။

သူတို့ကလည်း မျက်မျက်ကလေးရသဖြင့် သူ့ကို ကြည်ဖြူ သည်။ သူတို့ ရင်ခွင်ထဲတွင် ဟင်နရီသည် နာကျည်းစရာအဖြစ်များ မေ့နေတတ်သည်။ သူတို့ဆီမှ ပညာတွေရသည်။ သူတို့က ဟင်နရီ အားလုံးသင်ပေးသည်။

ပန်းချီကျောင်းတက်စဉ်ကလို အဖော်တွေ ရလာသည်နှင့် မခြ ဖြစ်လာ၏။ သူတို့က အပေးအကမ်း ရက်ရောသည့် ဖောက်သည်တ ယောက်အဖြစ်သာ မဟုတ်ဘဲ တရင်းတနှီး ဆက်ဆံသည်။ ယုံယုံကြည် ကြည် ဆက်ဆံသည်။

သူတို့၏ ဘဝအတွင်းရေးများကို အိတ်သွန်ဖာမှောက် ပြော သည်။ သူတို့၏ မကျေနပ်ချက်များကို ရဲရဲရင့်ရင့် ဖော်ထုတ်သည်။ သူ တို့၏ မျှော်လင့်ချက်များကို အားရပါးရ ဖွင့်ပြောသည်။ စိတ်ကူးယ တာတွေလည်းပါမည်။ မှန်တာတွေလည်းပါမည်။ လူတွေ သူတို့ အကြောင်း သူတို့ပြောဖို့ အရမ်းလိုအပ်နေသည်ဟု သဘောပေါက်လိုက် ၏။ သူတို့ကို ရေမွှေးကောင်းကောင်း၊ စီးကရက် ကောင်းကောင်း ဝယ် ပေးသည်။ ဒိုင်ယာရီထဲတွင် သူတို့ မွေးနေ့တွေကို ရေးမှတ်ထားသည်။ အချိန်ကိုက်မွေးနေ့ လက်ဆောင်တွေ ဝယ်ပို့ပေးသည်။

ဘာ့သ်က သူ့ကို မောင်တစ်ယောက်လို စောင့်ရှောက်သည်။ ရာရှုံးအကြောင်း ပြောကြသည်။ သူ့စတူဒီယိုထဲတွင် ပျော်ခဲ့ကြသည့် အချိန်များကို ဘာ့သ် မမေ့တဲ့နိုင်ပါ။ ပြန်ပြောင်းတသလို့ မဆုံးနိုင်ပါ။ သူဆွဲပေးခဲ့သည့် မိမိပုံတူကားကလေးကို ရွှေဘောင်သွင်းကာ အခန်းထဲ တွင် အမြတ်တနိုးချိတ်ထားသည်။ သည်ကားကလေးကို ဘာ့သ်က မိုနာလီဇာလို သဘောထားသည်။ သည်ကားကို တန်ဖိုးမထားတတ်သည့် ညည့်သည်သည် ဘာ့သ်၏ ရန်သူဖြစ်သည်။

"သူ့ရဲ့ အကောင်းဆုံး လက်ရာပဲ"



ဟု ဟင်နရီ ချီးမွမ်းသည့်အခါ သူ့မျက်လုံးထဲတွင် မျက်ရည် တွေ ဝဲလာကာ ဂုဏ်ယူဝံ့ကြွားစိတ် လှုပ်ရှားသွားဟန်ဖြင့် ပါးပြင်တစ်ခု လုံး နှင်းဆီရောင် ပြေးသွားသည်။

*

မောင်မတ်ကို ပြန်ရောက်လာပြီး တစ်နှစ်ကျော်ကျော်။ သူ သည်အတိုင်း ဘုင်လည်နေသည်။ တစ်ညတွင် မာလီတန်ညကလပ်သို့ ရောက်သွား သည်။ သည်နေရာကို သူ သဘောကျသည်။ မြေအောက်ခန်းဖြစ်၏။ လူများသလို ဆေးလိပ်မီးခိုးလည်းများသည်။ အပေါ်သို့ အသံဗလံ သိပ် ရောက်သဖြင့် ရဲအနှောင့်အယှက်လည်း ကင်းသည်။

ဇာတ်ခုံသေးသေးကလေးပေါ်တွင် ထုံးစံအတိုင်း အနက်ရောင် တော်စုံဝတ်ပြီး အဆိုတော်အရစ္စတိုက်ဘရောင့် သီချင်းဆိုနေသည်။ ဒူးအထိ မြင့်သည့် လည်ရှည်ဖိနပ်ဖြင့်။ ဟင်နရီက ထောင့်ကျကျ စားပွဲ တစ်လုံးတွင် ဝင်ထိုင်ပြီး ကော့ညက် နှစ်ပက် မှာလိုက်သည်။

ဖန်ခွက် လာချချင်း တစ်ကျိုက်တည်း မော့လိုက်သည်။ ပြီးတော့ မလှုပ်မယှက်ငြိမ်ပြီး ခေါင်းမော့၊ မျက်စိမှိတ်ကာ တစ်ကိုယ်လုံး ဆီသို့ ပြန့် ဆင်းသွားသည့် ရီဝေဝေ အနွေးဓာတ်ကို ခံစားနေလိုက်၏။ ခဏနေမှ မျက်လုံးဖွင့်လိုက်သည်။ ကျေနပ်စွာပြုံးပြီး နှုတ်ခမ်းကို လျှာနှင့်လျက်ကာ အရသာခံသေးသည်။ ကော့ညက်၊ ကော့ညက်၊ အင်း . . တယ်လည်း အရသာရှိသကိုး . . ။

အားလုံးနှင့်ရောပြီး လက်ခုပ်တီး ဩဘာပေးလိုက်သည်။ စိတ်ထဲ ပျော်နေ၏။ အဆိုတော် ဘရောင့်က သူ့ကို လှမ်းပြုံးပြသည်။ ဘရောင့် သည် ကဗျာဆရာဖြစ်၏။ ကလပ်ကို လာနေကျ လူတိုင်းနှင့် ရင်းနှီးသည်။

လက်ခုပ်သံများ ငြိမ်သွားသည်နှင့် သူကပရိသတ်ကို နောက် တစ်ပုဒ် ဆိုဦးမည့်အကြောင်း ကြေညာသည်။

"အားလုံးရဲ့ ကြင်နာသော ခွင့်ပြုချက်နဲ့ ကျွန်တော်ဆိုမယ့် နောက်တစ်ပုဒ်ကတော့ ကျွန်တော်ကိုယ်တိုင်ရေးစပ်ထားတဲ့ 'စိန့်လေဇာ' ဖြစ်ပါတယ် ခင်ဗျား"

ပရိသတ် ငြိမ်ကျသွားသည်။

'စိန့်လေဇာသည် ဘရောင့်၏ အကောင်းဆုံးသီချင်းဖြစ်ကြောင်း သူကိုယ်တိုင်ကော ပရိသတ်ကပါ လက်ခံထား၏။ ကြေကွဲဖွယ် ကေးသံ

www.burmeseclassic.com

www.burmeseclassic.com

စဉ်သည် မောင်မတ်တခွင်မှ မိန်းကလေးများ၏ အသည်းနှလုံးကို အရည် ပျော်ကျစေခဲ့၏။

မောင်မတ်သို့ ရောက်လာသည့် ချစ်စရာ မိန်းမချောကလေး တစ်ယောက် အကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်၏။ သူကလေးသည် လောဘရမ္မက်ကြောင့် ရောက်လာခြင်းမဟုတ်ပါ။ ဝါသနာ ပါ၍ ရောက် လာခြင်းမဟုတ်ပါ။ လက်ကြောမတင်း၍ ရောက်လာခြင်း မဟုတ်ပါ။ အသည်းကွဲလို့ ရောက်လာခြင်းဖြစ်သည်။

ရဲက ထုတ်ပေးထားသည့် ပြည့်တန်ဆာ လုပ်ငန်းလိုင်စင် အနီ ကတ်ပြားကလေးမပြနိုင်၍ အဖမ်းခံရ၊ နောက် နာမည်ကျော် ထောင် ဆေးရုံသို့ အပို့ခံရ၊ မောင်မတ်က မိန်းကလေးများလို အပျော်မကလေး များအတွက် 'စိန့်လေဇာ' ထောင်ဆေးရုံက နာမည်ဆိုးနှင့် ကျော်ကြား သည့် ဆေးရုံ။ သည်အခြေအနေတွင် မိန်းမချောကလေး ပြန်စဉ်းစား သည်။ အဖြစ်ဆိုးများကိုရော၊ သူ့ကိုပါ သတိရလာသည်။ စုဆောင်းထား သမျှ အားလုံး ယူသုံးပစ်သည့် ချစ်သူ။ ခုတော့ သူ့ကို ဝိုင်ဖိုး ဘယ်သူ ပေးပါမည်လဲ၊ သူ့အတွက် ခေါင်းလိမ်းဆီဖိုးကော . . ။

ချစ်သူဆီသို့ လက်ရေးသီသီဖြင့် စာတစ်စောင်ရေးသည်။ စာလုံးပေါင်းကလေးတွေ အမှားမှား အယွင်းယွင်းဖြင့်။ သို့သော် သူ့စာ ကလေးမှာ ချစ်ရနံ့ဖြင့် မွှေးပျံ့နေ၏။ ဘယ်ရွှေ့ဘယ်မျှ လွမ်းတနေရ ကြောင်းများ။

"ဒါပေမဲ့ အသက်တမျှ ချစ်ရတဲ့ မောင်ရေ . . မကြာခင် လှောင်ချိုင့်ထဲက တဖန်လွတ်ရမည် မသွေ . . ခေတ်တိုင်အောက်ကို အရောက်ပြန်ပြေးလာမည်လေ . . ကုန်ဆုံးခဲ့သမျှအချိန်တွေ . . "

ကြေကွဲစရာ အဖွဲ့အစပ်များဖြင့် လမ်းပေါ်မှ မိန်းကလေးတစ် ယောက်၏ သစ္စာတရားကို ပရိသတ် ငြိမ်ပြီး နားထောင်နေသည်။ မိန်းကလေးတချို့ထံမှ ရှိုက်သံသဲ့သဲ့ ထွက်လာသည်။

သီချင်းဆုံးသွားတော့ လက်ခုပ်သံများ၊ ငိုရှိုက်သံများ၊ နှပ်ညှစ် သံများ ရောထွေးသွားသည်။ ဘရောင့်က ပရိတ်သတ်ကို ဦးညွှတ်နှုတ် ဆက်ပြီး စင်ပေါ်မှ ဆင်းလာ၏။ ဟင်နရီ့စားပွဲသို့ တည့်တည့်မတ်မတ် လျှောက်လာသည်။ နဖူးက ချွေးတွေ သုတ်ရင်း ဝင်ထိုင်သည်။

"ကျွန်တော် ဒီသီချင်းဆိုတိုင်း ရှိသမျှ အားအင်တွေ ကုန်ခန်း သွားသလိုပဲဗျ၊ ကျွန်တော့်ရင်ထဲက ဆိုခဲ့တဲ့ သီချင်းလေ"



ဟင်နရီ ယုံပါသည်။ ပြုံးစုံ့ဖို့ ဆုံးဖြတ်လိုက်၏။

"ကျွန်တော် ခင်ဗျားကို အရက်တိုက်ပါရစေဗျာ"

"ဗျာ . . အရက် . . ဟုတ်လား။ မဟုတ်တာ မွန်စီယာရယ်၊ ကျွန်တော်က ခင်ဗျားကို တိုက်ရမှာဗျ၊ တကယ်ပြောတာ"

သူက စားပွဲထိုးဘက်လှည့်ပြီး

"ဟော့ ဂျက်၊ မွန်စီယာအတွက် ကော့ညက်တစ်ခွက် ယူခဲ့ပါဦး ကွာ"

ဟင်နရီ အံ့ဩနေသည်။ သို့သော် မကြာခင် ရှင်းသွားသည်။ 'စိန့်လေဇာ' ဓာတ်ပြား ထွက်တော့မည်တဲ့။

"အဲဒီတော့ မွန်စီယာ ကျွန်တော့်ကို အကူအညီ ပေးနိုင်မလား ဟင်၊ သိပ်ကြီးကြီးကျယ်ကျယ်မဟုတ်ပါဘူး၊ အချိန်လဲ သိပ်မကုန်ပါဘူး၊ ကျွန်တော့်ဓာတ်ပြားအတွက် ပုံကလေးတစ်ပုံလောက် ဆွဲပေးဖို့ပါပဲ။ သိပ် တော့ မပေးနိုင်ဘူး မွန်စီယာ၊ ကဗျာဆရာဆိုတာ အမြဲငတ်နေတာဗျ၊ မွန်စီယာ သိပါတယ်"

မောင်မတ်တွင် အလားအလာ အကောင်းဆုံး စားသောက် ဆိုင်ကြီး တစ်ဆိုင်၏ ပိုင်ရှင်အဖြစ်ကို သူထည့်မပြော။ ဟင်နရီကတော့ သူ့ကို ကဗျာဆရာ တစ်ယောက်အဖြစ်ပဲ နားလည်ထားလိုက်၏။

"ငွေရေး ကြေးရေး ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော် လုပ်ပေးရ မှာပေါ့"

၂ ရက် ၃ ရက်အတွင်း ပုံရေးပြီးသွားသည်။ ဘရောင့်ကို ပေးပြီးနောက် ဟင်နရီ မေ့သွားတော့၏။

*

ဟင်နရီ ရေးပေးလိုက်သည့် ကြော်ငြာ ပန်းချီကားချပ်သေးသေးကလေး ကြောင့် 'စိန့်လေဇာ' သည် ဟုန်းခနဲ ဖြစ်သွား၏။ အဆိုတော် ကဗျာ ဆရာ ဘရောင့်ရော၊ ဓာတ်ပြား ကုမ္ပဏီပါ ချမ်းသာသွားကြ၏။ မောင်မတ် မိန်းကလေးများ၏ မျက်ရည်ပေါက်များကို အရင်းပြုပြီး သူတို့ငွေတွေ သဲ့ယူသွားကြခြင်းဖြစ်သည်။

ဟင်နရီအတွက် ငွေတစ်ပြားတစ်ချပ်မှမရ။ သို့သော် သူ့ဘဝ အတွက်မူ အချိုးအကွေ့တစ်ခု ဖြစ်သွားခဲ့၏။ လက်လှမ်းမမီနိုင်အောင် မြင့်မားသည့် ပန်းချီလောကသည် ဓာတ်ပြားတစ်ချပ်၏ ဘူးခွံပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com

အောက်တန်းကျကျ ပုံကလေးများကို ဘယ်တုန်းကမှ ငုံ့မကြည့်ခဲ့ကြပေ။ ခုတော့ ဟင်နရီ့ပုံကြောင့် သူတို့တတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"သမဏကိုရှည်ကြာခဲ့ပြီဖြစ်သည့် ပြည့်တန်ဆာ ပြဿနာကို နက်နက်နဲနဲ၊ ခါးခါးသီးသီး ဖော်ကျူးရေးဖွဲ့သွားသည့်ပန်းချီ . . ."

"အမည်မသိ ပန်းချီဆရာတစ်ဦးက သူ့ကိုယ် သူ ယုံကြည်မှု အပြည့်ရှိသည့်လက်၊ အံ့သြစရာကောင်းလောက်အောင် ထိုးထွင်းသိမြင်သည့်လက်ဖြင့် . . ."

"သည် လူငယ်ပန်းချီဆရာ၏ နောင်လာမည့်ကားတွေကို ပန်းချီချစ်သူတိုင်း ဂရုတစိုက် စောင့်ကြည့်ကြရလိမ့်မည်"

မကြာခင် ဘရောင့်တစ်ယောက် ထပ်စွဲပြန်သည်။ နောက်ဓာတ်ပြားတစ်ချပ် ထပ်ထုတ်ရသည်။ ထုံးစံအတိုင်း အလွန်အကူအညီအပေးအကမ်း ရက်ရောသော၊ ကဗျာဆရာများကို အလွန်နားလည်သော ပန်းချီဆရာ ဟင်နရီ့ဆီသို့ အကူအညီ တောင်းပြန်သည်။

သည်တစ်ခါလည်း ဝေဖန်ရေးဆရာတွေ မျက်ကလူးဆံပြာဖြစ်ကြပြန်၏။ အပြေးအလွှား ရေးသားကြပြန်သည်။ 'သမားရိုးကျ သဘာဝ ပုံတူရေးဟန်မျိုးမဟုတ်သော' 'ပြင်းထန်ရဲရင့်စွာ အမှန်တရားဖော်ထုတ်သော' 'အရွယ်ငယ်သော အတွေးရဲသော' စသည့် နာမဝိသေသနများကို သူ့နာမည်ရှေ့မှာ ထားပြီးရေးသားကြ၏။

သူ့ကျော်ကြားမှု အထွတ်အထိပ်ရောက်သွားသဖြင့် အပျော်ကြီးပျော်နေသည့် ဘရောင့်က ဟင်နရီ၏ မူရင်းကားကလေးများကို သူ့စားသောက်ဆိုင်တွင် ချိတ်ထားသည်။ ဝေဖန်ရေးဆရာများ၊ ပန်းချီသမားများဖြင့် သူ့ဆိုင် ပိုစည်ကားလာ၏။

ခုတော့ လမ်းထဲတွင် ဟင်နရီကို မှတ်မိသူများက ဦးထုပ်ကိုလက်နှင့်ထိကာ နှုတ်ဆက်ကြ၏။ ပင်မင်းဆိုင်အလုပ်သမကလေးများကလည်း သူတို့ပြတင်းပေါက်များမှ လက်ပြနှုတ်ဆက်ကြ၏။ စားသောက်ဆိုင် စားပွဲထိုးများက သူ့ကို ပို၍ ရိုကျိုးလာကြ၏။ မဂ္ဂဇင်းအယ်ဒီတာများလည်း သူ့ဆီ ပုံတောင်းဖော်ရလာ၏။

သို့သော် 'ကျွန်တော်တို့ မဂ္ဂဇင်းက ထုတ်စမို့ ပန်းချီခတော့ မပေးနိုင်သေးပါဘူး' ဟု နိဒါန်းပျိုးတတ်ကြ၏။

"နောင်တော့လည်း . . နောင်တော့လည်း တစ်မျိုးပေါ့ဗျာ"



နောက်တောက်တောက် ကတိမျိုးပေးတတ်၏။ ဟင်နရီက ငွေရေး ကြေးရေး လုံးဝမပြော။ ရေးစရာရှိတာ ရေးပေးလိုက်သည်သာ။ အချို့ မဂ္ဂဇင်းများ ၃ အုပ်လောက်ထုတ်ပြီး ပြုတ်ကြ၏။ သို့သော် နောက် အသစ်များ သူတို့ နေရာတွင် ဝင်လာကြသည်သာ။

ငွေမရသော်လည်း သူ့လက်ရာတွေ၊ လူထုထဲ ပြန့်စပြုလာသည်။ တစ်ပြိုင်တည်းတွင် ပန်းချီပွဲစားတွေ သူ့ဆီ ရောက်စပြုလာ၏။ ပထမတန်းစား ဆိုင်ကြီးများကတော့ မဟုတ်ကြ။ လမ်းဘေးဆိုင်များမှ ပွဲစားပေါက်စများဖြစ်၏။ ပေါချောင်ကောင်းလိုက်နှိုက်သည့် တစ်ဆင့်ခံများ ဖြစ်၏။

အဖြီးအဖြန်း အမြှောက်အပင့်များဖြင့် ကပ်ဝယ်ကြ၏။ ငွေကြေးစကားမပြောသူ ပန်းချီဆရာသည် သူတို့အတွက် ထန်းလျက်အိုးကြီးဖြစ်နေ၏။ ရေးပြီးသား ကားတွေ တပွေ့တပိုက်ကြီးနှင့် ပြန်သွားလျှင် ငွေရပြေစာတောင်းဖို့ပင် သူတို့ သတိမရကြ။

"သူတို့တွေဟာ သူခိုးတွေ မွန်စီယာ၊ သူခိုးတွေ"

မဒမ်လူဘေးက မနေနိုင်သဖြင့် ကြားမှ ဝင်ပြောသည်။ သူက အဒေါ်ကြီးကို နှစ်သိမ့်သည်။ ကိစ္စမရှိကြောင်း၊ သည်ကားတွေမှာ အပျော်တမ်းဆွဲထားသည့် ကားတွေဖြစ်ကြောင်း စတူဒီယိုမှာ နေရာ ကျပ်လွန်းနေကြောင်းများဖြင့် ဖျောင်းဖျရသည်။

တစ်နေ့တွင် ဂေါ်ဇီနှင့် အောင်ကက်တန် မမျှော်လင့်ဘဲ ပေါက်ချလာသည်။ သူ့ပုံတွေကို သူတို့ မြင်ပြီးပြီတဲ့။ မောင်မတ် တစ်ခွင်လုံး သည်အကြောင်းပဲ ပြောနေကြသည် မဟုတ်လား။

ကော်မွန်ဆိုတဲ့ သူတောင်းစားကြီးတွေ့ရင် ဘာပြောမလဲ။ ဘာရိုယာကို မှတ်မိသေးလား။ အာဂိုစတီးနာကိုရော။ သည်လို ရှေးဖြစ်ဟောင်းကြောင်းများလည်း ပြောဖြစ်ကြ၏။

မဂ္ဂဇင်းတွေနှင့် ဘယ်လို အဆက်ရသည်ကိုလည်း သူတို့မေးသည်။ ဝေဖန်ရေးဆရာတွေကို ပိုက်ဆံပေးရသေးလားလည်း မေး၏။ သူတို့ လက်ရာတွေကို ကြည့်ဖို့ ပြောပေးနိုင်မလားလည်း မေးကြ၏။ ပြီးတော့ နောက်လ်တွင် တစ်ရက်လောက်ဆုံပြီး ဘီယာသောက်ကြဖို့လည်း အကြံပြု၏။

တစ်နေ့တော့ ပီဆာရိုရောက်လာသည်။ အင်ပရက်ရှင်နစ်တို့၏ ကျောင်းအုပ်ကြီးသည် ပေပေတေတေ သိုးကျောင်းသားတစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com

တုနေ၏။ မဒမ်လူဘေးကို တလေးတစား ဦးညွှတ် နှုတ်ဆက်သည်။ ပြီးတော့ မီးလင်းဖိုနံဘေးတွင် ရပ်လျက် လက်တွေကို မီးကင်သည်။ ခါတ်ပြားကုမ္ပဏီအတွက် ရေးပေးသည့် ပုံတွေနှင့် မဂ္ဂဇင်း ပန်းချီတွေ စိတ်ဝင်စားဖို့ကောင်းကြောင်း ပြောသည်။

"ဒေဂါးလဲ သဘောကျနေတယ်ကွ။ သူက မင်းနဲ့တွေ့ချင်တယ်တဲ့။ လာမယ့်အပတ်ထဲမှာ သူ့ဆီ ညစာလာစားဖို့ဖိတ်လိုက်တယ်။ မင်းရေးထားတဲ့ ပုံကြမ်းတွေလဲ ကြည့်ချင်တယ်တဲ့။ ရှိရင် ယူသွားပေါ့ကွာ။ အလင်္ကာဟာတွေလို့ပြောချင်လဲ ပြောလိမ့်မယ်။ ဒါပေမဲ့ သူပြောတာ တစ်ခုမှ မင်းအမှန်လို့ မယူဆနဲ့"

ဘယ်တုန်းကမှ သူ့ကို ဂရုမစိုက်ခဲ့သူများသည် ကဖေးဆိုင်တွင် တွေ့လျှင် သူ့စားပွဲကို ရောက်လာတတ်ကြသည်။ အတင်းမိတ်ဆက်ပြီး ဘယ်မဂ္ဂဇင်းက ပုံကို ဘယ်လိုကြိုက်ကြောင်းပြောကြသည်။ အချို့မှာ သူတို့ကိုယ်တိုင် ပန်းချီဆရာများဖြစ်ပြီး သူ့ကို ဘီယာတိုက်ကြ၏။

မောင်မတ်တွင် သည်လို လူတွေက များလှသည်။ လမ်းခုလတ်တွင် တန့်နေကြသည့် ပန်းချီဆရာတွေ၊ ပန်းပုဆရာတွေ၊ စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ အားလုံး သုံးဆယ်ဝန်းကျင်တွေဖြစ်၏။ တော်လှန် ပန်းချီအုပ်စုက သူ့ကို ကြိုဆိုကြသည်။ သူ့မဂ္ဂဇင်းပုံတွေ တစ်နေ့တခြား လူကြိုက်များလာသည်။ သူဝုန်းခနဲ နာမည်ကြီးလာ၏။

ပန်းချီကောင်စီတွင် အလုပ်အမှုဆောင်အဖြစ် အရွေးခံရ၏။ သူ့နာမည်သည် ရှုတ်ချည်းမောင်မတ်သူ မောင်မတ်သားတို့၏ နှုတ်ဖျား တွင် ရေပန်းစားလျက် ရှိတော့သည်။

ဤသို့ မမျှော်လင့်သည့် အဖြစ်များ ကြားတွင် ပို၍ မမျှော်လင့် သည့် အကြောင်းတစ်ခုနှင့် ကြုံရပြန်၏။

*

အခန်း(၁၀)

"ဟေး . . မောရစ်"

တံခါးဝတွင် ဘွားကနဲ ပေါ်လာသော အရပ်မြင့်မြင့်၊ လူချော ချောတစ်ယောက်ကို ဟင်နရီ ဝမ်းသာအားရ အော်ခေါ်လိုက်ခြင်းဖြစ် ၏။ သူ့နှုတ်ခမ်းမွေးက သီအိုဗန်ဂိုး၏ နှုတ်ခမ်းမွေးမျိုး။

မျက်လုံးများက ဟိုတုန်းကအတိုင်း ပြာလဲ့လဲ့။ မျက်နှာသွင်ပြင် ကား လေးလေးနက်နက်။ ကြင်နာတတ်သော၊ သစ္စာရှိသော၊ သွေးအေး သော မျက်နှာမျိုး။

"ဟင်နရီ"

သူတို့နှစ်ယောက် အတင်းပွေ့ဖက်နှုတ်ဆက်နေကြ၏။ဟင်နရီ့ ကို သည်လိုပုံစံဖြင့် မဒမ်လူဘေးတစ်ယောက် တစ်ခါမှ မမြင်ဖူးခဲ့။ နှစ် ယောက်သား ဆွေ့ဆွေ့ခုန် ဝမ်းသာနေကြ၏။

"အဒေါ်ရေ . . ဟောဒါ ကျွန်တော့်အချစ်ဆုံး သူငယ်ချင်း ဟောင်း [illegible]သောက်ရဲဘော် မောရစ်ဗျ။ မောရစ်ယိုးယန့်တဲ့၊ ကျွန်တော်တို့ ကွဲ ကွာကြတာ ၁၅ နှစ်ရှိပြီ . ."

ဟင်နရီက အမောတကော မိတ်ဆက်ပေးသည်။ သူ အရှုံး ပေးနေသည်။ သူ အူမြူးနေပုံကို ကြည့်ပြီး မဒမ်လူဘေး ကျေနပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်သို့ အပြေးအလွှား ဆင်းခဲ့ပြီး လက်ဖက်ရည် နှစ်ခွက် ဖျော်သည်။

နောက်တစ်နာရီကြာတော့ လူရှင်းသည့် စားသောက်ဆိုင်ကလေးတစ်ဆိုင်တွင် ထိုင်ပြီး ထူးဆန်းအံ့ဩဖွယ် ကောင်းလှသည့် ပြန်လည်တွေ့ဆုံပုံကို မောရစ်က ပြောပြနေသည်။

"တကယ့် တိုက်ဆိုင်မှုပဲကွာ။ ငါ အယ်ဒီတာ လုပ်နေတယ်ဆိုတာ မင်းကို ပြောပြီးပြီနော်။ နေ့လည်က ငါ့ရဲ့ 'ပါရီရှပ်စုံ' မဂ္ဂဇင်းအတွက် ဂယ်လီ တွေပိုက်ပြီး ပုံနှိပ်စက်ကို ငါသွားတယ်။ နောက်လထုတ်အတွက်လေ။ လစ်သိုခန်းကိုဖြတ်ပြီး ပရှဖ်ဖတ်ဖို့ အသွားမှာ ပုံတစ်ပုံကို ငါလှမ်းမြင်လိုက်တယ်။ ပုံထောင့်က လောထရက်ဆိုတဲ့ မင်းလက်မှတ်ကို ငါလှမ်းတွေ့တော့ မင်းပဲ ဖြစ်ရမယ်လို့ ငါအတတ်တွေးလိုက်တယ်။ ငါက မင်းကို အာလ်ဘီမှာပဲ ထင်နေတာ၊ ဒါပေမဲ့ ပါရီရောက်နေနိုင်တယ်လို့ တွေးပြီး ငါမပြေးရုံတမယ် လျှောက်စုံစမ်းတယ်လေ။ နောက်ဆုံး မြဲ့စားကတော်ကြီးနေတဲ့ လိပ်စာကို စုံစမ်းပြီး ရရချင်း ငါပြေးချသွားတယ်၊ ကိုးဇက်ကြီး တံခါးလာဖွင့်ပေးတယ်ကွ၊ မယ်တော်ကြီးဆီက လိပ်စာရရချင်း ငါ မင်းဆီပြေးလာတာပဲ . . "

ဤသို့ဖြင့် ၁၅ နှစ်ကြာပြီးနောက်မှ မောရစ်သည် ဟင်နရီ၏ဘဝထဲသို့ တစ်ဖန် ပြန်လည် ဝင်ရောက်လာခဲ့လေသည်။

တစ်နေ့တွင် မမျှော်လင့်သည့် စကားတစ်ခွန်း မောရစ်ဆိုလာသည်၊ သူလည်း ပန်းချီဝါသနာပါသည်တဲ့၊ ပန်းချီခန်းဖွင့်ပြီး ပန်းချီကားအရောင်းအဝယ် လုပ်ချင်သည်တဲ့။

ဟင်နရီက ဆေးစပ်ပျဉ်ချပ်ကို လက်မှာကိုင်ပြီး ချာခနဲ လှည့်ကြည့်သည်။

"ဘာ . . မင်းက ပန်းချီပွဲစားလုပ်မယ် ဟုတ်လား။ အစိပ္ပာယ်မရှိတာကွာ၊ တစ်နေ့မှာ မင်းဟာ ရောင်းအရွဲဆုံး မဂ္ဂဇင်းတစ်စောင်ရဲ့ အယ်ဒီတာချုပ်ဖြစ်လာမယ့်ဟာကို။ မင်းရူးနေသလား မောရစ်၊ အဲဒီ လုပ်ငန်းဟာ ပန်းချီဆရာတွေရဲ့ ဘဝလိုပဲ၊ မစွံပါဘူးကွာ၊ ပြင်သစ်တစ်နိုင်ငံလုံး ပန်းချီဆွဲနေကြပြီး ကားဝယ်မယ့်လူကျတော့ တစ်ယောက်မှ မရှိဘူး"

*



ဤသို့ဖြင့် ၁၈၈၈ ခုနှစ် နွေဦးသည် ပျော်ဖွယ်ရာအတိ ကုန်ဆုံးလျက်ရှိ၏။ ဟင်နရီ့အတွက် အပျော်ဆုံးကာလများ ဖြစ်လေသည်။ အရာတိုင်းကို သူ ကျေနပ်ရောင့်ရဲနေ၏။

လာမည့်နှစ်သည် တော်လှန်ရေးကြီး အောင်မြင်သည့် ရာပြည့်နှစ်ဖြစ်သည်။ ဘက်စ်တဲယိုင်းခံတပ်ကို တော်လှန်ရေးသမားတို့ သိမ်းပိုက်ခဲ့သည်မှာ နှစ်တစ်ရာပြည့်ခဲ့လေပြီ။ အစိုးရက ရာပြည့်ပွဲတော်ကြီးကို မကြုံဖူးအောင် ခြိမ့်ခြိမ့်သဲကျင်းပဖို့ စီစဉ်နေ၏။ မဟာအောင်ပွဲကြီး၏ ရာပြည့်အထိမ်းအမှတ်ကို ကမ္ဘာနှင့်အဝန်းလာရောက် ပျော်ရွှင်နိုင်အောင် ပြင်ဆင်နေ၏။

သတင်းစာကြီးများကလည်း အမျိုးမျိုး လှုံ့ဆော်ရေးသားနေကြ၏၊ ကမ္ဘာပေါ်တွင် အမြင့်ဆုံး ဖြစ်လာမည့် အီဖယ်မျှော်စင်ကြီးကို အပူတပြင်း တည်ဆောက်နေ၏။

မောင်မတ်ရပ်ကွက်သည်လည်း ပျော်စရာအဖုံဖုံနှင့် ပြည့်စုံနေ၏။ လာမည့် ရာပြည့်ပွဲတော်ကြီးကြောင့်မဟုတ်၊ ချစ်စရာ နွေဦးကို ရောက်လာသောကြောင့် ဖြစ်၏။ တာဝန်ကျရဲများသည်ပင် သဘောကောင်းနေကြ၏။ တော်ရှုံကိစ္စများကို မမြင်ဟန်ဆောင်နေကြ၏။

မကြာခင် အချိန်အတွင်း နွေပီပီ ကာလသို့ ဝင်လာခဲ့သည်။ နွေ၏ ဥပစာတွင် မုတ်ဆိတ်မွေးဝလပြစ်နှင့် ဘီယာလာသောက်သူပန်းချီဆရာတွေများသည်ထက် များများလာ၏။ ဦးထုပ်ကြီးများနှင့် ယပ်တောင်ခတ်ရင်း ဘီယာစုပ်နေကြ၏။ မိသားစုများသည် တိုက်ခန်းခုံတာတွင် ထွက်ပြီး အေးအေးလူလူ စားကြ သောက်ကြရင်း အခန်းနီးနားများနှင့် စကားစမြည်ပြောကြ၏။ ဒိုဘီသမကလေးများက ချွေးစေးလုံးလုံးနှင့် အလုပ်ရှုပ်နေကြ၏။

ဗီရှီရထားလုံး မြင်းလှည်းဆရာများက ဇက်ကြိုးကို ကိုင်ရင်းအိပ်ငိုက်နေကြ၏။ မြင်းကြီးတွေကို ကောက်ရိုး ဦးထုပ်ကြီးတွေ ဆောင်းပေးထားကြ၏။ လမ်းပေါ်တွင် ချယ်ရီတွေ ဝေနေအောင် ပွင့်နေကြပြီ။ ခုံသူများက အမှောင်ရိပ်တွင် လွတ်လွတ်လပ်လပ်။ မြီးကောင်ပေါက်ခါသည်မကလေးများက သွားရင်းလာရင်း ကင်ကင်အက က သူ ကနှင့်၊ ဤသည်မှာ ခေတ်အဆက်ဆက် တေလေတို့၏ ဘုမ်နက်သန်အပျော်မကလေးတွေ ထူပြောလှသော မောင်မတ်ဖြစ်လေသည်။

www.burmeseclassic.com



သို့သော် ခုတော့ မောင်မတ်သည် အပြောင်းအလဲ တစ်ခုဆီသို့ ဦးတည်နေလေပြီ။

*

မောင်မတ်၏ အသွင်အပြင်ကို ပြောင်းလဲပစ်မည့် လူတစ်ယောက် ပေါ်လာ၏။ သူ့ကို ဘယ်သူမှ သတိမထားမိကြ။ မောင်မတ်တစ်ခွင်တွင် သူ ကျက်စားနေသည်မှာ ကြာပြီ။

လေလီတွင် ပုံကြမ်းတစ်ခု အပြီးသတ်နေစဉ် သူက ဟင်နရီနှင့်လာပြီး မိတ်ဆက်သည်။ လူက ထောင်ထောင်မောင်းမောင်း၊ ဆံပင်ပါးပါး၊ နှုတ်ခမ်းမွေးနှင့်။

"ကျွန်တော့်နာမည် ဇစ်ဒလာပါ၊ ချားလ်စ် ဇစ်ဒလာပါ"

"ဝမ်းသာပါတယ် မစ္စတာဇစ်ဒလာ၊ ကျွန်တော့်နာမည် တူလုစ်လောထရက်ပါ။ ထိုင်လေ၊ ဗိုင်ပူလေး ဘာလေး သောက်ပါလား"

ပုံကို အပြီးသတ်နေရင်း ဟင်နရီ ပြန်ပြောလိုက်သည်။ လူစိမ်းက မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော် သောက်ပြီးပါပြီ"

သူက ဟင်နရီ ပုံဆွဲနေသည်ကို ထိုင်ကြည့်နေ၏။

"ကျွန်တော် ဒီကို ရောက်တာ တစ်လပြည့်ပြီခင်ဗျ . ."

သူ့လေသံကို နားထောင်ပြီး ဟင်နရီ မေးလိုက်သည်။

"ခင်ဗျား ဩစတြီးယန်းလား။ ကျွန်တော့် အချစ်ဆုံး သူငယ်ချင်းတစ်ယောက်ရှိတယ်ဗျ၊ သူ့နာမည်က မောရစ်တဲ့။ မောရစ်ယိုးယန့် သူက မူးလ်ဟောက်စ်ဇာတိဗျ၊ သိမလား မသိဘူး"

သူ ခေါင်းယမ်းပြသည်။

"ကျွန်တော်က အယ်ဆက်မှာ မွေးတာ။ မသိလောက်ဘူးခင်ဗျ၊ ကျွန်တော်တို့က ဆင်းရဲပါတယ်။ အသက် ၂၀ ကျော်မှ ကျွန်တော် စာရေးစာဖတ်တတ်တာပါ"

ဒီလူ ဘာရည်ရွယ်ချက်နဲ့ ဒါတွေလာပြောနေတာပါလိမ့်ဟု ဟင်နရီ တွေးနေသည်။ သူ စကားဆက်၏။

"စောစောကပြောသလို ကျွန်တော် ဒီဆိုင်ကို ညနေတိုင်း ရောက်တာ တစ်လရှိပြီ။ ခင်ဗျားကင်ကင်အကကို စိတ်ဝင်စားတယ်၊ အဲဒီကပာန်တွေ ဆွဲတယ်ဆိုတာ ကျွန်တော် သတိထားမိတယ်။ ကျွန်တော်လဲ ကင်ကင်ကို စိတ်ဝင်စားနေလို့ဗျ"



သူက လေသံနိမ့်ပြီး

"အဲဒီ ကင်ကင်ကနေ ငွေတွေ အများကြီး ရနိုင်တယ်ဗျ"

"ဗျာ"

ဇစ်ဒလာက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ဒါပေမဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာ သိမှနော်"

"ဆိုပါဦး"

ဇဝေဇဝါဖြစ်နေသည့် ဟင်နရီ့မျက်နှာကို ကြည့်ပြီး လူစိမ်းက ဆဲဟက်ဟက်ရယ်လိုက်သည်။

"ဘယ်လို တီထွင်ဆန်းသစ်ရမယ်၊ အဲ . . ဘယ်လို စွံအောင် လုပ်ရမယ်ဆိုတာ သိရမယ်လေ။ ကျွန်တော် အဲဒီလောကထဲမှာ နေလာတာ နှစ်ပေါင်း ၂၀ ရှိပြီ၊ လောလောဆယ် ပါရီ ဆပ်ကပ်မှာ ကျွန်တော် ဒါရိုက်တာ လုပ်နေတယ်"

ပြောပြောဆိုဆို သူက သူ့နာမည်ကတ်ပြား ထုတ်ပေးသည်။ ဟင်နရီ သဘောကျသွား၏။ ပါရီဆပ်ကပ်မှာ အကြီးဆုံး ဆပ်ကပ် အဖွဲ့ကြီးဖြစ်သည်။ ထိုနေ့ညမှာပင် ဆူဆူညံညံ သန်းခေါင်ယံ မောင်မတ်တွင် ဇစ်ဒလာက သူ့စီမံကိန်းကြီးကို အသေးစိတ်ရှင်းပြသည်။

ဘီယာခွက်ကို စားပွဲပေါ် ပြန်ချပြီး ဘီယာမြှုပ်တွေ ပေကျံနေသည့် မုတ်ဆိတ်ကို လက်နှင့်သုတ်ရင်း စကားဆက်သည်။

"ကျွန်တော် တကယ်ပြောနေတာ၊ ကျွန်တော် လမ်းသစ် ရှာနေတာ တစ်နှစ်ကျော်ပြီ။ ထူးခြားရမယ်၊ ပြီးတော့ ကျွန်တော် မီလျံနာဖြစ်ရမယ်"

"ဗျာ . . မီလျံ၊ ဟုတ်လား၊ ခင်ဗျား ဘာလို့ ငွေတွေဒီလောက်လိုတာလဲဟင်"

"ဒီအတိုင်း နေသွားရင်တော့ ဒါလောက် မလိုဘူးပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော်က မီလျံနာ ဖြစ်ချင်တာကိုး"

"ကင်ကင် အက က ခင်ဗျားကို မီလျံနာဖြစ်အောင် လုပ်ပေးနိုင်တယ်ပေါ့၊ ဟုတ်လား"

သူက အေးအေးဆေးဆေးအမူအရာဖြင့် ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ကင်ကင်က ကျွန်တော့်ကို မီလျံနာဖြစ်အောင် လုပ်ပေးနိုင်တယ်"

www.burmeseclassic.com

"ကဲ . . ဒါဆို အဲဒီအတွက် အထိမ်းအမှတ်နဲ့ ထပ်သောက်ကြရအောင်"

ဟင်နရီက ဖြတ်လျှောက်သွားသည့် စားပွဲထိုးကို ကော့ညက်တစ်ခွက် လှမ်းမှာလိုက်သည်။ ဇစ်ဒလာက နှုတ်ခမ်းကို သုတ်ပြီး စကားဆက်ပြန်၏။

"ခင်ဗျား ကျွန်တော် ပြောတာ မယုံဘူးထင်တယ်၊ ကျွန်တော် ရှုးနေတယ် အောက်မေ့နေပုံရတယ်၊ ဟုတ်လား။ ကျွန်တော် မရူးဘူးဗျ၊ ကျွန်တော် လုပ်ချင်တဲ့အတိုင်း ဖြစ်လာရင် ကင်ကင်ကို တစ်ကမ္ဘာလုံး ဂရုစိုက်လာရမယ်။ ကျွန်တော့်ဦးနှောက်ကို ဖျစ်ညှစ်ပြီး စဉ်းစားခဲ့ရတာ ဒါကြောင့် ကျွန်တော် မဖြစ်ဖြစ်အောင်လုပ်မှာ"

သူက ဘီယာခွက်ကို ဘေးတွန်းပြီး

"ဒီမယ်၊ လာမယ့် နွေဦးမှာ ရာပြည့်ပွဲတော်စမယ်၊ ပါရီကို လူတွေ သောင်းနဲ့သိန်းနဲ့ချီပြီး ရောက်လာကြလိမ့်မယ်၊ သူတို့ ဘာလုပ်ကြမယ် ထင်သလဲ"

"ရာပြည့်ပွဲတော်မှာ လျှောက်လည်ကြမှာပေ့ါ"

"ဟုတ်တယ်၊ ခု ဆောက်နေတဲ့ မျှော်စင်ကြီးပေါ် သူတို့တက်ကြမယ်၊ ကပွဲလီတွေ၊ တရုတ်တွေ၊ မြွေလမွှာယ်ဆရာတွေကို ပြူးပြဲကြည့်မယ်။ ကုလားအုပ်တွေ၊ ဆင်တွေကိုရောပေ့ါ။ ဒါတွေပြီးရင် သူတို့ ဘာလုပ်မလဲ၊ ညပိုင်း သူတို့ ဘယ်လို အချိန်ဖြုန်းမလဲ"

သူက အိတ်ထဲက ဆေးပြင်းလိပ်တစ်လိပ်ထုတ်ညှိသည်။ ပြီးတော့ ပါးစပ်တွင်တေ့သည်။ နောက် သွားကြားတွင် ညှပ်သည်။

"ဒီလိုဗျ၊ လူဆိုတာ သိပ်ရယ်စရာကောင်းတဲ့ သတ္တဝါတွေ၊ အတူတူ ပါလာတဲ့အဖော်နဲ့တောင် တည့်ချင်မှတည့်တာ၊ ပျော်ရွှင်မှုကိုလည်း ကိုယ်တိုင် မဖန်တီးနိုင်ကြဘူး၊ တစ်ယောက်ယောက်က လုပ်ပေးမှ၊ သူတို့ကို ပျော်ရွှင်အောင် လုပ်ပေးရမယ်၊ သူတို့ ပျော်ချင်ကြတယ်လေ။ ဒီမယ် မွန်စီယာ၊ ပျော်ရွှင်မှုဆိုတာ တစ်မျိုးတည်းပဲ ရှိတယ်၊ အဲဒီတစ်မျိုးက မိန်းမတွေမပါရင် ဘယ်တော့မှ မပြည့်စုံဘူး။

"ကျွန်တော် ဖျော်ဖြေရေးလုပ်ငန်းမှာ ကျင်လည်လာတာ အနှစ် ၂၀ ရှိပြီ။ လူတွေ ဘာကြိုက်တယ်ဆိုတာ တော်တော်သိလာပြီ။ ဒါကြောင့် ကင်ကင်နဲ့ချမ်းသာနိုင်တယ်ဆိုတာ ကျွန်တော် နားလည်လာတာပေ့ါ"

ဟင်နရီက မယုံကြည်သော်လည်း ယဉ်ကျေးစွာဖြင့် အလိုက်သင့်



ထိုက် ပြန်ပြောလိုက်သည်။

"အင်း . . ဖြစ်နိုင်ပါတယ်၊ လေလီမှာတော့ ကင်ကင် က တာဝန်တွေကြာခဲ့ပြီ။ ကျွန်တော် သိသလောက် ဘယ်သူမှ မချမ်းသာပါဘူး"

"လေလီ ဟုတ်လား"

"ကျွန်တော့်ကို လေလီအကြောင်း လာမပြောနဲ့၊ ချမ်းသာတဲ့ အမေရိကန်တွေ၊ အင်္ဂလိပ်တွေက အဲဒီနေရာကို သွားမလားဗျ၊ အရက်ကမရှိ၊ ဘာမရှိနဲ့။ ကျွန်တော် ပိုင်ရှင်ပူဂွားကို သိပါတယ်။ သူဖျော်ဖြေရေးလုပ်ငန်းကို နားမှ မလည်တာပဲ၊ တကယ့်ကို သူမသိတာ။ ပြောရရင် ကောင်းတော့ မကောင်းဘူး၊ အဲဒီလူ ကျောနဲ့ရင်ကိုတောင် ခွဲသိတဲ့ လူ ဟုတ်ဘူး။ သူ ရွှေတွင်းပေါ်မှာ ထိုင်နေတာဗျ၊ ကင်ကင်ကနေ ရွှေ ရတဲ့အကြောင်း သူ့ကို ကျွန်တော် ကောင်းကောင်းပြမယ်"

www.burmeseclassic.com

www.burmeseclassic.com

"လုပ်စမ်းပါဦးဗျ၊ ဘယ်လို လုပ်မှာလဲ"

"ကျွန်တော် ပြောပြမယ်။ တစ်၊ လေလီမှာ ကင်ကင် က နေ‌တဲ့ ကောင်မလေးတွေကို ကျွန်တော်ငှားမယ်။ ဟို ရွှေရောင်ဆံပင် နောက် တွဲထုံးတဲ့ ကောင်မလေးကို မရရအောင် ခေါ်မယ်"

"အော် ဂေါ်လီလား"

"ကျွန်တော် နာမည်တော့မသိဘူး၊ သူအတော်ဆုံးပဲ၊ ပရိသတ်ကို ဆွဲနိုင်တယ်။ ပြီးတော့ ဂီတမှူးတစ်ယောက် ငှားမယ်။ လိုတာ အားလုံးရပြီဆိုရင် ကပွဲရုံကို ကျွန်တော့်ဘာသာ ကျွန်တော် ဆောက်မယ်၊ အရက်ဆိုင်ပါမယ်။ ဒါမှလည်း ငွေသဲ့ယူသလို ရမှာ ဆရာရေ . ."

"ဒါကတော့ ခင်ဗျား ဘယ်ဘက် အားသန်သလဲဆိုတဲ့ အပေါ်မှာ မူတည်မှာပါဗျာ"

ဇစ်ဒလာက သူပြောသည်ကို မကြားယောင်ပြုပြီး

"အရက်ဆိုင်က ငွေရပေါက်ဖြစ်ချင်တယ်ဆိုရင် အရက်ကောင်းကောင်းတင်ရမယ်၊ အရက်ကောင်တာကို အမျိုးသမီးထိုင်ရမယ်၊ ကျွန်တော်တွေ့ထားတဲ့ တစ်ယောက်က ယောက်ျား ၁၀၀ ထက် အားကိုးရလိမ့်မယ် ထင်တယ်။ ကျွန်တော်သူ့ကိုစောင့်ပြီး အကဲခတ်နေတာ ကြာပြီ။ အရမ်းနိပ်တယ်။ တစ်ချက် ပြုံးကြည့်လိုက်တာနဲ့ ဘယ်သူ မူးနေပြီ၊ ဘယ်သူ ခွက်မကိုင်နိုင်တော့ဘူး၊ ဘယ်သူ ပြဿနာရှာတော့မယ် သူ အားလုံး သိနေပြီ။ ချောလဲချောတယ်ဗျ၊ 'မွန်စီယာ၊ တစ်ခွက်ထည့်ဦး မလားရှင်' လို့ သူညှုလိုက်ရင် ဘယ်သကောင့်သားမှ မခံနိုင်ဘူး။ ကျွန်တော်သဘောအကျဆုံးကတော့ အလုပ်ကြိုးစားတာပဲ"

"အဲဒါလောက် စွယ်စုံတော်တဲ့ဟာလေး ခင်ဗျား ဘယ်မှာ တွေ့ထားတာလဲ"

"ဖိုးလစ်ဘာဂျာမှာလေ၊ သူ့နာမည်က ဆာရာတဲ့။ ကျွန်တော် သူ့ကို မရရအောင်ခေါ်မယ်၊ တစ်လကို ဖရန့် ၁၀၀ ပေးချင်ပေးရပစေ ၁၀ ရာခိုင်နှုန်း ပိုပေးချင်ပေးဦးမယ်"

သူက စကားရပ်ပြီး လွန်ကုန်ပြီဟု တွေးမိသည့်အလား၊

"အဲ . . ၁၀ ရာခိုင်နှုန်းမဟုတ်ဘူး၊ ၅ ရာခိုင်နှုန်းလောက်ပေါ့"

"အရက်ကောင်တာအကြောင်းပြောရင်း ဘီယာတစ်ခွက် ချဦး၊ ကျွန်တော်လဲ ကော့ညက် ထပ်ယူမယ်လေ"

ဇစ်ဒလာက ခေါင်းယမ်းပြီး

"ဟာ . . တော်ပြီဆရာ၊ ကျွန်တော် သိပ်မသောက်တတ်ဘူး။ ဘီယာတစ်ခွက်ဆို ကျွန်တော့်အတွက် လုံလောက်နေပြီ။ စိတ်ဓာတ်ကျတဲ့ အခါ ရမ်တစ်ခွက်သောက်တယ်၊ ဒါ မိုင်ကုန်ပဲ"

ဟင်နရီက ကော့ညက်ထပ်မှာသည်။ ဇစ်ဒလာက သူ့စီမံကိန်းကို ဆက်ဆွေးနွေးသည်။

"ကျွန်တော်က အရက်ဘားကောင်တာနဲ့ ကောင်တာမလေး ကိုသာ အပျံစားထားမှာမဟုတ်ဘူး။ စားသုံးသူတွေအတွက် ဖျော်ဖြေရေး တွေလုပ်မှာ"

"ဟုတ်လား ကပွဲလဲပါမယ်ဆို"

"ဟုတ်တယ်၊ လူတွေဟာ တစ်ချိန်လုံး ဘယ်ကနေနိုင်မလဲဗျာ။ ကျွန်တော်ပြောသလိုပေါ့၊ သူတို့ ဒါထက်ပိုပျော်အောင် လုပ်ပေးရမှာ ပေါ့၊ ပုံမှန်ကပွဲလဲ ရှိမယ်၊ ဒါပေမဲ့ ဖိုးလစ်ဘာဂျာမှာလို ဇာတ်ခုံနဲ့ မဟုတ်ဘူး။ ကောင်မလေးတွေရဲ့ ပေါင်တံကို ကြည့်ဖို့ မှန်ပြောင်းတွေ ဘာတွေ မလိုဘူး။ ကပွဲကြမ်းပြင်ကို အားလုံး ပတ်ပတ်လည်က မြင်နိုင်အောင် ခန်းမရဲ့ အလည်တည့်တည့်မှာ ထားမယ်၊ ပထမပိုင်း စားသုံးသူ တွေ ဝင်လာနေတုန်းမှာ အဆိုနဲ့ ဧည့်ခံကြိုမယ်၊ အမြည်းဆိုပါတော့ဗျာ။"

"အဲဒါလေးလဲ ကျွန်တော်တွေ့ထားပြီ၊ ယီဘက် ဂဲလ်ဗေးဆိုတဲ့ ကောင်မလေး။ သူ့ကို တွေ့ရင် ခင်ဗျား ရင်ထဲမှာ မုန်တိုင်းထ သွားစေရမယ်၊ တွေ့ရမှာပါလေ၊ သူတို့ပြီးတော့ ရွှေပွဲလာတွေ ကပွဲကွက်လပ်ထဲ ဆင်းလာပြီး ကဖို့ အချိန်ပေးလိုက်မယ်။ သူတို့ အရှိန်ရလာအောင်၊ အာခေါင် ခြောက်လာအောင်လို့လေ။ ပြီးတော့ သူတို့ ယမကာ မှာကြလိမ့်မယ်။ အဲဒီမှာ ကျွန်တော် အီချာကို ပွဲထုတ်မယ်၊ ခင်ဗျား သူ့ကိုလဲ သိမှာ မဟုတ်ပါဘူး"

ဟင်နရီ့အဖြေကို မစောင့်ဘဲ သူဆက်ပြောသည်။

"ဒီရောက်လာစက လမ်းပေါ်က ကောင်မလေးပါ။ ဒါပေမဲ့ သူ့ ပုံက တင်ကလေး စ လှုပ်လိုက်တာနဲ့ ခင်ဗျား ကြွေပြီသာ မှတ် တော့။ အီချာအလှည့်ပြီးတော့ ဆပ်ကပ်၊ ဘားကျွမ်းဆန်ဆန် အမျိုး သားအကတွေ လာမယ်၊ ဒါက အမျိုးသမီး ပရိသတ်အတွက်ဗျ။ သူတို့ က ကြွက်သားကြီးတွေနဲ့ ကိုယ်ကျပ်ဝတ်စုံထဲက ယောက်ျားတွေကို သဘောကျတတ်တယ်လေ။ ပြီးတော့ ကဇာတ်လာမယ်၊ နောက်ဆုံးကျမှ

www.burmeseclassic.com

www.burmeseclassic.com



ကင်ကင်နဲ့ ပွဲသိမ်းမယ်။ ကင်ကင်လောက် ရင်ခုန်စရာကောင်းတဲ့ အ မျိုး ဘယ်မှာမှ မရှိဘူးဆိုတာ အားလုံးရဲ့ ရင်ထဲမှာ စွဲသွားစေရမယ်"

"မျက်စိထဲတောင် မြင်လာတယ်၊ ကျွန်တော် မြင်သလို ရဲက မြင်မှာနော်"

ဇစ်ဒလာက သူ့ထောက်ကွက်ကို ဂရုမစိုက်သလို လက်နှင့် လိုက်သည်။ ပြီးမှ ရှက်ကိုးရှက်ကန်းအမူအရာဖြင့်

"ခင်ဗျားကတော့ ကျွန်တော့်ကို ငကြောင်လို့ထင်မှာပဲနော် ဘာလို့ မဆီမဆိုင် ဒါတွေလာပြောနေသလဲပေါ့"

ဟင်နရီက ဒီလိုမဟုတ်ရပါကြောင်း အမူအရာဖြင့် ငြင်းတော

"ခင်ဗျား ထင်မှာပါဗျာ၊ ခင်ဗျားနဲ့ကျွန်တော် သိတာ တစ်န ပဲရှိသေးတယ်လေ။ ဒါပေမဲ့ ယုံယုံကြည်ကြည်နဲ့ တိုင်ပင်ရမယ့်လူ ခင်ဗျားကို ကျွန်တော် ယုံတယ်လေ။ တကယ်ပြောတာပါ မွန်စီယာတူလု ကျွန်တော် ခင်ဗျားနဲ့ ပတ်သက်ပြီး အဲဒီအတိုင်း ခံစားရပါတယ်"

"ကျွန်တော့်ကို ဒီလို သဘောထားတဲ့အတွက် ကျွန်တော် ကျေ ဇူးတင်ပါတယ်။ ဒါထက် ခင်ဗျား ကပွဲရုံကို ဘယ်နားမှာ ဆောက်မှာလ"

"ဒီမှာပဲ မောင်မတ်မှာပဲ"

"ဗျာ . . ဖြစ်နိုင်ပါ့မလား၊ ရာပြည့်ကွင်းနဲ့ အဝေးကြီးပဲဟာ"

"ဒီလိုရှိတယ် မွန်စီယာ။ မောင်မတ်ဟာ အကောင်းဆုံးနေရာ ကျွန်တော် လေ့လာပြီးပြီ၊ မောင်မတ်ဟာ ဘုမိနက်သန်ပဲ။ ရှုခင်းလှတ ပျော်စရာ အဖုံဖုံရှိတယ်၊ ကောင်မလေးတွေ ပေါတယ်၊ လွတ်လွတ် လပ် ပျော်နိုင်တယ်၊ ကမ္ဘာလှည့်ခရီးသည်တွေက ဒီလိုနေရာမျိုးမှ ကြို တာဗျ။ သူတို့က ပန်းချီဆရာတွေကို ချစ်စရာကောင်းတဲ့ လူတွေ နားလည်ကြတယ်၊ ဒါကြောင့် ပန်းချီရပ်ကွက်၊ တေလေတို့ ပျော်စံ မောင်မတ်ကမ္ဘာကလေးကို သူတို့ ကြိုက်ကြမှာ"

ဟင်နရီ ပြုံးသည်။

"မောင်မတ်မှာ ကဇာတ်ရုံတွေ အများကြီးရှိတယ် ဆိုတာ ခင်ဗျား သတိထားမိရဲ့လား"

"မတူဘူးလေ မွန်စီယာ၊ ကျွန်တော်လုပ်မယ့်ဟာမျိုးနဲ့ လုံး မတူဘူး။ ကျွန်တော့်ပစ္စည်းက ထူးခြားရမယ်၊ ကိုယ်ပိုင်ဟန်ရှိရမ ပျော်စရာစုံရမယ်၊ အဖျော်ယမကာစုံရမယ်၊ အနိုပ်ကလေးတွေ ပေါ မယ်၊ လိုတာအားလုံး ရစေရမယ်ဗျာ။

"အဆောက်အအုံကိုက ထူးခြားနေရမယ်။ လေရဟတ်ပုံစံ အတိုင်း ကျွန်တော်ဆောက်မယ်ဗျာ . . ဘာလို့လဲဆိုတော့ ဘယ်သူနဲ့မှ တူအောင်လို့ပေါ့။ အဆောက်အအုံတစ်ခုလုံးကို ကျွန်တော်က အနီ ရောင်သုတ်မှာ။ အတွင်းရော၊ အပြင်ရော အနီရောင်ချည်းပဲ။ ပါရီမှာ ဒီလိုပုံစံမျိုး ဒီတစ်ခုပဲရှိမယ်။ အနီရောင်ဟာ မင်္ဂလာအရောင်ဗျ၊ အထူး သဖြင့် ညပိုင်းမှာပေါ့။ လျှပ်စစ်မီးရောင်နဲ့ဆို ထင်းနေမှာပေါ့။ အဝေးကပင် မြင်နိုင်ပါသည်ပေါ့"

"ပြင်သစ်မှာ နာမည်အကြီးဆုံး ကဇာတ်ရုံကြီး ဖြစ်စေရမယ်။ နာမည် ကျွန်တော် ဘယ်လိုပေးမလဲ သိလား၊ 'လေရဟတ်နီ' လို့ ပေး မယ် မွန်စီယာ။ ခင်ဗျားသေသေချာချာ မှတ်ထားနော် 'လေရဟတ်နီ''

*

www.burmeseclassic.com

## အခန်း (၁၁)

BURMESE CLASSIC .com

၁၈၈၉ ခုနှစ်၊ ဧပြီလ ၂ ရက်။

အီဖယ်မျှော်စင်ကြီး၏ထိပ်တွင် ပြင်သစ်အလံတော်သည် တလူလူလွင့်လျက်ရှိသည်။ နံနက် ၁၀ နာရီတွင် သမ္မတက ပြင်သစ်တော်လှန်ရေးအောင်မြင်သည့် ရာပြည့် အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာလိုက်သည်။

သန်းပေါင်းများစွာသော ပြင်သစ်ပြည်သူများသည် ကမ္ဘာကြီးတစ်ခုလုံးကို သူတို့ မြင်ကြရတော့မည်ဟု နားလည်လိုက်ကြသည်။ ကမ္ဘာ့လူမျိုးပေါင်းစုံတို့သည် လနှင့်ချီပြီး ပါရီတွင် ရောက်နေကြသည်။ လှေ့လာသူတွေ၊ အပျော်သက်သက် လာသူတွေ၊ လိပ်ဥတူးသူတွေနှင့် မကြုံစဖူး ထူးထူးခြားခြား စည်ကားနေ၏။

ပြင်သစ်တို့သည် အပြာရောင် ခေါင်းစွပ်ဝတ်စုံနှင့် အာရှဆတ္တာသည်များကို ပါးစပ်အဟောင်းသား ကြည့်ရှုနေကြ၏။ အနောက်အာဖရိက ကော်ဇောရက္ကန်းသည်များကို တအံ့တသြ ငေးမောနေကြ၏။ ပြီးတော့ သင်းကွပ်ထားသည့် ဆူဒန်ပြည်သား မင်းခစားများ၊ ရင်ဝတ်ဝလာနှင့် အာဖရိက မဟူရာများ၊ တဟီတန် ပုလဲငုပ်သမားများ၊ ကွန်ဂိုလူရိုင်းဘုရင်များ၊ မြွေလမ္ဘာယ်ဆရာများ စသည်၊ စသည်။ ရာပြည့်ဈေး



တော်မှာ ကမ္ဘာအရပ်ရပ်မှ လာရောင်းသည့် ဝယ်စရာ ခြမ်းစရာ အဝတ်အထည်များလည်း စုံလင်လှ၏။ ကျားသားရေ၊ ခြသေ့်ရေ မှအစ ဘရှိတ်၊ ကီမိုနိုအထိ ရနိုင်သည်။

ပါရီ ကျောင်းသားကလေးများသည် ဆင်လိမ္မာများ ကျောပေါ်ဘို့ အလုအယက် တက်စီးနေကြသည်။ ကုလားအုတ်များ၊ အာရပ်မြင်းများကိုလည်း တိုးဝှေ့စီးနေကြ၏။ ဝတ်ကောင်းစားလှနှင့် အမျိုးသမီးများက အယ်လ်ဂျီးရီးယား ရေမွှေးနှင့် အာရှလက်ကောက်များကို ရွေးချယ်ဝယ်ယူနေချိန်တွင် သူတို့ ယောက်ျားများက အိန္ဒိယသူ လှပျိုဖြူကလေးများ၏ ဗိုက်သားလှုပ် ကပွဲရုံများထဲတွင် ရောက်နေကြ၏။

အသက် ၄၈ နှစ်အရွယ်၊ ဝေလမင်းသား ဒွေက်ကလည်း ရာပြည့်ပွဲတော်ကြီးကို ကြွရောက်ချီးမြှင့်သည်။ မွန်စီယာအက်ဒီဆင်[a] ခေါ် ထူးထူးလူဆန်းအမေရိကန်တစ်ယောက်လည်း ရောက်လာ၏။ သူက ၏အလင်းရောင်ကို ဖန်ဘောလုံးကလေးများထဲတွင် ထည့်နိုင်သူ။ လျှပ်စစ်သမုဒ္ဒရာကို ဖြတ်ခဲ့ပြီး အီဖယ်မျှော်စင်ပေါ်သို့ ကောင်းကင်သို့နှင့်တက်သည်။ ပြင်သစ်တစ်နိုင်ငံလုံး အုံးအုံးကြွက်ကြွက်ဖြစ်နေသည့် ကာလ။

ပြင်သစ်စားပွဲထိုးများ၊ အရက်ကောင်တာသမားများလည်း တစ်ခေါ် လာသည် ၅ ဖရန့်နှင့် ညီမျှကြောင်း၊ တစ်ပေါင်က ၂၅ ဖရန့်၊ တစ်ဒေါ်လာက ၄ ဖရန့်ရှိကြောင်းများ ခုမှ သိကြတော့သည်။

မောင်မတ်တွင် လေရဟတ်နီ၏ ပန်ကာရွက်ကြီးများ တဖိတ်ဖိတ်လည်ပတ်စပြုလေပြီ။ ဟင်နရီသည် လေရဟတ်နီ၏ ပုံမှန် ဖောက်သည်ဖြစ်လာ၏။ မနှစ်က တစ်နှစ်လုံး ဇစ်ဒလာ စီမံကိန်း အကောင်အထည်ဖော်ပုံကို ဟင်နရီ စောင့်ကြည့်နေခဲ့သည်။ တစ်နေ့ကို ၁၆ နာရီ အလုပ်လုပ်ပြီး လူတွေကို ရက်ရက်စက်စက်မောင်းသည်။ ပန်းကန်ဆေးယောက်နှင့် ကော်ဇောတွေကို ကိုယ်တိုင် ရွာဝယ်သည်။ သူပြောသည့်အတိုင်း လူတွေကို ရအောင် စည်းရုံးပြီး ခေါ်သည်။

"ရာပြည့်ပွဲတော်ကြီး ဖွင့်ဖို့ တစ်ပတ်ပဲလိုတော့တယ် မွန်စီယာဇစ်လာစ်။ ဟာ . . ခင်ဗျားစုတ်တံကြီး ခဏ ဖယ်ထားစမ်းပါဦးဗျာ။ ဘယ်ကိစ္စလဲ သဘောကျရဲ့လား။ ဟောဒီ မဟော်ဂနီ အရက်ကောင်တာကြီးဘယ်လောက်ပေးရတယ်မှတ်လဲ။ အဲဒီ ကောင်တာမှာ ဆာရာ ထိုင်လိုက်

[a] Thomas Edison (1847-1931) လျှပ်စစ်မီးတီထွင်သူ အမေရိကန် သိပ္ပံပညာရှင်။

www.burmeseclassic.com

www.burmeseclassic.com



ရင် ဟင်း . . ဟင်း။ ဪ . . သူ့ကို ကျွန်တော်ရှုပြီဆိုတာ ခင်ဗျား မပြောရသေးဘူးနော်။ ဖိုးလစ်ဘာဂျာကနေ ဆွဲထုတ်ဖို့ဆိုတာ မလွယ် ဘူးဗျ၊ အသေအလဲကို ကြိုးစားခဲ့ရတာ"

မတ်လထဲတွင် အစမ်းလေ့ကျင့်ပွဲတွေလုပ်တော့ သူ့လူ ခြေကုန်လက်ပန်းကျနေပြီ။ ဇစ်ဒလာက ကုလားထိုင်တစ်လုံးတွင် ပြင်းလိပ်ခဲရင်း ထိုင်ကြည့်နေရာမှ ဟင်နရီကို ရှင်းပြနေသည်။

"ယိမ်းအဖွဲ့ကို ဂေါ်လီခေါင်းဆောင်လိမ့်မယ်။ ခင်ဗျား မျက် ထဲမှာ စွဲသွားစေရမယ်၊ လူတွေ ထိန်းမနိုင် သိမ်းမနိုင် လှိမ့်ဝင်လာ မယ်။ ပြီးတော့ ကျွန်တော်လုပ်ထားတဲ့ ပိုစတာတွေ ရှိသေးတယ်။ သိ လုတဲ့ကားကြီးတွေ။ ကြော်ငြာအရေးကြီးတယ်ဗျ မွန်စီယာရဲ့၊ ဒါက ကျွ တော့်လျှို့ဝှက်ချက်လေ။ အဲ . . ခင်ဗျားကတော့ အပေါ်ထပ် လေ ဆောင်မှာ စိတ်ကြိုက်ပန်းချီဆွဲနေပေါ့။ ခဏလေးနော်၊ ဟေး . . အိ ဒီကိုလာစမ်း၊ နင်နဲ့ဂေါ်လီနဲ့ ရန်ဖြစ်တယ်ဆို။ ငါမသိလိုက်လို့ပေါ့ နှစ်ယောက်စလုံးကို ဖနောင့်နဲ့ပေါက်ပြီး ကန်ထုတ်မယ်သိလား။ ရဟတ်နီမှာ အတိုက်အခိုက် လုံးဝမရှိရဘူး၊ ကြားလား။ သွား . . အ ကဖို့ ဆက်လုပ်။ ဒါထက် မွန်စီယာတူလုစ်၊ ညကြိုခန်းမှာချိတ်ဖို့ တစ်ပုံလောက် ကျွန်တော့်ကို ရေးပေးပါဦးဗျ။ အနီရောင်များများပေါ့

လေရဟတ်နီ ကပွဲရုံကြီး ဖွင့်ပြီးသောအခါ ဟင်နရီသည် အိမ်သူ့ရာလို သဘောထားမိတော့သည်။ သူသည် လေရဟတ်နီ အခွင့်ထူးခံ ဖြစ်လာသည်။ သူမသိသူ မရှိ၊ သူ့ကိုမသိသူ မရှိ။ အ အသောက်၊ ယမကာ၊ ဘာမှ မပူရတော့၊ သူ့စားပွဲသို့ ကချေသည်မ တွေ လာထိုင်ပြီး သူတို့ အချစ်ဇာတ်လမ်းများကို ရင်ဖွင့်တတ်ကြ၏။

ဂေါ်လီနှင့် မတည့်သည့် အီချာက သူ့ကို သူ့ဘက်ပါအော စည်းရုံးသည်။ အရက်ကောင်တာမှ ဆာရာက အရက်၏ ဆိုးကျိုးမျာ သူ့အား အမြဲလက်ချာရိုက်သည်။

ဤသို့ဖြင့် ၁၉၈၉ ခုနှစ် မိုးဦးနှင့် နွေနှောင်းရာသီများ လွန်သွားခဲ့လေသည်။ ပါရီသူ ပါရီသားတို့လည်း နိုင်ငံခြားသားမျာ အထာကျလာသည်။ ရင်ခုန်ချင်စရာများစွာကြားမှ အီဖယ်မျှော်စင် လည်း မြင်နေကျ မြင်ကွင်းဖြစ်သွား၏။ လေရဟတ်နီမှ ရဟတ် ကြီးများ လည်ပတ်နေပုံကိုလည်း အမြင်ရိုးသွားပြီဖြစ်၏။

အောက်တိုဘာလထဲတွင် ကမ္ဘာလှည့်ခရီးသည်တွေ ပြန်သွား ။ နောက်တစ်လကြာတော့ ရာပြည့်ပွဲတော်ကြီး လုံးဝအရှိန်သေသွား ပြခန်းတွေ၊ ဇာတ်ရုံတွေ အားလုံး ဖျက်သိမ်းပြီးသွားပြီ။ အီဖယ် မျှော် သာ ဆက်ကပ်ပွဲပြီးသဖြင့် အုကြောင်ကြောင် ဖြစ်ကျန်ရစ်သည့် လားအုတ်ကြီးတစ်ကောင်လို မြို့လယ်တွင် မားမားကြီး ကျန်ရစ် ရှိသည် ပုံမှန်အနေအထားသို့ ပြန်ရောက်ခဲ့လေပြီ။

တစ်နေ့တွင် မဒမ်လူဘေးက နိုင်ငံခြားတံဆိပ်ခေါင်းနှင့် စာ တစ်လုံး ကမ်းပေးသည်။

"မလာစဖူး ဘာသတင်းများလဲ မွန်စီယာ၊ အမင်္ဂလာ သတင်း မဟုတ်ပါဘူးနော်"

ဟင်နရီက စာဖတ်ပြီး ဝမ်းသာအားရ ပြန်ပြောသည်။

"မင်္ဂလာသတင်းပါ အဒေါ်ရဲ့၊ ကျွန်တော့်ကို ဘဲလ်ဂျီယံက တဲ့စာ။ ဘရပ်ဆယ်လ်မှာ ကျွန်တော့်ကားတွေ ပြပွဲလုပ်ပေးစေချင် ယ်တဲ့"

"ဒါဆို မွန်စီယာ သွားရမယ်ပေါ့၊ ဟုတ်လား"

BURMESE CLASSIC .com

"ဒါပေါ့ အဒေါ်ရဲ့၊ ကျွန်တော့်ကို ဂုဏ်ပြုတဲ့ သဘောပဲ"

"သူတို့ဆီမှာ ပန်းချီဆရာတွေ မရှိလို့လား။ ဘာလို့ မွန်စီယာ့ ခေါ်တာလဲ၊ တစ်ယောက်ထဲသွားပြီး သူများတိုင်းပြည်မှာ လိမ့် တို့၊ ချော်လဲတာတို့ဖြစ်ရင် ဘယ်နှယ်လုပ်မလဲ"

"မပူပါနဲ့အဒေါ်ရယ်၊ မွန်စီယာဆူရတ်နဲ့အတူ ကျွန်တော် သွား ။ ကျွန်တော့်ဆီ မကြာမကြာလာတဲ့ အရပ်ရှည်ရှည်တစ်ယောက်လေ"

ဤသို့ဖြင့် နှစ်သစ်ကူး အဖိတ်နေ့သို့ ရောက်ခဲ့ပြန်လေသည်။ စားကတော်ကြီးနှင့်အတူ မီးလင်းဖိုနံဘေးတွင် ဟင်နရီ ထိုင်နေ ၊ သူ့ကို မဒမ်လူဘေး ဘယ်ရွှေ့ဘယ်မျှ ဂရုစိုက်ကြောင်းများကို နရီက ပြောပြနေသည်။ မိခင်ကြီးက တက်တင်းထိုးရင်း မီးလျှံများ ိုက်ကြည့်လျက်ရှိသည်။

သားအမိနှစ်ယောက်တို့သည် ကမ္ဘာတစ်ခုစီတွင် နေထိုင်ကြသူ သို့ ဖြစ်နေ၏။ မိခင်တစ်ယောက်အနေဖြင့် သူကျင်လည်နေသည့် င်မတ်တေလေဘဝကို မည်သို့မျှ လက်ခံနိုင်မည် မဟုတ်ပါချေ။ သို့ သည်အကြောင်း စကားမစပ်ကြဘဲ တမင်ရှောင်ကွင်း၍ ပြောနေ သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . ဒါထက် မေမေ့ကို မပြောရသေးဘူး။ ဘဲလ်ဂျီ ပန်းချီကောင်စီက သားကို ဖိတ်တယ်မေမေ၊ နောက်လထဲမှာ ဘ ဆယ်လ်ကို သွားရမယ်"

"ဟုတ်လား . . ကောင်းတာပေါ့ သားရယ်၊ ဝမ်းသာစရာ ပေါ့"

မျက်မှန်ထူကြီးဖြင့် မိခင်ကြီးကို ငေးကြည့်နေမိ၏။ ဩော် . . မေမေ၊ မေမေ။ ဟန်ဆောင်ပြီး အလိုက်အထိုက်လုပ်နေမှန်း ဟင်နရီ သိသည်ပေါ့။ သောက်သောက်စားစား တေလေဘဝကို မေမေ ဘယ် လက်ခံနိုင်လိမ့်မည်မဟုတ်ပါ။

မဂ္ဂဇင်းများတွင် ဟင်နရီ၏ ပုံတွေကို မြို့စားကတော်ကြီး ပြီးပြီ။ ပန်းချီကား အရောင်းဆိုင်အချို့တွင်လည်း သူ့ပုံတွေကို မြင်ပြီး ဝေဖန်ရေးဆရာတို့၏ ချီးကျူးဂုဏ်ပြုသံတွေလည်း ကြားနေရ၏။ သို့ တစ်ခုမှ ခံစားလို့မရခဲ့ပါ။

ဘဲလ်ဂျီယံပန်းချီကောင်စီ အကြောင်း သူဆက်ပြောပြ သည်။

"သူတို့အနေနဲ့ နိုင်ငံခြား ပန်းချီဆရာတွေ ဖိတ်ခေါ် ပြပွဲ နိုင်းတာမျိုး သိပ်ရှားတယ် မေမေ"

ဘရပ်ဆယ်လ်တွင် သွားပြီး တိုးနိုင်တဲ့လူက လက်ချီးရ ရသည်။ ပြီးတော့ သူတို့တွေ အားလုံး နာမည်ကျော်သွားကြ၏။ ဥပ ရေနွှား၊ ဝှစ်စလာ[၁]၊ ရိုဒင်[၂] . .

"သားက အားလုံးထဲမှာ အငယ်ဆုံး မေမေရဲ့"

"အင်း . . ကောင်းတာပေါ့ကွယ်"

"ဝေဖန်ရေးဆရာ အယ်လက်ဇန္ဒားက အဲဒီအကြောင်း ဆော ပါး တစ်ပုဒ်ရေးတယ် . . "

၁။ Rex Whistler (1905-1944) အင်္ဂလိပ်ပန်းချီဆရာ၊ ဓာတ်ခုံဒီဇိုင်း ဂရပ်ဖစ်ပန်းချီဆရာ။ ဘုရားကျောင်း နံရံပန်းချီ In Persuit of Rare M (1926-27) မှာ ထင်ရှားသည်။ ကမ္ဘာစစ်အတွင်း တာဝန်ထမ်းဆောင်ရင်းကျဆုံး

၂။ Auguste Rodin (1840-1917) ပြင်သစ်ပန်းပုဆရာ၊ ဂရပ်ဖစ်ပန်းချီ သူ့ခေတ် ဥရောပပန်းချီပန်းပုလောကတွင် ဩဇာအကြီးမားဆုံး ပန်းပုဆရာ ဖြစ် သူ့ပန်းပုလက်ရာများသည် စေဇန်း၊ ဂေါ်ဂင်၊ ဗန်ဂိုးတို့၏ လက်ရာမျ တတန်းတည်းထားခဲ့ကြရသည်။ သူ၏ The Age of Bronze နှင့် The Thi မှာ ကမ္ဘာကျော်ပန်းပုရုပ်များဖြစ်သည်။





ပြောရင်း ပြောရင်း ဟင်နရီ စိတ်ဓာတ်ကျလာသည်။ သည်ကိစ္စ ယ်လောက် အရေးကြီးသည်ကို မေမေ မသိနိုင်ပါ။ အယ်လက်ဇန္ဒား လည်း မေမေ ကြားဖူးပုံမရပါ။ မေမေ့အတွက်မူ ဟင်နရီသည် စွန့်ပစ် ရသည့် ပျက်စီးနေသော သားတစ်ယောက်သာ ဖြစ်နေပေလိမ့်မည်။

တိတ်ဆိတ်ခြောက်ကပ်မနေစေရန် ဟင်နရီ စကားတွေ ဆက် နေရ၏။ ဘရပ်ဆယ်လ်သို့ ပန်းချီကားအများအပြားပို့ပြီး ဖြစ် ကြောင်း၊ မဒမ်မွိုက်ဇယ်လ်ဒေလီယာ၏ ပုံတူကားတစ်ကားလည်း ပါ ကြောင်းများ (မနေ့စ်က တစ်နေ့လုံး ဆွဲခဲ့သည့် လေရဟတ်နီမှ ကောင်မ များအကြောင်းကို လေသံမျှမဟရဲ)။

မဒမ်မွိုက်ဇယ်လ်ဒေလီယာမှာ ဒေဂါး၏မိတ်ဆွေ အပျိုကြီးဖြစ် သည်၊ လူသိများသည့် အထက်တန်းလွှာမှ စန္ဒရားဆရာမတစ်ဦးဖြစ်၏။ သားအမိနှစ်ယောက်ကြားတွင် ပြောစရာတွေ ကုန်လွန်သွားသလို ပြတ်သွားကြပြန်သည်။ အခန်းကြီးထဲတွင် နာရီစက်သံတစ်ချက် မှလွဲ၍ ဘာမျှ မကြားရ။

"နှစ်ကူး အကြိုညမှာ မေမေ့ဆီ ပြန်လာဖော်ရတာ ကျေးဇူး ပါတယ် သားရယ်၊ ဒါပေမဲ့ သားမှာ တစ်ခြားအစီအစဉ်တွေ . . "

ဟင်နရီက နှစ်ကူးဆုတောင်းစကားရွတ်ဆိုရင်း မိခင်၏ ပါးကို ရှုပ်နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ လမ်းပေါ် ရောက်သည်နှင့် တစ်စီးလှမ်းတားပြီး လေရဟတ်နီကို မောင်းခိုင်းလိုက်သည်။

ရထားပေါ်မှ နောက်ပြန်လှည့်ပြီး မေမေ့ အခန်းပြတင်းပေါက် သို့ လှမ်းကြည့်မိသေး၏။ အင်း . . သနားစရာကောင်းလိုက်သည့် မေ၊ နှစ်သစ်ကူးညမှာ တစ်ယောက်တည်းရယ်။ ဒီည မေမေ့အနား နေဖို့ သင့်သည်ပေါ့။ ဒါပေမဲ့ ဘာထူးမှာလဲ၊ တစ်ယောက်ကို တစ် ယောက် စိတ်ဆင်းရဲအောင် လုပ်သလိုသာ ဖြစ်နေပေလိမ့်မည်။

ထိုည ပိုသောက်မိသည်။ ပြဿနာမရှိပါ။ သူက လူကြီး လူ ကောင်းတစ်ယောက်လို သောက်တတ်သူပဲ၊ ဘယ်အချိန် တော်ရမယ် ဆိုတာ သိသူပဲ။ အရက်က ခြေထောက် ဝေဒနာကိုလည်း ထုံထိုင်းစေ တယ်လေ။

"ဗျို့ . . ဆရာ၊ မြန်မြန်မောင်းပေးပါဗျာ"

"မောင်းနေပါတယ် ဆရာရယ်၊ နှစ်သစ်ကူးညဆိုတော့ လူ တွေအားလုံး လမ်းပေါ် ရောက်နေကြတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လေရဟတ်နီကို ရောက်တော့ သူ့ကို အလုအယက် ဝိုင်းနှု
ဆက်ကြသည်။ သူကလည်း အားလုံးကို တရင်းတနှီး ပြန်နှုတ်ဆ
သည်။ သူက ညှော်ကြိုခန်းထဲမှ ဧရာမ ဆပ်ကပ်ကားကြီးကို
မကြည့်ဘဲ ခပ်သွက်သွက်ဆက်လျှောက်သွားသည်။ ကပွဲဆောင်ခန်
ကြီးမှာ လင်းထိန်ရွှန်းတောက်နေ၏။ အလင်းရောင်ပေးထားပုံက မျ
ကျိန်းမတတ်ပင်။ ခန်းမတစ်ဘက်ထိပ်ရှိ အတန်မြင့်သော သစ်
ပလက်ဖောင်းပေါ်မှ ညှော်ခံတီးဝိုင်းက ပဏာမတီးလုံးများဖြင့် ဖျော်
နေပြီ။



နှစ်ကူးညမို့ အထူးပြင်ဆင်ထားသဖြင့် ဖဲကြိုးတွေ ဝေဝေ
ဆာ လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။ အရက်ကောင်တာ ရောက်တော့ ဆာ
တစ်ယောက် ကြည့်မှန်များနောက်ခံဖြင့် ကြည်လင်တောက်ပနေသ
ပုလင်းများ စီလိုက်၊ ဖန်ခွက်များ နေရာချလိုက်ဖြင့် အလုပ်ရှုပ်နေ



သူ့ကိုမြင်တော့ “ဟော . . စောလှချေလား” ဟု လှမ်းအော်နှုတ်ဆက်သည်။ ပြီးတော့ သေသေချာချာကြည့်ပြီး ပြုံးပြုံးကြီး ဆက်ပြောသည်။

“အမယ် ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာနဲ့၊ ပြီးတော့ အလောတကြီး ပုံစံနဲ့ ဘယ်လို ဖြစ်လာတာလဲ”

သူက ဘာမှမပြောဘဲ ကြိုးစားပြုံးရင်း

“ကဲ . . ကော့ညက်တစ်ခွက်ပေးကွာ”

ဆာရာက ဖန်ခွက်ထဲတွင် ကော့ညက်ဖြည့်ကာ ကောင်တာပေါ်သို့ ခါးကိုင်းပြီး သူ့ကို ကမ်းပေးသည်။

“ကြည့်စမ်း မောနေသလိုပဲ၊ သိပ်မြန်မြန်မလျှောက်နဲ့လေ”

သူက ကော့ညက်ကို ခပ်လောလော မော့ချလိုက်သည်။

“ဟင် . . သောက်ပုံကလဲ ကြမ်းလိုက်တာ”

ခုံပေါ်တွင် မတ်မတ်ထိုင်လိုက်တော့ အရပ်ပိုမြင့်လာသည် ဆင်ရ၏။ သူ့ပခုံးနှင့် ဆာရာ့ပခုံး တစ်ပြေးတည်း ဖြစ်သွားသည်။

“ဆာရာတကယ်ပြောတာ မွန်စီယာ တူလုစ်။ ရှင် သောက်တာ ကြမ်းလွန်းတယ်၊ ဘာလို့ ဇိမ်ယူပြီး တစ်ကျိုက်ချင်း မသောက်တာလဲ၊ လူတိုင်း သောက်သလိုလေ”

“ရေငတ်လာလို့ပါကွာ၊ အိမ်မှာ ညစာ ပြန်စားရင်း စိတ်ခတ်တွေ ကျလာလို့ကွ။ ခုထိ ရေငတ် မပြေသေးဘူး၊ ပေးပါဦး တစ်ခွက်”

သူက ဦးထုပ်ချွတ်ရင်း ပြောလိုက်သည်။

“ရေသိပ်ငတ်လာရင်လဲ ရေအေးအေးတစ်ခွက်သောက်လိုက်ပါလားလို့၊ ကော့ညက်သောက်လို့ ဘယ်ရေငတ်ပြေမလဲ”

“အဲဒီနေရာမှာတော့ မင်းမှားသွားပြီ ဆာရာ။ ကော့ညက်ဟာ ရေငတ်ပြေစေတယ်၊ အစာကြေစေတယ်၊ ကြွက်သား အင်အား တိုးစေတယ်၊ သွေးလေ သန့်ရှင်းစေတယ်၊ အသည်းကို ဆေးကြောပေးတယ်၊ ကျောက်ကပ်ကို သန့်စင်စေတယ်၊ အစာအိမ်ကို နွေးစေတယ်၊ စိတ်နှလုံးကို အေးစေတယ်။ ကဲ. . လိမ်မာပါတယ်ကွာ၊ ကိုယ့်ကို တစ်ခွက်ပေးပါ။ မျက်နှာကြီး အိုမထားနဲ့လေ၊ ဒါနှစ်သစ်ကူးညလေ၊ မင်္ဂလာညလေကွာ၊ အဲ . . နှစ်သစ်ကူးဆိုမှ သတိရတယ် . . ”

သူက ပြောပြောဆိုဆို လေးထောင့်သေတ္တာကလေး တစ်လုံး အိတ်ထဲမှ ထုတ်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ့်ကို အမြဲတရားပြပေးတဲ့အတွက် အရက်တစ်ခွက် လိုချင်တိုင်း တောင်းတောင်းပန်ပန်ပြောရတဲ့အတွက် . . ရော့ . . မင်းဖို့"

"ရှင် . . ဆရာ့အတွက် ဟုတ်လား"

ဆရာက စိတ်လှုပ်ရှားလွန်းစွာဖြင့် လက်ကို ခြောက်အောင် သုတ်ပြီး စက္ကူဖာကလေးကို လှမ်းယူသည်။ ကောင်တာပေါ်ကိုင်းပြီး သူ့ပါးကို လက်နှင့် လှမ်းပုတ်ရင်း

"မွန်စီယာက အရမ်းသဘောကောင်းတာပဲ။ ဟယ် . . လှလိုက်တာ၊ ကြည့်စမ်း . . ဆရာ့နာမည်ပါ ထိုးထားတယ်နော်။ လက်ချုပ်နော် . . ကောင်းလိုက်တာကွယ်"

"ရှေးတုန်းက လူကြီးတွေဟာ နှစ်သစ်ကူးမှာ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတွေပုံနဲ့ ပန်းအိုးတွေ လက်ဆောင်ပေးတတ်ကြတယ်။ တို့ခေတ်ကျတော့ ပိုပြီး ယဉ်ကျေးလာကြပြီလေ။ ဒါကြောင့် လက်ကိုင်ပဝါကလေးတွေ ပေးတတ်ကြတယ်။ ကဲ . . အဲဒါတွေ ထားစမ်းပါဦးကွာ၊ ဘယ်မလဲ အရက်၊ လေရဟတ်နီမှာ ဝန်ဆောင်မှု ပထမလေ"

သူက ကောင်တာစားပွဲကို လက်နှင့်ပုတ်ပြီး ဆရာ့ကို သတိပေးလိုက်သည်။ ဆရာက လက်ကိုင်ပဝါကလေးကို အမြတ်တနိုးကြည့်ပြီး

"တစ်ခွက်သောက်ပြီးပြီလေ၊ အရက်ဟာ မွန်စီယာ့ ကျန်းမာရေးအတွက် မကောင်းဘူး မဟုတ်လား"

"မင်း ဘယ်လိုပြောလိုက်တာလဲ ဆရာ၊ ဇစ်ဒလာက မင်းကို အကောင်းဆုံး အရောင်းသမ အောက်မေ့နေတာ"

မိန်းကလေး၏ မျက်ဝန်းထဲတွင် ထူးဆန်းသည့် အကြင်နာရိပ်များ ပေါ်လာသည်။

"သူများတွေ ဘာဖြစ်ဖြစ်၊ သူတို့ ကလီစာတွေ အကုန် လောင်လောင်၊ ဆရာ ဂရုမစိုက်ဘူး။ ဒါပေမယ့် မွန်စီယာ့ကိုတော့ . ."

"မင်းကို ကိုယ်ပြောပြီးလေ ဆရာ၊ အရက်ဟာ ကိုယ့်အတွက် ဆေးဝါးပါလို့"

"သူတို့အားလုံး အဲဒီလို ပြောကြတာချည်းပါပဲ"

"ဟေ့ . . ကိုယ်က သူတို့နဲ့ မတူဘူးလေ၊ ကိုယ်မူးတာ မင်း ဘယ်နှစ်ခါတွေ့ဖူးလို့လဲ"

"အင်း . . တွေ့တော့ မတွေ့ဖူးပါဘူး၊ ဒါပေမဲ့ အတူတူပဲလေ"



"ဟာ . . ဒုက္ခပါပဲ၊ မိန်းမတွေနဲ့ ငြင်းရတာ မလွယ်ပါလား။ ကဲ . . မင်း နောက်တစ်ခွက် ပေးမလား၊ မပေးဘူးလား ပြော"

"ကဲ . . ကဲ၊ ပြောမရရင်လဲ ရော့ . . ရော့"

မထည့်ချင်ထည့်ချင်နှင့် ကော့ညက်ထပ်ဖြည့်ပေးသည်။ ဟင်နရီ က ကော့ညက်ကို မော့ပြီး ကျေနပ်စွာပြုံးလိုက်၏။

"ကဲ . . မင်းလက်ကိုင်ပဝါတွေကို သိမ်းလိုက်ပါဦး။ တို့ အလုပ်သဘော ဆန်ဆန် စကားပြောကြရအောင်၊ မှာထားတဲ့ ပုစွန်တုပ်တွေ လာပို့သလား"

"ဟောဟိုမှာ ရေခဲဘူးနဲ့ ပို့လာတယ်"

ဆရာက စိတ်ကောက်မပြေသေးသည့် အမူအရာဖြင့် ပြန်ပြောသည်။

"အေး . . ဟုတ်ပြီ၊ ရှမ်ပိန်ရော ရှိလား"

ငွေရောင်ပုံးများထဲတွင် ရေခဲစိမ်ထားသည့် ရွှေရောင်အဖုံးနှင့် ရှမ်ပိန်ပုလင်းများကို ဆရာ လက်ညှိုးထိုးပြသည်။

"မင်းဟာ ရတနာတစ်ပါးပါပဲ ဆရာ"

ဆရာ့နောက်မှ ကောင်တာမှန်ထဲတွင် သူ့ဆီကို လျှောက်လာနေသည့် ဇစ်ဒလာကို လှမ်းမြင်လိုက်သည်။ ပခုံးနှစ်ဖက် လျော့ကျနေသည်။ စိတ်ဓာတ်ကျလာပုံ။ မီးသေနေသည့် ဆေးပြင်းလိပ်ကို ပါးစပ်ထဲတွင် ခဲလျက်။

ဟင်နရီက ဆုံလည်ခွေးခြေကို ချာခနဲလှည့်လိုက်ပြီး

"ဘာဖြစ်လာတာလဲဗျ၊ အချစ်ဆုံးသူငယ်ချင်းရဲ့ အသုဘက ပြန်လာသလိုပဲ၊ ခင်ဗျားအတွက် အလိုအပ်ဆုံးက အရက်ဗျ၊ ဆရာ . . ရှမ်နှစ်ပက် ခပ်မြန်မြန် ထည့်စမ်း"

ဇစ်ဒလာက ခွေးခြေတစ်လုံးပေါ် တက်ထိုင်ပြီး ကောင်တာပေါ်ကို စိတ်ပျက်လက်ပျက် လက်ထောက်လိုက်သည်။

"ကျွန်တော် စဉ်းစားလို့ကို မရဘူးဗျာ"

သူက အပြင်သို့ငေးရင်း ညည်းတွားလိုက်သည်။

"ဘာကို စဉ်းစားလို့ မရတာတုန်းဗျ"

ဟင်နရီက သူ့ပခုံးကို သိုင်းဖက်ပြီး မေးလိုက်သည်။

"ကျွန်တော်ပြောတာ မွန်စီယာ မှတ်မိလား၊ ကျွန်တော် သန်းကြွယ်သူဌေးဖြစ်ရမယ်လို့ ပြောခဲ့တာလေ၊ ကျွန်တော် စာရင်းတွေလဲ ပြန်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီးပြီ၊ ဘာမှ အမှားအယွင်းမရှိဘူး၊ ကပွဲတွေလဲ ကောင်းတယ်၊ တီးဝိုင်းလဲ အနိုပ်စားပဲ၊ အရက်ကောင်တာလဲ။ ပြောစရာ မရှိဘူး၊ ကင်ကင်ကိုလဲ လူတိုင်းကြိုက်ကြတယ်၊ ဒါပေမဲ့ ဘယ်တော့မှ ရုံမပြည့်ဘူးဗျ"

"ဒီည ပြည့်မှာပါဗျာ။ ဟိုမှာကြည့်လေ၊ လူတွေ တဖွဲဖွဲ ဝင်နေတာပဲ"

ဇစ်ဒလာက ပခုံးတွန့်ပြီး

"ဒီညကတော့ ဟုတ်တာပေါ့ဗျ၊ ဆိုင်တိုင်း နေရာတိုင်း ပြည့်မှာပဲ၊ နှစ်သစ်ကူးချိန်ကိုး။ တစ်ခုခု လိုနေတာတော့ အမှန်ပဲဗျ၊ အင်္ဂလိပ်တွေဆို ကျွန်တော် မျှော်လင့်ထားတာထက် တစ်ဝက်လောက်ပဲ ရတယ်၊ အမေရိကန်တွေလဲ နည်းနည်းပဲလာတယ်၊ ဒီလို အလုပ်မျိုးလုပ်ရင် အမေရိကန်တွေမပါလို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော့်တွက်ကိန်းတွေ မဟုတ်ဘူးထင်တယ်ဗျာ"

"ခင်ဗျားလုပ်တာတွေ မမှားပါဘူး။ လူတွေက လေရဟတ်နီအကြောင်း သိပ်မသိတာကြောင့်ပါ"

"ဟာ . . သေတော့မှာပဲ၊ ကြော်ငြာစရိတ် ဒါ့ထက်အကုန်ခံရရင် သေရချည်ရဲ့ဗျာ၊ နေရာတကာ ပိုစတာတွေ ထောင်ထားတာပဲဟာ"

"ဒါပေမဲ့ လူတွေက ခင်ဗျား ပိုစတာတွေကို မမြင်ကြဘူးလေ"

"ဗျာ . . ခင်ဗျား ဘာဆိုလိုတာလဲ မွန်စီယာ"

"ခင်ဗျားရဲ့ ပိုစတာတွေက ပိုစတာမှ မဟုတ်တာ ကြော်ငြာအတတ်ပညာမှ မပါတာပဲ"

"ဟာ . . နာမည်ကြီး ပိုစတာဆရာတွေနဲ့ ကျွန်တော် လုပ်တာပဲဗျာ"

"ခင်ဗျား ပိုစတာတွေကို မိုက်ကယ်လ်အိန်ဂျလိုပဲရေးရေး ကျွန်တော် ဂရုမစိုက်ဘူး။ ခင်ဗျား ပိုစတာတွေ လှပါတယ်၊ ဒါပေမဲ့ ကြော်ငြာပိုစတာ မဟုတ်ဘူး"

ဇစ်ဒလာ၏ မျက်ဝန်းထဲတွင် အလင်းရောင်တစ်ခု မြင်လိုက်သလိုလို ရှိလာသည်။

"ဘယ်လိုများ ကွာလို့လဲဗျာ"

"သိပ်မကွာပါဘူး၊ အမြောက်သံနဲ့ ပုလွေသံ ကွာသလောက်ပါပဲ။ ပိုစတာဆိုတာ မျက်စိထဲမှာ ထင်းခနဲအထူးအဆန်းဖြစ်သွားရမယ်၊ အထိတ်တလန့်ဖြစ်သွားရမယ်၊ မျက်နှာမလွှဲနိုင်လောက်အောင် ဆွဲအားကောင်းရမယ်။ ခင်ဗျား ပိုစတာတွေက ခပ်ချောချော ကောင်မလေးတွေ မြည်းပေါ်မှာ ထိုင်နေကြတယ်၊ သလုံးသားဖော်ပြီး ပြုံးနေကြတယ်၊ အဲဒါနဲ့ လေရဟတ်နီနဲ့ ဘာဆိုင်လဲဗျ"

"ဒါဆို အဲဒီကောင်မလေးတွေ ဘာလုပ်နေရမှာလဲ"

"ဘာလုပ်ရမှာလဲ . . ကင်ကင် ကနေရမှာပေါ့ဗျ"

"ဗျာ . . ကင်ကင် . . ဟုတ်လား"

ဇစ်ဒလာ မျက်လုံးကြီးတွေ ထွက်ကျမတတ် ပြူးထွက်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



"အို . . ဘုရားသခင် . . ခင်ဗျားပြောတာ ဟုတ်သားပဲ။ ဟုတ်တယ်၊ အဲဒီအတိုင်း ဖြစ်ရမှာ . ."

"သူတို့ အင်္ကျီတွေကို လေထဲမှာ ဝဲနေအောင် လွှင့်ပစ်နေရမှာ၊ သူတို့ ခြေထောက်တွေပါ လေထဲ ဝဲနေရမှာ၊ ကပွဲခန်းထဲက ပရိသတ်တွေပါ ထည့်ရေးရမှာ၊ ကောင်မလေး . ."

ဇစ်ဒလာ မျက်နှာပေါ်မှ အတွေးပုံရိပ်ကို ဖမ်းမိလိုက်သဖြင့် သူ တုံ့သွားသည်။

"အဲ့ . . နေဦးဗျ၊ ကျွန်တော်တွေးတဲ့အတိုင်း ခင်ဗျားလိုက် တွေးနေတယ်ဆိုရင်တော့ အဲဒါ မဖြစ်တော့။ အဲဒီကိစ္စ ကျွန်တော် လုပ်မှာမဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ နှစ်တွေထောင်ချီကြာသွားလိမ့်မယ်။ ကျွန်တော် ပိုစတာမှ မရေးဖူးတာပဲ၊ လစ်သိုဂရပ်ဖီ [၁] လဲ တစ်ခါမှ မလေ့လာဖူးဘူး၊ ကျောက်သားပေါ်မှာ ပုံရေးဖို့က တစ်ခါ သင်ရဦးမှာဗျ"

ဇစ်ဒလာက တောင်းတောင်းပန်ပန် ဝင်ပြောသည်။

"ပီယာကိုတဲလ် ခင်ဗျားကို သင်ပေးမှာပေါ့၊ ကျွန်တော့် ပိုစတာတွေ သူလုပ်ပေးတာပဲ၊ လူတော်ပါဗျ"

"သူ့ဘာသာသူ ဘယ်လောက် တော်နေတော်နေ ကျွန်တော် အဲဒီအလုပ်ကို မလုပ်ချင်ဘူး၊ စိတ်ထဲမဝင်စားဘူး၊ အချိန်လဲမရှိဘူး"

ဇစ်ဒလာတစ်ယောက်တည်း ပြောမရတော့ ဆာရာက ပါဝင်ဆွေးနွေးသည်။ သူက ဒေါသူပုန်ထပြီး စားပွဲကို လက်သီးနှင့်ထုသည်။ ဆာရာ့ကိုပါ ဟောက်သည်။ ဒီအကြောင်း ဆက်ပြောလျှင် လေရဟတ်နီ အရိပ်ကို လုံးဝမနင်းတော့ဘူးဟု ခြိမ်းခြောက်သည်။

ဟိုနှစ်ယောက်ကလည်း အလျှော့မပေး။ အောက်ကျို့တောင်းပန်သည်။ သနားအောင်ပြောသည်။ နောက်ဆုံး သူသဘောတူလိုက်ရတော့၏။ ဇစ်ဒလာ မျက်ရည်တွေလည်ပြီး ထသွားသည်၊ သည်တော့မှ ဆာရာ့ကို အပေါ်စီးက ပြောတော့၏။

---

၁။ Lithography ကျောက်ပုံနှိပ်စာ။ ပုံတစ်ပုံကို ကျောက်သား သို့မဟုတ် အခြားသင့်တော်ရာ ပစ္စည်းတစ်မျိုးမျိုးပေါ်တွင် ပုံနှိပ်သည့်ပညာ။ နောင်တွင်မှ သတ္တု နှင့် သွပ်ပြားမျက်နှာပြင်ပေါ်တွင် ပုံနှိပ်နိုင်ခြင်းဖြစ်သည်။ လစ်သို ပုံနှိပ်ပညာသည် ဂိုယာ၊ ဒလာခွာနှင့် ဒိုမီယေးတို့ ခေတ်ကတည်းက စတင်ခဲ့သည်။ လစ်သိုပညာရပ် တစ်ဆင့်တစ်ဆင့်တိုးတက် ပြောင်းလာခြင်းတွင် တူလုစ်လောထရက်၏ အားထုတ်မှုမှာ အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည်။ မာနေးနှင့် ဒေဂါး တို့၏ ကျေးဇူးလည်းပါသည်။



"ကဲ . . ကိုယ့်နေရာကိုယ်သွားမယ်၊ မကြာခင် သူငယ်ချင်းတွေ ရောက်လာတော့မယ်၊ ဂက်စတန်ကို ကော့ညက်တစ်လုံး ပို့ခိုင်းလိုက်။ အရက် ဆန့်ကျင်ရေးတရား မဟောနဲ့၊ ကော့ညက်မပေးရင် ပိုစတာ မရေးဘူး"

"လက်ကိုင်ပဝါပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မင်္ဂလာနှစ်သစ်မှာ ပျော်ရွှင်နိုင်ပါစေ မွန်စီယာ"

သည်တော့မှ ဆာရာကို သူပြုံးပြုံးကြီး ကြည့်သည်။ သူ ထွက်သွားတော့ သနားစရာ ကောင်းလှသည့် သူ့ကို ဆာရာ ငေးကြည့် ကျန်ရစ်သည်။

*

လေရဟတ်နီထဲတွင် တဖြည်းဖြည်း ညှော်သည်တွေ ပြည့်လျှံလာသည်။ သူ့စားပွဲကို ဟင်နရီရောက်တော့ ညလယ်စာအတွက် ဟင်းလျာတွေ အဆင်သင့်။ မလှမ်းမကမ်း စားပွဲတွင် အမေရိကန်တသိုက်က ပြင်သစ်ကော အကျိုးအပဲ့ကလေးများဖြင့် အကြီးဆုံး ရှမ်ပိန်တစ်လုံးနှင့် အချောဆုံး ကောင်မလေး လေးယောက်လိုချင်ကြောင်း စားပွဲထိုးတွေကို ပြောနေ၏။

ဂက်စတန် ရောက်လာသည်။

"မင်္ဂလာပါ မွန်စီယာ တူလုစ်၊ ဆာရာက ကော့ညက်ပို့ခိုင်းလိုက်ပါတယ် ခင်ဗျ။ သူက မှာလိုက်တယ် . ."

"ထားပါကွာ၊ သူ ဘာမှာမယ်ဆိုတာ ငါသိပါတယ်။ မင်း အမျိုးသမီး နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ သက်သာပါတယ် ခင်ဗျ။ ဆေးရုံကို မွန်စီယာ လာကြည့်မယ်ကြားလို့ သူအရမ်းကျေးဇူးတင်နေတယ်လေ။ ကျွန်တော့်ကို နှင့်ပြုပါဦး မွန်စီယာ၊ လူတအားကျနေလို့ပါ"

ဟင်နရီက သူ့ဖန်ခွက်ကို ဖြည့်ပြီး ချက်ချင်းမော့လိုက်သည်။ ဗိုးတော့ ဟင်းပွဲတွေကို ရေတွက်နေ၏။ သည်ည မောရစ် အပါအဝင် မောင်မတ်သူငယ်ချင်းတွေ အားလုံးဖိတ်ထားသည်။

မောရစ် ဦးဆုံး ရောက်လာသည်။ သူတို့နှစ်ယောက်သည် ငယ်ငယ်တုန်းကအတိုင်း ချစ်ခင်နေကြဆဲ၊ သံယောဇဉ်ကြီးကြမြဲ ဖြစ်လာသည်။ သူငယ်ချင်းနှင့် နှစ်ကူးရသည်မှာ စိတ်ချမ်းသာစရာ ကောင်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မောရစ်က ရောက်မဆိုက် ခြုံထည်ကို ကြိုးဖြုတ်ရင်း

"ကိုယ်နည်းနည်း နောက်ကျသွားတယ်ကွာ၊ လမ်းတွေ ပေါ် မှာ ရထားတွေ ကျော်ကိုတ်တိုးပဲ။ ကိုယ်လမ်းမှာ ဒရေးဖတ်စ် ၁ နဲ့ သွားတိုးဘယ်က မှတ်မိဘယ် မဟုတ်လား၊ ကိုယ့်အိမ်မှာ မင်းနဲ့တစ်ခါ ဆုံတယ်လေ၊ ခု သူဗိုလ်ကြီးဖြစ်နေပြီ၊ မိန်းမ ယူတော့မလို့တဲ့ကွ"

"အော . . ကောင်းတာပေါ့၊ ကဲ . . မင်းဘာသောက်မလဲ၊ ရှမ်ပိန်တော့ နောက်မှ သောက်ကြတာပေါ့"

"ပြည်းပြည်းပေါ့ကွာ"

မောရစ်က စားပွဲပေါ်မှ ကော့ညက်ပုလင်းကို ကြည့်ပြီး

"ဟ . . မင်းက ချနှင့်နေပြီလား၊ မင်း နည်းနည်းစောင့်ဖို့ . ."

"ကဲ . . တော်ပါပြီ သူငယ်ချင်းရာ၊ ဆာရာဆီကလည်း ငါ နားမဆံ့အောင် တရားနာခဲ့ရပါပြီ။ ဒီနေ့ နှစ်သစ်ကို ကြိုရမယ်လေ၊ ငါ ပျော်ပါရစေကွာ. ."

"အေးပါလေ . . ဟား . . ဟင်းပွဲတွေက မနည်းပါလား၊ ဘယ်သူတွေ လာကြမှာလဲ"

"နာမည်ကြီးတွေပေါ့ကွာ၊ အမျိုးသမီးတွေလဲ ပါတယ်၊ မင်းက ပန်းချီအရောင်းဆိုင် ဖွင့်ချင်တယ်ဆိုတော့ . . သြော် . . ဒါထက် မင်း မွန်စီယာ ဘူးဆော့ဆီ မသွားဘူးလား။ မွန်စီယာ ဘူးဆော့လေကွာ သီအိုရဲ့ လက်ထောက်အဖြစ် မင်းကို သူ ထားပေးမှာပါ။ သီအို တစ်ယောက်တည်း မနိုင်မနင်းဖြစ်နေတယ်။ သူ့ကို တွေ့တော့ ငါမှတ်တောင်မမှတ်မိဘူး၊ နေကောင်းပုံလဲ မရဘူး။ မိန်းမနဲ့ကလေးနဲ့ ဖြစ်နေပြီကွ သူ့ကလေးလဲ မကျန်းမာဘူးကြားတယ်။ ဗင်းဆင့်လဲ မလွယ်ပါဘူးကွာ အားလ်စ်ကို ရောက်နေတယ်၊ သူ့အကြောင်း မင်းကို ငါ ပြောဖူးတယ်နော်. ."

၁၊ Alfred Dreyfus (1859-1935) ဂျူးလူမျိုး ပြင်သစ်တပ်မတော်ဗိုလ်ကြီးဖြစ် သည်။ နိုင်ငံတော်သစ္စာဖောက်မှုဖြင့် အထောက်အထားမခိုင်လုံဘဲ တပ်မှ အထုတ်ခံရပြီး 1894 တွင် တစ်သက်တစ်ကျွန်းအပြစ်ပေးခံရသည်။ သူ့တွင် အပြစ်မရှိကြောင်း Dreyfusက တောက်လျှောက်ကန့်ကွက်သည်။ စာရေး ဆရာများ၊ အနုပညာရှင်များ သူ့ဘက်မှ ရပ် တည်ပြီး သူ့ကို ထောက်ခံကြသည်။ ယင်းအတွက် Emile Zola ထောင်ကျခံရသည်။ အမှုကို ပြန်စစ်ဖို့ နိုင်ငံနှင့်အဝှမ်းအုံကြွ တောင်းဆိုမှုကြီး ထွားလာသဖြင့် ခုံရုံး အသစ်ဖွဲ့ပြီး ပြန်စစ်ပေးရသည်။ ရုံးတော်မှ အပြစ်မရှိကြောင်း စီရင်ချက်ချပြီး ထောင်မှ ပြန်လွတ်လာခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် ဗိုလ်မှူးရာထူးဖြင့် စစ်တပ်တွင် ပြန်လည် ခန့်အပ်ခြင်းခံရသည်။၄



"အေး . . ကျေးဇူးပဲကွာ၊ ငါ သွားတွေ့လိုက်ပါ့မယ်။ မင်း...ကိုယ်ပြပွဲအကြောင်း ငါဆောင်းပါး ဖတ်လိုက်ရပါတယ်"

အမျိုးသမီးတစ်ယောက် ရောက်လာသဖြင့် သူတို့ စကား ပြတ်...ကြသည်။ အမျိုးသမီးက ခပ်ဖြောင့်ဖြောင့်။ တစ်ခုခုကို အလိုမကျ...ပုံ၊ မျက်လုံးတွေက အရောင်တဖျတ်ဖျတ်။

"ချားလ်စ်မရောက်သေးဘူးလား ဟင်။ သူ ပြောတော့ သူက...ရောက်နှင့်နေမယ်တဲ့"

"လာမှာပေါ့ကွယ်၊ ကဲ . . ထိုင်ပါ ဂျာမိန်းရဲ့၊ တို့ သောက်ရင်း...ကြတာပေါ့။ ဟောဒါ ကိုယ့်သူငယ်ချင်း မောရစ်ယိုးယန့်၊ မောရစ်...ဒါ့ရဲ့ အဆက် ဂျာမိန်းတဲ့"

ဂျာမိန်းဆိုသူ အမျိုးသမီးက မောရစ်ကို ခေါင်းညိတ်ပြပြီး ဝင်...ည်။

"အဆက် ဟုတ်လား၊ တော်သေးတာပေါ့၊ ကျွန်မ ဘာလို့...ပ် ငမူးကြီးကို စွဲနေသလဲ မသိပါဘူး။ အလကားလူကြီး၊ ကျွန်မ...တာပါလေ . ."

လက်အိတ်တွေကို ဆောင့်ကြီး၊ အောင့်ကြီး ချွတ်ပြီး စကား...သည်။

"ခုလဲ သူ့မိတ်ဆွေ အင်္ဂလိပ် ဝက်ဝံကြီးတစ်ကောင်နဲ့ ထွက်...လေ။ တစ်ကိုယ်လုံး အမွှေးအမျှင်တွေနဲ့ လူကြီးလေ"

ဟင်နရီက လူတွေကို တိုးဝှေ့ပြီး ရောက်လာသည့် ဂေါ်ဇီနှင့်...ဘက်တန်ကို ထိုင်ဖို့ လက်ဝေ့ပြလိုက်သည်။ အောင်ကက်တန်က...သားဘဝမှ ဆောင်းသည့် ဦးထုပ်ဟောင်းကြီးနှင့်ပင်။ ရွှေရောင်...တ်တွေက ပို၍ ရုပ်ထွေးလာ၏။ ဂေါ်ဇီက ဘာမှမပြောင်းလဲ၊...င်းဟောက်ပက်၊ ဖြုဖြပ် ဖြုရော်နှင့် သောကရောက်နေသည့်ပုံစံ။

"အားပါး . . ချမ်းလိုက်တာ သေတော့မယ်၊ ဖိနပ်နှစ်ဖက်လုံး...တွေ စက်စက်နစ်နေပြီ"

"ချွတ်ထားလိုက်လေ"

ဂျာမိန်းက ဒိုးဒိုးဒေါက်ဒေါက် ဝင်ပြောသည်။

"မဖြစ်ဘူးဗျ၊ ကျွန်တော့်မှာ ခြေအိတ်မပါဘူး"

ဂေါ်ဇီက မောရစ်နှင့် လက်ဆွဲနှုတ်ဆက်ရင်း

"ကိုယ့်လူက ပန်းချီဆရာတစ်ယောက်တော့ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါဘူးနော်။ ကျုပ်မှာ ကလေးတစ်ယောက်ရလို့ အဲဒီက… ပန်းချီဆရာ လုပ်ချင်တယ်ပြောရင် တစ်ခါတည်း ရေထဲ နှစ်သ… မယ်"

အောင်ကက်တန်က ဦးထုပ်တွင် ကပ်နေသည့် နှင်းမှုန်… တအားခါထုတ်နေသည်။ နံဘေးစားပွဲမှ အမျိုးသမီးတွေဆီကို သွ… ကုန်သည်။ "စိတ်မရှိကြပါနဲ့ဗျာ၊ နှင်းမှုန်ကလေးတွေက သန့်သန့်ရှ… ချစ်စရာကလေးတွေပါ"

နောက်ထပ်ဧည့်သည်တစ်သိုက် ရောက်လာသည်။ … ဆောင်လာသူက ဒက်စ်ဘောက်တင်း။ သူက အက်ချင်းပန်းချီဆ… ကြီး။ အနက်ရောင်ဝတ်စုံနှင့်၊ ဆေးတံရှည်ကြီး ခဲလျက်။ ဖြူဖွေးနေ… မုတ်ဆိတ်မွေးတွေက အလေ့ကျ ပေါက်နေသည့် ချုံပုတ်များနှင့် …

သူက အလယ်ခေတ်မှ ထလာသည့် ပုံစံဖြင့်

"အားလုံး မင်္ဂလာပါ ခင်ဗျာ၊ အချစ် နတ်သမီး ဗီးနပ်… ယမကာ နတ်သမီး ဘားခတ်စ်တို့က သင်တို့အားလုံးကို စောင့်ရှေ… ပါစေ။ ဝေဖန်ရေးဆရာတွေ အားလုံး အဝီစိငရဲအိုးမှာ ချိုးကပ်ကြ… အာမဘာန္တေ" ဟုဆိုပြီး တေလေတို့၏ ဘိုးအေကြီးက ကုလားထိုင်… လုံးပေါ်တွင် ခွေခွေယိုင်ယိုင် ထိုင်ချလိုက်သည်။

ဟင်နရီက မောရစ်ကို တစ်ချက် လှမ်းကြည့်လိုက်၏။

ထိုလူကြီးက မိန့်ခွန်းခြွေသည်။

"အစားအသောက်ဟာ ကမ္ဘာပေါ်မှာ လူနဲ့ အတည့်ဆုံး…

လာချကာစ ပုစွန်တုပ်ကြီးကို ကောက်လွေးရင်း သူ … စလိုက်ခြင်းဖြစ်၏။ နောက်ထပ် ဧည့်သည်တွေ တစ်ယောက်ပြီး… ယောက် ရောက်လာကြသည်။ ဟင်နရီက အားလုံးနှင့် မောရစ်ကို… ဆက်ပေးသည်။ လူချော မောရစ်ကို အမျိုးသမီးအားလုံး စိတ်ဝင်စ… နှုတ်ဆက်ကြ၏။

အားလုံး ရှမ်ပိန်နှင့်ဟင်းလျာများကို မြိန်ရေ ရှက်ရေ … သောက်ကြသည်။ ပုစွန်တုပ်ကြီးကို တဂျွမ်းဂျွမ်းဝါးသံနှင့်၊ … တကွတ်ကွတ်သောက်သံများဖြင့် ဝိုင်းသည် ပို၍ ပို၍ အသက်ဝ… လေသည်။

နောက်ပိုင်းတွင်တော့ ဟင်နရီ့ကို ဘဲလ်ဂျီယံမှ ဖိတ်ခေါ်… အကြောင်း၊ သည်ညဆပ်ကပ်ဖျော်ဖြေခန်းတွင် ဆင် ၂၅ ကောင်…



…ည့်အကြောင်း၊ လက်ထပ်ထိမ်းမြားခြင်းကို ကိုယ်ကျင့်တရား ပျက်ပြား…သဖြင့် လည်းကောင်း၊ အချစ်စိတ် နိုးကြွမှု ဆိတ်သုဉ်းစေသဖြင့် …ည်းကောင်း ဖျက်သိမ်းသင့်ကြောင်းများ တစ်ယောက်နှင့်တစ်ယောက် …နှင့် ငြင်းခုံနေကြ၏။

သည့်နောက် ရေနွား၏ ပြပွဲအကြောင်း ရောက်သွားပြန်၏။

"ရှုဘင်ပြီးရင် မိန်းမပုံကို သူ့လောက်ကောင်းအောင် ဆွဲနိုင်တဲ့ …မပေါ်သေးဘူး"

"ကိုယ်နောက်ရေးမယ့်ကားက စေဇန်းနဲ့ ဗေရှိုးနက်စ်တို့ နှစ်…ယောက်ရဲ့ဟန် ရောမွှေနေလိမ့်မယ်"

"ဟေး . . ဟင်နရီ . . မင်း ဆူရတ်အကြောင်း ကြားပြီးပြီ…ား"

စကားဝိုင်းမှာ စိုပြည်သည်ထက် စိုပြည်လာသည်။ ဆူသည် …ထက် ဆူလာသည်။ အမျိုးသားများနှင့်အတူ အမျိုးသမီး ရှစ်ယောက်တို့ …ည်း အပျော်ကြီး ပျော်နေကြပြီ။ သူတို့အားလုံး တစ်ချိန်က ပန်းချီဆရာ …၏ စံပြမယ်များ ဖြစ်ခဲ့ကြဖူးသူတွေဖြစ်၏။ ဆွေးနွေးသည့် အကြောင်း…ရာ တွေလည်းစုံပြီ။ ပန်းချီဆရာတွေအကြောင်း၊ ပန်းချီကားတွေ …အကြောင်း၊ ပန်းချီပွဲစားတွေ အကြောင်း၊ မော်ဒယ်တွေအကြောင်း။

ထိုစဉ် ချားလ်စ် ကွန်ဒါ၊ ဒယီးဒယိုင်နှင့်ရောက်လာသည်။ …နှင့်အတူ ရောမ လူကြီးတစ်ယောက် ပါလာသည်။ မျက်နှာ၊ နားရွက် …နှင့် တစ်ကိုယ်လုံး နီညိုရောင် အမွေးအမျှင်တွေ ဖုံးနေသည့် လူကြီး။

နှစ်ယောက်စလုံး ညစာစားဖို့ ဝတ်စုံပြည့် ဝတ်ထားကြ၏။ …သော် သူတို့ အတွင်းခံရှပ်အင်္ကျီ ရှေ့ပိုင်းမှာ ကြေမွ တွန့်လိမ်နေ၏။ …င်းပေါ်မှ ဦးထုပ်တွေကလည်း စွေစွေစောင်းစောင်း၊ နှစ်ယောက်စလုံး …လွန်အကျွံ မူးနေပြီ။

"ဟောဒီမှာ မင်းရဲ့ အသည်းစွဲကြီး ရောက်လာပါပြီဗျား" ဟု …င်နရီ က ဂျာမိန်းကို လှမ်းပြောလိုက်သည်။

ထိုအချိန်တွင် ဂျာမိန်းသည် အောင်ကက်တန်၏ ပခုံးကို မှီနွဲ့နွဲ့ …ပ်ချင်နေပြီ။ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ချားလ်စ် …ကို ကြည့်ပြီး

"ကြည့်စမ်း ကျွန်မ ပြောတယ်မဟုတ်လား၊ သောက်လာလိုက် …ာ လူမှန်း သူမှန်း မသိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဟေး . . ဟင်နရီ၊ ရဲဘော်ကြီး"

သူက အင်္ဂလိပ် ယဉ်ကျေးမှုကို ထိန်းသိမ်းသူဖြစ်သော်
အာတွေ လေးနေပြီ။

"ဟေး . . ဟင်နရီ၊ သူနဲ့မင်းကို မိတ်ဆက်ပေးပါရစေ၊
နာမည်ကျော် အင်္ဂလိပ် စာရေးဆရာ အော်စကာဝိုင်းလ်[၁] တဲ့၊ အဲ . .
ဘာတဲ့၊ အဲ . . အကြောင်းအရာ ပေါင်းစုံရေးတယ်ကွ။ ဒီနေ့မှ လန်
ရောက်လာတာ"

ထိုလူကြီးက ညည်းညည်းတွားတွား စကားစသည်။

"အင်း . . ပါရီ၊ ပါရီ၊ ကမ္ဘာပေါ်မှာ အယဉ်ကျေးတကာ့
ကျေးဆုံးမြို့ကြီးပါပဲဗျာ။ ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့
ထွေးနေတဲ့ လန်ဒန်မြို့ကြီးကနေ ကျွန်တော် လွန်ခဲ့တဲ့ နှစ်ရက်ကမှ
လာတာ။ ပါရီလေကိုရှူရမှပဲ လန်းသွားတော့တယ်"

သူက ဆေးလိပ်မီးခိုးငွေ့တွေကို ရင်ဘတ်ကြီးကားပြီး ရှူ
၏။

"ဟား . . ရှမ်ပိန်ပါလား ကွယ်ရို့၊ နိပ်လိုက်လေဗျာ"

ဟင်နရီက ထိုလူကြီးကို လှမ်းအကဲခတ်လိုက်သည်။
ခက်မည့် ပုံစံမျိုး ထင်ရပေမယ့် သေသေချာချာကြည့်တော့ ရှင်
ကြည်လင်သည့် မျက်နှာမျိုး။ မိန်းကလေးတစ်ယောက်၏ မျက်နှာ
နှုတ်ခမ်းတွေက ပန်းနုရောင် ဖျော့ဖျော့။ သို့သော် မျက်ခုံးတွေက
သည်။ ထူးထူးခြားခြား ထူထဲ နက်မှောင်လွန်းသည်။

အနှောင့်အယှက်ဖြစ်စေသည့် လေသံမျိုးဖြစ်သော်လည်း
သည်အင်္ဂလိပ်ကြီးကို ဟင်နရီ သဘောကျနေသည်။ သူစကားပြော
နားထောင်ကောင်းသည်။ သို့သော် အောင်ကက်တန်က ကြားဖြတ်
ပန်းချီပွဲစားများ မတရားခေါင်းပုံဖြတ်နေကြောင်း ဝင်ပြောသည်။

အားလုံး စိတ်ဝင်စားသည့်အကြောင်းအရာဖြစ်၏။ နာကြည်း
ကိုယ်စီဖြင့် မျက်လုံးများ မီးဝင်းဝင်း တောက်လျက်။ ပန်းချီ အရော
ဆိုင်များအကြောင်း၊ ပွဲစားများအကြောင်း ရှုထောင့်မျိုးစုံမှ ဝေဖန်ကြ
၏။ ဟင်နရီက မောရစ်ကို လှမ်းကြည့်လိုက်သည်။

---

၁။ ထိုညက လောထရက် ပုံတွေအများကြီးရေးဖြစ်သည်။ အော်စကာဝိုင်းလ်၏ ရုပ်
ကမ္ဘာကျော် ပန်းချီကားဖြစ်သွားသည်။ ကာလီဝ်လင် ပြတိုက်တွင် ပြထားသည်။



ထို့နောက် ပြဇာတ်အကြောင်း၊ ဂီတနှင့်ကဗျာအကြောင်း၊
နောက် စာပေအကြောင်း ဆက်ပြီး ငြင်းခုန်ဆွေးနွေးကြသည်။ သန်း
ခေါင်ရောက်တော့ ဧရာမ ကပွဲခန်းမဆောင်သည် သေးငယ်သွားလေပြီ။
ဝိုင်းခေါင်းဆောင် ဂျူးဖိုးသည် တံတောင်ကို ကွေးကာ ဆန့်ကာ၊
င်ပါးကို လှုပ်ကာ လှုပ်ကာ သူ့လက်ထဲမှ တုတ် ချောင်းကလေးများကို
ကာ ဝဲကာဖြင့် တီးဝိုင်းကို ဦးဆောင်နေ၏။

ဟင်နရီက ကော့ညက်ကို ဖန်ခွက်ထဲ လောင်းထည့်ပြီး မော့
လိုက်ပြန်သည်။ နှစ်ကူးညပေပဲ၊ ပျော်ရမည်ပေါ့။ စပျစ်သီးကလေးတွေကို
တစ်လုံးချင်း စားရတာ အရသာ ရှိသလို တစ်ခါတလေ ပလုတ်ပလောင်း
ရတာလဲ ကောင်းတာပါပဲ။

ရုတ်တရက် ဂီတသံများ တုံ့ခနဲ ရပ်သွားသည်။ ဂျူးဖိုးက လက်
နှစ်ဖက် ဆန့်တန်းပြီး "ကြွရောက်အားပေးကြတဲ့ မင်းပရိသတ်များ
ခင်ဗျား၊ သန်းခေါင်ယံ အချိန်တိတိ ရောက်လာပါပြီ။ လေရဟတ်နီက
မင်းပရိတ်သတ်အပေါင်းအတွက် နှစ်သစ်မင်္ဂလာပါလို့ နှုတ်ခွန်းဆက်
သမွန်ကောင်း တောင်းလိုက်ပါတယ်ခင်ဗျား"

ချက်ချင်းတီးဝိုင်းမှ သံစုံ တေးသံများ ဆူဆူညံညံ ထွက်လာ
ပြန်သည်။ တစ်ဦးကိုတစ်ဦး ပွေ့ဖက်နမ်းရှုတ်ကြ၊ ခြေဖနောင့်ဆောင့်
လိုက်ကာ အော်ဟစ် သီဆိုကြ၊ ဖန်ခွက်ချင်း လှမ်းတိုက်ကြ၊ လက်ဆွဲ
နှုတ်ဆက်ကြဖြင့် ရှုပ်ယှက်ခတ် ဆူညံသွားတော့သည်။

မောရစ်က မျက်နှာချင်းဆိုင်မှ ရှေ့ကိုင်းပြီး 'မင်္ဂလာနှစ်သစ်
မှာ သူငယ်ချင်း ကျန်းကျန်းမာမာနဲ့ ပျော်ရွှင်နိုင်ပါစေကွာ' ဟု နှုတ်ဆက်
ဆုတောင်းသည်။

"မင်္ဂလာနှစ်သစ်ပါ မောရစ်"

ဟင်နရီက ပြောပြောဆိုဆို စက္ကူတစ်ရွက်ကို ဦးထုပ်လုပ်
ဆောင်းလိုက်ပြီး စားပွဲပေါ်တွင် အသင့်ဆောင်ထားသည့် ထရမ်းပက်
ကို အသားကုန် မှုတ်လိုက်သည်။

၁၈၉၀ ပြည့် နှစ်သစ်ထဲသို့ ရောက်ခဲ့လေပြီ။

၁၈၉၀ ခုနှစ်။ မာရီရှားလက်၏ နှစ်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ကဲ . . ဆိုစမ်းပါဦး၊ မင်းရဲ့ ဘရပ်ဆယ်လ်ပြပွဲအကြောင်း"

ဒေဂါးက ဟင်နရီနှင့် ပီဆာရိုကို သူ့အိမ်တွင် ညစာ ဖိတ်ကျွေ ရင်း မေးလိုက်ခြင်းဖြစ်သည်။

"အခြေအနေ ကောင်းရဲ့လား၊ ဝေဖန်ရေးကောင်တွေ ဘာပြေ လဲ"

အဘိုးကြီးက မေးခွန်းတွေ ဆက်တိုက် ထုတ်နေ၏။

"ပြပွဲက အောင်မြင်ပါတယ်၊ ဝေဖန်ရေးသမားတွေကတော့ ထုံးစံအတိုင်းပေ့ါ" ဟုဖြေတော့ ပီဆာရိုဘက်လှည့်ပြီး

"ဟော့ ကင်မီးလ်၊ မင်းကြားပြီးပြီလား၊ သူ့ကားတွကို ဝေဖန်ရေး ငနာတွေက မကြိုက်ကြဘူးတဲ့။ မင်း မှတ်မိသေးလား၊ လွန်ခဲ့တဲ့ ၁၀ နှ က ငါ့ရဲ့ 'ဘဲလေးကချေသမများ' ကို သူတို့ ဘယ်လို ဝေဖန်ခဲ့ကြသလဲ"

သည်နေ့ သူတော်တော် ရွှင်နေသည်။ သူ့ ထမင်းချက်၊ အိမ် ဖော်အမျိုးသမီး 'ဇို'ကိုလည်း ဟာသတွေ နှောနေ၏။ အမဲနှပ်နှင့် ဖို့၊ အသီးအနှံတွေကို သူကိုယ်တိုင် အတွဲအဖက် လုပ်ပေးနေသည်။

"မြန်မြန်လုပ်ပါ အဂ္ဂါရယ်၊ ဟင်းရွက်တွေ စားပွဲပေါ် ကျ ပြီ" ဟု ပီဆာရိုက တားယူရသည်။



ဟင်နရီကို မေးပြန်သည်။

"ပြတိုက်တွေကော မင်း လေ့လာခဲ့ရဲ့လား။ မင်းမှာ လက်ရှိ ဘယ်ကွာ၊ မင်းဒါထက်ရေးနိုင်ရမယ်ကွ။ ဒါထက် မင်းရဲ့ စိန်ခေါ် ချိန်း သတ်ပွဲအကြောင်း ပြောပါဦး"

ဒီမေးခွန်းကို ဟင်နရီ မျှော်လင့်ထားပြီးသား။ မောင်မတ်တွင် ဆေပန်းစားနေသည့် ချိန်းသတ်ပွဲသတင်းမဟုတ်လား။

"ချိန်းသတ်ပွဲ အဆင့်မရောက်လိုက်ပါဘူး မွန်စီယာ ဒေဂါး။ ဒီ ဂရောက်ဆိုတဲ့ လူတစ်ယောက်ကို ကျွန်တော် စိန်ခေါ်ရုံ ခေါ်လိုက်တာ ပါ။ ဗင်းစင့်ကို နှိမ်တာ ကျွန်တော် မခံနိုင်ဘူးလေ၊ ပြပွဲပိတ်တဲ့ ညစာ စားပွဲမှာ ဖြစ်ကြတာခင်ဗျ"

ပြန်ပြောပြနေရင်း ထိုညကို မျက်စိထဲမှာ မြင်ယောင်လာသည်။ စားပွဲရှည်ကြီးပေါ်တွင် ဖြူဖွေးနေသည့် စားပွဲခင်းလွှမ်းထား၏။ ပန်းကန် ခွက်ယောက်တွေက အရောင်တဖိတ်ဖိတ်၊ ဇွန်းသံ ခက်ရင်းသံများက ခပ် တိုးတိုး၊ စကားပြောသံများက ခပ်အုပ်အုပ်။ ဘရပ်ဆဲလ် ပန်းချီကောင်စီ မှ မိမိအတွက် ဂုဏ်ပြုသည့် ညစာစားပွဲမှာ ခမ်းနားလှသည်။

ပန်းချီအကြောင်း ဆွေးနွေးကြရင်း ဒီဂရောက်ဆိုသူက ဗင်းစင့် ဗန်ဂိုးကို တိုက်ခိုက် ဝေဖန်သည့်စကားလုံးများ ပါလာသည်။ ဗင်းစင့်ကို မထိတ်သင့်ကြောင်းများ ပြောရင်း ကိုယ့်နားရွက်ကိုယ် ဖြတ်ပစ်သည့် အရူးတစ်ယောက်ရေးသည့် ကားများသည် မည်သည့်ကားမျိုးတွေ ဖြစ် နိုင်ပါမည်လဲဟု သူက မေးခွန်းထုတ်သည်။

ပထမတော့ ဟင်နရီ ဒေါသကို မျိုချထားနိုင်သေးသည်၊ သို့ သော် မောက်ကျော် စော်ကားမှုက လွန်လွန်းသဖြင့် သူ့စိတ်ကိုသူ မထိန်း နိုင်တော့ပေ။ စားပွဲကို လက်သီးနှင့် တအားထုလိုက်သည်။ ပုလင်းတွေ၊ ခွက်တွေ သိမ့်သိမ့်ခါသွား၏။ ရှမ်ပိန်ငှဲ့ပေးနေသည့် စားပွဲထိုးတွေ ကမျှ အရုပ်တွေလို ငြိမ်ကျသွားကြ၏။

"ဒီမယ် မစ္စတာဂရောက်၊ သူ့ကိုယ်သူ အကာအကွယ် ပေးခွင့် မရှိတဲ့ လူတစ်ယောက်ကို တိုက်ခိုက်တာလောက် သူရဲဘောကြောင်တဲ့ အလုပ် လောကမှာမရှိဘူးဗျ။ ခင်ဗျားတို့လို ငတုံးတွေက လူတော် လူ ကောင်းတွေကို အရူးလို့ ထင်ခဲ့ကြတာချည်းပဲ။ ဒီဝိုင်းမှာ ဗင်းစင့်ပါရင် ခင်ဗျား မှောက်နေပြီ။ သူမပါပေမယ့် သူ့ သူငယ်ချင်းတစ်ယောက် အနေနဲ့ ခင်ဗျားကို ကျုပ် ခွင့်မလွှတ်ဘူး၊ ခင်ဗျားနဲ့ မားချင်းယှဉ်ခုတ်

www.burmeseclassic.com

မယ်၊ ခင်ဗျား နားရွက်နှစ်ဖက်စလုံး ကျွန်တော်ဖြတ်ပစ်မယ်၊ အဲ . . သေနတ် ကြိုက်ရင်လဲ သေနတ်ပေါ့ဗျာ . . "

ဤတွင် ဆူးရတ်က ဝှန်းခနဲ ထရပ်ပြီး အော်ပြောသည်။

"တကယ်လို့ မွန်စီယာ တူလုစ်လောထရက် ရှုံးခဲ့ရင် ကျုပ်က ဆက်ပြီး စိန်ခေါ်မယ်"

လူကြီးတွေကပွဲကို ဝိုင်းထိန်းပေးကြသည်။ ဒီဂရောက်ကို အခန်းထဲမှ မောင်းထုတ်လိုက်ကြ၏။

"ဒါလောက်ပါပဲ ခင်ဗျာ၊ ကောင်စီ ဥက္ကဋ္ဌက ကျွန်တော့်ကို တောင်းပန်စကား ပြောတော့ ကျွန်တော်တို့ဖက်ကလဲ ကျေလိုက်ကြ တယ်"

"ကျေနပ်တယ်ကွာ၊ သိပ်သဘောကျတယ်၊ အိုလံပီယာ ပန်းချီ ကား ကိစ္စနဲ့ ချိန်းသတ်ပွဲတွေ ဖြစ်ကြတာ သွားသတိရတယ်။ မင်းမှတ်မိ သေးလား ကင်မီလီ။ မနက် အာရုံထက် အချိန်အမျှားကြီးမှာ ချမ်းချမ်း စီးစီးနဲ့ သွားကြည့်ကြလို့ လူတွေ အအေးမိကြ၊ နှာစေးကြနဲ့လေ။ အိုလံ ပီယာနေရာမှာ ထိုင်ပေးတဲ့ ငါ့ရဲ့ မော်ဒယ်ကောင်မလေး၊ အရမ်းနိုင် တယ်ကွာ၊ သူ့နာမည် ဘယ်သူကွ""

"ဗစ်တိုရင်းလေ၊ ခုဆို မြေးရလောက်ရောပေါ့"

ညစာဝိုင်းပြီးတော့ ပီဆာရိုက အိမ်ပြန်သည်။ ဒေဂါးနှင့် ဟင်နရီ က စန္ဒရားနားထောင်ဖို့ ဖိတ်ထားသည့် အိမ်တစ်အိမ်သို့ ပွဲဆက်သည်။ အိမ်ရှင်အမျိုးသမီးက ကာလီမင်တင်းဖြစ်ပြီး သူနှင့်အတူ 'မိုးဇက်'ကို ဗွီ ဖက်တီးပြမည့် တယောဆရာကြီးက စီဇာဖရန့်[၁] ဖြစ်သည်။

မနက် ၃ နာရီထိုးတော့ ဟင်နရီ နိုးလာသည်။ အရက်ဆိုင် ကလေးတစ်ဆိုင်တွင်ဖြစ်၏။ ဘယ်လို ဘယ်လို ညက သည်နေရာ ရောက် လာပါလိမ့်။ အရက်ခွက်ထဲမှ ပုံရိပ်ကို ကြည့်ပြီး ညည်းတွားလိုက်သည်။ 'ရထားတစ်စီး ဘယ်လိုလုပ်ရှာရပါ့မလဲ'

အရက်ကောင်တာဆီကို လှမ်းကြည့်လိုက်သည်။ ဆိုင်ရှင်နှင့် စုတ်ချွန်းချွန်း လူတစ်ယောက် တီးတိုးတီးတိုး လုပ်နေကြ၏။ ဟင်နရီ လှမ်းမေးသည်။

"ဒါ ဘာလမ်းလဲဗျ"

"လာလီယာလမ်းပါ မွန်စီယာ"

မျက်နှာပြုံပြုံဆိုင်ရှင်က ပြုံးပြုံးရွှင်ရွှင်ဖြေသည်။

"ကလီချီလမ်းမကြီးနဲ့ ဝေးသလား"

"မဝေးဘူးခင်ဗျ၊ ဒီလမ်းထိပ်ရောက်ရင် ဘယ်ချိုးလိုက်ရုံပါပဲ"

"ကျေးဇူးပဲဗျာ၊ ကော့ညက်တစ်ခွက် လုပ်ပါဦး"

ခုမှ သတိပြုမိသည်။ မိန်းကလေးတစ်ယောက် ခပ်လှမ်းလှမ်း စားပွဲတစ်လုံးပေါ်တွင် ခွေခွေကလေး အိပ်နေသည် ပါလား။ မှန်အိမ် အလင်းရောင်ဖြင့် လှမ်းမြင်ရခြင်းဖြစ်၏။ သူ့နံဘေးတွင် ပုလင်းလွတ် တစ်လုံး။ ဦးထုပ်က ကြမ်းပြင်ပေါ် ကျနေသည်။ ခပ်တိုးတိုးဟောက်သံ ကလေးဖြင့် ကလေးတစ်ယောက်လို နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေ ခြင်းဖြစ်၏။

ဆိုင်ရှင်က သွားလှုပ်နှိုးသည်။ ကောင်မလေးက မျက်လုံးဖွင့် ကြည့်ပြီး ခပ်ညည့ညည့ပြုံးသည်။ ဆိုင်ရှင်လူကြီးက ကလေးမ၏ပါးကို လက် ပြန်ရိုက်ချလိုက်၏။

"သွားစမ်း ဂေါ်လ်ဒီဘွိုင်၊ ငါ ဟောက်တာ မကြိုက်ဘူး။ နောက် တစ်ခါဆိုရင် နင့်ကို ကန်ထုတ်ပစ်မယ်"

သူက ကောင်တာဘက်လှည့်ပြီး ကိုစုတ်ချွန်းကို တောင်းပန် သည်။

"စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ ဆရာ၊ ကျွန်တော်က အလုပ် သဘောအရပါ"

"ဒါပေါ့ဗျာ . . ဒါပေါ့"

ဟင်နရီသည် အကြမ်းဖက် အနိုင်ကျင့်မှုကို ရွံမုန်းသူ ဖြစ် သည်။ ငါ့မှာသာ ခွန်အားဗလရှိရင် ဒီလူကြီး၏ မျက်နှာ စုတ်ပြတ်သွား စေမည်ဟု ကျိတ်ကြုံးဝါးပြီးမှ ချက်ချင်းစိတ်ပြောင်းသွားသည်။

ကောင်မလေးက မထဘဲ အရိုက်ခံရသည့် ပါးကို ပွတ်နေ၏။ ပြီးတော့ ဝိုင်ပုလင်းခွံကို အမှတ်မထင် ငေးကြည့်နေသည်။ မူးရီ မူးဝေ ဖြစ်နေသည့်မျက်နှာကလေးမှာ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ သည်မိန်းကလေး အတွက် ထိုတဒင်္ဂသည် တန်ဖိုးအမဲ့ဆုံး၊ သိက္ခာအမဲ့ဆုံး တဒင်္ဂဖြစ်လေ သည်။

ခဲတံနှင့် စက္ကူကို အိတ်ထဲမှ ဆတ်ခနဲ ဆွဲထုတ်သည်။ သည် အတိုင်းနေ၊ အဲဒီအတိုင်း မရွေ့နဲ့ဟု စိတ်ထဲက ကျိတ်ပြီးတောင်းပန်နေ၏။ ပြီးတော့ ခဲတံသည် စက္ကူပေါ်တွင် လျှင်မြန်စွာ ပြေးလွှားနေလေသည်။

---

၁။ Cesar Franck (1822-90) ဘယ်လ်ဂျီယံပြည်ဖွား ပြင်သစ် ဂီတပညာရှင်

www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်ပိုင်းအတွင်း ကောင်မလေး၏ တစောင်းပုံ ရေးပြီးသွားသည်။ ဆံပင်တွေက မသေမသပ် ပွယောင်းယောင်း၊ ပုလင်းခွံကို စိုက်ကြည့်နေသည့် မျက်လုံးတွေက ရီဝေဝေ။ သို့သော် ဒါတွေ စုပေါင်းလိုက်တော့ ပုံကောင်းတစ်ခု ဖြစ်လာသည်။[၁]

ဟင်နရီက အရက်ဖိုးရှင်းပေးပြီး ကောင်မလေးအတွက် ဝိုင်တစ်ပုလင်းဖိုးပါ ပေးထားခဲ့သည်။

အပြင်တွင် လေက စိမ့်နေသည်။ ကုတ်အင်္ကျီကော်လာကို ဆွဲထောင်ပြီး လေဆန်လမ်းကို ထော့နင်း ထော့နင်းလျှောက်ပြန်လာခဲ့၏။ ကောင်းကင်တွင် တိမ်မဲညိုတို့အကြားမှ ဖိုးလမင်းသည် အားတင်း၍ သာပေးနေသည်။

လမ်းထောင့်ရောက်သည်အထိ ရထားတစ်စီးမျှမတွေ့။ ကိစ္စမရှိ နောက် မိနစ် ၂၀ ဆိုလျှင် အိမ်ရောက်ပြီလေ။

*

လေရဟာတ်နီကို သူဖြတ်တော့ မှောင်နှင့်မည်းမည်း ရှိသေး၏။ လမ်းပေါ်တွင် လူရိပ်လူခြေ လုံးဝမရှိသေး။ နောက်ဘက်မှ ခြေသံလိုလို ကြားမိသည်။ မိန်းကလေးတစ်ယောက် ချက်ချင်း အနားရောက်လာပြီး

"မွန်စီယာ . . မွန်စီယာ၊ ကျွန်မကို ကယ်ပါ၊ ကျွန်မ မွန်စီယာနဲ့အတူ ရှိနေတယ်လို့ ပြောပေးပါနော်" ဟု အထိတ်တလန့် အကူအညီတောင်းနေသည်။ တစ်ပြိုင်တည်း နောက်ခြေသံထပ်ပေါ်လာပြီး ယောကျ်ားတစ်ယောက် ရောက်လာသည်။ ကောင်မလေးလက်ကို ဖမ်းဆွဲပြီး လိုင်စင်တောင်းသည်။ ကောင်မလေးက အတင်းရုန်းသည်။

"နင် လိုက်ခဲ့မလား၊ ငါ အတင်းဆွဲခေါ်ရမလား"

သည်တော့မှ ဟင်နရီ ကြားဝင်သည်။

"ကောင်မလေးကို လွှတ်လိုက်ပါ"

ထိုလူက ဟင်နရီ့ဘက် လှည့်လာပြီး

"လူတစ်ယောက်ကို သူ ဆွယ်နေတာ ကျွန်တော်တွေ့တယ်။ သူမှာ လိုင်စင်မရှိဘူး။ ဒါထက် နေပါဦး၊ ခင်ဗျားနဲ့ ဘာဆိုင်လို့တုံး"

"ဘယ်လိုလုပ်ပြီး သူက လူတစ်ယောက်ကို မြူဆွယ်နိုင်မှာလဲဗျ။ တစ်ညလုံး ကျွန်တော်နဲ့အတူ ရှိနေခဲ့တာပဲ"

---

၁ သည်ကားမှာ Gueule de Bois အမည်ဖြင့် နာမည်ကျော် စာရင်းဝင်သွားသည့် လောထရက်၏ ကမ္ဘာကျော် ကားတစ်ကားဖြစ်သည်။



"ဘာ . . တစ်ညလုံး၊ ဟုတ်လား။ ခင်ဗျား မဖြီးနဲ့၊ သူ့ကို ကျုပ် မျက်စိနဲ့မြင်တာ၊ နေ . . နေပါဦး . . ခင်ဗျား မွန်စီယာ တူလုစ် မဟုတ်လား"

"ဟုတ်တယ်၊ အများပြည်သူကို စိတ်အနှောင့်အယှက်ဖြစ်အောင် ခင်ဗျားဆက်လုပ်ရင် ကျွန်တော် ရဲကို အကြောင်းကြားလိုက်မယ်"

"ကောင်းပါလေ့ဗျာ၊ ကျွန်တော်က ရဲ လေ"

"ခင်ဗျားမှာ ဘာအထောက်အထား ရှိသလဲ၊ ဘာလို့ ရဲဝတ်စုံဝတ်မထားတာလဲ။ ပြစမ်း ခင်ဗျားရဲ့ ရဲမှတ်ပုံတင်"

သူက ကောင်မလေးလက်ကို လွှတ်လိုက်ပြီး အပေါ်အင်္ကျီကြယ်သီး ဖြုတ်နေသည်။

"ကျွန်တော့်နာမည် စာသင်ပါတူးပါ၊ ဒီနယ်မြေက နယ်ထိန်းပါ၊ ကျွန်တော့်လုပ်ငန်းသဘောအရ ယူနီဖောင်း မဝတ်ရပါဘူး"

"ကဲ . . ထားပါတော့၊ ခင်ဗျားကို ကျွန်တော် ယုံပါတယ်၊ ခင်ဗျားအကြောင်းလဲ ကျွန်တော် ကြားဖူးပါတယ်။ လေလီ ပိုင်ရှင် ပီယာပူဂွားက ခင်ဗျား လူတော်တစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်တော့်ကို ပြောဖူးတယ်၊ ခင်ဗျားတို့လို လူတွေ ကျွန်တော်တို့မှာ အများကြီး လိုအပ်ပါတယ်။ ဒါပေမဲ့ ဒီညတော့ ခင်ဗျားမှားသွားပြီ၊ ဒီကောင်မလေး ညဦးပိုင်း ကတည်းက ကျွန်တော်နဲ့အတူတူ ရှိနေခဲ့တာ"

"ဟာဗျာ ကျွန်တော်ကိုယ်တိုင် တွေ့လိုက်တာဗျ"

"ဒီလို မှောင်ကြီးမည်းမည်းထဲမှာ ခင်ဗျား ဘယ်လိုလုပ်ပြီး ဘယ်သူဘယ်ဝါခွဲနိုင်မှာလဲဗျာ အမျိုးသမီးတစ်ယောက် ဟိုဘက်ကို ပြေးသွားတာ ကျွန်တော်တို့ မြင်လိုက်တယ်။ ခင်ဗျားမြင်တာ အဲဒီကောင်မလေး ဖြစ်ချင် ဖြစ်မှာပေါ့"

"မျက်နှာကို မွန်စီယာ မြင်လိုက်လား"

"ဘယ်မြင်မလဲဗျာ၊ လှစ်ခနဲ ဖြတ်ပြေးသွားတဲ့ဟာကို။ ပြီးတော့ အလင်းရောင်ကိုလဲ ခင်ဗျားကြည့်ဦး"

"ဒီဘက်ကိုပြေးတာ ဟုတ်လား"

"ဟုတ်တယ်၊ မင်းလဲ မြင်လိုက်တယ် မဟုတ်လား"

ဟင်နရီက ကလေးမဘက်ကို လှည့်ကြည့်ပြီး မေးလိုက်သည်။

"မြင်သားပဲ၊ အဲဒီဘက်ကို တန်းပြေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဘက်ဆိုရင်တော့ လိုက်လို့မလွယ်ဘူး။ ကျွန်တော် အနှောင့်အယှက်ပေးမိတဲ့အတွက် တောင်းပန်ပါတယ် မွန်စီယာ၊ ကျွန်တော်တို့မှာ ပြည်သူ့ ကျန်းမာရေးအတွက် တာဝန်ရှိလို့ လိုင်စင်ကို အဓိကထားပြီး စစ်ရတာပါ"

"ကျွန်တော် သဘောပေါက်ပါတယ် မွန်စီယာ ပါတူး။ ကဲ . . အခုစ်ရေ၊ တို့ သွားကြရအောင်"

ဤသို့ဖြင့် လမ်းပေါ်က ကောင်မလေးတစ်ယောက်ကို ဟာင်နရီ ကယ်တင်ရှင် လုပ်ခဲ့သည်။ သို့သော် ကျေးဇူးတုံ့ပြန်ပုံက ပါးလျားလှပါဘိ၊ ရဲလက်က လွတ်ပြီမို့ ဟာင်နရီ သုတ်ခြေတင်သည်။ ကောင်မလေးက သူ့ကို နေ့းသည် ထင်နေ၏။

"မြန်မြန်လျှောက်ပါ။ ရှင့်ခြေထောက်က ဘာဖြစ်နေလို့လဲ"

"ငါ လျှောက်တာနှေးရင် မင်းဘာသာမင်း ရှေ့ဆက်လျှောက်သွားလေ။ ဟို ရဲသားပြန်သွားပြီ၊ မင်း ဘာမှ ပူစရာ မလိုတော့ဘူး၊ မင်း ငါ့နောက် မလိုက်ခဲ့နဲ့"

ကောင်မလေး ခဏတွေသွားသည်။

"အဲဒီခြေထောက်က ဝမ်းတွင်းပါလား ဟာင်"

သူ့လေသံက သာမန်ကိစ္စတစ်ခုကို ပြောနေသည့်လေသံမျိုး။

"ကျွန်မ တစ်ခါတုန်းက လက်ပြတ်နေတဲ့ လူတစ်ယောက်နဲ့ သိဖူးတယ်၊ အလုပ်လုပ်ရင်း လက်မောင်းတစ်ခုလုံး စက်ထဲ ပါသွားတာ။ သူကတော့ ကံကောင်းတယ်၊ လျော်ကြေး ဖရန့် ၅၀၀ တောင်ရလိုက်တယ်တဲ့။ ကဲပါ . . မြန်မြန်လျှောက်ပါဆို"

"ဟာ . . သေတော့မှာပဲ၊ ငါ ဒါထက် မမြန်နိုင်ဘူးဆိုတာ မင်း မမြင်ဘူးလား။ ငါပြောပြီးပြီလေ၊ မင်းဘာသာမင်း သွားတော့လို့"

"ရှင် သူ့ကို အရှုံးလုပ်လိုက်တယ်နော်၊ ရှင်က သိပ်တော်တာပဲ"

သည်စကားလုံးများ ထွက်လာသည့် သူ့လေသံကလည်း ထမင်းစား ရေသောက် ပုံစံမျိုးပင်။ လမ်းထောင့် မီးတိုင်တစ်တိုင်အောက် ရောက်တော့ သူတို့နှစ်ယောက် ရပ်လိုက်ကြသည်။

"ဟောဟိုမှာ ဟိုတယ်တစ်ခုရှိတယ်၊ မင်းအဲဒီမှာ သွားအိပ်။ အဲဒီဟိုတယ်က ၂၄ နာရီဖွင့်တယ်၊ မင်းမှာ ပိုက်ဆံပါရဲ့လား"

"မသွားချင်ဘူး၊ လိုင်စင်ကတ်ပြား မပါရင် သူတို့ ပေးမအိပ်



ပေးအိပ်ရင်လဲ နှစ်ဆတောင်းတယ်၊ ပြီးတော့မှ မိုးလင်းရင် ရဲကို ...ပြောင်းကြားတယ်၊ ဒါဆို သူတို့ ၁၀ ဖရန့် ဆုကြေးထပ်ရတယ်လေ"

ခုမှ သူ့မျက်နှာကို ကြည့်မိသည်။ ရွှေရောင်ဆံပင်နှင့် မိန်းမ ...ကလေးပဲ။ သေသေချာချာ ကြည့်တော့မှ ငယ်ငယ်ကလေး ပါလား၊ ... ၁၉ ထက် ပိုမည် မထင်။ မှုန်ပျပျ အလင်းရောင်တွင် သူ့မျက်လုံး ... အညိုရောင် ထင်ရ၏။ နေ့လည်နေ့ခင်းတွင်တော့ ရွှေရောင် ...ဖျော့ဖြစ်မည်ထင်၏။ ပါးစပ်ပေါက်က ကျယ်သည်၊ နှုတ်ခမ်းနီကို ...ည့်လို့မကောင်းလောက်အောင် ဆိုးထား၏။ ဦးထုပ်လည်းမဆောင်း၊ ...နွေးထည်လည်းမပါ၊ အတွင်းခံမှ ပါပါလေစ၊ သို့သော် သူကြည့်ရသည် ... လုံးဝ ချမ်းပုံမရ။ ကိုယ်နေဟန် ကောက်ကြောင်း...တော့ ဂရိတ် ...ာက်ဆစ်ရုပ်တစ်ခုအတိုင်းပင်။ တပ်မက်ချင်စရာ ကောင်းသလို ...ရာယ်လည်း များမည့်ပုံစံမျိုး။

"ရှင်က ဒီအနားမှာနေတာလား"

"ဟုတ်တယ်၊ ရှေ့လမ်းမှာ ကိုယ့်စတူဒီယိုရှိတယ်"

ပထမဆုံးအဖြစ် သူ့လေသံ ပျော့လာသည်။ ည...ဂုတ လေသံ မျိုး၊

"ကျွန်မ လိုက်ခဲ့မယ်လေ၊ ရှင့်ကို ဒုက္ခမပေးပါဘူး။ မိုးလင်းမှ ...ပါရစေနော်"

ကလေးမက သူ့ကို မျက်လွှာချပြီး မရွှံ့မရဲခိုးကြည့်သည်။ သူ့ ...ထဲတွင် စဉ်းငယ်မျှ လှုပ်ခါသွား၏။

"ရှင်လိုချင်ရင်လဲ ကျွန်မကိုယူလေ။ တကယ်ပြောတာ၊ တစ်ပြား ... ပေးစရာမလိုဘူး၊ စီးကရက် ရှိလားဟာင်"

သူက ရွှေစီးကရက်ဘူး ကမ်းပေးလိုက်သည်။ ဘူးကို သေသေ ...ချာကြည့်ပြီး

"တကယ် ရွှေကျနေတာပဲနော်။ လူတစ်ယောက် ကျွန်မကို ...လို ရွှေမျိုးနဲ့ လုပ်ထားတဲ့ နားဆွဲတစ်စုံ ပေးဖူးတယ်၊ ဘယ်ပျောက်သွား ... မသိပါဘူး။ မီးခြစ်ပါလား"

သူက မီးခြစ်ပေးတော့ မိန်းကလေးက ဆေးလိပ်မီးညှိရင်း ...က်လွှာ ပင့်ကြည့်သည်။

"ဟာင် . . ရှင့် မျက်နှာက ကြောက်စရာကြီးနော်"

ဟာင်နရီ့ မျက်နှာတစ်ခုလုံး သွေးဆုတ်သလို ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွား . . သွား၊ ခု ထွက်သွား။ မင်းကို ငါမလိုချင်ဘူး"

ကလေးမက စီးကရက်ကိုဖွာရင်း ခပ်အေးအေး ပြန်ပြောသည်။

"ရှင် ညာပြောနေတာ၊ မျက်လုံးထဲမှာ အဖြေထွက်နေတယ်။ ရှင် ကျွန်မကို လိုချင်ပါတယ်"

သူက ကောင်မလေးကို တွန်းဖယ်ပြီး ဆက်လျှောက်သည်။

"မင်း သွားတော့၊ မဟုတ်ရင် မင်းကို ငါ ရဲလက်အပ်လိုက်မယ်"

သူ့ကို ကောင်မလေးက တစ်လှမ်းနှစ်လှမ်းနှင့် မီလာသည်။

"ဒါလောက် စိတ်ဆိုးစရာလားလို့။ သူများက သူ့အခန်းမှာ ခဏလေး အိပ်ဖို့ပြောတာကို၊ ကျွန်မ ဘာမှ မခိုးဘူး စိတ်ချ၊ ရှင် ကျွန်မ... သဘောကျရင် ရှင့်သဘော။ ရှင် ခြေထောက်မသန်တာ ကျွန်မ ... မစိုက်ပါဘူး"

ညုတုတုအသံကလေး ပြန်စွက်လာ၏။

"ရှင် တွေ့မှာပါ၊ ကျွန်မက စေတနာပါရင် တကယ် ကိုယ်... ရင်ဖိ ပြုစုတတ်ပါတယ်"

သူဘာမှ ပြန်မပြောတော့။

"ရှင့်မှာ စတူဒီယိုရှိတယ် ဆိုတော့ ရှင်က ပန်းချီဆရာပေါ့နော်။ ကျွန်မဖောက်သည်ထဲမှာ ပန်းချီဆရာ တစ်ယောက်ပါတယ်၊ သူက ... ပန်းကန်တွေပေါ်မှာ အရုပ်တွေ ရေးတယ်လို့ပြောတာပဲ"

သူတို့နှစ်ယောက် မဒမ်လူဘေး၏ အောက်ထပ်ခန်းမ... အသာဖြတ်ပြီး လှေကားကို တက်ခဲ့ကြ၏။ ဓာတ်ငွေ့မီးအိမ်က အ... တရှဲရှဲ မြည်ပြီး လင်းထိန်နေ၏။

သူက အခန်းတံခါး ဖွင့်ဝင်တော့ ကောင်မလေးက တအံ့တဩ မေးသည်။

"ရှင် အခန်းကို သော့မခတ်ဘူးလား"

"ဘာလို့ ခတ်ရမှာလဲ၊ ကိုယ့်အခန်းမှာ ခိုးစရာ ဘာမှ မရှိဘူး"

အခန်းထဲက မီးလင်းဖိုထဲတွင် မီးတွေ တဟိန်းဟိန်းတောက်နေ၏။

"အခန်းက အကျယ်ကြီးပဲနော်၊ မီးလင်းဖိုက အဲဒီအတိုင်း တစ်ချိန်လုံး တောက်နေတာပဲလား"

သူက မီးအိမ်ထွန်းဖို့ မီးခြစ်ခြစ်သည်။ မထွန်းသေးဘဲ မီးလင်း... အလင်းရောင်ဖြင့် မြင်ရသည့် ကောင်မလေးကို သူ အတန်ကြာ ငေး... ကြည့်နေ၏။

"ဘာကြည့်နေတာလဲ"

ကောင်မလေးက ပြောပြောဆိုဆို စီးကရက်တိုကို ကြမ်းပြင်... ပစ်ချပြီး နင်းချေပစ်လိုက်သည်။

"အိမ်သာခန်း ဘယ်မှာလဲ"

အပေါ်ထပ်မှ သူ့ရေချိုးခန်း၊ အိမ်သာခန်းကို သည်လို ကောင်... မျိုးကို ဝင်ခွင့်မပေးနိုင်ပါ။

"ရော့ . . မှန်အိမ်ယူသွား၊ ဟိုဘက်အစွန်ဆုံးမှာ ရေအိမ်ရှိ... တယ်"

"ဒီအထပ်မှာပဲ ဟုတ်လား၊ ကောင်းလိုက်တာ၊ တချို့တိုက်... တွေဆို သုံးလေးထပ်မှာမှ အိမ်သာ တစ်လုံးပဲရှိတယ်"

ခဏနေတော့ သူပြန်ရောက်လာသည်။

"မီးထွန်းထားမလား၊ ငြိမ်းလိုက်ရမလား"

"ငြိမ်းလိုက်"

မီးမငြိမ်းမီ မိန်းကလေး၏ ကိုယ်နေဟန်ကို မိမွေးတိုင်း ဖမွေး... ...ငြီး လှမ်းမြင်လိုက်၏။

"ဘာလို့လဲ၊ ရှင့်ခြေထောက်ကို ကျွန်မမြင်မှာ စိုးလို့လား"

သရော်တော်တော် သူ့လေသံကို ဘယ်လိုမှ ခံနိုင်စွမ်းမရှိပါ။ ...သကို မထိန်းနိုင်တော့။

"သွား . . ခုထွက်သွား၊ အလကားဟာမ။ မင်းကို ငါ ခေါ်လာ... ဟုတ်ဘူး၊ သွား အဝတ်တွေ ခုကောက်ဝတ်၊ ပြီးတော့ ထွက်သွား၊ ...ယ်တော့မှ ပြန်မလာနဲ့"

အရုပ်များ နည်းနည်းမြင့်လိုက်လို့ကတော့ သည်ကလေးမ ...ချင်မည်မထင်။

"မင်း ဒုက္ခိတတစ်ယောက်နဲ့ မအိပ်ဖူးဘူးလား"

ကောင်မလေး ဘာမှ မပြောတော့။ အိပ်ရာပေါ် တက်လာ... သည်။

*

...ပ်ရာမှနိုးလာတော့ မီးလင်းဖိုထဲတွင် ထင်းမီးတွေ တဖျပ်ဖျတ်အသံ... ...ကာ တောက်နေပြီ။ မဒမ်လူဘေး ရောက်လာပြီး မီးမွှေးသွားခြင်း...

www.burmeseclassic.com



ဖြစ်၏။ မိန်းကလေးတစ်ယောက်ကို တစ်ခါမှ ခေါ်မလာခဲ့ဖူး
အဘွားကြီး လုံးဝကြိုက်ဟန်မတူ။

တစ်ဘက်ကို လှည့်ကြည့်လိုက်တော့ ဆေးဆိုးပန်းရိုက်
နှာပျက်ကာ ကလေးတစ်ယောက်သဖွယ် အပြစ်မဲ့စွာ အိပ်ပျော်နေသ
မိန်းကလေးကို တွေ့ရ၏။

သူ့ကို ပိုက်ဆံပေးပြီး . . များများပေးပြီး . . မမိုက်နဲ့
မမိုက်နဲ့၊ သူဟာ လမ်းပေါ်က ကောင်မလေး၊ မောင်းထုတ်လိုက်၊ ပြဿ
တွေ ရှုပ်လာမယ့် ကောင်မလေးမျိုး။ နားထဲတွင် အသံဗလံတွေ
နေ၏။

ကောင်မလေးနိုးလာတော့ သူက ပန်းချီကားခုံတွင် ရောက်
ပြီ။ သူက မင်္ဂလာနံနက်ခင်းပါဟု လှမ်းနှုတ်ဆက်လိုက်သည်။ ကော
လေးက ဒူးနှစ်ဖက်ကိုပိုက်ပြီး ထိုင်နေ၏။ ပြီးတော့ ကိုယ်ကို ရွှေ
နောက်ငင်လုပ်ကာ ဇိမ်ယူနေသည်။

"စီးကရက်ရှိလား"

သူ စိတ်တိုသွားပြန်သည်။ ဘယ်လို ယဉ်ကျေးရမည်ဆို
ကို လုံးဝ နားမလည်သည့် ကောင်မလေးပါလား။ ကိစ္စမရှိ
သူမကြာခင် သွားတော့မှာပဲ။

စီးကရက်ဘူး ကမ်းပေးရင်း

"ကဲ . . နေမြင့်နေပြီ၊ မင်းမြန်မြန်သွားတော့။ ကိုယ့်မှာလဲ
စရာတွေ အများကြီး ရှိသေးတယ်"

"မီးခြစ်ပေးပါဦး"

စီးကရက်ကို အားရပါးရ ဖွာရင်းမေးသည်။

"ဒီကားတွေ အားလုံး ရှင်ဆွဲတာ ဟုတ်လား။ အဲဒါတွေ
လုပ်ဖို့လဲ ဟင်၊ ရောင်းစားလို့ရလား"

ဟင်နရီက သူ့ကြိမ်လုံးဖြင့် ကြမ်းပြင်ပေါ်မှ အဝတ်တွေ
ကလော်ပေးပြီး

"ကဲ . . မြန်မြန်ဝတ်၊ မြန်မြန်သွားတော့။ ငါ့မှာ လုပ်စရာ
တစ်သိန်းလောက် ရှိတယ်"

ကောင်မလေးက ဘာမှ မတုံ့ပြန်ဘဲ စီးကရက် ဆက်သော
နေသည်။ *ပြတင်းပေါက်ဖက်သို့ လှည့်ကြည့်ပြီး အယုတ္တ အနတ္တ ဆ*
တိုင်းထွာရင်း



"အဲဒီ × × မိုးက ရွာလို့ပဲ မပြီးနိုင်ဘူး" ဟု ဆိုသည်။

နေ့အလင်းရောင်တွင် သူ့မျက်နှာမှာ ရွှေရောင် ဖျော့ဖျော့ ဖြစ်
နေကြောင်း ဟင်နရီသတိထားမိ၏။ ညက ထင်ထားသည်ထက် အရောင်
ောက်နေသည်ကို မြင်ရ၏။ ပခုံးသားတစ်ဝိုက်တွင် ဆင်းနေသည့် အလင်း
ရောင်မှာ အစိမ်းရောင် ပြေးနေ၏။

သည်အတိုင်း ငြိမ်ငြိမ်ထိုင်ခိုင်းပြီး ပုံကြမ်းရေးဖို့ စိတ်ကူးရလိုက်
သည်။ ဤတွင် ကောင်မလေးကရယ်ပြီး မေးသည်။

"ခေါင်းပေါ်က ဟာကြီးက ဘာကြီးလဲ"

ဟင်နရီ စိတ်ပျက်သွားသည်။ ဆေးတွေ စွန်းပေနေသည့်
ဦးထုပ်ကြီးကို ဆောင်းထားခြင်းအတွက် သည်ကောင်မလေး ရယ်သွမ်း
သွေးနေခြင်းဖြစ်၏။

"ဒါ ကိုယ်ပန်းချီဆွဲရင် ဆောင်းတဲ့ဦးထုပ်လေ။ ပိုတဲ့ဆေးတွေ
ကို ဦးထုပ်မှာပဲ သုတ်တယ်၊ အကျင့်ဖြစ်နေပြီ"

"မနိပ်ပါဘူး၊ ပေါကြောင်ကြောင်အလုပ်ပဲ"

ဟင်နရီ့မျက်နှာတွင် သွေးဆုတ်သလို ဖြစ်သွားသည်။

"မင်းမကြိုက်ရင် မကြည့်နဲ့ပေါ့ကွ၊ ကဲ . . ကဲ . . မင်းပစ္စည်း
တွေ သိမ်းပြီး ထွက်သွားတော့၊ အောက်ထပ်မှာ ညက ရဲစောင့်မနေပါ
ဘူး၊ ကိုယ့်အလုပ်တွေ လုပ်ရဦးမယ်"

"ရှင့်က သိပ်စိတ်တိုလွယ်တာပဲ၊ အမြဲတမ်း ပူညံ ပူညံနဲ့ မောင်း
ထုတ်နေတာပဲ။ ရှင့် ဦးထုပ်ကြီး စိတ်မဝင်စားပါဘူး၊ ဒါကြီး ဆောင်းထား
ရင် ရှင်ဟာ ရယ်စရာကြီးဖြစ်နေတာကို ပြောတာပါ။ ဒါထက် ဘာမှ
မပိုဘူး"

စီးကရက်တိုကို ကြမ်းပြင်ပေါ် ထိုးချေလိုက်ပြန်သည်။ အပေါ်
ထပ် အဆောင်ကိုတက်သည့် လှေကားကိုလှမ်းကြည့်ပြီး

"အဲဒါက ဘာလဲဟင်" ဟု မေးသည်။

"ကိုယ့်အိပ်ခန်းနဲ့ ရေချိုးခန်း"

"ရေချိုးခန်းဟုတ်လား"

အိပ်ရာပေါ်မှ ဝုန်းခနဲ ခုန်ထပြီး ပြေးတက်သွားသည်။ ကြွေ
ရေချိုးကန်ကိုတွေ့သွားတော့ ဆွေ့ဆွေ့ခုန် ဝမ်းသာအားရဖြစ်နေသည်။
ပြန်ပြေးဆင်းလာပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ချိုးပါရစေနော်၊ မညစ်ပတ်စေရပါဘူး၊ ကျွန်မ သန့်ရှင်းရေး ပြန်လုပ်ပေးပါ့မယ်၊ နော်" ဟု တောင်းတောင်းပန်ပန် ပြောနေ၏။

ဒုတိယအသံက သူ့ကို သတိပေးနေသည်။

'မချိုးစေနဲ့၊ ငြင်းလိုက် . . အဝတ်အစားဝတ်ပြီး သွားတော့လို့ ပြောလိုက်'

သို့သော် နှုတ်မှ "အင်း . . ချိုးချင်ချိုးလေ" ဟူသော စကားလုံးများ အလိုလို ထွက်သွား၏။ ခဏကြာတော့ ပြေးဆင်းလာပြန်သည်။

"လာပါဦး ကျွန်မရေပိတ်လို့ မရဘူး။ လျှံကျကုန်တော့မယ်"

ရေတက်ပိတ်ပေးပြီးသည်နှင့် သူရေချိုးကန်ထဲ ခုန်ဆင်းလိုက်သည်။

"ကျွန်မ ဒီလိုမျိုးကန်ထဲမှာ တစ်ခါမှ ရေမချိုးဖူးဘူး"

တံခါးဝတွင် ရပ်ပြီး သူအသာစောင့်ကြည့်နေသည်။ ကလေးတစ်ယောက်လို ပျော်နေသည့် သူကလေးကိုကြည့်ပြီး သဘောကျသလိုဖြစ်နေ၏။ ရွှေရောင်ဆံပင်တွေ ရေစိုနေသောအခါ တစ်မျိုး ကြည့်ကောင်းနေ၏။ အင်း ဘယ်ပန်းချီရေးလို့ မမီနိုင်သည့် မြင်ကွင်းပါကလား။

"ရှင် ကျွန်မကို သဘောမကျပါဘူး၊ ဒါကြောင့် ညက ဒီရေချိုးခန်းကို မပြတာ မဟုတ်လား။ ကျွန်မ ကတိတည်ပါတယ်နော်၊ ရှင်ကျေနပ်အောင် ကျွန်မ ကြိုးစားသားပဲ၊ မကျေနပ်ဘူး မပြောနဲ့နော်၊ ကျွန်မသိတယ်၊ အဲဒီမျက်မှန်ကြီးတွေ တပ်မထားပါနဲ့လား။ ရှင့်မျက်လုံးတွေ လှရဲ့သားနဲ့"

သည်ကောင်မလေး သက်သက် စည်းရုံးနေမှန်းသိလိုက်၏။

"မင်းကို ကိုယ်သဘောကျတာ မကျတာ အကြောင်းမဟုတ်ပါဘူး။ မင်းကို ကိုယ်ရဲလက်က လွတ်အောင် လုပ်ပေးခဲ့ပြီ၊ တစ်ည အိပ်ပို့နေရာ ပေးခဲ့ပြီးပြီ၊ ရေချိုးခန်းလဲ သုံးခွင့်ပေးပြီးပြီ။ ခု အဝတ်အစားဝတ်ပြီး ထွက်သွားတော့၊ ကိုယ့်မှာ အလုပ်တွေ ရှိသေးတယ်"

လှည့်ထွက်မည်လုပ်တော့ ကောင်မလေးက တစ်ကိုယ်လုံး ရေထဲနှစ် ဇိမ်ယူရင်း လှမ်းပြောသည့် လေသံက ခပ်ချွဲချွဲ။

"ရှင် သဘောတူမယ်ဆိုရင် ည ပြန်လာခဲ့မယ်လေ"

ငြင်းဖို့ကြိုးစားရင်း "အေးလေ. . ဒီတစ်ည . . ဒီတစ်ညပဲနော်" ဟု နှုတ်မှ ထွက်သွားသောအသံကို ကိုယ့်ဘာသာ ပြန်ကြားလိုက်ရ၏။



"ခုထက်ထိ ရှင့်နာမည် မသိသေးဘူး၊ ကျွန်မနာမည် မာရီ"

"ကိုယ့်နာမည် ဟင်နရီ"

"နာမည်ကလေးက လှပါတယ်၊ မျက်နှာသုတ်ပဝါ ပေးပါဦး ဟင်နရီရယ်"

*

နောက်နှစ်နာရီအကြာတွင် ဟင်နရီတစ်ယောက် လမ်းပေါ်တွင် ရောက်နေပြီ။ သီချင်းကလေး တအေးအေးဖြင့် စိတ်ထဲ ပေါ့ပါးနေ၏။ ရွှင်မြူးနေ၏။ တစ်ပတ်ကျွမ်းပင် ထိုးပစ်လိုက်ချင်၏။ လမ်းပေါ်တွင်တွေ့သမျှ ကောင်မလေးတွေကို လေထဲတွင်နမ်းချင်နေ၏။ လွန်ခဲ့သည့် ၁၀မိနစ်က နာရီထွက်သွားသည်။ ည ၇နာရီအရောက်ပြန်ခဲ့မည်တဲ့။ ပီယာကိုတဲလ်ဆီ သွားဖို့ သိပ်နောက်ကျသွားပြီ။ ခေါက်ထားစမ်းပါ . . ဖစ်ဒလာ့ပစ္စတာတွေ၊ လစ်သိုဂရပ်ဖစ်တွေ ဘာအရေးကြီးတာမှတ်လို့။

ပထမ အပြင်ထွက်ပြီး ညစာစားဖို့ စိတ်ကူးရ၏။ နောက်မှ အိမ်မှာပဲ မှာစားဖို့ ဆုံးဖြတ်လိုက်သည်။ ဝတ္ထုစာအုပ်တွေထဲက ချစ်သူနှစ်ဦးလိုပေါ့။ အကောင်းဆုံးဝိုင်နှင့် ရှမ်ပိန်သောက်ကြမည်။ အကောင်းဆုံး ညစာ မှာကျွေးမည်။ လူကြီးလူကောင်းတစ်ယောက်နှင့် သူကျင်လည်နေရသည့် လောကမှ လူသော့ လူသွမ်း၊ လူသရမ်းတွေ ကွာခြားပုံကို သူသိစေမည်။

ဩော် . . သနားစရာမိန်းကလေး၊ ဘဝအခြေ မလှယ်သည့် မိန်းကလေး။ သူကလေးကို တစ်ကိုယ်ကောင်းဆန်သည်၊ ရိုင်းသည်၊ အောက်တန်းကျသည်ဟု အကဲဖြတ်ခဲ့၏။ မှားလေစွ၊ ပညာမတတ်ရှာ၍ သည်လိုဖြစ်ရသည်ပဲ။ သည်လို ဘဝမျိုးကို ဘယ်သူ ရောက်ချင်ပါမည်လဲ။ ခိုကိုးရာမဲ့လို့၊ အကာအကွယ်မဲ့လို့ သည်နွံမှာနစ်နေတာ ဖြစ်မှာပေါ့။ ဘယ်သူ ပညာမတတ်ချင်ပဲ နေပါမည်လဲ။

သူ့ကို မျက်နှာသုတ်ပဝါကမ်းပေးလိုက်သည့် တဒင်္ဂတွင် ဟင်နရီ အတွေးအခေါ် ပြောင်းသွားခြင်းဖြစ်လေသည်။ ရေချိုးကန်ထဲမှ ဆင်းလာပြီး မျက်နှာသုတ်ပဝါ လှမ်းယူသည်။ သူ့ကိုယ်သူ ရေခြောက်အောင် သုတ်သည်။ ခေါင်းဖြီးသည်။ သူ လှုပ်ရှားမှုမှာ အားလုံး ကျက်သရေရှိနေ၏။

သူ့ကို မာရီဟု ခေါ်မိသည်။ သူကလည်း ဆေးရောင်စုံ ဦးထုပ်ကြီးကို ရယ်စရာလုပ်သည်။ သူ့ခေါင်းတွင်ဆောင်းပြီး မှန်ထဲကြည့်ရယ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘာမှ အဓိပ္ပာယ်မရှိ။ ရယ်စရာ မကောင်းသော်လည်း ပျော်စရာကောင်းနေသည်တော့ အမှန်။

သည်ည အဝတ်အစား သစ်သစ်လွင်လွင်နှင့် သူ့ကို တွေ့ရမည်ဖြစ်သည်။ ပိုက်ဆံပေးတော့ တွင်တွင်ငြင်းနေသည်။

"ကျွန်မကို ဘာမှ ပေးစရာမလိုဘူးလို့ ပြောထားတယ်လေ"

နောက်ဆုံးတွင်မှ စုတ်ပြတ်နေသည့် သူ့အဝတ်အစားတွေကို ငုံ့ကြည့်ပြီး လက်ခံသည်။ ဖရန့် ၁၀၀ ကိုကြည့်ပြီး ပါးစပ်အဟောင်းသားဖြစ်နေသေးသည်။ သည်လောက် များများငွေကို ကိုင်ဖူးပုံ၊ မြင်ဖူးပုံ မရအင်း. . သနားစရာကလေးပဲ။ အေးလေ . . မင်းကို ဒီဘဝမျိုးမှာ ဆက်မနေစေရတော့ပါဘူးကွာ။

နို့အေးဆိုင်တစ်ဆိုင်တွင် စာသင်ပါတူးနှင့် သွားတိုးသည်။

"အဆင်သင့်လိုက်တာ မွန်စီယာရယ်၊ ကျွန်တော် ခင်ဗျားဆီလာမလို့ဗျ"

သူက ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်သည်။

"ဘာကိစ္စ"

"အင်း . . ထူးထူးထွေထွေတော့ မဟုတ်ပါဘူး၊ ကျွန်တော် ဝင်ထိုင်မယ်နော်၊ ဗိုက်ဆာတာနဲ့ ကျွန်တော် လာတာဗျ"

"နွားနို့သောက်ပါလား"

ဝတ်ကျေတန်းကျေ ပြောလိုက်ခြင်းဖြစ်၏။ ရဲစာသင်ကြီးက ခေါင်းညိတ်ပြီး အေးအေးလူလူ အမူအရာဖြင့် ဦးထုပ်ကို စားပွဲပေါ်တင်သည်။ ဆေးတံကို ဆေးဖြည့်သည်။ ပြီးမှ ရယ်ပြီး စကားစသည်။

"အင်း . . ညကတော့ ခင်ဗျား ကျွန်တော့်ကို ကောင်းကောင်းအရှုးလုပ်သွားတာပဲ၊ အမျိုးသမီးတစ်ယောက် ဟိုဘက်ဖြတ်ပြေးသွားတယ်တဲ့၊ ဟုတ်လား။ ခင်ဗျားတို့ ထွက်သွားပြီးမှ စဉ်းစားမိတယ်ဗျာ ကိုယ့်ကိုယ်ကိုယ်လဲ ကျိန်ဆဲမိရဲ့၊ မင်း တယ်မိုက်ပါလားလို့။ ဒီလောက်မှောင်နေတာ လူတစ်ယောက်မပြောနဲ့၊ ဆင်ကြီးတစ်ကောင် ဖြတ်သွားရင်တောင် မြင်နိုင်မှာ မဟုတ်ဘူး၊ ခင်ဗျား တော်ပါပေတယ် မွန်စီယာတူလုစ်"

သူက နို့ခွက်ကို တစ်ကျိုက်မော့ပြီး စကားဆက်သည်။

"ခင်ဗျား ငယ်သေးတယ် မွန်စီယာ၊ ကျွန်တော့်စကားနားထောင်ပါ။ မာရီနဲ့ ခင်ဗျားနဲ့ မနေ့က အတူရှိမနေဘူးဆိုတာ . ."



"ခင်ဗျား သူ့နာမည် ဘယ်လိုလုပ်သိသလဲ"

"မခက်ပါဘူးဗျာ၊ အဲဒါက ကျွန်တော်တို့ အလုပ်လေ ဒီကောင်မလေးဟာ မကောင်းပါဘူး၊ ပုပ်နေတဲ့ သစ်သီးတစ်လုံးပါ။ မောင်းထုတ်ပစ်လိုက်ပါ မွန်စီယာ"

"သူ ကျွန်တော်နဲ့ ပါလာတယ်လို့ ခင်ဗျား ဘယ်လိုလုပ်ပြောနိုင်လဲ"

"ဩော် . . အဲဒါမျိုးတွေက ကျွန်တော်တို့အတွက် ထမင်းစားရေသောက်ပါဗျာ"

သူ့လေသံကော အမူအရာပါ ပြောင်းသွားသည်။

"ကျွန်တော်လဲ လူငယ်ဘဝကို ဖြတ်သန်းခဲ့ဖူးပါတယ် ခင်ဗျာ၊ မိန်းမတစ်ယောက်နဲ့ အိပ်တာ ရာဇဝတ်မှု မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော့် နယ်မြေထဲမှာ အဲဒီကောင်မလေး မရှိစေချင်ဘူး"

သူက သံပြတ်ဖြင့် ပြောလိုက်ခြင်းဖြစ်၏။

"သူ့မှာ လုပ်ငန်းလိုင်စင်လဲမရှိဘူး၊ ကျွန်တော်တို့မှာ ပြည်သူ့ကျန်းမာရေးတာဝန်ဆိုတာလဲ ရှိတယ်လေ။ သူတို့လိုဟာမျိုးတွေ ရာနဲ့ချီပြီး ကျွန်တော် တွေ့ဖူးတာပေါ့ဗျာ။ အမျိုးသမီး စောင့်ရှောက်ရေး ရိပ်သာမှာမွေး၊ နို့မဝ၊ မအေကို မမြင်ဖူး၊ ကြီးလာတော့ လမ်းကြိုလမ်းကြားမှာ လိုက်တောင်း၊ အဲ . . ၁၅ နှစ်သမီးလောက်လဲရှိရော လမ်းပေါ်ရောက်သွားရော။ မောင်းထုတ်လိုက်ပါ မွန်စီယာ၊ မသွားရင် ကျွန်တော့်ကို အကြောင်းကြားလိုက်ပါ၊

"လိုင်စင်ယူဖို့ကျတော့လဲ ဘယ်တော့မှ ပြောမရဘူး။ ဆေးရုံကို တစ်လ နှစ်ခါ ဆေးစစ်ဖို့ မသွားချင်ကြဖူးလေ။ ခုလို ခိုးကြောင်ခိုးဝှက် လုပ်စားနေရတာကို သူတို့ ပျော်နေကြတာဗျ"

ဟင်နရီက မကြွေသေးသည့် သူ့စီးကရက်ပြာကို ငေးကြည့်နေရင်း

"ခင်ဗျားက အမှောင်ထဲမှာ ခဏကလေးတွေ့လိုက်ရတဲ့ မိန်းမကလေးတစ်ယောက်အကြောင်း အားလုံးသိနေတယ်ဆိုတော့ . . လူမှားတာ မဖြစ်နိုင်ဘူးလား"

"မမှားပါဘူးဗျာ၊ သူ စီးကရက်မီးညှိဖို့ မီးခြစ်ခြစ်တော့ ကျွန်တော် ခင်ဗျားတို့ အနားရောက်နေပြီပဲ။ ခင်ဗျားမှင်ကောင်းတာနဲ့ ညက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နည်းနည်းလည်သွားတာပါ။ ဒီမနက် ကျွန်တော်အားလုံး ပြန်စစ်ပြီးပြီ၊ သူ့အကြောင်း ချေးခါးအူမမကျန် ကျွန်တော် သိထားပြီးပြီ"

သူက ဆေးတစ်ဆုံ ထပ်ဖြည့်ပြီး ဆက်ပြောသည်။

"သူ့နာမည်က မာရီရှားလက်၊ သူ့အဖေက အရက်ချက်စက်ရုံမှာ လုပ်တယ်၊ အရက်ချိုးကြီး။ သူ့အမေက ကောင်မလေး ငယ်ငယ်ကတည်းက လမ်းပေါ်ရောက်သွားတယ်။ ခုတော့ တွန်းလှည်းနဲ့ ဈေးရောင်းနေတယ်။ သူ့မှာ ရှိစ့်ဆိုတဲ့ အစ်မတစ်ယောက်ရှိတယ်။ ၁၆ နှစ်သမီးကတည်းက အိမ်က ထွက်ပြေးသွားတယ်၊ ကျွန်တော် အဲဒီမြို့ကလေးမှာ တာဝန်ကျခဲ့ဖူးတယ်လေ၊ သူ့အစ်မလဲ ခု ဒီကိုရောက်နေတယ်၊ မမှတ်မိ စရာမရှိပါဘူး။ မျက်စိနည်းနည်း စွေတယ်လေ၊ သူလဲ ဒီပုတ်ထဲက ဒီပဲပဲ။ ကျွန်တော့် ဆရာ အင်စပက်တော် ရမ်းပတ်ရဲ့ အမှုတွဲက ပိုစုံတယ် ဒီနေ့ ကျွန်တော် ဖတ်ခဲ့သေးတယ်လေ၊

"မာရီ့နောက်မှာ လူမိုက်တစ်ယောက်ရှိတယ်၊ နာမည်က 'ဘယ်ဘေး' တဲ့။ အဲဒီကောင်ကို မာရီ စွဲစွဲလမ်းလမ်းဖြစ်နေတယ်။ အရက်ဖိုး၊ ခေါင်းလိမ်းဆီဖိုးကအစ မာရီက ရှာပေးတယ်။ တစ်နေ့မှာ သူ့ကို ဒီကောင် ကန်ထုတ်ပစ်လိုက်တယ်"

ဟာင်နရီ့ရင်ထဲ နင့်နေသည်။ မျက်နှာကို လက်ဝါးနှစ်ဖက်ထဲသို့ မှောက်ချလိုက်ချင်၏။ သည် ကောင်မလေး သူ့ကို ချစ်လာလိမ့်မည်ဟု မျှော်လင့်မိခြင်းသည် မိုက်လုံးကြီးခြင်း တစ်မျိုးပါလား။

အသာ ဣန္ဒြေဆည်ပြီး မေးလိုက်သည်။

"ဘာလို့သူ့ကို ကန်ထုတ်ပစ်တာလဲဗျ"

"ပိုက်ဆံများများ ရှာမပေးနိုင်လို့ပေါ့ဗျာ။ အဲဒီတုန်းက သူ့အသက် ၁၇ နှစ်ပဲ ရှိသေးတယ်လေ။ ဟိုကောင့်ကို ချစ်နေတော့ သူ့အလုပ်ထဲမှာ ဘယ်စိတ်ပါမလဲ၊ ဒီတော့ ဘယ်မှာ ပိုက်ဆံများများရမှာလဲ"

သူက ရှေ့သို့ကိုင်းလာပြီး မမျှော်လင့်သည့် လေသံမျိုးဖြင့် အကြင်နာစကားဆိုလာသည်။

"ခင်ဗျား စိတ်မကောင်းဖြစ်သွားတယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ် မွန်စီယာ။ ကျွန်တော် ဒါတွေ ပြောရတာလဲ ဒီကောင်မလေး မကောင်းတဲ့အကြောင်း သိထားစေချင်လို့ပါ။ ခင်ဗျားလို မျိုးရိုးဂုဏ်နဲ့ မဖြစ်သင့်တာ မဖြစ်စေချင်ဘူးဗျာ။ အဲ . . ခင်ဗျားအကြောင်းလဲ ကျွန်တော် အားလုံးသိထားပြီးသားမို့ပါ မွန်စီယာ။ မွန်စီယာရဲ့ ခမည်းတော်





ကြီးအကြောင်းလဲ ကျွန်တော် သိထားပါတယ်၊ သူ့မြင်းတွေအကြောင်း၊ သူ့ငှက်တွေအကြောင်း . ."

"အင်းပေါ့လေ . . ခင်ဗျားတို့ အလုပ်ကိုက လူတွေအကြောင်း သိထားရမယ့်အလုပ်ကိုး။ ဒါထက် ခင်ဗျားမိသားစုအကြောင်း ပြောနိုင်ရင် ပြောပြပါလား"

သူ့မျက်နှာထား ချက်ချင်းပြောင်းသွားသည်။ အထိတ်တလန့်နှင့် တင်းမာသွားခြင်းမျိုး။ သို့သော် ချက်ချင်းပင် သူ့မျက်နှာပေါ်မှ အကြောတွေ လျော့ပြေသွားကြလေသည်။

"ကျွန်တော့်မှာ သမီးကလေးတစ်ယောက်ပဲ ရှိပါတယ် မွန်စီယာရယ်။ ဟူလာလီတဲ့၊ သိပ်လိမ်မာတဲ့ ကလေးပါဗျာ၊ အချက်အပြုတ်လဲ သိပ်တော်၊ အိမ်မှုရေးရာမှာ သိမ်းထုပ်သေချာတာလဲ ပြောမနေနဲ့၊ အတွက် ခြေညှပ်ဖိနပ်ကစ ထိုးပေးရှာတယ်လေ"

"ခင်ဗျားဟာ အတော်ကံကောင်းတဲ့လူပဲ မွန်စီယာပါတူး"

"ကံကောင်းခဲ့တဲ့အချိန် ကုန်ပါပြီဗျာ၊ သမီးကလေး လက်ထပ်တော့မယ်လေ။ အဲဒီအတွက် ကျွန်တော် မကန့်ကွက်ဘူးနော်၊ ကောင်လေး လူတော်ကလေးပါ။ ကျွန်တော် သူ့နောက်ကြောင်း လိုက်ပြီးပြီလေ"

"ကျွန်တော် ယုံပါတယ်ဗျာ"

ပါတူးက သမက်လောင်း၏ အလားအလာအကြောင်းများကို ပြောပြနေသည်။

"အေးဗျာ . . မာရီ့အကြောင်း ပြောပြတဲ့အတွက် ကျေးဇူးပါပဲ၊ ဒါက ကျွန်တော့်အပြုအမူအတွက် ကျွန်တော် တောင်းပန်ပါတယ်။ ကောင်မလေးကို လိုင်စင်ရအောင် လိုအပ်တဲ့ အကူအညီ ပေးစေချင်ပါတယ်။ ဆေးစစ်တာတို့၊ ဘာတို့ပေါ့ဗျာ၊ အဲဒီအတွက် ကျွန်တော် ဘာလုပ်ပေးရ လုပ်ပေးရပါ"

သူ့မျက်နှာ တစ်ခုလုံး ဝင်းထိန်သွားသည်။

"မွန်စီယာရယ်၊ ကျွန်တော် ခင်ဗျားဆီမှာ အကူအညီ တောင်းနေတာ ကြာပါပြီဗျာ။ သမီးကလေး ပုံတူ တစ်ကားရချင်နေတာလေ၊ သူ လက်ထပ်သွားရင် အလွမ်းပြေကြည့်ဖို့ပေါ့ခင်ဗျာ"

လောကသည် အမြီးအမောက် မတည့်လွန်းပါကလား။ လူတစ်ယောက်၏ အသည်းကို ကွဲကြေစေသူအား ကျေးဇူးတင်စွာဖြင့် သူ့သမီး ပုံတူကို ဆွဲပေးရမည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . ကြိုက်တဲ့အချိန် ကျွန်တော့်စတူဒီယိုကို ခေါ်ခဲ့ပါဗျာ ကျွန်တော် ဝမ်းပန်းတသာ ဆွဲပေးပါ့မယ်။ ကျွန်တော့် လိပ်စာတော့ ခင်ဗျားလို လူကို ပေးဖို့ မလိုပါဘူးနော်"

အိမ်ပြန်ရောက်တော့ ညစာ အသင့်ပြင်ထားပေးသည်။ ရှမ်းပိန်း ပုလင်းကို ရေခဲပုံးထဲ ထည့်စိမ်ထားပေး၏။ ပန်းအိုးတွေ ပြင်ထားပေး၏။ သို့သော် ကျေကျေနပ်နပ်ဖြင့်တော့မဟုတ်။ ကိစ္စမရှိဘူးလေ၊ မနက် ဖြန်ဆို အားလုံးရှင်းသွားတော့မှာပဲ။ ညစာ စားပြီးသည်နှင့် မာရီ့ကို နှင်း ရတော့မည်။ ပါတူးပြောသည့်အတိုင်း သည်မိန်းကလေးသည် သစ်သီး ပုပ်တစ်လုံးသာ မဟုတ်လား။

*

"ဒီမှာကြည့် . . လှလား"

တံခါးဝတွင် ရပ်ပြီး မာရီက လှမ်းပြောသည်။ ဈေးပေါပေါ ကတ္တီပါ ဝတ်စုံဖြင့်၊ ပခုံးပေါ်တွင် သားမွေးတု ခြုံထည်တစ်ခု လွှမ်းထား၏။

"လှပါတယ်၊ ကတ္တီပါ အစစ်လား"

သူ အခန်းထဲ ဝင်လာတော့ သန်းခေါင်ကျော်တော့မည်။ ၅ နာရီလုံးလုံး သူ့ကို ထိုင်စောင့်နေခဲ့ရသည်။ ခြေထောက်နားက ပုံးထဲတွင် ရှမ်ပိန်ပုလင်းလည်း ချမ်းရာလွန်းရော့မည်။ ခြေသံကြားတိုင်း နားစွင့် ရလွန်းသဖြင့် စိတ်ပျက်စပြုရာမှ ဒေါပွချင်လာပြီ။

အလကားကောင်မ၊ သူ့ကောင် ဘယ်ဘောနဲ့သွားပြီး အကြည် ဆိုက်နေတာ ဖြစ်မှာပေါ့၊ ရဲလက်ထဲက ကယ်ခဲ့တဲ့ ဒုက္ခိတအကြောင်း ပြောပြီး ဟားနေကြမှာပေါ့၊ သေချာလောက်ပါတယ်၊ ခြေကျိုးတုံးလေး လိုက်တဲ့ ဖရန့် ၁၀၀ တန် စက္ကူအသစ်ကလေးကို ပြေးပြီး ဆက်သတာ ဖြစ်မှာပေါ့။

ဒါပေမဲ့ သူ တကယ်ပြန်လာသားပဲ၊ ကြင်နာခြင်းတစ်ဝက် ရှုပ်ထွေးခြင်းတစ်ဝက်ဖြင့် ဘာပြောရမှန်းမသိ ဖြစ်နေ၏။ ဒေါသလည်း ဖြစ်နေသည်။ ပျော်လည်းပျော်နေသည်။

"ရှင် ဘာဖြစ်နေတာလဲ၊ မျက်နှာပုပ်ကြီးနဲ့၊ ဒီအဝတ်ကို မကြိုက် လို့လား၊ ဖရန့် ၅၀ တောင် ပေးခဲ့ရတာ။ ကတ္တီပါအစစ်၊ စမ်းကြည့်ပါ လား"

ဒေါသစိတ်တွေ လှိုင်းထလာပြန်၏။



"ဒီအဝတ်စုတ်ကို ဖရန့် ၅၀ ပေးရတယ် ဟုတ်လား။ မင်း ၁၀ ဖရန့်တောင် မပေးခဲ့ရပါဘူး။ ကဲ . . ထားပါ၊ ညစာ ဘယ်လိုလဲ၊ ၇ နာရီ ပြန်လာမယ်ဆို"

"ဘာ . . ၁၀ ဖရန့်ဟုတ်လား၊ အဝတ်အစားအကြောင်း ရှင် နားလည်လို့လဲ။ အသားကိုင်ကြည့်ပါဆို၊ ဒါ ၁၀ ဖရန့်တန်လား"

သူက ပူးပူးကပ်ကပ်လာထိုင်တော့ ဟင်နရီက တွန်းပစ်လိုက် သည်၊ မာရီ အံ့သြနေသည်။ သူ့လက်တွေ ဒါလောက် သန်မာလိမ့်မည် ထင်ခဲ့။

စိတ်မာတ်တွေကျပြီး တစ်ယောက်တည်းပဲ နေချင်တော့၏။ အိပ်လည်း အိပ်ချင်နေပြီ၊ သူ့အလိမ်အညာတွေကို စိတ်ကုန်လာပြီ၊ မြန်မြန် သွားမှ အေးမှာပါဟု ဟင်နရီ စိတ်ချဉ်ပေါက်ပေါက်နှင့် တွေးနေ၏။

"ကဲ . . ကဲ . . ထားပါတော့၊ မင်းကတ္တီပါအင်္ကျီ ဖရန့် ၅၀ ပေးရတယ်၊ မင်းဟာ မိန်းမကောင်းကလေးတစ်ယောက်ပါ၊ မင်းပြန်လာ တာလဲ ကိုယ် ဝမ်းသာပါတယ်၊ ဒါပေမဲ့ ကိုယ် အားလုံး စဉ်းစားပြီးပြီ၊ အကောင်းဆုံးက မင်းဒီကနေ . . "

"ညစာ အချိန်မီရောက်မလာလို့လား၊ သူငယ်ချင်းဆီကမှ ဈေး ပေါပေါရမှာမို့ ကျွန်မတစ်နေ့လုံး သူ့ကို လိုက်ရှာနေရတာ။ ပြီးတော့ အမေကိုလဲ သွားကြည့်ရသေးတယ်၊ သူက နေမကောင်းဖြစ်နေတာ။ နောက်တော့လဲ သူက မပြန်စေချင်ဘူး"

"အို . . သွားစမ်းပါကွာ၊ မဟုတ်က ဟုတ်ကတွေ၊ ညစာ စား စား မစားစား ငါဂရုမစိုက်ပါဘူး။ မင်း အဝတ်ရော၊ မင်းသူငယ်ချင်း ရော မင်းအစ်မရော၊ ငါတစ်ခုမှ စိတ်မဝင်စားပါဘူး။ မင်းသွားတော့၊ ငါအိပ်ချင်ပြီ၊ ရော့ . . ဒါယူသွား"

သူက အိတ်ထဲ စမ်းနေစဉ် မာရီက သူ့ကို သိုင်းဖက်လာသည်။ သူ့မျက်နှာတစ်ခုလုံးကို လိုက်နမ်းရင်း စကားတွေ ဆက်ပြောနေသည်။

"ကျွန်မပြောတာတွေ အမှန်တွေချည်းပဲ။ ကျိန်ပြောရဲတယ်၊ အစ်မ လုပ်တဲ့လူက အိပ်ရာထဲမှာ အကြီးအကျယ် ဖျားနေတာ၊ အတင်း ဆွဲနေတာ၊ မနည်းပြောပြီး ပြန်လာရတာ၊ ခု ရောက်ပြီလေ"

သူ့ရင်ခွင်ထဲမှ ရုန်းထွက်ဖို့ အားနည်းစွာ ကြိုးစားရင်း

"ကဲ . . ကဲပါ၊ မင်းပြန်လာတာ ဝမ်းသာပါတယ်၊ မင်း အဝတ် ကို သဘောကျပါတယ်၊ ဒါပေမဲ့ . . ဟော့ . . နေဦးလေ . . "

www.burmeseclassic.com

www.burmeseclassic.com

သူ ငြင်းဆိုသံများသည် မိန်းကလေး၏ အနမ်းသံသရာတွင် မျောပါ ပျောက်ကွယ်သွားလေတော့သည်။ သူ့ဆီမှ ထွက်ပြေးဖို့ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်မှ ထွက်ပြေးဖို့ တစ်ညလုံး ကြိုးစားပါသည်။ ပြင်းထန် သည့် စကားလုံးများနှင့် ပစ်ပေါက်ခြိမ်းခြောက်၏။ တိုးလျှိုးသည့် လေသံ ဖြင့် တောင်းပန်၏။ သို့သော် မာရီ၏ ရမ္မက်ကွန်ချာမှ ရုန်းထွက်နိုင်ခြင်း ငှာ မစွမ်းနိုင်ခဲ့ပါချေ။

မိုးစင်စင်လင်းမှ အိပ်ရာကနိုးသည်။ မျက်စိကို အနားဆေး မေးစင်းထားလိုက်၏။ ရင်တွင်းမှ ပဋိပက္ခတို့ ငြိမ်သက်သွားကြလေပြီ။ စစ်မြေပြင်တွင် မြူတွေအုံ့ဆိုင်းကျဆင်းလာသည့်အလား။ ငြိမ်းချမ်းခြင်း သည် သူ့ခန္ဓာကိုယ်ကို လွှမ်းခြုံလိုက်လေပြီ။ ကျဆုံးမှုမှ ဖြာထွက်လာသည့် ငြိမ်းချမ်းခြင်းမျိုးဖြစ်လေသည်။

*

## အခန်း (၁၃)

...နိုင်ပြောင်းလာခဲ့ပြီ။

ရေချိုးခန်းထဲတွင် သူ့ပစ္စည်းတွေနှင့် ရှုပ်ယှက်ခတ်နေပြီ။ ...ကဲနှာသုတ်ပဝါတွင် နှုတ်ခမ်းနီတွေ ပေကျံနေ၏။ အဖိုးတန်ပစ္စည်း တွေကို ယူသုံး၏။ ခြေအိတ်တွေက ကြမ်းပြင်ပေါ်တွင် အလိပ်လိုက်၊ ...နိုဘောဂများပေါ်တွင် အဝတ်အစားတွေ၊ အတွင်းခံတွေက တိုးလို့ တွဲလောင်း။

ဒါတွေကို ဟင်နရီသဘောကျစပြုနေပြီ။ ဘဝတွင် ပထမဦးဆုံး အကြိမ်အဖြစ် မိန်းမသားတစ်ဦးနှင့် အတွင်းကျကျ ရင်းနှီးဖူးခြင်း ဖြစ် လေသည်။ ပထမဆုံး ချစ်သူထားဖူးခြင်းလား။ ဒါတော့မဟုတ်သေးဘူး ထင်ပါရဲ့။ တစ်မနက်တွင် မာရီ့စကားကြောင့် သည်ကိစ္စ ရှင်းသွားသည်။

"နောက်တစ်ခါ လာရဦးမယ် ဆိုရင်တော့ ရှင် ကျွန်မကို ပိုက် ဆံ ပေးရလိမ့်မယ်"

သဘာဝကျပါသည်။ သူက ခန္ဓာကိုယ်ကို ရောင်းစားနေသူပဲ။ ...ဈေးက နာရီနှုန်း၊ နေ့တွက်နှုန်းများနှင့် တွက်ပြီး

"တစ်ညလုံး နေရမယ်ဆိုရင် ၁၀ ဖရန့်" ဟု ဈေးခေါ်၏။ သူက နေ့ခင်းပိုင်းပါ နေပါဟုဆိုတော့ နားမလည်နိုင်စွာ သူ့ကို မော့ ကြည့်သည်။

သည်လို ကမ်းလှမ်းမှုမျိုးနှင့် တစ်ခါမှ မကြုံဖူးပေ။ ရသည်ပေါ့။

www.burmeseclassic.com

အပြေးအလွှား စိတ်တွက် တွက်ပြန်၏။

"အဲဒါဆို ၅ ဖရန့် အပိုထပ်ပေးရမယ်"

တောင်းလို့သာ တောင်းရသော်လည်း သူ စျေးဆစ်ဦးမည် ထင်နေ၏။ မဆစ်ဘဲ လက်ခံလိုက်တော့ မာရီ မျက်လုံးပြူးသွားသည်။ တော်တော်ချမ်းသာတယ် ထင်ပါရဲ့။

နောက်တစ်ကြိမ် စိတ်ပျက်စရာနှင့် ဟင်နရီ ကြုံရပြန်၏။ သူ့ကို အပေါင်းအသင်းများနှင့် ဆုံဖို့၊ တွေ့နေကျ စုရပ်ကဖေးဆိုင်များသို့ ခေါ်သွားချင်သည်။ ငနဲသားတွေ မနာလို ဖြစ်ကြပစေပေါ့။

"ဟာ . . မလိုက်ချင်ပါဘူး၊ ရှင့်သူငယ်ချင်းတွေ ပြောတဲ့ အကြောင်းအရာတွေ၊ ကျွန်မ နားလည်မှာမှ မဟုတ်တာ"

လေရဟတ်နီ သွားလျှင်လည်း ခေါ်လို့မရ၊ စားသောက်ဆိုင် များသွားလျှင်လည်း မလိုက်။

"အဲဒီလို နေရာမျိုးတွေ မလိုက်ချင်ပါဘူး။ စားပွဲထိုးတွေက ရှင့်ကိုကြည့်တဲ့ မျက်လုံးမျိုးတွေ ကျွန်မ မမြင်ချင်ဘူး"

တဖြည်းဖြည်းနှင့် သည်မိန်းကလေးအကြောင်း သိလာသည်။ သူ့မှာ ဘာရည်ရွယ်ချက်မှ မရှိ။ တိုးတက်မှုရှိအောင် ဘာမှလုပ်ချင်စိတ် မရှိ။ သူ ကျင်လည်နေကျ ပတ်ဝန်းကျင်မှ ရုန်းထွက်လိုစိတ်မရှိ။ အခြား အခြားသော သူ့လို မိန်းကလေးများတွင် ရှိတတ်သည့် 'တင့်တောင့်တင့် တယ်ယူမယ့်သူရှိရင် လက်ထပ်ပေါင်းသင်းပြီး ဘဝသစ်ကို စမယ်' ဟူ သည့် အတွေးမျိုးလည်း သူ့တွင်မရှိ။

သည်တော့လည်း သူ့စိတ်တိုင်းကျ လွှတ်ထားလိုက်ရသည်။ မဟုတ်လျှင် သူ့ကို ဆုံးရဖို့ သေချာနေပြီ။ သူ့အကျင့်ဆိုးတွေကို ပျောက် အောင်လုပ်ဖို့ မကြိုးစားတော့။ ကိုယ်ကပဲ အလျှော့ပေးရတော့မည်။

အပေါင်းအသင်းတွေနှင့် ဝေးသည်ထက် ဝေးလာသည်။ လေရဟတ်နီကိုလည်း မရောက်တော့။ လင်းအားကြီးမှ အိပ်ကြပြီး နောက်တစ်နေ့ နေစောင်းမှ ထကြသဖြင့် အလုပ်လည်း မလုပ်ဖြစ်တော့။ ဇစ်ဒလာ၏ ပိုစတာကိုရော၊ လစ်သိုဆရာပီယာကိုတဲလ်ကိုပါ သတိ မရတော့။ ပန်းချီကောင်စီ အစည်းအဝေးပွဲများလည်း မတက်ဖြစ်တော့။ မောရစ်ကိုလည်း တမင်ရှောင်နေရပြီ။ ဘဝပုံစံသည် မမြင်နိုင်သည့် လက် တစ်ဖက်ဖြင့် ခြေမွဆုတ်ဖြဲခံလိုက်ရသလို လုံးဝ ပျက်စီးသွားပြီ။ တစ်စစီ ဖြစ်သွားပြီ။



သူတို့ နှစ်ယောက်၏ ဆက်ဆံရေးမှာ အလစ်အဟာတွေ များ လာသည်။ မြုပ်ကွက်တွေ ရှိလာသည်။ အပြင်လူမဝင်ရ ဆက်ဆံရေးမျိုး နှင့်လည်း တူလာသည်။ သူ့ခိုး ကြမ်းပိုးတွေ၊ ပြည့်တန်ဆာတွေ ကျက်စား ရာ ချောင်ကျကျ ဆိုင်ကလေးများတွင် စားကြသောက်ကြသည်။ အချိန် တန် အိမ်ပြန်ကြသည်။ စကားများများ ပြောစရာ မရှိကြတော့။

ဘာကြောင့် ဘဝကို အဖျက်ဆီးခံနေခြင်းလဲ၊ ငါ ဘာဖြစ်နေ တာလဲဟု အကြိမ်ကြိမ် ကိုယ့်ကိုယ်ကိုယ် ပြန်မေးဖြစ်ပါ၏။ အဖြေထွက် ပါသည်။ ရမွက်သံသရာမှ ရုန်းထွက်နိုင်စွမ်းမရှိခြင်းသာလျှင် ဖြစ်ပါ၏။ မာရီ့ကို သူ မစွန့်နိုင်ပါ။ အချို့သော သူများသည် မွေးကတည်းက ဂီတ ပါရမီ ပါလာ၏။ အချို့က သင်္ချာတွင် ပါရမီရှိသည်။ မာရီသည် အချစ် သေနင်္ဂဗျူဟာတွင် ပါရမီရှိသူဟု ဆိုရမည်။

ဤသို့ဖြင့် ဟင်နရီသည် မာရီ၏ တစ်နေ့ ၁၅ ဖရန့်တန် အယု အယအတွေးအပွေ့တွင် နစ်မျောနေလေတော့သည်။

*

တော်လ နံနက်ခင်းတစ်ခုတွင် မာရီက ထူးဆန်းသော စကားကို ဆိုလာ သည်။ ငွေစုဘဏ်စာအုပ် မည်သို့ ဖွင့်ရမည်လဲတဲ့။ ဘာအတွက်လဲ မေး တော့ သူ ငွေစုတော့မည်တဲ့။ အမေ့လို စျေးရောင်းဖို့ လက်တွန်းလှည်း တစ်စီးနှင့် လိုင်စင်အတွက်ဟု ပြောသည်။ ဟင်နရီက စာရင်းဖွင့်ပုံ ဖွင့် နည်းပြောပြလိုက်သည်။

ဖရန့် ၁၅၀၀ ရအောင် စုမည်ဆို၏။ စုပြီးသား ဘယ်လောက် ရှိပြီလဲမေးတော့ ဖရန့် ၃၀၀ ပြည့်တော့မည်တဲ့။ စိုက်ပေးလိုက်မည် စိတ်ကူးသေးသည်။ ပေးလိုက်လျှင် လစ်သွားနိုင်သည်။

စာအုပ်ဖွင့်လာပြီးတော့ သူပျော်နေပုံရသည်။ သူ မွေးသည့် မြို့ကလေးအကြောင်း၊ အရက်ချက်စက်ရုံအကြောင်း၊ အမေ၊ အဖေ နှင့် အစ်မအကြောင်းများ စိတ်လိုလက်ရ ပြောနေ၏။ အဖေ နှိပ်စက်ပုံ အကြောင်းများလည်း ပါ၏။ ပြီးတော့ ငတ်တစ်လှည့် ပြတ်တစ်လှည့် ငယ်ဘဝ အတွေ့အကြုံများ။

"ကြည့်စမ်း . . ကျွန်မ ဘာလို့ ရှင့်ကို အဲဒါတွေ လျှောက် ပြောနေမိတာပါလိမ့်။ ရှင်က ဗိုက်မှ မဆာဖူးတာ၊ ဘယ်နားလည်နိုင်ပါ့ မလဲနော်"

www.burmeseclassic.com

www.burmeseclassic.com



သူက ဆက်ပြောပါဟု မတိုက်တွန်း၊ သို့သော် အံ့သြစရာကောင်းစွာဖြင့် မာရီက စိတ်လိုလက်ရ ဆက်ပြီး ရင်ဖွင့်သည်။

"ကျွန်မ ၁၄ နှစ်သမီး အရွယ်ရောက်တော့ တစ်နေ့မှာ အဖေ့လုပ်ဖော်ကိုင်ဖက် လူတစ်ယောက်က အရက်မူးပြီး ကျွန်မကို ဖျက်ဆီးလိုက်တယ်။ သူက ကျွန်မကို တစ်ဖရန့်ပေးသွားတယ်။ အဲဒီပိုက်ဆံနဲ့ ကျွန်မ ဖဲပြားကလေးတွေ၊ ခေါင်းစီးကြိုးကလေးတွေ ဝယ်လိုက်တယ်"

အိမ်မှာ ဆက်နေ၍ မရတော့သည့်အခါ အစ်မလုပ်သူ အိမ်ပြေးမနောက်ကို သူပါ ထွက်ပြေးသွားသည်။ အစ်မက လမ်းပေါ်ရောက်နေတော့ သူလည်း အစ်မနောက် လိုက်ဖြစ်သွား၏။

"အဲဒီအချိန်မှာ ကျွန်မ 'ဘယ်ဘေး' ကို တွေ့တာ။ သူက သိပ်ချောတာ၊ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့လူပေါ့၊ ဒါပေမဲ့ ကျွန်မကို သူလှည့်တောင် မကြည့်ဘူး'

ကောင်မလေးတစ်ယောက်နှင့် ရန်ဖြစ်လည်း၊ ရဲက လိုက်တော့ ထွက်ပြေးရင်း မောင်မတ်ကို ရောက်လာသည်။

"ဒီရောက်တော့ ဟိုညက တွေ့တဲ့ဝက်ကြီးက ကျွန်မကို ဆေးရုံပို့မယ် တကဲကဲ လုပ်ပြန်ရော၊ အဲဒီမှာ ရှင်နဲ့တွေ့တာလေ"

ကျေးဇူးတင်သည့်လေသံ စဉ်းငယ်စွက်ပြီး သူပြောသည်။ ပြီးတော့ ပန်းချီဆရာကို ကြင်နာခြင်း ရောနေသည့် ခပ်ရှင်ရှင် မျက်လုံးများဖြင့် ကြည့်သည်။

"ရှင်က အရုပ်ဆိုးပေမယ့်၊ ခြေထောက်မသန်ပေမယ့် စိတ်ကောင်းရှိတယ်။ ကျွန်မအပေါ်မှာ ညှာတာတယ်"

မတ်လသည် သူတို့နှစ်ယောက်အတွက် ကြည်နူးစရာ ဖြစ်နေပြန်သည်။ သို့သော် မကြာခင် မာရီတစ်ယောက် အေးစက်စက် ဖြစ်သွားပြန်သည်။ ငွေစုစာအုပ်ထဲကို ဆက်ထည့်နေသော်လည်း စိတ်ပါလက်ပါ ရှိပုံမရတော့။ မမြင်သော ကြည့်ခြင်းမျိုးဖြင့် တစ်နေရာကို စိုက်ကြည့်ချင် ကြည့်နေ၏။ သူ ငါ့ကိုများ စိတ်ကုန်သွားပြီလားဟု အထိတ်တလန့် တွေးမိ၏။ တတ်နိုင်သမျှ သည်လိုမဖြစ်စေရအောင် ကြိုးစားနေသည်ပဲ၊ သူ လမ်းလျှောက်နှေးသည့်အတွက် မာရီ သည်းမခံနိုင် ဖြစ်လာပြန်၏။

"သေတော့မှာပဲ၊ ဒါထက် မြန်မြန်မလျှောက်နိုင်တော့ဘူးလား"

ဘယ်လောက်မြန်အောင် ကြိုးစားလျှောက်နေသည်ဖြစ်စေ မာရီ မကျေနပ်နိုင်ဖြစ်လာ၏။



"ဗာဆေးကို မင်း သွားမလည်ချင်ဘူးလား" မေးတော့

"ဘာလုပ်ဖို့လဲ" ဟု ပြန်မေးသည်။

"ပန်းခြံတွေက လှတယ်၊ လေကောင်းလေသန့်ရတယ်၊ စိတ်ပင်းဘားစရာတွေ အများကြီးပဲ။ ပြီးတော့ ကဇာတ်ကောင်းကောင်းတွေ ရှိတယ်။ ဆာရာဘားနန့် ပြဇာတ်တစ်ခု ကနေတယ်။ မင်း ဂီတ နားထောင်ချင်တယ်ဆိုရင်လဲ . ."

သူက ရန်လိုသည့်အသံဖြင့် ပြန်ပက်သည်။

"မသွားချင်ပါဘူး၊ ရှင်နဲ့ ဘယ်မှ မသွားချင်ဘူး။ ရှင်နဲ့ တွဲသွားရင် ကျွန်မကိုပါ လူတွေ ဝိုင်းကြည့်ကြမှာ"

သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားရပြန်သည်။

ဒုက္ခိတ၊ အကျိုးဟူသည့် စကားလုံးများကို မာရီ ခံတွင်းတွေ့နေ၏။ အော်ဟစ်ဆူညံ ရန်တွေ့တတ်လာ၏။ အခန်းနီးချင်းတွေ တအံ့တသြဖြစ်ကုန်ကြ၏။ မဒမ်လူဘေးက သူ့အခန်းထဲတွင် ကျိတ်ငိုနေရသည်။

သူ လွန်သွားမှန်းသိလျှင် မာရီက ဟင်နရီ့ကို ပြန်ချော့သည်။ ကောင်းပန်သည်။ ဤသို့ဖြင့် အပျက်မကလေး၏ ရင်ခွင်တွင် ပန်းချီဆရာလောင်းနွဲ့ ပျော့ခွေသွားပြန်၏။ နှစ်ရက် သုံးရက် သူ စိတ်ကောင်းဝင်နေလျှင် ဟင်နရီ ကျေနပ်နေရပြန်၏။

ဤသို့ဖြင့် တစ်နေ့တွင် ဟင်နရီက သူ့ပုံဆွဲချင်သည်ဟု ပြောပြင်၏။

"ကျွန်မပုံ ဟုတ်လား၊ ကျွန်မနဲ့ တူမှာလား"

"တူမှာပေါ့၊ ပြီးတော့ မင်းလိုချင်ရင် မင်းကို အပိုင်ပေးမယ်လေ"

အပေါ်ထပ်ပြေးတက်သွားပြီး တော်တော်နှင့် ပြန်ဆင်းမလာ။ အလှပြင်၊ ဆံပင်ဖြီးပြီး အနက်ရောင် ကတ္တီပါ ဝတ်စုံနှင့် ဆင်းလာသည်။ အမွေးပွ ခြုံထည် လွှမ်းလျက်။

သည်အဝတ်တွေ ချွတ်ပြီး စောစောကအတိုင်း ထိုင်ပေးဖို့ပြောသော် ကြံသေး၏။ သူ စိတ်ကောင်းဝင်နေချိန်ကလေး ကုန်ဆုံးသွားမည်စိုးသဖြင့် အသာနေလိုက်သည်။ သူ့ဘာသာသူ စိတ်ကြိုက်ပုံစံနှင့်နေမည်ပြော၏။ မော်ဒယ်လ် ခုံပေါ်တက်ထိုင်ပြီး ဆံပင်ကိုသပ်သည်။

"တစောင်းနေမယ်နော်၊ ကျွန်မ ပါးစပ် သိပ်မပြစေနဲ့"

www.burmeseclassic.com

www.burmeseclassic.com


သူ့မှာ ပင်ကိုရှိနေသည့် သဘာဝ နဂိုအလှတွေ အားလုံး ပျောက်ကွယ်ကုန်ပြီ။ နဂိုနေ အလှရှိသော မိန်းကလေးသည် မနူးမနပ် စံပြမယ် ဖြစ်သွားလေပြီ။

"မြန်မြန်ဆွဲပါ၊ ငြိမ်ငြိမ်ထိုင်ရတာ မလွယ်ဘူးရှင့်"

သူ့ခေါင်းထဲကို တစ်စုံတစ်ခု ဝင်လာသည့်အလား။

"ကျွန်မကို အဲဒီအတွက် ဘယ်လောက်ပေးမှာလဲဟင်" ဟု အလောတကြီးမေးသည်။

"ကြေးစား စံပြမယ်တွေကို ကိုယ်တစ်ခါမှ မသုံးဖူးဘူး။ ပုံမှန် ဈေးကတော့ မနက်ပိုင်း ၃ ဖရန့်၊ တစ်နေ့လုံးဆို ၅ ဖရန့်"

"ရတယ်လေ . . အဲဒီအတိုင်းပေး။ ကျွန်မကစပြီး ကမ်းလှမ်းတာမဟုတ်ဘူး၊ ရှင်က ဆွဲချင်တာ"

ကြေးစားညဥ့်ဖြစ်၏။ စာသင်ကြီးပါတူးစကား သွေးထွက်အောင် မှန်ပါလေသည်။ စင်စစ် သည်ကောင်မလေးသည် သစ်သီးပုပ် တစ်လုံးပါပဲ။

"ဟော့ . . မင်းကို ငါ ပန်းချီကား ပေးမယ်ပြောပြီးပြီ၊ တော် ရောပေါ့။ ပေးနေကျ နေ့တွက်လဲ မင်းရနေသားပဲဟာ"

သူ ချာခနဲလှည့်ပြီး ရန်စွယ်နှင့်ငေါငေါ လုပ်ပြန်သည်။

"နေ့တွက်က နေ့တွက်ပဲ။ တစ်နေ့ ၅ ဖရန့်နဲ့ ကျွန်မလို မိန်းကလေး ရှင်ဘယ်မှာ သွားရှာမလဲ။ ကျွန်မ လုပ်နေကျတာဝန်ထက် ပိုလုပ်ရရင် ရှင် ပိုပေးရမှာပဲ"

"ဟေး . . စံပြမယ်ဆိုတာ အနည်းဆုံး လေးနာရီ ထိုင်ရတယ်။ မင်းထိုင်တာ တစ်နာရီတောင် မပြည့်သေးဘူး"

သူက ခုံပေါ်မှ ခုန်ဆင်းပြီး

"မပေးရင် ကျွန်မ မထိုင်တော့ဘူး" ဟု ပြောရင်း

လက်ပွေ့အိတ်ထဲမှ စီးကရက်သွားယူသည်။ ပြီးတော့ ဆွဲလက်စ ကားကို လာကြည့်သည်။

"ဟင် . . တူလဲမတူဘူး။ ကျွန်မ ဒါထက် ပိုလှတယ်၊ ရှင် ပန်းချီ မဆွဲတတ်ပါဘူး၊ အလကား။ ကျွန်မတွေ့ဖူးတဲ့ ပန်းချီဆရာကမှ တကယ့် ပန်းချီဆရာ၊ ပန်းကန်တွေပေါ်မှာ . ."

"ဟော့ . . ခုထွက်သွား၊ မင်း အဲဒီ ပန်းချီဆရာဆီ ပြန်သွား ဒါမှမဟုတ် မင်းကြိုက်တဲ့နေရာသွား၊ ငါ ဂရုမစိုက်ဘူး ခု ထွက်သွား"

"ခု ထိုင်ပေးတဲ့အတွက် ၃ ဖရန့် ပေးရဦးမယ်လေ"

သူနှင့် ငြင်းနေလျှင် ဘာမှ ထူးမည်မဟုတ်ကြောင်း သိသဖြင့် အကြွေ ၃ ဖရန့် ပစ်ပေးလိုက်သည်။ သူက လေထဲတွင် ဖမ်းပြီး အတွင်းခံ အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။ ပြီးတော့ တံခါးဆီသို့ လျှောက်သွား သည်။

"မင်း ဘယ်သွားမလို့လဲ"

"ဘယ်သွားသွားပေါ့၊ ရှင်ပဲ မောင်းထုတ်ပြီးတော့။ သွားမယ်၊ ကျွန်မ ဒီနေရာကို စိတ်ကုန်နေပြီ၊ ရှင့်ကိုလဲ စိတ်ကုန်နေပြီ၊ ရှင် အဖော် ချင်ရင် ရှင့်ခြေထောက်နဲ့ မျက်နှာကို အသစ်လဲလိုက်"

ဝုန်းခနဲ တံခါးပိတ်သွားသည်။

နောက်တစ်နာရီကြာတော့ သူပြန်ရောက်လာသည်။ တောင်း ခဲ့ တိုးလျှိုးသည့်အပြုံးဖြင့်။ ပိုမိုအားပါသော အညာအတာ၊ အခရာတို့ ဖြင့်၊

"မောင်နဲ့ ရန်မဖြစ်ချင်ဘူးကွယ်"

သူ့ ဒူးနှစ်ဖက်ပေါ်ကို မျက်နှာမှောက်ချပြီး သူ့ ခြေရင်းတွင် ခွေခွေကလေးထိုင်ကာ ချစ်ခွန်းတွေ ခြွေနေပြန်သည်။ တွေးတွေးဆဆ စကားများလည်းပါ၏။

"ဒီအခန်းထဲမှာ ကျွန်မအကြာကြီး နေရတာကြောင့် စိတ်ဓာတ် တွေ ကျလာတာ ဖြစ်မှာပါ"

အပြင်ထွက်လည်ဖို့ အကြိမ်ပေါင်းများစွာ ပြောခဲ့ဖူးခြင်းကို ထောက်ပြမည်ပြုပြီးမှ အသာငြိမ်နေလိုက်သည်။ ဘာအကြောင်း ထူး တော့မှာလဲ။

"ကျွန်မလေ . . တစ်ခါမှ တစ်နေရာတည်းမှာ ဒါလောက် ကြာ ကြာမနေဖူးဘူး။ တကယ်လို့ ကျွန်မသာလေ. ."

"ဘာဖြစ်တုံး ဆက်ပြောလေ"

သူကလေး၏ ရွှေရောင်ဆံပင်တွေကို ပွတ်သပ်ပေးရင်း ထောက် ပေးလိုက်ခြင်းဖြစ်၏။

"တစ်ခါတလေ အပြင်ထွက်ခွင့်ရပြီး အစ်မကို သွားကြည့်နိုင် မယ်ဆိုရင် ခုလို စိတ်တွေ ဂယောက်ဂယက်ဖြစ်မှာ မဟုတ်ဘူး။ အဲဒီလို အခွင့်အရေးရရင် မောင့်ကို ကျွန်မ ပိုပြီး ချစ်လာမှာ"

www.burmeseclassic.com

www.burmeseclassic.com



သွားစမ်းပါ . . အလုကား၊ ဟင်နရီ လုံးဝမယုံပါ။ သို့သော် ဘာများထူးမှာလဲ၊ သူအပြင်ထွက်ပြီး ဂလေရိုက်ချင်တာကလွဲပြီး ဘာများ ဖြစ်နိုင်မှာလဲ။ ဒီလိုနဲ့ တဖြည်းဖြည်း သူလစ်မှာပေါ့။

"အကျိုးတစ်ယောက်၊ ဒုက္ခိတတစ်ယောက်နဲ့ နေရတာ မင်း မပျော်တော့ဘူးပေါ့ ဟုတ်လား။ အေးပါလေ . . ကိုယ် နားလည်ပါတယ် မင်းသဘောပါ၊ မင်းအစ်မဆီ သွားချင်တဲ့အချိန်သွားပါ"

သူ ချက်ချင်း အပေါ်ထပ်ပြေးတက်သွားသည်။ တလောကမှ ဝယ်ပေးထားသည့် ဦးထုပ်ကို ဆောင်းပြီး ပြန်ဆင်းလာသည်။

"မကြာဘူးနော်၊ ချက်ချင်းပြန်လာခဲ့မယ်၊ မောင့်ကို ပြန်လာမှ တဝကြီး ချစ်မယ်နော်" ဟု တံခါးဝမှ အော်ပြောသွားသည်။ သူဘာမှ မတုံ့ပြန်မိ။

လှေကားထစ်များပေါ် ပြေးဆင်းသွားသည့် သူ့ခြေသံသည် လှောင်အိမ်မှ လွတ်သော ငှက်ငယ်၏ တောင်ပံခတ်သံများနှင့် တူ‌ပေ သည်။

*

နောက်ပိုင်းတွင် မွန်းမတည့်မီ မာရီနိုးသည်။ အပြေးအလွှား အဝတ်လဲ ပြီး သူ့နေ့တွက် ရှင်းခိုင်းသည်။ ညနေပိုင်း ပြန်ရောက်လာလျှင် သူ မျက် ပြင်ကလေး နှစ်ဘက် ပန်းနုရောင် ပြေးနေတတ်၏။ အစ်မလုပ်သူ၏ အိပ်ရာနံဘေးတွင် မည်သို့ မည်ပုံပြုစုခဲ့သည်များ ပြောနေလျှင် ဟင်နရီ့ စိတ်ကူးပုံရိပ်ထဲတွင် တစ်မျိုးတစ်ဖုံ မြင်နေသည်သာ။

သို့သော် ဘာမှ မမေးမမြန်းတော့။ သူ ပြောသမျှ ယုံချင်ယောင် ဆောင်နေလိုက်၏။ သည်လို နေတတ်လာတော့ နားချိန်တွေ ပိုရလာ သည်။ စဟူဒီယိုထဲတွင် ခါတိုင်းလို တစ်ယောက်တည်း ပြန်နေတတ်လာ သည်။

"စီးကရက်ရှိလား ပေးစမ်းပါဦး" ဆိုလာလျှင် သူ ကြားချင်မှ ကြားသည်။ ရန်မဖြစ်ကြတော့။ ထိုအခါတွင်မှ လေရဟတ်နီ ပိုစတာကို စိတ်မပါ့တပါဖြင့် စဆွဲဖြစ်တော့၏။

တစ်နေ့တွင် မရွှံ့မရဲ တံခါးခေါက်သံ ကြားရသည်။ ရောက်လာ သူက စာသင်ကြီးပါတူးသားအဖ။ သတို့သားလောင်းကလေးပါ ပါလာ သည်။ သူက လောလောဆယ် ထောင်ကြပ်ကလေးဖြစ်၏။



စာသင်ကြီး၏ သမီးကလေးပုံ[1]ကို ဟင်နရီ စိတ်ပါလက်ပါ ဆွဲ ဖြစ်သည်။ သုံးပတ်ဆက်တိုက် ရေးရ၏။ ကားရေးပြီးတော့ စာသင်ကြီး မျက်ရည်တွေ လည်နေသည်။

"ကျွန်တော့်မီးလင်းဖိုပေါ်မှာ အမြဲ ဒီကားကို တင်ထားပါ့မယ် မွန်စီယာတူလုစ်။ ကျေးဇူးဘယ်တော့မှ မမေ့ပါဘူးဗျာ၊ သူမရှိတော့လဲ သူ့ကို ကျွန်တော်အမြဲ သတိရနေမှာလေ"

မင်္ဂလာဆောင် ကြွရောက်ဖို့လည်း စာသင်ကြီးက ဟင်နရီ့ကို ဖိတ်သွားသည်။ ရဲချုပ်ကိုယ်တိုင် ကြွရောက်ချီးမြှင့်မည့်အကြောင်းလည်း စာသင်ကြီးက ဂုဏ်ယူသည့်လေသံဖြင့် ပြောသွားသေးသည်။ပြန်ခါနီး တော့ စာသင်ကြီးက နှာခေါင်းကို ရှုံ့ကာရှိုက်ကာအနံ့ခံရင်း

"ဒီ ပေါင်ဒါနံ့ကို ကျွန်တော်သိတယ်၊ သူ ခုထိ ဒီမှာ ရှိနေတုန်း လား မွန်စီယာ"

ဟင်နရီ ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျား ကျွန်တော့် စကား နားမထောင်ဘူးနော်။ အင်းလေ . . ခက်တော့ ခက်သားပဲ၊ မကောင်းတဲ့ မိန်းမတစ်ယောက်ကို ချစ်မိရင် ပိုပြီး အခွာရခက်တယ်၊ ထောင်ထဲရောက် နေတဲ့ လူတစ်ဝက်လောက်ဟာ အဲဒီလို ကောင်မလေးတွေကြောင့်ဗျ"

သူ ခဏငြိမ်နေပြီးမှ ပခုံးတွန့်ကာ

"အင်းလေ . . ဒါက မွန်စီယာရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပါ။ ကျွန်တော့် ပိုင်နက်အတွင်းမှာ သူ လမ်းပေါ် ထွက်မလာရင် ပြီးတာပါပဲ။ ဒါပေမဲ့ တစ်ခုတော့ မွန်စီယာ မှတ်ထားနော်၊ ကျွန်တော်ကတော့ သူ့ကို အကျဉ်းဝင် ဖြစ်စေချင်တုန်းပဲ၊ ဆေးရုံ ပို့ချင်တုန်းပဲ"

ယူလာလီကလေး၏ ပုံဆွဲပြီးတော့ ပန်းချီကားခုံတွင် ပြန်ထိုင် ဖြစ်သည်။ အမေ့ဆီ ရောက်လျှင် အကြာကြီးနေဖြစ်သည်။ မိခင်ကြီး၏ မျက်လုံးအစုံတွင် သားအတွက် ရတက်မအေးသည့် ဗျာပါရိပ်တွေ ထင် ဟပ်နေ၏။

ပြန်ခါနီးတော့ "သားရယ်၊ သတိထားနေနော်၊ မေမေ စိတ်ပူ လိုက်တယ်ကွယ်" ဟုသာ တိုးတိုးမှာသည်။

မောရစ်နှင့် အတူ ညစာစားဖြစ်သည်။

---

[1] Policeman's Daughter ကားသည် ယိုးယန့်ကက်တလောက်တွင် ပါပြီး နာမည်ကျော်ကားတစ်ကားဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


"မင်း ကြည့်ရတာတစ်မျိုးပဲ၊ အမျိုးသမီးကိစ္စလား ဟင်နရီ" ဟုမေး၏။ သူက ဝန်မခံဘဲ ငြင်းသည်။

"နွေရောက်ရင် ငါ ပါရီက ခွာပြီး ခရီးထွက်လိုက်ဦးမယ်ကွာ" ဟု မောရစ်ကို မတင်မကျ ပြောလိုက်၏။

ကဖေးဆိုင်များကို ပြန်ဦးလှည့်သည်။ ပေါင်းဟောင်း သင်းဟောင်းများနှင့် ပြန်တွေ့သည်။ ပြောနေကျ ပန်းချီအကြောင်း၊ ပန်းချီပွဲစားများအကြောင်း တလဲလဲ ပြောဖြစ်ကြပြန်၏။ ပြီးတော့ ဝေဖန်ရေးဆရာများအကြောင်း။

ဤသို့ အချိန်ဖြုန်းဖို့ သူကြိုးစားသည်။ သည်တော့မှ အချိန်ကုန်အောင် လုပ်ရသည်မှာ မလွယ်ကြောင်း သူသိလာ၏။ တဖြည်းဖြည်းနှင့် သူသည် သူငယ်ချင်းများအတွက် တစ္ဆေတစ်ယောက်လို ဖြစ်လာ၏။ လျှပ်တစ်ပြက် ရောက်လာပြီး ချက်ချင်း ပျောက်ချင်ပျောက်သွား၏။ အကြောင်းမရှိဘဲ တစ်နေကုန် တစ်နေခန်း မပြန်တမ်း နေချင်နေ၏။

ဆူရတ်က အရောင် အစက်အပြောက်တွေ သူ့ကားထဲတွင် လျှောက်ချနေသည်ကို နာရီများစွာ ထိုင်ကြည့်ချင်ကြည့်နေ၏။ ဂေါ်ဂင် တစ်ယောက် ကက်တလောက်တွေနှင့် အလုပ်ရှုပ်နေသည်ကို သွား ထေ့ချင်ငေးနေ၏။ အောင်ကက်တန် ရေးနေသည့် ခရစ်ဝင်ကားကြီးများကို သွားထိုင်ကြည့်ချင် ကြည့်နေ၏။ နိုက်ထရိတ်အက်ဆစ်နှင့် ကြေးပြားတွေကို စားနေသည့် အက်ချင်ဆရာကြီး ဒက်စ်ဘောက်တင် လုပ်နေပုံကို တစ်နေကုန်ထိုင်ပြီး လေ့လာချင် လေ့လာနေ၏။

ပြီးတော့ ပြတိုက်တွေ လျှောက်ကြည့်လိုက်၊ ပီယာတန်ဂီးဆိုင်တွင် သွားထိုင်လိုက်ဖြင့် အချိန်ဖြုန်းသည်။ မဒမ်တန်ဂီး ဖိတ်ကျွေးသည့် ညစာကို လက်ခံသည်။ ရထားတိုက်ခံရသဖြင့် သေဆုံးသွားသည့် ဂီတပညာရှင်ကြီး စီဇာဖရင့်၏ နာရေးသတင်းကို ကလီမင်တင်းအိမ်သို့ သွားမေးသည်။

လေရဟတ်နီကို ပြန်ရောက်တော့ ဇစ်ဒလာက သူ့ ပိုစတာတွေ ရေးပေးဖို့ ရှိခိုးဦးတင် တောင်းပန်သည်။

"ကျွန်တော့်ကို ကူညီပါဗျာ။ ကြည့်ပါဦး၊ လူမကျတော့ဘူး မွန်စီယာ တူလုစ်ရဲ့"

ဤသို့ဖြင့် ကော့ညက်သောက်ကာ အိမ်ကို ရထားငှားပြီး ပြန်ခဲ့သည်။ လမ်းတွင် ဘဝဟောင်းအကြောင်း စဉ်းစားလာ၏။ ရယ်မိသေး

သည်၊ မာရီတစ်ယောက် ခုအချိန်ဆို ဘာများ လုပ်နေပါလိမ့်။ သူ မရှိဘဲ သူ့ဘဝသည် မပြည့်စုံသလို ဟင်းလင်းဖြစ်နေ၏။ သူနှင့်တွေ့မှ အသက် ဝင်လာသလိုရှိ၏။

တစ်ညနေတွင် သူ ဝမ်းသာအားရပြန်ရောက်လာသည်။ သူ့ ဆရာဝန်မဆေးရုံမှ ဆင်းရကြောင်း၊ ထူးထူးဆန်းဆန်း ဝေဒနာ ပျောက်ကင်းသွားပြီဖြစ်ကြောင်း၊ ဆေးရုံက ဆင်းဆင်းချင်း အရက်ဆိုင် တန်းပြေးကြောင်း စသည်၊ စသည်များ ပြောပြီး

"ကျွန်မက ကြွားတာပေါ့၊ ကျွန်မနဲ့ မောင့်အကြောင်းလေ။ သူတို့ ကမယုံကြဘူးသိလား။ ရေချိုးခန်းကြီးအကြောင်း၊ မောင့်ပန်းချီကားတွေအကြောင်း ကျွန်မ လျှောက်ပြောတာပေါ့။ မနက်ဖြန် သူတို့ လာကြမယ်၊ ပွဲကလေးတစ်ပွဲ လုပ်ကြရအောင်၊ နော် . . မောင်"

"ဟာ . . မဖြစ်ဘူး၊ မင်းတို့ အပေါင်းအသင်းတွေနဲ့ ငါ မတွေ့ချင်ဘူး။ ဘယ်သူမှ ခေါ်မလာနဲ့"

မာရီက သူ့ရင်ခွင်ထဲမှ ရုန်းထွက်ပြီး

"ဘာလဲ . . ရှင်က ကျွန်မအပေါင်းအသင်းတွေကို အဖက်မတန်ဘူး ထင်လို့လား၊ ဒီမှာ . . ကျွန်မပြောမယ် . ."

"ကိုယ် အဲဒီလို မပြောပါဘူး၊ သူတို့နဲ့ မတွေ့ချင်ဘူးလို့ပဲ ပြောတာ"

"ကျွန်မ အစ်မနဲ့တောင် မတွေ့ချင်ဘူးပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

ရွှေရောင်မျက်လုံးများထဲမှ မီးလျှံများကို မြင်လိုက်ရသည်။ သူ ဘာမှ ခွင့်လွှတ်ပုံမရ။

"ရှင့် သဘောပဲလေ၊ ကျွန်မက ရှင်သဘောကျမလားလို့ပါ။ ကျွန်မရဲ့ အမျိုးသားက အကော်ဒီယံ သိပ်တော်တာ။ ကျွန်မတို့ ဆိုကြမယ်၊ ကခုန်ကြမယ်လို့ စီစဉ်ထားတာ။ ရတယ်လေ၊ ရှင့် သဘောပါ"

ဟင်နရီ့အခန်းတွင် ပွဲမလုပ်ဖြစ်ပါ။ သို့သော် မာရီ သန်းခေါင်ကျော်မှ ပြန်ရောက်လာသည်။ အပေါစား ချက်အရက်နံ့တထောင်းထောင်းနှင့်။ လိုက်ပို့သူများ၏ အကော်ဒီယံသံက တစ်လမ်းလုံး ပျံ့လွင့်လျက်၊

ဘယ်တွေ ရောက်ခဲ့သလဲ မေးတော့ . .

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘယ်သွားသွား ရှင့်အလုပ်လား၊ ကျွန်မအပေါင်းအသင်းတွေကို ရှင်လက်မခံဘူး၊ ဒီတော့ သူတို့နဲ့ ကျွန်မ ဘယ်သွားသွားပေါ့"

သူ ဘာမှ ဆက်မပြောတော့၊ ကောင်မလေးက တစ်ဆင့် တက်လာသည်။

"အပြန်မှာ ကျွန်မနောက်ကို လူတစ်ယောက် လိုက်လာတယ်ရှင့်။ လူကြီးလူကောင်း ပုံစံပဲ၊ လိုက်သွားဖို့တောင် စိတ်ကူးလိုက်သေးတယ်"

သည်လို ရန်စကားပြောလျှင်ပြော၊ မပြောလျှင် သူ့ခြေထောက်တွေအကြောင်း ရမယ်ရှာတတ်စမြဲ။

"နေပါဦး . . ရှင့်ခြေထောက်တွေ ဘာလို့ အဲဒီလို ဖြစ်သွားတာလဲ"

"ကိုယ် မင်းကို ပြောပြီးသားလေ၊ ချော်လဲတာပါလို့"

"တစ်ခုခုတော့ တစ်ခုခုပဲ။ လူတိုင်း ချော်လဲကြတာပဲ၊ ရှင့်လို မဖြစ်ကြပါဘူး၊ ချိုင်းထောက် မသုံးဘူးလား"

"ခဏတော့ သုံးတယ်"

"အဲဒီလိုဖြစ်တဲ့အချိန်မှာ ရှင့်အမေက . ."

"ဟော့ . . မင်းပါးစပ်ပိတ်လိုက်စမ်း။ ခု ထွက်သွား၊ ထွက်သွား"

"လုပ်ပြန်ပြီ အော်ကြီးဟစ်ကျယ်နဲ့။ ရှင်ဟာ မလွယ်ပါဘူး ကျွန်မက သိချင်လို့ ရှင့်ခြေထောက်အကြောင်း ရိုးရိုးသားသား မေးနေတာပဲဟာ"

"ကောင်းပြီ၊ အဲဒီအကြောင်း ဆက်မပြောနဲ့"

မာရီက မလျှော့။ သူ့အစ်မနှင့် သူငယ်ချင်းများကို မဖိတ်လျှင် သူ သွားတော့မည်ဟု ခြိမ်းခြောက်၏။ ပြီးတော့ ပိုက်ဆံ တိုးတောင်းသည်။ ဖရန့် ၂၀ ပေးရမည်ဆို၏။ နောက်တစ်ပတ်ကြာတော့ ၃၀၊ နောက် ၅၀။

သူ ဘယ်ဘေးနှင့် ပြန်တွေ့နေသည်မှာ သေချာနေပြီ။ သူ နေ့စဉ် စောင့်ရသည့် စိတ်ဒုက္ခဝေဒနာကို မနာလိုဝန်တိုခြင်းက ထပ်ဆောင်းလာပြန်၏။ ဘယ်တုန်းကမှ ကိုယ့်ပစ္စည်း မဟုတ်ခဲ့ဘဲ ဘာကြောင့် ထိခိုက်နာကျင်နေရခြင်းလဲ။ သူက အမျှော်ပိုင် အပျက်မကလေးပဲ၊ သူ ဘာသာ ချစ်သူထားတာ မင်းနဲ့ဘာဆိုင်လဲဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမ၏။ သို့သော် အတ္တက မနာခံပါချေ။ ထိုအခါ ဒေါသစိတ်သည် ဆော



သည်ရာမရ ပေါက်ကွဲပြန်လေသည်။ သူအော်လျှင် ပြန်အော်သည်၊ သူ ကားမော်ကားလုပ်လျှင် ကြက်ခေါင်းဆိတ်မခံ တုံ့ပြန်သည်။

အရက်ကို နှစ်ယောက်စလုံး ပိုသောက်လာကြ၏။ ညများသည် စရာမကောင်းတော့၊ အတွေ့အထိများကြောင့်လည်း ရင်မခုန်ကြတော့။

*

ဆိုင်များနှင့် အဆက်ပြတ်သွားပြန်သည်။ သူငယ်ချင်းများနှင့် သည်း မဆုံဖြစ်တော့။ ရှုပ်ထွေးနေသည့် သူ့အာရုံက ဆူဆူညံညံအသံကို မခံနိုင်တော့ပေ။ ဝေဖန်ရေးဆရာတွေအကြောင်း၊ ပန်းချီပွဲစားအကြောင်းလည်း မကြားချင်တော့။

စတူဒီယိုထဲမှ ခုံရှည်ပေါ်မှာ လက်နှစ်ဖက်ကို ပတ္တာဆက်၍ ခေါင်းအောက်တွင် စုလျက် လှဲနေသည်က များသည်။ နံဘေးတွင် ကော့ညက်တစ်ပုလင်း အမြဲထောင်လျက်။

အာရုံထဲတွင် မာရီမှလွဲ၍ ဘာမျှမရှိ။ ချစ်စရာ ကောင်း သောက် မုန်းစရာကောင်းလှသည့် ကောင်မလေး၏ မာယာထောင် က်တွင် ဘယ်လောက်ကြာကြာ အမိခံနေရမှာလဲ၊ လွတ်လမ်းကို ား၏။ ထွက်ပေါက်ရှာ၏။ စဉ်းစားရင်းသောက်၊ သောက်ရင်း ား၊ နောက်ဆုံးမူးပြီး ဘာအဖြေမှ မထွက်တော့။ သူ့ကို သတိရခြင်း ဖြင့် အိပ်ပျော်သွားသည်သာ။

သည်ကာလတွင် မောရစ်ပေါက်ချလာသည်။

"ဘာ . . အလုပ်ပင်ပန်းလို့ ဟုတ်လား၊ မင်းငါ့ကို ညာပြော မုန်း ငါသိတယ် ဟင်နရီ"

"ငါ့ဘာသာငါ ရှိပါစေတော့ကွာ။ မင်း အလုပ်မသွားဘူးလား၊ နေ့ တနင်္ဂနွေနေ့လဲ မဟုတ်ဘဲနဲ့၊ မင်းကို မဂ္ဂဇင်းက လက်မလွှတ်နိုင် ဘူးကွာ၊ ငါ သိပါတယ်"

မောရစ်က ဦးထုပ်ချွတ်ပြီး စီးကရက်မီးညှိသည်။

"ငါ နေ့ဝက်ခွင့်ယူပြီးလာခဲ့တာ၊ ငါ မင်းအတွက် စိတ်ပူလာပြီ နရီ။ ငါ ဒီအတိုင်းကြည့်မနေနိုင်ဘူး၊ မင်းဘာဖြစ်နေလဲ ပြောစမ်း"

"မင်း မွန်စီယာ တူဘော့ဆီ ရောက်ပြီးပြီလား"

မောရစ်ခေါင်းညိတ်သည်။

"အဆင်ပြေရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com

"အင်း . . မဆိုးပါဘူး၊ မင်းပြောတာ ဟုတ်ပါတယ်၊ သီအို စိတ်မချဘူး။ ပြခန်းမှာ အရောင်း သိသိသာသာကျနေတယ်၊ သီအို အနား ယူဖို့ ကောင်းပြီဆိုတာ သူသဘောပေါက်တယ်။ ငါ့ လိပ်စာယူထားလို့ တယ်ကွ၊ ထူးခြားရင် ဆက်သွယ်မယ်တဲ့၊ ထုံးစံအတိုင်းပေါ့ကွာ။ ဒါပေမဲ့ ငါ အဲဒီအကြောင်းပြောဖို့လာတာ မဟုတ်ဘူး၊ မင်းကို စိတ်ပူလို့လာတာ မင်း မပြောမချင်း ငါမပြန်ဘူး"

"ကိုယ့်အလုပ်ကိုယ် လုပ်ပါမောရစ်ရာ"

"မလုပ်နိုင်ဘူးကွ"

"သွားစမ်းပါကွာ၊ မင်းငါ့ကို လာမနှောင့်ယှက်ပါနဲ့ ပြန်ပါတော့"

"မပြန်ဘူးလို့ ငါပြောပြီးပြီလေ၊ မင်း ငါ့ကို ကြိုက်သလိုလုပ် ဒါပေမဲ့ မင်းဘာဖြစ်နေတယ်ဆိုတာ မသိရမချင်း ငါမပြန်ဘူး စိတ်ချ"

မောရစ်က ရှေ့သို့ကိုင်းလာပြီး အရေးတကြီး လေသံဖြင့်

"မင်းပြောရမယ် ဟာင်နရီ၊ ပြောကိုပြောရမယ်။ မင်း အရက်ပုလင်းထဲ ဝင်ပုန်းနေလို့မရဘူး။ ငါ့ကိုမှ မပြောရင် မင်း ဘယ်သူ့ကို ပြောမလဲ၊ တို့နှစ်ယောက် သွေးညီအစ်ကိုတွေလေကွာ၊ မင်းသတိမရတော့ ဘူးလား"

"ကဲ . . ကဲ . . မင်းသိချင်လဲ ပြောရတာပေါ့၊ ငါ ကောင်မလေး တစ်ယောက်နဲ့ ဖြစ်နေတယ်။ သူ့နာမည်က မာရီ၊ လမ်းပေါ်က ကောင် မလေး၊ အပေါစား၊ ဘာမှ တန်ဖိုးမရှိ . ."

စီးကရက်ကို တဝကြီးရှိုက်ပြီး ဆက်ပြောသည်။

"ငါ သူနဲ့ မခွဲနိုင်ဘူး၊ ဒါပဲ။ ကဲ . . မင်းကျေနပ်ပြီလား"

"မင်း သူ့ကို ချစ်နေပြီလား"

"ချစ်နေပြီလား ဟုတ်လား"

သူ ပခုံးတွန့်ပြီး ခြောက်ကပ်ကပ်ရယ်သည်။

"ဘယ်သူက အချစ်အကြောင်း ပြောနေလို့လဲ။ ငါ ချစ်တယ် လို့ မပြောဘူး၊ ငါ သူ့ကို မခွဲနိုင်ဘူးပဲ ပြောတာ၊

"အဓိပ္ပာယ်ပေါင်း ထောင်သောင်းမက ဖွင့်ဆိုလို့ရတဲ့ အချစ် အကြောင်း အချိန်ကုန်ခံပြီး ဘာလို့ ပြောနေမှာလဲ။ ဘုရားသခင်ကို ချစ်တယ်၊ အမေ့ကို ချစ်တယ်၊ အိမ်က ခွေးကလေးကို ချစ်တယ်၊ ရှမ်ပိန် ဘရင့်ကိုချစ်တယ်၊ ရေပူပူချိုးရတာကို ချစ်တယ်။ အို . . ငါ မာရီကို မချစ်ပါဘူး၊ ဒါကို မင်းစိတ်ပူနေတာ မဟုတ်လား။



"လရောင်အောက်မှာ သူ့လက်ကလေးကို ငါ ကိုင်မထားချင် ဘူး၊ သူ့ကို ကဗျာတွေ စပ်မပေးချင်ဘူး။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်ကို ငါ ခုံစံတယ်၊ တကယ်က ငါ သူ့ကိုမုန်းတာ၊ ဘယ်သူ့ကိုမှ ငါ ဒါလောက် မမုန်းခဲ့ဖူးဘူး။ စတွေ့တဲ့ညမှာကတည်းက 'ရှင် အရုပ်ဆိုးလှချည်လား' တဲ့"

ပါတူးနှင့်ဖြစ်ခဲ့သည့် ဇာတ်ကြောင်းပါ စားမြုံ့ပြန်ပြလိုက်သည်။

"မိန်းမတစ်ယောက်ကို အရမ်းသဘောကျနေပြီး တစ်ပြိုင်တည်း မှာ ဘာကြောင့် အရမ်းမုန်းနေလဲ။ မင်း ငါ့ကို မမေးနဲ့၊ ငါ မသိဘူး"

သူမျက်နှာကြက်ကို ခဏ မော့ကြည့်နေပြီးမှ

"သူ့ကို ချစ်မိတဲ့ ငါ့အချစ်မျိုးက သွေးသားဆန္ဒသက်သက်ပါ။ စိတ်ရဲ့ ငြိမ်းချမ်းမှုကို ဘယ်တော့မှ မရခဲ့ဘူး"

ထထိုင်ပြီး စီးကရက်ဖွာရင်း အရက်ခွက်ကို ခပ်ဖြည်းဖြည်း ပြည့်သည်။

"ခုတော့ . . နေမြင့်လေ အရှုးရင့်လေ ဖြစ်နေပြီ။ ငါ ရှုးချင် နေပြီ မောရစ်"

သူ ကော့ညက်ခွက်ကို မော့သည်။ ပြီးတော့ဖန်ခွက်ကို ပြတင်း ပေါက်ဘောင်ပေါ်သို့ လှမ်းတင်သည်။ မောရစ် အသာစောင့်ကြည့်နေ ၏။ ပြီးမှ မေးခွန်း စထုတ်သည်။

"သူက အဲဒါလောက် စွဲမက်စရာ ကောင်းလို့လား"

"မင်း ဒီလိုမေးမယ်ဆိုတာ ငါ မျှော်လင့်ထားပြီးသားပါ။ အဲဒီ မေးခွန်း၊ ငါ့ကိုယ်ငါမေးတာ အကြိမ်တစ်ထောင် မကတော့ဘူး။ ငါ မသိ ဘူး သူငယ်ချင်း။ ဒီကောင်မလေးဟာ ၁၄ နှစ်သမီးကတည်းက ပျက်စီး ခဲ့တာ။ သူ့ကို စွဲစွဲလမ်းလမ်းဖြစ်တာ တစ်ယောက်မှ မရှိဘူး။ ငါဆိုတဲ့ တုံးတစ်ကောင်က လွဲလို့လေ"

"သူက တေလေလူမိုက်တစ်ယောက်ကို အရှုးအမူးကြိုက်နေ တယ်။ ဟိုကောင်က သူ့ကို လုံးဝလှည့်မကြည့်ဘူး။ အဲဒီလို ကောင်မလေး ကို ငါဘာလို့ စွဲနေသလဲ ငါလဲ မသိဘူး။ ငါပြောတာ မင်းနားလည်နိုင် မလား မောရစ်။ မင်း နားမလည်ရင်လဲ ငါ မအံ့သြပါဘူး၊ မင်းက ခြေ မသန်တဲ့လူမှ မဟုတ်ပဲကိုး၊ ငါ့ကိုကြည့်တဲ့ မျက်လုံးမျိုးနဲ့ ကောင်မလေး တစ်ယောက်က မင်းကို ဘယ်တော့မှ ကြည့်မှာမှမဟုတ်ပဲကိုး။ လူသားရဲ့ သိက္ခာကို မင်း အထိပါးမခံဖူးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲတွင် အလင်းရောင်နည်းလာပြီး ပြတင်းပေါက်မှ မြင်နေရသည့် ကောင်းကင်ပြင်မှာ ခရမ်းရောင် ပြေးနေ၏။

"ခု လောလောဆယ် အခြေအနေကကော"

မောရစ်က ခပ်အေးအေး မေးလိုက်သည်။

"ခု အခြေအနေလား၊ တို့ နှစ်ယောက်စလုံး ပိုက်ကွန်အောက်မှာ မိနေတဲ့ နပန်းသမားနှစ်ယောက်လိုပဲ။ ရှိသမျှ ခွန်အားသုံးပြီး တစ်ယောက်ကိုတစ်ယောက် သတ်နေတာပဲ။ သူက သူ့သူငယ်ချင်းတွေကို ခေါ်လာချင်တယ်၊ ချမ်းသာတဲ့ အကျိုးတစ်ယောက်ကို သူခေါ်ပြမှာပေ့ါကွာ။ တစ်နေ့ ဖရန့် ၅၀ ရတာကို ပြမှာပေါ့၊ ငါက လက်မခံတော့ သူ ငါ့ကို ဖြတ်မယ် လုပ်နေတယ်၊ နည်းမျိုးစုံနဲ့ ငါ့ကို စိတ်ဒုက္ခပေးတယ်"

"အဲဒီတော့ မင်း ဘာဆက်လုပ်မလဲ"

ဟင်နရီက ပခုံးတွန့်ပြီး

"ဘာလုပ်ရမှန်း ငါ မသိဘူး။ သူ့ဘာသာသူ ပြဿနာ ပြီးချင်လဲ ပြီးသွားမှာပေ့ါကွာ။ ဒါမှမဟုတ် သူထွက်သွားချင်လဲ သွားမှာပေ့ါ။ ဒါဆိုလဲ အေးတာပဲ၊ ငါ ဝဋ်ကျွတ်တာပေါ့။ ဒါပေမဲ့ ငါ ခံနိုင်ရည် ရှိပါ့မလား မသိဘူး"

*

## အခန်း (၁၄)

"ကျွန်မပိုက်ဆံပဲ။ ကျွန်မဘာသာ ဘာလုပ်လုပ်ပေ့ါ"

သူ့မျက်လုံးများက မီးဝင်းဝင်းတောက်နေသည်။ စူးစူးရှရှ [illegible]ကားလုံးများဖြင့် တအားပစ်ပေါက်နေ၏။

"ဟုတ်တယ်။ ကျွန်မ သူ့ကိုပေးတယ်၊ ဘာဖြစ်လဲ၊ သူ့ကို ကျွန်မ ချစ်တာကိုး၊ သူ့ကို စွဲနေတာကိုး။ ကျွန်မ သူ့ဆီပြန်သွားမယ်၊ ဘယ်တော့မှ ရှင့်ဆီ ပြန်မလာတော့ဘူး။ ရှင့် မျက်နှာကြီးကို မကြည့်ချင်တော့ဘူး"

သီချင်းကလေး တအေးအေးဖြင့် လှေကားထစ်များကို နင်းဆင်းသွားသည်။ ထိုနေ့က ရေချိုးခန်းထဲတွင် သူ့ငွေစုစာအုပ်ကို ဟင်နရီ [illegible] တွေ့သည်။ စုထားသမျှ ငွေတွေ အားလုံး ပြန်ထုတ်ထား၏။ မနာလို[illegible]တိုစိတ်နှင့် ဒေါသတို့ ပေါင်းစုပေါက်ကွဲတော့သည်။

ရှိုင်းရှိုင်းပျပျ ထပ်အစော်ကားခံရတော့ လက်ထဲမှ ကြိမ်တုတ်[illegible] လွှဲရိုက်မိမတတ် ဖြစ်သွား၏။ ပြီးတော့ ချက်ချင်း မောင်းထုတ်လိုက်[illegible]သည်။

မာရီ ဆင်းသွားသည်မှာ နှစ်ပတ်ရှိပြီ။ ရင်ထဲမှ ဒေါသလှိုင်း[illegible] ငြိမ်းပြေသွားပြီ။ အထီးကျန်ဝေဒနာကို အလူးအလဲ ခံရပြန်၏။ သို့[illegible] စိတ်ကို တင်းထားနိုင်သည်။ ဝဋ်ကျွတ်ပြီဟု သဘောထားနိုင်လာ[illegible]။ သို့သော် ပူပူလောင်လောင် ရမ္မက်ဆန္ဒကိုကား ငြိမ်းသတ်ခြင်း[illegible] [illegible]မ်းနိုင်သေးပေ။ ဘယ်ကိုမှ မထွက်ဘဲ အရက်ပုလင်းကို အဖော်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အခန်းအောင်းနေ၏။ လှေကားမှ ခြေသံကြားတိုင်း ရင်တထိတ်ထိတ် ခုန်ခဲ့၏၊ ခုတော့ သေချာသွားပြီ။ မာရီ ဘယ်တော့မှ ပြန်လာမည် မဟုတ်တော့ပေ။

*

ဇွန်လ ၂၇ ရက်နေ့ မနက်။

ခုံရှည်အစွန်းတွင်ထိုင်ပြီး နေရောင် ထိုးဆင်းနေသည့် ကော်ရိဒေါကလေးကို သူ ငေးကြည့်နေသည်။ လှေကားမှ ခြေသံကြားတော့ မိုက်မဲစွာ နားစွင့်မိပြန်၏။

မာရီ့ခြေသံမဟုတ်၊ ယောကျ်ားတစ်ယောက်၏ ခြေသံ။ ခြေကုန် လက်ပန်းကျကာ တက်လာသည့် ခြေသံမျိုး။ ပန်းချီကားခုံဆီကို သူ ထသွားသည်။ ထိုစဉ် တံခါးခေါက်သံ ပေါ်လာ၏။ ပြီးတော့ တံခါးရွက်ကြီး ပွင့်လာသည်။ သူဝမ်းသာအားရ အော်လိုက်၏။

"ဟေး . . ဗင်းစင့်"

လက်ထဲမှ စုတ်တံနှင့် ဆေးဘူးကို ပစ်ချပြီး ကြိမ်လုံးကို လှမ်းဆွဲလိုက်သည်။

"ဘယ်တုန်းက ရောက်လဲ၊ ဘယ်လောက်ကြာကြာ နေမှာလဲ။ လာဗျာ . . ဒီခုံပေါ်မှာထိုင်၊ နေပါဦး . . ခင်ဗျားကို သေသေချာချာ ကြည့်ပါရစေဦး၊ နေကောင်းရဲ့လား"

ဗင်းစင့်တော့ ဗင်းစင့် အစစ်ဖြစ်ပါသည်။ သို့သော် ဟိုတုန်းက သူ သိခဲ့သည့် ဗင်းစင့်ဗန်ဂိုးမဟုတ်တော့။ မျက်တွင်း ဟောက်ပက်နှင့် ငေးငေးငိုင်ငိုင် ဗင်းစင့် ဖြစ်နေ၏။ ဝတ်စုံသစ်က သူနှင့် ကျပ်နေပြီး ဦးထုပ်က ကြီးလွန်းနေ၏။

ခုံပေါ်တွင် ဝင်ထိုင်ပြီး အနိမ့်အမြင့် မရှိသည့် လေသံဖြင့် စကား စသည်။

"နေကောင်းပါတယ်ကွ၊ ပြန်တွေ့ရတာ ဝမ်းသာတယ် ဟင်နရီ၊ ငါ မနေ့က ရောက်တာကွ၊ သီအိုနဲ့ ဂျိုဟာနာတို့ဆီမှာ ညအိပ်တယ်၊ သူတို့သားဦးကလေးကို ငါ့နာမည် မှည့်ထားတယ်ကွ၊ မင်း သိပြီးပြီလား"

"တကယ်ပြောတာကွ၊ ချာတိတ်ကလေးကို ဗင်းစင့်လို့ နာမည် ပေးထားတယ်၊ ငါ့လိုပဲ ဆံပင်နီနီကလေးနဲ့ကွ"

သူက ပြုံးပြုံးကြီးလုပ်နေပြီး ဆေးတံကို ဆေးဖြည့်သည်။ ပြီးတော့ ပြတင်းပေါက်အပြင်ကို လှမ်းကြည့်သည်။



"နေရောင်ကတော့ အနေတော်ပဲကွ နော်"

သူ့လေသံက အဝေးကြီးမှ ထွက်လာသည့်အသံမျိုး။ နာတာရှည် ရောဂါကြီးတစ်ခုမှ နလံထစ လူတစ်ယောက်၏ လေသံမျိုး။

"အားလ်စ်မှာက တစ်ခါတစ်ခါ နေရောင်က သိပ်ပြင်းတယ်။ အဲဒီနေရောင်ကြောင့်ပဲ ငါရူးသွားတာထင်တယ် ဟင်နရီ"

"အဝါရောင်ဟာ ခင်ဗျားအချစ်ဆုံးအရောင်ပဲ ဗင်းစင့်။ ဘုရားသခင်ရဲ့အရောင်လို့ ခင်ဗျား ခဏခဏ ပြောဖူးတယ်လေ"

တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်နေကြ၏။

"ခင်ဗျား ရောက်လာတာ ကျွန်တော် သိပ်ဝမ်းသာတယ် ဗင်းစင့်၊ ကျွန်တော် ခင်ဗျားကို သိပ်သတိရနေတာဗျ၊ မောင်မတ်ကတော့ ခင်ဗျား မသွားခင်တုန်းကနဲ့စာရင် အရမ်းပြောင်းလဲသွားပြီ။ အညိုရောင် သမားကြီး ဆရာကော်မွန်ကို သတိရသေးလား"

"အေးကွာ၊ အဲဒီကျောင်းမှာ ငါ ကျောင်းဆက်တက်ရမှာကွ။ အိမ်ပြန်ပြီး လမ်းတွေထဲမှာ ပန်းချီပြန်ဆွဲတာ မှားတယ်၊ ငါ ခန္ဓာဗေဒကို မပိုင်သေးဘူးကွ"

"ခန္ဓာဗေဒကို ခေါက်ထားလိုက်စမ်းပါဗျာ၊ ခင်ဗျားမှာ ဘဝအတွေ့အကြုံတွေ တစ်ပြုံကြီး ရှိနေပြီပဲ။ နောက်ဆုံး ခင်ဗျားကိုယ် ခင်ဗျား ရှာဖွေ တွေ့ရှိသွားပြီပဲ ဗင်းစင့်"

သူက အကြောတွေ ပြိုင်းပြိုင်းထနေသည့် သူ့လက်တွေကို ငုံ့ကြည့်ရင်း

"အင်း . . ဟုတ်မယ်ထင်ပါတယ်၊ ဒါပေမဲ့ ငါ အဲဒီအတွက် အသက်ဆုံးမတတ် ဖြစ်ခဲ့ရတယ် . . အင်း . . တန်တော့ တန်ပါတယ်လေ။ စိတ္တဇဆေးရုံမှာ နေခဲ့ရတဲ့ အချိန်တွေမှာတောင် . . ဒီမယ် ဟင်နရီ . . အရူးထောင်မှာ တိုက်ပိတ်ခံနေရတဲ့ဘဝမျိုးကို မင်းနားလည် နိုင်မယ်မထင်ဘူး"

"အဲဒီအကြောင်းတွေ ပြောမနေပါနဲ့တော့ဗျာ၊ ကြိုးစားပြီး မေ့လိုက်ပါ။ ခင်ဗျား ခု နေကောင်းနေပြီပဲ"

"ဒါပေမဲ့ ငါမင်းကို ပြောပြချင်သေးတယ် ဟင်နရီ၊ ပြောပြလိုက်မှ မေ့ဖို့ ပိုလွယ်မယ်ထင်တယ်။ ဆေးရုံမှာက သီးခြားခွဲထားတာ၊ ပိတ်လှောင်ထားတာကို ခံနိုင်တယ်၊ ပတ်ဝန်းကျင်က ရူးနေတဲ့ လူတွေနဲ့ နေခဲ့ရတာက ပိုဆိုးတာကွ၊ တချို့က ညနက်သန်းခေါင်မှာ လန့်နိုးပြီး

www.burmeseclassic.com

www.burmeseclassic.com

ယ်သံပါအောင် အော်ကြတယ်၊ အစောင့်က တော်တော်နဲ့ ရောက်လာတာမဟုတ်ဘူး၊ လင်းခါနီးမှ လာပြီး ဆွဲထုတ်သွားတာ တစ်ခါတလေ ငါမြ ရှူးသွားပြီ ထင်ရတယ် . ."

ရင်ထဲမှ မျိုသိပ်ထားသမျှတွေ ပွင့်ထွက်လာသည် ထင်ရ၏။ အားလ်စ်တွင် နေခဲ့ရသည့် သူ့ဘဝအကြောင်းကို ဟင်နရီအား ရင်ဖွင့်နေလေသည်။

ချစ်ချစ်တောက် ပူနေသည့် ကွင်းပြင်ထဲတွင် တစ်နေကုန် သူ ပန်းချီရေးသည်။ စိတ်မနှံ့သူ တစ်ယောက်လို ဖွတ်တရွတ်၊ သဲကြီးမဲကြီး ရေးသည်။ မိုးစုပ်စုပ်ချုပ်မှ တောလမ်းအတိုင်း ဒယီးဒယိုင်ဖြင့် ပြန်လာသည်။ သုံးချောင်းထောက် ပန်းချီကားခုံကို ကျောပိုးလျက်၊ လက်ထဲ ကိုင်လာသည့် ပိတ်ကားတွေက ဆေးမခြောက်သေး။

တစ်နေ့တွင် သူ အမျှော်ကြီး မျှော်နေသည့် ဂေါဂင် ရောက်ချလာသည်။ နှစ်ယောက်သား တတွဲတွဲနှင့် အပျော်ကြီး ပျော်နေကြ၏။ အေဗီနွန်သို့ အတူတူ ခရီးထွက်ကြ၏။ အားလ်စ်ကို ပြန်ရောက်တော့ ငြင်းကြခုန်ကြ ရန်ဖြစ်ကြနှင့် ထိုးမယ်၊ ကြိတ်မယ်အထိ ဖြစ်ကြ၏။ ပြီးတော့ အရက်ဆိုင်တွင် ပြန်တည့်သွားကြပြန်၏။

ညအခါများတွင် အပျော်မကလေးများနှင့် အချိန်ဖြုန်း၏။ ရန်ဖြစ်ကြပြန်၏။ တစ်ခါတွင် ဒေါသကို မထိန်းနိုင်သဖြင့် ဂေါဂင့်မျက်နှာကို ဖန်ခွက်နှင့် ပေါက်ထည့်လိုက်သည်။ နားထဲတွင် လင်းကွင်းသံတွေ ဆူညံနေ၏။ ဦးခေါင်းကြီးတစ်ခုလုံး ချာချာလည်နေသည်ထင်၏။ မျက်စိရှေ့မှ နံရံကြီးတွေ ယိမ်းထိုး လှုပ်ရှားနေ၏။ နင်းထားသည့် ကြမ်းပြင်လည်း သွက်သွက်ခါနေ၏။ ပြီးတော့ ဓား . . သင်တုန်းဓား . . နားရွက်တစ်ဖက်ကို တိခနဲ လှီးလိုက်ပြီး သတင်းစာနှင့်ထုပ်ကာ အပျော်မကလေးကို လက်ဆောင်ပေး၏။

တစ်ကိုယ်လုံး သွေးအလိမ်းလိမ်းဖြင့် ဟိုတယ်သို့ ပြန်လာခဲ့သည်။ လင်းကွင်းသံတွေ နားထဲတွင် ဆူသည်ထက်ဆူလာ၏။ မခံမရပ်နိုင်အောင် ဆူလာ၏။ ပြီးတော့ ဝက်ရူးပြန်သလို တက်သွားတော့၏။ အိပ်ရာပေါ် လဲကျသွားသည်။ လင်းကွင်းသံတွေ တဖြည်းဖြည်း ဝေးသွား၏။ ပြီးတော့ တစ်ကိုယ်လုံး မှောင်အတိကျသွားလေတော့သည်။ အမှောင်ထု၏ ဟိုမှာဘက်တွင်တော့ ငြိမ်းချမ်း တိတ်ဆိတ်ခြင်း။



"ကျုန်တာတွေတော့ မင်းသိပြီးသား ဖြစ်မှာပါ။ သီအို ပါရီက ပြေးချလာတယ်၊ စိန့်ရယ်မီမှာ ဆေးရုံတက်တယ်။ ဒါကြောင့် ငါသံတိုင်ကြားမှာ မနေရတာ၊ ပော်လန် ပြန်အပို့မခံရတာ။ သီလရှင် ဆရာမတွေ သဘောကောင်းကြပါတယ်၊ ဆေးရုံဝင်းထဲမှာ ငါ့ကို ပန်းချီ ရေးခွင့်ပေးတယ်၊ ငါ ပန်းချီဆွဲနေရင် လာကြည့်ကြတယ်။ ဆေးရုံမှာ ဘယ်လောက်ကြာလဲ ငါမသိဘူး၊ ခုတော့ အိပ်မက်ရှည်ကြီးက နိုးလာသလို ခံစားနေရတယ်။ မောင်မတ်က ဘယ်မှ ထွက်မသွားခဲ့သလိုပဲ"

ဟင်နရီက သူ့လက်ကို ညင်ညင်သာသာလှမ်းဆုပ်လိုက်သည်။

"ဟုတ်တယ် ဗင်းစင့်၊ ခင်ဗျားဟာ အိပ်မက်ဆိုးကြီးတစ်ခုကို မက်ခဲ့တာပဲ။ ဒါပေမဲ့ ခင်ဗျား ခုကောင်းကောင်း ကျန်းမာလာပြီ၊ ဘဝသစ်ကို စဖို့ မုခ်ဦးတစ်ခုမှာ ရောက်နေပြီ"

"အေး . . ဟုတ်မယ် ဟုတ်မယ်"

သူ ခဏ ငြိမ်နေသည်။

"မောင်မတ်မှာကော ဘာတွေ ထူးသေးလဲ၊ မင်းကော ဘာတွေ လုပ်နေသလဲ"

ဟင်နရီက ပခုံးတွန့်ပြပြီး

"ကျွန်တော်လား . . ဒီလိုပါပဲဗျာ၊ မဂ္ဂဇင်းပုံလေးတွေရေးလိုက်၊ ကော်ပြားကုမ္ပဏီတွေအတွက် ပုံလေးဘာလေး ဆွဲပေးလိုက်ပါပဲ။ ပိုစတာတစ်ခု ရေးပေးမယ်လို့တော့ ကတိပေးထားတယ်၊ ဒါထက် ခင်ဗျားပါရီမှာ ဘယ်လောက်ကြာမှာလဲ"

သူ ခေါင်းယမ်းသည်။

"ငါ မနက်ဖြန် အော်ဗားစ်ကိုသွားမယ်၊ သီအို့အခန်းက လူကျပ်နေပြီကွ"

"ကျွန်တော်နဲ့ လာနေပေါ့ဗျ၊ ကျွန်တော်တို့နှစ်ယောက် အတူတူ နေကြတာပေါ့၊ အရင်တုန်းကလိုပေါ့ . . ခု . . ကျွန်တော်၊ ကျွန်တော်တစ်ယောက်ထဲပဲ"

ဗင်းစင့်က ဟင်နရီပခုံးကို လှမ်းကိုင်ပြီး

"ကျေးဇူးတင်ပါတယ် ဟင်နရီရယ်။ ဒါပေမဲ့ ပါရီနဲ့ ငါနဲ့ မတည့်ပါဘူးကွာ၊ သွားတာပဲ ကောင်းပါတယ်"

သူက ထပြီး နံရံဆီကို လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကားတွေ ပြပါဦးကွ၊ နောက်ပိုင်းဆွဲတာတွေ မကြည့်ရတာ ကြာပြီလေ"

"လာလေ အပေါ် ထပ်မှာ။ ကြည့်ပြီးရင် အာဂိုစတီးနာ့ဆိုင်မှာ သွားစားကြတာပေါ့"

နှစ်ယောက်သား ပြုံးလိုက်ကြပြန်သည်။ အတိတ်ကို ပြိုင်တူ သတိရနေကြ၏။ ဘာမျှ မကြာသေးသည့် အတိတ်သည် ဟိုးအဝေးကြီး တွင် ကျန်ရစ်သလိုပါကလား။

*

ခွေးကြီးနှစ်ကောင်နှင့်အတူ အာဂိုစတီးနာ ပြေးထွက်ကြိုသည်။

"ဗင်းစင့် . . အမယ်လေး ဗင်းစင့်ရယ်"

အတင်းဖက်ပြီး ပါးနှစ်ဖက်ကို ဘယ်ပြန် ညာပြန်နမ်းရှုတ်ဆက် သည်။ အကြာကြီးဖက်ထားပြီးမှ လွှတ်ပေးလိုက်၏။ သူ့မျက်လုံးအိမ်ထဲ တွင် မျက်ရည်တွေ ရွှဲနေသည်။

"ဝမ်းသာလိုက်တာ ဗင်းစင့်ရယ်၊ ပြန်မှ တွေ့ကြရပါတော့မလား လို့။ မွန်စီယာတူလုစ်ရော ပျောက်ချက်သား ကောင်းနေလိုက်တာ၊ မတွေ့ ရတာ ကြာပြီ။ ကဲ . . ကဲ . . ဝင်ကြ၊ အထဲမှာ ယူရှင်းနေပါတယ်ကွယ်"

သူ့ဆိုင်တွင် ယခင်က နွေးထွေးမှုကို ပြန်ရသည်။ သို့သော် အာဂိုစတီးနာလည်း ပြောင်းလဲသင့်သလောက် ပြောင်းလဲနေပြီ။ ပါးရေ နည်းနည်း တွန့်စပြုလာပြီ။ နက်မှောင်နေသည့် ဆံပင်များထဲတွင် ငွေ မျှင်ကလေးများ ရောစွက်နေပြီ။

သူတို့နှစ်ယောက် စကားမပြောဘဲ စားသောက်နေကြ၏။ စား ပြီးတော့ အာဂိုစတီးနာက အရက်ချိုတစ်ပုလင်း ယူလာပြီး ထိုင်သည်။

"ပြန်ဆုံတဲ့ အထိမ်းအမှတ်ပေါ့နော်" ဟု ပြောပြောဆိုဆို ဖန် ခွက်သုံးခွက်ထဲ ဖြည့်သည်။

ဟင်နရီက အမျိုးသမီးကို ကြည့်ပြီးမေးသည်။

"အာဂိုစတီးနာ့ ကြည့်ရတာ တစ်မျိုးပဲဗျ၊ ဘာများ စိတ်မကောင်း စရာရှိလို့လဲ"

အီတလီအမျိုးသမီး၏ လှပသော မျက်လုံးများသည် အဝေးသို့ ငေးနေသည်။

"ဒီမှာ မပျော်တော့ဘူးကွယ်၊ ဌာနေကိုပြန်ချင်ပြီ။ အီတလီမှာ နေရောင်ခြည်က ပိုတောက်ပတယ်၊ မြေကြီးက ညိုပြီး နင်းလိုက်ရင် နွေး

ဆင်ခြင်တုံတရားနှင့် ဆန္ဒတို့ ရန်ဖြစ်ကြပြန်ပြီ။ သန်းခေါင် ...နံတွင် ဆင်ခြင်တုံတရားက လက်မြှောက် အရှုံးပေးသွားသည်။

"ရထားဆရာ . . တစ်ခုကူညီပါဗျာ၊ အဲဒီဆိုင်ထဲမှာ မာရီ ...သက်စ်ဆိုတဲ့ ကောင်မလေးရှိတယ်၊ အပြင်မှာ ဧည့်သည်တစ်ယောက် ...ချင်တယ်လို့ပြောပြီး ခေါ်ထုတ်ခဲ့စမ်းပါ"

စောင့်ရသည့်အချိန်က ကမ္ဘာလောက်ကြာသည်ထင်၏။ တံခါး ...က ထွက်လာတော့ နောက်ခံအလင်းရောင်တွင် သူ့ပုံရိပ်ကို ...င်းကောင်း မှတ်မိသည်။

"မာရီ . . မာရီ"

"သြော် . . ရှင်ကိုး"

သူက ရထားဆီလျှောက်လာရင်း မေးသည်။

"ရှင် ဘာလိုချင်လို့လဲ"

"ပြန်လာခဲ့ပါ မာရီ။ ကိုယ် မှားပါတယ်၊ ကိုယ် တောင်းပန်ပါ ... မင်းပြန်လိုက်ခဲ့ပါ"

အရှက်ကြီးရှက်နေသည့် မျက်လုံးများကို သူ မမြင်နိုင်သည့် ...က် တော်ပါသေး၏။ သူက ပြောင်စပ်စပ် အမူအရာဖြင့်

"အင်း . . စဉ်းစားရမယ်လေ၊ ရှင်က ကျွန်မကို တစ်ချိန်လုံး ...ဝေါက်နေတာ။ ခု လူကြီးလူကောင်းတွေ ကျွန်မမှာ ဝိုင်းဝိုင်းလည် ...ရှင့်"

"ကိုယ်နောက်မဆူတော့ပါဘူး မာရီရယ်၊ ကိုယ် ကတိပေးပါ ..."

"နေဦး . . ဒါဆို ကျွန်မပြန်လာရင် ရှင်ပိုပေးရမယ်၊ ၆၀ . . ...တ်ဘူး၊ ၇၅ ဖရန့် ပေးရမယ်"

ထိုတစ်ဒင်္ဂတွင် အောင်နိုင်သူက မာရီ။

"ပေးမယ် ဟုတ်လား၊ ဒါဆို ခဏစောင့်"

သူ ဆိုင်ထဲ ပြန်ပြေးဝင်သွားသည်။ ခဏနေတော့ ပြန်ပြေး ...လာသည်။ ဆိုင်တံခါးဝတွင် သူ့ချစ်သူဆိုသူကို လေဝဲအနမ်းဖြင့် ...ဆက်သေး၏။ ပြီးမှ ရထားပေါ် ခုန်တက်လာသည်။

မောင်းရမည့် လိပ်စာကို ဟင်နရီက ရထားသမားကို အော် ...ိုက်သည်။ မာရီက သူ့အနား တိုးကပ်ပြီး စကားစသည်။

www.burmeseclassic.com

www.burmeseclassic.com

“သူ လိုက်လာမယ်ဆိုတာ သိနေသားပဲ၊ ကျွန်မလဲ သတိရနေတာပါ မောင်ရယ်”

လုံးဝ မယုံကြည်ပါ။ သို့သော် အကြောင်းမဟုတ်တော့ပြီ။ သူကလေး နံဘေးတွင် ရောက်နေပြီ။ သူ့ကို ပြန်ရပြီ။

*

ယခင်ကအတိုင်း ပုံမှန် လည်ပတ်နေပြန်၏။ သူ့ကို နေ့တွက် မှန်မှန် ရှင်းပေးသည်။ ညတွင် အတူနေပြီး နေ့တွင် အပြင်ထွက်သည်။ သူ့ဝတ္တရားကျေအောင် ပြုစုသည်။

သို့သော် အရင်ကလို မဟုတ်တော့မှန်း မကြာခင် ဟင်နရီ သိလာသည်။ ဟိုတုန်းက မာရီသည် လွတ်လပ်သော၊ အသိရခက်သော ရိုင်းစိုင်းသော၊ ရက်စက်တတ်သော မာရီဖြစ်၏။ ဒီနေ့ မာရီက တစ်မျိုး တစ်စုံတစ်ယောက်၏ ဩဇာအာဏာအောက်တွင် အမိန့်အရ လှုပ်ရှားနေရသည့် မာရီဖြစ်နေသည်။

ပြန်ရောက်လာပြီး မကြာမီတစ်ရက်တွင် သူ့ကောင်နှင့်ပတ်သက်ပြီး မာရီ စကားစသည်။

“ရှင့်ကို ပြောရင်ယုံမှာမဟုတ်ဘူး၊ ရှင်လာခေါ်မယ့်နေ့မှာပဲ ဘယ်ဘေးက ကျွန်မကို ပြောနေတယ် သိလား။ ရှင့်ကို ကျွန်မလုပ်တာမှားတယ်တဲ့၊ မတရားဘူးတဲ့၊ ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့ လူတစ်ယောက်ကို ဒီလို မပြစ်မှားရဘူးတဲ့၊ သွားတောင်းပန်သင့်တယ်တဲ့”

ပညာမတတ်သည့် မိန်းကလေးများ မှသာဝါဒအလုပ်ကို လုပ်နေကျ ဖြစ်သည့်တိုင် မသေသပ် မပိရိလှပါ။ သူညာနေမှန်း သိသာနေ၏။ သင်ထားသည့်အတိုင်း ရွတ်နေမှန်းသိသာ၏။

အမှန်က ထိုနေ့တွင် သူ ပါးအရိုက်ခံရကောင်းခံခဲ့ရမည်။ ဒီလောက် ဝင်ငွေကောင်းသည့် ဖောက်သည်ကို လက်လွှတ်ရပါမည်လားဆိုပြီး အရိုက်ခံရခြင်းဖြစ်နိုင်သည်။

“ကောင်းပြီ မာရီ၊ မင်း တောင်းပန်ဖို့မလိုပါဘူး၊ ကိုယ်က မှားတာကိုး။ မင်းပြောတာ ဟုတ်ပါတယ်၊ မင်း ပိုက်ဆံပဲ၊ မင်း ငွေစုစာအုပ်ပဲ၊ မင်းကြိုက်တာ လုပ်နိုင်တာပေါ့”

“မဟုတ်ပါဘူး၊ ကျွန်မ လွန်တာပါ၊ သူက ကျွန်မကို တောင်းပန်ခိုင်းတယ်”



“ကဲ . . ဒါဆိုလဲ တောင်းပန်ပြီးပြီလို့ မင်းသူ့ကို ပြောလိုက်ပေါ့ကွာ၊ အဲဒီအကြောင်း တို့နောက်ထပ် မပြောကြေးကွာ”

ဟင်နရီက အရက်ဖန်ခွက်ကို ဖြည့်ရင်း ပြောလိုက်သည်။

“ကျွန်မ မောင်နဲ့ ရန်မဖြစ်ချင်ပါဘူး၊ ကျွန်မ မောင့်ကို သဘောကျပါတယ်”

တစ်နေ့ မိုးလင်းတော့ အပြင်မထွက်ဘဲ ပန်းချီဆွဲပါလားဟု ပြောသည်။ ဒါနဲ့ပြု၏။

“ကြိုက်သလောက် ကျွန်မ ထိုင်ပေးမယ်”

ဒါလည်း သူ့ကောင်၏ ညွှန်ကြားချက်ဖြစ်မည် မုချ။

သူက အဝတ်တွေချွတ်ပြီး လှဲလျောင်းပစ်ရင်း . .

“ကြည့်ပါဦး . . ကျွန်မ ကိုယ်လုံးကိုယ်ပေါက် မလှလို့လား၊ ကျွန်မ အသားအရေမချောမွတ်လို့လား၊ လာစမ်းကြည့်လေ . .”

“အေးပါ . . မင်းလှပါတယ်။ ဒါပေမဲ့ မင်းနောက်ကျနေပြီ၊ ကွားတော့လေ”

“မဟုတ်ပါဘူး ကျွန်မ ပုံအဆွဲခံချင်လို့ပါ၊ အဲဒီအတွက် တစ်ပြားမှ ပေးဖို့မလိုဘူး”

“အေးပါကွာ၊ ကျေးဇူးတင်ပါတယ်။ နောက်မှဆွဲတာပေါ့၊ ကဲ . . အဝတ်တွေ ပြန်ကောက်ဝတ်”

နောက်တစ်နေ့ကျတော့ စတူဒီယိုအခန်းကို သူ သန့်ရှင်းရေးလုပ်ပေးသည်။

“ကျွန်မ လုပ်တတ်ပါတယ်၊ အမေက သင်ပေးထားတာပဲ။ ကောင်းနည်းနည်းရှိရင် ပရိဘောဂတွေတောင် ဖိတ်ဖိတ်တောက် သွားမယ်”

အိမ်အလုပ်တွေကို အိမ်ဖော်တစ်ယောက်လို လုပ်နေတာတွေ့တော့ ဟင်နရီ သူ့ကို တွေးရခက်ကြီး ဖြစ်ရပြန်သည်။ အို . . ဘယ်ဝေဝုစ်တွေဖြစ်မှာပါ။ သူ့ပန်းချီကားတွေကို မာရီ စိတ်ပါ လက်ပါ ကြည့်ဟန်ဆောင်နေလျှင် မမြင်ယောင် ပြုနေလိုက်၏။

သူ့ကို ပေးထားပြီးသား တာဝန်တွေ ရှိမှာပေါ့။ ‘သူ့ကို မြှောက်ပေး၊ သူ့ပန်းချီကားတွေကို စိတ်ဝင်စားချင်ယောင်ဆောင်ပြ’ ဒါတွေက ကျွန်ုပ်ဆိုး ဘာများ ဖြစ်နိုင်ဦးမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မာရီ လုပ်နေပုံက သည်မျှ မကပါ။

ဘယ်ဘောကို တစ်ပတ်တစ်ခါပဲ တွေ့တော့မည်ဆိုဏ်။

“ကျွန်မ ဒုရှုအမူးဖြစ်နေတယ်ဆိုတဲ့အကြောင်း ပြောဖူးတာ နော်။ ခု ကျွန်မ သူ့ကို မချစ်တော့ဘူး၊ ကျွန်မ သူ့ကို လုံးဝ မတွေ့ချင် တော့ဘူး။ လူဆိုးနဲ့လူကောင်း ကျွန်မ ခု ခွဲခြားနိုင်သွားပြီ”

တစ်ညတွင် ထုတ်ပြောခြင်းဖြစ်၏။

“ရှင်ကမှ တကယ့်လူကြီးလူကောင်းနော်”

ခုမှ သူတို့ ချစ်သူများဘဝ ရောက်သွားကြခြင်းဖြစ်၏။ မာရီ မီးဖိုဆောင်သို့ဝင်သည်။ အချက်အပြုတ်နှင့် အိမ်တွင်းမှုတွေ လုပ်သည်။ ချစ်သူ့ခေါ်ရာသို့လိုက်သည်၊ ချစ်၍ခေါ်ရာသို့သွားသည်။ ခုတော့လည်း မာရီသည် ခြေဖဝါးထက်ချပ်မကွာ ဖြစ်နေပြန်၏။

သူ ပြောင်းလဲလာပုံမှာ မီးဖိုခန်းထဲတွင်ရော၊ ဧည့်ခန်းတွင် ရော၊ အိပ်ခန်းထဲမှာပါဖြစ်၏။ ခြေသုတ်ပုဆိုး မွေ့ရာခွယ်ကျိုး လုပ်နေ၏။

“မောင်ဟာ တကယ့်ကို ထူးခြားတဲ့ ချစ်သူပါကွယ်”

ဟု ရှိုက်ရှိုက်မောမောပြောလျှင် ဟင်နရီ လုံးဝ စိတ်မဝင်စား ဘာမှ ပြန်မပြောဘဲ ငြိမ်နေလိုက်၏။

“မောင် ကျွန်မ ပြောနေတာ မကြားဖူးလား”

“ညဉ့်နက်ပြီကွာ အိပ်တော့”

“မောင် ကျွန်မကို ချစ်တယ်မဟုတ်လားဟင်”

“မင်းကို ကိုယ်သဘောကျပါတယ်”

“ဟင့်အင်း . . ဟင့်အင်း၊ ချစ်တယ်မဟုတ်လား မပြော”

“အချစ်ဆိုတာ အဓိပ္ပာယ်တွေ အများကြီး မာရီရဲ့”

“ဒါပေမဲ့ မောင်ကျွန်မကို ချစ်ပါတယ်၊ မောင့် စိတ်ကြိုက် အားလုံး ကျွန်မ လုပ်ပေးနေတာပဲဟာ။ ကျွန်မလို ကောင်မလေးမျိုး မောင် မတွေ့ဖူးဘူး မဟုတ်လား”

“ဟုတ်ပါတယ် သိပ်ဟုတ်။ ဒါပေမဲ့ မိုးလင်းတော့မယ်၊ အိပ် ကြရအောင်ကွာ”

သူက အနမ်းများစွာနှင့် နှုတ်ဆက်သည်။

“အိပ်မက်လှလှမက်ပါစေ မောင်ရယ်။ ရော့ . . ကျွန်မ လက် မောင်းပေါ်မှာ ခေါင်းအုံးအိပ်နော်”



“ကဲ . . ဒါဆိုလဲ တောင်းပန်ပြီးပြီလို့ မင်းသူ့ကို ပြောလိုက်ပေါ့ ... အဲဒီအကြောင်း တို့နောက်ထပ် မပြောကြေးကွာ”

ဟင်နရီက အရက်ဖန်ခွက်ကို ဖြည့်ရင်း ပြောလိုက်သည်။

“ကျွန်မ မောင်နဲ့ ရန်မဖြစ်ချင်ပါဘူး၊ ကျွန်မ မောင့်ကို သဘော ...ပါတယ်”

တစ်နေ့ မိုးလင်းတော့ အပြင်မထွက်ဘဲ ပန်းချီဆွဲပါလားဟု ... ဒါနပြု၏။

“ကြိုက်သလောက် ကျွန်မ ထိုင်ပေးမယ်”

ဒါလည်း သူ့ကောင်၏ ညွှန်ကြားချက်ဖြစ်မည် မုချ။

သူက အဝတ်တွေချွတ်ပြီး လွှင့်ပစ်ရင်း . .

“ကြည့်ပါဦး . . ကျွန်မ ကိုယ်လုံးကိုယ်ပေါက် မလှလို့လား၊ ...မ အသားအရေမချောမွတ်လို့လား၊ လာစမ်းကြည့်လေ . .”

“အေးပါ . . မင်းလှပါတယ်။ ဒါပေမဲ့ မင်းနောက်ကျနေပြီ ...တော့လေ”

“မဟုတ်ပါဘူး ကျွန်မ ပုံအဆွဲခံချင်လို့ပါ၊ အဲဒီအတွက် တစ် ...မှ ပေးဖို့မလိုဘူး”

“အေးပါကွာ၊ ကျေးဇူးတင်ပါတယ်။ နောက်မှဆွဲတာပေါ့၊ ... . . အဝတ်တွေ ပြန်ကောက်ဝတ်”

နောက်တစ်နေ့ကျတော့ စတူဒီယိုအခန်းကို သူ သန့်ရှင်းရေး ...ပေးသည်။

“ကျွန်မ လုပ်တတ်ပါတယ်၊ အမေက သင်ပေးထားတာပဲ။ ...င်းနည်းနည်းရှိရင် ပရိဘောဂတွေတောင် ဖိတ်ဖိတ်တောက် သွား ...ယ်”

အိမ်အလုပ်တွေကို အိမ်ဖော်တစ်ယောက်လို လုပ်နေတာ ...တော့ ဟင်နရီ သူ့ကို တွေးရခက်ကြီး ဖြစ်ရပြန်သည်။ အို . . ...ယ်ဝေဝုစ်တွေဖြစ်မှာပါ။ သူ့ပန်းချီကားတွေကို မာရီ စိတ်ပါ လက်ပါ ...န်ဆောင်နေလျှင် မမြင်ယောင် ပြုနေလိုက်၏။

သူ့ကို ပေးထားပြီးသား တာဝန်တွေ ရှိမှာပေါ့။ ‘သူ့ကို မြှောက် ... သူ့ပန်းချီကားတွေကို စိတ်ဝင်စားချင်ယောင်ဆောင်ပြ’ ဒါတွေက ... ဘာများ ဖြစ်နိုင်ဦးမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မာရီ လုပ်နေပုံက သည်မျှ မကပါ။

ဘယ်ဘေးကို တစ်ပတ်တစ်ခါပဲ တွေ့တော့မည်ဆို၏။

"ကျွန်မ အရှုံးအမှုးဖြစ်နေတယ်ဆိုတဲ့အကြောင်း ပြောဖူးတယ်နော်။ ခု ကျွန်မ သူ့ကို မချစ်တော့ဘူး၊ ကျွန်မ သူ့ကို လုံးဝ မတွေ့ချင်တော့ဘူး။ လူဆိုးနဲ့လူကောင်း ကျွန်မ ခု ခွဲခြားနိုင်သွားပြီ"

တစ်ညဟွင် ထုတ်ပြောခြင်းဖြစ်၏။

"ရှင်ကမှ တကယ့်လူကြီးလူကောင်းနော်"

ခုမှ သူတို့ ချစ်သူများဘဝ ရောက်သွားကြခြင်းဖြစ်၏။ မာရီ မီးဖိုဆောင်သို့ဝင်သည်။ အချက်အပြုတ်နှင့် အိမ်တွင်းမှုတွေ လုပ်သည်။ ချစ်သူခေါ်ရာသို့လိုက်သည်၊ ချစ်၍ခေါ်ရာသို့သွားသည်။ ခုတော့လည်း မာရီသည် ခြေဖဝါးထက်ချပ်မကွာ ဖြစ်နေပြန်၏။

သူ ပြောင်းလဲလာပုံမှာ မီးဖိုခန်းထဲတွင်ရော၊ ဧည့်ခန်းတွင်ရော၊ အိပ်ခန်းထဲမှာပါဖြစ်၏။ ခြေသုတ်ပုဆိုး မွေ့ရာဖွယ်ကျိုး လုပ်နေ၏။

"မောင်ဟာ တကယ့်ကို ထူးခြားတဲ့ ချစ်သူပါကွယ်"

ဟု ရှိုက်ရှိုက်မောမောပြောလျှင် ဟင်နရီ လုံးဝ စိတ်မဝင်စား ဘာမှ ပြန်မပြောဘဲ ငြိမ်နေလိုက်၏။

"မောင် ကျွန်မ ပြောနေတာ မကြားဖူးလား"

"ညဉ့်နက်ပြီကွာ အိပ်တော့"

"မောင် ကျွန်မကို ချစ်တယ်မဟုတ်လားဟင်"

"မင်းကို ကိုယ်သဘောကျပါတယ်"

"ဟင့်အင်း . . ဟင့်အင်း၊ ချစ်တယ်မဟုတ်လား ပြော"

"အချစ်ဆိုတာ အဓိပ္ပာယ်တွေ အများကြီး မာရီရဲ့"

"ဒါပေမဲ့ မောင်ကျွန်မကို ချစ်ပါတယ်၊ မောင့် စိတ်ကြိုက် အားလုံး ကျွန်မ လုပ်ပေးနေတာပဲဟာ။ ကျွန်မလို ကောင်မလေးမျိုး မောင် မတွေ့ဖူးဘူး မဟုတ်လား"

"ဟုတ်ပါတယ် သိပ်ဟုတ်။ ဒါပေမဲ့ မိုးလင်းတော့မယ်၊ အိပ် ကြရအောင်ကွာ"

သူက အနမ်းများစွာနှင့် နှုတ်ဆက်သည်။

"အိပ်မက်လှလှမက်ပါစေ မောင်ရယ်။ ရော့ . . ကျွန်မ လ မောင်းပေါ်မှာ ခေါင်းအုံးအိပ်နော်"



သစ္စာစကားများဖြစ်လျှင် မည်မျှကောင်းလေမည်လဲ။ သို့သေ အဘိုးလိုက် အတစ်လိုက် မုသားတွေမှန်း သိနေ၏။ ရင်နာစရာတွေချည်း ဖြစ်၏။

"ဂွတ်နိုက် မာရီ"

*

ပြည်းဖြည်း အရှိန်သေသွားမှ သိလာသည်။ သည် မိန်းကလေးအတွေ့ကြ ဆောင်ခဲ့သည့် ရမ္မက်ဆန္ဒတို့ ငြိမ်းသေစပြုလာပြီ။ အပေါ်စား မိန်း လေးတစ်ယောက်၊ အနုပညာမဲ့ မိန်းကလေးတစ်ယောက်၊ ပြီးတော့ ပေါ်က အခြေအနေမဲ့ မိန်းကလေး။ နောက်ပိုင်းတွင် ပေါ်သလည်း တော့၊ သူ့ကို တပ်မက်ခြင်းလည်း မရှိတော့။ အပျော်အိမ်ကိုသွားခြင်း ဘာထူးလို့လဲ။

သို့သော် ယဉ်ကျေးခြင်းကိုမူ ဟင်နရီ မမေ့တတ်ပေ။ သူ စီး ကိုထုတ်လျှင် မီးညှိပေးသည်။ အဟွင်းခံဝတ်လျှင် ကြယ်သီး တပ် ပေးသည်။ ဤသည်တို့မှာ အချစ်၏ အပေါ်ယံ အဆောင်အယောင်များ ဖြစ်လေသည်။

စင်စစ် ဟင်နရီ ဂိတ်ကုန်နေပြီ။ သည် ကောင်မလေးနှင့် ဖဝး ဝင်၏ငြိမ်းချမ်းမှု ရနိုင်မည်ကို နားလည်လာပြီ။ တစ်နေ့တွင် နားကပ် လေးတစ်ရံဝယ်ပြီး သူ့ကို လက်ဆောင်ပေးသည်။

"ရွှေအစစ်လားဟင်"

သူက ခေါင်းညိတ်ပြီး

"မင်းနဲ့ကိုယ်နဲ့ တွေ့တဲ့ညက မင်းပြောတာမှတ်မိလား၊ မင်းရဲ့ ရွှေနားကပ်ကလေးတစ်ခု ပျောက်သွားတယ်ဆို။ အဲဒီအတွက် အစားထိုး ကပေါ့"

"ဟာ . . အဲဒါရွှေအစစ်မှ မဟုတ်တာ၊ အတုတွေ"

"ဒါက ရွှေအစစ်ပါ။ မင်းအရေးပေါ်ငွေလိုရင် ပေါင်လို့ရတာ

"ဟင့်အင်း . . ဘယ်တော့မှ အပေါင်ဆိုင် မသွားဘူး။ ကျွန်မ နေ့အမှတ် သိမ်းထား . . ."

သူက စိတ်ပျက်လက်ပျက်ခေါင်းညိတ်ပြီး

"အေးပါ ပန်ကြည့်ပါဦး၊ ကြည့်လို့ကောင်းပါ့မလား"

သူ နားကပ်ပန်နေသည်ကို ဟင်နရီ စောင့်ကြည့်နေသည်။ အင်း

www.burmeseclassic.com

www.burmeseclassic.com



. . ဘယ်ဘေးက ဘယ်လောက်ကြာကြာ သူ့ကို ပန်ခွင့်ပေးထားမည်
မသိ။

ထူးဆန်းသည်မှာ သည်လိုတွေးမိလျက်နှင့် မနာလို ဝန်တိုစိတ်
မဝင်တော့ခြင်းဖြစ်၏။ ပခုံးတွန့်ပြီး ပန်းချီကားခုံဆီသို့ လျှောက်သွား
သည်။ အချိန်မှာ မှတ်မှတ်ရရ ဩဂုတ်လ နောက်ဆုံးအပတ်ဖြစ်သည်
ယတိပြတ်ဆုံးဖြတ်နိုင်ခဲ့သည့် အချိန်။

နာနာကြည်းကြည်းမဟုတ်ဘဲ ညင်ညင်သာသာခွဲခွာခန်း
ကိန်းကို သူ ရေးဆွဲပြီးပြီ။

ပါရီမှ ၃ ရက်ခရီးထွက်ရမည့်အကြောင်း မာရီ့ကို သူပြော
တော့. . "ဟင်. . သုံးရက်ကြီးများတောင်" ဟု အထိတ်တလန့် မေးသည်

သူ ပျော်သွားမှာပါ။ သုံးရက် သုံးည သူလွတ်လပ်ရေး ရသွား
ပြီလေ။ သူချစ်သူနှင့် အချိန်ပြည့် ပျော်နိုင်ပြီပေါ့။

"ဟာ . . မသွားလို့မဖြစ်ဘူးလား၊ တာဝန်နဲ့သွားဖို့လိုရင်လဲ သွား
ပေါ့လေ။ မောင် အပြင်ထွက်တာ မကြိုက်ရင် ကျွန်မ ဘယ်မှ မသွား
ဘူးလား၊ မောင်ပြန်လာတဲ့အထိ စောင့်နေမယ်"

သွားစမ်းပါ။ ရင်ထဲတွင် နာသည်ထက် နာလာသည်။

"မင်းအစ်မဆီ သွားနေပေါ့ကွာ၊ အဲဒီနေ့တွေ အတွက်လဲ ကိုယ်
ပေးခဲ့မှာပါ" ဟု ပြောပြီး ခရီးထွက်ဖို့ အထုပ်အပိုးပြင်သည်။

သုံးရက်လုံးလုံး ဟင်နရီ အခန်းအောင်းနေသည်။ အ
အသောက်ကို အပြင်က မှာစားသည်။ အလုပ်ထဲတွင် အာရုံပြန်ဝင်
နိုင်ခဲ့၏။ ခုမှပဲ သူ မာယာပိုက်ကွန်ထဲက လွတ်ပြီဟု ယုံကြည်လိုက်

*

ခွဲခွာခန်းများသည် အသေးအဖွဲကလေးမှစ ရင်ကွဲနာကျစရာများ
လာကြောင်း ကိုယ်တိုင်တွေ့မှ ထိထိခိုက်ခိုက် ခံစားရတော့၏။

အဝတ်အစားအချို့နှင့် ရေချိုးခန်းထဲမှ ပစ္စည်းအတိုအထွာ
ကလေးများသည် အတိတ်ကို ချေဖျက်ပစ်ဖို့ အဟန့်အတားများ
ကလား။ သူ့အစ်မဆီကို ထုပ်ပိုးပြီး ပို့ပစ်လိုက်ရမည်လား။ သည်တော့
ငွေရေးကြေးရေးအကြောင်း စဉ်းစားမိလာ၏။

သူ့ကို ခွဲခွာခြင်းအထိမ်းအမှတ်အဖြစ် တစ်ခုခုပေးသင့်သည်
ပေါ့။ မခွဲခွာမီနောက်ဆုံးရက်များအတွက်တော့ စိတ်မကောင်းပါ။ သူ



မောင်းထုတ်လိုက်သည့်အတွက် အကျိုးသက်ရောက်မှုကို စဉ်းစားကြည့်
၏။

မိမိဆီမှ ပိုက်ဆံမရတော့သည်နှင့် ဘယ်ဘေးက သူ့ကို ကန်
ထုတ်ပစ်လိမ့်မည်။ ထိုအခါ သည်ကလေးမသည် နေစရာမရှိ၊ ပိုက်ဆံ
မရှိ၊ ချစ်သူမရှိ ဘဝမျိုး ရောက်သွားလိမ့်မည်။ ထိုအခါ အမှောင်လမ်း
ကြားကို ကလေကချေဘဝဖြင့် ပြန်ရောက်သွားရုံမှတစ်ပါး အခြားမရှိပြီ။

လိုင်စင်ရဖို့၊ ဆေးရုံသွားဖို့၊ ရဲများနှင့် အဆင်ပြေဖို့တော့ သူ
ဘယ်တော့မှ လုပ်မည်မဟုတ်။ နောက် ထင်းရှူးသားအခေါင်းနှင့် ပိုင်
ရှင်မဲ့ အလောင်းအဖြစ် ဇာတ်သိမ်းရုံသာ ရှိလိမ့်မည်။ သုံးပတ်လုံးလုံး
စောင့်ကြည့်ခဲ့ပါသေး၏။ နောက်ဆုံးတွင်မှ ပြောချင်သည့် စကားလုံးများ
ကို နှုတ်မှ ထွက်ရက်ခြင်းဖြစ်သည်။

"ကိုယ် အားလုံးခြုံ စဉ်းစားပြီးပြီ မာရီ၊ တို့နှစ်ယောက် ဇာတ်
လမ်း ရပ်တန်းက ရပ်မှ ဖြစ်တော့မယ်။ မင်း ပစ္စည်းတွေကို ဘယ်ပို့ပေး
ရမလဲဟင်"

နားမလည်နိုင်သည့် မျက်ဝန်းများဖြင့် သူ့ကို မာရီ ပြူးကြည့်
နေ၏။

"ရှင် တကယ် ကျွန်မကို မောင်းထုတ်နေတာလားဟင်"

"တဆိတ် ကိုယ့်ကို နားလည်ပေးပါကွာ၊ မင်း ဒီကိုတစ်ညတာ
အတွက် ရောက်လာတာလေ။ မင်း ဒီမှာနေတာ ခုနစ်လရှိသွားပြီ။ အဲဒီ
ကာလတစ်လျှောက်လုံး ကိုယ်ပျော်ပါတယ်။ အဲဒီအတွက်လဲ မင်းကို
ကျေးဇူးမမေ့ပါဘူး မာရီ။ ဒါပေမဲ့ တို့ ခုလမ်းခွဲရမယ့် အချိန်ရောက်ပြီ
လေ၊ တို့နှစ်ယောက် ရန်မဖြစ်ဘဲ အေးအေးဆေးဆေး ခွဲကြရအောင်
ကွာ"

တုံ့ဆိုင်းနှေးကွေးစွာဖြင့် အိတ်ထဲမှ စာအိတ်တစ်လုံးကို နှိုက်
ပြီး သူ့ကို ကမ်းပေးလိုက်သည်။

"ရော့ . . မင်းအတွက် ကိုယ့်လက်ဆောင်"

သူ့မျက်နှာ ချက်ချင်း အုံ့မှိုင်းသွားသည်။ ပြီးတော့ သူ့တစ်ကိုယ်
လုံး ဆတ်ဆတ်တုန်လာသည်။ သားသတ်ရုံမှ လည်အဖြတ်ခံရခါနီး နွား
တစ်ကောင်နှင့် တူသည်ထင်၏။ မြင်ကွင်းမှာ မရှုရက် မမြင်ရက်စရာ။

"ထိုင်လေ မာရီ၊ ခဏထိုင်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



သူ လုံးဝမလှုပ်၊ ကျောက်ရုပ်။ နောက်ဆုံး အံကျိတ်ထားသည့်ကြားမှ စကားလုံးတွေ ဖြည်းဖြည်းချင်း ထွက်လာသည်။

"ကျွန်မ ဘာမှားလဲ၊ ရှင်သဘောကျအောင် ကျွန်မ ဘယ်လောက် ကြိုးစားခဲ့သလဲ။ ရှင် . . ဆွဲချင်တဲ့ပုံစံအတိုင်း ကျွန်မ နေပေးခဲ့ပြောခဲ့တယ်၊ ကြမ်းတိုက် . . အိမ်ရှင်း . ."

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မင်း ဘာမှ မမှားဘူး မာရီ၊ မင်း ကိုယ့်အပေါ် ကောင်းခဲ့ပါတယ်၊ ဒါပေမဲ့ . ."

"ဟုတ်လား၊ ကျွန်မ ရှင့်အပေါ် ကောင်းခဲ့တာကို ရှင် သိတယ်နော်"

"ဒီမယ် မာရီ၊ တို့ ဒီအကြောင်းတွေ မပြောဘဲ . ."

"ဟင် . . ခုပဲ ရှင်ပြောတယ်လေ၊ ကျွန်မ ရှင့်အပေါ်မှာ ကောင်းခဲ့တယ်ဆို။ ကျွန်မ ဘယ်လောက် တာဝန်ကျေခဲ့သလဲ . . ရှင် ခိုင်းသမျှ ကျွန်မ အလိုလိုက်ခဲ့တယ်"

"မာရီ . . မာရီ၊ တို့ ရန်မဖြစ်ကြစတမ်းကွာ၊ ကိုယ် ဘယ်လိုမင်းနားလည်အောင် ရှင်းပြနိုင်မှာ မဟုတ်ဘူး၊ အားလုံး ကိုယ့်အပြစ်ပါကွာ။ ရော့ . . မင်းလိုချင်နေတဲ့ လက်တွန်းလှည်းနဲ့ ဈေးရောင်းခွင့်လိုင်စင်အတွက်။ မင်းနာမည်နဲ့ အားလုံးအပြီး ထွက်လာလိမ့်မယ်၊ မင်း ဘယ်သူ့ကိုမှ လွှဲပေးလို့မရဘူး၊ ရောင်းစားလို့လဲ မရဘူး၊ မင်း ဘာကြောင့် ပိုက်ဆံစုခဲ့သလဲဆိုတာ ဘယ်တော့မှ မမေ့နဲ့နော်"

မိန်းကလေး၏ မျက်ဝန်းများ ကခုန်နေ၏။ အမှန်နှင့်အမှားကို ခုမှ ဝေခွဲနေပုံ။ သူ့အသိအာရုံတွင် ဟင်နရီ မရှိတော့သလို။

"သူ ဘာပြောမလဲ မသိဘူးနော်၊ ရှင် ကျွန်မကို လက်မခံတော့ဘူးဆိုရင် . ."

ညို့မျက်လုံးများဖြင့် အသနားခံသလို ကြည့်ပြီး

"ဟင်နရီ . . ဟင်နရီ၊ မောင်ရယ် . . ကျွန်မကို မောင်းမထုတ်ပါနဲ့ကွယ်"

ပျော့ခွေနွဲ့ပျောင်းစွာ သူ့ခန္ဓာကိုယ်ပြိုကျလာပြန်၏။

သည်းအူပြတ်မျှ ခံစားမှုမျိုးဖြင့် သနားစဖွယ် အယူခံဝင်သောသည်။ ဒူးထောက်ဦးညွှတ်ကာ အနမ်းများစွာဖြင့် တောင်းပန်သည်။

"တော်ပါတော့ မာရီရယ်၊ တော်ကြစို့ကွာ"

သို့သော် မာရီက တားမရ။ မျက်နှာ၊ လည်တိုင်မှစ သူ့လက်ဘွကိုပါ တရှိုက်မက်မက် နမ်းနေလေသည်။

ထို့မှ တစ်ဆင့်တက်ပြီး

"ရော့ . . မောင်သဘောကျတယ်ဆို" ဟုလည်း ဆို၏။

ပြီးတော့ ရှိုက်ကြီးတငင် ငိုသည်။ ကြမ်းကို သည်ထက်သည့်ပြောင်အောင် တိုက်ပါမည်ဟုလည်း ပြော၏။ ပန်းချီဆရာသည် ပန်းချီကားခုံပေါ် ထိုင်လျက် မျက်နှာကို လက်ဝါးနှစ်ဖက်အကြားတွင် မှောက်ထားသည်။ နက်နဲစွာ စဉ်းစားတွေးတောလျက်။

ထိုစဉ်တွင် ကင်းမလက်မည်းတစ်ကောင် အမြီးထောင်ပေါက်သော့မည့်နှယ် သူ့ ဝုန်းခနဲ ထလာသည်။

"မုန်းတယ်၊ ရှင့်ကို ကျွန်မ မုန်းတယ်၊ ရှင့်မျက်နှာကြီးကိုရော၊ ...ခြေထောက်တွေကိုပါ ကျွန်မမုန်းတယ်၊ ရွံတယ်။ ဘာမှ အသုံးမကျ...ခြေကျိုး၊ ဒုက္ခိတ၊ ရှင့်ကို ကျွန်မ မြင်မြင်ချင်းမုန်းတာ၊ ရင်ထဲ အသည်း...က မုန်းတာ။ ကျွန်မ ချစ်သူ ဘယ်ဘေး အတင်းလွှတ်လို့ ရှင့်ဆီရောက်တာ . .။

"ရှင်က ဒီလို ဇာတ်သိမ်းချင်မှတော့ ကျွန်မသွားရုံပေါ့၊ ကျွန်မ...ကို ဘာမှ ပေးဖို့မလိုဘူး။ အဲ . . နေပါဦး၊ ရှင် ကျွန်မကို ဖရန့် ၁၀၀ ပေးမယ်ပြောပြီး ၇၅ ဖရန့်ပဲပေးတယ်။ ရှင် လူညာပဲ၊ လူယုတ်မာပဲ"

သူ့ ပုံသဏ္ဌာန်က ချက်ချင်း အပမှီနေသည့် မိန်းမတစ်ယောက်ဖြစ်သွားသည်။

နောက်ဆုံး ဟင်နရီ့ခေါင်းထဲတွင် ထုတ်သုံးဖို့ လက်နက်ပုန်းကို သွားသတိရလိုက်၏။ စာသင်ကြီးပါတူး။ သည်တော့မှ မာရီ မာန်လျှော့သွားသည်။ ကပျာကယာ အကျီကြယ်သီးတွေ ကောက်တတ်သည်။

"ကောင်းပြီလေ၊ ကျွန်မ ပစ္စည်းတွေ အစ်မဆီ ပို့ပေးလိုက်၊ ကျွန်မ အဲဒီမှာ သွားယူမယ်" ဟု ဆို၏။

သည်တော့ ဟင်နရီ သူ့အနား သွားထိုင်သည်။

"မင်းရဲ့ ချစ်သူ ဘယ်ဘေးဆီ ပြန်သွားပေါ့ကွာ" ဟုဆိုတော့ သူ ခေါင်းယမ်းသည်။ အသည်းနှလုံးထဲက နာကြည်းမှုမျိုးဖြင့် သူရင်ဖွင့်သည်။

"ဟင့်အင်း . . မဖြစ်နိုင်ပါဘူး၊ သူက ကျွန်မကို ချစ်တာမှ မဟုတ်ပဲ၊ ကျွန်မဆီက ပိုက်ဆံသာ သူလိုချင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ကိုမချစ်တဲ့ လူတစ်ယောက်ကို ပြန်ချစ်ဖို့ မလွယ်ပါဘူး ကွာ၊ ဟုတ်ဘူးလား။ အဲဒါ တို့နှစ်ယောက်စလုံး သိထားပြီးသားပါ။ ခွဲခွာခြင်းဆိုတာလဲ အချိန်ရဲ့ ကုစားမှုကြောင့်၊ အချိန်တန်ရင် ဘာမှ မဖြစ်သလို ပြီးသွားမှာပါ။ တစ်ယောက်တည်းနေရတဲ့ဘဝကို ခဏကြာရင် ယဉ်ပါး သွားကြစမြဲပါကွာ၊ တစ်ချိန်ချိန်မှာ မင်းကို တကယ်ချစ်တဲ့၊ ကြင်နာတဲ့ လူ ပေါ်လာမှာပါ"

သူ ပြောသမျှ မာရီကြားဟန်မတူပါ။ နားထောင်နေပုံလည်း မရပါ။ မျက်ရည်သုတ်သည်၊ ဆံပင်ကို သေသေသပ်သပ်ဖြစ်အောင် လက်ဖြင့် သပ်သည်။ ပြီးတော့ သူပေးသည့် စာအိတ်ကို ကောက်ယူသည်။ ကျေးဇူးစကားမှုမပြော၊ ပြီးတော့ အခန်းထဲမှ ထွက်သွားသည်။ တံခါးကို ပြန်မပိတ်ခဲ့။

သူ ဆင်းသွားသည့်ခြေသံတွေကို ကြားနေရ၏။ သည်တော့မှ ပန်းချီကားခုံဆီသို့ သူထသွားဖြစ်သည်။ ဆေးစပ်ဖျဉ်ချပ်နှင့် စုတ်တံတွေကို ကောက်ကိုင်လိုက်၏။

*

## အခန်း (၁၅)

ပီယာကိုတဲလ်ဆီကို ဟင်နရီရောက်သွားသည်။ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ရ၏။ သူ့ပုံနှိပ်စက်ခန်းထဲတွင် ကျောက်ပြားတွေ၊ ကူးလက်စ ပန်းချီကားတွေ၊ နိုက်ထရစ်အက်ဆစ်ဘူးတွေ၊ ကော်ဘူးတွေ ရှုပ်ယှက်ခတ်နေ၏။

ဟင်နရီက သူ လိုချင်သည့်ပုံစံကို ချပြတော့ ပီယာကိုတဲလ် သေသေချာချာ နားစိုက်ထောင်နေသည်။

"ဗျာ . . ပိုစတာဟုတ်လား၊ မောင်ရင်က မွန်စီယာဇစ်ဒလာကို ပိုစတာရေးပေးမယ်လို့ ကတိပေးထားပြီ ဟုတ်လား"

"ဟုတ်တယ်၊ အဖြူအမည်း မဟုတ်ဘူး၊ ရောင်စုံ"

". . ပိုစတာ . . ရောင်စုံ ဟုတ်လား၊ မောင်ရင် ပြောတာ ကျုပ်နားထောင်နေပါတယ်။ မောင်ရင် လစ်သိုဂရပ်ဖစ်နဲ့ ပုံမထုတ်ဖူးသေးဘူး မဟုတ်လား"

"ဟုတ်ကဲ့ . . မထုတ်ဖူးသေးပါဘူး"

နှစ်ယောက်သား စကားမဆက်ဘဲ အကြာကြီး ငြိမ်နေကြ၏။ ဟင်နရီက သူ့အခန်းထဲမှ ပစ္စည်းပစ္စယတွေကို မျက်စိ ကစားနေ၏။ ပြင်တွင် ငှက်ကလေးတွေ တေးဆိုနေသည်။

သူက မေးခွန်းထုတ်၏။

"နေပါဦး၊ မောင်ရင်ပြောတဲ့ ပိုစတာကို ဘယ်တော့ အပြီးပေးမယ်လို့ ကတိပေးထားသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ချက်ချင်းလုပ်ပေးမယ်ပြောထားတယ် ခင်ဗျ၊ သူက အရမ်းလောနေတယ်"

ဟင်နရီက အခန်းထဲမှ ကျောက်တုံးတွေ၊ ကျောက်ပြားတွေ ပုံနှိပ်စက်တွေမှ မျက်နှာလွှဲပြီး စကားဆက်သည်။

"သူက အရမ်းလောနေတယ် မွန်စီယာ၊ ကျွန်တော် သူ့ကို ပိုစတာ ရေးမပေးရင် လေရဟတ်နဲ့ ကျဆုံးတော့မယ့်သဘော ဖြစ်နေတယ်"

ပီယာကိုတဲလ် သေသေချာချာစဉ်းစားပြီး ပြောသည့်လေသံဖြင့်

"မောင်ရင် . . ဒီပညာကို လေ့လာမယ်ဆိုရင် အနည်းဆုံး ၅ နှစ်တော့ ကြာလိမ့်မယ် မွန်ဂ်ယာ တူးလုစ်"

"ဗျာ . . ၅ နှစ် . . ဟုတ်လား"

"အဲဒါမောင်ရင့်ကို လျှော့လျှော့ပေါ့ပေါ့ပြောတာ၊ ၆ နှစ်ကြာချင်လဲ ကြာသွားနိုင်တယ်။ ဒီပညာရပ်ကို မောင်ရင်တို့ ခပ်ပေါ့ပေါ့ ထင်နေပုံရတယ်။ သိပ်လေးနက်တယ်၊ သိပ်ခက်တယ်"

ဆရာကြီးက သူ့ပညာရပ်အကြောင်း ငြီကာချဲ့ပြနေ၏။

"မောင်ရင့်ပုံစံက ဂီတနားမရှိဘဲ သီချင်းရေးဖို့ ကြိုးစားနေတဲ့ လူနဲ့ တူနေတယ်။ ဒီလို ပြောရတာလဲ တကယ် သင်ဖြစ်ရင် တွေ့ရမယ့် အခက်အခဲတွေကို ခံနိုင်ရည် ရှိအောင်လို့ပဲ။ ကဲ . . မောင်ရင် သင်ချင်စိတ်ရှိသေးလား"

"ဟုတ်ကဲ့ . . သင်ပါ့မယ်၊ ဘယ်တော့ စရမလဲ ဆရာကြီး"

"မောင်ရင် စချင်ရင် ခု စလို့ရတယ်၊ ကုတ်အင်္ကျီနဲ့ ဦးထုပ်ကို ဟိုမှာ သွားချိတ်၊ ရော့ . . ဟောဒီရင်ဖုံးကိုဝတ်"

ဤသို့ စခဲ့ပြီး စက်ဟင်ဘာနှင့် အောက်တိုဘာလကုန်သွား ... ဟင်နရီ မနားမနေ ပေပေကျံကျံ အလုပ်လုပ်သည်။ တစ်နေ့တွင် ဆရာကြီးက "ဟေ့ . . မွန်စီယာ တူးလုစ်၊ မောင်ရင် လစ်သိုဂရပ်ဖီ ... ဘူးဆိုတာ ကိုယ်တော့ မယုံဘူးကွ" ဟု ဆိုလာသည်။

ဟင်နရီ လုပ်နေပုံက ပညာသင်နှင့်မတူဘဲ ပညာသည်နှင့် တူနေ၏။ ဆရာက လက်စောင်းထက်နေ၏။

တစ်နေ့တွင် မောရစ် ရောက်လာပြီး စိတ်မကောင်းစရာ သတင်းပြောပြသည်။ သူ်အိုဝန်ဂိုး လေဖြတ်သွားသဖြင့် ဟော်လန်သို့ ပြန်...လိုက်ရကြောင်း မွန်စီယာဘူးဆော့က သူ့ကို ဆိုင်တာဝန်ခံအဖြစ် ခန့်...ထားလိုက်ကြောင်း ပြောပြသည်။

သည်နောက်ပိုင်း သူတို့နှစ်ယောက် နေ့စဉ်တွေ့ဖြစ်ကြ၏။ သူ့...ခန်းသို့ နေ့တိုင်းဝင်၏။ မောရစ်သည် ပန်းချီကားတွေ စာရင်းကောက်...ကို၊ စာရင်းတွေ တွက်လိုက်နှင့် အလုပ်ရှုပ်နေသည်ကို အမြဲတွေ့ရ၏။ ...နှစ်ယောက်သား အပြင်ထွက်ပြီး ညစာစားရင်း ဆွေးနွေးကြ၏။ နှစ်...ယောက်စလုံး အားတက်နေကြ၏။

လစ်သို ပုံနှိပ်ဆရာကြီး ပီယာကိုတဲလ်သည် ဟင်နရီကို ကြည့်...ပြီး တစ်နေ့တခြား ပို၍ပို၍ အံ့သြလာ၏။ မယုံကြည်နိုင်အောင် ဉာဏ်...ထက်သည့် သူငယ်ပါကလား။

ခရစ္စမတ်ပွဲတော်အပြီးတွင် သူကောင်းကောင်း လုပ်နိုင်ပြီ...ဖြစ်ကြောင်း ဟင်နရီက ဆရာလုပ်သူကို ထုတ်ပြောလိုက်သည်။

နောက်တစ်ပတ်လုံးလုံး ဂေါ်လီနှင့် ဗာလင်တင်းဆိုသည့် ...ကောင်မလေးနှစ်ယောက်ကို ခေါ်ပြီး စတူဒီယိုက မထွက်တော့ဘဲ အလုပ်...တော့၏။ ကားခုံမှ မထဘဲ နေ့ရော ညပါရေးသည်။ ကောင်မလေး...နှစ်ယောက်ခမြာလည်း မသက်သာ။ မဒမ်လူဘေးက သူ့စားချိန် သောက်...ချိန်ကို သတိပေးယူရသည်။

ပြီးသည်နှင့် လစ်သိုပုံနှိပ်ဆရာကြီးဆီ ပြန်သွားပြီး ရေးထားသည့် ရေဆေးကားကြီးကိုပြသည်။ ဆရာကြီးက မျက်လုံးအပြူးသားနှင့်။

"ဟာ . . အဲဒါ ပုံနှိပ်လို့ဘယ်ရမလဲ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ ရမလဲကွ၊ တစ် လစ်သိုဂရပ်ဖီမှာ အဲဒီအရောင် ...ဘူး"

"မရှိရင် စပ်ယူမှာပေါ့"

"နှစ်၊ လမ်းပေါ်မှာ အဲဒီပိုစတာ သွားကပ်တာနဲ့ တို့အားလုံး ...သောင်တဲ တန်းဝင်ရလိမ့်မယ်။ မောင်ရင်က ဒီ ဒူးပေါ် ပေါင်ပေါ်တွေ ...ရေးလို့၊ ကျုပ်က မောင်ရင့်ကို ကူညီလို့၊ ဇစ်ဒလာက ဒါတွေကို မြို့ထဲ ...လျှောက်ကပ်လို့၊ ချားလ်စ်လယ်ဗီးက ပုံနှိပ်ပေးလို့။ တို့တွေ တပျော် ...ကြီး အထဲဝင်ရမှာ ကိုယ့်လူ"

"ကဲ . . ဒါဆို အလုပ်စကြစို့"

တကယ်လုပ်ကြည့်တော့ အဘိုးကြီး ကိုတဲလ်ပြောသလို ...



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းဆိုင်ရာ အရောင်အသွေးပိုင်း ပန်းချီပိုင်းဆိုင်ရာ အခက်အခဲတွေ ကြုံရတော့၏။

ဤသို့ဖြင့် အက်ဆစ်တွေ၊ ဆေးတွေ၊ ကျောက်တုံး၊ ကျောက်ပြားတွေနှင့် နပန်းလုံးရင်း တူလုစ်လောထရက်၏ပုံတွေ ပိုစတာဖြစ်သွားတော့၏။

လွယ်လွယ်နှင့် ဖြစ်သွားခြင်းမျိုးတော့မဟုတ်။ အရောင်ကို ငြင်းရ၏။ ရေးစပ်ပုံကို ငြင်းရ၏။

"ဟော့ . . မွန်စီယာ လောထရက်၊ အရောင်က ငှက်ပျောညွန့်ရောင်၊ ငှက်ပျောညွန့်ရောင်ဆိုတာ အစိမ်းများတယ်၊ ဒါပေမဲ့ တကယ်တကယ်ကျတော့ အပြာရောင်ပါတယ်၊ အဝါနည်းနည်းနဲ့ မီးခိုးရောင်စွက်သေးတယ် အဲဒီ အရောင်တွေကို ကျုပ်က ဘယ်လို ပုံနှိပ်ရမှာလဲ"

"ဆရာရယ် . . မင်တွေကို ရောကြ၊ စပ်ကြတာပေါ့ဗျာ . . ကျွန်တော်ကြိုးစားကြည့်ပါရစေ"

ဤသို့ထိုထိုဖြင့် အလုပ်တစ်ခုပြီးသွားကြခြင်းဖြစ်လေသည်၊

"အားပါး . . မွန်စီယာတူလုစ်၊ ပျောက်ချက်သား ကောင်းလိုက်တာ။ ဟင် . . မျက်နှာတစ်ခုလုံး ဘယ်လိုဖြစ်လာတာလဲ၊ ရှင့်ကိုယ်ပေါ်ကို သက်တံ့ထဲက အရောင်တွေ စီးကျလာလို့လား"

"ကဲ . . ဒါတွေ နောက်မှ မေးကွာ၊ ကော့ညက်တစ်ခွက်ပေး"

"ဟောတော့ . . လုပ်ပြန်ပြီ၊ သောက်ပုံကလဲ ကြမ်းလိုက်တာ၊ အစာအိမ်တစ်ခုလုံး လောင်သွားတော့မှာပဲ"

"ကဲ . . ဆာရာ၊ ညည်းဆရာ ဇစ်ဒလာကိုပြော၊ မွန်စီယာကိုတဲလ်ဆီမှာ ကျောက်ပြားတွေ သွားယူပြီး လယ်ဗီးဆီကိုပို့၊ ပုံနှိပ်ဖို့ အားလုံးအဆင်သင့်ဖြစ်နေပြီလို့ပြော။ ဟုတ်ပြီနော်"

*

လေရဟတ်နီ ပိုစတာ ပုံနှိပ်ပြီးချိန်တွင် လွတ်လပ်သော ပန်းချီဆရာများအစည်းအရုံးမှ နွေဦးပန်းချီပြပွဲလုပ်ဖို့ ဟင်နရီ စည်းရုံးနေ၏။ မောင်မတ်ကဖေးဆိုင်တစ်ဆိုင်၏ နောက်ခန်းထဲတွင် ကော်မတီ အစည်းအဝေးလုပ်ကြ၏။ ဟင်နရီလည်း တက်ရသည်။ ဆေးလိပ်မီးခိုးတွေ မှောင်နေသည့် အခန်းထဲဝင်သွားပြီး ဆူးရတ်နောက်တွင် ဝင်ထိုင်လိုက်၏။

ဥက္ကဋ္ဌဖြစ်သူ မွန်စီယာ ဒူဘွားဗီးလက်က အရက်ခွက်ကို ခွန်းနှင့် စိတ်ဆိုးမာန်ဆိုး တအားခေါက်ပြီး ငြိမ်ခိုင်းနေ၏။



"ကဲ . . ဆရာတို့ ကျွန်တော် တောင်းပန်ပါတယ်၊ အလုပ်အကြောင်းပဲပြောကြပါ ဒါ အစည်းအဝေး လုပ်နေတာပါ"

သို့သော် သူ့ကို ဘယ်သူမှ ဂရုမစိုက်။ အရက်လှမ်းမှာသူမှာ၊ ခြင်စ် တောင်းသူတောင်း၊ တစ်ယောက်နှင့်တစ်ယောက် လှမ်းနှုတ်ဆက်နှင့် အခန်းထဲတွင် ဆူမြူဆူနေ၏။ ဟင်နရီက ကုတ်အင်္ကျီကြယ်သီးဖြုတ်ပြီး ဦးထုပ်ကို ချွတ်လိုက်သည်။

"အဲဒီအတိုင်းဖြစ်နေတာ တစ်နာရီလောက်ရှိပြီကွ"

ဆူးရတ်က ဟင်နရီ့ဘက်လှည့်ပြီးပြောသည်။ ဖြတ်သွားသောစားပွဲထိုးကို လှမ်းခေါ်ပြီး ဟင်နရီက ကော့ညက်နှစ်ပက် မှာလိုက်ပြီး ဆူးရတ်ကို လှမ်းမေးလိုက်သည်။

"ဘယ်လိုလဲ ဂျော့၊ ခင်ဗျားရဲ့ အစက်အပြောက်ကလေးတွေ ကောင်းတော့ ဟုတ်နေပြီလား"

"ကိုယ်ရေးလက်စ 'ဆပ်ကပ်' ကားကြီးက ပြီးကို မပြီးနိုင်ဘူးကွာ၊ ဦးနှောက်လဲ စားလှပြီ။ အထားအသို၊ အဖွဲ့အစည်းက တော်တော့ကို လက်ဝင်တာ။ ပြီးတော့ ဇာတ်ခုံထဲက အလင်းရောင်နဲ့ ရေးရတာ နေရောင်ထက်ခက်တယ်။ မင်းကို ငါပြချင်နေတာ၊ ဒီကပြီးရင် လိုက်ခဲ့ပါလားကွ"

ဥက္ကဋ္ဌ ထအော်ပြန်သည်။

"ခင်ဗျားတို့၊ ပြောလို့မရဘူးလား၊ ပြောမရရင် စကားများတဲ့သူ ကျုပ် ဒဏ်ရိုက်မယ်"

ခဏငြိမ်သွားသည်။ သူက မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများနှင့် အဖွဲ့ဝင်တွေကိုကြည့်ပြီး "အဲဒီလိုလုပ်စမ်းပါ" ဟု လှမ်းခေါက်၏။ ပြီးတော့ သူ့ကို မကျေနပ်သည့် မျက်လုံးများဖြင့် စိုက်ကြည့်နေသည့် လူဝဝကြီးတစ်ယောက်ဘက်လှည့်ပြီး

"ကဲ . . ရှူးဆူး . . ခင်ဗျားဆက်ပြော။ တိုတိုပြောဗျာ၊ ခင်ဗျားဘာက လိုရင်းကို မရောက်နိုင်ဘူး"

ရှူးဆူးက သူ့ခန္ဓာကိုယ်ကြီးကို မနည်းသယ်ပြီး ထရပ်သည်။

"ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာကြတဲ့ မိတ်ဆွေများ၊ ရဲဘော်များခင်ဗျား . . လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ က မင်္ဂလာအပေါင်းနဲ့ပြည့်စုံလှတဲ့ ဇူလိုင်လ ၁၄ ရက်နေ့မှာ . . "

www.burmeseclassic.com

www.burmeseclassic.com



ခွေးခြေပေါ် ထိုင်ပြီး ကက်တလောက်ကို လှန်ရင်း ကားနံပါတ်တွေ ဖတ်ပြပေးနေသည်။ ဆူးရတ်က တူတစ်လက်နှင့် နံရံတွင် သံရိုက်လိုက်ပန်းချီကားဘောင်တွင် ဝက်အူစုပ်လိုက်နှင့် အလုပ်ရှုပ်နေ၏။

"ဒီကားက နံပတ်ဘယ်လောက်လဲကွ"

ပါးစပ်ထဲတွင် သံချောင်းတွေကိုက်ထားလျက်က ဆူးရတ် လှမ်းမေးသည်။

"စိုက်ပရတ်စ်ပင်များ . . အင်း . . ၂၈ ဗျ။ ဘယ်ဘက်ကို နည်းနည်းစောင်းလိုက် ကျော့"

ဆူးရတ်က ကားကို နေရာပြင်ပေးလိုက်သည်။

"ဒါလောက် တော်ပြီလား"

ဟင်နရီက မျက်မှန်ထူကြီးအောက်မှ မျက်စိစွေကြည့်ပြီး

"ဟုတ်ပြီ . . အဲဒီအတိုင်းထား၊ ကဲ . . လာကြည့်ပါဦးဗျာ"

ဆူးရတ်က ဆေးတံမီးညှိပြီး ဟင်နရီ့နဘေးမှ ကြမ်းပြင်တွင် ဝင်ထိုင်သည်။ နှစ်ယောက်သား ဗင်းစင့်၏ကားကို လေ့လာနေကြ၏။ ဆူးရတ်က ခေါင်းယမ်း၊ သက်ပြင်းချပြီး

"သူ ဘယ်လိုလုပ်ပြီး ရေးတယ်ဆိုတာ ကိုယ်တော့ နားမလည်ဘူး ဟင်နရီ၊ စက္ကူဝိဉာဏသဘောအရ အားလုံးမှားနေသလိုပဲ။ ဒါပေမယ့် ဒီကားကြီးထဲမှာ ထွက်နေတဲ့အရောင်တွေဟာ တလက်လက်တောက်နေတယ်"

ဟင်နရီက ယိမ်းထိုးလှုပ်ရှားနေသည့် စိုက်ပရပ်စ်ပင်တွေကို လေ့လာပြီး

"အစိမ်းရောင် မီးညွှန့်ကြီးတွေ ကောင်းကင်ကို ရှန်းကန်ထိုးထွက်နေတာနဲ့ မတူဘူးလား။ ဒီလိုကားမျိုးကို နာရီပိုင်းအတွင်း ရေးနိုင်တယ်ဆိုတာကော ယုံနိုင်စရာရှိရဲ့လားဗျာ။ အော်ဗားစ်မှာ သူသွားနေတုန်းက ရှစ်ပတ်အတွင်း ကားပေါင်း ၇၀ ကျော်ရေးပြီးတယ်တဲ့ ကျော့ခင်ဗျားလို အစက်အပြောက် ပန်းချီကိုလဲ သူက ရေးချင်သေးတယ်တဲ့အင်း . . သိပ်သနားစရာကောင်းတဲ့ ဗင်းစင့်ပါဗျာ"

"ရှစ်ပတ်ကို ကားငါးဆယ်"

ကျော့ဆူးရတ်က မယုံကြည်နိုင်သလိုလိုက်ပြီး ရေရွတ်နေရင်းချောင်းတဟွတ်ဟွတ်ဆိုးလာသည်။ တော်တော်နှင့် မရပ်ဘဲ ဆက်တိုက်ဆိုးလာတော့ မျက်နှာတစ်ခုလုံး ပြာနှမ်းလာသည်။ သူ အသက်ရှူနိုင်ချိန်ရောက်မှ ဟင်နရီက သူ့ကိုကြည့်ပြီး ပြောသည်။

"ခင်ဗျား ဂရုစိုက်ဦး ကျော့၊ ဒီရောဂါဖြစ်တဲ့လူ တော်တော်များနေတယ်"

"ညက စတူဒီယိုထဲမှာ နည်းနည်းအအေးမိသွားလို့ပါကွာ၊ပြဿနာမရှိပါဘူး။ မီးဖိုထဲမှာ မီးသေသွားတော့ နောက်ထပ်မီးမထည့်လိုက်မိဘူး"

သူက လည်ချောင်းရှင်းပြီး လက်ကိုင်ပဝါနှင့် ပါးစပ်ကိုသုတ်ရင်း ပြန်ပြောသည်။

"ဒါထက် မင်းကြားပြီးပြီလား ဟင်နရီ၊ နောက်လမှာ ဂေါ်ဂင်တာဟီတီကို သွားတော့မယ်တဲ့"

ဟင်နရီက စီးကရက် မီးညှိရင်း

"ဟုတ်လား၊ သွားဖြစ်ဖို့ကောင်းပါပြီ။ ဒီအုန်းပင်တွေနဲ့ ဒီ မလွှတာလုံ ကောင်မလေးတွေ အကြောင်း သူပြောနေတာ ၁၀ လ ရှိပြီလေ။ ဒါပေမဲ့ မယုံကြည်နဲ့နေ၊ သူ ပြန်လာဦးမှာပဲ။ မာတီနစ်ကို သွားတုန်းကလဲ တစ်သက်လုံး နေတော့မယ်ဆိုပြီး သွားတာလေ၊ နွေရောက်လို့ ပူလဲလာရော ပြန်ပြေးချလာတာ မဟုတ်လား။ ပနားမားသွားဘုန်း ကလည်း အလုပ်ကြမ်းဒဏ်ကို မခံနိုင်ဘူး"

"သူ့ကို နှုတ်ဆက်ပွဲ လုပ်ကြမလို့ ဝိုင်းပြီး စီစဉ်နေကြတယ်"

"ဘူတာရုံကို တီးဝိုင်းနဲ့ ပို့ခိုင်းဦးမယ် ထင်တယ်။ ဘယ်လိုလူလဲ မသိဘူး၊ ဘယ်တော့မှ ရိုးရိုးတန်းတန်း မလုပ်ချင်ဘူး"

ဆူးရတ်က သူ့ကို စွေကြည့်ပြီး ရယ်ကျဲကျဲနှင့်

"မင်းသူ့ကို သဘောမကျဘူး မဟုတ်လား"

"အားလ်စ်မှာ ဗင်းစင့်ကို သူလုပ်တာ ကျွန်တော် လုံးဝ မကျေနပ်ဘူး။ စဉ်းစားကြည့်ဗျာ၊ သူ့ကို ဆရာခေါ် ရမယ်လို့ ဗင်းစင့်ကို ပြောသတဲ့။ သူ့ပုံစံလဲ ကျွန်တော် မကြိုက်ဘူး၊ ဇာထိုးပန်းထိုး အင်္ကျီတွေဝတ်၊ ဆူးထူးဆန်းဆန်း ဘိနပ်စီးနဲ့။ သူဟာ ပါရမီရှင်တစ်ယောက်ပါ၊ ဒါပေမဲ့ သူ့ ပါရမီဟာ ဗင်းစင့်တစ်ဝက်မရှိပါဘူး၊ သူ့ရဲ့ "ယာကော့နှင့် နတ်သမီးတစ်ပါး ရုန်းရင်းဆန်ခတ်" ဆိုတဲ့ကား ခင်ဗျား ကြည့်ပြီးပြီလား။ ယာကော့လက်ကို နတ်သမီး ကိုင်ထားပုံက ရုန်းရင်းဆန်ခတ်ဖြစ်နေပုံနဲ့ မတူဘူး၊ လူမမာကို သွေးစမ်းတာနဲ့ တူနေတယ်။ ပြီးတော့ "အဝါရောင်ခရစ်တော်

www.burmeseclassic.com

www.burmeseclassic.com



မှာလဲကြည့်၊ အဲဒီခရစ်ဝင်ကားတွေ ကျွန်တော့်မျက်စိထဲမှာ သိပ်မစွဲဘူး၊ အမှန်တရားနဲ့ နီးစပ်တယ် မထင်ဘူး။ ဘာပြောပြောရှူးဆူးက ရိုးစင်းပေမယ့်၊ ငြီးငွေ့စရာကောင်းပေမယ့် ရိုးသားတယ်၊ အမှန်တရားနဲ့ နီးစပ်တယ်။ တချို့ကားတွေ ကျွန်တော် သိပ်ကြိုက်တယ်။ တစ်နေ့ သူ့စတူဒီယိုကို သွားကြရအောင်၊ ကြည့်သင့်တဲ့ ကားတွေပါ။ ဒါပေမဲ့ ဂေါ်ဂင်ကတော့ အထိတ်တလန့်ဖြစ်သွားအောင် တမင်လုပ်နေသလိုပဲလို့ ကျွန်တော်ထင်တယ်၊ သူဘယ်လောက်တော်တယ်ဆိုတာ ပြချင်လွန်းအားကြီးနေတယ်။ သူ့ကားတွေမှာ ရိုးသားမှု ရှိတယ်လို့တော့ ထင်ရတယ်၊ ဒါပေမဲ့ ရိုးသားမှု အတုဆိုရင်လဲ ကျွန်တော် မုန်းတယ်"

"သူ့ကိုယ်သူ ရှာမတွေ့သေးတာ ဖြစ်နိုင်တယ် ဟင်နရီ"

ဆူးရတ်က သက်သက်ညှာညှာမြင်သည်။

ဟင်နရီက ပခုံးတွန့်ပြီး

"အင်း . . ဖြစ်နိုင်ပါတယ်၊ တဟီတီမှာ သူ့ကိုယ်သူ ရှာတွေ့ချင်တွေ့မှာပေါ့လေ။ ကဲ . . ကျွန်တော်တို့ ဆက်လုပ်ကြရအောင်၊ နံပတ် ၂၉၊ နေကြာပန်းများ"

ဆူးရတ်ထဖို့ ပြင်လိုက်သည်။ ချောင်းဆိုးလာပြန်၏။ ပထမတစ်ကြိမ်ထက်ပို၍ ဆိုးဆိုးဝါးဝါးဖြစ်လာ၏။ တော်တော်နှင့် မပြီးတော့။ နောက်ဆုံးရပ်သွားမှ "လည်ချောင်းတွေ နာလိုက်တာကွာ၊ ငါဘယ်တော့မှ အဲဒီလို မဖြစ်ဖူးဘူး" ဟု မောမောနှင့်ပြောနေ၏။

"ကဲ . . ပြန်ကြရအောင်ဗျာ၊ မနက်ဖြန် ဆက်လုပ်လဲပြီးပါတယ်။ မှောင်လဲမှောင်နေပြီ၊ ခင်ဗျားအမေ စိတ်ပူနေရော့မယ်။ အတူတူပြန်တာပေါ့၊ ကျွန်တော် ခင်ဗျားကို လိုက်ပို့မယ်"

နောက်တစ်နေ့တွင် ပြခန်းသို့ ဆူးရတ်ရောက်မလာ။ ဟင်နရီ သူ့အိမ်လိုက်သွားသည်။ အိပ်ရာထဲတွင် အပြင်းဖျားနေလေပြီ။

မဒမ်ဆူးရတ်က တိုးတိုးလှမ်းပြောသည်။

"ခုသူအိပ်ပျော်နေတယ်ကွယ်။ ခုမှ စအိပ်ပျော်တာ၊ ဆရာဝန်တွေကတော့ မကြာခင် နေကောင်းသွားမှာပါလို့ပြောတယ်"

မတ်လ ၁၀ ရက်နေ့တွင် လွတ်လပ်သော ပန်းချီဆရာများ၏ ပန်းချီပြခန်းစဖွင့်သည်။ တခမ်းတနားပြင်ဆင်ထားသည့် ပြပွဲခန်းမကြီးထဲတွင် ပရိသတ်ရယ်သံများ လွှမ်းနေ၏။



ဟင်နရီရှူးဆူးသည် အကောင်းဆုံးအဝတ်တွေထုတ်ဝတ်လာ၏။ သူ့ကားတွေ ချိတ်ထားသည့်နေရာတွင် ရပ်ပြီး လာကြည့်သူများအား ...ချင်းပြနေ၏။

"ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပေးပါရစေ" ဟု ဆိုကာ ...တစ်ပိုင်းလုံး ညွှတ်လျက်။

"ကျွန်တော့်နာမည် ဟင်နရီရှူးဆူးပါ။ အကောက်ခွန်အရာရှိ ...ဟောင်းပါ။ ဒီပန်းချီကားတွေကို ဖန်ဆင်းခဲ့တာ ကျွန်တော်ပါပဲ။ ဟော ...ဒီ သစ်ပင်ကို ကြည့်လိုက်စမ်းပါ၊ ဘယ်လောက် စိုပြည်ဝေဆာနေလိုက် ...သလဲ။ ရောင်းဈေးက ၂၅ ဖရန့်ပါ" အသံနှိမ့်ပြီး "၂၂ လောက်ပေးလဲ ...ပါတယ်၊ ၂၀ တော့ မရောင်းနိုင်ပါဘူး။ ဗျာ . . ၁၈ ဟုတ်လား"

ဗင်းစင့်၏ ကားတွေကို မော့ကြည့်မည့်သူမရှိသလောက်ပင်။ ...သို့သော် ဆူးရတ်၏ကားတွေ နားတွင် ဝိုင်းအုံနေ၏။ တီးတိုး တီးတိုး ...ပ်နေကြ၏။ ငြိမ်းအေးသော ရှုခင်းများ၊ အရောင်တောက်နေသည့် ပင် ...ယ်ရေ မျက်နှာပြင်များ။ ဆူးရတ်သည် လူကြိုက်အများဆုံး ပန်းချီ ဆရာဖြစ်သွားပြီ။

သို့သော် ပန်းချီဆရာသည် ဘဝ၏ သရော်လှောင်ပြောင်မှု ...ခံနေလေပြီ။ ပြပွဲမှ သူ့ပန်းချီကားများရှေ့၌ လူတွေ အုံးအုံးကျွက်ကျွက် ဖြစ်နေချိန်တွင် အသက်တစ်ချက်ရှူဖို့ ချွေးသီးချွေးပေါက်ကျအောင် အားထုတ်နေရ၏။ မျက်နှာတစ်ခုလုံး ပြာနှမ်းနေပြီ။ အသက်ရှင်ဖို့အတွက် ...ရာ လေမရှိတော့သလိုဖြစ်ကာ ကျပ်သည်ထက် ကျပ်လာ၏။ ရင်ဘတ် ...ခ်ပြင်လုံး နိမ့်ချီမြင့်ချီဖြစ်အောင် ကြိုးစားသော်လည်း လေက အဆုတ် ...ထဲသို့ ဝင်မလာ။

ဟင်နရီက နေ့စဉ် လူမမာမေး သွားသည်။ မဒမ်ဆူးရတ်ထံမှ သတင်းနားထောင်သည်။ သူ့မောနေသည့်အသံကို သွားတိုင်းကြားရ၏။ တစ်နေ့မနက်စောစောရောက်သွားသည်။ မဒမ်ဆူးရတ်တံခါးဖွင့်ပေးသည်။ ဟင်နရီ့ကိုမြင်တော့ မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်သည်။ ...ရှုံ့ရှုံ့ငိုနေရင်းမှ "မင်း သွားကြည့်လေ၊ မင်းသူငယ်ချင်း လွန်ခဲ့တဲ့ တစ် ...ရီက ဆုံးသွားပြီကွယ်" ဟု ပြောလေသည်။

ဗင်းစင့်ဗန်ဂိုး သူ့ကိုယ်သူ သတ်သေပြီး မကြာမီ ဆူးရတ် သေ... ...ခြင်းဖြစ်၏။ သူတို့ နှစ်ဦး ဆုံးရှုံးသွားခြင်းအတွက် ဟင်နရီ ထိ... ...ခံစားရ၏။ နှစ်ယောက်စလုံးသည် သေဖို့ သိပ်ငယ်လွန်းသော အရွယ်

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။ အနုပညာရေအလျှင် စီးသွင်အား အကောင်းဆုံး အရွှေ
များဖြစ်သည်။

အသုဘကိစ္စအဝဝပြီးစီးပြီးနောက် မကြာခင်တစ်ရက်တွင်
ဇစ်ဒလာပေါက်ချလာသည်။ အရမ်းစိတ်လှုပ်ရှားနေသည့် လေသံဖြင့်

"ကျွန်တော် ခုပဲ လယ်ဗီးရဲ့ ပုံနှိပ်တိုက်က ပြန်လာတာ
မွန်စီယာ့ ပိုစတာ ရိုက်ပြီးသွားပြီ။ ကျွန်တော် ဒီညတွင်းချင်း ပါရီတစ်မြို့
လုံး လိုက်ကပ်မယ်၊ မနက်ဖြန်ဆို လမ်းတိုင်းမှာ မြင်ရစေ့မယ်"

*

## အခန်း (၁၆)

"တွေ့ပြီးပြီလား"

"မြင်ပြီးပြီလား"

"ကြည့်ပြီးပြီလား"

မနက်မိုးလင်းသည်နှင့် ပါရီတစ်မြို့လုံး လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။

ကင်ကင်ကနေသည့် မိန်းကလေး၏ ပိုစတာ သတင်းသည် လူတိုင်း၏ နှုတ်ဖျားတွင် ရောက်နေပြီ။ တစ်မြို့လုံး စိတ်လှုပ်ရှားနေကြ၏။ အချို့က အထိတ်တလန့်ဖြစ်နေ၏။ ထင်မြင်ချက်အမျိုးမျိုး ပေးနေကြ၏။ ပိုစတာ၏ ဘယ်ဘက်ထောင့်မှ လက်မှတ်ကို အလုအယက် ဖတ်နေကြ၏။

လော့ထရက်၊

လော့ထရက်၊

လော့ထရက်

ကဖေးဆိုင်များ၊ ရုံးများ၊ ကလပ်များ၊ ဆံပင်ညှပ်ဆိုင်များမှအစ အိမ်ကြီးရခိုင်များ၏ ဧည့်ခန်းဆောင်များ၊ ထမင်းစားခန်းများသို့တိုင် သည်နာမည်ပျံ့လွင့်နေ၏။

သတင်းစာ အစောင်စောင်တွင်လည်း လေရဟတ်နီ ပိုစတာသည် 'စကု' သတင်းဖြစ်နေလေသည်။ အချို့က အကောင်းမြင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

အချို့က မကောင်းမြင်ကြ၏။ မာရ်နတ်မင်း၏ စေစားမှုမျိုးကြောင့် ပြူထွက်လာသည့် ပန်းချီကားဟု ရေးသူကရေးပြီး ပထမဆုံး အနုပညာမြောက် ပိုစတာပေါ်ထွန်းခြင်းဟု ရေးသူကရေး၏။ ဘာသာရေးခေါင်းဆောင်များက အမျိုးသမီးငယ်များအတွက် အဆိပ်အတောက်ဟု ရှုတ်ချကြ၏။

တစ်ပြိုင်တည်းတွင် ပန်းချီဆရာများနှင့် ပန်းချီဝေဖန်ရေးဆရာများက လေရဟတ်နီဘက်မှ အပြတ်ကာကွယ်ရေးသားကြ၏။ "လောကနီတိနှင့် အညီညွတ်ဆုံး၊ ပန်းချီအနုပညာလက်ရာ၊ သေနေပြီဖြစ်သည့် ယဉ်ကျေးမှုခေတ်တစ်ခေတ်၏ အုတ်ဂူပေါ်တွင် ဂရပ်ဖစ်နည်းဖြင့် စာတမ်းထိုးခြင်း၊ လူ့ကျင့်ဝတ်ကို [၁]ဟိုဂါသီယံသရော်နည်းဖြင့် လှောင်ပြောင်ထားသည့် ရာစုနှစ်၏ တစ်ခုတည်းသောလက်ရာ" စသည် စသည်။

လေရဟတ်နီသည် အလွန်အင်အားကြီးမားသည့် ပန်းချီကားကြီးတစ်ချပ်ဖြစ်သည်။ ဥပမာ ဗာလင်တင်း၏ ကမာန်။ အလင်းရောင်ကို နောက်ခံပြုထားသည့် ရေးချက်မှာ ဟော့လ်ဗင်ကိုယ်တိုင် အတုယူရမည့် ကဟန်ဖြစ်၏။ အရှုံးစုတစ်ခု ဦးထုပ်ဆောင်းထားသလို လှုပ်ရှားဟန်မှာ 'မရဏကကြိုး' ဆရာတစ်ဆူအဖြစ် လောထရက်ကို အသိအမှတ်ပြုကြရတော့မည်။

သည်ပိုစတာကြောင့် ဆေးလိပ်နှင့် ပုလင်းပတ်ဖို့ တံဆိပ်များလောက်သာ ရှိက်နေရသည့် လစ်သိုဂရပ်ဖီပညာရပ်သည် ဂရပ်ဖစ် ပန်းချီအဆင့်သို့ ရောက်ခဲ့ရလေသည်။ တစ်ပြိုင်တည်းတွင် ဟင်နရီသည် ပါရီ၏ အကြောင်ကြောင်အနိုင်ဆုံး လူတစ်ယောက်ဖြစ်သွားလေတော့သည်။

စင်စစ် သူသည် ချောင်းငယ်ကလေးထဲသို့ ကျောက်စရစ်ခဲကလေး ပစ်ချခဲ့ရုံသာဖြစ်၏။ ထလာသည့် ဂယက်က လှိုင်းတွန့်ကလေး မဟုတ်ဘဲ ရေအောက်မှ မီးတောင်ပေါက်ကွဲသလို ဖြစ်လာသောအခါ သူ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားတော့၏။

"ဘယ်လိုဖြစ်ကုန်တာလဲ၊ ဘာတွေပွက်လောရိုက်နေကြတာလဲ၊ ငါတော့ နားမလည်နိုင်အောင်ပဲ"

---

၁။ William Hogarth (1697-1764) အင်္ဂလိပ်ပန်းချီဆရာ။ သရော်ကာပရေးသားရာတွင် နာမည်ကျော်ဖြစ်သည်။



ဟင်နရီက မောရစ်ကို တိုင်တည်နေခြင်းဖြစ်သည်။

"မင်းပိုစတာကြောင့်ပေါ့၊ မင်းရေးထားတာက အဲဒီလို ဖြစ်ကုန်လောက်လို့ပေါ့ကွ၊ ဒါတော့ မင်းဝန်ခံရမယ်"

"ဟာ . . မဟုတ်သေးပါဘူး၊ ပိုစတာရေးသလို ငါ ရိုးရိုးရေးတာပဲ၊ ဇစ်ဒလာကို ကူညီရုံသက်သက်ရေးပေးတာပဲ၊ ဆူဆူညံညံ ဖြစ်အောင် ငါလုပ်တာမဟုတ်ဘူးနော်"

"ကဲပါကွာ . . ညစာကို အေးအေးဆေးဆေးစားပါ၊ သိပ်စိတ်အနှောင့်အယှက်ဖြစ်မနေပါနဲ့။ မင်းမေမေသိရင် ဘာပြောမလဲ မသိဘူးနော်"

"မပြောတတ်ဘူးကွ၊ ခုချိန်ထိတော့ ငါ့ကို ဘာမှမပြောသေးဘူး၊ မမြင်သေးဘူး ထင်တယ်၊ ခုလောလောဆယ်တော့ ဒီ လေရဟတ်နီကြီးက ငါ့ဘဝကို ဖျက်ဆီးပစ်နေတယ်"

"ဟေ . . ဘယ်လို ၊ ဘယ်လို"

"ငါ အလုပ်လုပ်လို့ကို မရတော့ဘူး၊ သူတို့တွေ၊ ဘယ်ကနေ ကြားလိပ်စာရကြသလဲ မသိဘူး၊ စတူဒီယိုထဲမှာ လူတွေဝင်လာမစဲ တသဲသဲ ဖြစ်နေပြီ မောရစ်။ လူတိုင်းလူတိုင်း ပိုစတာလိုချင်နေကြတယ်တဲ့ကွာ၊ ခါးစည်းကော့ဆက်လုပ်တဲ့ စက်ရုံကရော၊ ရေမွှေးတို့ အလှကုန်တို့လုပ်တဲ့ လူတွေရော။ ကပွဲရုံ မန်နေဂျာတွေ၊ မင်းသမီးတွေလဲပါရဲ့။ ရှုပ်ယှက်ကို ခတ်နေတာပဲကွာ"

"အဲဒီတော့ မင်းသူတို့ကို ဘာပြန်ပြောလိုက်သလဲ"

"ဘာမှမပြောဘူး၊ ငါ မောင်းထုတ်ပစ်တာပဲ။ မနက် မနက်ဆိုအိမ်လူဘေးက ဖိတ်စာတွေ တစ်ထပ်ကြီးသယ်လာပြီး ငါ့ဆီပို့လာတယ်၊ အားလုံး ငါသိတဲ့လူ တစ်ယောက်မှ မပါဘူး"

"အဲဒီ ဖိတ်စာတွေကော မင်း ဘာလုပ်ပစ်လဲ"

"အဘွားကြီးကို ပြန်ပေးလိုက်တာပေါ့၊ သူမီးမွှေးဖို့လေ . . အဲဒါဆိုရင် ငါက ဘာလုပ်ရမှာလဲ မောရစ်"

"စာအိတ်တစ်ချို့ကိုတော့ ဖွင့်ကြည့်သင့်တာပေါ့ကွာ။ အဲဒီအထဲမှာ မင်းတလေးတစား ဆက်ဆံရမယ့်လူတွေ ပါချင် ပါမှာပေါ့၊ အပြောင်းအလဲလေးပေါ့ကွာ၊ မောင်မတ်ဂလေတွေထဲမှာ မင်းနေလာတာကြာပြီလေ ဟင်နရီ၊ မင်းဘဝကို တစ်သက်လုံး ဒီတေလေလောကထဲမှာ မြှုပ်နှံထားဖို့ စိတ်ကူးထားလို့လား"

www.burmeseclassic.com



"ဟတ်တယ် မောရစ်"

"မင်း လေရဟတ်နီကို ညတိုင်းသွားနေရတာ မငြီးငွေ့သေးဘူးလား။ အောင်မြင်နေတဲ့၊ ကျော်ကြားနေတဲ့၊ ပြီးတော့ အဆင့်အတန်းရှိတဲ့ လူတွေနဲ့ ဆက်ဆံဖို့ မင်းဘာလို့ မကြိုးစားတာလဲ ဟင်နရီ။ မောင်မတ်ဆိုတဲ့ နေရာဟာ မအောင်မြင်သေးတဲ့ လူတွေအတွက် လှေကားထစ်လိုနေရာပါကွာ။ မင်းကို နက်တာဆင် လင်မယားနဲ့ ငါမိတ်ဆက်ပေးမယ်၊ မဒမ်နက်တာဆင်ဟာ ပါရီမှာ ချစ်ဖို့အကောင်းဆုံးနဲ့ အထက်ဆုံးမိန်းမလို့ ငါထင်တယ်၊ မင်းကို ခေါ်လာပေးဖို့ ငါ့ကို နားပူနေတာ ကြာပြီကွ"

"ငါ ဘယ်ကိုမှ မသွားချင်ဘူး မောရစ်၊ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ ငါ့ဟာငါ လေရဟတ်နီမှာပျော်တယ်။ အားလုံး ငါ့ကိုသိတယ် အားလုံးက ငါ့ကို လေးစားတယ်၊ ပြော် . . ဒါထက် ကောင်မလေး တစ်ယောက် ရောက်နေတယ်ကွ၊ အက တော်တော်ကောင်းတယ်၊ မင်းနဲ့ ငါ မိတ်ဆက်ပေးမယ်။ သူ့နာမည်က ဂျိန်းအေဗရီတဲ့"

*

ဟင်နရီနှင့် ဖခင်မြို့စားကြီးတို့ ဆက်ဆံရေး အေးစက်နေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ အမေ့ဆန္ဒကို မလွန်ဆန်လို၍ အဖေ့ကို ဟင်နရီ အခါအားလျော်စွာ သွားတွေ့ရသည်။ တွေ့တိုင်း ကိုယ်စီ စိတ်မသာ မသာဖြစ်ကြရသည်။ သို့သော် နှစ်ယောက်စလုံး ကျိတ်မှိတ်မျိုသိပ်ထား ကြ၏။

တစ်နေ့မနက်တွင် ဟင်နရီ့စတူဒီယိုထဲသို့ မြို့စားကြီး ခနဲ ဝင်ချလာသည်။ သူ့အဖေ ဒေါသပေါက်ကွဲသည်ကို ဟင်နရီအကြိမ်ကြိမ် မြင်ဖူးခဲ့၏။ သည်တစ်ကြိမ်လောက် ကြောက်စရာကောင်းသည်ကို တစ်ခါမျှ ဟင်နရီ မမြင်ဖူးခဲ့။ ရွှေထိပ်အုပ်ကြိမ်လုံးကြီးဖြင့် မျက်နှာ တည့်တည့်ချိန် ထိုးတော့မတတ် ဒေါသအမျက် ချောင်းချောင်းထွက်နေသည့် အမူအရာဖြင့်

"မင်း စော်ကားလှချေလား၊ မင်းရဲ့ ကိုယ့်ယို့ကားယား ပိုစတာ မင်းနာမည် ဘာလို့သုံးရတာလဲ။ မင်းခြေထောက်မသန်လို့ သက်သာ မဟုတ်ရင် ငါ့ ကြိမ်စာမိပြီမှတ်"



ဟင်နရီ့ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ အဖေ ဒေါသကြီးလျှင် ကြောက်တတ်စမြဲပင်။ သို့သော် ဟင်နရီ၏ ကြောက်စိတ်နေရာအစား ဒေါသစိတ်တို့ အစားဝင်လာနေသည်။ မိမိသည်လည်း တူလုစ်လောထရက်တစ်ယောက်ပဲ။ ခြေသန်သန် မသန်သန်၊ ပုပု ရှည်ရှည်လေ။ မိမိအပေါ် သည်လို ဆက်ဆံမှုမျိုးတော့ အဖေအပါအဝင် မည်သူ့ကိုမျှ ဟင်နရီ ခွင့်ပေးလိမ့်မည်မဟုတ်။

မော်ကြည့်လိုက်သည်။ မျက်မှန်အောက်မှ သူ့မျက်လုံးများက အဖေ့မျက်လုံးများနှင့် တည့်တည့်စိုက်လျက်။

"ပါပါ . . ကျွန်တော့်ဆီရောက်လာတဲ့ လာပုံလာနည်းက သိပ်အကျိုးရှိမယ် မထင်ပါဘူး။ ကျွန်တော့် လက်ရာကို ပါပါ မကြိုက်ဘူးဆိုတဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး။ ကျွန်တော် ပါပါနဲ့ တောပစ်ထွက်နိုင်တဲ့အတွက်လဲ စိတ်မကောင်းပါဘူး။ ကျွန်တော် ဒီလိုဖြစ်သွားတဲ့အတွက် ပါပါ ဘယ်လောက် ထိထိခိုက်ခိုက်ခံစားရသလဲဆိုတာလဲ ကျွန်တော် သိပါတယ်။ အဲဒီအတွက် ကျွန်တော်လဲ အလားတူ ခံစားရမယ်ဆိုတာတော့ ပါပါ သိဖို့ကောင်းပါတယ်။

"ကျွန်တော့်ကို မွေးပေးပါလို့ ကျွန်တော်တောင်းဆိုခဲ့တာ မဟုတ်ဘူး။ နောက်တစ်ခု ကျွန်တော် စိတ်မကောင်းတာက ကျွန်တော်ဟာ ပါပါ့မျိုးဆက်ရဲ့ တစ်ဦးတည်းသောသားဖြစ်ခဲ့လို့ပါပဲ၊ ပါပါဟာ ကျွန်တော့်ကို သဘောမကျခဲ့ဘူး၊ အလားတူ ကျွန်တော်ကလဲ ပါပါ့ကို သဘောကျတယ် မထင်ပါဘူး။ ကျွန်တော် ပါပါ့ကို မကြောက်တော့ဘူး ပါပါ။ ကျွန်တော်ဟာ ဖအေ့ကို ကမ္ဘာပေါ်မှာ အတော်ဆုံးလူလို့ ထင်ခဲ့တာပါ။ ကိုးကွယ်ခဲ့တာပါ။ ဒါပေမဲ့ အဲဒါတွေ ကျန်ခဲ့ပြီ ပါပါ။ ကျွန်တော်နဲ့ မာမေဟာ ပါပါ့အချစ်ကို လိုချင်ခဲ့တယ်၊ ပါပါ့ကို အားကိုးခဲ့တယ်၊ ပါပါ့ နားလည်မှုကို တောင့်တခဲ့တယ်။ အဲဒါတွေကို ကျွန်တော်တို့ သားအမိ အသေအလဲ လိုချင်ခဲ့ကြတယ်။ ပါပါ့ကြောင့် ကျွန်တော်တို့ သားအမိ နှစ်ယောက်စလုံးရဲ့ ဘဝတွေ ပျက်စီးခဲ့ရတယ်။ ပါပါ စိတ်မရှိဘူးဆိုရင် ကျွန်တော် ပြောပါရစေ၊ ကျွန်တော်တို့ ဆက်ဆံရေး ဒီမှာတင် ရပ်ကြရအောင်ပါ။ ဒီဘဝ ဒီမျှသာပေါ့။ အဲ . . ကျွန်တော့်ပန်းချီကားမှာ ကျွန်တော့်နာမည် ကျွန်တော် လက်မှတ်ထိုးမယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့် ကိုယ်ပိုင်လက်ရာကိုး။ ပြီးတော့ ဒါ ကျွန်တော့်နာမည်လေ၊ အဲဒီနာမည်ကို ပါပါ ပြောင်းပိုင်ခွင့်မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com

"လက်ရာ ဟုတ်လား၊ အဲဒါကို ပန်းချီကားလို့ ခေါ်နိုင်လို့လား"

မြို့စားကြီးက နံရံပေါ်မှ ပန်းချီကားတွေကို လက်နှင့်ဝေ့ပြီး

"ဒါတွေဟာ ပန်းချီကားတွေမဟုတ်ဘူး၊ အပြာကားတွေ။ မကောင်းတဲ့အိမ်မှာ မူးယစ်သောက်စားပြီး ကပွဲခန်းမတွေဆီ သွားဖို့ လှုံ့ဆော်ထားတဲ့ကားတွေ။ ဒါတွေကို မင်းက မင်းလက်ရာလို့ပြောတယ် ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါတွေ ကျွန်တော့လက်ရာတွေပဲ။ ပါပါ ဘယ်လိုလုပ် သိနိုင်မလဲ၊ ဘယ်လိုလုပ် အသိအမှတ်ပြုနိုင်မလဲ၊ လက်ရာဆိုတာ အလုပ်ပဲ၊ ကျွန်တော့်လက်ရာဟာ ကျွန်တော့်အလုပ်ပဲ။ ပါပါက ကိုယ်တိုင် ဘာမှ မလုပ်ခဲ့ဖူးတော့ ကျွန်တော့်အလုပ်ကို ဘယ် အသိအမှတ်ပြုမလဲ။

"ကျွန်တော်တို့ လူတန်းစားဟာ ဘယ်တုန်းကမှ အလုပ်မလုပ်ခဲ့ဘူး၊ ကျွန်တော်တို့ဟာ အလုပ်လုပ်တဲ့ လူတန်းစားရဲ့ အထက်အလွှာမှာရှိတယ်။ ကျွန်တော်တို့က သိပ်မြင့်မြတ်တယ်ဆိုတဲ့ အစွဲကြီးနဲ့ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ရတဲ့အဖြစ်ကိုပဲ တသသဖြစ်နေတယ်။

"အမှန်က ကျွန်တော်တို့ရဲ့ ကမ္ဘာဟာ မရှိတော့ဘူး၊ ဗာဆေးနန်းတော်နဲ့အတူ၊ မေရီအင်တွိုင်းနက်နဲ့အတူ သေသွားပြီ၊ ကျွန်တော်တို့က လိုက်မသေခဲ့တဲ့အတွက် အဲဒီခေတ်ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းကလေးတွေ အနေနဲ့ ဆက်ကျန်နေခဲ့တယ်။

"ပါပါက ကျွန်တော့်ကိုပြောတယ်၊ မကောင်းတဲ့အိမ်နဲ့ ပတ်သက်တယ်တဲ့၊ သောက်စားမူးယစ်တယ်တဲ့။ ဟုတ်တယ်၊ အဲဒီကို မသွားရင် ကျွန်တော် ဘယ်သွားမလဲ၊ ဘယ်မိန်းမကမှ ကျွန်တော့်ကို မကြည်ဖြူနိုင်တာပဲ။ ပြီးတော့ အရက်သောက်တယ်၊ တစ်နေ့တခြား ပိုသောက်တယ် ဟုတ်တယ်၊ ကျွန်တော် သောက်တယ်။ မူးနေရင် ကျွန်တော်ရုပ်ဆိုး တာကို မေ့နေတယ်၊ ကျွန်တော် ခြေထောက်မသန်တာကို မေ့နေတယ်။ ပါပါ ကျွန်တော့်နေရာကို ခဏလေး ဝင်နေကြည့်ပေးပါလား။ ကျွန်တော့်နေရာမှာ ပါပါဆိုရင် ပါပါ ဘာလုပ်မလဲ။

"ကျွန်တော်တို့အားလုံး ဘဝထဲကနေ ထွက်ပြေးနေကြတာပါ။ မေမေ့မှာ ဘုရားတရားရှိတယ်၊ ကျွန်တော့်မှာ ကော့ညက်ရှိတယ်၊ ပါပါ့မှာ မြင်းတွေ၊ သိမ်းငှက်တွေ ရှိတယ်"

ခဏရပ်ပြီး ဖအေလုပ်သူကို စိုက်ကြည့်နေသည်။ မြို့စားကြီးသည် သားရှေ့တွင် ကျောက်ဆစ်ရုပ်ကြီးတစ်ခုလို ငြိမ်သက်နေ၏။ နှက်လုံးထဲမှ ဒေါသခိုးငွေ့တွေ ပြယ်သွားလေပြီ။



မြို့စားကြီး တုလုစ်လောထရက်သည် ရုတ်ချည်းအိုမင်း ရင့်ရော်သွားလေသည်။ ဟင်နရီ့မျက်စိထဲတွင် ငယ်ငယ်တုန်းက ကြားဖူးသည့် သာသနာပြု စစ်ပွဲထဲမှ ချပ်ဝပ်တန်ဆာအပြည့်အစုံနှင့် မြင်းကြီးတွေပေါ်မှ ဘိုးတော် ဘေးတော် မြို့စားကြီးတွေကို မျက်စိထဲမြင်နေ၏။ နေရောင်အောက် စစ်မျက်နှာပြင်တွင် ဓားတွေတဝင့်ဝင့်၊ ဒိုင်းတွေတကားကားနှင့်၊ ပြီးတော့ သည်မြင်ကွင်းတွေ ရုတ်ချည်းပျောက်ကွယ်သွားပြီး ပါရီမြို့တော်သားတို့၏ အထက်တန်းစားဝတ်စုံနှင့် ဖခင်မြို့စားကြီးပြန်ပေါ်လာသည်။

စင်စစ် သည်ပဒေသရာဇ်မြို့စားကြီးသည် ရာစုနှစ် ၅ ခု နောက်ကျပြီး မွေးဖွားလာခဲ့သူဖြစ်၏။ ရွှေထီးဆောင်းခဲ့သည်မှာ လွန်ခဲ့သည် နှစ် ၅၀၀ က သူ့ ဘိုးဘေးများဖြစ်ကြောင်း၊ ဖအေ့လက်ကို ကိုင်ပြီး ဟင်နရီ ရှင်းပြချင်သည်။ အဖေသည် အတိတ်ကို ကိုးကွယ်နေသူသာ ဖြစ်လေသည်။ ရှင်းပြနေ၍လည်း အကြောင်းထူးတော့မည်မဟုတ်။ ဘာမှ ပြင်လို့ ရမည်မဟုတ်တော့ပေ။

မြို့စားကြီး စကားစသည်။

"ဟင်နရီ . . ဒါနောက်ဆုံးပဲ၊ မင်းနဲ့ငါ နောက်ထပ်တွေ့စရာ အကြောင်း မရှိတော့ဘူး။ မင်းဘဝ မင်းကြိုက်သလိုနေတော့၊ ငါ့ဆီလာစရာမလိုတော့ဘူး။ ဘာအကူအညီမှလဲ နောက်ငါ့ဆီက မမျှော်လင့်နဲ့"

ဟင်နရီ့အသံ ပို၍ခါးသီးလာ၏။

"ပါပါ ဘယ်တုန်းကမှလဲ ကျွန်တော့်ကို အကူအညီ မပေးဖူးပါဘူး။ ဒါကြောင့် နောင်လဲ မျှော်လင့်စရာ အကြောင်းမရှိပါဘူး"

ဦးထုပ်ကို လက်နှင့်တို့ပြီး သူစိမ်းတစ်ယောက်လို အခန်းထဲမှ ထွက်သွားသည်။ ဟင်နရီက စားပွဲဆီကို ထော့နင်းထော့နင်းလျှောက်သွားပြီး ကော့ညက်တစ်ခွက် ထည့်လိုက်သည်။

*

ပိုစတာထွက်ပြီးနောက် လပေါင်းများစွာ ကြာသွားပြီ။ ဟင်နရီ တစ်ယောက် မောင်မတ်တွင် ဆက်နေဆဲ။

"မင်း . . ဒီလေရဟတ်နီကြီးကို မငြီးငွေ့သေးဘူးလား ဟင်နရီ

www.burmeseclassic.com



မောရစ်က မေးနေကျမေးခွန်းကို ထပ်မေးခြင်းဖြစ်၏။

"ဟင်နေ့လာလဲ ဒီနေရာ၊ တစ်နေ့လာလဲ ဒီနေရာ၊ ဒီမျက်နှာတွေ ဒီပန်းချီပွဲစားတွေ၊ မင်းမှိ မငြီးငွေ့တယ်။ မင်းဟာ ဒီနေ့ ပါရီမှာ အကောင်းမြင်ဆုံး ပန်းချီဆရာဖြစ်နေပြီ ဟင်နရီ။ ပါရီရဲ့ အထက်တန်းလွှာတွေထဲမှာ မင်းကျင်လည်နိုင်လျက်သားနဲ့ ဒီရပ်ကွက်က ဘာလို့ မခွာနိုင်ရတာလဲ"

"အထက်တန်းလွှာတွေက ငါ့ခြေထောက်ကလွဲပြီး ဘာမှ မြင်ကြမှာ မဟုတ်ဘူး"

"ဟာ . . သေတော့မှာပဲ၊ မင်းက ပြောလိုက်ရင် ခြေထောက်အကြောင်းချည်းပဲကိုးကွ။ လူတွေက ခြေထောက်ကလွဲပြီး တခြားအရည်အချင်းတွေကို မမြင်နိုင်ကြဘူး ထင်နေသလား။ မင်းမှားနေတယ် ဟင်နရီ ငါပြောရတာလဲ မောပြီကွာ . . ဥပမာဆိုပါစို့၊ မင်းကို ငါ နက်တာဆင်မိသားစုအကြောင်း ပြောဖူးတယ်နော်၊ တကယ် ပေါင်းလို့သင်းလို့ကောင်းတဲ့ လူတွေဆိုတာ မင်းတွေ့ရလိမ့်မယ်။ မစ္စက်နက်တာဆင်က မင်းကို ခေါ်ခဲ့ဖို့ ငါ့ကို တဖွဖွ ပြောနေတာကြာပြီကွ။ အမျိုးသမီးက စန္ဒရားအတီးသိပ်ကောင်းတယ်၊ ပန်းချီကိုလဲ ကောင်းကောင်းခံစားတတ်တယ် သူ့ စုထားတဲ့ကားတွေ . ."

ဟင်နရီက ပခုံးတွန့်ပြီး

"မိန်းမတွေ ပန်းချီကို မခံစားတတ်ပါဘူးကွာ။ အထက်တန်းလွှာက မိန်းမတွေ ပိုမခံစားတတ်သေးတယ်။ ပန်းချီကားတွေ သူတို့ စုတာက ပန်းချီဆရာတွေကို စုချင်လို့ပါ။ စကားစပ်မိတဲ့အခါ ပြောစရာ အကြောင်းအရာ တစ်ခုအဖြစ်လောက်ပဲ ပန်းချီကို သဘောထားတာပါ မောရစ်ရာ။ ငါ့ဘာသာငါ လေရဟတ်နီမှာ ပျော်နေတာ ဘာဖြစ်လဲ။ အဲဒီက အသံတွေကို ငါသဘောကျတယ်၊ အဲဒီက မီးရောင်တွေကို ငါကြိုက်တယ်၊ ဆာရာနဲ့ စကားပြောရတာ ငါသဘောကျတယ်၊ ကင်ကင်ကောင်မလေးတွေကို ငါကြိုက်တယ်၊ ဇစ်ဒလာက ငါ့ကို တလေးတစားဆက်ဆံတယ်၊ ငါ့စားပွဲကို ရှမ်ပိန်ပုလင်းပို့ပေးတယ်၊ ခုဆို ပိုက်ဆံတောင် မယူတော့ဘူး"

"မင်းသူ့ကို လုပ်ပေးတာနဲ့စာရင် အဲဒါက အသေးအဖွဲပါ"

"ကဲ . . တော်ပါတော့ မောရစ်ရာ၊ မင်းဘာသာမင်း နက်တာဆင်အသိုင်းအဝိုင်းမှာနေပါ။ ငါ့ဘာသာငါ လေရဟတ်နီမှာ နေပါရစေ"

သို့သော် မောရစ် တရားချဖန်များတော့ ဟင်နရီတခါယောက် မောင်ပတ်အသိုင်းအဝိုင်းကို ငြီးငွေ့စပြုလာပြီ။ သူ့စားပွဲကို စုပြုံရောက်လာပြီး ဧရာမစကားလုံးများနှင့် ချီးမြှောက်သူများကို စိတ်ပျက်စပြုလာပြီ၊ ကင်ကင်ယိမ်းသမများပင်လျှင် ပြောင်းလဲလာ၏။ လေလီမှာတုန်းကလို မဟုတ်တော့။ လေရဟတ်နီတွင် ၃လ က အပြီးတွင် သူတို့ကိုယ်သူတို့ ယုံကြည်မှုတွေ ပိုရလာသည်။ ပိုစတာကြောင့် နိုင်ငံကျော်သွားသည့် ဂေါ်လီက ပရိသတ်ထဲမှ ဝေလမင်းသားအား မောင်မတ်သူ မောင်မတ်သားတွေကို ဆက်ဆံသလို ဆက်ဆံသည်။ သူ့ကိုလည်း ဟင်နရီ စိတ်ပျက်နေပြီ။ သို့သော် မောင်မတ်ကခွာဖို့ သူ စိတ်မကူးသေးပေ။

တစ်နေ့တွင် ဇာတ်တိုက်နေစဉ် ယိမ်းသမကလေးတစ်ယောက် ငကျ သေဆုံးသွားသည့်အဖြစ်ကြောင့် ဟင်နရီ စိတ်ထိခိုက်လျက် ရှိသည်။ နောက်မကြာမီတွင် သူနှင့်အလွန် ခင်မင်နေသည့် ဘာ့သ် ရောက်လာပြီး သူတို့အဖွဲ့ထဲမှ ကောင်မလေးတစ်ယောက် အသတ်ခံရကြောင်း မျက်ရည်စက်လက်နှင့် ပြောလာသည်။

သူတို့ဂေဟာကိုလည်း ရဲက ပိတ်ပစ်လိုက်သည်။ ထိုအခါ ဟင်နရီသည် ရေကြည်ရာ မြက်နုရာ ရှာရပြန်သည်။

စိတ်ပျက်စရာ သတင်းများသည် သူ့ဆီသို့ ဆက်တိုက် ဝင်ရောက်ရှိသည်။ ဂျိန်းအေဗရီသည် ဖိုးလစ်ဘာဂျာသို့ ပြောင်းသွားသည်။ အလုပ်အကိုင် မကောင်းတော့သဖြင့် ဇစ်ဒလာက လေရဟတ်နီကို ရောင်းပြီး တခြားသို့ပြောင်းတော့မည်ပြော၏။ ပါရီဂျာဒင်းအမည်နှင့် ထပ်ဖွင့်မည်ဆို၏။ ဆာရာ့ကို ခေါ်သွားမည်တဲ့။

ဟင်နရီ၏ ပတ်ဝန်းကျင်မှ ကမ္ဘာကလေး တစ်စစီ ပြိုကျ ပျက်စီးနေပြီ။ သည်တော့မှ ကားတွေ ပြန်ရေးဖြစ်သည်။ လေရဟတ်နီကားတွေချည်းဖြစ်၏။ သူပြောပြချင်သမျှကို ပိတ်စပေါ်တွင် အရောင်တွေနှင့် ပြောပြသည်။ စုတ်ဖြင့်ရေးချသည်။ သည်အတိုင်းပဲ ဆက်သွားတော့မည်။

မောရစ်ပြောတာ မှန်များနေမည်လား၊ အပြင်ထွက်ပြီး လူတော်ဘဲ ဝင်ရလျှင် . .။

ထိုည သူတစ်ယောက်တည်း ကင်ကင် ကကွက်များကို ထိုင်ကြည့်နေသည်။ သို့သော် ပုံကြမ်းတစ်ခုမှ မရေးဖြစ်။ ပွဲပြီးတော့ အရက်ဆောင်တာဆီသို့ ထွက်ခဲ့သည်။ ဆာရာနှင့် စားပွဲထိုး ဂက်စ်တန်ကို နှုတ်

www.burmeseclassic.com

www.burmeseclassic.com

ဆက်ရန်ဖြစ်၏။ ဧည့်ကြိုခန်းမတွင် ချိတ်ထားသည့် သူ့လက်ရာ ဆယ် ကပ်ကားကြီးကို ခဏငေးကြည့်နေမိသေး၏။

အားလုံးကို နှုတ်ဆက်ပြီး လေရဟတ်နီမှ ထွက်ခွာခဲ့သည်။ ရထားဘီးလိမ့်သည်နှင့် "သွားတော့မယ် လေရဟတ်ရေ . ." ဟု တိုး တိုးကလေးနှုတ်ဆက်လိုက်သည်။ ပြီးတော့ ပို၍တိုးသောလေသံဖြင့် "သွားတော့မယ် မောင်မတ်ရေ . ." တေလေတို့ ပျော်စံရာ၊ ပန်းချီ ကမ္ဘာကလေးကိုပါ နှုတ်ဆက်လိုက်၏။

မကြာမီရက်များအတွင်း မောရစ် က ဟင်နရီကို မဒမ်နက်တာ ဆင်အိမ်သို့ ခေါ်သွားသည်။ ယူနီဖောင်းဝတ် အစေတော်တစ်ယောက်က အခန်းဝမှ ဦးထုပ်နှင့်လက်အိတ်တွေ လက်ခံယူပြီး ဝတ်ရုံများကို ချွတ်ပေးသည်။ ရောမ ဧည့်ခန်းကြီးထဲသို့ သူတို့နှစ်ယောက် ဝင်ခဲ့ကြ၏။ ပိုးသားမီးအုပ်ဆောင်းများမှ အလင်းရောင်မှာ ခပ်ဖျော့ဖျော့သာရှိ၏။ ကျောက်ဖြူသား မီးလင်းဖိုကြီးထဲတွင် မီးလျှံတွေက လူးလူးလွန့်လွန့် မီးလင်းဖိုနဘေးတွင် ဧရာမ စန္ဒရားကြီး။

စိန်ရောင် မြရောင် ပတ္တမြားရောင် တဖိတ်ဖိတ်တောက်နေ သည့် အမျိုးသမီးများက ကတ္တီပါဖုံး ဆိုဖာတွေပေါ်တွင်ထိုင်ကာ ဟိုတစ်စု သည်တစ်စု။ မုတ်ဆိတ်ကိုပ်စီနှင့် အမျိုးသားကြီးများက ရွှေကြယ် သီး တလက်လက်ဖြင့်။ ဝိုင်သောက်ရင်းယဉ်ကျေးသောစကားများကို ဆိုလျက်ရှိကြသည်။ အဖြူရောင်လက်အိတ်စွပ် စားပွဲထိုးများက လင်ပန်း များကို ကိုင်လည်စွာမြှောက်ကာမြှောက်ကာဖြင့်။ ဧည့်ခန်းကြီးထဲတွင် သွားလာလှုပ်ရှားနေ၏။

မဒမ်နက်တာဆင်ကို ဟင်နရီ ချက်ချင်းသိလိုက်သည်။ အမျိုး သမီးအုပ်စုထဲတွင် အချောဆုံး၊ အလှဆုံးဖြစ်လို့ သိလိုက်ခြင်းမဟုတ်၊ ဣ၍ ဣမျှ တန်ဖိုးကြီးလှသည့် သည်ဧည့်ခန်းကြီး၏ပိုင်ရှင်သည် သည် အမျိုးသမီးပဲ ဖြစ်ရမည်ဟု အကဲခတ်မိလိုက်ခြင်းကြောင့်ဖြစ်၏။

မဒမ်နက်တာဆင်က ဧည့်သည်အမျိုးသမီးများကို ခွင့်တောင်း ပြီး နှင်းဆီသွေးရောင်တာဖက်တာ ဂါဝန်ရှည်ကို မကာ လက်တစ်ဖက် ကို ဆန့်တန်းလျက် သူတို့နှစ်ယောက်ဆီသို့ လျှောက်လာသည်။

"ကြည့်စမ်း မောရစ်၊ ခုမှပဲ သူငယ်ချင်းကို ခေါ်လာဖြစ်တော့ တယ်ပေါ့၊ ဝမ်းသာလိုက်တာ ရှင်ရယ်"

ပြီးမှ ဟင်နရီ့ဘက်လှည့်ပြီး



"အင်း . . စောင့်လိုက်ရတာ ခုမှပဲ မွန်စီယာတူလုစ်လောထရက် ရောက်လာဖြစ်တော့တယ်"

အနောက်ဥရောပသံဝဲဝဲဖြင့် ခပ်တိုးတိုး နှုတ်ဆက်သည်။

"မွန်စီယာ ယုံမလားမသိဘူး၊ မွန်စီယာ့ကို တွေ့ချင်လွန်းလို့ အမျိုးမျိုးကြံစားနေတာ လနဲ့ချီကြာခဲ့ပြီ သိလား။ ကဲ . . ခု ရောက်လာ ပြီ ဘယ်သူ့ကိုမှ ကိုယ့်ဆက် ပိုမခင်ရဘူးနော်၊ ဒီလိုပြောလို့ စိတ်မဆိုး ဘူးမဟုတ်လား"

သူ့အပြုံးဖြင့် ဟင်နရီ့ကို လွှမ်းမိုးပစ်လိုက်သည်။ ဘယ်သူမှ ငြင်းစွမ်းမရှိနိုင်သည့် အပြုံးမျိုး . .။

*

www.burmeseclassic.com

www.burmeseclassic.com

မိုင်ရိုယမ်

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်ကြာခဲ့ပြီလဲ။ လူအနွတစ်ယောက်၏ မျက်လုံးကိုဖွင့်ဖို့ ဘယ်လောက်ကြာခဲ့သလဲ။ ပြောမယုံ ကြုံဖူးမှသိမည့် အဖြစ်တွေပါလား။ သိသိကြီးနှင့် ကိုယ့်ဘဝမဟုတ်သော အငှားဘဝတစ်ခုထဲမှာ ဝင်ကစွပ်ကောင် လုပ်ခဲ့မိခြင်းပါကလား။

ဘယ်လောက်ကြာခဲ့ပြီလဲ။

"၅ နှစ်လောက်ရှိပြီ ထင်ရဲ၊ ဟုတ်တယ် . . ၅ နှစ်ကြာခဲ့တယ်"

ရယ်သံစွက်သော မိမိ၏ ဒုတိယအသံကို ပြန်ကြားလိုက်၏။

လောလောဆယ်တွင်တော့ ရထားထဲတွင် တငြိမ့်ငြိမ့်စီးရင်း ကိုယ့်ကိုယ်ကိုယ် ကိုယ်ဖော့မျောနေလိုက်၏။ လမ်းပေါ်တွင် မိမိစီးလာသည့် ဗီရှီရထားမျိုးတွေ ဥဒဟိုပြေးလွှားဆူညံနေ၏။ ရထားတစ်စင်းထဲမှ ပူပူလောင်လောင် အရောင်တွေ ဝတ်ထားသည့် မင်းသမီးတစ်ယောက်က သူ့ကို လက်ပြသွားသည်။ သူက စိတ်ပါ လက်ပါမရှိလှဘဲ ပိုးဦးထုပ်ကို လက်နှင့်ထိပြီး တုံ့ပြန်လိုက်၏။

"ရထားဆရာ . . ဝက်ဘာကို မသွားနဲ့တော့၊ သစ်တောလမ်းက ယိုးယန့်ပန်းချီပြခန်းမောင်းဗျာ"

အဟောသိကံဖြစ်ခဲ့ရသော ထို ၅ နှစ်ကို ပထမအဟုတ်ထင်ခဲ့၏။ မောင်မတ်ကို ကမ္ဘာတစ်ခုထင်ခဲ့၏။ လူစဉ်မမီသည့်ဘဝကို မေ့မေ့ပျောက်ပျောက်နေနိုင်ခြင်းအတွက် အဟုတ်ထင်ခဲ့ခြင်းဖြစ်၏။ မဒမ်နတ်တာဆင်၏ အပြုံးကလည်း မိမိခြေထောက်ကို မေ့မေ့လျော့လျော့ဖြစ်စေနိုင်ကုထုံးတစ်ခု ဖြစ်ခဲ့သည်ပဲ။

သည်အပြုံးမျိုးသည် လှလွန်းသူ၊ ထက်မြက်လွန်းသူတို့၏ အပြုံးမျိုးဖြစ်၏။ သည်အပြုံးကို မြင်ရသူအားလုံး အပြုံးရှင်၏ စေလိုရာဘဝသို့ ရောက်ရမည်မှာ သေချာသလောက်ပင်။

သည်အပြုံးကြောင့်ပင် အမျိုးသမီး၏ ပန်းချီခန်းသည် ပါရီတွင် နာမည်ကျော်နေခြင်းဖြစ်လေသည်။ ပြီးတော့ သူ့ဧည့်ခန်းမျိုးနှင့် မည်သူပြိုင်လို့ ယှဉ်နိုင်ပါမည်လဲ။ နိုင်ငံကျော်တွေ အားလုံး စုဝေးရာဧည့်ခန်းကြီး။ အီမိုင်းလ်ဇိုလာ[၁]၊ ကလေမောင်ဆိုး[၂]၊ အနာတိုလ်ဖရန့်[၃]

Emile Zola (1840-1902) ပြင်သစ်စာရေးဆရာ။

George Clemenceau (1841 -1929)ပြင်သစ်နိုင်ငံရေးသမား၊ သတင်းစာဆရာ၊ ဝန်ကြီးချုပ်။

Anatole France (1844-1944) ပြင်သစ်စာရေးဆရာ။



သည်လိုနေရာတွင် မသန်မစွမ်း ဒုက္ခိတက ဘယ်နေရာမှာ နေရမည်လဲ။ ထိုညတွင် အမျိုးသမီး၏အလှမှာ မြင်သူဗျာပွေလောက်ပေသည်။ ကြာသျှမလိုတော့အောင် ပြည့်စုံနေသည့်ဘဝမျိုး၊ အလှမျိုး။

ထိုစဉ်က မိမိအသက်မှာ ၂၇ နှစ်သာရှိသေးသဖြင့် တာဖက်တာထတ်ရုံအောက်မှ အလှသခင်၏ ဝင်းညက်ညက်အသားရောင်နှင့် နွေးထွေးမှုကို ခံစားသိဖြင့်သိနေ၏။

ယဉ်ကျေးကြပါပေ၏။ မိမိကိုပြုံးပြသည့် အိမ်ရှင်မ၏အပြုံးကအားပြင်းလှသည်။ ရိုးရိုးယဉ်ယဉ်ကလေး ပြုံးသင့်ပါသည်။ အားလုံးကမိမိအပေါ် အရေးပေးလွန်းနေသည်။ ယင်းအစား လေရူးတာန်နီပိုစတာကို ချီးကျူးစကားပြောလျှင် ကောင်းလေစွ။ ခုတော့သည်လိုမဟုတ်၊ သူ့ကိုလိုအပ်သည်ထက်ပိုပြီး ဖော်ရွေပြနေသည်ဟု စိတ်ထဲခံစားရ၏။

ထိုညအကြောင်း အားလုံးမှတ်မိနေသည်။ ညစာဝိုင်းတွင် အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု၊ အမျိုးသားကြီးများ ဆွေးနွေးသည့်အကြောင်းအရာများ၊ မိမိပြောခဲ့သည့် စကားလုံးများ၊ ပြီးတော့ ရွှေရောင်နှင့် အစိမ်းရောင်လွှမ်းနေသည့် ထမင်းစားခန်းကြီး၊ ရစ်သားပေါင်း ဟင်းလျာပွဲ။ ဆာရာဘားနန့်[၁] က အော်စကာဝိုင်း[၂]နှင့် ကလောဒ်ဒီဗျူစီ[၃] ကြားတွင် ထိုင်သည်။

အနာတိုလ်ဖရန့်က ဂိုဏ်းချုပ်ဆရာတော်နှင့် ဘာသာရေးငြင်းနေ၏။ အပြုံးကိုယ်စီဖြင့်၊ တစ်ဦးကိုတစ်ဦး ဦးညွှတ်ကာညွှတ်ကာဖြင့် အပ်ကလေးတစ်ချောင်းစီဖြင့် စီးချင်းထိုးနေသည့်အလား။

အိမ်ကြီးရှင်မမက သူ့ပိုလန်တွင် မွေးဖွားကြောင်း၊ ဂီတနှင့်ကဇာတ်ကို ဝါသနာကြီးကြောင်း၊ ပိုစတာကြီးကို ဘယ်လိုဘယ်လောက်သဘောကျကြောင်း၊ သူ့အမျိုးသားကိုင်သည့် "လှပျိုဖြူ" မဂ္ဂဇင်းအတွက် ပုံလိုချင်ကြောင်း စသည်များပြောအပြီးတွင်

"ဟင်နရီရောက်လာတာ ကိုယ်သိပ်ဝမ်းသာတာပဲကွယ်၊ ဟင်နရီလို့ပဲခေါ်မယ်နော်၊ နောက်လာလည်ဦးမှာမဟုတ်လား၊ မကြာခဏလာရမယ်နော်"

ဤတွင်ဟင်နရီသည် မိမိကိုယ်ကိုမိမိ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်

Sarah Bernhardt (1845-1923) ပြင်သစ်ကဇာတ်ရုပ်ရှင်မင်းသမီး။

Oscar Wilde (1854-1900) အိုင်ယာလန်သားစာရေးဆရာ။

Claude Debussy (1862-1918) ပြင်သစ်ဂီတပညာရှင်။

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့သည် အလွန်အောင်မြင်နေသူများ၊ ခင်မင်ချင်စရာကောင်း သူများဖြစ်သည်။ မိမိသည်လည်း သူတို့နှင့်ဘာထူးလို့လဲ၊ ခြေထောက် မသန်တော့ကော ဘာဖြစ်သေးသလဲ၊ မိမိနာမည်က တုလုစ်လောထရက် ပဲ။ ဘာတဲ့. . ဝေဖန်ရေးဆရာတွေပြောတာ၊ "သတ္တိခဲလူငယ်ပန်းချီ ဆရာ"တဲ့။ နာမည်ကျော်နေပြီပဲ၊ ပါရီသည် မိမိအတွက်လမ်းပွင့်နေပြီပဲ ကြိုက်သည့်နေရာ သွားလို့ရသည်ပဲ၊ အားလုံးကကြိုဆိုနေကြပြီပဲ။

ပါရီတစ်ခွင်ကို တကယ့်တကယ်ခြေဆန့်လိုက်တော့ ကြည့်စရာ တွေ၊ ရေးစရာတွေကအပုံအပင်။ နေ့တွင် စတူဒီယိုထဲမှာ အချိန်ကုန်ရ သဖြင့် ညပိုင်းတွင် မနားမနေလျှောက်သွားသည်။ သည်လိုသွားနိုင်အောင် အရက်သောက်ရသည်။

ထူးဆန်းသည်မှာ အိပ်ချိန်မဲ့ ၅နှစ်ကာလတစ်လျှောက်တွင် မှတ် မိသည့်အရာဆို၍ စဉ်းငယ်မျှသာကျန်တော့သည်။ ညဉ့်လူတစ်ယောက် အနေဖြင့် အရက်ဆိုင်ပေါင်းများစွာ၊ ကောင်မလေးများ၏ အပြုံးများစွာ ထဲမှ အချို့သာမှတ်မိ၏။

ပါရီ၏ညပေါင်းများစွာတွင် မင်းသမီးတွေလည်း အများကြီးပါ ၏။ ပိုလျဲ၊ ဆာရာ၊ ဇဝ၊ အင်နာ၊ မေမီလ်တန်၊ ယဝက်ဂူးလ်ဘတ်၊ ဂျင် ဂရီနီးယားစ်၊ မာစယ်လင်းဒါး၊ မီးလျှံအကတွင်သရဖူဆောင်းသည့် လွိုင် ဖူလာ၊ အမေရိကန်မ မေဘဲလ်ဖို့က ညဝတ်ရုံထဲတွင် ကြောင်နက်မတစ် ကောင်အမြဲထည့်ထား၏။ ပြီးတော့ ဂျိန်းအေဗရိ၊ ဂျိန်းက နောက်ဆုံး ချစ်သူအကြောင်း အမွှန်းသူ့ကိုတင်နေပြန်ပြီ. . . ။

ပြီးတော့ ဖိုးလစ်ဘာဂျာမှ ကောင်မလေးများ။ နောက်ပြီး ဒီဗျူ စီက ချောကလက်မြုံ့ရင်း ရုရှားတွင် သူ၏စွန့်စားခန်းများကိုပြောနေပုံ. . ။

မိုးလင်းသည်နှင့် ပီယာကိုတဲလ်ဆီပြေး၊ အပြာရောင်ရင်ဖုံးကို ဝတ်ပြီးသည်နှင့် ကျောက်သားပေါ်တွင်အလုပ်စ. . ။

မောရစ်ကခေါင်းယမ်းပြီး

"မင်းကစားနေတာလား၊ အလုပ်လုပ်နေတာလားဟင်နရီ၊ သေ တော့မှာပဲ၊ အဲဒီနှစ်ခု တစ်ပြိုင်တည်းလုပ်လို့မရဘူးကွ. . . "

မဒမ်လူဘေးက အိပ်ရာဝင်ဖို့ တောင်းတောင်းပန်ပန်ပြောနေ ၏. . ။ မမအိမ်တွင် အမြဲတမ်းလိုညစာစား၏. . ။ စနေ၊ တနင်္ဂနွေနေ့ များတွင် မမနှင့်အတူ မမ၏ကျေးလက်စံအိမ်ကြီးတွင် သွားရောက်အနား ယူကြ၏. . ။ ပါရီကိုပြန်လျှင် ရထားကိုအသားကုန်မောင်းခိုင်းပြီး တဖော်



ဘာပါး စိတ်လွတ်လက်လွတ် အော်ဟစ်လိုက်ပါလာကြ၏. . ။ မဒမ်ဂေါ် ဒ်ကော့၏ ခမ်းနားကြီးကျယ်လှသော ထမင်းစားခန်းကြီး။ ပြီးတော့ ကော့ ဆက်ယူနီဖောင်းဝတ် အစေတော်များ. . ၊ ဝေလမင်းသားနှင့်အတူ ညစာ ပွဲင်းများ. . . ။

ပြီးတော့ ဘာများကျန်သေးပါလိမ့်။ တန်ဂီးတစ်ယောက် တင်ဆာရောဂါဖြင့် ဆေးရုံတက်နေရသည်။ အခြေအနေမကောင်းတော့။ အရေးဖတ်စ်နှင့်အတူ မကြာမကြာ နေ့လည်စာစားဖြစ်သည်။ သည်တုန်း က သူ့ပြဿနာမပေါ်သေး။ ဂေါ်လီနှင့်အီချာတို့နှစ်ယောက် မောင်မတ် အချိုင်းထဲတွင် အသေအလဲသတ်ကြသည်။ ဂေါ်လီ့မျက်နှာတစ်ခုလုံး ယက်သည်းရာများနှင့် မြင်မကောင်း ရှုမကောင်း။ စတူဒီယိုသို့ ရောက် လာပြီး သူ့ခန်းဆီးတွေအတွက် ပန်းချီရေးပေးဖို့ ပူဆာသည်။ တန်တိ ဆုံးသည်။ နှစ်လကြာတော့ စီလေရန်ကို မေမေနှင့်အတူသွားပြီး ဘိုးဘိုး အသုဘပို့ရသည်။

ရယ်သံမောသံများနှင့် စိုပြည်ခဲ့သည့် ဇရာမရဲတိုက်ကြီးမှာ ဘိုးဘိုးနှင့်အတူ သေဆုံးသွားသကဲ့သို့ တိတ်ဆိတ်ခြောက်သွေ့နေလေပြီ။

ဘာကျန်သေးလဲ။ မောရစ်နှင့်အတူ အမ်စတာဒမ်နှင့် လန်ဒန် သို့သွားပြီး ပုံကြမ်းတွေရေးဖြစ်သည်။ ချယ်လ်စီရှိဝှစ်စလာ၏ စတူဒီယို ထဲတွင် သူ့ပုံတူရေးသည်။ အော်စကာဝိုင်းက ကုလားထိုင်ပေါ်တွင် အချုပ်ကြိုးပြတ်ထိုင်ချပြီး ရဲလာအဖမ်းကိုစောင့်နေသည်. . . ။ နောက် ပါရီကို ပြန်ရောက်။ ရထားတစ်စီးနှင့် ကပွဲခန်းမပေါင်းစုံ၊ အရက်ဆိုင် ပေါင်းစုံ။

မမနက်တာဆင်၏ ပါတီပွဲတစ်ခုတွင် ယူနီယံဂျက်အလံ အင်္ကျီ ဆော်ကိုဝတ်လျက် ဂုဏ်ယူစွာဖြင့် မိမိက အရက်စပ်ပေးသူတာဝန်ယူခဲ့၏။ အရက်တစ်မျိုးကို "မြေငလျင်" အမည်ဖြင့် တီထွင်ရောစပ်ပေးခဲ့သည်။

မိမိကပြန်လည်ဧည့်ခံသည့် ညစာစားပွဲများတွင် မျောက်သား ငါးနှင့် အလှမွေးရွှေငါးကလေးတွေ ကြော်ကျွေးသည်။ သည်လိုခပ်တုံး တုံးအလုပ်တွေလည်း လုပ်ဖြစ်ခဲ့၏။

ဘဝကအထီးကျန်နိုင်လွန်းခြင်း၊ ခါးသီးလွန်းခြင်းတို့ကြောင့် သည်လို အဓိပ္ပာယ်မဲ့အလုပ်တွေ လျှောက်လုပ်နေမိခြင်းဖြစ်၏။ အရက်ကို နေ့တခြားပိုသောက်လာ၏။

သွေးလိုနီသည့်အရောင်ကိုရွေးပြီး ရုပ်အင်္ကျီချုပ်ဝတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘီလိယက်ခုံအခင်းစကို အလစ်သုတ်သမားတစ်ယောက်ထံမှဝယ်ပြီး ဂျာကင်ချုပ်သည်. . ။

အင်း. . ၅ နှစ်တာကာလအ ဒါလောက်ပဲလုပ်နိုင်ခဲ့သည် ထင်၏။ အာမျှမယ်မယ်ရရမရှိ။ လူမ ၁စ်စတစ်စ ဘာပကာသေး နေခြင်းမျိုး။

ယခုလည်းဘာမျှမထူး။ သည်လိုပင်ဆက်လက်လှုပ်ရှားနေ ဝယ်ထားသည့်ရထားရော၊ မြင်းတွေပါ ရောင်းထုတ်ပစ်လိုက်သည်။ ဆ ကပ်လှုရှင်တော်ပုံစံဖြင့် ကြောင်ကြောင်ကျားကျားဝတ်ပြီး လျှောက်သွား သည်။ အလုပ်ကိုတော့ မလုပ်ဖြစ်တော့။ ပျင်းသွားပြီ။ ကပွဲရုံတွေ မင်းသမီးအဝတ်လဲခန်းတွေဆီသို့ ရောက်မြဲရောက်နေသည်။ ဒါကလည် ဘယ်မှသွားစရာမရှိ၍ဖြစ်သည်။

ယခုတော့ ကောင်းကောင်းနားလည်သွားပြီ။ ဘယ်မိန်းမမှ မိ ကိုချစ်နိုင်မည်မဟုတ်။ သူတို့နှုတ်ခမ်းပေါ်မှအပြုံးသည် မိမိအတွက် မဟုတ်၊ မိမိ၏ကျော်ကြားမှုအတွက်ဖြစ်သည်။

အသက်အားဖြင့် ၃၂ နှစ်သာရှိသေးသော်လည်း ရုပ်သွင် ၄၅ နှစ်အရွယ် ဖြစ်နေပြီ။ ကျန်းမာရေးက ထိုးကျသွားပြီ။ အရင်နှင့် လျှင် တစ်ဝက်မျှပင် အလုပ်မလုပ်နိုင်တော့။ အရက်သောက်လျှင် လ တွေတုန်နေသည်။ အခြားလက်တစ်ဖက်ဖြင့် ထိန်းထားရ၏။ အရက် လျှင် ခြေထောက်နာ မသက်သာတော့။ ရုံခါတွင် မခံမရပ်နိုင်အောင် သည်။ဘယ်လောက်ကြာကြာ သည်ဝဋ်ကြွေးတွေကို ဆက်ခံနေရဦးမှာ သူ မသိ။ အို . . ဘာပဲဖြစ်ဖြစ် . . ။

စီးလာသည့်ရထားကို ရွှေရောင်စာလုံးများရေးထားသည် ပန်းချီပြခန်းတစ်ခုရှေ့တွင် ရပ်ဆိုင်းလိုက်သည်။ ဆိုင်နာမည်က "မော ယိုးယန့်ပန်းချီပြခန်း" ဖြစ်၏။

အလင်းရောင်ခပ်မှိန်မှိန် ပန်းချီခန်းမကြီးနှစ်ခုကို ဖြတ်လျှော သွားသည်။ အလုပ်စားပွဲတွင် စာတစ်စောင်ကို စိတ်ပါလက်ပါ ထိုင် နေသည့် မောရစ်ကို လှမ်းမြင်ရသည်။ စားပွဲတင်မီးရောင်တွင် သူ လေးနက်သော မျက်နှာကို တွေ့ရ၏။ ရွှေရောင်ဆံပင်နှင့် နှုတ်ခမ်း များပိုင်ရှင်သည် ချောမောခံ့ညားနေဆဲဖြစ်၏။ သြော် . . ချစ်စွာသော သူငယ်ချင်း မောရစ်။ သည်အခြေအနေရောက်လာအောင် အသေအ ကြိုးပမ်းခဲ့သော မောရစ်။



ခေါင်းမော့ကြည့်ပြီး

"ကြည့်စမ်း . . ဟင်နရီ၊ မင်း မူးလာပြန်ပြီပေါ့ ဟုတ်လား"

"မမူးပါဘူးကွာ၊ နှစ်ပက်ထဲ ချလာတာပါ။ အဲ . . နှစ်ပက်တော့ ဘူးကွ၊ သုံးပက်ထင်တယ်။ အဲ . . လမ်းမှာ နောက် တစ်ပက်၊ မမူးပါ ဘူးကွာ၊ မင်းကလဲ"

"မမူးသာ မမူးတယ်၊ မင်းမျက်လုံးတွေ နီရဲနေတာပဲ။ မင်းကြည့် တာ . ."

"ကိုယ်ထိုင်မယ်နော် သူငယ်ချင်း"

သားရေကုလားထိုင်တွင် ဝင်ထိုင်သည့် ဟင်နရီကို မောရစ်က ောင်းစာကမ်းပေးရင်း

"ရော့ . . တို့ပြပွဲနဲ့ ပတ်သက်ပြီး ရေးထားတာ၊ မင်းဖတ်ကြည့်။ ဒီစာအပြီးသတ်လိုက်ဦးမယ်"

ဟင်နရီက သတင်းစာလှမ်းယူရင်းပြောသည်။

"ငါဒီအလာမှာ ပြီးခဲ့တဲ့ ၅ နှစ်အကြောင်း ပြန်စဉ်းစားတယ်ကွ၊ ကောက်ချက်တစ်ခုဆွဲလိုက်တယ်၊ ငါဟာ အရွယ်လွန် အိုမင်းနေပြီ။ . ."

"တော်ကွာ . . ငါဒီမှာ စာရေးနေတယ်"

". . ငါဟာ ငါ့ရဲ့လူငယ်ဘဝကို မဟုတ်တဲ့နည်းတွေနဲ့ အချိန် ်းပစ်ခဲ့တာပဲ မောရစ်။ အဲဒါ အားလုံးမင်းကြောင့်ဖြစ်ရတာ၊ မင်း ငါ့ မအိမ် ပို့ပေးတာနော်"

"ငါက မင်းကို လူယဉ်ကျေးအသိုင်းအဝိုင်းထဲကို ပို့ပေးတာ ဟာ . . သေတော့မှာပဲ၊ ငါ ဒီစာပြီးအောင် ရေးပါရစေဦးကွာ"

ဟင်နရီက ခုမှ သတင်းစာဖွင့်သည်။

"ဟေ့ . . ဒီမှာ နားထောင်စမ်းပါဦးကွ၊ 'သတ္တိပြောင်လှသော ပန်းချီဆရာတစ်ဦး၏ ပထမဆုံး တစ်ကိုယ်တော် ပန်းချီပြပွဲ။ ယိုးယန့်ပန်းချီပြခန်းတွင် မနက်ဖြန်ဖွင့်လှစ်မည့် ပန်းချီပြပွဲသည် ်သေချာသည် . .' ဘာညာ ဘာညာပေါ့ကွာ၊ ဒီ ပန်းချီဝေဖန်ရေး ်နဲ့တွေရဲ့အစွဲကို ချွတ်ပစ်ရမယ်၊ မဟုတ်ရင် ငါအသက် ၉၀ ပြည့် ်လဲ ငါ့ကို လူငယ်ပန်းချီဆရာလို့ပဲ သူတို့ ခေါ်နေကြမှာကွ"

"၉၀ . . ဟုတ်လား၊ မင်း ဒီအတိုင်းဆို ၄၀ အထိ နေရရင် ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com

မောရစ်က စာကို လက်မှတ်ထိုးပြီး စာအိတ်တစ်လုံးထဲ ထည့်
ရင်းပြောလိုက်သည်။

"၄၀ အထိ ရာဖေး[၁] လဲ မနေရပါဘူးကွာ၊ ကော်ရ်ဂျီယို[၂] ...
မနေရဘူး၊ ဗက်တူးလဲ ဘယ်မှာနေရလို့လဲ။ ကဲ . . ဆိုစမ်းပါဦး၊ မင်း
ဘာဆုံးမစကားတွေ ခွန်းခြွေဦးမှာလဲ၊ ငါ သိနေတယ် မောရစ်"

မောရစ်က ကုလားထိုင်ကို နောက်မှီပြီး စဉ်းစဉ်းစားစား ပြော
သည်။ "တစ်ခါ တစ်ခါ ငါစဉ်းစားကြည့်တယ်၊ မင်းဟာ ညညမှာ မအိပ်...
ဘဝကိုဖျက်ဆီးဖို့ နည်းလမ်းတစ်မျိုးပြီး တစ်မျိုး လိုက်ရှာနေသလား...
ဥပမာ ဟိုမကောင်းတဲ့ မိန်းမကြီးကို ကပွဲခေါ်သွားပြီး မင်းအဒေါ်ပါ...
လူတကာနဲ့ မိတ်ဆက်ပေးတဲ့ ကိစ္စမျိုးပေါ့"

"ဩော် . . ဒါလား။ တစ်၊ မဒမ်ပိုတီရွန်ဟာ မကောင်းတဲ့မိန်း...
ကြီးမဟုတ်ဘူး၊ သူ့အပေါ် အမျိုးမျိုးမြင်နေကြတာပါ မောရစ်။ နှစ်...
အဲဒီညက မဒမ်ဟာ သိပ်လေးစားကြည်ညိုစရာကောင်းနေတယ်။ သုံး...
သူဟာ ကပွဲရုံကို တစ်ခေါက်မှမရောက်ဖူးဘူး၊ သိပ်ကြည့်ချင်နေတယ်...
နောက်ဆုံးအချက်က ငါ သူ့ကို တကယ် အဒေါ်တော်ချင်နေတယ်"

"ဒါပေမဲ့ သူ ဘာဆိုတာ လူတိုင်းသိနေတာပဲကွ၊ သူ့ ဆောင်
ကြာမြိုင်ကို လူတိုင်းရောက်ဖူးနေကြတာပဲ။ အဲဒီသတင်းက လူတိုင်း
ပါးစပ်ဖျားမှာ ရောက်နေပြီကိုယ့်လူ"

"ဟုတ်လား၊ လူတွေ ပြောချင်တာ ပြောကြပါစေကွာ၊ လူ...
ဟာ ဒီလိုအကြောင်းမျိုး မပြောရမနေနိုင်တဲ့ သတ္တဝါတွေဆိုတာ မင်း...

---

၁။ Rapheal (1483-1520) အီတလီပန်းချီဆရာ၊ ဗိသုကာ၊ ဒီဇိုင်းဆရာ။ သူ...
ကမ္ဘာကျော်ကားကြီးများအနက် Marriage of the Virgin နှင့် Sister Ma-
donna တို့မှာ ထင်ရှားသည်။ သူ့လက်ရာများမှာ မိုက်ကယ်အိန်ဂျယ်လို...
လီယိုနာဒိုတို့၏ အရိပ်ထိုးခြင်းခံရသော်လည်း သူ့တွင် နဂိုရှိသည်။ အသက် ...
နှစ်အရွယ်တွင် ပုပ်ရဟန်းမင်းကြီးကခေါ်ယူပြီး ခရစ်ဝင်နံရံပန်းချီကားကြီး...
ရေးစေသည်။ ငယ်ငယ်ရွယ်ရွယ်နှင့်ချမ်းသာပြီး နာမည်ကြီးဘဝဖြင့် အောင်...
သော်လည်း ၃၇ နှစ်အရွယ်တွင် ကွယ်လွန်သည်။

၂။ Carreggio (1494-1534) အီတလီပန်းချီဆရာ။ သူ့ဘဝအကြောင်း မှတ်တမ်း
မှတ်ရာ များများစားစား မတွေ့ရ။ Assumption of the Virgin အပါအဝင်
ခရစ်ဝင်ကားပေါင်းများစွာနှင့် Love of Jupiter စသော ဂရိတ်နတ်ဘုရား သမိုင်း...
ကမ္ဘာကျော်ကားပေါင်းများစွာ ရေးခဲ့သည်။



...သားနဲ့။ ငါ့ကိုယ်ငါမပူတဲ့ကိစ္စကို မင်းက ဘာလို့ ဝင်ပူနေရတာလဲ။
...သိပါတယ် မောရစ်၊ အဲဒီလို အိမ်တွေမရှိရင် ငါသေတာကြာလှပြီ။
အဲဒီနေရာမျိုးဟာ ငါ့အတွက်ကွန်းခိုရာဆိုတာ ဘုရားသခင်သိတယ်
...ရစ်၊ အဲဒီမှာ ငါ့ရဲ့ စိတ်ငြိမ်းချမ်းမှုရှိတယ်၊ အလုပ်လုပ်နိုင်တယ်၊
အဲဒီမှာ ငါ့ကိုနားလည်တဲ့ ဘဝသရှိတယ်၊ ဘဝသက အဲဒီမှာ ကြီးကြပ်
...မှု။ ငါ အဲဒီမှာ ပန်းချီရေးနေရင် ကောင်မလေးတွေ လာကြည့်ကြ
...ယ်၊ အဲဒီမှာ အစားအသောက်လဲ သိပ်ကောင်းတယ်၊ အဲဒီလို ဆောင်
...မြိုင်ဘဝမျိုးကို မင်းတွေးကြည့်တတ်မယ်မထင်ဘူး မောရစ်"

"ငါ တွေးကြည့်တတ်ပါတယ် ဟင်နရီ"

"သွားစမ်းပါကွာ၊ မင်းမျက်စိထဲမှာ ဆောင်ကြာမြိုင်ဆိုတာနဲ့
...လေသာခန်းတွေပဲ မြင်လာတာ မဟုတ်လား။ သူတော်စင်ဆိုတဲ့ လူမျိုး
... မြင်သလိုလေ။ ငါ စိတ်ဝင်စားတာက ပန်းချီရုပ်တွေကွ၊ သူတို့ ကိုယ်
...ဟန်၊ သူတို့ အမူအရာ၊ အဲဒါတွေ၊ ငါ ဘယ်တုန်းကမှ မရေးဖူးခဲ့တဲ့
...နေ အထားတွေ၊ စိတ်သန္တာန်တွေ"

"ဝေဖန်ရေးသမားတွေက မင်းကို ဘယ်လိုနာမည်ပေးထား
...လဲ သိလား၊ အပျက်မကလေးများရဲ့ ပန်းချီဆရာတဲ့"

"ဟုတ်လား . . ငါမသိဘူး၊ မဆိုးပါဘူး၊ အဲဒီအတွက် ငါ ဂုဏ်
...ပါတယ် သူငယ်ချင်း။ ကဲ . . တော်ပါတော့ မောရစ်ရယ်၊ မင်းရဲ့
...လောကနီတိတွေ ခဏဖယ်ထားလိုက်စမ်းပါ။ လူ့ကျင့်ဝတ်ပိုင်းက ပြော
...ရင် မိန်းကလေးတစ်ယောက်ကို စတူဒီယိုထဲမှာ ဆွဲတာနဲ့ သူတို့ကြက်
...တဲ့ ဆောင်ကြာမြိုင်မှာဆွဲတာ အတူတူပဲ။ ဒါပေမဲ့ ပန်းချီရှုထောင့်
... ကြည့်ရင် အများကြီးကွာတယ်။ မင်းနားလည်အောင် ငါ ဘယ်လို
...ပြာရမလဲ။ တောထဲမှာ မြင်ရတဲ့ ကျားသစ်တစ်ကောင်နဲ့ ရုပ်လုံးသွင်း
...ထားတဲ့ ကျားသစ်တစ်ကောင်လို ကွာတယ်။ တစ်ကောင်က အသက်
...ဘူး။ သဘာဝအတိုင်းမဟုတ်ဘူး။ တစ်ကောင်က လွတ်လပ်တယ်၊
...ဘာဝအတိုင်းရှိတယ်၊ လှတယ်။ အခြားတစ်ကောင်က အသဘာဝ၊
...သက်မဲ့၊ စတူဒီယိုထဲမှာ မိန်းကလေးတစ်ယောက်ကို ပုံဆွဲရတာ၊
...တာနဲ့ ပန်းချီဆရာနဲ့ မော်ဒယ်နဲ့ ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်
...တယ်။ ညစ်ညမ်းမှုတွေ ပါတယ်။

"ဒါပေမဲ့ ဟိုအိမ်တွေမှာ အဲဒီလိုမဟုတ်ဘူး။ သူတို့ တဝေ့ဟာ...
...ဝိတကာလုပ်နေဖို့ မလိုဘူး။ ဒေဝဉယျာဉ်ထဲက ဧဝလို၊ လွတ်လွတ်

www.burmeseclassic.com

www.burmeseclassic.com

လပ်လပ်နေနေကြတာ၊ အနေအထားအမျိုးမျိုးနဲ့ သဘာဝအတိုင်း သွားလာနားနေ လှုပ်ရှားနေကြတာ။ မိန်းကလေးတစ်ယောက် ရယ်လိုက် ရင် သူ့ဝမ်းဗိုက်သားကလေးတွေ ဘယ်လိုဖြစ်သွားလဲ မင်းစောင့်ကြည့် ဖူးသလား။ သူတို့အားလုံး ငါ့ရှေ့မှာ ဇဝလိုပဲ နေကြတယ်၊ အေး . . မင်းက ကုန်သည်ဆိုတော့ ဒါတွေ ဘယ်နားလည်နိုင်မလဲ"

"ကဲ . . ထားပါကွာ၊ ငါ နားမလည်နိုင်ပါဘူး၊ မင်း အဲဒီ မျိုးတွေကို တန်ဖိုးထားရင် ဘာလို့ပြခန်းထဲမှာ မချိတ်ဘဲ မြေအောက်ခ ထဲမှာ သွားချိတ်ထားသလဲ။ ဘာလဲ . . လူတွေကြိုက်သွားမှာကို မ မနာလိုဖြစ်နေလို့လား"

မောရစ်က သရော်လိုက်ခြင်းဖြစ်၏။

"မဟုတ်ရပေါင် မောင်ရာ၊ သူတို့ရဲ့ ရာဂမျက်လုံးတွေနဲ့ လက်ရာတွေ မတန်လို့ မပြချင်တာ။ လူတချို့ကိုတော့ ငါပြမှာပါ၊ ခံ တတ်တဲ့ လူတချို့ကိုပေါ့။ တစ်ဖက်မှာ ငါ့ရဲ့အဒေါ် လုပ်ငန်းကို ကြော်ငြာပေးရာ ရောက်တာပေါ့ကွာ။ သူ့ခမျာ အလုပ်မကောင်းရှာ ဒါထက် အောက်ထပ်မှာ အားလုံး အဆင်သင့်ပဲလား၊ ကော့ညက် လုံလုံလောက်လောက်စုထားပြီလား"

"သဘော်တစ်စင်း တိုက်လောက်ရှိတယ်။ တစ်ခုပဲ ငါစိုး တယ်။ မင်းတို့အဖွဲ့တွေ သိပ် ဆူဆူညံညံမလုပ်နဲ့နော်၊ မြေအောက် ထဲက အသံဝလဲတွေကြားရင် လူတွေ ယုံထင်ကြောင်ထင် ထင်ကုန် မယ်"

"စိတ်ချပါကွာ၊ ငါတို့ မဆူပါဘူး။ သူတို့နောက်ပေါက်ကဝင် နောက်ပေါက်ကပဲ ထွက်သွားကြမှာပါ။ မမလဲ လာမယ်တဲ့၊ ငါ့ဆီ အကြောင်းကြားထားတယ်။ ဂျိန်းအေဗရီလဲ လာမယ်တဲ့၊ ဒါပေမဲ့ သိတဲ့အတိုင်း မင်းသမီးတွေဟာ စကားတည်တာတွေမဟုတ်ပါဘူး သူတို့တစ်ခုခုလိုချင်တဲ့အခါသာ အချိန်မှန်တာ၊ အားလုံး နှစ်ဆယ် အစိ လောက်ပဲ လာမှာပါ။ ဩော် . . ငါမေ့နေတယ်၊ ဒေဂါးလဲ လာမယ် သူ ဘယ်ပြပွဲကိုမှ မသွားဘူးတဲ့။ သူက လူနဲ့ကိုမုန်းတဲ့ လူကြီးကွ၊ သူ တော့ ငါ့ကောင်မလေးတွေကို ကြိုက်မှာပါ၊ ဝှစ်စလာလဲ ပါလာမ ထင်တယ်"

"တစ်ယောက်ယောက်က မင်းကိုမေးရင် ဘယ်နှယ်လုပ်မ ဥပမာ ကာမွန်ဒိုဆိုပါတော့ကွာ၊ မင်းကို ငါ ပြောပြောနေတဲ့ ပြင်သစ်



နိုးချိကားဝယ်စုတဲ့ လူလေ၊ ကာမွန်ဒိုလိုလူကတော့ မင်းနဲ့တွေ့ချင်မှာ သေချာတယ်"

"နေမကောင်းဘူးလို့ ပြောလိုက်ပေါ့ကွာ၊ သေပြီလို့ ပြောတာ ပိုကောင်းမယ်ထင်တယ်။ ဟုတ်တယ်၊ ငါသေပြီပြောမှ သူများများ မှာ။ ပန်းချီဆရာတစ်ယောက် သေသွားရင် ဈေးဆယ်ဆတက်တယ် "

"သူက ဆားဗီးယားဘုရင်နဲ့လာရင် ဘယ်နှယ်လုပ်မလဲ။ သူ ကို ပြောဖူးတယ်၊ သူတို့နှစ်ယောက် အတူလာမှာတဲ့။ ဘုရင်ကိုယ်တိုင် းကို မေးရင်ကော မင်းမြေအောက်ခန်းထဲက ထွက်လာမှာလား"

"ဘာလို့ လာရမှာလဲ၊ သူငါ့ကို တွေ့ချင်ရင် အောက်ဆင်းခဲ့ ပါ"

"ဟင်နရီ မင်းဟာ ဘဝင်ပဲ"

"မင်းကြိုက်သလိုခေါ်ပါ မောရစ်။ မဒမ်ပိုတီရွှန်ကို ကပွဲရုံ ခေါ် းလို့ ငါ့ကို အောက်တန်းကျတယ်လို့ မင်းစောစောက ပြောတယ်၊ ခု ကိုဘဝင်တဲ့။ ဘော်လကန်ဘုရင်ကို မတွေ့ချင်ဘူး ပြောလို့ပေါ့၊ ဟုတ် း။ လိုမှ မလိုတာ၊ ငါသူ့ကို တွေ့ဖူးသားပဲ၊ လူကောင်းတစ်ယောက် ၊ ဒါပေမဲ့ ငါသူ့ကို တွေ့ဖို့သက်သက်နဲ့တော့ တက်မလာနိုင်ဘူး ယ်ချင်း"

"ကဲ . . ထားပါတော့ကွာ၊ ငါ ပြောချင်တာက အဲဒါတွေ ဘူး။ နေပါဦး မင်းဘာရည်ရွယ်ချက်နဲ့ မွန်စီယာဒူရန်ရောလ်ကို ဒီလို လုပ်တာလဲ"

ဟင်နရီ တဟားဟားအော်ရယ်သည်။

"ဩော် . . သူကမင်းကို ပြောပြတယ်ပေါ့ ဟုတ်လား၊ ဟား ဟား"

"ဟုတ်တယ်၊ သူ ပြန်ပြောတယ်၊ ဒါပေမဲ့ မင်းလို ရယ်ပြော တော့ မဟုတ်ဘူး"

"ငါ ဘာလုပ်လို့လဲကွာ၊ သူက ငါ့ကားတွေကြည့်ချင်တယ်၊ ငါ့ ဒီယို လာချင်တယ်ဆိုလို့ လာကြည့်ပေါ့လို့ ပြောလိုက်တယ်လေ"

ပြောရင်း သူရယ်ပြန်သည်။

"အဲဒီတုန်းက သူ့မျက်နှာကြီးကို မင်းမြင်စေချင်တယ် မောရစ် အိမ်ရောက်လာပြီး ကောင်မလေးတွေ သူ့ဆီဝိုင်းလာတော့ 'မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com


တို့ရယ်၊ ငါ့မှာ အိမ်ထောင်နဲ့ပါကွယ် . . မလုပ်ကြပါနဲ့' တဲ့၊ ရှိခိုး ဦးတင် တောင်းပန်တယ်လေ"

"သူဟာ အကြီးဆုံး ပန်းချီကား ဝယ်ရောင်းသမားကြီးဆိုတာ မင်းသိလား၊ မင်းကို သူဘယ်လောက်အထိ ကူညီနိုင်တယ်ဆိုတာ မင်း သိလား"

"သူက ဘာလုပ်ပေးနိုင်လို့လဲ"

"မင်း အ ချင်ယောင်ဆောင်မနေပါနဲ့ ဟင်နရီရာ၊ သူ ဘာလုပ် ပေးနိုင်တယ်ဆိုတာ မင်းကောင်းကောင်းသိပါတယ်။ ပန်းချီဆရာတိုင်း သူ့ဆီမှာ ဒူးထောက်နေရတာကွ၊ မင်းက သူ့ကို ဟိုအိမ်ခေါ်သွားတယ် ဆိုတော့ . . ဒုက္ခပါပဲကွာ၊ မင်း ဘာမှ ဂရုမစိုက်တော့ဘူးလား ဟင်နရီ"

"ဒူရန်ရောလ် ကိစ္စတော့ မဆိုသလောက် ငါ စိတ်မကောင်း ဖြစ်မိပါတယ်၊ မင်းနဲ့ငါနဲ့ သူငယ်ချင်းဖြစ်နေတဲ့အတွက် မင်းအလုပ်ကို တော့ မထိခိုက်နိုင်ဘူးထင်ပါတယ်။ မင်းငါ့ကို နားလည်ပါကွာ၊ မင်းကို ငါ ထိခိုက်အောင် ဘယ်တော့မှ မလုပ်ပါဘူး သူငယ်ချင်းရယ်၊ ငါ ကောင်မလေးတွေ ပျော်အောင် ငါလုပ်လိုက်မိတာပါ၊ သူတို့မှာ ပျော်ရွှင်မှု ဆိုတာ ဘာမှန်းမသိသလောက်ပါကွာ။ ကဲ . . ပြပွဲအကြောင်း ပြောပါဦး လူတွေ အများကြီးလာကြည့်မယ်လို့ မင်းထင်လား၊ ငါ ပန်းပွင့်ပုံတွေ ရေးပေးရမလား၊ လူတွေက ပန်းပုံတွေ ဝယ်တတ်ကြတယ် မဟုတ်လား"

"မပူပါနဲ့ကွာ၊ ရောင်းရမှာပါ။ မင်းဟာ ပိုစတာအပြင် တခြား ဟာတွေ ဖန်တီးနိုင်တယ်ဆိုတာ လူတွေ သိနေကြပါပြီ၊ ကာမွန်ဒို လာပါ စေပဲ ငါဆုတောင်းပါတယ်။ သူဝယ်ရင် ပွဲပြီးပြီသာမှတ်။ သူက မာနေး ဒေဂါးနဲ့ ရေနွားလောက်ပဲ ဝယ်တာ။ ပိုက်ဆံနှမြောတတ်ပေမယ့် ကား ကောင်းတွေ့ရင်တော့ ရက်ရောပါတယ်။ သူ့ကားတွေကို လုဝ်မှာ လှူမယ် မယ်လို့လဲ သတင်းဖြစ်နေတယ်။ ဟော့ . . ဟင်နရီ၊ ငါပြောတာနားထဲ မထောင်ပါလား၊ မင်းပြပွဲကို မင်းစိတ်မဝင်စားဘူးလား"

"စိတ်ဝင်စားပါတယ်ကွ . . ငါ သိပ်စိတ်လှုပ်ရှားနေလို့"

"မင်း အလကားပြောနေတာ၊ မင်းဟာ ပြပွဲကိုလဲ ဂရုမစိုက် ဘူး၊ ကာမွန်ဒိုကိုလဲ မင်းစိတ်မဝင်စားဘူး။ မင်းဒီပွဲကို ဘာကြောင့် လုပ် တယ်ဆိုတာ ငါမသိဘူး ထင်နေလား ဟင်နရီ"

"မင်းနဲ့ငါနဲ့က ငယ်သူငယ်ချင်းတွေလေကွာ၊ သွေးရဲဘော်တွေ လေ။ မင်းက မင်းလုပ်ငန်းမှာ ငါ့ဆီက ငွေကြေးအကူအညီလက်မခံတော့

ငါ့ကားတွေတင်ပြီး ပြပွဲကလေးလုပ်ကြည့်ရင် အကျိုးများရှိမလားလို့ပါ။ ရောင်းရရင် မင်းအတွက် အဆင်ပြေတာပေါ့ကွာ၊ ကဲ . . တို့ညစာထွက် စားကြရအောင်"

မောရစ် ချိတုံချတုံဖြစ်နေသည်။

"ဟော့ . . ငါနားလည်ပါပြီကွာ၊ မင်း ရီးနီနဲ့ ညစာစားဖို့ ချိန်း ထားတယ်မဟုတ်လား၊ လွတ်လွတ်လပ်လပ်သွားချင်မှာပေါ့။ ငါ ကိုယ်ချင်း စာတတ်ပါတယ်ကွာ၊ မင်းတို့ လက်ထပ်ဖြစ်ရင် သားဦးအတွက် ငါ ခေါင်း ကိုင်အဖေ လုပ်မယ်နော်၊ ကဲ . . ဂွတ်နိုက်မောရစ်၊ မနက်ဖြန်မှ တွေ့ မယ်"

ထိုညတွင် မောရစ်နှင့်ချစ်သူ ရီးနီတို့ ဟင်နရီ့အကြောင်း ပြောဖြစ်ကြသည်။

"သူ့ကို ဘယ်သူမှ မထိန်းနိုင်ကြတော့ဘူးလား" ဟု ရီးနီက မေးသည်။

မောရစ်က စီးကရက်ပြာခွေရင်း သေသေချာချာတွေးပြီး ဖြေ သည်။

"ကိုယ်တော့ မမြင်ဘူး၊ သူဟာ အထီးကျန်ဝေဒနာကို အသေ အလဲခံနေရပြီး ပျက်စီးနေတာ။ သူ့အကြောင်း ကိုယ်အသိဆုံးလေ၊ ဘဝ ကို သူဟာ အမိပွာယ်ရှိရှိ နေချင်တယ်၊ ဒါပေမဲ့ တစ်ခါမှ မနေခဲ့ရဘူး။ တချို့လူတွေဟာ အချစ်မရှိရင် မနေနိုင်ကြဘူး၊ အဲဒီလူမျိုးတွေထဲမှာ ဟင်နရီပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်၊ နှစ်နှစ်အထိ သူ့မျှော်လင့်နေသေး တယ်။ ခုတော့ သူ လုံးလုံးလက်လျှော့လိုက်ပြီ၊ ဒါကြောင့် လောကကြီး ထဲမှာ လုံးလုံးနေချင်စိတ်မရှိတော့ဘူး။ အဲဒီလိုလူမျိုးကို ဘယ်သူ ဘာ လုပ်ပေးနိုင်မှာလဲ ရီးနီရယ်"

*

နောက်တစ်နေ့ညနေပိုင်းတွင် ဟင်နရီ၏ ပန်းချီပြပွဲဖွင့်သည်။ ညနေ ၄ နာရီကျော်ကျော်ကလေးတွင် ရထားတစ်စီး ဆိုက်လာသည်။ ခဏကြာ တော့ ဝေဖန်ရေးဆရာတွေ ရောက်လာကြ၏။ ထီးကောက်ကြီးတွေ လက်မှာချိတ်လျက်။ သိပ်အလေးအနက်မထားဟန်ဖြင့် လျှောက်ကြည့် နေကြ၏။ သို့သော် တစ်ကားမှ အလွတ်မပေးဘဲ သေသေချာချာ လေ့ လာကြသည်။

ရုံခါတွင် နံရံမှကားကို ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ် လေ့လာသည်။ ပြီးတော့ လက်ထဲမှ ကက်တလောက်တွင် အတေးအမှတ်များ လုပ်သည်။

ညနေ ၅ နာရီခွဲတွင် ပြခန်းထဲမှာ လူတွေ ပြည့်ကျပ်သွားသည်။ အမျိုးသားများက အမျိုးသမီးများ၏ ဦးထုပ်တွေကိုကျော်ပြီး ကားတွေကြည့်လိုက်၊ အသိရှာလိုက်ဖြင့်။

မောရစ်က အကောင်းစားဝတ်စုံဖြင့် ပို၍ ချောမောခံ့ညားနေ၏။ အုပ်စုလိုက် ရောက်လာသော လူတွေကို ဦးညွှတ်ကာ ညွှတ်ကာဖြင့် လိုက်လံ ကြိုဆိုနှုတ်ဆက်နေ၏။ ပန်းချီဆရာ ရှုတ်တရက် နာမကျန်းဖြစ်သွားကြောင်းကိုလည်း ပွဲလာပရိသတ်ကို သတင်းပေးနေ၏။

ညအတော်ကလေးမိုးချုပ်မှ မြို့စားကြီးအိုင်းဇက်ကာမွန်ဒိုနှင့် ခံ့ခံ့ညားညား ကွမ်းရိုးစင်းသားမွေးဝတ်စုံဝတ်ထားသည့် လူတစ်ယောက် ပြခန်းထဲ ဝင်လာသည်။ အခန်းထဲတွင် တီးတိုး ဂယက်ယယ်သံကလေးများ လှုပ်ရှားသွား၏။

"အရုပ်မြင့်မြင့်တစ်ယောက်က ဆားဗီးယားဘုရင် မီလန်ပေါ့၊ မကြာသေးခင်ကမှ နန်းစွန့်လိုက်ရတာလေ"

"ဒီကားတော့ ကျုပ်သဘောကျသဗျ"

မြို့စားကြီးကာမွန်ဒိုက ခါးစည်းကို ဆွဲပတ်နေသည့် အမျိုးသမီး လူ့ရှင်တော်မတစ်ဦး၏ ပုံကိုညွှန်ပြပြီးပြော၏။

"ဒါပေမဲ့ . . ပန်းချီဆရာ လက်မှတ်လဲ မပါပါလား၊ လက်မှတ်မပါတဲ့ကားတော့ ကျုပ်ဘယ်တော့မှ မဝယ်ဘူးဗျ"

နဘေးတွင် ရပ်နေသည့် မောရစ်က

"မြို့စားကြီးပြောတာ သိပ်မှန်တာပေါ့ခင်ဗျာ၊ လက်မှတ်က အဓိကပဲ။ လက်မှတ်က ဒီမှာခင်ဗျ၊ ညာဘက်ထောင့်စွန်းမှာ ထိုးထားပါတယ်၊ နေ့စွဲလဲ ပါပါတယ်ခင်ဗျာ၊ လက်ရာဘယ်လောက်ကောင်းတယ် အရောင်သွင်းပုံနဲ့ ပန်းချီရုပ်ဘယ်လောက် လိုက်ဖက်တယ်ဆိုတာတော့ မြို့စားကြီးလို ပုဂ္ဂိုလ်ကို ကျွန်တော်တို့ ညွှန်းဖို့ မလိုတော့ပါဘူး"

"ဈေး ပြောပါဦး"

"ဖရန့် ၆၀၀၀ ပါခင်ဗျာ"

ပန်းချီမြတ်နိုးသူကြီးက နဖူးရေတွန့်လိုက်ပြီး

"၆၀၀၀ ဟုတ်လား၊ ဒီမယ် ကိုယ့်လူ၊ လောထရက်ဟာ လူငယ်ကလေးပဲ"



"ရာဖေးလဲ လူငယ်ကလေးပါပဲခင်ဗျာ။ ဟိုဘက်မှာ တန်ဖိုးနည်းတဲ့ကားတွေရှိပါတယ် မြို့စားကြီး၊ ဒီကားကတော့ သူ့ရဲ့အကောင်းဆုံး လက်ရာမို့ပါ"

"လွန်ခဲ့တဲ့ ၃ နှစ်က ဒေဂါးရဲ့ကားတောင် ၆၀၀၀ နဲ့ ကျုပ်ဝယ်ခဲ့တာပဲ"

"ဒီနေ့ မြို့စားကြီးပြန်ရောင်းရင် နှစ်ဆမြတ်နေပါပြီ။ မြို့စားကြီး စုထားတဲ့ကားတွေဟာ ပန်းချီကို မြတ်နိုးတဲ့ မြို့စားကြီးအနေနဲ့ရော၊ အမြော်အမြင်ကြီးတဲ့ကား စုဆောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ပါ ခံစားလို့ မကုန်နိုင်အောင်ပါပဲခင်ဗျာ"

ကာမွန်ဒိုက အသက်တစ်ချက် ပြင်းပြင်းရှူပြီး ပန်းချီကားကို နောက်ထပ်ကြည့်ပြန်သည်။

"မောင်ရင်ပြောသလို သူ့ရဲ့ အကောင်းဆုံးလက်ရာ ဟုတ်နိုင်ပါ့မလား၊ အင်း . . ဖြစ်နိုင်ပါတယ်လေ"

နောက်ဆုံး ဧည့်သည်တွေပြန်တော့ ည ၇ နာရီထိုးပြီ။ မြေအောက်ခန်းထဲသို့ မောရစ်ပြေးဆင်းသွားသည်။ ဟင်နရီက အရက်ခွက်ကို လက်တစ်ဖက်တွင်ကိုင်ပြီး မင်းသမီး ဂျိန်းအေဗရီကို တံခါးဝလိုက်ပို့နေသည်။

"ကောင်းပြီ ဒါလင်၊ ပွဲပြီးချိန် ရစ်ချ်မှာဆုံမယ်။ ဒါပေမဲ့ မင်းပုံကို ပိုစတာဆွဲဖို့ ထပ်မပူဆာနဲ့နော်၊ ကိုယ်မဆွဲဘူး"

ရွှေမင်းသမီးက သူ့ကိုအဝေးမှ အနမ်းဖြင့် နှုတ်ဆက်ထွက်သွားသည်။

ဟင်နရီက ဖန်ခွက်ကိုမြှောက်ပြီး

"ဘယ်လိုလဲ မောရစ်၊ အပေါ်ထပ်အခြေအနေ။ ရောင်းကောင်းရဲ့လား၊ မင်းကြည့်ရတာ ပျော်နေပုံပဲ၊ ကာမွန်ဒိုကော လာသလား"

"အေး . . ငါပျော်နေတယ်၊ ကာမွန်ဒို လာရုံမကဘူး၊ **မိန်းမလူ့ရှင်တော်ကား**[၁] ကို ၆၀၀၀ နဲ့ ဝယ်သွားတယ်။ ဆာဗီးယားဘုရင်လဲ သူနဲ့ ပါလာတယ်၊ သူကလဲ တစ်ကားဝယ်သွားတယ်။ မင်းပေါက်သွားပြီ သူငယ်ချင်း၊ ပိုစတာ ပန်းချီတင်မကဘူး၊ တကယ့်ပန်းချီဆရာအဖြစ် မင်းအောင်မြင်ပြီ။ နောက်နှစ် လန်ဒန်မှာ ပြပွဲလုပ်ဖို့လဲ ငါစီစဉ်လိုက်ပြီ

[၁] Cha-U-Kao အမျိုးသမီးလူ့ရှင်တော်ပန်းချီကား (၁၈၉၅)

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နှစ်မှာ နယူးယောက်ကို သွားမယ်၊ အဲဒီမှာ တို့ပိုက်ဆံတွေ သုံးဖြုန်းမယ် . ."

သူ့စကားမဆုံးခင် အပေါ်ထပ်မှ တံခါးခေါင်းလောင်းသံ ကြားရသည်။

"ဟာ . . ဘယ်သူတောင်းစားများပါလိမ့်၊ မိန်းမတစ်ယောက်ယောက် လက်အိတ်မေ့ကျန်လို့ ပြန်ယူတာလား မသိဘူး"

မောရစ် ပြေးတက်သွားသည်။ မီးအိမ်ကို အလင်းရောင် မြှင့်လိုက်သည်။ ဦးထုပ်မြင့်မြင့်နှင့် လူကြီးနှစ်ယောက်ကို ချက်ချင်း မှတ်မိလိုက်၏။

"မွန်စီယာ ဒေဂါး၊ မွန်စီယာ ဝှစ္စလာ၊ ဂုဏ်ယူစရာ ကောင်းလိုက်တာဗျာ။ ဒါပေမဲ့ အားလုံး ပြန်ကုန်ကြပြီခင်ဗျ"

"အဲဒီအချိန်ကို တို့ရွေးပြီး လာခဲ့တာလေကွာ၊ လောထရက်ကော"

"အောက်ခန်းထဲမှာခင်ဗျ၊ ကျွန်တော် ခုချက်ချင်း သွားခေါ်ခဲ့ပါ့မယ်"

ဟင်နရီအောက်ထပ်မှ တက်လာတော့ ဆရာကြီးနှစ်ပါး လေရဟတ်နီ[၁] ဆိုဆေးကားကြီးတစ်ကားရှေ့တွင် ရပ်ကြည့်နေကြသည်။ စားပွဲဝိုင်းကြီးတစ်ခုတွင် အမျိုးသမီးနှစ်ယောက်၊ အမျိုးသား သုံးယောက် ဝိုင်းထိုင်နေသည့်ကား။

"အမျိုးသမီးတစ်ယောက်ရဲ့ မျက်နှာကို ဘာအဓိပ္ပာယ်နဲ့ မင်း အစိမ်းရောင် သုံးထားရတာလဲ"

ဟင်နရီ့ကို လှည့်ကြည့်ပြီး ဒေဂါးဟောက်တော့၏။ ပြီးမှ သူ့ဘာသာသူ ဆက်ပြောသည်။

"အေး . . ငါသိပြီ၊ မင်း ဘာကြောင့် အစိမ်းရောင်ထည့်ထားတယ်ဆိုတာ ငါသဘောပေါက်တယ်။ မင်းမှန်တယ်၊ ဝေဖန်ရေးငနဲတွေ ဘာပြောမလဲ စောင့်ကြည့်ကြသေးတာပေါ့ကွာ"

ပန်းချီကားနှင့် နှာခေါင်း ထိလုမတတ် ရှေ့သို့ကိုင်းပြီး ကြည့်ပြန်၏။

"မျက်စိကလဲ ကန်းလုမတတ်ပဲဟေ့၊ ဘာမှ သဲသဲကွဲကွဲ မမြင်ရဘူး။ အားပါး . . အမျိုးသမီးရဲ့ ဆံပင်က အရမ်းနိပ်တယ်ဟေ့"

---

[၁] Au Moulin Rouge ပန်းချီကားသည် ယနေ့ချီကာဂိုပန်းချီပန်းပုကျောင်းတွင် ရှိသည်။



"ကျွန်တော့်ရဲ့ 'အဖြူရောင်ထဲက မိန်းကလေး' ကားထဲက အရောင်အတိုင်းပဲ"

ဝှစ္စလာက တစ်ဖက်ကပ်မျက်မှန်ကလေး ထုတ်ကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။ ပြီးတော့ ဆက်သေး၏။

"မင်းရဲ့ အားထုတ်မှုတွေကို ဖျောက်ထားတာကို ငါပိုသဘောကျတယ်၊ မနှစ်က မင်းကို လန်ဒန်မှာ ငါပြောတာ ဘယ်တော့မှ မမေ့ခဲ့နေ့ဘ်"

ဒေဂါးက သူ့စကားကိုဖြတ်ပြီး

"ကဲ . . ဂျင်မီ၊ မင်းဒီမှာ ဩဝါဒတွေ လာပေးမနေနဲ့၊ ဒါ လန်ဒန်မဟုတ်ဘူး" ဆိုမှ သူငြိမ်သွားသည်။

"ကဲ . . လောထရက်၊ မင်းရဲ့ တခြားကားတွေကိုပြပါဦးကွ"

အောက်ခန်းထဲမှ ကားတွေကို ဒေဂါးတစ်နာရီကျော် ကြည့်သည်။ ထုံးစံအတိုင်း မကောင်းမြင်ဝါဒဖြင့် မှတ်ချက်တွေ ပေးသွား၏။

ပြန်ခါနီးမှ ဟင်နရီ့ဘက်ကို ဖျတ်ခနဲလှည့်ပြီး

"မင်းအသက် ဘယ်လောက်ရှိပြီလဲ လောထရက်"

"၃၂ နှစ်ပါ မွန်စီယာဒေဂါး"

"၃၂ နှစ် ဟုတ်လား၊ ငါ့ထက် မင်း ၃၂ နှစ်တိတိ ငယ်တယ်။ မင်းသိသလောက် မင်းအရွယ်မှာ ငါသိခဲ့ရင် သိပ်ကောင်းမှာပဲ။ ပြီးတော့ မင်းလို ဆောင်ကြာမြိုင်မှာ ခဏတဖြုတ်ဖြစ်ဖြစ်နေရဲတဲ့ သတ္တိရှိရင် သိပ်ကောင်းမှာ။ တကယ့်ဟန်ဆောင်မှုကင်းတဲ့ ဘဝမျိုးပဲ"

သူ့မျက်လုံးတွေ ရီဝေဝေဖြစ်သွားသည်။ သူ့အသံက နူးညံ့လာ၏။

"မင်းပါသွားပြီ လောထရက်၊ မင်းပါသွားပြီ။ ကမ္ဘာပေါ်မှာ လူ့ခွစာပန်းချီဆရာ ၆၀ ထဲမှာ မင်းပါသွားပြီ။ ပြောစရာရှိတာကို စုတ်ငါးချက်နဲ့ ပြောဖြစ်သွားတဲ့ လူတွေလေ"

ပြောပြီးလှည့်ထွက်သွားသည်။ ဝှစ္စလာက နောက်မှ လိုက်သွား၏။ အဘိုးကြီးနှစ်ယောက် ညအမှောင်ထဲတွင် ပျောက်ကွယ်သွားသည်။

"ကဲ . . တို့ ညစာထွက်စားကြရအောင်"

ဟင်နရီက အဆိုပြုသည်။ မောရစ်က ငြင်းသည်။

"ဒီည ငါအချိန်ရမှာမဟုတ်ဘူး ဟင်နရီ၊ ဘုရင်တစ်ပါးက ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com

ကားဝယ်သွားတဲ့သတင်းကို ဝေဖန်ရေးဆရာတွေဆီ ဒီည အရောက်ပို့ပေးရမယ်။ ကိုယ့်လူ ဒါဟာ ဧရာမ သတင်းကြီးနော်"

သည်တော့ ဟင်နရီတစ်ယောက်တည်း ညစာစားရတော့ သည်။ ဘားပြီးတော့ ဖိုးလစ်ဘာဂျာသို့ဝင်သည်။ ပြဇာတ် ပထမပိုင်း၏ နောက်ဆုံးခန်းကို ဇာတ်ရုံတစ်ဘက်ထောင့်မှထိုင်ကြည့်သည်။

ဇာတ်ရုံမှ ထွက်လာတော့ အနီးဆုံး ဆိုင်ကလေးတွင် ဝင်ပြီး ဘီစ်ခွက်လောက်ချဖို့ ဆုံးဖြတ်လိုက်သည်။ ကဇာတ်ရုံမှ ဝန်ထမ်းတွေ ဖွင့်ထားသည့် ဆိုင်ကလေးဖြစ်၏။

မင်းသား မင်းသမီးတွေ နားချိန်တွင် လာထိုင်လေ့ရှိသည့် ဆိုင်ကလေး၊ ယိမ်းသမကလေးတွေများလည်း အတွဲကိုယ်စီဖြင့် ရောက်လာတတ်၏။ ကော်ဖီမှာပြီး သူတို့အဝတ်လဲခန်းဆီသို့ သုတ်ခြေတင်တတ်ကြ၏။

ဒုတိယကော့ညက်ခွက်သောက်နေစဉ် ချိန်းထားသည့်ကိစ္စတစ်ခုကို သတိရသည်။ သည်ည ပိုလျှနှင့်ချိန်းထားသည်ပဲ။ အယ်ရာဒီဇာတ်ရုံကို ရောက်တော့ နောက်ဆုံးအပိုင်ကို သီဆို အဆုံးသတ်နေသည့် မင်းသမီးကို တွေ့ရသည်။

အဝတ်လဲခန်းထဲတွင် မိတ်ကပ်တွေ ဖျက်နေရင်း ပိုလျှက "တော်သေးတာပေ့ါ။ မေ့များ မေ့နေပြီလားလို့၊ ကဲ . . ကျွန်မဘယ်လို ပုံစံနဲ့ ထိုင်ပေးရမလဲ ပြော၊ မင်းသမီးတစ်ယောက်ဟာ အမြဲတမ်း ကြော်ငြာလိုတယ်ရှင့်၊ ကျွန်မတို့နဲ့ ဒီည မက်ဇင်မှာ ဆုံမလား"

ဂီတ ခန်းမဆောင်ကြီးထဲတွင် ပိုလျှ၏ ပုံကြမ်းဆွဲပြီးတော့ သန်းခေါင်ကျော်နေပြီ။ ချက်ချင်းစခန်းသိမ်းပြီး လစ်ထွက်ခဲ့၏။

"ရစ်ချ်ကဖေးကို ၅ မိနစ်အတွင်း ရောက်အောင်မောင်းဗျာ။ ချိန်းထားတာ ရှိလို့"

*

ရှင်ချ်ကဖေးသည် ပြဇာတ်၊ ကဇာတ် လောကသားအားလုံး၏ ဆုံစည်းရာဖြစ်၏။ မျက်နှာတွင် မိတ်ကပ် အကြွင်းအကျန်များနှင့် စားကြသောက်ကြသည်။

အတင်းအဖျင်းခန်းမှ စာနယ်ဇင်းသတင်းထောက်များ ပေါ်လာတတ်ပြီး မှတ်စုစာအုပ်ထဲတွင် ဟိုမှတ်သည် ရေးလုပ်တတ်ကြ၏။

"ဂျိန်းဟော့ အရမ်းဆာနေပြီ ဟင်နရီ"



ဂျိန်းအေဗရီက သားမွေးဦးထုပ်ကိုဆွဲချွတ်ပြီး လက်အိတ်တွေပါချွတ်ရင်း ပြောလိုက်သည်။ ပြီးတော့ သူ့အတွက် ဟင်းလျာတွေ မှာသည်။

"ဟင်နရီကော ဘာစားမှာလဲ" ဟု မေး၏။

ဟင်နရီက စားပွဲထိုးကို "ငါ့အတွက် ဘရန်ဒီပဲ ယူခဲ့ပါကွာ" ဟု ဆိုသည်။

"ဟာ. . ဟင်နရီ၊ တစ်ခုခုစားဦးလေ၊ ကြည့်ပါဦး . . ပိန်လိုက်တာ၊ အရိုးပေါ် အရေတင်နေပြီ။ ကြက်ဥမွှေကြော် ယူခဲ့ပါကွယ်"

"ဒါဆို ဘရန်ဒီ နှစ်ပက်ဟော့"

စားပွဲထိုးကို လှမ်းပြောပြီး တဆက်တည်း

"ကဲ . . မရွှေဂျိန်း၊ ပြော . . ဘာလုပ်ပေးရမလဲ၊ ပိုစတာတော့ မဆွဲနိုင်းနဲ့နော် တော်ပြီ"

စီးကရက်ထုတ်ညှိတော့ သူ့လက်တွေ တုန်နေကြောင်း ဂျိန်း သတိပြုမိသည်။

"ဟင်နရီရယ် အရက်ဖြတ်ပါတော့လားဟင်"

ဂျိန်း၏ မျက်နှာသွယ်သွယ်ကလေးတွင် တကယ်စိတ်ပူနေပုံ ပေါ်လျက်ရှိသည်။

"ဒီလိုဆက်သွားလို့ ဘယ်ဖြစ်မှာလဲ၊ ဘာမှ မစားဘဲ တသောက်ဘည်း သောက်နေတာပဲ"

"ဟာ. . ဒုက္ခပါပဲကွာ၊ မင်းလဲ အားလုံးနဲ့အတူတူပါပဲလား။ တစ်ယောက်ယောက်က ကိုယ့်ကို တရားမပြောဘဲ ၁၀ မိနစ်လောက် အေးအေးဆေးဆေးနေရတယ်ကို မရှိဘူး။ ဒီမယ် ဂျိန်း၊ မင်းကို ကိုယ်ချစ်ပါတယ်၊ မင်းက လှတာကိုး။ တို့ သူငယ်ချင်းတွေလို နေခဲ့ကြတာလဲ ကြာပြီ၊ ဒါပေမဲ့ ကိုယ်အရက်သောက်တာကို နောက်တစ်ခါ ပြဿနာလုပ်ရင် မင်းရဲ့ သွားပုလဲကလေးတွေ ကျွတ်ထွက်ကုန်အောင်ကို လက်သီးစာ ကျွေးပစ်မယ်၊ ကဲ . . ပိုစတာအကြောင်း ဆက်ပြော၊ မင်းမှာ မလိုပါဘူး၊ ကိုယ်ရေးပေးထားတဲ့ ပိုစတာကောင်းနေသားပဲ"

"ဟင့်အင်း . . မကောင်းပါဘူး"

ဂျိန်းက သူ့ကို ရီဝေဝေမျက်လုံးများဖြင့် ငေးကြည့်နေသည်။ သူ့ကို အရက်ဖြတ်ဖို့ မည်သူ တတ်နိုင်မည်မဟုတ်တော့ပါ။ ပြောနေ၍ သည်း အကြောင်းထူးတော့မည်မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနွေဦးပေါက်ရင် ဂျိန်းအင်္ဂလန်သွားမလို့၊ အင်္ဂလိပ်တွေ ဂျိန်းကို ဂရုတစိုက်ဖြစ်လာအောင် ထူးထူးခြားခြား လုပ်ချင်လို့ပါ သူငယ်ချင်းရယ်။ နော် . . သူများတွေအတွက် ရေးပေးနေပြီး ဂျိန်းအတွက်ကျတော့ . ."

"၁၂ ကားလောက်ပါပဲကွာ၊ ပုံကြမ်းတွေကတော့ အများကြီးပေါ့"

"ဂျိန်းလိုချင်တာ ပန်းချီကားမဟုတ်ဘူး၊ ပိုစတာ။ လုပ်ပါ ဟင်နရီ ရယ်၊ လန်ဒန်ခရီးဟာ ဂျိန်းအတွက် သိပ်အရေးကြီးနေလို့ပါ။ အဲဒီမှာ အောင်မြင်ရင် ဂျိန်းရဲ့ မန်နေဂျာက နောက်နှစ်မှာ နယူးယောက်ကို ပို့ပေးမယ်တဲ့။ ဟင်နရီ့ပိုစတာက ကံလိုက်တယ် သိလား။ ယဗက်ဂူးယ်ဘတ်ကိုကြည့်လေ၊ ပြီးတော့ မေမီလ်တန်၊ နောက်မေဘဲလ်ဖို့၊ အဲဒီ ခြေနှစ်ယောက်စလုံး အလကားဟာတွေ။ ဘဲလ်ဖို့က သွားလေရာ ကြောင်ကလေးတပိုက်ပိုက်နဲ့၊ 'ဒီမှာ ကိုယ့်ကြောက်နက်ကလေး . . ကြည့်ပါဦး ကိုယ့်ကြောင်လေးကို . . ' ဒါပဲ ပြောတတ်တာ။ ဘာရယ်တာလဲ"



ဟင်နရီက မေဘဲလ်ဖို့၏ အသံတုလုပ်ပြောနေသည်ကို သဘောကျသဖြင့် ရယ်ပြီး

"ဘာမှ မဟုတ်ပါဘူး၊ မိန်းမတွေသာ မရှိရင် လောကကြီး ဘဝ်ခုလုံး တိတ်ဆိတ်နေမှာပဲလို့ တွေးမိလို့လေ။ ကဲ . . မေဘဲလ်ဖို့ကို ခဏထားပြီး စားကော့လေ၊ မင်းဆာတယ်ဆို စွတ်ပြုတ်ပူပူလေး သောက်လိုက်"

ဂျိန်းစားနေသည်ကို ဟင်နရီက မျက်တောင်စင်းပြီး မြတ်မြတ်နိုးနိုး ငေးကြည့်နေသည်။

"မင်း လျှောက်ခဲ့တဲ့လမ်းက ခရီးရှည်ကြီးပဲ ဂျိန်း။ ပြန်စဉ်းစားကြည့်ပါ၊ လွန်ခဲ့တဲ့ ငါးနှစ်ခြောက်နှစ်က မင်းဟာ လေရဟတ်နီမှာ ယိမ်းသမဘာဝပဲရှိသေးတယ်၊ ခု အသက် ၂၉ နှစ်မှာ မင်းနာမည်ကျော် မင်းသမီးဖြစ်နေပြီ။ ဘာလို့ သိပ်လောဘကြီးနေတာလဲ"

"ဘယ်က ၂၉ နှစ်ရမှာလဲ၊ ဂျိန်းအသက် ၂၅ နှစ်ပဲ ရှိသေးတယ်"

"၂၅ နှစ် ဟုတ်လား၊ မဖြစ်နိုင်တာ။ ကိုယ့်ကို မင်းပြောတုန်းက ၁၈၆၈ ခုနှစ်မှာ မွေးတာဆို"

ဂျိန်းက အရှုံးမပေးဘဲ အပြုံးကလေးနှင့်

"အို . . မသိဘူး၊ ဂျိန်းအသက် အစိတ်ပဲ။ လွန်ခဲ့တဲ့ လေးနှစ်ကတည်းက အစိတ်ထဲရောက်တယ်၊ အဲဒီအရွယ်မှာပဲ ဂျိန်းခဏ ဆက်နေချင်သေးတယ်"

သူတို့နှစ်ယောက်သည် မိတ်ဟောင်းဆွေဟောင်းများဖြစ်လို့ ရှေးဖြစ်နောက်ကြောင်းတွေ ပြန်ပြန် ပြောဖြစ်ကြသည်။

"လွန်ခဲ့တဲ့ အပတ်ထဲက မောင်မတ်ကို ဂျိန်းပြန်ရောက်သွားတယ်၊ တော်တော် ပြောင်းလဲသွားပြီနော်၊ ဟာ . . ကြက်ဥမွှေကြော်စားဦးလေ ဟင်နရီ။ ဆာဆာ မဆာဆာ စားကွာ၊ မောင်မတ်မှာ ကမ္ဘာလှည့်ခရီးသည်တွေ အများကြီး လာကြတယ်နော်၊ အရမ်းစည်ကားနေပြီပဲ"

"ဟုတ်တယ်၊ မဒမ်လူဘေးကြောင့် မဟုတ်ရင် ကိုယ်ပြောင်းပြေးတာကြာပြီ၊ အဘွားကြီးနဲ့ ကိုယ်နဲ့လဲ အနေကြာလာတော့ သံယောဇဉ် . ."

"ဟောဟိုမှာ လာပါပြီတော်၊ သူအပိုင်ချိုင်ထားတဲ့ဟာကြီးနဲ့"

ဂျိန်းက ဝင်လာသည့် မေဘဲလ်ဖို့နှင့် သူ့အတွဲကိုပြုံးပြီး လတ်ပြရင်း ဟင်နရီ့ကို တိုးတိုးပြောလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင်နရီက လှည့်မကြည့်ဘဲ ခေါင်းငိုက်စိုက်ချပြီး အတွေးနက်နေသည်။ ဟုတ်ပါသည်။ မောင်မတ်သည် အပြောင်းလဲကြီးပြောင်းလဲခဲ့လေပြီ။ ကမ္ဘာကြီးနှင့် ဝင်ဆံ့နေပြီ။ ပါရီ ညအလှသည် ယခုအချိန်တွင် တစ်ကမ္ဘာလုံးနှင့် ဆက်နွယ်နေသည့် မောင်မတ်ညအလှဖြစ်နေပြီ။

အဟောင်းတို့၏နေရာတွင် အသစ်များ အစားဝင်နေပြီ။လေလီပိတ်လိုက်ရပြီး မူးယစ်ဆေးဝါးနှင့် မိန်းကလေးတွေ အပေါ်ဆုံးနေရာဖြစ်နေပြီ။

"ဘာတွေ စဉ်းစားနေတာလဲ၊ မွေ့ကြော်စားပါလို့ ဆိုနေ"

"ကိုယ် စဉ်းစားနေတာ ဂျိန်း၊ အစကသာ ပြန်စလို့ ရစတမ်းဆိုရင် လေရဟတ်နီ ပိုစတာကို လုပ်ဖြစ်မှာမဟုတ်ဘူး။ ဇစ်ဒလာကို ကူညီဖြစ်ခဲ့ပေမယ့် ပြဿနာတွေအများကြီး . ."

ဂျိန်းက နာရီကို ဖျတ်ခနဲမော့ကြည့်ပြီး

"ရော် . . ဂျော့ဂျက်စ် ဘယ်ရောက်နေပါလိမ့်၊ ပွဲပြီးရင် ဒီမှာလာစောင့်မယ် ပြောပြီးတော့"

"ဘယ်သူလဲ ဂျော့ဂျက်စ်ဆိုတာ၊ အဲလ်ဘတ်က ဘာဖြစ်လို့တုံး"

"အဲလ်ဘတ်လား၊ သူ့အကြောင်းကို လုံးဝမကြားချင်တော့ဘူး ဂျိန်းကို ချစ်လှပါချေရဲ့ဆိုပြီး ဟိုကောင်မလေးနဲ့ . . . ."

ဟင်နရီက ရယ်ချင်ပက်ကျိဖြင့် နားထောင်နေရသည်။ အင်း . . အသစ်တစ်ယောက်နှင့် သူတွဲနေပြန်ပြီကိုး။ တော်တော်ထူးဆန်းသည့် ဂျိန်း။ သုံးလတစ်ယောက်နှုန်းလောက်ဖြင့် ချစ်သူပြောင်းသည်။ မပြောင်းမချင်း အားလုံးအပေါ်တွင် သစ္စာရှိရှိချစ်သည်။ ပန်းချီနှင့်စာပေကို မြတ်နိုးသူဖြစ်၍ သူ့ချစ်သူများထဲတွင် ပန်းပုဆရာပါသည်။ စာရေးဆရာ ပါသည်။ သီချင်းရေးဆရာပါသည်။

". . ဒါပေမဲ့ ဂျော့ဂျက်စ်က တစ်မျိုး ဟင်နရီရဲ့၊ သူက စာရေးဆရာပေမယ့် ဘယ်သူနဲ့မှ မတူဘူး။ သူ့စာအုပ် တစ်အုပ်မှတော့ မထွက်သေးဘူးပေါ့လေ၊ ဒါပေမဲ့ ကြည့်နေ၊ သူ အောင်မြင်မှာ"

အချစ်သစ်အကြောင်း ပြောနေစဉ် သူ့မျက်နှာကလေးမှာ ဝင်းပ ရွှန်းစိုနေ၏။ တကယ်ပင် အသက်အစိတ်ထက် ပိုသည်မထင်ရ။

"ဒီတစ်ခါ တကယ်ပြောတာ ဟင်နရီ၊ ကျန်တာတွေက အလကားဖွဲ့တွေပါ။ သူတို့ကို ဂျိန်း ချစ်တယ်ထင်ခဲ့တယ်၊ မဟုတ်ဘူး ခုမှ ဂျိန်း အချစ်နဲ့တွေ့တာ"



ဟင်နရီက ပြုံးပြီး

"ဒီမယ် ဂျိန်း၊ မင်းနဲ့ကိုယ်နဲ့ သိလာကြတာ ကြာပြီနော်။ မင်းဟာ အတော်ဆုံး မိန်းကလေးပါ၊ ဒါပေမဲ့ မင်းဟာ ပေါ့ပေါ့တန်တန် မိန်းကလေးလား၊ ရမ္မက်ရဲ့ သမီးပျိုလားဆိုတာ ကိုယ်ခုထိ မခွဲခြားတတ်ဘူး"

"အို . . ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ ဂျိန်းနှစ်နှစ်ကာကာ ချစ်တယ်၊ လက်ထပ်ဖို့အထိ ရည်ရွယ်ထားတယ်"

"ဟေး . . ဒါတော့ သတိထားနော်၊ အိမ်ထောင်ပြုတယ် ဆိုတာ အချိုပွဲအရင်ချပေးတဲ့ ပျင်းစရာ ထမင်းဝိုင်းကြီးပါကွာ။သတိထားနော် ဂျိန်း . . နောင်တရမယ့်အလုပ်မျိုးတော့ မလုပ်သင့်ဘူး၊ ကိုယ်နဲ့ မတိုင်ပင်ဘဲ ဘာမှ မလုပ်ပါဘူးလို့ ကတိပေးပါ ဂျိန်း"

"ကတိပေးပါတယ် ဟင်နရီရယ်"

ဂျိန်းက စီးကရက်တစ်လိပ်ထုတ်ညှိပြီး အားရပါးရရှိုက်လိုက်သည်။ ခဏတွေနေပြီးမှ နူးညံ့ညင်သာသည့် အသံကလေးဖြင့်

"ဟင်နရီ . . ဘာလို့ ဒါလောက် သောက်နေတာလဲ၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံနေတာလားဟင်"

"တော်ပါတော့ ဂျိန်းရယ်၊ ကိုယ်တောင်းပန်ပါတယ်ကွာ။ ကိုယ်သိပါတယ်၊ ကိုယ်သောက်တာများလွန်းတယ်ဆိုတာ ကိုယ်နားလည်ပါတယ်။ ဒါပေမဲ့ မင်းလဲ ဘာမှလုပ်မပေးနိုင်ဘူး၊ ဘယ်သူမှလဲ လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ ကိုယ် ရပ်ပစ်ချင်ပါတယ်၊ ဒါပေမဲ့ ရပ်လို့မရတော့ဘူး ဂျိန်း"

ဂျိန်းက အောက်နှုတ်ခမ်းလေး ကိုက်ပြီး အတွေးနက်နေသည်။ အရုပ်ဆိုးလှစွာသော သူ့မျက်နှာကို ငေးကြည့်နေရင်း မေးလိုက်သည်။

"ဟင်နရီ . . တစ်ကိုယ်တည်း ဘဝဝေဒနာကို အပြင်းအထန်ခံစားနေရတာ မဟုတ်လား"

ဂျိန်း၏အသံတွင် ကရုဏာအပြည့် ပါနေ၏။

"မဟုတ်ပါဘူးလို့ မငြင်းနဲ့ ဟင်နရီ၊ အဲဒီ ဝေဒနာအရိပ်ဟာ ဟင်နရီရဲ့ မျက်နှာပေါ်မှာ အထင်းသားပေါ်နေတယ်။ ဂျိန်းလေ . . ဂျိန်း ကူညီနိုင်ရင် သိပ် . ."

မျက်လုံးအပြူးသားနှင့် ဂျိန်းစကားပြတ်သွားသည်။ တစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



ကို စိုက်ကြည့်နေ၏။ နီစွေးစွေး နှုတ်ခမ်းကလေးများ ကွေးညွတ်သွားသည်။ ပြီးတော့ ဗလုံးဗထွေးစကားလုံးများ ထွက်လာ၏။

"ကြည့်စမ်း . . မိုင်ရီယမ် . . မိုင်ရီယမ် . . ဘာလို့ စောစောက သတိမရမိပါလိမ့်"

"မင်း ဘာတွေ ဆီမန်းမန်းနေတာလဲ ဂျိန်း"

"ဩော် . . ဘာမှ မဟုတ်ပါဘူး၊ တစ်ခုသွားသတိရလိုက်လို့ပါ"

*

ရစ်ချ်ကဖေးထဲမှ ဂျိန်းတို့စုံတွဲနှင့် ရှေ့ဆင့်နောက်ဆင့် ထွက်လာတော့ မနက် ၂ နာရီ ထိုးပြီ။

ရထားတစ်စီးတားပြီး လူငယ်ရထားသမားကို ဘောက်ဆူး အရင်ပေးလိုက်သည်။

"မက်ဇင်ကို မောင်းကွာ၊ အေးအေးဆေးဆေးသာ မောင်း၊ အရင်မလိုဘူး"

လူသူကင်းမဲ့ တိတ်ဆိတ်နေသည့် လမ်းပေါ်သို့ ရထားမောင်းထွက်သွားသည်။ ဒူးပေါ်သို့ ခေါင်းလျှမ်းပြီး လက်နှစ်ဖက်ကို ကုတ်အကျႌအိတ်ထဲ ထည့်ထားလိုက်ပြီးထောင့်ကပ် မှီလိုက်သည်။ တော်ပါသေးရဲ့ . . သည်ည သိပ်မအေး။ မက်ဇင်မှထွက်လျှင် အိုင်ရစ်ရှ် အမေရိကန် အရက်ဆိုင်သို့သွားမည်။ ညများတွင် သည်လိုကျင်လည်ခဲ့သည်မှာ ၅ နှစ် ကျော်ခဲ့ပြီ။ ရထားစီးခဲ့သည့် ခရီးကို ဆန့်လိုက်လျှင် မိုင်ထောင်ချီရှိမည် ထင်၏။

တစ်နေရာတည်းတွင် အတည်တကျ၊ ကျောက်ချမနေနိုင်သည့် လူမျိုးတို့၏ သဘာဝ ဖြစ်မည်ထင်၏။ ဂေါ်ဂင်လို လူမျိုးလေ။

အင်း . . ဂေါ်ဂင်၊ ဂေါ်ဂင်။ သည် ၅ နှစ်တာအတွင်း သတိရစရာများထဲတွင် ဂေါ်ဂင်လည်းပါသည်ပေါ့။ အပြာရောင် ရင်ခွဲ ကုတ်အကျႌ၊ အဝါရောင်ခါးတိုကုတ်နှင့် လက်အိတ်အဖြူကိုစွပ်၍ လက်ကိုင်တွင် ပုလဲစီထားသည့် လမ်းလျှောက်တုတ်ကို ဝှေ့ကာ ဝှေ့ကာဖြင့် လမ်းမကြီးတစ်လျှောက်တွင် ဟန်ပါပါလျှောက်နေတတ်သည့် ဂေါ်ဂင်။

ဦးလေးတစ်ယောက်ဆီမှရသည့်အမွေ ဖရန့် ၁၃၀၀၀ ဖြင့် ပါရီပန်းချီလောကတွင် သူ မွေ့နေချိန်။ တဟီတီမှ ရေးလာသည့် ကားတွေ၊ သူ့စတူဒီယိုထဲမှ လက်ဖက်ရည်ဝိုင်းတွေ၊ သူ စုထားသည့် ရှေးဟောင်းပစ္စည်း ဘုစုခရုတွေ . .။



နောက်တစ်ခု မှတ်မိနေသေး၏။ နှစ်နှစ်ကြာပြီး သူ့ကို လမ်းဘေးအရက်ဆိုင်ကလေးတစ်ဆိုင်တွင် ပြန်တွေ့သည်။ အချိန်က မနက် ၂ နာရီ။

လက်အိတ်နှင့် ကုတ်အကျႌနှင့်မဟုတ်တော့။ အရက်ခွက်တွင် ခေါင်းတိုက်ပြီး စားပွဲပေါ်တွင် ငိုက်စိုက်။

ရက်အနည်းငယ်အတွင်း သူ၏အဝါရောင် ကမ်းခြေရှိရာ သဘာဝအလှပိုင်ရှင်ကလေးများရှိရာသို့ သူထွက်ခွာဦးမည်။ သည် တစ်ခါ ညစာ စားပွဲကြီးတွေ မလုပ်နိုင်တော့၊ မိန့်ခွန်းတွေ မခြွေနိုင်တော့။

သူ့တွင် ပိုက်ဆံဆို၍ ခြူးတစ်ပြားမှ မကျန်တော့။ အသက် ၅၀ အရွယ်တွင် စုတ်ပြတ်နေပြီ။ ဖရန့် ၁၃၀၀၀ ကုန်သွားပြီး ဒဏ်ရာတစ်ခုသာ သူ့မှာအဖတ်တင်သည်။ ခြေသပ္ပတ်တိုင်လည်သွားခြင်းဖြစ်သည်။ ပြီးတော့ ဘဝလက်ကျန်အပိုင်းကို မည်သို့ အဆိပ်ခတ်ရမည်ဆိုသည့်အသိ ဝင်လာခြင်း။

သနားစရာကောင်းသည့် ဂေါ်ဂင်ပေပဲ။ မိမိလည်း သူနှင့်ဘာထူးလို့လဲ၊ မရနိုင်သည့် အရာကို တောင့် တနေခြင်းမျိုး၊ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်သည်။ ငါ ခု ဘာလုပ်နေတာလဲ။

"ဟော . . ဆရာ၊ မက်ဇင်ကိုရောက်ပြီလေ၊ သီချင်းသံတွေ မကြားဖူးလား"

ဆင်းမည်လုပ်ပြီးမှ စိတ်ပြောင်းသွားသည်။ မသွားတော့ပါဘူး၊ ဒိုလျဲတစ်ယောက် ဘာမှပြောမည်မထင်ပါ။ စင်စစ် သူလာလာ၊ မလာလာ ပိုလျဲ သိပ်ဂရုစိုက်တော့မည် မထင်ပါ။

"မဆင်းတော့ဘူးကွာ ဆက်မောင်း"

"ဘယ်ကိုမောင်းရမှာပါလဲ မွန်စီယာ"

"ဘယ်ဖြစ်ဖြစ်၊ ဆိပ်ကမ်းဘက်ဖြစ်ဖြစ်ပေါ့"

မျက်စိကို အသာမှေးပြီး မှိန်းလိုက်လာသည်။ မစဉ်းစားပါဘဲနှင့် အာကာချွန်ကို သတိရလာ၏။ လှေပေါ်တွင် ပက်လက်လှန်ပြီး နေရောင်ခြည်ကို မော့ကြည့် . . လှေနံရံကို လှိုင်းပုတ်သံကလေးက ချစ်စရာ။ အာကာချွန် . . အာကာချွန်သို့ရောက်သည့်နွေဦးကား မမေ့နိုင်စရာ။ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းဖွယ် သတိရစရာများ။ နံနက်ခင်းနေရောင်ခြည်တွင် သစ်လွင်တောက်ပနေသည့် ပင်လယ်ကွေ့။ နေဝင်ချိန်တွင်တော့ နှင်းဆီရောင် ပြေးနေတတ်၏။ လသာညများတွင်ကား . . .

www.burmeseclassic.com

www.burmeseclassic.com



အင်း . . မကြာခင် နွေရောက်တော့မှာပါလား။ လောလော ဆယ်တော့ ဆောင်းကာလကို ဖြတ်သန်းရဦးမည်။

တော်ပါသေးရဲ့၊ ပြပွဲ ချောချောမောမောပြီးသွားသည်။ သို့သော် နောက်ရက်များတွင် မောရစ်နှင့် မတွေ့တော့။ သူအလုပ်တွေ အရမ်း များနေ၏။ ပြီးတော့ ရီးနီလည်း ရှိနေပြီ မဟုတ်လား။

အလုပ်ပိတ်ရက်တွေ ကုန်ဆုံးလျှင် ဂျိန်း၏ ပိုစတာ လုပ်ပေး ရဦးမည်။ ဖလော်ဘာလန့်ချ်ကို သွားရကောင်းမလား၊ မဒမ်လူဘေးမှာ စိတ်ပူနေမည်လား၊ သူက မေမေ့ထက်ပင် အပူအပင်ကြီးတတ်သူ။

မျက်စိဖွင့်ကြည့်တော့ အမှောင်ရိပ် မပြယ်သေး။ သို့သော် လင်းလုလု နံနက်ဆည်းဆာချိန်ထဲသို့ တစတစဝင်နေပြီ။ စိန်းမြစ်၏ ဟိုမှာဘက်မှ နိုထရီဒမ် ဘုရားရှိခိုးကျောင်းကြီးကို ရေးရေးမြင်နေရပြီ။

"မော်လင်လမ်းက မဒမ်ပိုတီရွန်ရဲ့ ဖလော်ဘာလန့်ချ်ကို မောင်းဗျာ"

ရောက်တော့ သေသေသပ်သပ် ခေါက်ထားသည့် မျက်နှာ သုတ်ပဝါတွေ အထပ်လိုက်ပုံထားသည့် ကောင်တာတွင်ထိုင်နေသော ဘာ့သ်ကို အသင့်တွေ့ရသည်။ တစ်ပတ်နှစ်ပတ်နေမည့်အကြောင်း ပြောတော့ ဘာ့သ်မျက်နှာ ဝင်းထိန်သွားသည်။ လက်ထဲမှ ထိုးလက်စ သိုးမွေးထည်ကို ဘေးချပြီး ဘာ့သ်က သူ့ကို သေသေချာချာကြည့်သည်။

"အရမ်းပိန်သွားတာပဲ ဟင်နရီရယ်"

အက်ဒရင်းနှင့်သူ့အတွဲကို ဒိုဘီကျ မျက်နှာသုတ်ပုဝါနှစ်ထည် ကမ်းပေးပြီး သူတို့သွားတော့ ဘာ့သ် စကားဆက်သည်။

"လျှောက်ပြီး တေပေမနေပါနဲ့တော့လား ဟင်နရီရယ်၊ ကောင် မလေးတစ်ယောက် ပို့ပေးလိုက်ရမလားဟင်"

"ကျေးဇူးပဲ ဘာ့သ်၊ မလိုသေးဘူး။ကိုယ် အိပ်ရေးဝအောင် အိပ် လိုက်ဦးမယ်။ နိုးတာနဲ့ ထပြီး အလုပ်စမယ်"

ကျောက်သား လှေကားထစ်များကို နင်းတက်လာခဲ့သည်။ မဒမ် ပိုတီရွန်၏ ရုံးခန်းထဲဝင်ပြီး စကားစမြည်ပြောဖို့ စိတ်ကူးရသဖြင့် ဝင်သွား သည်။ မဒမ်သည် စာရင်းစာအုပ်ကြီးတစ်အုပ်နှင့် အလုပ်ရှုပ်နေ၏၊ နဘေးတွင် သူ့အချစ်တော်ခွေးကြီး တူးတူး အိပ်မောကျနေသည်။ ငိုထားပုံ ရ၏။

ဟင်နရီ့ကိုမြင်တော့ ဝမ်းသာအားရ ထကြိုသည်။



"မင်္ဂလာပါ မွန်စီယာ တူလုစ်၊ အလည်သက်သက်ပဲလား၊ နေဦး မှာလား"

မဒမ်ပိုတီရွန်သည် သဘာဝမိခင်၏ ဒဏ်ခတ်မှုကို ခံနေရသည့် ရုန်းစရာအမျိုးသမီးကြီးဖြစ်သည်။ အချင်းရှိပြီး အဆင်းမဲ့နေသည့် အမျိုး သမီးကြီး။ နှလုံးသားက ဖြူစင်သလောက် မျက်နှာက အကျည်းတန် လှသည်။ မိန်းမငယ်ကလေးတစ်ယောက်လို ဆံပင်ကို ဖဲပြားကလေးနှင့် ချည်ထား၏။ ယောက်ျားလုပ်သူကို ဆွဲဆောင်ဖို့ဖြစ်မည်ထင်၏။ သို့သော် ထိုသို့မျှ ကြည့်ပျော်ရှုပျော်ဖြစ်မလာပါချေ။ [1]

ဟင်နရီသည် မဒမ်၏ တစ်ဦးတည်းသော ဘဝတူ မိတ်ဆွေလို ဖြစ်နေသည်။ သည် ဒေါ်ကျည်းတန်၏ အထီးကျန်ဝေဒနာတွေကို ဟင်နရီ တစ်ယောက်သာ မျှဝေခံစားမည့်သူရှိလေသည်။

"အယ်လက်ဇန်ဒါးဟာ လူကောင်းပါကွယ် . . သိပ်သိမ်မွေ့ပြီး အဒေါ်အပေါ်မှာ သစ္စာရှိတဲ့ ခင်ပွန်းကောင်းတစ်ယောက်ပါ။ ဒါပေမဲ့ သူ့ခမျာ မပျော်ရှာပါဘူးကွယ်၊ အဒေါ် ဘယ်လို ကြိုးစား ကြိုးစား မအောင် မြင်ပါဘူး" ဟု သက်ပြင်းချရင်း ပြောလေ့ရှိသည့်မဒမ်။ အမျိုးသမီးကြီး ကို နှစ်သိမ့်စကားဆိုပြီး သူ့အတွက် ယူထားသည့် သီးသန့်ခန်းဆီသို့ ဘက်ကာ အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။ အိပ်ရာခင်းက အေးမြမြ။ ညဥ့်လေက ညင်းပျပျ။ ပြတင်းပေါက်မှ ခန်းဆီးတွေ ရွရွကလေး လွင့် နေ၏။ အခြားအခန်းတွေဆီမှ လှုပ်လှုပ်ရှားရှား ကလူကျီစယ်သံများ ကြား နေရ၏။ ပြီးတော့ သူအိပ်ပျော်သွားသည်။

နေအတော်မြင့်မှ နိုးလာ၏။ နဘေးတွင် အယ်လ်ဆာရောက် နေသဖြင့် အံ့သြသွားသည်။ အယ်လ်ဆာက ရှင်းပြ၏။

"တစ်ယောက်တည်း မအိပ်တတ်လို့ လာအိပ်တာလေ၊ လူစီက သုံးပေါက် အတွဲရထားလို့ မွန်စီယာရဲ့၊ အဲဒါနဲ့ ဒီကို လာအိပ်တာ"

ဗီယင်နာသူ အယ်လ်ဆာ [2] သည် တစ်ချိန်က မိန်းမချော ကလေး တစ်ယောက်ဖြစ်၏။ ယခုတိုင် အလှမပြယ်သေးပါ။ ယောက်ျား သားများနှင့် ပတ်သက်လျှင် အမြဲတမ်း ဝတ္တရားကျေပွန်သည်။ သို့သော် သူ့တွင် ဘာခံစားမှုမှ မရှိ။

[1] မဒမ်ပိုတီရွန်နှင့် သူ့ခင်ပွန်းသည်၏ပုံကို လောထရက် ဆွဲပေးခဲ့သည်။ [illegible] အာလ်ဗီ ပြတိုက်တွင် ပြထားသည်။

[2] လောထရက်၏ 'ဗီယင်နာသူအယ်လ်ဆာ' ပန်းချီကားသည် အာလ်ဗီ [illegible] သည်။

www.burmeseclassic.com

www.burmeseclassic.com

သည်မနက် အိပ်ရာပေါ်တွင် ခွေခွေကလေးအိပ်ပြီး စီးကရက်သောက်ရင်း ဟင်နရီ ပန်းချီဆွဲနေပုံကို သူငေးကြည့်နေသည်။ခြေထောက်နားမှပုလင်းကို ကောက်ယူတော့ မိန်းကလေးက လှမ်းပြောသည်။

"အဲဒီလောက် သောက်နေရင် သေမှာပေါ့ မွန်စီယာရယ်"

လက်သည်းဆိုးနေရင်း တည်တည်ငြိမ်ငြိမ်ပြောနေခြင်းဖြစ်၏။ အယ်လ်ဆာပြောသည်ကို ဟင်နရီလက်ခံသည်။ တစ်နေ့ သေရမည့်တူတူ ဘယ်နေ့ သေသေပေါ့။

သူတို့ ဗီယင်နာလှပပုံကို အယ်လ်ဆာက တသသ အိုင်ချင်းဖွဲ့နေ၏။ သူတို့ မိသားစုအကြောင်းနှင့် ၁၂ နှစ် သမီးအရွယ်တွင် ဦးလေးဖြစ်သူ၏ မတရားပြုကျင့်ခြင်းခံရပုံလည်း ပြောပြ၏။ သူ့လေသံတွင် နာကြည်းခံပြင်းမှုလုံးဝမပါ။ ဟင်နရီက သူ့ဘက်ငဲ့ကြည့်တော့ ခြေထောက်ကိုပွတ်နေသည်။ ခြေထောက်တွေကိုက်လာလျှင် မိုးရွာလိမ့်မည်ဟု သူက မိုးလေဝသဗေဒင် ဟောသေးသည်။

ပြီးတော့ သူ့ချစ်သူများအကြောင်းခံပြောသည်။ ရာသီဥတုပြောင်းတော့မည့်အကြောင်း ထပ်ပြောပြီး သူ့အခန်းထဲမှ ထွက်သွားသည်။ ညနေပိုင်းတွင် မိန်းကလေးတွေ သူ့အခန်းထဲ စုပြုံရောက်လာသည်။ အိပ်ချင်မှုံတူး ပုံစံတွေနှင့် တဝါးဝါးသမ်းသူက သမ်းလျက်။

ခုံမှထပြီး ကားကို သေသေချာချာပြန်ကြည့်သည်။ သူ့ ခုတင်ပေါ်တွင် စုပြုံရောက်နေသည့် ကောင်မလေးတွေက ဝတ်ရုံကြီးဝတ်ထားသည့် သူ့ကို ဘုန်းကြီးနှင့်တူသည်ဆိုပြီး ရယ်ကြသည်။

တစ်ဆက်တည်း ဘာသာရေးအကြောင်း သူတို့ ငြင်းခုံရင်းစကားများကြသည်။ ဘာမှ နားမလည်ဘဲ စွတ်ပြောနေကြခြင်း ဖြစ်၏။

သည်မြင်ကွင်းကို ဟင်နရီက ခပ်သွက်သွက် ပုံကြမ်း ကောက်ရေးသည်။ မာစယ်လ်ဆိုသည့် ကောင်မလေးအခန်းထဲ ဝင်လာပြီးဒိုဘီသမ[၁] ကတခြားအိမ်တစ်အိမ်မှ မျက်နှာသုတ်ပဝါအထုပ်နှင့် မှားပေးသွားကြောင်း သတင်းလာပို့သည်။

မာစယ်လ်က 'ငါတော့ သူများအိမ်က မျက်နှာသုတ်ပဝါမျိုး မသုံးဝံ့ပေါင်၊ ရောဂါပါလာရင် ဘယ်နှယ့်လုပ်မလဲ' ဟု ဝေဖန်သည်။ သည်ကိစ္စ ဝင်လာသဖြင့် စောစောက သူတို့ပြောလက်စ စကားဝိုင်းတို့ သူတို့ မေ့သွားကြပြီ။

---

၁။ လောထရက်၏ 'ခဝါသည်' ကားကို အာလ်ဗီပြတိုက် တွင်ပြထားသည်။



ကလီယိုက ဖဲထုပ်တစ်ထုပ်နှင့် ဖဲဗေဒင်မေးနေ၏။ ထိုစဉ်ဘာ့သ်ရောက်လာပြီး ညစာစားဖို့ခေါ်သည်။ ဟင်နရီက ဆေးစပ်ဖျဉ်ချပ်ပေါ်တွင် စုတ်တံတွေကို သုတ်ပစ်သည်။ ပြီးမှ အရက်တစ်ခွက် ငှဲ့သည်။ လက်တွေကို သေသေချာချာဆေးပြီး ကောင်မလေးတွေနောက်သို့ ထလိုက်သွားသည်။

အစားအသောက်တွေက လျှာရင်းမြက်လှသည်။ ဂေဟာကြီး၏ ထမင်းချက်မှာ အယ်လက်ဇန္ဒါးပိုတီရွှန်ဖြစ်၏။ ထမင်းချက်မငှားခြင်းမှာ ငွေရေးကြေးရေးကြောင့်မဟုတ်။ သူ့ဝါသနာနှင့် အချိန်တွေ ပိုနေခြင်းကြောင့်ဖြစ်၏။ သူသည် စိတ်ဓာတ်ကျနေသူတစ်ယောက် ဖြစ်သည်။ ကောင်မလေးတွေက သူ့လက်ရာကို ချီးကျူးလျှင် အမွေးအမျှင်မရှိသည့် သူ့မျက်နှာကြီးတစ်ခုလုံး ပြုံးနေတတ်၏။

ဟင်နရီသည် ဖလော်ဘရန့်ချ်ရိုပ်သာတွင် နေသခိုက် ကားတွေရေးဖြစ်သည်။ အရက်လည်း သောက်ဖြစ်၏။ ကောင်မလေးတွေနှင့် လည်းပျော်ဖြစ်၏။ ကောင်မလေးတွေကလည်း သူနှင့်ဆိုလျှင် အသား ကျနေပြီး သူ့ရှေ့တွင် အဝတ်လဲသည်၊ ရေချိုးသည်၊ သူတို့ဘဝအကြောင်း တွေ အိတ်သွန်ဖာမှောက် ပြောပြသည်။ ဘေဘီလုံခေတ်ကတည်းက ရှိခဲ့သည့် သူတို့ ယဉ်ကျေးမှုသည် ဘာမျှ ထူးထူးခြားခြား ပြောင်းလဲခြင်း မရှိပေ။ သူတို့စကားဝိုင်းများမှ ပန်းချီရေးကွက်တွေ အများကြီးရသည်။ မိန်းကလေးအချင်းချင်း၏ သံယောဇဉ်ကို ဖော်ကျူးဖြစ်သည်။[၁] လာမည့် တနင်္လာနေ့ကို သူတို့အသေအလဲ ကြောက်နေကြသည်။ သက်ဆိုင်ရာမှ ဆေးလာစစ်မည့်နေ့ မဟုတ်လား။

အိမ်မပြန်ခင် တစ်ညနေတွင် အယ်လက်ဇန်းဒါးပိုတီရွှန်နှင့် ဖဲကစားဖြစ်သည်။ မဒမ်၏ လင်တော်မောင်က 'မွန်စီယာ အိမ်ပြန်မယ်ဆိုတော့ ကျွန်တော်တို့ စိတ်မကောင်း ဖြစ်နေကြတယ်ဗျာ' ဟု ဝမ်းနည်းစကားဆိုသည်။

"ကျွန်တော်မပြန်ချင်ပါဘူး မွန်စီယာ၊ မိတ်ဆွေတစ်ယောက်ကို ပိုစတာရေးပေးမယ်လို့ ကတိပေးထားလို့ပါ"

"အင်းပေါ့လေ . . မွန်စီယာ တူလုစ်က ပြန်ချင်တဲ့အချိန် ထပြန်နိုင်တာပဲ။ မွန်စီယာက ကျုပ်တို့မိသာစုဝင်လို ဖြစ်နေပြီဗျ။ အင်း

---

၁။ ထိုစဉ်က ရေးဖြစ်သည့် The Kiss ပန်းချီကားကို လုဒ်ပြတိုက်တွင်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



. . ခင်ဗျားလဲ ဒီကောင်မလေးတွေကို ငြိုးငွေ့လှရောပေါ့၊ နေရာတကာ သူတို့ချည်းပဲ ပိုးဟပ်တွေ ကျနေတာပဲ"

သူက ဟင်နရီ့အရက်ခွက်ထဲကို ကော့ညက်ဖြည့်ပေးရင်း 'ကျုပ်တို့ ပက်ထရီကဖေးကို သွားကြရင် မကောင်းဘူးလား မွန်စီယာ' ဟု အဆိုပြုသည်။ ဖဲဝိုင်းကောင်းသည့် ဆိုင်ဖြစ်၏။

သူတို့ရောက်သွားတော့ ဝိုင်းကောင်းနေပြီ၊ ဆိုင်ရှင်မားရီးယပ်စ်က သူတို့နှစ်ယောက်ကို ပျူပျူငှာငှာကြိုသည်။ ဝိုင်းတစ်ဝိုင်းကို ခေါ်သွားပြီး ခုံလွတ်များတွင် နေရာချပေးရင်း သူပါ ဝင်ကစားသည်။ သူ့မျက်နှာ သိပ်မသာ။ ဟင်နရီတို့နှစ်ယောက်စလုံး ရှုံးကြသည်၊ ဟင်နရီက ဆိုင်ရှင် ကို ဂုဏ်ပြုစကားဆိုသည်။

"ခင်ဗျားနိုင်ပြန်ပြီ မားရီးယပ်စ်၊ ခင်ဗျား သိပ်ကံကောင်းတဲ့လူပဲ"

"ဒီနေရာမှာတော့ မွန်စီယာ မှားသွားပြီခင်ဗျ၊ ဖဲမှာ ကံကောင်းတဲ့လူဟာ အသည်းမှာ ကံမကောင်းဘူး ဆိုတဲ့ စကားပုံ ရှိတယ်လေ။ အဲဒါ ကျွန်တော့်အတွက် ကွက်တိမှန်တဲ့ စကားပုံပဲ"

သူက ပိုက်ဆံတွေ ရေတွက်ပြီး သားရေအိတ်ထဲထည့်ရင်း စကားဆက်သည်။

"ဒီနေ့အဖြစ်ပဲကြည့်လေ မွန်စီယာ၊ ကျွန်တော့်လောက် ကံဆိုးတဲ့လူ ကမ္ဘာမှာ ရှိမလားဗျာ။ ဒီနေ့ ဆေးအဖွဲ့ လာစစ်တယ်လေ၊ အားအကိုးရဆုံး ကောင်မလေးနှစ်ယောက် ဆေးကျသွားတယ်ဗျာ၊ လုပ်ကိုင်ကျွေးသောက်ရတာ အရင်လို မချောင်တော့ဘူးဗျ"

ဝိုင်းထဲမှ တစ်ယောက်က ဝင်ဆွေးနွေး၏။

"ကောင်မလေးတွေကလည်း ကောင်မလေးတွေပဲဗျ။ ဟိုတုန်းကလို မဟုတ်တော့ဘူး အလုပ်ကို သိပ်မလေးစားချင်တော့ဘူး၊ မကြိုးစားချင်ကြတော့ဘူး၊ ကိုယ့်အလုပ်ရှင် နာမည်ရအောင်လည်း မလုပ်ချင်ကြတော့ဘူး။ ၈၅ ခုနှစ်မှာ ဗစ်တာဟူးဂိုးသေတော့ ကျွန်တော့်ဆီက ကောင်မလေးတွေ ငိုကြ၊ ယိုကြ၊ အလျှုအတန်းတွေ လုပ်ကြသဗျ။ အဲဒီနောက်ပိုင်း ခိုင်းလို့ သိပ်မရချင်ကြတော့ဘူး"

နောက်တစ်ယောက်က သူ့အမြင်ကို ဝင်ပြောသည်။

"သူတို့အားလုံး ဆိုရှယ်လစ်ပါတီကို ထောက်ခံနေကြပြီလေ။ ဇူလိုင်လ ၁၄ ရက်နေ့တုန်းက သုံးရောင်ခြယ်တွေဝတ်ပြီး သူတို့ဆန္ဒကို ထုတ်ဖော်ခဲ့ကြတယ် မဟုတ်လား"

နောက် ဆိုင်ရှင် မားရီးယပ်စ်က လုပ်ငန်းခွင်အခက်အခဲ ရဲ့ ဆက်ဆံရသည့် ပြဿနာများကို ရှင်းပြနေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မနှစ်မြို့သည့် အမူအရာဖြင့် မဒမ်လူဘေး မီးလင်းဖိုထဲသို့ မီးသွေးတွေ ထည့်နေ၏။

"ပြန်လာမယ်ဆိုရင်လဲ အကြောင်းကြားတာ မဟုတ်ဘူး။ အား လုံးအဆင်သင့် လုပ်ထားပေးမှာပေ့ါ"

"စိတ်မဆိုးပါနဲ့ အဒေါ်ရယ်၊ တောပိုင်း ရောက်နေလို့ပါ။ အဒေါ် တစ်ယောက် အသည်းအသန်ဖြစ်လို့ သွားလိုက်ရတာလေ"

သူ ဘယ်မှာရှိနေသည်ကို မောရစ်ထံမှ မဒမ်လူဘေး သိထား ပြီးသားဖြစ်၏။ လမ်းပေါ်တွင် လျှောက်ဂလေရိုက်နေသည်နှင့်စာလျှင် တော်သေးသည်ဟု သဘောထားပြီး စောင့်နေခြင်းဖြစ်သည်။ သူ ခုလို ဖြီးတော့ မိမိ တစ်နည်းတစ်ဖုံ သိနေကြောင်း မဒမ်လူဘေး ပြချင်စိတ် ပေါက်လာ၏။

"အဲဒီမှာ စာတိုက်လဲ မရှိဘူး အဒေါ်ရဲ့၊ တကယ့် တောခေါင် ခေါင်နေရာ"

အဘွားကြီး မခံချိ မခံသာဖြင့် ခေါင်းဖောင်းနေသည်ကို သူမသိ၊ ဆက်ရှင်းနေ၏။

"တစ်ချိန်လုံး အဖျားက မကျတော့ ကျွန်တော် အိပ်ရာအနား က လုံးဝမခွာရဘူးအဒေါ်ရဲ့"



သူပြုံးဖြဲဖြဲပြောနေသည်ကို မဒမ်လူဘေးက မမြင်ယောင် ပြု နေရ၏။

"ဒါပေမဲ့ တောမှာနေရတဲ့ သုံးပတ်လုံးလုံး ကျွန်တော် ပျော် ပါတယ်၊ ကျွန်တော် ပြည့်ပြည့်တင်းတင်း ဖြစ်မလာဘူးလား"

မဒမ်က သမင်လည်ကြည့်ပြီး

"အင်း . . သိပ်တော့ အဆိုးကြီးမဟုတ်တော့ပါဘူး၊ ဒါပေမဲ့ သိပ်တော့ ပြည့်မလာသေးပါဘူး။ တောမှာ နေမကောင်းတဲ့ အဒေါ်ကို ပြုစုနေရတာ အိပ်ရေးတော့ ဘယ်သိပ်ဝမလဲနော်"

သိသိသာသာ သရော်သံစွက်ပြီး ပြောလိုက်ခြင်းဖြစ်၏။

"ဘာပဲဖြစ်ဖြစ် ပြန်လာမယ်ဆိုရင်တော့ အဒေါ်ကြိုသိသင့်တာ ပေ့ါ"

ဟင်နရီက ဆက်ချော့သည်။

"အဒေါ် ကျွန်တော့်ကို မအောက်မေ့ဘူးလား ဟင်။ ကဲ. . အဲဒီ မီးဖိုကို ထားလိုက်စမ်းပါဦး၊ ကျွန်တော့်အနား လာထိုင်စမ်းပါ အဒေါ် ရယ်"

မကျေမနပ်ပုံစံဖြင့် မဒမ်လူဘေး လျှောက်လာသည်။

"ကဲ . . လာ၊ ကျွန်တော့်အနားမှာထိုင်"

ဟင်နရီက မဒမ်၏ အင်္ကျီလက်မောင်းကိုဆွဲပြီး ထိုင်ခိုင်းလိုက် သည်။ အဘွားကြီးက မထိုင်ချင့် ထိုင်ချင် ပုံစံဖြင့် ဝင်ထိုင်သည်။

"မွန်စီယာ သွားနေတဲ့အချိန်မှာ လာလိုက်တဲ့ ဧည့်သည်တွေ မရေနိုင်ဘူး၊ အောက်ထပ်မှာ စာတွေလဲ တစ်ထပ်ကြီးပဲ"

"အို . . အဲဒါတွေ ထားလိုက်ပါ၊ ရော့ . . တောက ကျွန်တော် ဘာပါလာသလဲ ကြည့်"

သူက အိတ်ထဲမှ စက္ကူဘူးကလေးတစ်ခု ထုတ်ပေးလိုက်သည်။

"အို . . မွန်စီယာ တူလုစ်။ လုပ်ပြန်ပြီကွယ်၊ မလုပ်ပါနဲ့ ပြော ထားရက်နဲ့ . . "

စက္ကူဖာကလေးကိုင်ပြီး မဒမ်လူဘေး၏ အမူအရာမှာ ငိုချင် ရယ်ချင်ဖြစ်နေသည်။ ဖာကလေးကို ဖွင့်ကြည့်တော့ လှလှပပ သွေးထား ပြီး ကျောက်ကလေးတွေ စီခြယ်ထားသည့် ရင်ထိုးကလေး။

"အို . . ဘာလို့ ဝယ်လာရတာလဲ မွန်စီယာရယ်"

www.burmeseclassic.com

www.burmeseclassic.com



ငိုသံပါနှင့်ပြောရင်း အပေါ်အင်္ကျီမှ အိတ်ပေါင်းများစွာကို နှိုက်သည်။

ဟင်နရီက အညင်သာဆုံးပြုံးပြီး

“ရော့ . . ရော့၊ ဒါနဲ့သုတ်လိုက်” ဟု ပြောပြီး သူ့လက်ကိုင်ပဝါကို ထုတ်ပေးသည်။

“ကျွန်တော်က တောပြန်လက်ဆောင် ဝယ်လာတယ်၊ အဒေါ်က ဝမ်းသာရမယ့်အစား ငိုနေတယ်၊ မငိုပါနဲ့ အဒေါ်ရယ်”

သည်တော့မှ မဒမ်လူဘေး ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။ နိုင်ငံခြားတိုင်းပြည်တွေ သွားတုန်းကလည်း သူလက်ဆောင်တစ်မျိုးမျိုး မပါဘဲ ဘယ်တော့မှ ပြန်မလာ။ သူက တိုးညင်းသော လေသံဖြင့်

“မငိုပါနဲ့ အဒေါ်ရယ် . . အဒေါ် ဘာတွေ တွေးနေတယ်ဆိုတာ ကျွန်တော် သိပါတယ်။ အဲဒါတွေ တွေးနေရင် စိတ်မကောင်းစရာတွေချည်း ဖြစ်နေမှာပဲနော်၊ မငိုနဲ့တော့နော်”

မဒမ်၏ လက်တစ်ဖက်ကို ပုတ်ပြီး ပြောနေခြင်းဖြစ်၏။ ပြီးမှ ပန်းချီကားခုံဆီသို့ ထော့နင်းထော့နင်းလျှောက်သွားသည်။

“မဒမ်မွာဇယ်လ်အေဗရီ၊ တစ်နာရီအတွင်း ရောက်လာလိမ့်မယ် အဒေါ်၊ သူလာတဲ့အထိ ကျွန်တော်နဲ့ နေပေးနော်။ ကဲ . . ဘာသတင်းတွေ ထူးလဲ။ ပြောပါဦး”

မဒမ်က ရာသီဥတု ဆိုးဝါးကြောင်း၊ ဒုတိယထပ်က ကောင်မလေး အိမ်လခမပေးဘဲ လစ်သွားကြောင်း၊ လမ်းထဲတွင် အဖျားအနာတွေ များနေကြောင်း။

“ကျန်တာတွေကတော့ မွန်စီယာ တောမသွားခင် . . အဲ . . နေမကောင်းတဲ့ အဒေါ်ဆီမသွားခင်အတိုင်းပါပဲ”

မဒမ်လူဘေးက သတင်းစာလှမ်းယူပြီး မျက်စိမျက်နှာခပ်ပျက်ပျက်နှင့် ဖတ်နေသည်။

“အဒေါ် ဘာဖြစ်သွားတာလဲ၊ နေမကောင်းဘူးလား”

“ဒီလမ်းထဲမှာ လူသတ်မှုတစ်ခုဖြစ်တယ်တဲ့ မွန်စီယာ”

“ဘယ်မှာလဲ”

မဒမ်လူဘေးက အသက်မရှူနိုင်ဘဲ သတင်းစာဖတ်ပြသည်။



**အသိရခက်သည့်သွေးနှင့် မောင်မတ်ရပ်ကွက်မှ ရင်ခုန်သံများ**

မောင်မတ်ရပ်ကွက်မှ အောက်တန်းကျကျ ‘လွှန်း’ ဟိုတယ်တိုက်သည် ကြောက်မက်ဖွယ်လူသတ်မှုများ ဖြစ်ခဲ့ဖူးသည့် အစဉ်အလာရှိခဲ့သည်။

ရဲဘက်သိပ္ပံဓါတ်ခွဲခန်းအဆိုအရ လူသတ်မှုမှာ လွန်ခဲ့သည့် ရက်ပေါင်းများစွာက ကျူးလွန်ထားခဲ့ခြင်းဖြစ်ကြောင်း၊ သတင်းစာဖတ်ပရိသတ်၏ အကျိုးကို မျှော်ကိုးလျက် ကျွန်ုပ်တို့၏မှုခင်းဆိုင်ရာ ပါရဂူ မွန်စီယာ ပက်ပီတွန်က ယင်းထိတ်လန့်တုန်လှုပ်ဖွယ် ရာဇဝတ်မှုကို အချိန်ယူ၍ တစ်ဆင့်ပြီးတစ်ဆင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း . . .

မဒမ်လူဘေးက ဆက်မဖတ်ဘဲ ‘ကြောက်စရာကြီးနော်’ ဟု ရေရွတ်သည်။

မွန်စီယာပက်ပီတွန်အမှုလိုက်ပုံမှာ ယုတ္တိရှိလှသည်။ ရဲရင့်ထက်မြက်လှသည်။ ကြောက်မက်ဖွယ်ရာ အသေးစိတ်လှသည်။ မိန်းကလေးက တစ်ညတာရောင်းရသည့် အရောင်းပြေစာတွေ သူ့ကို ကမ်းပေးသည်။ သူက မိန်းကလေးကို နှေးကွေးလွန်းသည်ဟု ဆူပူကြိမ်းမောင်းသည်။ မိန်းကလေးက နေမကောင်းလို့ပါဟု အယူခံဝင်သည်။ ဤတွင် ဆိုင်ရှင်ကေးလက်သည် ဒေါသကြီးသူတစ်ယောက် ဖြစ်သည့်အလျောက် မိန်းကလေးကို လည်ပင်းကို ညှစ်ရင်း ညှစ်ရင်း လက်လွန်သွားခြင်းဖြစ်သည်။ လူသတ်သမားကို ယခုတိုင် ရှာမတွေ့သေး။ မကြာခင် ဖမ်းမိမည်ဟု ရဲက ပြောသည်။

“မြန်မြန်မိပါစေတော်၊ ခေါင်းဖြတ်အသတ်ခံရပါစေ” ဟု မဒမ်လူဘေးက မျက်မှန်ကို ပင့်တင်ပြီး ဒေါသတကြီးပြောလိုက်၏။

ထိုစဉ် တံခါးခေါက်သံနှင့်တူ ဂျိန်းအေဗရီ စတူဒီယိုထဲ ဝင်လာသည်။

“ဘာတွေ ဖြစ်နေတာလဲဟင်၊ တစ်လမ်းလုံး ရဲတွေ ရှုပ်ယှက်ခတ်နေတာပဲ၊ ဂျိန်းရဲ့ ရထားတောင် ကံကောင်းလို့ ဝင်ခွင့်ရတာ”

ဟင်နရီက အဖြစ်အပျက်ကို ပြောပြနေစဉ် မဒမ်လူဘေးက ‘ဒါဆို အဒေါ်လမ်းထဲဆင်းပြီး စနည်းနာလိုက်ဦးမယ်’ ဟု ပြောပြီး ထွက်သွားသည်။

နောက်တစ်နာရီအကြာတွင် မင်းသမီးက မော်ဒယ်ခုံပေါ်မှ ဆင်းလိုက်ပြီး ‘ဒီနေ့အဖို့ ဒါလောက်နဲ့ နားလိုက်ကြရအောင်နော်’

www.burmeseclassic.com

www.burmeseclassic.com

'ပက်ကွင်း' မှာ ဂျိန်းဝတ်စုံတွေ သွားရွေးစရာရှိလို့။ ဟင်နရီပါ လိုက်ခဲ့ပါလား ဟင်၊ လာပါ . . ကဲ အနွေးထည်ဝတ်၊ ဦးထုပ်ဆောင်း"

ရထားပြတင်းပေါက်မှ ပန်းဆိုင်တစ်ဆိုင်လှမ်းမြင်သဖြင့် ဟင်နရီက

"တဆိတ်ရပ်ပေးပါလား ဂျိန်းရယ်၊ မေမေ့အတွက် ဝယ်ပို့ပေးချင်လို့"

သူပန်းဆိုင်ဆီသို့ ခပ်သွက်သွက်လျှောက်သွားပြီး ချက်ချင်းပြန်လာ၏။ လက်ထဲတွင် ခရမ်းရောင်ဝိုင်အိုလက်ပန်းတစ်စည်း ကိုင်လျက်

"ရော့ . . ဒါ မင်းဖို့၊ ဟိုတုန်းက မင်းသိပ်ကြိုက်တဲ့ ပန်းလေ ခုတော့ မင်းက ကြွယ်တစ်ပွင့်ဖြစ်နေလို့ ကြိုက်မှကြိုက်ပါတော့မလား မသိဘူး"

ဂျိန်းက ပန်းစည်းထဲကို မျက်နှာတစ်ခုလုံး နှစ်ထားလိုက်ပြီး တအားမွှေးရင်း ခေါင်းမော့ကာ သူ့မျက်နှာကို အကြင်နာ မျက်လုံးများဖြင့် ကြည့်လိုက်သည်။

"ဟင်နရီ . . ရှင်ဟာလေ သိပ်ချစ်ဖို့ ကောင်းတာပဲ။ အမြဲတမ်း သူများအတွက် စဉ်းစားပေးတတ်တယ်"

ရထားပေါ်တွင် ဟင်နရီ စဉ်းစားလာသည်။ ဘာကြောင့် နာမည်ကျော် အဝတ်အထည်ကုန်တိုက်ကြီးကို သူအတင်းခေါ်လာတာပါလိမ့်။

ယူနီဖောင်းဝတ် တံခါးမှူးက ဆီးကြိုတံခါးဖွင့်ပေးသည်။ ပြီးတော့ ကော်ဇောထူထူခင်းထားသည့် စက်ဝိုင်းပုံသဏ္ဌာန်အခန်းတစ်ခန်းဆီကို သူတို့နှစ်ယောက်အား ပို့ပေးသည်။ အခန်းပတ်ပတ်လည်တွင် ကြည့်မှန်တွေအပြည့်။

ဂျိန်းက ဝတ်ကောင်းစားလှနှင့် ဦးညွတ်နှုတ်ဆက်နေသော ဈေးတင်ယောက်ကို "တစ်ဆိတ်ရှင် . . မဒမ်မှိုင်ဇယ်ဟေယမ်ကို တွေ့ပါရစေ၊ သူ သိပ်အလုပ်များ မနေရင်ပေါ့နော်"

ဟင်နရီက မကျေမနပ်နှင့် ဆိုဖာတစ်လုံးတွင် ဝင်ထိုင်လိုက်ရ၏။ အနက်ရောင် ဝတ်စုံကို ရှိုးရှိုးကလေး ဆင်မြန်းထားသည့် မိန်းမချောတစ်ယောက် အခန်းထဲ ဝင်လာသည်။ အရပ်မြင့်မြင့်နှင့်။ မျက်နှာသာ ကျက်သရေရှိလှသည်။ မာရီရှားလက်ကို ပြေးသတိရမိ၏။ နက်မှောင်



သည့် ဆံပင်တွေက ကုတ်ပေါ်အထိ ဝဲနေ၏။ ကော်ဖီရောင် မျက်လုံးအစုံက ထက်မြက်မည့်ပုံ။ နှုတ်ခမ်းကွေးညွတ်ပုံက ခံစားမှု ပြင်းပြခြင်း အဓိပ္ပာယ်။

"ဟေး . . ဂျိန်း"

နှုတ်ဆက်ပုံက ဝမ်းသာအားရ။

"မိုင်ရီယမ် . . ဒါ မွန်စီယာ တူလုစ်လောထရက်လေ"

မိန်းမချောကလေးက ဟင်နရီ့ကိုကြည့်ပြီးပြုံးတော့ လှပသည့် သွားတွေကို သတိထားလိုက်မိ၏။

"မွန်စီယာ့ပြပွဲကို ကျွန်မရောက်ပါတယ်၊ လူတွေ အရမ်းတိုးနေတာနဲ့ အေးအေးဆေးဆေး မကြည့်ခဲ့ရဘူး"

သူ့မျက်လုံးများထဲတွင် မြောက်ပင့်ခြင်းမျိုးလည်း မတွေ့ရ။ ရိုးရိုးကလေး ပြောနေမှန်း မြင်သာ၏။

"စိတ်မကောင်းပါဘူးခင်ဗျာ . . လာမယ်မှန်းသာ ကျွန်တော်သိရင် . ."

ဟင်နရီ ဆုံးအောင်မပြောဘဲ ရပ်ထားလိုက်သည်။ သိတော့ကော ဘာထူးမှာမို့လဲ။ သည်လောက်ချောသည့် မိန်းကလေးက လူခန့်သော တစ်ယောက်ယောက်နဲ့ တွဲလာမှာပေါ့။ ချစ်သူ ဝိုင်းဝိုင်းလည်နေမည့် ရုပ်ဆင်းရူပကာ ပိုင်ရှင်ပေပဲ။

မိုင်ရီယမ်က မင်းသမီးဘက်လှည့်ပြီး

"ဂျိန်းအဝတ်တွေ စမ်းဝတ်ကြည့်မလားဟင်"

ဂျိန်း အမူအရာကြောင့် ဟင်နရီ အံ့ဩသွားသည်။ ဝုန်းခနဲထရပ်ပြီး "ဟာ . . သေတော့မှာပဲ၊ ဂျိန်း ကိစ္စတစ်ခု ချိန်းထားတာ ခုမှ သတိရတယ်၊ မနက်ဖြန်မှ လာခဲ့မယ် မိုင်ရီယမ်"

မိန်းကလေးနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ခေါင်းညိတ်လိုက်ကြသည်။ အပြန်ရထားပေါ်တွင် ဂျိန်းက မေးသည်။

"သူ့ကို ဘယ်လိုသဘောရလဲ ဟင်နရီ"

"ဘယ်လိုမှ သဘောမရဘူး၊ သိပ်လှတဲ့မိန်းကလေးပဲ။ နေပါဦး၊ ကိုယ် ဘယ်လိုသဘောရရ ဘာထူးမှာမို့လဲ"

"သူက ဟင်နရီ့ကို သဘောကျနေတယ်"

"မင်း ဘယ်လိုလုပ်သိလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဂျိန်းကို သူ ပြောတာပဲ"

"မဖြစ်နိုင်ပါဘူး၊ သူပြောတာက . ."

"သူက စကားများများမပြောဘူး ဟင်နရီ၊ ဒါပေမဲ့ ဂျိန်း သိနေတယ်လေ"

မဲ့ပြုံးပြုံးပြီး သူမော့ကြည့်သည်။

"ဆိုစမ်းပါဦး မင်းဘာတွေ စဉ်းစားနေလဲ၊ ဘာအဓိပ္ပာယ်လဲ"

"ပက်ကွင်းကို ဂျိန်းခေါ်သွားတာက ဟင်နရီနဲ့ သူ့ကို ပေးတွေ့ချင်လို့။ ဟင်နရီ့အကြောင်း သူ့ကို အားလုံးဂျိန်း ပြောပြထားပြီးပြီ ဟင်နရီ ဘယ်သူဘယ်ဝါဆိုတာတင်မကဘူး၊ ဟင်နရီ့ ဘဝအကြောင်းပါ အားလုံးပြောပြထားတယ်။ ကောင်းတာတွေကော၊ ဆိုးတာတွေပါ အားလုံးပဲ"

"ဟာ . . ဒုက္ခပါပဲ၊ ဘာလို့ သွားပြောရတာလဲ"

"မိုင်ရီယမ်အကြောင်း သိလို့ပေါ့။ မိုင်ရီယမ်က အောင်မြင်မှုကို သိပ်လိုချင်တဲ့ မိန်းကလေး၊ ဟင်နရီ ရနေတဲ့ အောင်မြင်မှုကို သူ အားကျမှာ။ တစ်ခုတော့ ဂျိန်း သတိပေးထားမယ်၊ မိုင်ရီယမ်ဟာ တော်တော် ထူးဆန်းတဲ့ ကောင်မလေး။ တစ်ခါတုန်းက သူနဲ့အတူတူ နေခဲ့ဖူးတယ်လေ၊ သူ့ကို ဇာတ်ခုံပေါ်တက်ဖို့ ဂျိန်းစည်းရုံးတယ်၊ ဒါရိုက်တာတွေနဲ့ မိတ်ဆက်ပေးတယ်၊ သူ့ကို အားလုံး သဘောကျကြတယ်၊ ဒါပေမဲ့ သူက အားလုံးကို ခေါင်းခါလွှတ်တယ်။

"သူ့ကို ဂျိန်း သိပ်တော့နားမလည်ဘူး၊ သူ့မှာ ထူးဆန်းတာတွေ အများကြီး။ သူ့အကြောင်း သိပ်များများ မသိဘူး၊ ဂျူးမျိုးနွယ်ပဲ၊ မိဘမဲ့လို့ထင်တာပဲ။ ရည်ရွယ်ချက် အရမ်းကြီးတယ်၊ သူ ဘာဖြစ်ချင်တယ်ဆိုတာ သူ့ဘာသာသူ သိတယ်။ သူ့စီမံကိန်းတွေထဲမှာ အချစ်ကိစ္စမပါဘူး ဘယ်လောက်ချောချော ဆင်းရဲတဲ့ လူငယ်တွေကို သူ စိတ်မဝင်စားဘူး ဧရာမ အိမ်ကြီးတွေကို စိတ်ဝင်စားတယ်၊ သူတစ်နေ့ ပိုင်လိမ့် မယ် ထင်တာပဲ။ ခုချိန်မှာတော့ ချမ်းသာတဲ့လူ တစ်ယောက်ယောက်ကို သူ မျှော်လင့်နေဆဲပဲ။ သူ့မှာစောင့်ဖို့ အချိန်တွေအများကြီးလေ၊ ခုမှ ၂၂ နှစ်ပဲ ရှိသေးတာ"

"အဲဒါတွေ ကိုယ်နဲ့ ဘာဆိုင်လို့လဲ ဂျိန်း"

"ဂျိန်းပြောပြီးပြီလေ၊ ဟင်နရီတို့နှစ်ယောက် သူငယ်ချင်း



ကောင်းတွေ ဖြစ်နိုင်မယ်ထင်လို့။ သူငယ်ချင်းလို့လဲ ပြောတယ်နော် ဟင်နရီ၊ အဲဒါပါပဲ"

"ကိုယ်နဲ့ဆိုရင် သူ့အတွက် လုံခြုံတယ်ပေါ့လေ၊ အချစ်ဇာတ်လမ်း ဖြစ်လာနိုင်မယ့် အန္တရာယ်မရှိဘူးပေါ့လေ။ ဒီလိုလား"

"အင်း . . အဲဒီလိုပြောရင်လဲ ရပါတယ်၊ သူက အချစ်မလိုဘူး ဟင်နရီ၊ သူငယ်ချင်းကောင်း လိုနေတာ။ ဟင်နရီ ယုံမလားမသိဘူး၊ မိန်းကလေးတချို့ရှိတယ်၊ သမီးရည်းစားချစ်မျိုးနဲ့မဟုတ်ဘဲ ယောကျ်ား တစ်ယောက်ကို သန့်သန့်စင်စင်ချစ်ခင်နေတတ်တဲ့ ပုံစံမျိုးလေ"

"မင်းဆိုလိုတာက သူက ကိုယ်နဲ့ မိတ်ဆွေဖြစ်ချင်တယ်၊ အတူတူ ညစာစားကြ၊ အတူတူ ကပွဲကြည့်ကြ ဒါမျိုးလား"

"ဟုတ်တယ်၊ သူလဲ အဖော်ရ၊ ဟင်နရီလဲ အထီးကျန်ဘဝက လွတ်သွားမယ်။ သူကိုယ်တိုင်က ကြိုးစားကြည့်ချင်နေတာ။ နောက် တစ်ခုက ဒီလို ဆက်ဆံရေးမျိုးကို အကြာကြီးတော့ မျှော်လင့်မထားနဲ့ပေါ့။ တစ်နေ့ သူစောင့်နေတဲ့လူမျိုးနဲ့တွေ့ရင် . . ခုလောလောဆယ် ခြောက်လ၊ တစ်နှစ်အတွင်းတော့ သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်နဲ့ ဟင်နရီ ပျော်ပျော်ပါးပါး ရင်းနှီးနေလို့ရတာပေါ့။ ဇာတ်လမ်းကတော့ ဒါပဲ ဟင်နရီ၊ ဒီအခွင့်အရေး ယူမလား၊ ငြင်းမလားဆိုတာတော့ ဟင်နရီ့အပေါ်ပဲ တည်တယ်။ သေသေချာချာ စဉ်းစားရင်တော့ ဟင်နရီ လက်ခံသင့်တယ်။ သဘောတူမယ်ဆိုရင် နောက်အပတ် ရစ်ချ်မှာ ဆုံမယ်၊ ဂျိန်း ပွဲစဉ်ပြီးတဲ့ အချိန်ပေါ့"

*

ဆိုင်ခန်းကဖေးထဲကို လှမ်းဝင်လာကတည်းက သူ့ကို ဟင်နရီ တန်းပြီး မှတ်မိလိုက်၏။ အနက်ရောင် ကိုယ်ကျပ် ဝတ်ဆင်ထား၏။ ဂျိန်းနှင့် ဂျော့ဂျက်စ်တို့ဝိုင်းတွင် ထိုင်နေသည်။ ဂျိန်းက ဝမ်းသာအားရထလာပြီး

"နောက်ကျလိုက်တာဟင်နရီရယ် . . လာမှလာဖြစ်ပါ့မလားလို့ ဂျိန်းစိတ်ပူစပြုနေပြီ"

မိုင်ရီယမ် ခေါ် မိန်းမချောကို ဦးညွှတ်နှုတ်ဆက်လိုက်သည်။ ဂျော့ဂျက်စ်နှင့် လက်ဆွဲနှုတ်ဆက်သည်။ နောက်ကျသည့်အတွက် တောင်းပန်လိုက်သည်။ တစ်ဆက်တည်း ဟင်းလျာတွေ သူမှာနေစဉ် ဂျိန်းက ခပ်သမီးပီပီ စကားဝိုင်းကို စိုပြေအောင် လုပ်သည်။

"ကဲ . . ဂျော့ဂျက်စ်၊ မိုင်ရီယမ်နဲ့ ဟင်နရီကို ရေးနေတဲ့ဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြောပါလားကွယ်၊ သူတို့အရမ်း စိတ်ဝင်စားကြမှာ"

"ကိုယ် သိပ်ပြောချင်တာပေါ့ ဂျိန်းရယ်၊ ကျွန်တော် ခုရေးနေတဲ့ ဇာတ်လမ်းက ဒေါ်စတိုယက်စကီရဲ့ ဇာတ်ကောင်တွေလို ဝန်တိုမုန်းတီးစိတ်ကို လေ့လာတဲ့ ဇာတ်လမ်းပါ"

သို့သော် သူ ရှည်ရှည်ဝေးဝေးပြောချိန် မရလိုက်ပါ။ ဂျိန်းက ဝတ္ထုဇာတ်လမ်းကို ကရားရေလွှတ် ဆက်ပြောချသွားသည်။ ချစ်သူစာရေးဆရာနှင့် မင်းသမီးတို့သည် ဇာတ်လမ်းထဲတွင် နစ်မျောနေကြပြီး ကျန်ဧည့်သည်နှစ်ယောက်ကို သတိမရကြတော့ပေ။

ဝတ္ထုထဲမှ ဇာတ်ကောင်တွေပြောသည့် စကားလုံးများအတိုင်း သူတို့နှစ်ယောက် ဆက်ပြောရင်း ငြင်းနေကြ၏။

မိုင်ရီယမ်က ဟင်နရီ့ဘက်လှည့်ပြီး

"ဂျိန်းရဲ့ ပိုစတာဆွဲနေပြီလားဟင် မွန်စီယာ"

"ဟုတ်ကဲ့ ဆွဲနေပါပြီ ခင်ဗျာ"

"ပိုစတာ လုပ်ရတာ ခက်သလားဟင်"

စကားဝိုင်းဖြစ်အောင် သူ လုပ်နေသည်ထင်၏။ သို့သော် စိတ်ပါလက်ပါ မေးနေပုံလည်းရ၏။

"တချို့ခက်တယ် မဒမ်မွိုင်ဇယ်လ်၊ တချို့ကျတော့လဲ ဒါလောက်မဟုတ်ပါဘူး၊ လစ်သိုဂရပ်ဖီအပေါ်မှာ ဘယ်လောက် စိတ်ဝင်စားတယ်ဆိုတဲ့အပေါ်မှာ တည်ပါတယ်။ အခက်အခဲတွေကို ဖွဲ့ရှိရှိ ကျော်ဖြတ်နိုင်ရင် ပိုစတာလုပ်ငန်းဟာ ပျော်စရာကောင်းပါတယ်၊ မဟုတ်ရင်တော့ အချိန်တွေကြာပြီး ပျင်းစရာကြီး ဖြစ်နေတတ်ပါတယ်"

"ဘယ်လို ပိုစတာပိုင်းက ဒုက္ခပေးတတ်သလဲဟင်"

တကယ် စိတ်ပါလာပုံဖြင့် မေးခွန်းထုတ်လာသဖြင့် ဟင်နရီ မပြုံးဘဲ မနေနိုင်အောင် ဖြစ်သွား၏။

"ပထမဆုံး လုပ်ရတဲ့ ပိုစတာဟာ အခက်ဆုံးပေါ့၊ လေရဟတ်ပိုစတာကို ကျွန်တော် လုပ်ဖူးတာ ကြာပြီလေ"

"အို: . . ကျွန်မ သတိရပြီ၊ ကင်ကင်အက ပိုစတာမဟုတ်လား။ ကျွန်မ အလုပ်သွားရင် ရပ်ရပ်ပြီး ကြည့်မိတယ်လေ၊ ပန်းချီအကြောင်း ကျွန်မ နားမလည်ပါဘူး၊ ဒါပေမဲ့ အဲဒီပုံကြီးတွေဟာ သိပ်ထိရောက်တယ်လို့ ကျွန်မထင်တယ်။ ပိုစတာဆိုတာ အဲဒီလိုဖြစ်ရမှာပေါ့ ဟုတ်တယ်မဟုတ်လား ဟင်"



မေးကိုလက်ထောက်ပြီး သူပြောတာ နားထောင်ရင်း ဇဝေဇဝါဖြစ်နေ၏။ သူတကယ်စိတ်ဝင်စားနေတာလား။ ကြည့်ရသည်မှာတော့ တော်တော် သိချင်နေပုံ။ ဂျိန်းပြောသည့်အတိုင်း ဟုတ်ပါသည်၊ ထူးဆန်းစွာ ဆွဲဆောင်မှုရှိသည်၊ သူ့လက်ရှိ အရောင်းဈေးသည်မကလေးဘဝကို ဖုံးကွယ်ထားခြင်းမရှိ။

အသက် ၂၁ နှစ်အရွယ် မိန်းကလေးတစ်ယောက်အနေဖြင့် အချစ်ကို မစဉ်းစားဘဲ ဘဝအတွက် ဦးစားပေးပြီး ရှေ့တက်လမ်းရှာနေသည်တဲ့။ ထူးဆန်းသည့် မိန်းမလှကလေးဟု ဆိုရမည်။

သေသေချာချာအနီးကပ်လေ့လာမှ သူ့အလှမှာ လေးနက်ဘည်ငြိမ်သည့်အလှမျိုးဖြစ်ကြောင်း တွေ့ရ၏။

"ကျွန်မ အဲဒီတုန်းက စတိုးဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်ခါစပေါ့၊ လူတိုင်း ဒီအကြောင်းပဲ ပြောနေကြတယ်လေ။ နေ့လည်စာ စားချိန်ဆိုကောင်မလေးတွေ အဲဒီပိုစတာအကြောင်း ငြင်းကြ ခုန်ကြနဲ့လေ၊ အဲဒီမှာ မွန်စီယာ့နာမည် စကြားဖူးတာ"

"အင်း . . ကျွန်တော့်ကို မြှောက်ပင့်နေတာတော့ မဟုတ်တန်ကောင်းပါဘူးနော်၊ အဲဒီပိုစတာနဲ့ ပတ်သက်ပြီး အမြင်တွေ အမျိုးမျိုးကွဲပြားခဲ့တယ်လေ။ တော်တော်များများကတော့ အကောင်းမမြင်ကြပါဘူး၊ ကျွန်တော်ကတော့ ရိုးရိုးသားသားပြောရရင် ရိုင်းတယ်လို့မထင်ပါဘူး"

"ဒါပေမဲ့ မွန်စီယာ့နာမည်တော့ ကျော်သွားတယ် မဟုတ်လား"

မိုင်ရီယမ်က အပြုံးဖြင့် မှတ်ချက်ပေးသည်။ သူ့မျက်လုံးထဲတွင် ပန်းချီဆရာကို လေးစားမြတ်နိုးမှုအရောင်များ ယှက်သန်းနေ၏။

သူက အရေးမကြီးဟန်ဖြင့် ပြုံးလိုက်ပြီး

"အဲဒါတော့ ကျွန်တော် မသိဘူး၊ အဲဒီပိုစတာအတွက် ပြဿနာပေါင်း သောင်းခြောက်ထောင်တက်ခဲ့တယ်လေ။ ဒီ ပိုစတာ မရေးဖြစ်ရင်ကောင်းမှာပဲလို့တောင် စဉ်းစားမိတယ်"

"အကြာကြီး လုပ်ရသလားဟင်"

"အင်း . . လပေါင်းများစွာပေါ့၊ အဲဒီတုန်းက လစ်သိုဂရပ်ဖီအကြောင်း ကျွန်တော်ဘာမှ မသိသေးပဲကိုး"

"ကျွန်မ တတ်ချင်လိုက်တာ"

မိမိ စိတ်အားထက်သန်မှုကို ကြည့်ပြီး သူ စိတ်ဝင်စားဟန်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်မနေတာများလား၊ ဂျိန်းသဘောကျအောင် သရုပ်ဆောင်နေခြင်းလား၊ ပန်းချီအနုပညာကို ဝါသနာပါချင်ဟန် ဆောင်နေခြင်းလား၊ မိမိ၏ပြပွဲကို ရောက်တယ်ဆိုတာကော ဖြစ်နိုင်ပါ့မလား။

"ရှင် ကျွန်မကို မယုံဘူးမဟုတ်လား၊ ကျွန်မ သိပါတယ်"

"မဟုတ်ပါဘူးဗျာ သိပ်ယုံပါတယ်၊ ဘဝတစ်လျှောက်လုံး လေ့လာသင်ကြားချင်တဲ့စိတ်ဓာတ်ကတော့ ချီးကျူးစရာပေါ့ဗျာ"

မိုင်ရီယမ် မျက်လွှာချသည်။ ဘာမျှ ပြန်မပြော။ စကားပြန်စတော့ သူ့အသံမကြည်လင်တော့။ စိတ်အားထက်သန်မှု မရှိတော့။ စိတ်ပျက်လက်လျှော့သည့် လေသံမျိုး။

"ကျွန်မ စိတ်မကောင်းပါဘူး၊ ရှင်ကျွန်မကို တကယ်မယုံတာပဲနော်၊ ရှင့်အတွက် ကျွန်မဟာ ရယ်စရာသတ္တဝါတစ်ကောင် ဖြစ်နေမယ်ဆိုတာ သိပါတယ်လေ။ အရောင်းသမကလေးတစ်ယောက်က လစ်သိုဂရပ်ဖီပညာကို သိချင်တယ်ဆိုတာ သဘာဝမှ မကျတာ၊ ဒါပေမဲ့ ကျွန်မတကယ်ပြောတာပါ၊ ကျွန်မ ဘာမဆို သိချင်တတ်ချင်တယ်"

"ဘာဖြစ်လို့လဲ၊ ဘာလို့ လစ်သိုဂရပ်ဖီကို စိတ်ဝင်စားစရာအကြောင်းရှိသလဲ"

သရော်သည့်လေသံ မပါတော့။ အံ့ဩနေပုံဖြင့် ပြန်မေးလိုက်သည်။ မိန်းကလေးက ပန်းချီဆရာကို မော်ကြည့်သည်။

"ဘာလို့ ကျွန်မ ပြောမိသလဲ မသိပါဘူး။ ကျွန်မ ပညာမျိုးတိုင်းကို တတ်ချင်တယ်၊ သိချင်တယ်"

သူ စိတ်မကောင်းဖြစ်သွားကြောင်း အကဲခတ်လိုက်မိ၏။ နှုတ်ခမ်းပေါ်တွင် အပြုံးရိပ်ကလေး ပြန်ထင်လာသည်။

"ကျွန်မ အဲဒီအတိုင်းပဲ ဂျိန်းနဲ့ အတူတူ နေခဲ့တုန်းကလဲ ခဏခဏ အပြောခံရတယ်။ ကျွန်မ ပင်ကိုသဘာဝကိုက စပ်စုတတ်တဲ့ ညာဉ်ပါတယ်ထင်ပါရဲ့"

"စပ်စုတတ်တဲ့အကျင့်ကို လူတွေ ဘာပြောတတ်ကြသလဲ သိတယ်နော်"

မိုင်ရီယမ်၏ မျက်နှာတွင် ပြည့်ဝသော အပြုံးတစ်ခု ပေါ်လာသည်။

"ဘာလဲ . . စပ်စုချင်စိတ်ကြောင့် ကြောင်သေရတယ်ဆိုတဲ့ပုံပြင်လား၊ ကျွန်မ မယုံပါဘူး။ ကျွန်မ တစ်နေရာရာမှာ ဖတ်ဖူးပါတယ်



စပ်စုချင်စိတ်ဟာ ဉာဏ်ပညာရဲ့ ကကြိုး ခရွေးပဲတဲ့။ အဲဒါမှန်လား၊ မှားလား ကျွန်မမသိပါဘူး။ ဒါပေမဲ့ လစ်သိုဂရပ်ဖီအကြောင်းကို ကျွန်မ သိချင်နေတုန်းပဲ၊ ရှင် ကျွန်မကို ပြောပြလိမ့်မယ်လို့လဲ ယုံကြည်နေတုံးပဲ"

"ဒါပေမယ့် မင်းငိုချင်အောင် ငြီးငွေ့လာလိမ့်မယ်"

"ဟင့်အင်း . . မငြီးငွေ့ပါဘူး။ မယုံစမ်းကြည့်လေ၊ ကျွန်မ လုံးဝမငြီးငွေ့စေရဘူး"

"ကိုယ် သိပါတယ်၊ ကိုယ့်မျက်နှာတည့်တည့်မှာ မင်း သမ်းပြနှာပါ"

သူက ရယ်ပြီး "အိုး . . ဂျိန်းက ဘရာစူးဝါး အကြောင်းလဲပြောတယ်ပေါ့ ဟုတ်လား။ သေတော့မှာပဲ၊ သူတခြား ဘာတွေ ပြောသေးလဲ ဟင်"

သူက ရှေ့ကို ကိုင်းပြီး အသံကိုနှိမ့်လျက်

"ရှင်နဲ့ကျွန်မကို ဂျိန်းက သဘောတူမယ် မထင်ဘူး"

"ဘာလို့လဲ . . မင်းရဲ့ စပ်စုချင်စိတ်ကြောင့်လား"

သူက လစ်သိုဂရပ်ဖီအကြောင်း သမိုင်းချီပြီး ပြောပြသည်။ စတင်ဖြစ်ပေါ်လာပုံ၊ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံ၊ နည်းပညာတွေ တိုးတက်လာပုံ၊ ရံခါတွင် စားပွဲခင်းပေါ်တွင် ပုံတွေဆွဲပြသေးသည်။ ပြောရင်း ပြောရင်း စိတ်ပါလာသည်။ ထူးဆန်းသောမိန်းမချောကလေး ၏ အာရုံကို ဆွဲဆောင်ထားနိုင်ခြင်းအတွက် ပျော်သလိုလိုဖြစ်လာသည်။

"မက်ဇင်ကို သွားကြရင် မကောင်းဘူးလား"

ဂျိန်းက ဖြတ်ပြီး အဆိုပြုသည်။ ဂျိန်းနှင့် သူ့လူ ကြည်ကြည်ဖြူဖြူ ဖြစ်နေကြပြီ။ ညနက်ပြီဖြစ်၍ လူတွေ ထပြန်စ ပြုနေကြပြီ။ ဆိုင်ဥပစာ ဝန်ထမ်းတွေကို လက်ယပ်ခေါ်ပြီး အငှားရထား ခေါ်ခိုင်းသူက ခေါ်ခိုင်းနေကြပြီ။ အပြင်တွင် ဆီးနှင်းပေါက်တွေ မိုးလောက် ပြင်းထန်နေ၏။

"ကိုယ့်ကို ခွင့်လွှတ်ပါ ဂျိန်း၊ မနက်ဖြန် အစောကြီး ဆိုင်သွားရမယ်လေ"

မိုင်ရီယမ်က လက်အိတ်ကောက်စွပ်ရင်းပြောသည်။

"ကျွန်တော် လိုက်ပို့ပေးမယ်လေ" ဟု ဟင်နရီက ဆန္ဒပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းတွင် စကားသိပ်မပြောဖြစ်ကြ။ နှစ်ယောက်တည်းမို့ ပြောစရာစကား ရှာမတွေ့ ဖြစ်နေကြသည်။ လမ်းမီးတိုင်များ၏ အလင်းရောင်တွင် သူကလေး၏ မျက်နှာကို ဟင်နရီ ဖျတ်ခနဲ ဖျတ်ခနဲ မြင်နေရသည်။

မိုင်ရီယမ်က တစ်လမ်းလုံး အပြင်သို့ ငေးလိုက်လာသည်။ မာနီတုန်းကလို သူ့ကို နဘေးထားပြီး မေ့နေခြင်းမျိုးများလား။ အဓိပ္ပာယ်သိပ်မရှိလှသည့် ဂျိန်း၏ စီမံကိန်းအကြောင်းကို တစ်မျိုးပြန်စဉ်းစားမိပြန်သည်။ သည်လို မိန်းကလေးကို မိမိအနေဖြင့် ဘာ စိတ်ဝင်စားစရာ ရှိနိုင်မည်လဲ။ ခု သူ့ကို အိမ်ပြန်ပို့နေပြီ။ နောက်ထပ် ပြန်လည်၍ တွေ့ဆုံဖို့ပင် မသေချာ။ သူ့ အိမ်ရောက်လျှင် "ပျော်စရာကောင်းတဲ့ ညခင်းပါ မွန်စီယာ" ဟုနှုတ်ဆက်ပြီး သူ ပျောက်ကွယ်သွားတော့မည်။ ဘယ်တော့မှ ပြန်တွေ့တော့မည်မဟုတ်။

ပီတစ်ချမ့်လမ်းပေါ်မှ အိမ်ကြီးတစ်ဆောင်ရှေ့တွင် ရထားရပ်လိုက်သည်။ သုံးထပ်တိုက်ဟောင်းကြီးဖြစ်သော်လည်း သန့်သန့်ရှင်းရှင်းဖြစ်သည်။ မြေညီထပ်တွင် နာရီပြင်ဆိုင်ရှိ၏။ သူ့လခကလေးနှင့် သည်လိုနေရာတွင် နေပါမည်လားဟု တွေးနေ၏။

မိုင်ရီယမ်က သူ့အတွေးကို နားလည်လိုက်သည့်အလား။

"ကျွန်မ အခန်းငှားမနေနိုင်ပါဘူး၊ အမိုးအကာနဲ့ ဝရန်တာဆောင်ကလေးတစ်ခုမှာ ကျဉ်းကျဉ်းကျပ်ကျပ်နေရတာပါ။ ဒါပေမဲ့ မီးဖိုခန်းနဲ့ မီးလင်းဖိုတော့ ပါပါတယ်၊ သိပ်မိုးချုပ်နေလို့ အပေါ်ထပ် မဖိတ်တော့ပါဘူးနော်၊ ပျော်စရာကောင်းတဲ့ ညခင်းကလေးအတွက် ကျေးဇူးတင်ပါတယ် မွန်စီယာ"

"ကျွန်တော်က ပိုပျော်တာပါ မဒမ်မွိုင်ဇယ်လ်၊ ကျွန်တော်တို့ ဘယ်တော့ဆုံကြဦးမလဲဟင်"

"မနက်ဖြန်တွေ့နိုင်မလား"

သူ၏ တုံ့တိုးနိုင်မှုကြောင့် ဟင်နရီ ရုတ်တရက်ကြောင်သွားသည်။

"မနက်ဖြန် ဟုတ်လား"

"ဟုတ်တယ်လေ၊ ညစာ အတူတူစားကြတာပေါ့။ ကျွန်မ ၆ နာရီမှာ အလုပ်ပြီးတယ်"

"မင်းတကယ် စိတ်ပါလက်ပါ ပြောနေတာလား ဟင်"



သည်တစ်ခါ သူ့လေသံက နူးညံ့ညင်သာနေသည်။

"ဆိုလိုတာက မနက်ဖြန်တစ်ရက်တည်းအတွက် ကျွန်တော်ပြောတာမဟုတ်ဘူး၊ အားလုံးအတွက် ဆိုလိုတာ။ ဂျိန်းက ကျွန်တော်တို့နှစ်ယောက်ကို ခင်မင်စေချင်တယ်လေ။ ဒါပေမဲ့ သူ အတင်းတွန်းလို့ လိုက်လျောဖို့မလိုဘူးနော်၊ ကျွန်တော် နားလည်တတ်ပါတယ်"

မိုင်ရီယမ်က လက်အိတ်စွပ်ထားသည့် လက်ချောင်းကလေးများဖြင့် သူ့လက်ကို ခပ်တင်းတင်းဆုပ်လိုက်သည်။

"မနက်ဖြန် ၆ နာရီခွဲ ဗင်ဒုမ်းလမ်းထောင့်က စောင့်နေနော်"

*

နောက်နှစ်ပတ်အကြာတွင် စောင့်နေကျ လမ်းထောင့်မှ ဟင်နရီ စောင့်နေသည်။ နာရီကို ငုံ့ကြည့်လိုက်၏။ နာရီဝက်လုံးလုံး လိုပါသေးလား။ ကိစ္စမရှိပါ။ ပျော်ပျော်ကလေးစောင့်ပါမည်။ အလဟဿ အချိန်ဖြုန်းခြင်းမျိုးမှ မဟုတ်တာပဲ။

နောက်နာရီဝက်ကြာလျှင် ဆိုင်ထဲမှ သူထွက်လာလိမ့်မည်။ ပြုံးပြုံးကလေး သူ့ဆီ သုတ်ခြေတင်လာမည့် မိုင်ရီယမ်။ သည်နာမည်ကလေးကို တိုးတိုးကလေး ခေါ်ကြည့်လိုက်သည်။

နှစ်ပတ်အတွင်း မိုင်ရီယမ်သည် သူ့အား ဘယ်တုန်းကမှ မရခဲ့ဖူးသည့် ပျော်ရွှင်မှုမျိုးကို ပေးနိုင်ခဲ့လေသည်။ သူ့ဘဝပုံစံတစ်ခုလုံးကို မိုင်ရီယမ်က ပြောင်းလဲပစ်ခဲ့လေပြီ။ အရက်သိပ်မသောက်ဖြစ်တော့၊ စိတ်ချမ်းသာနေသည်ပဲ။ ဘယ်သူအရက်သောက်ချင်မည်လဲ။ ဂီတပွဲတွေ၊ အရက်ဆိုင်တွေဘက် ခြေဦးမလှည့်တော့။ သန်းခေါင်သန်းလွဲအထိ လျှောက်ဂလေမရိုက်ဖြစ်တော့။ မှန်မှန်အိပ် မှန်မှန်စားဖြစ်နေလို့ မိခင်ကြီးသည်း သားကိုကြည့်ကာ ထူးထူးခြားခြား ဝမ်းသာနေသည်။ မဒမ်လူဘေးသည်း အလားတူပင်။

မောရစ်က လန်ဒန်ပြပွဲအတွက် အလုပ်ရှုပ်နေသည်။

၁၀ မိနစ်။

အလုပ်သမကလေးတစ်သိုက် ကျောင်းသူကလေးများလို ဆိုင်ထဲမှ တိုးဝှေ့ထွက်လာကြသည်။ ပြီးတော့ လမ်းပေါ်မှ လူအုပ်ကြီးထဲတွင် ရောနှောပျောက်ကွယ်သွားကြ၏။ သူတို့နောက်မှ အဝတ်အစား ဖိုမှိုင်းယားနှင့် အလုပ်သမားကြီးများ ထွက်လာကြသည်။ သူတို့နောက်မှ ငွေကိုင်စာရေးတွေ၊ စာရင်းဌာနဝန်ထမ်းတွေအလျှိုအလျှိုထွက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဒါထက်ပျော်စရာကောင်းတာ ဘာရှိမှာလဲ မိုင်ရီယမ်ရယ်။ ကိုယ်က အခန်းအောင်းပြီးတော့လဲ ပျော်တတ်တဲ့လူစားပါ မိုင်ရီယမ်၊ မနက်ဖြန် တွေ့ကြဦးမလားဟင်"

သူခဏတွေ စဉ်းစားနေပြီးမှ စကားဆက်သည်။

"ကိုယ်ပြောတာတွေ နားထောင်ရတာ မင်းမငြီးငွေ့ဘူးလား မိုင်ရီယမ်၊ မင်းတကယ် စိတ်ဝင်စား . . "

"ရှူး . . မနက်ဖြန်၊ ခါတိုင်းအချိန်ပဲနော်" ဟု မိုင်ရီယမ်က ခပ် သွက်သွက်ဖြတ်ပြောလိုက်သည်။ သူ့မျက်ဝန်းများထဲတွင် ကြင်နာမှုတွေ အပြည့်။ သူ့လက်ကလေးတွေကို ဆွဲယူပြီး အကြာကြီး ဆုပ်ထားလိုက် ချင်၏။

သို့သော် 'ကျေးဇူးတင်ပါတယ် မိုင်ရီယမ်ရယ်' ဟုသာ တိုးတိုးကလေး ပြောမိလေသည်။

သူဆင်းသွားတော့ မိုင်ရီယမ်က မီးအိမ်ကိုမြှောက်ပြသည်၊ ထော့နင်း ထော့နင်းဆင်းသွားတော့ သူ့ကို ငေးကြည့်နေရင်း မိုင်ရီယမ် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

*

နောက်နှစ်ပတ်အကြာ တနင်္ဂနွေတစ်ရက်တွင် လုဗ်ပြတိုက်သွားကြည့်ဖို့ မိုင်ရီယမ်ကပြောတော့ သူအကြောက်အကန်ငြင်းသည်။

"သုဿာန်တစ်စပြင်လို ပျင်းစရာကောင်းတဲ့နေရာကြီးကို ဘယ်သူသွားချင်မှာလဲကွာ"

"မိုင်ရီယမ် သွားချင်တယ်လေ"

"မင်းမသိဘူးလား မိုင်ရီယမ်၊ ကျောင်းသားတွေနဲ့ ကမ္ဘာလှည့်ခရီးသည်တွေပဲ အဲဒီကို သွားကြတာလေ။ ကျောက်ရုပ်တွေ၊ ရှေးဟောင်းပစ္စည်းအကျိုးအပဲ့တွေပဲရှိတာပါကွာ။ သချိုင်းတစ်ခုရဲ့ ဂိုဒေါင်လိုဟာမျိုးကြီးပါ။ ပန်းချီကားတွေကလည်း မိုင်နဲ့ချီပြီး . . "

"အဲဒီကားတွေကို မိုင်ရီယမ်ကြည့်ချင်တယ်လေ၊ ဟင်နရီရှင်းပြတာတွေကို နားထောင်ချင်တယ်လေ။ ဘာကြောင့် ကမ္ဘာကျော်ကားတွေ ဖြစ်ရတာလဲ မိုင်ရီယမ်သိချင်တယ် ဟင်နရီ"

"မဖြစ်နိုင်ဘူး၊ မင်းဟာက မိန်းမတစ်ယောက် ဘာကြောင့် လှတယ်ဆိုတာ ရှင်းပြခိုင်းသလို ဖြစ်နေတယ် မိုင်ရီယမ်။ ကမ္ဘာကျော်ပန်းချီကားကြီးတွေမှာ ရိုးသားမှုရှိတယ်ဆိုတာ အလကားပြောတာ၊ သိပ်ရှုပ်ထွေးတယ်။ ရှုပ်ထွေးမှာပေါ့၊ ဘဝဆိုတာကိုက ရှုပ်ရှုပ်ထွေးထွေးပဲဟာ။ လူသားရဲ့ စိတ်ဓာတ်ဟာလဲ ရိုးသားမှုမရှိဘူး၊ နှလုံးသားလဲ ရိုးသားမှုမရှိဘူး၊ ဂီတပညာလဲ အတူတူပဲ၊ သင်္ချာတရားကို အခြေခံသလိုလိုနဲ့ နောက်ဆုံး ဒီပုတ်ထဲက ဒီပဲပဲ။ သင်္ချာလဲ အတူတူပဲ"



"တနင်္ဂနွေနေ့မှာ မိုင်ရီယမ့်ကို လုဗ်ပြတိုက်ခေါ်သွား၊ အနုပညာအကြောင်း ကကြီးခခွေးက စသင်ပေးပေါ့"

ရယ်ပြုံးနေသည့် မျက်လုံးများဖြင့် မိုင်ရီယမ် ဆက်ပြောသည်။

"ပန်းချီပညာဟာ ဒါလောက် ခက်ခဲနက်နဲရှုပ်ထွေးရင် မိုင်ရီယမ်တို့ အချိန်တွေ အများကြီးယူကြတာပေါ့။ မိုင်ရီယမ့်မျက်စိထဲမှာ ကြိုင်နေတယ်၊ ဟင်နရီရော၊ မိုင်ရီယမ်ပါ အဘိုးကြီး အဘွားကြီး ဖြစ်နေကြပြီ၊ ဒါပေမဲ့ တနင်္ဂနွေနေ့တိုင်း လုဗ်ကိုသွားပြီး မိုနာလီဆာကို ကြည့်ကြတုန်းပဲ"

"အဲဒီဖလောရင့်စ်က မိန်းမအကြောင်း ကိုယ့်ကိုမပြောနဲ့ကွာ"

"မိုင်ရီယမ်တော့ သူ့ကို သိပ်လှတယ်ထင်တာပဲ၊ ဒါပေမဲ့ ဟင်နရီမကြိုက်ရင် . . "

လေသံက တိုးသော်လည်း ပြုံးပြုံးကလေးလုပ်နေပုံက သည်တိုက်ပွဲအနိုင်ရပြီဟု သေချာနေသည့်အလား။

"ကိုယ်က လုဗ်ကိုမသွားဘူးပြောထားပြီ၊ ဒါပဲ ဘယ်တော့မှ မသွားဘူး"

သူက အနိုင်အမာလေသံဖြင့် ဆက်ပြောသည်။

"မင်းခိုင်းသမျှ ကိုယ်လိုက်လျောမယ်လို့ ဘယ်တော့မှ မထင်နဲ့၊ မင်းအပြုံးနဲ့ ကိုယ့်ကိုစေလိုရာစေလို့ရမယ်ထင်လား"

"မိုင်ရီယမ်က ဟင်နရီ့ကို ပြုံးပြနေတာမှ မဟုတ်တာ"

"ဒါဆို အဲဒီအပြုံးက တစ်စုံတစ်ယောက်အတွက်ပေါ့။ ဟုတ်လား၊ အဲဒါ ပိုတောင်ဆိုးသေးတာပေါ့"

သူက လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆက်ပြောသည်။

"အဲဒီအပြုံးမျိုးရဲ့ အဓိပ္ပာယ်ကို ကိုယ်သိတယ်၊ ဟို မမလဲ အဲဒီလို ပြုံးဖူးတယ်၊ ဒါပေမဲ့ ကျုပ်ကို ဒီလိုအပြုံးမျိုးနဲ့ ဖြည်းရှုံးလို့မရဘူးတော်ပါ"

ကြမ်းပြင်ပေါ်တွင် မိုင်ရီယမ် ထိုင်နေပုံက သိပ်ကြည့်လို့ကောင်းသည်။ ဆံပင်ကို ပခုံးတစ်ဘက်တွင် စုချထား၏။ မီးလင်းဖိုမှ ပြာထွက်

www.burmeseclassic.com

www.burmeseclassic.com



နေသည့် မီးရောင်တွင် သူ့အသားအရေမှာ ရွှေအိုရောင် အရိပ်ထိုးနေသည်။ အတန်ကြာသူငေးကြည့်နေ၏။ ပြီးမှ ပြောလက်စစကားကို ဆက်ကောက်သည်။

"ဘာမှ ဆက်ငြင်းမနေနဲ့၊ ကိုယ်က လုဗ်ကို မသွားရဘူးဆိုရင် မသွားရဘူးပဲ"

တနင်္ဂနွေနေ့ရောက်တော့ နှစ်ယောက်သား လုဗ်ပြတိုက်သို့ ရောက်နေကြသည်။ နောက်တနင်္ဂနွေတွင်လည်း သွားဖြစ်၏။ နောက် တော့ တနင်္ဂနွေတိုင်း ဖြစ်သွားတော့သည်။

ဟင်နရီ သူ့ကိုယ်သူ အံ့သြနေမိသည်။ ပြတိုက်သို့သွားတိုင်း ပျော်စရာ အတွေ့အကြုံသစ်တွေ တစ်မျိုးပြီးတစ်မျိုး ရရှိနေခြင်းကြောင့် ဖြစ်၏။

ကမ္ဘာကျော်ပန်းချီကားကြီးများကို သူတအံ့တသြကြည့်နေလျှင် စိတ်ထဲတွင် ကြည်နူးနေ၏။ သူမေးသမျှ မေးခွန်းတွေကို စိတ်ပါလက်ပါ ရှင်းပြနေမိ၏။ အတတ်ပညာပိုင်းဆိုင်ရာ အသေးစိတ်တွေကိုပါ သရုပ် ခွဲပြနေမိ၏။

တိတ်ဆိတ်နေသည့် ပန်းချီပြခန်းများထဲတွင် လျှောက်ကြည့်နေ ရင်း အလွန်ထက်မြက်သည့် အတွေးအမြင်မျိုးဖြင့် စိတ်အား ထက်သန် နေသည်ကို မြင်ရလျှင် ဟင်နရီသဘောကျ၏။

မထင်ဘဲနှင့် ပန်းချီကားကြီးများအကြောင်း၊ ပန်းချီဆရာကြီး များအကြောင်းရှင်းပြနေမိသည်။ ရမ်းဘရင့်[၁]ကဘာကြောင့်ပီတာဒီဟုခ်[၂] ထက်သာကြောင်း၊ ဖရာဂိုနတ်[၃] က ဘာကြောင့် နက်တီယာ[၄] ထက်သာ

၁။ Rembrandt (1616-69) ကမ္ဘာကျော်ဒတ်ချ်ပန်းချီဆရာ။ သူ၏အစောဆုံး... ရာမှာ နည်းလက်ပြောင်လက်နေသည့် The Stoning of St. Stephen (၁၆... ဖြစ်သည်။ ပုံတူများစွာ၊ ရှုခင်းများစွာ၊ သမိုင်းဝင်၊ ခရစ်ဝင်ကားပေါင်းများစွာ ... ကမ္ဘာကျော်ခဲ့သော်လည်း ချောင်ချောင်လည်လည်မရှိ။ ၁၈၅၁ ခုနှစ်တွင် ဒလာခွာ... "တစ်နေ့တွင်ရမ်းဘရင့်သည် ရာဖေးလ်ကို ကျော်တက်သွားလိမ့်မည်" ဟု... ကိန်းထုတ်ခဲ့၏။ နှစ်ပေါင်း ၅၀ အတွင်း သူ့ဟောကိန်းမှန်ကြောင်း တွေ့ရှိကြရသည်။

၂။ Pieter de Hooch (1629-84) ဘဝသရုပ်ဖော်ပန်းချီဆရာ။ စိတ္တဇဆေးဆုံး... ကွယ်လွန်သည်။

၃။ Sean Honore Fragonard (1732-1806) ရှာဒင်း၏တပည့်ဖြစ်ခဲ့ဖူးသည့် ပြင်သစ် ပန်းချီဆရာ။ ပြင်သစ်တော်လှန်ရေးတွင် ပါဝင်ခဲ့ပြီး ဆင်းဆင်းရဲရဲကွယ်လွန်ခဲ့သည်။

၄။ Jean Marc Nattier (1685-1766) ပြင်သစ်ပုံပျှရေးဆရာ၊ နဝမမြောက် လူ... ဘုရင်လက်ထက်တွင် အောင်မြင်မှုအရဆုံး နန်းတွင်းပန်းချီဆရာဖြစ်သည်။



...ကြောင်း စသည့် စသည်များ။ ပါရမီရှင်၏ လက်ရာနှင့် အနုပညာကျော် ...ဥိုး၏ လက်ရာကိုလည်း ခွဲခြားပြောပြသည်။

တစ်ခါတွင် သူတို့နှစ်ယောက် ဗီးနပ်စ်အလှဒေဝီကျောက်ရုပ်၏ ...ေ့တွင် ရပ်ကြည့်နေကြသည်။ မတ်လ ညဆည်းဆာ၏ အလင်းရောင် ...ပျော့ဖျော့ ပျံ့လွင်နေချိန်ဖြစ်၏။

ဟင်နရီက ခပ်တိုးတိုးစကားစသည်။

"သိပ်လှတာပဲနော်၊ မလှဘူးလား။ သူ့အကြောင်း ကိုယ်တို့ ဘာမှ ...သိရသေးဘူး။ ဂရိလယ်သမားတစ်ယောက်က ကျောက်ဂူတစ်ခုထဲ ...တွေ့ပြီး ပြင်သစ်အစိုးရကို ဖရန့် ၆ သောင်းနဲ့ ရောင်းစားခဲ့တာကလွဲ ...ဗီးနပ်စ်အကြောင်း ဘာမှ အထောက်အထားမရှိဘူး။ အနုပညာနဲ့ ...သက်ပြီး ကိုယ်တို့ အစိုးရရဲ့ တစ်ခုတည်းသော ဆောင်ရွက်ချက်ပေါ့။ ... . . အီတလီပန်းချီကားတွေကို နပိုလီယံ ခိုးယူလာတာတော့ ရှိတယ် ...လေ။ သူက သိပ်လှနေတော့ သူ့အသက်ကို မှန်းဆဖို့ တို့ အားလုံး ...နေကြတယ်လေ။ သူဟာ ပါရီထက်လဲ အသက်ကြီးတယ်၊ ဂျူးလိယက် ...ထက်လဲကြီးတယ်ဆိုတာ မင်းသိရဲ့လား မိုင်ရီယမ်"

သူတို့ကို ငုံ့ကြည့်နေသည့် ဗီးနပ်စ်ရုပ်တုကို ရှုထောင့်အမျိုးမျိုး ...သည့်ပတ်ကြည့်ရှုရင်း ခပ်တိုးတိုး ဆွေးနွေးကြသည်။

"ကဲ . . တို့ ပြန်ကြရအောင်လား၊ မိုးချုပ်နေပြီ။ တော်တော်လဲ ...အောင်ကြည့်ပြီးပြီပဲ၊ မင်းကျေနပ်လောက်ပါပြီ။ နောက်တစ်ပတ်အတွက် ... ချန်ထားရဦးမယ်လေ"

"ဟာ . . ဟင်နရီကလဲ ဖိလစ်ပိုလစ်ပီ[၁] ရဲ့ မက်ဒေါနားကို ...ကြည့်ပြဦးမယ်ဆို"

"သေတော့မှာပဲ၊ မင်းဘာတစ်ခုမှ မမေ့ပါလား။ ကဲ . . ဒါဆိုလဲ ...သုတ်သုတ်သွားရအောင်၊ ပြတိုက်ပိတ်ချိန် နီးနေပြီ"

ဇရာမ ကျောက်ဖြူသားလှေကားကြီးမှ ပထမထပ်သို့ တက် ...ခဲ့ကြသည်။ အခန်းထဲတွင် လူတစ်ယောက်မျှမရှိ။ ဟင်နရီက ...မက်ဒေါနား ပန်းချီကားဆီကို ခပ်သွက်သွက်လျှောက်သည်။

ရွှေရောင်ဆံပင်နှင့်မိန်းမချောတစ်ယောက် ဒူးပေါ်မှ ကလေး

၁။ Fillippo Lippi (1406-69) ဖလောရင့်စ်မြို့သား ပန်းချီဆရာ။ ဆုစ်သူသီလရှင် နှင့် ဘုန်းကြီးဝတ်လမ်းမှာ ဂန္ထဝင်အချစ်ဇာတ်လမ်းဖြစ်သည်။ ကဗျာဆရာ ရောဘတ် ဘရောင်နင်က သူ့အကြောင်း ကဗျာစပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယ်ကို ငုံ့ကြည့်နေသည့် ကား။ နှစ်ယောက်သား ယှဉ်ပြီး တိတ်ဆိတ်စွာ ဖြင့် ပန်းချီကားကို ကြည့်နေကြသည်။

နောက်ဆုံးမှ သူရှင်းပြသည်။

"ဒီကားဟာ သိပ်လက်ရာမြောက်တဲ့ကားပဲ မိုင်ရိယမ်။ မင်း သတိထားမိရဲ့လား၊ သူ့အရေပြားအောက်က အလင်းရောင်ထွက်နေ သလိုပဲ။ ဒီလိုဖြစ်အောင် လစ်ပီဟာ အောက်ခံအရောင်ကို လိမ္မော်နု ကို သုံးခဲ့တယ်၊ ဒါကြောင့် အတွင်းသားအရောင်တစ်မျိုးကို ရတာ။ ခ တော့ ပန်းချီကျောင်းသားတွေ လိုက်လုပ်နေကြပါပြီ။ ဒါပေမဲ့ လစ် တို့ခေတ်မှာတုန်းကတော့ အသစ်အဆန်းပေါ့။ ကြည့်စမ်း . . ဘယ် လောက်ကြည်သလဲ၊ ဘယ်လောက် နုသလဲ"

ပြောရင်း သူ့မျက်လုံးတွေ အရောင်တဖျပ်ဖျပ်တောက်နေ၏။

ပြတိုက်ဝတ်စုံနှင့် ဝန်ထမ်းတစ်ယောက် ရောက်လာပြီး ပိတ် တော့မည့်အကြောင်း ပြောလာသည်။

"ပန်းချီအနုပညာဆိုတာ ရောမ ဒုစရိုက်အကြွေးတွေ တင်နေ တတ်တာပဲ"

အဆင်းလမ်းတွင် ဟင်နရီက အလေးအနက်ပြောသည်။

"ဖိလစ်ပိုလစ်ပီနဲ့ သူ့ရဲ့ သီလရှင်ချောချောကလေးတို့ရဲ့ အချ ဇာတ်လမ်းကို တစ်နေ့ ကိုယ်ပြောပြရဦးမယ်"

"အိမ်ရောက်ရင်ပြောနော်၊ လက်ဖက်ရည်သောက်ရင်း မိုင်ရိယမ် နားထောင်မယ်"

နောက်တစ်ပတ် တနင်္ဂနွေနေ့တွင် သူတို့ လုဗ်ကို မရောက် ဖြစ်ကြ။ သည်အပတ်အတွင်း ဖွင့်သည့် လွတ်လပ်သော ပန်းချီဆရာများ အသင်း၏ ပြပွဲသို့ သွားကြသည်။

ပြခန်းတာဝန်ခံအရာရှိများ၊ ကော်မတီဝင်များနှင့် မိုင်ရိယမ်ကို ဟင်နရီက မိတ်ဆက်ပေးသည်။ သူ့ကို အမြတ်တနိုး တန်းတူရည်တူ ဆက်ဆံကြတာတွေ့ရတော့ မိုင်ရိယမ် ပျော်နေ၏။ များပြားလှစွာသော ပန်းချီကားများကို သူတို့ ခပ်သွက်သွက်လျှောက်ကြည့်ကြသည်။

နံရံကို မမြင်ရလောက်အောင် ပိန်းပိန်းပိတ်နေသည့် ပန်းချီ ကားများကို ကြည့်ရင်း ဟင်နရီက

"ကဲ . . ပန်းချီဆရာတွေ ဘာကြောင့် ငတ်သေကြတယ်ဆိုတာ မင်း သဘောပေါက်ပြီ မဟုတ်လား။ ပန်းချီဆိုတာ မလိုအပ်ဆုံးနဲ့



ပါလအော အဖြစ်ဆုံးပစ္စည်းပဲ။ ပါရမီရှိလို့ဖြစ်ဖြစ်၊ ရူးလို့ဖြစ်ဖြစ်၊ တို့လို လူမျိုးတွေပေါ့ကွ။ တခြားဘာမှ လုပ်စရာမရှိလို့ ဒီလမ်းကြောင်းကို ကိုက်လိုက်မတ်တတ်လျှောက်ခဲ့ကြတာ"

သူ့ကားတွေ ရှေ့တွင် ရပ်နေသည့် ဟင်နရီရှူးဆိုး[*]ကို သူတို့ လှမ်းမြင်လိုက်သည်။ သေသေသပ်သပ်ဝတ်စားထား၏။ သားရေရှူးဘိနပ် ကို ဖိတ်ဖိတ်လက်အောင် တိုက်ထားသည်။ အကောက်ခွန်အရာရှိဟောင်း ကြီးသည် တသွေးတမွေးဖြစ်နေ၏။

"မိုင်ရိယမ်၊ ဟောဒါ ကိုယ့်မိတ်ဆွေဟောင်းကြီး မွန်စီယာ ရှူးဆိုး ပေါ့။ တယောပညာရယ်၊ စကားလုံးလှလှကလေးတွေနဲ့ ရည်စားစာရေး တဲ့ ပညာရယ်။ သင်မယ်စိတ်ကူးရင်တော့ သူ့ဆီမှာသင်။ သူ့ထက်တော်တဲ့ လူ မရှိဘူး။ သူက မတော်တဆ ပန်းချီဆရာဖြစ်လာတဲ့လူလေ"

ဟင်နရီရှူးဆိုးက ခါးအထိဦးညွှတ်ပြီး မိုင်ရိယမ့်ကို နှုတ်ဆက် သည်။ နှုတ်ခမ်းမွေးကြီးအောက်မှ တစ်ခုခုပြန်ပြောသည်။ သို့သော် မသဲ ကွဲ။ ပြီးတော့ မိုင်ရိယမ့်လက်မောင်းကိုကိုင်ပြီး သူ၏ La Carmagnole အမည်ရှိ ကားကြီးဆီသို့ ခေါ်သွားသည်။ ပန်းချီကားဘောင်တွင် သူက စာတမ်းထိုးထားသေး၏။

"ပြင်သစ်နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် ကျေးဇူးတော်အတွက် သူတို့လုပ်အားဖြင့် ပေးဆပ်သူတိုင်းအား တရားမျှတလွတ်လပ် ခြင်း အလင်းရောင်သည် လမ်းညွှန်မှုပြုနိုင်ပါစေသတည်း"

အပြန်တွင် ဟင်နရီက ပန်းချီကောင်စီဝင်လူကြီးများ၏ ခပ် ကြောင်ကြောင် အစည်းအဝေးများတွင် တွေ့ရသည့် ရယ်စရာများကို ပြောပြလာသည်။ မိုင်ရိယမ်က တခစ်ခစ်ရယ်လိုက်လာ၏။ ပြီးတော့ ရုတ်နှင့် ဗင်းဆင့်အကြောင်းပါ ပြောပြသည်။

"အဲဒီတုန်းကတည်းက မင်းနဲ့တွေ့ရင် သိပ်ကောင်းမှာ၊ သူတို့ နှစ်ယောက်စလုံးကို မင်းသဘောကျမှာလေ၊ နှစ်ယောက်စလုံး သိပ်တော်

---

[*] Henri Rousseanu (1844-1910) Donanier ဟုလူသိများသည့် အကောက်ခွန်အရာရှိဟောင်းဖြစ်သည်။ တောတောင်ရှုခင်းများကြောင့် နာမည်ကြီးသည်။ ၁၉၀၈ ခုနှစ်တွင် ပီကာဆိုက သူ့အား လေးစားခြင်း၊ ကြည်ညိုခြင်းတစ်ဝက်၊ နောက်ပြောင်ခြင်းတစ်ဝက်ဖြင့် ဂုဏ်ပြုညစာစားပွဲကြီး ကျင်းပပေးသည်။ သူ၏ ဟာသရသမြောက် The Football Players နှင့် အလှပဒေသရုပ်ဖော် The Sleeping Beauty ကားများမှာ ကမ္ဘာကျော်ကားများဖြစ်သည်။ သူ့ကိုအောက်တန်းစား ဆင်းရဲသားသချိုင်းတွင် သင်္ဂြိုဟ်ခဲ့ပြီးမှ သူ၏ဂုဏ်သတင်းကျော်ကြားခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

တဲ့ ပန်းချီပညာရှင်တွေ။ ဒါပေမဲ့ သူတို့နှစ်ယောက် မတူကြဘူး၊ နေ့
ညလောက် ကွဲပြားတယ်။ ဗင်းဆင့်ကို မင်း ပိုသဘောကျမယ်ထင်တယ်
သူက လူထူးလူဆန်းတစ်ယောက်ဖြစ်ပေမယ့် သူ့ကို မခင်မိဖို့ သိပ်မလွယ်
ဘူး။ သူက မင်းလို ဒီမိုကရက်ပဲ၊ ပဒေသရာဇ်ဘုရင်တွေနဲ့ မင်းရိပ်စိုးခို
ထဲကလူတွေကို မြင်တဲ့နေရာမှာလဲ မင်းတို့အမြင်ချင်းတူကြတယ်။ သူ့ရှိခိုး
မင်းကို ချစ်မှာပဲထင်တယ်။ သိပ်သနားစရာကောင်းတဲ့ ဗင်းစင့်၊ သိပ်မိုက်
တဲ့လူ"

"သူ ဘာဖြစ်သွားလို့လဲ ဟင်"

"သူ့ကိုယ်သူ သတ်သေသွားတယ်လေ"

ဤသို့ဖြင့် ရက်တွေ လတွေ ကုန်ဆုံးလျက်ရှိသည်။ ညနေတိုင်း
ဟင်နရီက မိုင်ရီယမ့်ကိုလာစောင့်သည်။ ပြဇာတ်တွေ၊ ကဇာတ်ဘွေ
ဆပ်ကပ်တွေ ကြည့်ကြသည်။ တစ်နေ့တွင် ဟင်နရီက မိုင်ရီယမ့်အား
ခတ်ရှင်ကြည့်ဖူးသလား မေးသည်။

"ဟင့်အင်း၊ ဘာလဲဟင် . . ခတ်ရှင်ဆိုတာ"

"ကိုယ်လဲ အသေအချာတော့မသိဘူး၊ မော်ဆရာရဲ့ အတတ်
ပညာမျိုးလို့ပြောတယ်။ လူရုပ်တွေ အမြန်နှုန်းနဲ့ ရွေ့လျားနေတယ်တဲ့"

ခတ်ရှင်ကို နှစ်ယောက်အတူကြည့်ကြသည်။ ရင်သတ်ရှူမော
အံ့သြကုန်နိုင်ဖွယ်ပါတကား။ ပိတ်ကားပေါ်တွင် မီးရထားကြီးတွေ မောင်း
နေသည်။ မြင်းတွေ ကဆုန်စိုင်းနေသည်။ ပရိသတ်ထဲကို ခုန်ဝင်လာတော့
မည့်နှယ်။ လူတွေ လန့်အော်ကြသည်။ အချို့ ထပြေးကြသည်။ အချို့
မေ့မြောသွားကြသည်။

မောရစ်၊ ရီးနီတို့စုံတွဲနှင့်လည်း မကြာခဏ ညစာစားဖြစ်၏။
စကားပြောဖြစ်၏။ ဖဲကစားဖြစ်၏။ တနင်္ဂနွေနေ့မနက်စောစောပိုင်းမှာ
တွင် သူ့စတူဒီယိုသို့မိုင်ရီယမ်ရောက်လာသည့်အခါတိုင်းသူအံ့သြရသည်
သူ ပန်းချီရေးနေလျှင် ခုံရှည်ပေါ်တွင် ခွေခွေကလေးလှဲလျော
စောင့်ကြည့်နေတတ်၏။ လက်ထဲတွင် စာအုပ်တစ်အုပ်ကိုင်လျက်။ ဆေး
လူဘေးနှင့် မိုင်ရီယမ်တို့ ချက်ချင်းရင်းနှီးသွားကြ၏။ သူ့နောက်ကွယ်တွင်
တိုးတိုးဖော်များ ဖြစ်နေကြပြီ။

ဟင်နရီနှင့် မိုင်ရီယမ်တို့၏ ဆက်ဆံရေးမှာ တဖြည်းဖြည်း
ပို၍ ပို၍ရင်းနှီးပွင့်လင်းလာသည်။ ဟင်နရီက သူ၏ အတိတ်မှအထိ



ကို အိတ်သွန်ဖာမှောက်ပြောပြသည် ဒင်းနစ်အကြောင်းကိုရော၊
ရှိုးရားလက်အကြောင်းပါ ပြောပြ၏။

ဤသို့ဖြင့် မိုင်ရီယမ်ကလည်း ဟင်နရီ့အား ပွင့်ပွင့်လင်းလင်း
ပြန်ဖြစ်၏။ မလှမပ ငယ်ဘဝအကြောင်းကို အရင်းတိုင်း ပြောပြ၏။

"ဘာလို့ အရာတိုင်းကို မိုင်ရီယမ် တတ်ချင်၊ သိချင်နေတာလဲ
သိလား။ ငယ်ငယ်တုန်းက လေ့လာခွင့်၊ သင်ကြားခွင့် ဘာမှမရခဲ့လို့ပဲ
ဟင်နရီ။ ဘယ်တုန်းကမှ ကျောင်းကောင်းကောင်း မနေရဘူး။ မိဘတွေ
က သိပ်ဆင်းရဲကြတယ်လေ။ အဖေဆုံးတော့ အပ်ချုပ်ဆိုင်တစ်ဆိုင်မှာ
အလုပ်သင်အဖြစ်နဲ့ ဝင်ရတယ်။ တစ်နေ့ကို တစ်ဖရန့်ပဲရတယ်၊ အဲဒီ
တုန်းက မိုင်ရီယမ် ၁၃ နှစ်သမီးလေ . ."

ဟင်နရီ ရင်ထုမနာဖြစ်ကာ သူကလေး၏ အတိတ်ကို လှမ်း
မျှော်ကြည့်မိသည်။ ၁၃ နှစ်သမီးကလေးတစ်ယောက်၏ ဘဝကြမ်း၊
ဆင်းရဲမွဲတေခြင်းသည် ရက်စက်ခံရခြင်းနှင့် အတူတူပါလား။

"ဟင်နရီနားလည်နိုင်မယ်မထင်ဘူး။ ဆင်းရဲခြင်းရဲ့ အဓိပ္ပာယ်
ကိုလေ၊ တစ်နေ့တော့ ပြောပြဖြစ်မှာပါ"

သို့သော် တော်တော်နှင့်သူမပြော။ တစ်လကြာမှ သူ့အဖေ
အကြောင်းပြောပြသည်။

"အဖေက ပန်းထိမ်လုပ်တယ်လေ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ပိုလန်
က နေ ပါရီကိုရောက်လာခဲ့တယ်"

အဖေက လူချောတစ်ယောက်ဖြစ်သည်။ ရိုးအေးသည်၊ ဘာ
သာရေး ကိုင်းရှိုင်းသည်၊ အဆုတ်ရောဂါရှိသည်။ သမီးကလေးကို ကဗျာ
စာပေ၊ ဟီဘရူးတေးသီချင်းများ သင်ပေးခဲ့သည်။ နာတာရှည်ရောဂါသည်
ဖြင့် ရှိစုမဲ့စုကလေး ကုန်သွားပြီး အဖေသေတော့ မိုင်ရီယမ်တို့ သား
အမိ စားရမဲ့သောက်ရမဲ့ဘဝဖြင့် ကျန်ခဲ့သည်။

သားအမိနှစ်ယောက် တစ်နေ့လုပ် တစ်နေ့စားဘဝဖြင့် နေခဲ့ရ
ဖြင့် ကလေးဘဝတွင် မိုင်ရီယမ် အပေါင်းအသင်းများနှင့် မကစားဖူး
ခဲ့ တနင်္ဂနွေနေ့ ဟူ၍မရှိခဲ့။ ဤသို့ အသက်ဆက်ရင်း အရွယ်ရောက်လာ
ခြင်းဖြစ်လေသည်။

"အဲဒီလိုနဲ့ တစ်နေ့မှာ အင်ဒရေးနဲ့တွေ့တယ်၊ သူ့အချင်ကို
မိခဲ့တယ်။ သူက မျက်မှန်စက်ရုံက ကြီးကြပ်ရေးမှူးတစ်ယောက်ပါ။
အမေဆုံးသွားတော့ သူက လက်ထပ်ခွင့်တောင်းတယ်၊ မိုင်ရီယမ် ငြင်း
တ်မိတော့မလို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံတိမ်ဝင်သွားပြီး မီးလင်းဖိုထဲက မီးလျှံတွေကို စိုက်ကြည့်နေသည်။

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ သူ့ကို မင်းလက်မထပ်ခဲ့တာလဲ"

"သူ သိပ်ဆင်းရဲလို့"

တိုတိုတုတ်တုတ်အဖြေကြောင့် ဟင်နရီ လန့်သွားသည်။

"သူက လူတော်တစ်ယောက်ပါ၊ ချောလဲချောပါတယ်၊ အလုပ်လဲ ကြိုးစားတယ်၊ ဒါပေမဲ့ ဆင်းရဲတယ်။ မိုင်ရီယမ့်အဖေလဲ လူချောတစ်ယောက်ပဲ၊ အလုပ်ကြိုးစားတာပဲ၊ ဒါပေမဲ့ အမေ့ကို အဖေပေးနိုင်တဲ့ဘဝကို မိုင်ရီယမ် မှတ်မိနေတယ်။ အမေ့နောက်ဆုံးနေ့တွေကို သတိရနေတယ်၊ ဆိုးလိုက်တဲ့ ချောင်း၊ နေ့စဉ်ရက်ဆက်ဆိုးနေတာ။ ဆေးဖိုးမရှိလို့၊ နောက်ဆုံးအချိန်ကို ဒီအတိုင်းကြည့်နေခဲ့ရတယ်။ အဖေ ချောင်းတစ်ချက်ဆိုးသံကြားတိုင်း ခေါင်းအုံးနဲ့မျက်နှာအပ်ပြီး ငိုခဲ့ရတယ်၊ ဘယ်တော့မှ မဆင်းရဲစေရဘူးလို့ ကျိတ်ပြီး သံဓိဋ္ဌာန်ချခဲ့တယ်။ ဆင်းရဲဒုက္ခမရောက်အောင် ဘာမဆိုလုပ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒါကြောင့် အင်ဒရေးကို ထားခဲ့တာပဲ၊ စာတစ်ကြောင်းမှ မရေးခဲ့ဘူး၊ နှုတ်ဆက်စကားတစ်ခွန်းမှ မဆိုခဲ့ဘူး၊ သူနဲ့တွေ့ရင် စိတ်ပြောင်းသွားမှာစိုးလို့။ အဲဒီအတိုင်း ထားခဲ့ပြီး မိုင်ရီယမ် ထွက်ပြေးခဲ့တယ်လေ"

*

မေလထဲသို့ရောက်ခဲ့ပြီ။ လှပသည့်နွေဦးကို ပြန်မြင်ရပြီ။

ဂျိန်းအေဗရီနှင့် သူ့ချစ်သူတို့နှစ်ယောက် လန်ဒန်ခရီးအတွက် ဘူတာရုံတွင် အသင့်ဖြစ်နေကြပြီ။ ဂျိန်း၏ မန်နေဂျာနှင့် အိမ်ဖော်ကလေးပါ ပါသည်။ ရထားမထွက်ခင် အချိန်ကလေးအတွင်း မင်းသမီးနှင့် ဟင်နရီ အချိန်လုပြီး စကားပြောဖြစ်သေး၏။

"ဟင်နရီကြည့်ရတာ တစ်သွေးတစ်မွေးဖြစ်နေပါလား၊ ဂျိန်း ဝမ်းသာလိုက်တာ။ ဘယ်လိုလဲ မိုင်ရီယမ်နဲ့ အဆင်ပြေနေတယ်မဟုတ်လား"

"သိပ်ပျော်စရာကောင်းပါတယ် ဂျိန်း၊ မိုင်ရီယမ်ဟာ မင်းပြောတာထက်တောင် ပိုပြီး ချစ်ဖို့ကောင်းတဲ့ မိန်းကလေးပါ။ အဲဒီအတွက် မင်းကို ကျေးဇူးတင်မဆုံးပါဘူး၊ မင်းနောက် ပိုစတာ လိုချင်ရင် ကြိုက်သလောက် ကိုယ်ရေးပေးပါ့မယ်"

ဂျိန်းက မှသက်ဲသည့် မျက်လုံးများနှင့်ကြည့်ပြီး



"ဟင်နရီ သူ့ကိုချစ်မိတာတော့ မဟုတ်ပါဘူးနော်"

"ဟာ . . မဟုတ်တာ၊ ကိုယ်အရူးမှ မဟုတ်တာပဲ ဂျိန်းရယ်"

"ဟင်နရီသတိထားနော်၊ သူငယ်ချင်းတွေလိုပဲနေနော်"

ထိုညတွင် ဗီယင်နာတွင် ကွယ်လွန်သွားသော ဂီတပညာရှင်ကြီး ဘရာဟင်ကို ဂုဏ်ပြုသည့် ဂီတပွဲသို့ မိုင်ရီယမ်ကို ခေါ်သွားဖြစ်သည်။

ဂီတ လေလှိုင်းများကို မိုင်ရီယမ်မျက်တောင်မေးပြီး အရသာခံနေသည်။ နှုတ်ခမ်းကလေး ခပ်ဟဟ ပွင့်လျက်၊ ချစ်သူအနမ်းကို ကြိုလင့်နေပုံမျိုး။ ခပ်မော့မော့အနေအထားတွင် ရွှေလည်တိုင်သည် ကြော့ရှင်းတင့်တယ်နေ၏။

မိုင်ရီယမ်၏ အလှဆုံးအချိန်ဟု ဟင်နရီမှတ်ယူလိုက်သည်။ မျက်စိထဲတွင် စွဲမြင်နေတော့မည့် ပုံရိပ်။ ဂီတရေယဉ်ကြောတွင် မျောနေရင်း ဟင်နရီ၏ လက်ချောင်း များကို သူ့လက်သွယ်သွယ်ကလေးနှင့် မိုင်ရီယမ်က ပတ္တာဆက်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ဟင်နရီရယ်၊ ဒီညနဲ့ ဒီတေးသွားကို မိုင်ရီယမ်တစ်သက်လုံး သတိရနေမှာပါ"

အပြန်ရထားပေါ်တွင်လည်း ဟင်နရီ့လက်ကို ဆုပ်ပြီး

"ဟင်နရီဟာ မိုင်ရီယမ့်အပေါ်မှာ သိပ်ကို ကောင်းခဲ့ပါတယ်နော်" ဟု လှိုက်လှိုက်လှဲလှဲပြောရှာသည်။

အခန်းပြန်ရောက်တော့ မီးဖိုရင်း မိုင်ရီယမ်က မေးသည်။

"သည်နွေမှာ အာကာချွန်ကို မသွားဘူးလားဟင်။ ဂျိန်းပြောတယ်၊ ဟင်နရီ့မှာ ကမ်းခြေအိမ်ကလေးနဲ့ ရွက်လှေတစ်စီးရှိတယ်ဆို"

"ဒီနွေသွားနိုင်မယ်မထင်ဘူး မိုင်ရီယမ်၊ ကိုယ့်မှာ လုပ်စရာတွေ ရှိနေသေးတယ်"

"ပါရီ အပြင်ဘက်ကို မိုင်ရီယမ် ဘယ်မှမရောက်ဖူးဘူး၊ ပင်လယ် လဲ မမြင်ဖူးဘူး ဟင်နရီ"

"အာကာချွန်ဟာ တကယ်တော့ ကမ်းခြေမဟုတ်ဘူး၊ ပင်လယ်ကော့တစ်ခုပဲ၊ ကမ္ဘာပေါ်မှာ အလှဆုံးပင်လယ်ကွေ့ပဲ။ မလှမ်းမကမ်းမှာ ငါးရှူးတောရှိတယ်၊ ကိုယ့်အိမ်ကလေးကို ဒင်းနစ်ရိပ်သာလို့ နာမည်ပေးသားတယ်၊ မနက် မနက်ဆို သိပ်လှတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟင်နရီက သူရေကူးသည့်အကြောင်း၊ သူ့ကို ရွက်လွှင့်သင်ပေးသည့် ဗိုလ်တဲစောင့်ကြီး လော်ရင်တင်းအကြောင်းများပြောပြသည်။

"ရေကူးနဲ့ရွက်လှေပြိုင်ပွဲမှာ ကိုယ်တံဆိပ်တွေဘာတွေတော့ ရခဲ့ဖူးတယ်။ ကိုယ် စိတ်မကောင်းပါဘူး မိုင်ရီယမ်၊ ဒီနှစ်သွားနိုင်မယ် မဟုတ်ဘူး။ ပါရီက ကိုယ်ခွာလို့ မဖြစ်သေးဘူးလေ၊ ကလေမောင်ဆိုးနဲ့ ဝတ္ထုစာအုပ်မျက်နှာဖုံးဆွဲပေးစရာရှိတယ်။ ဪ. . ဒါထက် မင်းစိတ်ဝင်စားမယ်ထင်လို့ သူ့ဆီက ပုံနှိပ်မူကြမ်းတွေ ကိုယ်တောင်းထားတယ်၊ ဖတ်ချင်ရင် ယူလာပေးမယ်နော်"

မိုင်ရီယမ်က ခေါင်းညိတ်ပြီး

"ကော်ဖီသောက်မယ် မဟုတ်လား၊ သွားဖျော်လိုက်မယ်နော်" ဟုပြောရင်း မီးဖိုဆောင်ကလေးထဲသို့ လှမ်းဝင်သွားသည်။

သူက ဆိုဖာပေါ်တွင်ထိုင်ရင်း လှမ်းအော်ပြောသည်။

"ဒီည မင်းသိပ်လှတာပဲ"

မိုင်ရီယမ်က မီးဖိုထဲမှ ခေါင်းပြူကြည့်ပြီး

"ကျေးဇူးတင်ပါတယ် မွန်စီယာ၊ ခုမှပဲ မြှောက်ဖော်ပင့်ဖော်ရတော့တယ်နော်"

"ဘယ်သူ့ဆီကမှ မြှောက်ဖို့ပင့်ဖို့ မင်းအတွက် မလိုအပ်ပါဘူးကွာ၊ မင်းဘယ်လောက်လှတယ်ဆိုတာ မင်းကိုယ်မင်း သိပါတယ်။ အမှန်ပြောရရင် မြင်သူဗျာပွေလောက်အောင် မင်းလှတာပါ"

"ဒါပေမဲ့ မနက်စောစောမြင်ရရင် ဟင်နရီ စိတ်ပျက်သွားမှာ"

"ဟုတ်လား အဲဒါတော့မသိဘူး၊ ဒီညထူးထူးခြားခြားလှနေတာ တော့အမှန်ပဲ၊ ကဇာတ်ရုံထဲမှာယောကျ်ားတွေရဲ့ မျက်လုံး မှန်သမျှ မင်းဆီမှာချည်းပဲ။ သူတို့ ဘာတွေ တွေးနေတယ်ဆိုတာ ကိုယ်မှန်းကြည့်နိုင်ပါတယ်"

မိုင်ရီယမ်က ရယ်ပြီး

"ဟုတ်လား သူတို့ ဘာတွေ တွေးနေကြမလဲ"

"မနက် အိပ်ရာထရင် ဘယ်လောက် ရုပ်ဆိုးမလဲ တွေးနေကြမှာပေါ့"

"သွား . . ဟင်နရီ့ကို မခင်တော့ဘူး"

မီးဖိုချောင်ထဲမှ ခေါင်းပြူပြီး လျှာထုတ်ပြရင်း

" ဂျိန်းပြောတာမှန်နေပြီ၊ ဂျိန်းက ပြောတယ် . ."



သူက ရယ်ပြီး

"ဂျိန်းပြောတာ ကိစ္စမရှိပါဘူး၊ မိန်းမတွေဟာ သူတို့ပြောတာ ယုံပြီး သူတို့နဲ့ တစ်သဘောတည်း ရှိပြန်ရင်လဲ မကြိုက်ကြဘူးနော်။ လျှာထုတ်ပြလိုပြ၊ ဒေါပွလိုပွနဲ့ . . ဪ သိပြီ၊ မြှောက်တာပင့်တာကို သဘောကျကြတာကိုး။ မဖြစ်ပါဘူး၊ မင်းလို မိန်းကလေးမျိုးကို တစ်ယောက်တည်း ဒီအတိုင်းလွှတ်ထားလို့ မဖြစ်ဘူး၊ အများပြည်သူအတွက် အန္တရာယ်ရှိတယ်"

"မိုင်ရီယမ်က တစ်ယောက်တည်းမှမဟုတ်တာ၊ ဟင်နရီနဲ့ပဲ"

ဤသို့တစ်ယောက်နှင့်တစ်ယောက် စကြ၊ နောက်ကြနှင့် နေခဲ့ကြရာမှ သည်ည တစ်မျိုးဖြစ်နေ၏။ နှစ်ဦးစလုံး၏ ရင်ထဲတွင် အေးမြကြည်လင်နေသည့် ခံစားမှုတစ်မျိုးသည် ပါးပါးကလေး လူးလွန့်လှုပ်ရှားနေလေသည်။

မိုင်ရီယမ်က ကော့ညက်ပုလင်းနှင့် ဖန်ခွက်ယူလာပေးပြီး

"ရော့ . . သောက်၊ တိုက်ချင်လို့ တိုက်တာမဟုတ်ဘူးနော်။ မိုင်ရီယမ်ဟာ သဘောကောင်းတဲ့ ကောင်မလေး၊ ကြင်နာတတ်တဲ့ ကောင်မလေး၊ ခွင့်လွှတ်တဲ့ ကောင်မလေးဆိုတာ ပြချင်လို့"

သူကပြန်ပြီး ကျီစယ်သည်။

"ကိုယ်လဲ အဲဒီစကားလုံးတွေ ပြောတော့မယ့်ဆဲဆဲပါ။ ဪ. . ဒါထက် ဒီပုလင်းဖိုး ကိုယ်ပေးပါရစေနော်၊ မင်းက ဘာသက်ဆောင်မှ ဝယ်ပေးလို့လဲ မရဘူး"

"မရဘူး မပေးနဲ့၊ နောက်ထပ်မပြောနဲ့"

"ဒါဖြင့် ကိုယ်မင်းအတွက် တစ်မျိုးမျိုး"

"ဟင့်အင်း . . မရဘူး"

"မင်းဟာ မြည်းမကလေးတစ်ကောင်လို ခေါင်းမာတာပဲ၊ ကြိုးစားပြီး . ."

"နောက်တစ်ခွန်းပြောရင် ပုလင်းပြန်သိမ်းသွားမယ်" မီးဖိုထဲ ပြန်ဝင်သွားပြီး ကော်ဖီနှစ်ခွက်ဖြင့် ပြန်ထွက်လာသည်။

"ပူပူလေး သောက်လိုက်နော်"

မိုင်ရီယမ်က မီးဖိုနားတွင် တင်ပျဉ်ခွေပြီး ထိုင်လိုက်သည်။ နှစ်ယောက်သား တော်တော်နှင့် စကားမဆိုမိကြ။

www.burmeseclassic.com

www.burmeseclassic.com

မိုင်ရီယမ်၏ သည်ညအလှမှာ တပ်မက်ချင်စရာအတိဖြစ်၏။ စင်စစ် မိုင်ရီယမ်သည် သူတစ်သက်လုံး မက်ခဲ့သည့် အိပ်မက်ထဲမှ မိန်းကလေး ဖြစ်သည်။ အတွေ့နောက်ကျလေခြင်းဟုလည်း စဉ်းစားမိ၏။

မိုင်ရီယမ်က သူ့ကို နောက်ကျောပေးထိုင်နေရာမှ

"ဘာလို့ စိုက်ကြည့်နေတာလဲ"

"ကိုယ်စိုက်ကြည့်နေမှန်းမင်းဘယ်လိုလုပ်သိလဲ။ နောက်စေ့မှာ မျက်စိပါတယ်ထင်တယ်၊ ဒါဆိုကိုယ်ဘာစဉ်းစားနေတယ်ဆိုတာလဲ မင်းသိမှာပေါ့"

"ဘာတွေ စဉ်းစားနေလဲ"

"မင်းဟာ၊ မိုင်ရီယမ်ဆိုတဲ့ ကောင်မလေးဟာ တကယ်ရှိတာလား၊ ကိုယ့်စိတ်ကူးအိပ်မက်ထဲက ကောင်မလေးလားဆိုတာ စဉ်းစားနေတာ။ ကိုယ်က စိတ်ကူးကို တကယ်ထင်တတ်တဲ့ ကောင်မျိုးလေ၊ ဘယ်တုန်းကမှ မရှိတဲ့အရာတွေကို ကိုယ် မြင်တတ်တယ်၊ ဘယ်တုန်းကမှ မပြောဖူးတဲ့ စကားတွေကို ကိုယ်ကြားယောင်တတ်တယ်။ တစ်ခါတလေ ညည လန့်နိုးပြီး မင်းဟာ တကယ်ရှိတာမဟုတ်ဘူး၊ မင်းကိုလဲ တစ်ခါမှ မတွေ့ဖူးဘူးလို့ ကိုယ်တွေးမိတဲ့အခါတွေရှိတယ်။ အို . . မိုင်ရီယမ်ရယ် မင်းနဲ့ ဆုံစည်းရတဲ့အတွက် ကိုယ်သိပ်ဝမ်းသာပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်"

"ကျေးဇူးတင်တယ် ဟုတ်လား၊ ဘာအတွက်လဲ"

"မင်းဟာ သက်ရှိထင်ရှားရှိနေတဲ့ လူမကလေး တစ်ယောက်ဖြစ်နေလို့၊ ကိုယ်နဲ့နီးနီးကပ်ကပ်ရှိနေလို့၊ မင်းအနားမှာ ထိုင်ခွင့်ရနေလို့၊ မင်းမိတ်ဆွေဖြစ်ခွင့်ရနေလို့ပေါ့"

မိုင်ရီယမ် ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။ သူ့တိတ်ဆိတ်မှုကြောင့် ဟင်နရီ အသက်မရှူနိုင်ဘဲ တထိတ်ထိတ်ဖြစ်နေ၏။ ကော်ဖီခွက်ကို ပေါင်ပေါ်တင်သည်။ မီးလျှံတွေကို စူးစူးစိုက်စိုက်ကြည့်သည်။ သူ့မျက်နှာက တစ်နေရာရာတွင် လွင့်မျောနေသည်ထင်ရ၏။

"ဟင်နရီ မိုင်ရီယမ်ကို ချစ်နေပြီလားဟင်"

လေသံက စောစောကလို ကလူကျီစယ်သံမျိုးမဟုတ်တော့။

ဟင်နရီ့လည်ချောင်းထဲတွင် တစ်ဆို့ဆို့ကြီးဖြစ်သွားသည်။ လက်ထဲမှ ကော့ဖီခွက် တဆတ်ဆတ်တုန်နေသည်။ ဆုံးရတော့မှာလား၊ သည်ညနေ သူတစ်မျိုးထူးခြားနေခြင်းမှာ သူစောင့်စားနေခဲ့သည့်





သုချမ်းသာ ချစ်သူတွေ့ပြီဖြစ်ကြောင်း ပြောမည့်နေ့လား။ ဒါမှမဟုတ် မိမိ သူ့ကိုချစ်နေမိပြီဖြစ်ကြောင်း ရိပ်မိသွားလို့လား။

"မင်းကို ချစ်နေပြီလား၊ ဟုတ်လား။ မဟုတ်တာကွာ၊ ဘာလို့ ဒီမေးခွန်းမေးရတာလဲ"

ဦးနှောက်ကိုသေသေချာချာသုံးရတော့မည်။ အသိဉာဏ်အနိုးကြားဆုံးဖြစ်နေရမည်။ ပိပိရိရိလိမ်နိုင်ရမည်။ သူယုံအောင် မလုပ်နိုင်ရင် ဆုံးရတော့မည်။

"တို့နှစ်ယောက်ဟာ သူငယ်ချင်းတွေပဲ မိုင်ရီယမ်၊ ကိုယ် မင်းနဲ့ ခလိုနေရတာပျော်တယ်။ ဒါပေမဲ့ ဟိုလိုချစ်တယ်ဆိုတာမဟုတ်ဘူး၊ ယုံပါ မိုင်ရီယမ်၊ ကိုယ် နောက်ထပ်မမိုက်ဝံ့တော့ဘူး၊ ကိုယ့်မှာ သင်ခန်းစာတွေ အများကြီးပါ"

"သေချာရဲ့လား ဟင်နရီ"

"သေချာပါတယ်၊ သိပ်ကို သေချာပါတယ်မိုင်ရီယမ်"

မျှော်လင့်ချက်မထားဖို့ ဗီဇစိတ်က သူ့ကိုသတိပေးနေ၏။ သူ စိတ်ရှုပ်သွားအောင် ရယ်စရာတွေ လုပ်ပစ်ရမည်။ ပေါ့ပေါ့တန်တန် လုပ်ပစ်ရမည်။ မဟုတ်လျှင် အလိမ်ပေါ်တော့မည်။ ခံရတော့မည်။

"ဘာလဲ . . မင်းက ကွင်းဆင်းလေ့လာရေး လုပ်နေတာလား။ မင်းတို့ မိန်းမတွေဟာ အတော်ခက်ပါလား၊ ယောကျ်ားတစ်ယောက်ဟာ သူ့အသည်းနှလုံးမပါဘဲ မိန်းမတစ်ယောက်နဲ့ ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်မနေနိုင်ဘူး ထင်နေသလား။ ကိုယ် လိုချင်တာက သူငယ်ချင်းဘဝပဲ၊ ကိုယ်အသက်ကြီးပြီ မိုင်ရီယမ်၊ ဒီအရွယ်ရောက်မှ အသည်းမကွဲချင်တော့ဘူး၊ ရေငြိမ်လို ကြည်လင်တဲ့ သန့်စင်တဲ့ မေတ္တာမျိုးပဲ ကိုယ်လိုချင်တော့တယ်"

တည်တည်ငြိမ်ငြိမ်ပြောလိုက်နိုင်သဖြင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာသည်။ ကိုယ်ပြောတာ ကိုယ်အဟုတ်ထင်လာသည်။

"ကိုယ်က ဖြုန်းစားကြီးမင်းကို 'မိုင်ရီယမ်၊ မင်းကိုယ့်ကို ချစ်နေပြီလား' လို့ မေးရင် မင်းဘယ်လိုနေမလဲ၊ ဒါကြောင့် ဒီအကြောင်း တို့ဆက်မပြောကြစို့နဲ့။ ကောင်မလေး ရှက်ပါတယ်ဟ၊ သူ့ကို တို့က ချစ်လဲ မချစ်ဘဲနဲ့၊ ကဲ . . ကိုယ်ကော်ဖီ အေးအေးဆေးဆေး သောက်ပါရစေတော့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ယုံပါပြီတဲ့ရှင်၊ ဒါပေမဲ့ မိုင်ရီယမ့်ကို လိုတော့ လိုချင်တယ်မဟုတ်လား၊ မညာနဲ့နော်"

"ဟား ဟား အဲဒါက တစ်မျိုးလေ၊ အချစ်ဆိုတာက စိတ်နဲ့ဆိုင်တဲ့ အဓိပ္ပာယ်အမျိုးမျိုးထွက်တဲ့ အရာ။ သိပ်ပြီးသိမ်မွေ့တယ်၊ ဒါပေမဲ့ တပ်မက်မှုဆိုတာကတော့ ဘာမှမဆန်းဘူး။ ဟုတ်တယ်၊ မင်းကို ကိုယ်လိုချင်ပါတယ်၊ တခြားမိန်းကလေး ချောချောကလေးတွေကို လိုချင် သလိုလိုချင်တာမျိုးပဲ။ မင်းက အရုပ်ဆိုးတဲ့အထဲ မပါတော့၊ အဲ . . မနက်စောစော အိပ်ရာထချိန်ကလွဲလို့ပေါ့လေ။ ပြီးတော့ ကိုယ်က အသက် ၉၀ မဟုတ်သေးဘူးလေ။ အကောင်းဆုံးက တို့နှစ်ယောက် မတပ်မက်မိအောင်၊ မငြီးငွယ်အောင်၊ မင်းရဲ့အလှကို မသိကျိုးကျွံလုပ်နေမယ် ဘာမှမပူနဲ့သိလား၊ ပါရီမှာ ဖြေပြေရာတွေ အများကြီးပါ"

မိုင်ရီယမ် ပြုံးသည်။

"သိပါတယ်၊ အဲဒီအကြောင်းတွေလဲ ဂျိန်းပြောပြထားပြီးသားပါ"

"ဟာ . . သေတော့မှာပဲ၊ အဲဒီဟာမ ပစ်သတ်ဖို့ကောင်းတယ် ကဲ . . ဒါဆိုလဲ မင်းစိတ်အေးအေးထားတော့ပေါ့၊ မင်းတွေးပူသလို ဖြစ်လာစရာအကြောင်း မရှိတော့ဘူးလေ"

မိုင်ရီယမ်ကို ယုံအောင်ဖြီးနိုင်ခဲ့ပြီ။ သူက ညင်ညင်သာသာ ပြုံးပြီးစကားဆက်သည်။

"တကယ်ပြောတာပါ မိုင်ရီယမ်၊ မင်းရဲ့ သူငယ်ချင်းအဖြစ်နဲ့ပဲ ကိုယ် နေချင်တာပါ၊ ဒါထက်ပိုပြီး ကိုယ့်မှာ မျှော်လင့်ချက် ဘာမှ မရှိပါဘူး။ တစ်နေ့နေ့မှာ မင်းကိုယ်နဲ့ လမ်းခွဲသွားမှာဆိုတာ ကိုယ်သိနေတယ်လေ၊ အဲဒီအချိန်အတွက်လဲ ကိုယ်ပြင်ဆင်ထားပြီးသားပါ။ ဒါပေမဲ့ အဲဒီအချိန်မရောက်ခင် ကိုယ်မင်းရဲ့ သူငယ်ချင်းဆက်ဖြစ်နေပါရစေနော်"

လေးနက်သည့် မျက်လုံးများဖြင့် သူ့ကို မိုင်ရီယမ် စိုက်ကြည့်နေသည်။

"အဲဒီလိုကြားရတာ မိုင်ရီယမ် ဝမ်းသာတယ် ဟင်နရီ၊ မိုင်ရီယမ်လဲ အတူတူပါပဲ၊ သူငယ်ချင်းတွေလိုပဲ နေချင်ပါတယ်။ ကျေးဇူးတင်ပါတယ် ဟင်နရီရယ်၊ ဟင်နရီထင်တာထက်ပိုပြီး ကျေးဇူးတင်ပါတယ်။ ဂျိန်း ပြောပြမှာပါ၊ ဘဝမှာ မိုင်ရီယမ် လိုချင်တဲ့အရာတွေအကြောင်းလေ။



[...]မှာပါ၊ မိုင်ရီယမ့်အနေနဲ့ ဟင်နရီကို မချစ်နိုင်ဘူးလေ၊ ဟင်နရီလဲ [...] မိုင်ရီယမ့်ကို မချစ်စေချင်ဘူး။ မိုင်ရီယမ့်ကြောင့် ဟင်နရီ [...] ချင်ဘူး၊ မိုင်ရီယမ်က ဟင်နရီ့အတွက် ပျော်ရွှင်မှုပဲ ပေးချင်တာပါတယ်"

"ကျေးဇူးတင်ပါတယ် မိုင်ရီယမ်၊ ကဲ . . ဒါဆိုအားလုံး ရှင်းပြီ [...]ပါနော်။ ကိုယ်ပြန်တော့မယ်၊ မနက်ဖြန် တနင်္ဂနွေနေ့နော်၊ ရာသီဥတု [...]ကောင်းမှာပါ၊ တဆေးကိုသွားချင်သလား"

သူက ဖန်ခွက်လွတ်ကို စားပွဲပေါ်တင်ပြီး ကြိမ်လုံးကို လှမ်းယူသည်။ သူမထခင် မိုင်ရီယမ် သူ့ရင်ခွင်ထဲသို့ စွေ့ခနဲရောက်လာပြီး မွှတ်[...]တ်သိပ်သိပ် နမ်းပါလေတော့၏။

"ဒီည မပြန်နဲ့တော့နော်"

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

မျက်လုံးမဖွင့်မီကပင် နွေရာသီ နံနက်ခင်းသည် လှပနေကြောင်း သူသိသည်။ တစ်ခန်းလုံးမှာ နေခြည်ဖြာ၍ နွေးနေ၏။ ပင်လယ်ကွေ့ပေါ်မှ ကောင်းကင်ပြင်သည် ကြည်လင်ပြာလဲ့နေသည်။

ကမ်းခြေတစ်လျှောက်တွင်ဆော့ကစားနေကြသော ကလေးများ၏ အသံကို ဖွင့်ထားသည့် ပြတင်းမှ ကြားနေရ၏။ အခန်းထဲသို့ လေပြည်ကလေး တဖြူးဖြူးဝင်နေသည်။ ၁၁ နာရီလောက် ရှိပြီထင်၏။ မကြာခင် ရွက်လှေကလေးများ ပင်လယ်ကွေ့ထဲသို့ အလျှိုအလျှိုထွက်လာကြတော့မည်။

မျက်စိမဖွင့်သေးဘဲ နံဘေးတွင်အိပ်ပျော်နေသည့် သူကလေး၏အသက်ရှူသံကို နားထောင်နေသည်။ တစ်သက်နှင့်တစ်ကိုယ် သည်လိုစိတ်၏ငြိမ်းချမ်းမှုမျိုးကို ဘယ်တုန်းကမှ မရရှိခဲ့ဖူးပါ။ အရောင်အသွေးစုံလင်လှသော ပျော်ရွှင်မှုမျိုးဖြင့် တငြိမ့်ငြိမ့် အေးမြနေ၏။ ရင်ခုန်စရာအဖုံဖုံဖြင့် တသိမ့်သိမ့်နွေးထွေးနေ၏။ စက္ကန့်တိုင်းသည် တန်ဖိုးမဖြတ်နိုင်အောင်ပါတကား။

သည်ရက်သတ္တပတ်များတွင် သူလောက် ပျော်သည့်လူသားသည်ကမ္ဘာတွင်ရှိမည်မထင်။ ချစ်သူက ကြည်ဖြူနေသည်မဟုတ်လား။ သနားစိတ်ဖြင့် ကြည်ဖြူခြင်းမျိုးမဟုတ်။ ရင်နှင့်အမျှ ယုံမှတ်စွာ ပုံအပ်ထားခြင်းဖြစ်၏။



ဒင်းနစ်နှင့် မာရီတို့ကြောင့် ရခဲ့သည့်နှလုံးသားဒဏ်ရာကို သူကလေးက ကုစားပေးခြင်းဖြစ်လေသည်။ သူ၏ တစ်ကိုယ်တော် လေ...နှင့်ချိန်များကို ပြန်လည် ဖြည့်ဆည်းပေးနေခြင်းလည်း ဖြစ်၏။

အကျည်းတန်ချစ်သူဘဝ နှင့် ခြေထောက်က ဝေဒနာကိုလည်း ...ဟင်နရီ မေ့မေ့ပျောက်ပျောက် ထားနိုင်ခဲ့ပြီ။ မိန်းကလေးက ဘဝတစ်ခုလုံး သူ့ကို လက်ဆောင်ပေးထားပြီမဟုတ်လား။

ခံစားမှုပြင်းပြသော၊ ဉာဏ်ပညာထက်မြက်သော မိန်းမချော ...ကလေးတစ်ယောက်နှင့် ချစ်ပွဲဝင်ရလျှင် . . ဟူသော အတွေးမျိုး မကြာ မကြာဝင်ခဲ့ဖူး၏။ ယခု လက်တွေ့သိရပြီ။ ကမ္ဘာပေါ်တွင် အမြင့်ဆုံး ပျော်ရွှင်မှုမျိုးဖြစ်၏။ သည့်အတွက် အာဒမ်တစ်ယောက် နိဗ္ဗာန်ကိုပင် စွန့်...လွှတ်ခဲ့သည်မဟုတ်လား။

အကြင်မိန်းကလေးသည် ရသမြောက်အချစ်ညများကို ဖန်ဆင်းပေး၏။ ဘာကိုမှုမငြင်း။ ပါရီရှိ သူ့အခန်းကလေးထဲတွင်ရော၊ မြရောင်...လွှမ်းသည့် ပင်လယ်ကမ်းခြေတွင်ပါ အချစ်နတ်ဘုရားမကလေးတစ်ပါး...သို လှုပ်ရှားနေ၏။ အသွေးယူယူ၊ အသားယူယူ၊ ထိုမိန်းကလေးကား ...မိုင်ရီယမ် ဖြစ်၏။

မိုင်ရီယမ်ဆိုသည့် မိန်းကလေးသည် ဣန္ဒြေရှင်မလေးဖြစ်သည်။ သို့သော် သူနှင့်ဆိုလျှင် မိန်းမတို့ ဣန္ဒြေကို စွန့်၍မျှမကြည့်တော့ဘဲ ပြုသမျှ နုနေတတ်၏။ အရှက်အကြောက်မရှိ။ အချစ်၏ အနက်အဓိပ္ပာယ်နှင့် ပြင်းပြသည့်ခံစားမှုကို ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် ခံစားဖူးခြင်းဖြစ်လေသည်။

တစ်ရံရောအခါက အပျော်မကလေးများက သူ့အား ခန္ဓာဗေဒကို သင်ကြားပေးခဲ့ကြ၏။ သည်အတွက် သူတို့ကလေးတွေကို ကျေးဇူးတင်နေမိ၏။ မိမိထံမှ မိုင်ရီယမ် ကျေနပ်မှုရနေကြောင်း၊ မိမိရင်ခွင်တွင် သူ နှစ်နှစ်ကာကာ ပျော်နေကြောင်း ဟင်နရီ ကောင်းကောင်းသိနေသည်။ ဟင်နရီ သူ့ကို ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ။ အလားတူ မိုင်ရီယမ်ကလည်း မေ့နိုင်မည်မဟုတ်ဟု သူယုံကြည်နေသည်။ ဆန္ဒမှန်သမျှကို အပြည့်ဝဆုံး ပေးစွမ်းနိုင်သည့် အကျည်းတန်ချစ်သူ လူပုကလေးကို ...မိုင်ရီယမ် မည်သို့မျှ ခမေ့နိုင်မည် မထင်ပါ။

ဘာရာဟင် ဂီတသံကိုကြားလျှင်၊ ဗင်ဒမ်းကြေးရုပ်ကိုဖြတ်လျှင် သတိရနေမည်၊ လုဗ်ပြတိုက်ရှေ့ဖြတ်လျှင် သတိရနေမည်။ အတွက်ကွ

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားလေး . . ဝေးဝေးမကူးနဲ့ခင်ဗျ"

အတန်ကြာရေကူးပြီး ဟင်နရီ လှေဆီသို့ပြန်လာခဲ့သည်။ ကမ်းခြေနားပြန်ရောက်တော့ အဖြူရောင်ဝတ်ရုံဖြင့် စောင့်ကြိုနေသော မိုင်ရီယမ်ကို အဝေးမှ မြင်ရ၏။ လှမ်းလက်ပြသည်ကိုမြင်တော့ ဟင်နရီ လက်ပြန်ပြသည်။ ရင်ထဲတွင် တငြိမ့်ငြိမ့်နွေးသွား၏။ စိတ်ထဲမှ ကိုးကိုး ဆုတောင်းလိုက်မိ၏။

"အို . . အဘဘုရားသခင်၊ အရှင်၏ကျေးဇူးတော်ကား ကြီးမား လှပါဘိသည်၊ နောင် ဘယ်တော့မှ အရှင့်အား မပြစ်မှားတော့ပါ။ သူ နှင့်ခွဲခွာပြီးနောက် တပည့်တော်ကြာမြင့်စွာ အသက်ရှင်မနေလိုတော့ပါ။ သို့ပါ၍ ယခုအချိန်တွင် စက္ကန့်နာရီများကို နှေးနိုင်သမျှ နှေးအောင် ဆွဲ ဆင်းပေးတော်မူပါဘုရား"

နှစ်ယောက်သား အတူတူ ရွှက်လွှင့်ကြ၏။ ငါးများကြ၏။ လှေ ဦးတွင် အတူယှဉ်၍ ပက်လက်လှန်ပြီး တစ်ဦးလက်ကိုတစ်ဦး ကိုင်ကာ ကောင်းကင်ကို မော်ကြည့်ကြ၏။ ရယ်စရာမဟုတ်သည့် ကိစ္စကလေးများ ကို ပြိုင်တူရယ်ချင်ရယ်နေကြ၏။ လေသာဆောင်တွင်ထွက်ပြီး နေ့လည် စာ၊ ညစာ စားကြ၏။ ထင်းရှူးတောထဲတွင် ရထားလျှောက်စီးကြ၏။ ကမ်းခြေစားသောက်ဆိုင်များတွင် ထွက်ပြီး ကမာဟင်းမှာစားကြ၏။ လက်ဆောင်ပစ္စည်းဆိုင်များတွင် လိုက်မွှေပြီး မဒမ်လူဘေးဆီသို့ ဝယ်ပို့ ၏။ ညအခါများတွင်တော့ ပျော်ပုံသစ်ကြပြန်သည်။

ဩဂုတ်လနှောင်းပိုင်းတွင် မောရစ်နှင့် ရီးနီတို့ ရောက်လာကြ သည်။ ညစာစားပြီးမိန်းကလေးနှစ်ယောက်က ဖက်ရှင်အကြောင်းပြော ကြ၏။ မောရစ်က သူ့အစီအစဉ်တွေကို ဟင်နရီအား ချပြ၏။

"အားလုံးအသင့်ဖြစ်နေပြီ၊ ဂိုပီးလ်ရဲ့ လန်ဒန်မန်နေဂျာ မွန်း ယာမာချန်းက နွေဦးပေါက်မှာ မင်းကားတွေပြဖို့ စီစဉ်ထားပြီးပြီ မေလထဲမှာ နှစ်ပတ်အချိန်ပေးလိမ့်မယ်၊ နောက်နှစ် နယူးယောက်မှာ လုပ်မယ်။ ဒရက်စ်ဒန်က ပြခန်းပိုင်ရှင်၊ ဟားမော်ရှီးနဲ့ အလုပ်ဖြစ်မှာပါ။ သူက သယ်ယူပို့ဆောင်ခလဲခံတယ်၊ အရောင်းအာမခံလဲပေးတယ်။ မင်း ငါပြောတာယုံ၊ နောင် ငါးနှစ်မှာ ဒေဂါ့ရဲ့ ဈေးကို မင်းကားတွေမှီရမယ်"

မောရစ်တို့အတွဲ ပြန်သွားတော့ သူတို့နှစ်ယောက် အစောပိုင်း ကအတိုင်း ဖြည်းဆေးစွာ ဆက်အချိန်ဖြုန်းကြသည်။ တဖြည်းဖြည်း မိုင်ရီယမ့် ခွင့်ရက် ကုန်ခါနီးလာပြီ။ ခရီးအဆုံးပိုင်းတွင် အရိပ်မည်းကြီး



ခင်း ထိုးဆင်းကျရောက်လာတော့မည့်နှယ် နှစ်ယောက်စလုံး စိတ်တွေ လေးနေကြသည်။

ပါရီသို့ မပြန်မီ တစ်ညနေခင်းတွင် နှစ်ယောက်သား နေဝင်ချိန် ကို စောင့်ကြည့်နေကြ၏။ ရေချိုးနေသူများ ပြန်တက်လာကြပြီ။ ကမ်း ခြေတွင် လေလည်း ငြိမ်စပြုပြီ။

မိုင်ရီယမ်က သူ့လက်ကို လှမ်းဆွဲပြီး

"ကျွန်မတစ်သက်မှာ ပျော်စရာအကောင်းဆုံးအချိန်ပါမောင်။ လေးပတ်ကလည်း ကုန်လွယ်လိုက်တာ မောင်ရယ်၊ ကျွန်မဘယ်တော့မှ မေ့နိုင်တော့မယ် မထင်ဘူး"

သူ့စကားမဟာရဲ့။ အနာဂတ်တစ္ဆေသည် သူ့ကို ခြောက်လှန့်နေ နေပြီ။ ပါရီတွင် သူနှင့်ပြိုင်ဘက်တွေ၊ သူ့ဆီက လုယူမည့်သူတွေ၊ ထောင် နှင့်ချီပြီး ရှိနေနိုင်သည်မဟုတ်လား။

မိုင်ရီယမ် သူ့ဘက်လှည့်လာသည်။

"ကျွန်မ အရမ်းပျော်ပါတယ် မောင်။ ကျွန်မကို အပျော်ဆုံး ဖြစ်အောင် မောင် ဖန်တီးပေးနိုင်ခဲ့တယ်နော်၊ အဲဒါကိုတော့ မောင်သိထား စေချင်ပါတယ်ကွယ်"

"မောင်လဲ အတူတူပဲပေါ့ မိုင်ရီယမ်ရယ်၊ ဒါကြောင့် နောက်ဆုံး အချိန်ကို ရောက်လာမှာ မောင်အရမ်းကြောက်နေတာပေါ့"

"အဆုံးကို မရောက်သေးပါဘူး မောင်ရယ်၊ ပါရီပြန်ရောက်ရင် ဒီအတိုင်း နေကြမယ်လေ"

သူ ခေါင်းယမ်းသည်။

"မတူနိုင်တော့ဘူး မိုင်ရီယမ်။ ပါရီမှာဆိုရင် စားသောက်ဆိုင် ထဲမှာ၊ ရထားလုံးထဲမှာ အပြေးအလွှားတွေ့ကြရတာလေ။ ညပိုင်းတွေမှာ သဲ အချိန်က ဘယ်လောက်မှ မရဘူး၊ တနင်္ဂနွေနေ့တွေ ရောက်ရင်လဲ"

"မနှစ် ဆောင်းတွင်းတုန်းကဒီလိုပဲ နေခဲ့ကြတာပဲ။ မောင် ပျော် တယ်ဆို၊ ဒီအတိုင်းကျေနပ်နေပါပြီ။ နောက် ဘာမှ မလိုတော့ဘူးလို့ မောင် ပြောဖူးတယ်လေ။ မှတ်မိလားဟင်"

မိုင်ရီယမ်က စိတ်မကောင်းသည့်လေသံဖြင့် ပြောနေခြင်းဖြစ် ၏။

"ကိုယ်ပြောချင်တဲ့ အဓိပ္ပာယ်က မဖြစ်နိုင်တာကို မျှော်လင့်မနေ သင့်ဘူးလို့၊ အဲဒီတုန်းက ဆိုလိုတာပါ။ ခုဟာက တစ်မျိုးဖြစ်သွားပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုတစ်မျိုးလဲဟင်"

"ဆောင်းဦးပေါက် ဒီမှာလာနေမယ်၊ ခရစ္စမတ်ပြီးမှ ပြန်ကြမယ်လေ"

ပြောပြီးပြီးချင်း မှားမှန်းသိလိုက်သည်။ ဆုတ်ထားသည့် သူ့လက်ချောင်းကလေးများ တောင့်ခနဲဖြစ်သွားသည်။

"မောင့်ကို ခွင့်လွှတ်ပါ မိုင်ရီယမ်၊ ပြောချင်တဲ့ အဓိပ္ပာယ်က. ."

"မောင် ကျွန်မကို ချစ်နေပြီလားဟင်၊ ဟုတ်တယ်မဟုတ်လား သိတော့ သိနေသလိုပဲ၊ ဒါပေမဲ့ သိပ်မသေချာတာနဲ့ . ."

မေးခွန်းမဟုတ်တော့။ စွဲချက်တစ်ခုဖြစ်၏။ သူ ခေါင်းညိတ်လိုက်သည်။ စိတ်တင်းကျပ်မှုကို မခံနိုင်သည့်အဆုံး ရုတ်ချည်းဖြောင့်ချက်ပေးလိုက်သည့် တရားခံတစ်ဦးနှင့်တူ၏။ ဟန်ဆောင်ဖုံးကွယ်ထားရခြင်းလောက် ပင်ပန်းသည့်အရာ ရှိနိုင်တော့မည်မထင်။ ပင်ပန်းလှပါပြီ မိုင်ရီယမ်။

"ဟုတ်တယ် မိုင်ရီယမ်၊ ဘယ်တုန်းက စချစ်ခဲ့သလဲ သိလား စတွေ့ကတည်းက ချစ်မိတာ။ သူငယ်ချင်းလိုပဲ နေပါ့မယ်လို့ ကျိန်တွယ် ပြောနေတုန်းကလဲ ချစ်နေတာပဲ။ သူငယ်ချင်းဘဝကလေးတောင် မရလိုက်မှာစိုးလို့ ကိုယ့်ကိုယ်ကိုယ်လိမ်ခဲ့ရတာလေ။ အဲဒီကစပြီး မောင် တောက်လျှောက် လိမ်ခဲ့ရတာ မိုင်ရီယမ်။

"ဒါပေမဲ့ အဲဒီလို လိမ်ညာနေတယ်ဆိုတာ မင်းဘယ်တော့မှ မသိနိုင်ဘူးလို့ မောင်ထင်ခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ်လဲ သစ္စာဆိုခဲ့တယ် မင်းဘယ်တော့မှ မသိစေရဘူးလို့။ ခုတော့ အားလုံး ပျက်စီးသွားပြီ ခု အခြေအနေရောက်မှတော့ မောင်ပြောပါရစေ မိုင်ရီယမ်၊ မင်းကိုမောင် တစ်သက်လုံး စောင့်ရှောက်ပါရစေလားဟင်"

ချစ်သူမျက်နှာကို တည့်တည့်ကြည့်ပြီး ဟင်နရီစကားဆက်သည်။

"မောင့်ကို မင်းမချစ်နိုင်ဘူးဆိုတာ မောင်နားလည်နိုင်ပါတယ် မိုင်ရီယမ်။ ဒါပေမဲ့ မောင့်ကိုမင်း သဘောကျတယ်မဟုတ်လားဟင်။ တခြားလူတစ်ယောက်ကိုပေးမယ့် အခွင့်အရေးမျိုး၊ မင်း မောင့်ကို မပေးနိုင်ဘူးလားဟင်။ မင်းဘဝရဲ့ ဦးတည်ချက် ဘာဆိုတာ မောင် သိတယ်၊ ဂျိန်းလဲပြောပြထားတယ်၊ မင်းလိုချင်တာတွေ မောင့်ဆီက အားလုံး ရနိုင်ပါတယ် မိုင်ရီယမ်၊ နော် . . မိုင်ရီယမ်"



သူ့နှုတ်ဖျားမှအသံ တဖြည်းဖြည်းတိမ်ဝင်သွားသည်။ မိုင်ရီယမ့် လက်ကလေး ပြန်ရုပ်သွား၏။ ပြီးတော့ ကြေကွဲလှိုက်လှဲစွာ စကားဆိုသည်။

"ကျွန်မစိတ်မကောင်းပါဘူး မောင်ရယ်၊ စိတ်မကောင်းဘူး ကွယ်၊ ဒီလိုဖြစ်လာတာကိုက စိတ်မကောင်းစရာပါ။ မောင် လိမ်ပြောခဲ့တဲ့အတွက် ကျွန်မ စိတ်မဆိုးပါဘူး၊ ကျွန်မ နားလည်တတ်ပါတယ်မောင်၊ မောင့်နေရာမှာ ကျွန်မဆိုလဲ ဒီလိုပဲ ဖြစ်မှာပါ။ ကျွန်မနဲ့မောင့်ကြားမှာ ရှိနေတဲ့ ကမ္ဘာကလေး ပျက်စီးသွားမှာတော့ အရမ်းစိုးရိမ်တယ် မောင်ရယ်"

ခဏတွေပြီးမှ သူစကားဆက်သည်။

"မောင်က ပြောတယ်၊ ကျွန်မရဲ့အချစ်ကို မမျှော်လင့်ပါဘူးတဲ့။ အဲဒါသိပ်မှားတာပဲ သိလား၊ ချစ်သူတိုင်းဟာ တုံ့ပြန်အချစ်ကို မျှော်လင့်ကြတာချည်းပါပဲ၊ ဟုတ်တယ်မဟုတ်လား။ မငြင်းပါနဲ့တော့ မောင်ရယ်၊ ကျွန်မကို အကြင်နာတွေ ပေးနေရင်၊ စိတ်ရှည်ရှည်စောင့်ရင် ကျွန်မ အချစ်ကိုရမှာပဲလို့ မောင် ယုံကြည်နေတယ်မဟုတ်လား။

"အဲဒီအကြောင်းတွေ ဆွေးနွေးတုန်းက မောင်ပြောတာ မှတ်မိသေးလား၊ သင်ခန်းစာတွေ အများကြီးရခဲ့ဖူးတဲ့ အကြောင်းလေ။ အဲဒီတုန်းက ကျွန်မ တကယ်ယုံခဲ့တယ်၊ ခုမှ မောင်သင်ခန်းစာ မရသေးမှန်း သိရတော့တယ်နော်။

"မောင်ဘယ်တော့မှ သင်ခန်းစာရမှာ မဟုတ်ဘူး။ မိန်းကလေး တစ်ယောက်ရဲ့အချစ်ကို မျှော်လင့်နေဦးမှာပဲ။ အဲဒီလို ဖြစ်နေသမျှ မောင့် အသည်းကွဲနေဦးမှာပဲ။ ဪ . . မောင်ရယ်၊ မောင့်ကို ကျွန်မ အသည်းခွဲသလိုများ ဖြစ်နေပြီလားဟင်။

"မောင်နဲ့ကျွန်မ ဘဝတူပဲလို့ တစ်ခါက လှည့်တွေးမကြည့်မိဘူးလား၊ မောင်နဲ့ ကျွန်မတို့ နှစ်ယောက်စလုံးဟာ မရနိုင်တာကို ရှာဖွေမောနေကြတဲ့ ကံဆိုးသူတွေလေ။ ဘာလို့ မရနိုင်လဲသိလား၊ ကျွန်မက လက်လျှော့ထားလို့၊ မောင်ကအရုပ်ဆိုး အကျည်းတန်၊ ခြေမသန်တဲ့ ဘဝရောက်နေလို့"

သူ့အသည်းနှလုံးထဲသို့ စူးစူးနစ်နစ်ဝင်သွားသည့် စကားလုံးများဖြစ်ပါ၏။ ရုတ်ချည်းပင် ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လေကစိမ့်နေအောင် အေးလာ၏။ ပင်လယ်ကွေ့တစ်ခုလုံးတွင် အလှ အပမရှိတော့။

သူ့မျက်နှာတစ်ခုလုံး သွေးဆုတ်သွားသလို ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ မိုင်ရီယမ် အလေးအနက် ဆက်ပြောသည်။

“ဟုတ်တယ်မောင်၊ မောင်ဟာ အရုပ်ဆိုးနေတာရယ်၊ ခြေထောက်မသန်တာရယ်ကို တစ်သက်လုံး မေ့မေ့ပျောက်ပျောက်လုပ်ထားတယ်၊ တခြားလူတွေကိုလဲ မေ့မေ့ပျောက်ပျောက် ဖြစ်နေအောင် မောင် လုပ်ဖို့ကြိုးစားတယ်၊ ဒါပေမဲ့ မရဘူးမောင်ရယ်၊ မောင်လိုချင်တဲ့အချစ်မျိုးနဲ့ ဘယ်မိန်းကလေးမှ မောင့်ကို ချစ်နိုင်လိမ့်မယ်မထင်ဘူး။ ဖြစ်နိုင်ရင် အဲဒီ မိန်းကလေးဟာ ကျွန်မဖြစ်ရမှာပေါ့ မောင်ရယ်၊ ဘာဖြစ်လို့လဲ သိလား၊ ကျွန်မ အကြိမ်ကြိမ်ကြိုးစားကြည့်ပြီးခဲ့လို့ပဲ မောင်။ မအောင်မြင်ခဲ့ဘူး မောင်ရယ်၊ နောင်လဲဖြစ်မှာမဟုတ်ဘူး”

သူ တစ်ခုခု ဝင်ပြောဖို့ ဟန်ပြင်သည်။ မိုင်ရီယမ်က အားလျော့အားငယ်လေသံဖြင့်

“နေဦး မောင်၊ ခု မပြောနဲ့ဦး၊ ကျွန်မ ဆက်ပြောပါရစေဦး။ ကျွန်မ မောင့်ကို မချစ်နိုင်တဲ့ နောက်တစ်ကြောင်းက ကျွန်မ အင်ဒရေကို ချစ်နေဆဲမို့ပဲမောင်၊ ဒါကြောင့် မောင် ကျွန်မကို ရွှေဘုံပေါ် မှာထားထား ကျွန်မ မောင့်ကို ချစ်လို့ရမှာ မဟုတ်ဘူး။ ချစ်လို့ မရတဲ့အပြင် အဲဒီဘဝမျိုးနဲ့ဆို မောင့်ကို ခင်လို့တောင် ရချင်မှ ရတော့မှာ။ အဲဒီအခါမှာ မောင်က ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်းမဟုတ်တော့ဘူးလေ၊ စည်းစိမ်ချမ်းသာနဲ့ဝယ်ရင် ဘာမဆိုရနိုင်တဲ့ လူချမ်းသာတစ်ယောက်၊ မြို့စားတစ်ယောက် ဖြစ်သွားတော့မှာကိုး။ အဲဒီငွေတွေကို ကျွန်မ မုန်းမိမှာ၊ ကျွန်မ အဲဒါတွေ လိုချင်တယ်ဆိုတာက မောင့်ဆီက မဟုတ်ဘူး၊ အခြားတစ်ယောက် ယောက်ဆီက။ ကျွန်မ အချစ်ကို မရနိုင်တဲ့ လူတစ်ယောက်ဆီက၊ မောင် ယုံမှာ မဟုတ်ဘူး။ ဒါပေမဲ့ အဲဒါအမှန်ပဲမောင်။

“မောင့်ကို ကျွန်မ ပေးနိုင်သမျှပေးပြီးခဲ့ပြီလေ၊ ဒါထက် ပိုပေးစရာ ကျွန်မမှာ မရှိတော့ပါဘူးမောင်။ ကျွန်မ မောင့်ကို မထိခိုက်စေချင်ဘူး၊ မောင့်ကို ကျွန်မဆက်ပြီး ခင်သွားချင်ပါတယ်၊ ငွေဟာ မေတ္တာတရားအတွက် အဆိပ်အတောက်ပဲမောင်၊ လှပတဲ့အရာတွေ ငွေကြောင့် ရှုပ်ပျက်ဆင်းပျက် ဖြစ်တတ်ကြပါတယ်”



သူ့လက်ချောင်းကလေးများကို ငုံ့ကြည့်နေစဉ် ဟင်နရီ ဝင်ပြောသည်။

“အဲဒီတော့ . . တစ်ယောက်နဲ့တစ်ယောက် မတွေ့ကြစတမ်းပေါ့ ဟုတ်လား၊ ချစ်မိလို့ရှိရင် အဲဒီအတိုင်း လုပ်ပါ့မယ်လို့ ကိုယ် ကတိပေးခဲ့ဖူးတယ်လေ”

မိုင်ရီယမ် သူ့ကိုကြည့်ပြီး ပြုံးသည်။ မျက်လုံးအစုံမှာ ကြည်လဲ့နေ၏။

“မောင်ရယ် ကျွန်မ အဲဒီလောက် မမာနိုင်ပါဘူးကွယ်၊ မောင့်ကို မတွေ့ဘဲ ကျွန်မ မနေနိုင်ပါဘူး။ ပြီးခဲ့တဲ့တစ်ဆောင်းလုံး မောင်နဲ့ကျွန်မ ဘယ်လောက် ပျော်ခဲ့ကြသလဲ။ လုပ်ကိုသွားလိုက်၊ အခန်းအောင်းပြီး မီးဖိုနဘေးမှာ စကားတွေပြောလိုက်၊ ဓာတ်ရှင်တွေ သွားကြည့်တုန်းက ကျွန်မဖြင့် ရင်တွေတုန်လိုက်ရတာ။ အဲဒီလိုပဲ နေကြတာပေါ့မောင်ရယ်၊ ဒါပေမယ့် ချစ်တဲ့အကြောင်းတော့ ထပ်မပြောနဲ့တော့နော်၊ အဲဒါ မောင့်အပေါ် မူတည်ပါတယ်၊ ကြိုးစားပါ မောင်ရယ်”

သဲကမူတစ်ခု၏နောက်တွင် နေလုံးကြီးပျောက်ကွယ်သွားလေပြီ။ ရွက်လှေကလေးနှစ်စင်း ချိတိုင်ဆီသို့ ပြန်လာနေကြ၏။ ပင်လယ်ကွေ့တစ်ခုလုံးကို တိတ်ဆိတ်ခြင်းက လွှမ်းခြုံလိုက်သည်။

*

သူတို့နှစ်ယောက် ပါရီသို့ ပြန်လာခဲ့ကြသည်။

သူ တွေးတောကြောက်ရွံ့ခဲ့သည့်အတိုင်း နှစ်ယောက်သား၏ဘဝသည် တဖြည်းဖြည်းဝေးကွာလာ၏။ အေးစက်လာ၏။ အာကာချွန်ဘာတုန်းက မိုင်ရီယမ်ကလေး၏နေရာတွင် အခြားတစ်ဦး ဝင်ရောက်နေရာယူထားဘိသို့ရှိ၏။

မနှစ်က ဆောင်းအတိုင်း သူတို့နှစ်ယောက် လှုပ်ရှားသွားလာနေကြသော်လည်း သည်ဆောင်း၏ နှင်းပွင့်များသည် မနှစ်က နှင်းများမဟုတ်တော့ပေ။

လူတောသူတောထဲသို့ ဟင်နရီမဝင်ချင်တော့။ ရုပ်ဖြောင့်ဖြောင့်လူတွေ မိုင်ရီယမ့်ကို ကြည့်လျှင် ဆောက်တည်ရာမရ အထိတ်တလန့်ဖြစ်ရ၏။ သူ့အလှကိုပင် ဟင်နရီ အပြစ်လို့မြင်တတ်လာ၏။ သည်အလှသည်ပင် သူတို့နှစ်ယောက်၏ အက်ကြောင်းဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com


မမနက်တာဆင်တို့ အသိုင်းအဝန်းထဲသို့ သူ့ကို ခေါ်မသွားဘဲနေ၏။ မင်းသမီးမင်းသားများ ရှိရာအရပ်ကိုလည်း ရှောင်၏။ ကြာလေကြာလေ၊ မိုင်ရီယမ်အပေါ် ပိုင်စိုးပိုင်နင်းလုပ်ချင်လေဖြစ်လာ၏။ ချိန်းသည့်နေရာသို့ အချိန်မီ ရောက်မလာလျှင် သူ့ဌေးတစ်ယောက်နှင့် ဆိုင်တွင် စကားလက်ဆုံကျနေပြီဟု တွေး၏။ နှစ်ယောက်သား မီးလင်းဖိုနဘေးတွင် ထိုင်နေစဉ်မှာပင် သူ့ အတွေးတွေ တခြားတစ်ယောက်ဆီရောက်နေသည်ထင်၏။ ဟင်နရီတစ်ယောက် သူ့အပေါ်တွင် သံသယတွေ ဝင်နေမှန်း မိုင်ရီယမ် ရိပ်မိသည်။ ဤသို့ဖြင့် နှစ်ယောက်စလုံး၏ ရင်ခုန်သံတွေ နှေး၍နှေး၍ လာတော့၏။ မနာလိုဝန်တိုစိတ်ကြောင့် ဟင်နရီတစ်ယောက် မငြိမ်းချမ်းတော့။ မပျော်တော့။ တစ်ဖက်သတ်ချစ်မိသည့်အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဒေါပွ၏။

အရက်ပြန်သောက်သည်။ အပေါင်းအသင်းဟောင်းများဆီ ခြေဦးပြန်လှည့်သည်။ သူ တင်ဆက်မည့်ပြဇာတ်အကြောင်း ဒီဗျူစီပြောလျှင် ထိုင်နားထောင်သည်။ လက်ထပ်တော့မည့်ဆဲဆဲ သတို့သားလောင်းဂေါ်ဇီနှင့်လည်းပြန်ဆုံ၏။

ဟင်နရီရှုဆိုးဆိုသွားပြီး သူ့ကားတွေကိုကြည့်သည်။ သူ့တာယောသံကို နားထောင်သည်။ ပန်းချီကောင်စီတွင် ပြောရမည့်မိန့်ခွန်းရှည်ကြီးကို ရှုးဆူးကဖတ်လျှင် နားထောင်သည်။ မောရစ် အလုပ်ရှုပ်နေသဖြင့် သွား၍မဖြစ်။ မိုင်ရီယမ် သူ့ကို ထားခဲ့တော့မည်လုပ်နေကြောင်း မောရစ်အား ရင်ဖွင့်ချင်နေ၏။

ဤသို့ဖြင့် နွေနှောင်းရာသီသို့ ရောက်ခဲ့ပြန်၏။ မိုးတိမ်မိုးရိပ်တို့ ကောင်းကင်တွင် တလိပ်လိပ်တက်လာနေပြီ။

တစ်နေ့မနက် ဟင်နရီ အိပ်ရာမှ နိုးလာတော့ အိပ်ရာနဘေးစားပွဲကလေးပေါ်တွင် ပန်းစည်းတစ်စည်းတွေ့ရ၏။ ကတ်ပြားကလေးကိုလှမ်းကြည့်လိုက်သည်။ မဒမ်လူဘေးက သူ့မွေးနေ့အတွက် ပို့ထားသည့် ပန်းစည်းကလေး။ ခဏကြာတော့ အဘွားကြီးအခန်းထဲဝင်လာသည်။ အူယားဖားယားပုံစံဖြင့်။

"မွေးနေ့မှာ ပျော်ရွှင်ပါစေ မွန်စီယာ၊ သူ့ကို သူတို့တွေ ဖမ်းမိသွားပြီ မွန်စီယာ"

"ဘယ်သူ့ကို ဘယ်သူတွေက ဖမ်းမိတာလဲ အဒေါ်ရဲ့"

သူက အိပ်ချင်မူးတူးထထိုင်ပြီး မေးလိုက်သည်။

"ကေးလက်လေ၊ မနှစ်က ဟိုကောင်မလေးကိုသတ်တဲ့ လူယုတ်မာလေ"

"အင်း . . မိလောက်ရောပေါ့၊ တစ်နှစ်တောင်ကြာခဲ့ပြီပဲ"

"မာဆေးမှာ သွားမိတာတဲ့မွန်စီယာ၊ မထူးဆန်းဘူးလား။ ကီလိုမီတာ ထောင်ပေါင်းများစွာ ဝေးတဲ့နေရာမှာ သွားမိသတဲ့တော်"

"ထောင်ချီမဝေးပါဘူး အဒေါ်ရဲ့၊ ၈၀၀ လောက်ပဲ ရှိပါတယ်"

အဘွားကြီးက ဆက်ပြောသည်။

"ဘယ်လိုမိလဲ သိလား မွန်စီယာ၊ ကောင်မလေးရဲ့ လက်စွပ်ကို ရွှေဆိုင်မှာ သွားရောင်းသတဲ့။ ရွှေဆိုင်က ရဲကို အကြောင်းကြားလိုက်တာလေ၊ သူ့ကို ပါရီခေါ်လာပြီး ဒီမှာ ရုံးတင်မယ်တဲ့"

နံနက်စာစားရင်း မဒမ်လူဘေး၏ လူဆိုးဖမ်းပွဲသတင်းကို ဟင်နရီ နားထောင်သည်။ ပြီးတော့ မွေးနေ့ထုံးစံအတိုင်း မိခင်ကြီးနှင့်အတူ နေ့လည်စာ သွားစားသည်။ ခါတိုင်းလိုပင်။ ဂျိုးဇက်နှင့်အင်းနက်တို့က ဆုမွန်ကောင်းများ တောင်းပေးကြသည်။ ၃၄ နှစ်မြောက်မွေးနေ့မှာ ပျော်ပျော်ရွှင်ရွှင် ပြီးဆုံးသွား၏။

စောင့်နေကျနေရာဖြစ်သည့် ဗင်ဒုမ်းကြေးရုပ်ကိုရောက်တော့ မိုးတွေရွာနေ၏။ မိုင်ရီယမ် နောက်ကျနေသည်။ စီးကရက်တစ်လိပ် ထုတ်ညှိသည်။ သည်နေ့ မေမေ့မျက်နှာ ညှိုးနေသည်။ မိမိသောကတွေကို ထားပြီး မေမေပါ ခံစားနေရလေပြီလား။ ပြန်သောက်နေသည့် သတင်းကိုရော မေမေ မကြားပဲနေပါမည်လား။

လာမည့်နှစ် မွေးနေ့ဆိုလျှင် မိုင်ရီယမ် ပျောက်ကွယ်သွားလောက်ပြီ။ ခုထိ မိမိကို ထားမသွားသေးခြင်းမှာ ဘာကြောင့်ပါလိမ့်။ ညှော် . . ချစ်စရာမိန်းကလေးရယ်၊ ကိုယ့်ဘာသာကျိတ်ပြီး သံသယတွေ ပွားနေမိခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလိုက်သည်။

ဆိုင်ထဲမှ အတော်များများထွက်သွားကြပြီ။ ဘာလို့ ဒါလောက်ကြာနေပါလိမ့်၊ အလုပ်မပြီးလို့ ဖြစ်မှာပေါ့လေ၊ မိမိတွင် ပြောရေးဆိုခွင့်အာမှုမရှိ။ မိမိအချစ်ကို သူမတုံ့ပြန်နိုင်ခြင်းအတွက်လည်း မိမိတွင် ပြောရေးဆိုခွင့်မရှိ။ သူ့ဘက်က ပေးနိုင်သမျှအားလုံး မိမိရထားပြီမဟုတ်လား။ သို့သော် ဤမျှနှင့် ကျေနပ်မနေနိုင်ပါ။ သူ မပေးနိုင်ပါဟု ဆိုသည့်အရာကို မိမိက ရယူပိုင်ဆိုင်လိုနေခြင်းဖြစ်၏။

"ဆောရီးပဲမောင်ရယ်၊ နောက်ကျသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com

သူအနားရောက်လာသည်ကို မမြင်လိုက်။

"မောင့်မွေးနေ့မှာမှနောက်ကျရတယ်လို့ကွယ်၊ ဆောရီးနော်။ တော်တော်စိတ်ပျက်စရာကောင်းတဲ့ ဈေးဝယ်သူတစ်ယောက်ပဲ မောင်ရယ်၊ ပြပါဆိုလို့ပြလိုက်ရတာ၊ တစ်ဆိုင်လုံးမှာရှိတဲ့ အဝတ်တွေ အားလုံးနီးပါးပဲ၊ ဝယ်တော့ လက်အိတ်တစ်စုံတည်းရယ်လေ၊ သေချင်စော်ကို နံသွားတာပဲ။ ကဲ . . ပြော၊ မောင် ဘာတွေ ဒီနေ့လုပ်ဖြစ်သလဲ"

မိုင်ရီယမ်က သူ့လက်ကိုဆွဲပြီးမေးသည်။

ညစာစားရင်း ရှမ်ပိန်သောက်ကြသည်။ ရှမ်ပိန်အရှိန်ကလေးဖြင့် သူတို့နှစ်ယောက် ကြိုးကြိုးစားစားပျော်အောင် လုပ်ယူနေကြ၏။

"ကဲ . . ဒီည အမှတ်ထင်ထင်တစ်ခုခုလုပ်ကြရအောင်။ ဘယ်သွားချင်သေးလဲ ပြော၊ မောင် ပို့ပေးမယ်"

"အိမ်ပြန်ပြီး မီးဖိုနားမှာ ထိုင်ကြတာပေါ့ မောင်ရယ်၊ ဒီနေ့ ကျွန်မ အရမ်းပင်ပန်းလို့ပါ။ ပြီးတော့ . . "

မိုင်ရီယမ်က ပြုံးပြုံးကလေး လုပ်နေပြီးမှ

"မောင့်ကို ပြစရာကလေးလဲရှိလို့၊ မောင် အံ့သြမှာ"

အံ့သြလွန်းသဖြင့် ဟင်နရီတစ်ယောက် ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင်ဖြစ်နေသည်။ ပါးစပ်အဟောင်းသားဖြစ်နေ၏။ ဆေးရောင်စုံ ဂျပန်ပန်းချီကားများကို စုပေါင်းရိုက်နှိပ်ထားသည့် သားရေဖုံးစာအုပ်ကြီး။

"ဩော် . . မိုင်ရီယမ်ရယ်၊ ဘာလို့ . . ဘာလို့"

"ကျွန်မ စဉ်းစားတယ်လေ၊ မောင့်ကို ဘာဝယ်ပေးရမလဲလို့၊ မောင့်မှာဘာမှမှ လိုလေသေးမရှိတာ၊ ဂျပန်ပန်းချီကို မောင် သဘောကျတယ်လို့ပြောဖူးတာ သတိရတာနဲ့ လိုက်ရှာဝယ်တာ၊ မောင် သဘောကျတယ်မဟုတ်လားဟင်"

"ဘာလို့ ဝယ်ရတာလဲကွာ၊ ဈေးကကြီးပါဘိနဲ့၊ လက်ကိုင်ပဝါလေးဘာလေးဆို တော်ရောပေါ့"

"မောင်အမြဲတမ်းသိမ်းထားမယ့်ပစ္စည်းပေးချင်တာလေ"

"သိမ်းထားမှာပါကွာ . . သိမ်းထားမှာပါ"

ဗလုံးဗထွေးပြောလိုက်သည်။ ပါးနှစ်ခု ထိလုထိခင်ပြောနေကြခြင်းဖြစ်၏။ ပြီးတော့ မိုင်ရီယမ့်နားနားကပ်ပြီး တိုးတိုးကလေးပြောလိုက်သည်။



"မောင့်ကို သည်းခံခွင့်လွှတ်စိတ်ရှည်တာ ကျေးဇူးတင်ပါတယ် မိုင်ရီယမ်ရယ်။ အချစ်ဆိုတာ ရောဂါတစ်မျိုးလိုပါပဲ . . တော်ကြာပျောက်သွားမှာပါ . . "

"မောင်တကယ် အဲဒီလိုထင်သလား ဟင်"

မာရီယမ့်မျက်ဝန်းများထဲတွင် ဆွေးမြေ့ခြင်းနှင့် သံသယတို့ ရောထွေးနေ၏။

"မောင် တကယ်ပြောတာလားဟင်"

ဟင်နရီတူလုစ်လောထရက်သည် ဟန်ဆောင်ကောင်းလှသူ တော့မဟုတ်ပေ။ သူ့မျက်ဝန်းများထဲတွင် သောကရိပ်တွေ ထင်ဟပ်လျက် ရှိသည်။

တစ်ညတွင် မိုင်ရီယမ် ရှိုက်ကြီးတငင်ငိုသည်။

"မောင်ရယ်၊ ကျွန်မတို့နှစ်ယောက်စလုံး စိတ်ဒုက္ခရောက်နေရတဲ့ သည်ဇာတ်လမ်းကို ဆက်ကဖို့ ကောင်းပါတော့မလားဟင်"

ဟင်နရီက လုံးဝလက်မခံ၊ အကြောက်အကန်ငြင်းသည်။ ဤသို့ဖြင့် တလဲလဲ တွဲမြဲတွဲနေဖြစ်ပြန်၏။ သို့သော် ပျော်စရာညခင်းများသည် ရှားသည်ထက်ရှားလာ၏။ နှစ်ယောက်သားအကြားမှ ချောက်ကမ်းပါးကို မည်သို့မျှ ဖို့နိုင်စွမ်းမရှိကြတော့။ မိုင်ရီယမ်က လမ်းခွဲဖို့ ထပ်ပြောသည်။ ဟင်နရီက ထပ်ပယ်ချသည်။

သို့သော် ဇာတ်သိမ်းခန်းရောက်ခါနီးနေပြီဆိုသည်ကိုတော့ နှစ်ယောက်စလုံးသိနေကြ၏။ သည်တော့မှ အထက်တန်းလွှာ အသိုင်းအဝန်းထဲသို့ ခေါ်သွားဖို့ ဟင်နရီ ဆုံးဖြတ်လိုက်သည်။

ပွဲကြီးလမ်းကြီးများကို ခေါ်သွားသည်။ မမနက်တာဆင်နှင့် မိတ်ဆက်ပေးတော့ ဝတ်စားဆင်ယင်မှုတွင် ကျွမ်းကျင်စွာထုံးဖွဲ့တတ်သော မိုင်ရီယမ်နှင့် အလှအပကြိုက်သော မမတို့ ချက်ချင်း ရင်းနှီးသွားကြသည်။

တစ်နေ့တွင် မမနက်တာဆင်၏ ညစာစားပွဲသို့ နှစ်ယောက်သား အတူသွားကြသည်။ ရထားပေါ်တွင် မိုင်ရီယမ်က ထောင့်ကပ်ထိုင်လိုက်လာ၏။ ခရစ္စမတ်တုန်းက ဝယ်ပေးထားသည့် မြွေပါရေခြုံထည်နှင့် အနက်ရောင်ဝတ်စုံမှာ လိုက်ဖက်လှသည်။ သည်ည အလှဆုံးဟု ဟင်နရီ ထင်မိပြန်၏။ သို့သော် မပြောရဲတော့ပေ။ ဘရာဟင်ဂီရှေ့မှ အပြန်တုန်းကအလှဆုံးညဟု ပြောခဲ့ဖူးသည်။ ထိုစဉ်က အချစ်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေပြောရင်း ပထမဆုံးအချစ်ညကို ဖြတ်သန်းဖြစ်ခဲ့ကြသည်။ ယခု အားလုံး အားလုံး ပုံမှန်အနေအထားတွင် မရှိတော့ပြီ။ ထို့ကြောင့် မပြောရဲခြင်းဖြစ်၏။ ရှောင်ကြဉ်ရမည့်စကားလုံးများကို ရွေးနေရသည် အဖြစ်ပါကလား။

"မွန်စီယာကလေမောင်ဆိုးနဲ့ မွန်စီယာ ဇိုလာတို့ ဒီညလာမယ် လို့ မောင်ထင်လားဟင်"

ရထားပေါ်တွင် မိုင်ရီယမ်က မေးသည်။

"လာဖို့များပါတယ်၊ အဲဒီဆရာနှစ်ယောက်စလုံးဟာ အဘ ကောင်းကောင်းကို သိပ်ခုံမင်တာ၊ ပြီးတော့ နှစ်ယောက်စလုံး မမကို ကြွေ နေကြတာ။ ဒရေးဖတ်စ်ကိစ္စနဲ့ ရှုပ်မနေဘူးဆိုရင် လာမှာ သေချာပါတယ် သူ့မှာ အပြစ်မရှိကြောင်း သက်သေပြဖို့ သူတို့နှစ်ယောက် အသေအလဲ လုပ်နေကြတယ်။ မောင်ပြောဖူးတယ် မဟုတ်လား"

မိုင်ရီယမ်က သူ့လက်ကို လှမ်းဆုပ်လိုက်သည်။ သူ သည်ထို မလုပ်သည်မှာကြာပြီ။

"အဲဒီလိုနာမည်ကျော်ပုဂ္ဂိုလ်ကြီးတွေနဲ့ မိတ်ဆက်ပေးခဲ့တဲ့ အတွက် မောင့်ကို သိပ်ကျေးဇူးတင်တာပဲ သိလား"

"သူတို့က ကျေးဇူးတင်ရမှာဗျ၊ နာမည်ကျော်ပုဂ္ဂိုလ်တွေက လမ်း ပေါ်မှာပြည့်လို့၊ ရှားတာက မိန်းမချောကလေးတွေ"

ဟာသမြောက်ပင့်လုံးကလေးကို မိုင်ရီယမ် သဘောကျနေ သည်။

"သူ့မှာ တကယ်အပြစ်မရှိဘူးဆိုရင်တော့ ဒရေးဖတ်စ်ကိစ္စ မြန်မြန်ပြီးသွားမှာပါနော်"

"ဆိုရင်တော့မလုပ်ပါနဲ့ကွာ၊ သူ့မှာအပြစ်မရှိဘူးဆိုတာ တရား ရှိသူတိုင်းသိပါတယ်"

"မြန်မြန်ပြီးစေချင်ပါပြီ မောင်ရယ်"

မိုင်ရီယမ်က ခဏတွေ့ စဉ်းစားပြီး စကားဆက်သည်။

"အခြေအနေတွေက မကောင်းဘူးမောင်ရယ်၊ ကျွန်မလဲ ဘယ် နေ့ပြုတ်မလဲမသိဘူး၊ တစ်နေ့မှာ ဈေးဝယ်သူတစ်ယောက်က လွတ်လွတ် ကြီး ကျွန်မကိုမေးတယ်၊ ဂျူးလူမျိုးလားတဲ့။ ဟုတ်တယ်လို့ ပြောတော့ မန်နေဂျာဆီသွားပြီး ဒီဆိုင်ကို နောက်အားမပေးတော့ဘူးလို့ ပြောသွား



တယ်လေ။ အဲဒီစာရွက်စာတမ်းတွေ ဂျာမနီကို ရောင်းစားတာ ကျွန်မလို့ မောင် ထင်လားဟင်"

မိုင်ရီယမ်စကားလုံးများကြောင့် ဟင်နရီတွေသွားသည်။ ဆိုင်မှ အလုပ်ထုတ်ခံရလျှင် သူ့ကို ကူညီခွင့်ရမည်လား၊ အခြား ချစ်ရေးဆိုသူ တစ်ယောက်ကို အလွယ်တကူ လက်ခံလိုက်လျှင်ကော . .

"ခပ်ကြောင်ကြောင် ဈေးဝယ်သူမိန်းမကြီးတစ်ယောက် အာ ချောင်လို့ ဆိုင်ကတော့ မင်းကို အလုပ်ဖြုတ်မပစ်လောက်ပါဘူး။ အလုပ် ဖြုတ်လဲအကြောင်းလား၊ မင်းအတွက် ပြဿနာမရှိနိုင်ပါဘူး၊ နောက် တစ်နေရာပြောင်းလုပ်ပေါ့"

"မသိပါဘူး မောင်ရယ်၊ တခြားနေရာကလည်း ဘာထူးမှာလဲ၊ ဒီလိုပဲ ရှိတော့မှာပေါ့။ ဘာပဲဖြစ်ဖြစ်လေ၊ ဒရေးဖတ်စ်အမှုကြီးကတော့ မြန်မြန်ပြီးစေချင်လှပါပြီ မောင်ရယ်"

*

ဘာဆိုဘာမှမပြောင်းလဲပါ။ ကျောက်ဖြူသားခင်း ခန်းမဆောင်များ၊ ဦး သွတ်ကြိုဆိုနေသည့် လက်အိတ်ဖြူစွပ် အစေတော်များ၊ ဧည့်ခန်းမှာ ချိတ် ထားသည့် မမ၏ ပုံတူပန်းချီကားကြီး၊ မီးလင်းဖိုတစ်ဝိုက်တွင် ဂါဝန်ရှည် ကြီးများနှင့် အမျိုးသမီးများ။

သို့သော် တစ်စုံတစ်ခု ထူးခြားနေ၏။ နိမိတ်ဆိုးကြီးတစ်ခု အခန်းထဲတွင် ရောက်နေသည့်အလား။ အမျိုးသားများ၏မျက်နှာထား များက အုံ့အုံ့ဆိုင်းဆိုင်း။ စကားပြောနေပုံက လေသံနိမ့်နိမ့်။ အမျိုးသမီး များလည်း တီးတိုးတီးတိုးသဖန်းပိုးမလုပ်နိုင်ကြတော့။ ဒရေးဖတ်စ်၏ အမှုကိစ္စဂယက်သည် မမနက်တာဆင်၏ အိမ်ကြီးထဲအထိ လှိုင်းပုတ် နေပြီ။

ဟင်နရီနှင့် မိုင်ရီယမ်အခန်းထဲဝင်သွားတော့ စာရွက်ထပ်ကြီး ကို လက်ထဲကိုင်ပြီး အောင်မြင်ခဲ့ညားသောအသံဝါကြီးဖြင့် ဖတ်ကြားနေ သော ဇိုလာကိုတွေ့ရ၏။ ဖတ်ပြီးတော့ အားလုံးငြိမ်ကျသွားသည်။ ထိုစဉ် ရယ်သံတစ်ချက်ထွက်လာ၏။ ကလေမောင်ဆိုးအသံမှန်း ဟင်နရီသိလိုက် ၏။

"မစ္စနက်တာဆင်ခင်ဗျား၊ အဲဒီစာ ပုံနှိပ်ဖြန့်ဝေပြီးရင်တော့ လော နေကျ မိတ်ဆွေနှစ်ယောက်ဆုံးပြီလို့ မှတ်လိုက်ပါခင်ဗျား၊ ကြက်ဆင်သား ခေါင်းကိုတော့ ထောင်ထဲပို့ပေးနော်"

www.burmeseclassic.com

www.burmeseclassic.com



မမနက်တာဆင်က ဟင်နရီတို့စုံတွဲကို လာကြိုရင်း "မမ အပြင်ထွက်မကြိုတာခွင့်လွှတ်နော်။ မွန်စီယာဂိုလာက ရေးပြီးစ ဆောင်းပါးတစ်ပုဒ်ကို ဖတ်ပြနေလို့၊ မနက်ဖြန်သတင်းစာမှာ ပါမယ့်ဆောင်းပါးလေ"

ခဏအတွင်း ဧည့်သည်အားလုံးထမင်းစားခန်းကို ဝင်ကြသည်။ အိမ်ရှင်မမက ထမင်းစားစာပွဲတစ်ခုလုံးကို ခြုံကြည့်ပြီး စကား စသည်။

"တစ်ခု ကျွန်မ တောင်းပန်ပါရစေ၊ ညစာစားနေတုန်းမှာ ကျွန်မရဲ့ ဂုဏ်သရေရှိဧည့်သည်တော်အားလုံး ဒရေးဖတ်စ်အမှုကို မေ့ထားပြီး မြိန်မြိန်ရှက်ရှက်စားသောက်ကြဖို့ပါပဲ။ ကျွန်မရဲ့ စားဖိုမှူးက ရာဇဝင်ပေးနေပြီရှင့်၊ သူ့ဟင်းလျာတွေကို ဂရုမစိုက်ဘူးဆိုရင် အလုပ်ထွက်တော့မယ်တဲ့။ ဒါကြောင့် ကျွန်မတို့ စာပေအနုပညာအကြောင်း၊ ပန်းချီအကြောင်း၊ ဂီတအကြောင်းတွေ ပြောကြရအောင်ပါနော်၊ နိုင်ငံရေးကို ခဏမေ့ထားကြရအောင်လားရှင်"

ပေါင်ပေါ်တွင် လက်သုတ်ပဝါဖြန့်ခင်းနေသော အနာတိုလ်ဖရန့်ဘက်လှည့်ပြီး မမနက်တာဆင်စကားဆက်သည်။

"တိုင်းကျော်ပြည်ကျော်၊ ပြင်သစ်သုခမိန်အဖွဲ့ဝင်ဖြစ်သွားပြီးနောက်ပိုင်း ဘာတွေများလုပ်ဖြစ်သေးလဲဆရာ"

အနာတိုလ်ဖရန့်က သက်ပြင်းတစ်ချက်ချပြီး

"စာရေးဆရာဆိုတော့ စာပဲရေးဖြစ်တာပေါ့ခင်ဗျာ၊ ကျွန်တော့်အသက်အရွယ်နဲ့ တခြားဘာမှလဲ မလုပ်နိုင်တော့ပါဘူး။ စာရေးခြင်းဟာ ပျော်စရာအဖုံဖုံထဲမှာ ပျင်းစရာအကောင်းဆုံးပါပဲ"

ညစာဝိုင်းမှာ စိုပြည်လာသည်။ အမျိုးသားများက အရွန်းတွေဖောက်ကြ၊ အမျိုးသမီးများက ရယ်မောကြနှင့်။

"မိန်းမတစ်ယောက်ဟာ ဇနီးကောင်းတစ်ယောက်နဲ့ ချစ်သူကောင်းတစ်ယောက် တစ်ပြိုင်တည်းမဖြစ်နိုင်ဘူး၊ လူတစ်ယောက်တည်းအတွက် နှစ်မျိုးစလုံးဖြစ်ရမယ်ဆိုရင် ပိုမဖြစ်နိုင်သေးတယ်"

"စာအုပ်များတော့ ဘယ်သူ့မှ သွားမငှားလေနဲ့ မမရေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကိုယ်ပိုင်စာကြည့်တိုက်ဟာ ငှားထားတဲ့ စာအုပ်တွေနဲ့ တည်ဆောက်ထားတာဗျ"

"သူတို့ မော်တော်ကားလို့ ခေါ်နေကြတဲ့ပေါ်ပေါ်ကြီး ခင်ဗျားတို့ မြင်ဖူးကြပြီလား"

"ယေရှုက မျောက်မွေးတဲ့မိန်းမကို သနားခွင့်လွှတ်တော်မူတယ်



တဲ့၊ ခွင့်လွှတ်မှာပေါ့၊ သူက အဲဒီမိန်းမရဲ့ ယောကျ်ားမှမဟုတ်တာ . ."

"သတိထားမိကြလား၊ မော်ဒန်ပန်းချီကားဝယ်စုတဲ့ လူတွေဟာ သူတို့ ပုံတူတွေကျတော့ ရီယယ်လစ်ဇင်ပန်းချီဆရာတွေဆီပဲ အပ်ကြတယ်"

ဟင်နရီက မိုင်ရီယမ်ကို အသာအကဲခတ်နေသည်။ မျက်နှာချင်းဆိုင်မှ ဂျူးလ်စ်ဒူပရဲ၏စကားကို စိတ်ဝင်စားနေပုံရ၏။ ဒူပရဲမှာ ပြင်သစ်နိုင်ငံ၏ အချမ်းသာဆုံးစာရင်းဝင် စာနယ်ဇင်းသမားတစ်ယောက် ဖြစ်သည်။

ဒူပရဲက ဟင်နရီ့ဘက်လှည့်ပြီး

"ကျွန်တော်က မဒမ်မွာဇယ်လ်ဟေယမ်ကို လူသတ်သမားကောလက်အကြောင်း ပြောပြနေတာ မွန်စီယာရဲ့။ သူ့အကြောင်း ကျွန်တော်တို့အခန်းဆက်ထည့်မလို့၊ မွန်စီယာကြားပြီးရောပေါ့"

ဟင်နရီက ခေါင်းညိတ်ပြီး

"ဟုတ်ကဲ့၊ ကျွန်တော့်အိမ်ဖော်အဒေါ်ကြီး ပြောပြလို့ ကြားပြီးပါပြီ။ သူ့ကိုပါရီခေါ်လာခဲ့တယ်လို့ပြောတယ်"

"ဟုတ်တယ်ခင်ဗျ၊ ကျွန်တော်တို့ စာဖတ်ပရိသတ်စိတ်ဝင်စားမယ့် ဇာတ်လမ်းမျိုးပဲ။ ကျွန်တော့်မဂ္ဂဇင်းမှာ အခန်းဆက်ပါအောင် ကျွန်တော့်လူတွေကို တာဝန်ပေးထားပြီးပါပြီ။ သူ့အကြောင်း ပိုစတာရေးချင်စိတ်များ မရှိဘူးလား မွန်စီယာတူလုစ်"

"ရေးဖြစ်မယ်မထင်ပါဘူးဗျာ၊ ပိုစတာဘက် ကျွန်တော် မလှည့်နိုင်တော့ပါဘူး၊ လန်ဒန်ပြပွဲကို သွားရဦးမယ်"

မိုင်ရီယမ်က မျက်နှာချင်းဆိုင်မှ သူ့ကို ကြည့်ပြုံးနေသည်။ မျက်နှာအစုံတွင် စိတ်အားထက်သန်မှုကို မြင်ရ၏။

ဒူးပရဲက မလျှော့သေးဘဲ ဆက်ပြောသည်။

"တစ်ခုတော့ ရှိတယ်ဗျ၊ ခေါင်းဖြတ်စက်ဆီကို လျှောက်လှမ်းနေတဲ့လူတစ်ယောက်ရဲ့ပုံဟာ ပိုစတာရေးလို့ တော်တော်ကောင်းမယ် ထင်တယ်နော်"

*

အပြန်လမ်းတွင် ဟင်နရီတစ်ယောက် စိတ်လက်ပေါ့ပါးနေသည်။

"ဟုတ်တယ်၊ သိပ်ရေးလို့ကောင်းမယ့် မြင်ကွင်းပဲနော် မိုင်ရီယမ်။ ဒါပင်ချီလဲ သေဒဏ်နဲ့ ကွပ်မျက်ခံရတဲ့မြင်ကွင်းကို သွားသွားကြည့်

www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိတယ်လို့ ကြားဖူးတယ်။ သေအံ့ဆဲဆဲလူတစ်ယောက်ရဲ့ မျက်နှာအမူအရာကို ပုံကြမ်းတွေရေးတယ်ဆိုပဲ။ မောင်က ဒါဗင်ချီတော့ မဟုတ်ဘူးပေါ့လေ။

"လူတစ်ယောက်ရဲ့ မျက်နှာပေါ်က အလွန်အမင်းထိတ်လန့်တုန်လှုပ်နေတဲ့ အမူအရာကို အမိဆုံးဖမ်းနိုင်တဲ့ပန်းချီဆရာကတော့ မိုက်ကယ်အိန်ဂျလိုပဲ။ သူ့ရဲ့ 'နောက်ဆုံးတရားစီရင်ခန်း' ဆိုတဲ့ ကားကြီးထဲမှာ ငရဲကျမယ့် လူတစ်ယောက်ရဲ့ မျက်နှာဟာ နှလုံးသွေးပျက်ချင်စရာကောင်းလောက်အောင်ကို ပီပြင်တယ်၊ နေပါဦး . . ဘာလို့ ပြုံးတာလဲ"

"ဩော် . . အဲဒီမြင်ကွင်းကို မောင်ရေးစေချင်လွန်းလို့၊ သိပ်ကောင်းမှာ၊ အဲဒီ ပိုစတာအကြမ်းပုံနှိပ်ရင် ကျွန်မလိုက်ကြည့်မယ်နော်၊ ပီယာကိုတဲလ်ကကော မောင့်ကို အားပေးပွဲမလား"

"သူကတော့ ထုံးစံအတိုင်း အင်တင်တင်လုပ်မှာပဲ၊ မုတ်ဆိတ်မွေးကြီးသပ်ပြီး ကမ္ဘာပေါ်မှာ အခက်ဆုံးအလုပ်ကို သူလုပ်နေတဲ့ပုံမျိုး ဖမ်းပြီးတော့လေ။ နောက်ဆုံးတော့လဲ သူမောင့်ကို ကူမှာပါပဲ၊ ဒါထက် ဒူပရဲကို မင်းဘယ်လို သဘောရသလဲ"

"သဘောမကျပါဘူး၊ လူကလူတော်ပါ၊ ဒါပေမဲ့ သူ့ကိုယ်သူ အထင်ကြီးလွန်းတယ်၊ သူဘယ်လောက် ချမ်းသာတယ်ဆိုတာလဲ ပြချင်လွန်းအားကြီးနေတယ်။ သူ့ ပြိုင်မြင်းတွေအကြောင်းပြောတာ အပ်ကြောင်းကို ထပ်နေတာပဲ"

အိမ်ရှေ့သို့ ရထားဆိုက်တော့ မိုင်ရီယမ်က ဟင်နရီ့ကို နမ်းပြီး နှုတ်ဆက်သည်။

"သိပ်ညနက်နေပြီ၊ မောင် လိုက်မပို့နဲ့တော့နော်"

ဟင်နရီက စိတ်ပျက်သည့်အမူအရာကို ထိန်းပြီး

"မောင်နားလည်ပါတယ်ကွယ်၊ မနက်ဖြန်ကျရင်ကော"

"တစ်ပတ်လုံးထွက်ဖြစ်နေတယ်လေ၊ မောင်စိတ်မဆိုးဘူးဆိုရင် ကျွန်မနားချင်သေးတယ်။ ဝအောင်အိပ်ကြရအောင်နော်၊ သန်ဘက်ခါမှ တွေ့ကြတာပေါ့၊ မောင်စိတ်ဆိုးသွားသလားဟင်"

"ဆိုးတာပေါ့၊ အရမ်းစိတ်ဆိုးတာပေါ့၊ ဒါပေမယ့် မောင်နားလည်ပါတယ်"

ရယ်ရယ်မောမောပြန်ပြောလိုက်ခြင်းဖြစ်၏။ နှစ်ရက်ကြီးများတောင် မတွေ့ပဲနေရမှာပါလား။



"ကောင်းပြီလေ ဒါဖြင့် သောကြာနေ့ပေါ့နော်၊ ဂွတ်နိုက် ဒါလင်"

နှုတ်ဆက်ပြီး နှင်းဖုံးနေသောလမ်းအတိုင်းလျှောက်သွားသောမိန်းကလေးကို သူငေးကြည့် ကျန်ရစ်၏။ မိုင်ရီယမ်က တံခါးဝရောက်တော့ လှည့်ပြီးလက်ပြသည်။ သည့်နောက်တော့ သူ့အတွက် မှောင်မိုက်သော ည။ ဘာမျှမရှိသော ညသာ ကျန်ရစ်တော့၏။

နောက်အပတ်တွင်လည်း နေ့စဉ်မတွေ့ရ။ အကြောင်းအမျိုးမျိုးပြပြီး မိုင်ရီယမ် အလုပ်တွေ ရှုပ်နေသည်။ တစ်ယောက်ယောက်နှင့် တွဲနေပြီလား ဟူသည့် သံသယကြောင့် ပူပူလောင်လောင် ခံစားရပြန်၏။

အလုပ်ဆင်းချိန်တွင် မသိမသာသွားစောင့်ကြည့်သည်။ ဘယ်သူနှင့်မှ မတွဲဘဲ အိမ်ကိုတန်းပြန်သည်ကိုသာ တွေ့ရ၏။ သို့သော် တွေ့ကြ သည့်အခါ မမေးဘဲမနေနိုင်၍ မေးခွန်းတွေ မေးမိသည်။ သံသယကို မျိုချမထားနိုင်တော့။ ပုလိပ်စစ် စစ်သည်။

နောက်ဆုံး မိုင်ရီယမ်က သည်းမခံနိုင်တော့ဘဲ ငိုချလိုက်ပြီး "ဒီအတိုင်းဆက်သွားလို့ မဖြစ်တော့ဘူး မောင်၊ မောင့်မို့လို့ ကျွန်မ သည်းခံနေတာ၊ တခြားတစ်ယောက်ဆို . . . "

"မောင့်ကို သနားလို့ပေါ့ ဟုတ်လား၊ မောင်က ဒုက္ခိတမို့ပေါ့ ဟုတ်လား။ ပြောစမ်းပါ၊ အဲဒီအတိုင်း ပြောလိုက်စမ်းပါ"

"တော်ပါတော့ တော်ပါတော့၊ ဒုက္ခပါပဲ၊ မောင်ပြောတဲ့ အဓိပ္ပာယ်ကို မောင်ကိုယ်တိုင် သိရဲ့လား။ မောင်နဲ့ကျွန်မတို့ကြားမှာရှိတဲ့ အရာအားလုံးကို မောင် ဖျက်ဆီးပစ်နေတာ၊ အစကတည်းက မတွေ့ခဲ့ကြရင် သိပ်ကောင်းမှာ။ တော်ပြီ မောင့်ကို ကျွန်မ မတွေ့ချင်တော့ဘူး"

ပစ်ပေါက်လိုက်သည့် စကားလုံးများကြောင့် သူ့မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ တစ်ပြိုင်တည်းတွင် သတိပြန်ဝင်လာ၏။

"မောင့်ကို . . မောင့်ကို မထားခဲ့ပါနဲ့ မိုင်ရီယမ်၊ မင်းမရှိဘဲ မောင်မနေနိုင်ပါဘူး။ မောင် ကတိပေးပါတယ်၊ နောက် ဘာမှမမေးတော့ပါဘူး၊ သံသယမျက်လုံးတွေနဲ့လဲ မကြည့်တော့ပါဘူး။ မောင့်ကို ခွဲမသွားပါနဲ့နော်၊ မောင်တောင်းပန်ပါတယ် အချစ်ရယ်"

မိုင်ရီယမ်က သူ၏ သောကမျက်လုံးများကို စိတ်ပျက်လက်ပျက် ငေးကြည့်နေသည်။ နှုတ်ခမ်းထူထူကြီးများနှင့် သနားစရာခြေထောက်များ ပိုင်ရှင်သည် ကရုဏာသက်ဖွယ်အတိ ဖြစ်နေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီလေ၊ ကြိုးစားကြည့်ကြသေးတာပေါ့" ဟု မိုင်ရိုယမ် ခပ်ညည်းညည်းကလေးပြောလိုက်သည်။

နှစ်ယောက်သား လုပ်ပြတိုက်ဆီ ဦးလှည့်ကြပြန်၏။ ဗီးနပ်စ် ဒေဝီကို ငေးကြပြန်၏။ ဖိလစ်ပိုနှင့် သူ၏ မက်ဒေါနားပုံစံထိုင်ပေးသည့် မော်ဒယ်လ်ကလေးအကြောင်း ဟင်နရီကပြောပြသည်။

"သူ့နာမည်က လူခရီဇီယာဗျူတီတဲ့၊ ဖလောရင့်မြို့သူပေါ့။ သိပ်ချော သိပ်လှတဲ့ သီလရှင်မကလေး၊ ဖိလစ်ပိုကလည်း ဘုရင်ဂိုဏ်းဘာသာဝင်ပဲ၊ သက်လတ်ပိုင်းကိုလွန်ခဲ့ပြီပေါ့၊ ဘုရားရှိခိုးကျောင်းကြီးထဲမှာ ခရစ်ဝင်နံရံပန်းချီကားကြီးတွေ ဆွဲနေတုန်းမှာ သီလရှင်ကလေးကို သူ သွားတွေ့တာ။ အဲဒီမှာ 'မက်ဒေါနား' နေရာ ပုံစံထိုင်ပေးဖို့ ကျောင်းအုပ် သီလရှင်ကြီးကို သူသွားပြီး ပူဆာတော့တာပဲ။ ခွင့်ပြုချက်ရတယ်၊ ဆွဲထဲ ဆွဲဖြစ်တယ်၊ ကားကြီးလဲပြီးရော နှစ်ယောက်သား ထွက်ပြေးကြတယ်လေ သူတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းကတော့ ပြင်သစ်မှာ ပုံပြင်တစ်ပုဒ်ပဲ။ သားသမီးတွေ အများကြီးပွားစီးပြီး ပျော်ရွှင်စွာ ပေါင်းသင်းကြလေသတည်းဆိုတဲ့ အချစ်ဇာတ်လမ်းပေါ့"

တစ်နေ့တွင် ဟင်နရီက ပြောသည်။

"မောင်ပြောတာ မှတ်မိသေးလား၊ ကလေမောင်ဆူးရဲ့စာအုပ် လေ၊ မောင်အဖုံးရေးဖို့လုပ်နေပြီ။ ဂျူးဝတ္ထုတိုပေါင်းချုပ်ဆိုတော့ တင် ပယ်လ်ကို သွားလည်ရရင်ကောင်းမလားလို့၊ ဂျူးရပ်ကွက်ကို တစ်ခါမှ မရောက်ဖူးဘူး။ လိုက်ပို့ပေးပါလား၊ ပုံကြမ်းတွေဆွဲမယ်လေ"

ဟင်နရီအတွက် ဂျူးရပ်ကွက်သို့ ခရီးထွက်ရခြင်းသည် တိုင်း တစ်ပါးသွားရသည်နှင့်မခြား ဖြစ်နေသည်။ ပါရီမြို့လယ်ခေါင်တွင် ဖြစ် သော်လည်း ထူးဆန်းသည့်သီးခြားကမ္ဘာတစ်ခုနှင့်တူနေသည်။ သူတို့ စကားကို တစ်ခွန်းမှ နားမလည်။ ရေးထားသည့် ဆိုင်းဘုတ်မှန်သမျှ ကလည်း ဟေဘရူးဘာသာစကားလုံးများ။ မိုင်ရိုယမ်က သူ ငယ်ဘဝဖြတ် သန်းခဲ့ရာနေရာများကို လိုက်ပြသည်။ သည်အရပ်က လူတွေအကြောင်း ပြောပြသည်။ ဂျူးတို့ကိုးကွယ်ရာ ဘုရားကျောင်းကန်များကိုလည်း ပို့ပေး သည်။ အဖေ့အတွက် ဆေးဝယ်ဖို့ အမေ့နားကပ်ကို ပေါင်ခဲ့ရသည့် အပေါင်ဆိုင်ကလေးကိုလည်းပြ၏။ လမ်းတစ်လျှောက်တွင် တယောသံ နှင့် သီဆိုသံများလည်း ကြားနေရ၏။



ပစ္စည်းအဟောင်းဆိုင်များ၊ ခါးကိုင်းကိုင်းနှင့် ဦးထုပ်ပျော့ ကလေးများဆောင်းထားသည့် အဘိုးအိုများ ဝယ်ခြမ်းနေသည့် ကုန်စုံ ဆိုင်ကလေးများလည်းတွေ့ရ၏။ ရမ်းဘရင့်၏ ပန်းချီကားထဲကအတိုင်း ပင်။ သူတို့မျက်နှာများက မြတ်သောမြေကို ပြန်ရောက်ဖို့အိပ်မက်မက် နေသည့်မျက်နှာများဖြစ်၏။

စားသောက်ဆိုင်ကလေးတစ်ဆိုင်တွင် သူတို့နေ့လည်စာ စား ကြသည်။ အချိုပွဲစားရင်း မိုင်ရိုယမ်က ဂျူးပုံပြင်များ ပြောပြသည်။ ရက် သတ္တပတ်ပေါင်းများစွာအတွင်း ပထမဆုံး ပြန်လည်ရယ်မောဖြစ်ကြ၏။

အပြန်လမ်းတွင် မိုင်ရိုယမ်က တွေးတွေးဆဆပြောသည်။

"ကျွန်မနဲ့မောင် ဘာလို့အမြဲတမ်းအဲဒီလို မဖြစ်နိုင်တာလဲဟင်၊ ဒီအတိုင်းဆို သိပ်ပျော်ဖို့ကောင်းမှာ"

တနင်္ဂနွေနေ့တစ်နေ့တွင် ဟင်နရီက မိုင်ရိုယမ်ကို ဗာဆိုင်းသို့ ခေါ်သွားသည်။ ရယ်ရသည့်နေ့တစ်နေ့ဖြစ်၏။ လေက မတရားတိုက်နေ သဖြင့် မိုင်ရိုယမ်စကတ်တွေလွင့်ဝဲနေ၏။ ဒူးတွေ ပေါင်တွေပေါ်ကုန်၏။ ဦးထုပ်ပါမသွားအောင် မနည်းဆွဲထားရ၏။

နန်းတော်ကို သွားကြည့်ကြသည်။ နန်းတွင်းဝတ်ကျောင်းတော် ကြီးဆီသို့လည်းရောက်၏။ အခန်းတွေ လျှောက်ကြည့်ကြ၏။ အဆောက် အအုံကြီးမှာ ကြေကွဲဝမ်းနည်းနေသည့်ပုံ ပေါက်နေ၏။ ပန်းခြံထဲမှ ကျောက်ဖြူသားခုံတွင်ထိုင်ရင်း ငှက်ကလေးတွေ တီတီတာတာလုပ်နေ သံကို နားထောင်ကြသည်။

ဟင်နရီက ရော်ဘာထိပ်စွပ်ကြိမ်လုံးဖြင့်ညွှန်ပြပြီး

"အဲဒီပြတင်းပေါက်ကိုမြင်လား၊ အဲဒါ မေရီအင်တွိုင်းနက် ထိုင်ရင်း သေသွားတဲ့ ပြတင်းပေါက်ပေါ့"

ဟင်နရီက ကမ္ဘာကျော်မိန်းမပျက်ကြီးအကြောင်းပြောပြသည်။

"မျက်နှာကို ဆေးဆိုးပန်းရိုက်လုပ်ပြီးမှ ဟောဒီရှုခင်းကိုကြည့် ရင်း သေသွားတာတဲ့ဗျား။ ဘယ်လောက်ကောင်းတဲ့ သေနည်းလဲ"

*

ဇူလ ၁ ရက် အာရုဏ်တက်ချိန်တွင် ကေးလက်ကွပ်မျက်ခန်းကို ဟင်နရီ သွားကြည့်သည်။ ခေါင်းတုံးရိတ်ထားသည့် လူသတ်သမား၏ မျက်နှာကို အသေအချာမိအောင် ပုံကြမ်းရေးသည်။ ခေါင်းဖြတ်စက်ဆီသို့အသွားတွင် သူ့မျက်နှာမှာ ထိတ်လန့်တုန်လှုပ်မှုဖြင့် ပုံပျက်ပန်းပျက်ဖြစ်နေ၏။ သံမဏိ

www.burmeseclassic.com

www.burmeseclassic.com

ရောင်လက်နေသည့် ဓားသွားကျလာပုံ၊ သွေးတွေ ဖြာထွက်သွားပုံများကို အသေးစိတ်မြင်ရ၏။

နောက်တစ်နာရီအကြာတွင် ပီယာကိုတဲလ်၏ ပုံနှိပ်အလုပ်ရုံထဲသို့ သူရောက်နေသည်။ ကျောက်သားပေါ်တွင် ကုန်းပြီး အလုပ်စနေပြီ။ ရက်အနည်းငယ်အတွင်း ပုံစံတာပြီးသွား၏။ ပထမပုံကြမ်း ထုတ်မည့်နေ့တွင် မိုင်ရီယမ်ရောက်လာသည်။ စိတ်လှုပ်ရှားစွာဖြင့် လစ်သိုပုံနှိပ်ပညာရှင်ကြီးကို စောင့်ကြည့်နေ၏။

ပီယာကိုတဲလ်က ပြဿနာတော့ တက်ဦးမှာပဲ ဟု ဗျစ်တောက်ဗျစ်တောက် ပြောလိုက်၊ မင်လုံးများကို မင်ဆွတ်လိုက်နှင့် အလုပ်ရှုပ်နေ၏။ နောက်ဆုံးတွင် ဦးထုပ်ကို နောက်လှန်ပြီး ကျောက်ပြားကို သူ့ပုံနှိပ်စက်ပေါ် မ တင်သည်။ ပြီးမှ ဘီးကြီးကို စလှည့်သည်။

ပထမဆုံးထွက်လာသည့်ပုံကို ကောက်ယူပြီး မိုင်ရီယမ် ဝမ်းသာအားရအော်သည်။

"ဟာ . . လှလိုက်တာ၊ ကြောက်စရာကောင်းပေမယ့် လှတယ်မောင် . . မောင်ဟာ သိပ်ကိုတော်တာပဲနော်"

မိနစ်အနည်းငယ်အတွင်း ဂျူးလ်စ်ဒူပရဲလ်ရောက်လာသည်။ ဟင်နရီကို ချီးကျူးမဆုံးဖြစ်နေ၏။

"မွန်စီယာရဲ့ လက်ရာတွေထဲမှာ အကောင်းဆုံးပဲ၊ မွန်စီယာလန်ဒန်က ပြန်ရောက်ချိန်ဆိုရင် ပါရီတစ်မြို့လုံးရဲ့ နံရံတွေမှာ ဒီပုံတွေပြည့်နေစေရမယ်"

ဧပြီလနောက်ဆုံးအပတ်ထဲတွင် ဟင်နရီက မိုင်ရီယမ်ကို အီရာဂျင်သို့ခေါ်သွားပြီး ပီဆာရိုဆီသွားလည်ဖို့ စီစဉ်သည်။

အစောဆုံးရထားဖြင့် ပါရီမှ ထွက်ခဲ့ကြ၏။ ပီဆာရိုက ဘူတာရုံတွင် လာကြိုနေသည်။ ဦးထုပ်ဝိုင်းဝိုင်းကြီး ဆောင်းထား၏။ ခါတိုင်းလိုပင် ဝတ်ရုံရှည်ကြီးဖြင့်။ ပန်းချီဆရာအိုသည် ကျမ်းစာထဲမှ သိုးထိန်းသမားကြီးနှင့်တူနေ၏။

အဖူးတွေ ဝေဆာနေသည့် သစ်အယ်ပင်အောက်တွင် နေ့လယ်စာစားကြသည်။ ကလေးတွေက ဝိုင်းဝန်းခူးခပ်ပေးကြ၏။ အချိုဝိုင်းတွင် ဆရာကြီးက ရောမ ဆေးတံကြီးဖွာရင်း အင်ပရက်ရှင်နစ်ဇင်ခေတ်ဦးပိုင်း အကြောင်း စားမြုံ့ပြန်ပြနေသည်။



ညနေခင်း ကဖေးဆိုင်များတွင် မာနေး၊ ဒေဂါး၊ ဇိုလာ၊ စေဇန်း၊ ရေနွား၊ ဂုစ္စလာတို့နှင့် ငြင်းကြခုန်ကြပုံ၊ လေဟာနယ်ကောင်းကင်အကြောင်း၊ အပြာရောင်အရိပ်အကြောင်း ဆွေးနွေးကြပုံများ။ ပြီးတော့ ဆင်းရဲမွဲတေလှသည့် တစ်နံတစ်လျားဘဝများစွာ စသည် စသည်။

ဆရာအို၏ ရိုဝေဝေမျက်ဝန်းများထဲတွင် ခါးသည်းနာကျည်းမှုကို မတွေ့ရ။

"ကြာတော့ ကြာခဲ့ပြီပေါ့ကွာ၊ မင်း လူပြည်မရောက်ခင်အချိန်တွေပေါ့"

အဘိုးအိုက စားပွဲတစ်ဖက်မှ ဟင်နရီ့ကို ကြည့်ပြီး ပြုံးပြုံးကြီး ပြောနေသည်။ သူ့မျက်နှာရှေ့တွင် မီးခိုးတွေဝေလျက်။

"ငါ တစ်ခါတလေ စဉ်းစားမိတယ်ကွ၊ စိန့်သောမတ်ကျွန်းက ဘယ်မှမခွာဘဲ ငါနေခဲ့ရင် အကောင်းသားလို့။ ဩော် . . ခုမှသတိရတယ်၊ ဆါဂင် ငါ့ဆီ စာရေးလာတယ်ကွ၊ သူ ခု မာကွစ်ဆာမှာ ရောက်နေတယ်၊ တဲတစ်လုံးမှာနေပြီး ပျင်းလွန်းလို့ သေတော့မယ်တဲ့။ အင်း . . ပေါလ်ပေါလ် သနားစရာပါကွာ၊ ဘဝနဲ့သဟဇာတဖြစ်အောင် မနေတတ်တဲ့အထဲမှာ သူလဲအပါအဝင်ပေါ့၊ ဗင်းစင့်လဲ အတူတူပဲ၊ သူတို့ဟာ ငြိမ်းချမ်းမှုကို သေခြင်းတရားမှာ ရှာချင်ကြတဲ့လူမျိုးတွေကွ"

အပင်တွေ စုံလှသော သစ်ခြံထဲသို့ လျှောက်ကြည့်ကြသည်။ သစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်းနှင့် သစ္စတူဒီယိုကို ဝင်ကြည့်ကြသည်။

အပြန်တွင် ဧည့်သည်စုံတွဲကို သူက မြင်းလှည်းအိုကြီးမောင်းပြီး ဘူတာသို့ လိုက်ပို့သည်။ လမ်းတွင် ရုတ်တရက် ဟင်နရီဘက်လှည့်ပြီး

"ဒေဂါးနဲ့များတွေ့ရင် ငါသတိရပါတယ်လို့ ပြောပြပေးပါကွာ၊ အရေးဖတ်စ်ကိစ္စဖြစ်ကတည်းက တို့နှစ်ယောက် မတွေ့ကြတော့တာလေ။ ကံမကောင်းစရာပေါ့ကွာ၊ ဒီကိစ္စကြောင့် ပေါင်းဟောင်းသင်းဟောင်း တွေ ဆက်ဆံရေးပျက်ရတာ။ သူက ဂျူးတွေကို ဂျာမန်သူလျှိုတွေချည်း အောက်မေ့နေတာ၊ ဘယ်လိုမှ ပြောလို့မရဘူး။ အင်း. . အဂ္ဂါ . . အဂ္ဂါ၊ သနားစရာပဲ၊ သူလဲ စိတ်ချမ်းသာမယ်မထင်ဘူး၊ ငါ့လိုပဲ မျက်စိလဲ ကောင်းတော့ဘူးလေ။ သူ့မှာ အဖော်မရှိဘူး၊ သူ့ရဲ့အဖော်ဟာ နာသည်းခါးသီးမှုပဲ"

*

www.burmeseclassic.com

www.burmeseclassic.com

လန်ဒန်သို့သွားဖို့ ရက်နီးလာပြီ။ ဟင်နရီတစ်ယောက် ပို၍ပို၍ ဆောက်တည်ရာမရဖြစ်လာ၏။ မိုင်ရီယမ်ကို ပါရီတွင် တစ်ယောက်တည်း ထားခဲ့ရမည့်အရေးမှာ သူ့အတွက် မထွေးနိုင် မမျိုနိုင်ကိစ္စကြီးဖြစ်၏။

သွားခါနီး ၃ ရက်အလိုတွင် သူမသွားချင်တော့ကြောင်း မောရစ်ကို တုံးတိတိကြီးပြောလိုက်၏။ မောရစ်မျက်လုံးပြူးသွားသည်။

"ဘာကွ၊ မသွားချင်တော့ဘူး . . ဟုတ်လား။ မင်းရူးသွားပြီလား ဟင်နရီ"

"ငါ့ပန်းချီကားတွေ သူတို့ဆီရောက်သွားပြီ မဟုတ်လား။ ပြီးပြီပေါ့၊ ငါသွားဖို့ ဘာလိုတော့လဲ"

"ငါသွားဖို့ ဘာလိုတော့လဲဟုတ်လား"

မောရစ်၏ မျက်လုံးများသည် ဒေါသကြောင့် ပိုပြာလာသည်။ အရောင်တဖျတ်ဖျတ်တောက်နေ၏။

"ဘာကြောင့် မင်းသွားရမယ်ဆိုတာ ငါပြောပြမယ်၊ ဒီပြပွဲဖြစ်အောင် ငါတစ်နှစ်ကျော် ပြင်ဆင်ခဲ့ရတယ်။ မင်းလာမယ်ဆိုတာရယ်၊ မင်းရောက်မယ့်နေ့ရယ်၊ လန်ဒန်သတင်းစာတွေမှာ ပါပြီးပြီ၊ မင်းနဲ့ 'ဖျော်ဖြေ' ရက်ချိန်းတွေပေးပြီးပြီ၊ မင်းအတွက် ဂုဏ်ပြုညစာစားပွဲလုပ်ဖို့လဲ သူတို့စီစဉ်ပြီးပြီ။ ဘယ်ကားတွေ ဘယ်နေရာမှာ ချိတ်မယ်ဆိုတာ မစွတ်ဘာ ချန်းကို မင်းအကြံပေးရမယ်၊ နောက်ဆုံးအချက် ဝေလမင်းသား . ."

"ဪ . . ပြပွဲကို သူဖွင့်ပေးမယ်ဆိုတာ ငါမေ့သွားတယ်၊ ဂုဏ်ယူစရာကြီးပေါ့၊ ဟုတ်လား"

"ကျေးဇူးလဲတင်ရမယ်၊ သူက မင်းကိုဂုဏ်ပြုပေးမှာ"

"ဂုဏ်ပြုပေးမှာ ဟုတ်လား"

ဟင်နရီ ဒေါသဖြစ်သွားသည်။

"ဒီမယ်မောရစ်၊ မိတ်ဆွေအပေါင်းအသင်းအနေနဲ့ မင်းသား အလည်လာမှာကို ငါလေးစားပါတယ်။ ဒါပေမဲ့ ဂုဏ်ပြုပေးမယ်ဆိုတာကတော့ ဘယ်သူက ဘယ်သူ့ကိုဂုဏ်ပြုပေးစရာလိုလဲ။ သေတော့မှာပဲ မင်းသဘောမပေါက်ပါလား မောရစ်။ ငါ ဘယ်သူလဲ၊ ငါကတူလုစ် လောထရက်မြို့စားကွ၊ တူလုစ်မြို့စားတစ်ယောက်ဟာ သာသနာစစ်ပွဲကို ဦးဆောင်ခဲ့တယ်။ ငါတို့ရဲ့ ညီအစ်ကိုဝမ်းကွဲတစ်ယောက်ဟာ အင်္ဂလန်ပြည့်ရှင်ဘုရင်တစ်ပါးဖြစ်ခဲ့ဖူးတယ်၊ အဲဒီအချိန်တုန်းက သူတို့အနွယ်တွေဟာ တောသူတောင်သားဘဝမှာပဲ ရှိသေးတယ်"



တစ်ယောက်တည်းပြောမနိုင်သဖြင့် မမနက်တာဆင်နှင့် မိုင်ရီယမ်တို့ကို မောရစ်စစ်ကူတောင်းရတော့သည်။

သည်တော့မှ သူအင်တင်တင်နှင့် သဘောတူ၏။

"ကောင်းပြီ၊ တစ်ပတ်ပဲနေမယ်၊ တစ်ရက်မှ ပိုမနေဘူး"

မိုင်ရီယမ်က ဘူတာရုံလိုက်ပို့သည်။ ရထားမထွက်မီ တွဲပေါ်ဘက်ပြီး သူနှင့်အတူထိုင်သည်။

ချစ်ရည်ရွှန်းလဲ့မျက်လုံးများဖြင့် ဟင်နရီ ခပ်တိုးတိုးပြောသည်။

"တစ်ပတ်ခွဲနေရမှာပေါ့နော်၊ စာရေးမယ်မဟုတ်လား ရေးနော်၊ သိပ်စာမှတ်မိတယ် မဟုတ်လား၊ အရေးတကြီးကိစ္စပေါ်လာရင် သံကြိုးရိုက်ပေါ့၊ လိုအပ်ရင် မောင် ချက်ချင်းပြန်ပြေးလာမယ်"

နှစ်ယောက်သား ငြိမ်သွားကြပြန်၏။ ကုန်ဆုံးနေသည့် နောက်ဆုံးစက္ကန့်သံများကို နှစ်ဦးစလုံးကြားနေရ၏။

"မောင် ပြန်လာရင် အားလုံးထူးထူးခြားခြား ပြောင်းလဲနေစေရမယ်၊ နော် မိုင်ရီယမ်"

မိုင်ရီယမ်မလှုပ်၊ ကြားဟန်လည်းမတူ။ သူ့ကို စိုက်ကြည့်နေ၏။ မျက်လုံးများဖြင့် စကားပြောနေသည့်နှယ်။

ဟင်နရီက သူ့လက်ကလေးကို ဆုပ်ပြီး

"မကြာခင် နွေလည်ရောက်တော့မယ်နော်၊ အာကာချွန်ကို ပြန်သွားကြမယ်၊ အရမ်းပျော်ခဲ့ကြတယ်နော်၊ မှတ်မိတယ် မဟုတ်လားဟင်"

မိုင်ရီယမ့်ပါးပြင်ပေါ်တွင် မျက်ရည်ဥတွေ လိမ့်ဆင်းလာသည်။

"ဟုတ်ပါတယ် မောင်၊ အရမ်းပျော်ခဲ့ပါတယ်၊ ကျွန်မ တစ်သက်ဘယ်တော့မှ မမေ့ပါဘူး"

ရထားဥဩဆွဲသံကြီး စူးစူးဝါးဝါးထွက်လာသည်။

"ဂွတ်ဘိုင် ဟင်နရီ"

မိုင်ရီယမ်က အနမ်းဖြင့်နှုတ်ဆက်သည်။

"ဂွတ်ဘိုင် ဒါလင်၊ မောင့်ကို မမေ့ပါနဲ့နော်"

ရထားထွက်ပြီ။ သူက ပြတင်းပေါက်မှ ခေါင်းပြူထွက်ရင်း ဘက်ပြသည်။

"တစ်ပတ်တည်းပဲနော်" ဟု အော်ပြောသည်။ မိုင်ရီယမ့် မျက်နှာ ကလေး ဝါးသွားပြီး လုံးဝမှုန်ဝေ ပျောက်ကွယ်သွားသည်အထိ သူ လက် ပြနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ဂူပီးလ်၏ ပန်းချီကားဝယ်ရောင်းလုပ်ငန်းကြီးမှာ ဧရာမ လု
ငန်းကြီးတစ်ခုဖြစ်သည်။ ဝန်ထမ်းတိုင်း သူတို့အလုပ်ကို သူတို့ တကယ်
ကျွမ်းကျင်ကြသည်။ အပေါက်စောင့်ကစ ဝင်လာသူ ဧည့်သည်၏ ဟန်
ကို ကြည့်ပြီး သူ့ဘဏ်စာရင်းကို ခန့်မှန်းနိုင်၏။

ကတ္တီပါဝတ်စုံနှင့် ပြတိုက်ဝန်ထမ်းများ၊ ခမ်းနားလှပလွန်းသည်
ကားဘောင်များက ပြတိုက်၏အဆင့်အတန်းကို ပြနေ၏။ ဘုရားရှိခိုး
ကျောင်းများမှာကဲ့သို့ မှိန်ဖျော့ဖျော့အလင်းရောင်တွင် အထက်တန်းလွှာ
ပုံပေါက်နေသည့် ဧည့်သည်များသည် ဆိုင်ဝန်ထမ်းများနှင့် စကားတိုးတိုး
သာပြောကြ၏။ ပြတိုက်၏ ညွှန်ကြားရေးမှူး စပင်စာ မာချန်သည်
အကောင်းဆုံး အရောင်းသမားဖြစ်၏။ သူ့အလုပ်ကို သူအဟုတ်သိသူ
ဖြစ်၏။

ကားတစ်ကားနှင့်ပတ်သက်၍ အမြင်ချင်းကွဲလွဲလျှင် ဧည့်သည်
ကို သူ့ရုံးခန်းထဲထိခေါ်ပြီး ဆွေးနွေးတတ်၏။ ရှယ်ရီဝိုင်နှင့် ဟာဗာနာ
ဆေးပြင်းလိပ် ဧည့်ခံပြီး စိတ်ရှည်လက်ရှည်ရှင်းပြ၏။ နောက်ဆုံး အဆင်
ပြေသွားသည်သာ။ ပိတ်ကားပေါ်မှ မမြင်ရသည့်အလှတရားများကို
ဝယ်သူတွေ မြင်အောင် သူရှာဖွေညွှန်ပြတတ်သည်။

မစ္စတာမာချန် သည်နေ့မနက်ပို၍ တက်ကြွနေ၏။ လေးလံထု
သော ခန်းဆီးကြီးကို တွန်းပြီး သူ့ရုံးခန်းထဲသို့ ဝင်လာသော ဟင်နရီကို
ထကြိုသည်။

“ခရီးပန်းလာမှာပဲ၊ ကောင်းကောင်းနားရပါရဲ့လား မွန်စီယာ
ဟိုတယ်ကိုရော စိတ်တိုင်းကျပါရဲ့လား ခင်ဗျ၊ ကောင်းပါလေ့ဗျာ၊ ကဲ
. . ကျွန်တော်တို့အလုပ်အကြောင်းပြောရအောင်။ သဘောတင်စာချုပ်
စာတမ်းတွေ ခုပဲကျွန်တော်ရပါတယ်၊ မွန်စီယာရဲ့ကားတွေ ဒီနေ့ည
ရောက်လာပါလိမ့်မယ်၊ ကျွန်တော်ကြည့်ချင်လှပြီဗျ၊ ကျွန်တော် ဘယ်
လောက်စိတ်တွေ လှုပ်ရှားနေတယ်ဆိုတာ မွန်စီယာ သိမှာမဟုတ်ဘူး”

ဟင်နရီ အံ့သြသွားသည်။

“ဟုတ်လား တစ်ကားမှ မတွေ့ရသေးဘူးပေါ့”

“ဟုတ်ကဲ့ မတွေ့ရသေးပါဘူး၊ မွန်စီယာက ပါရီ ညရှုခင်းတွေ
ဆွဲတယ်ဆိုတာတော့ ကျွန်တော် သိထားပါတယ်။ ပြင်သစ်က လာတဲ့
ပန်းချီကားတွေဆိုတော့ ရီယယ်လစ်ဇင်းတော့ နည်းနည်းလောက်ပဲ ပါ
မယ်ထင်တယ်။ ဟဲ့ . . ဟဲ . . စိတ်မဆိုးနဲ့နော်၊ ကျွန်တော် နောက်တာ





ပါ။ အင်း . . ပါရီ၊ ပါရီ၊ ပါရီကိုယ်တိုင်က မော်ဒန်ဖြစ်နေတာဗျ။ ရာပြည့်
နှစ်တုန်းက ကျွန်တော်ရောက်တယ်လေ၊ ပျော်စရာ စုံညီမြို့ပါရီပါပဲဗျာ၊
ပြန်လာကတည်းက ကျွန်တော်တို့ပြတိုက်ကို ခေတ်ပန်းချီကားတွေ ဖြည့်
ဖို့ ကျွန်တော်တိုက်တွန်းခဲ့တာလေ။ ဂူပီးလ်လိုပြတိုက်ကြီးဟာ ရောက်တဲ့
နေရာမှာ တန့်မနေသင့်ဘူးလေ၊ ခေတ်လူငယ်တွေရဲ့ လက်ရာတွေ ကမ္ဘာ
က အာရုံစိုက်လာတဲ့ရေးဟန်တွေ၊ တင်ပြပုံတွေကို ကျွန်တော်တို့ ပြတိုက်
မှာ တင်ရမယ်၊ ဟုတ်တယ်မဟုတ်လား မွန်စီယာ”

“မှန်တာပေါ့ဗျာ”

ဟင်နရီက အလိုက်အထိုက်ထောက်ပေးလိုက်သည်။

“မနှစ်က ယိုးယန့်ပြခန်းမှာ မွန်စီယာရဲ့ကားတွေပြတော့ ဆာ
ဦးယားဘုရင်မင်းမြတ်နဲ့ မြို့စားကြီး ကွန်မိုဒိုတို့ ကားတွေဝယ်သွားတဲ့
သတင်း ကျွန်တော်ဖတ်လိုက်ရတယ်။ အဲဒီကတည်းက မွန်စီယာရဲ့ လက်
ရာတွေကို လန်ဒန်မှာ ပြပွဲလုပ်ဖို့ ကျွန်တော်စိတ်ကူးရခဲ့တာ။ ချက်ချင်းပဲ
မောရစ်ယိုးယန့်ဆီ ကျွန်တော်လှမ်းပြီး မိတ်ဆက်လိုက်တယ်၊ တော်တော်
ကျေနပ်လောက်တဲ့ အတွေ့အကြုံပါပဲ။ မွန်စီယာရဲ့ ကိုယ်ရေးရာဇဝင်
အကျဉ်းရတော့ သတင်းစာတိုင်းမှာ ပါအောင် ကျွန်တော်လုပ်လိုက်တယ်၊
ပန်းချီပရိသတ် ထူးထူးခြားခြား စိတ်ဝင်စားတာတွေ့ရတယ်လေ။ ကြာ
သပတေးနေ့ဆို လန်ဒန်တစ်မြို့လုံးရောက်လာကြလိမ့်မယ်၊ မွန်စီယာကို
ဂုဏ်ပြုဖို့၊ မင်းသားကိုယ်တိုင်လာဖွင့်ပေးမယ့်အကြောင်း သူ့ကိုယ်ရေး
အရာရှိ လာပြောသွားပါပြီ။ ကဲ . . မွန်စီယာ လန်ဒန်ရောက်သခိုက်မှာ
တွေ့ရမယ့်လူတွေ၊ တက်ရမယ့်အခမ်းအနားတွေ၊ မိတ်ဆုံပွဲတွေရဲ့ အစီ
အစဉ်ကို ဖတ်ကြည့်ပါဦး”

နောက်နေ့များတွင် ယားလို့မှ မကုတ်နိုင်အောင် ဟင်နရီ
အလုပ်ရှုပ်တော့၏။ တစ်ပွဲပြီးတစ်ပွဲ ဇယ်စက်သလို နွှဲနေရ၏။ လုံးဝနား
ချိန်မရှိ။ လန်ဒန်ကို သဘောကျပါသည်။ အောက်မေ့ဖွယ် ကြေးရုပ်၊
ကျောက်ရုပ်များက ကြီးကျယ်ခမ်းနားသည်။ လူတွေ စည်းကမ်းရှိသည်။
ပီကယ်ဒီလီကို နောက်တစ်ကြိမ် ပြန်ရောက်ရသည်မှာလည်း ပျော်စရာ
ကောင်းပါသည်။ နယ်လ်ဆင်ကြေးရုပ်က ပါရီမှ ဗင်ဒုမ်းကြေးရုပ်နှင့်
အတော်တူသည်။ ပါရီတွင် တွေ့ဖူးသည့် အင်္ဂလိပ်ပန်းချီဆရာများနှင့်
ပြန်ဆုံ၏။

သို့သော် စိတ်ထဲတွင် နည်းနည်းမျှမပျော်။ မိုင်ရီယမ့်ဆီက စာ

www.burmeseclassic.com

www.burmeseclassic.com



သတင်းမှ မကြားရခြင်းကြောင့်ဖြစ်သည်။ စာလည်းမရ၊ သံကြိုးလည်း မလာ။

နောက်နှစ်ရက်ကုန်သွားသည်။ အကြောင်းမထူး။ တဖြည်းဖြည်း စိတ်ပူလာသည်။ ဘာကြောင့် စာမရေးခြင်းလဲ။ ပါရီက ထွက်ခဲ့ပြီးနောက် တွင် သူ့အခန်းသို့ ပန်းစည်းပို့ပေးဖို့ စီစဉ်ဖြစ်ခဲ့သေး၏။ မိုင်ရီယမ်သည် ယဉ်ကျေးသည့် မိန်းကလေးဖြစ်သည်။ ဘာကြောင့် ကျေးဇူးတင်ကြောင်း စာမရေးသလဲ။ နေထိုင်မကောင်းများ ဖြစ်နေသလား။

စိုးရိမ်စိတ်က ထိပ်တက်လာသည်။ တဖြည်းဖြည်းဆောက်တည် ရာမရဖြစ်လာ၏။ သတင်းစာဆရာတို့၏ မေးခွန်းတွေကို အမှားမှား အယွင်းယွင်းဖြေ၏။ ချယ်လ်စီကလပ်တွင် နေ့လည်စာစားအပြီး မိန့်ခွန်း ပြောရာ ကဘောက်တိကဘောက်ချာတွေ ဖြစ်ကုန်၏။ သေတော့မှာပဲ သူ ဘာလို့ စာမရေးတာလဲ။

စိတ်ထဲတွင် ထွက်ပေါက်တစ်ခုကို သွားစဉ်းစားမိသည်။ သူ့ကား များတွင် ရီယယ်လစ်ဇင်များမှာကို မာချန်တွေးပူနေသည့်ကိစ္စ။

"ခင်ဗျားပြောတာမှန်တယ် မစ္စတာမာချန်။ ကျွန်တော့်ကားတွေ က သိပ်ကြမ်းတယ်၊ သိပ်ပြင်းထန်တယ်၊ ဒီလိုနေရာမျိုးနဲ့ လုံးဝမအပ်စပ် ဘူး၊ ဆန့်ကျင်တဲ့လူတွေများလာလိမ့်မယ်၊ ပူညံပူညံတွေ ဖြစ်လိမ့်မယ် ကျွန်တော် အစိုးရိမ်ဆုံးက ခင်ဗျားနစ်နာမှာကိုပဲ၊ တစ်ကားမှ မရောင်း ရပဲဖြစ်သွားနိုင်တယ်။ ပြပွဲကို ခင်ဗျား ဖျက်ပစ်လိုက်ပါလား၊ ကုန်ကျစရိတ် အားလုံး ကျွန်တော် လျော်မယ်လေ"

မာချန်ခေါင်းယမ်းသည်။

"မဖြစ်နိုင်ဘူး မွန်စီယာ၊ သိပ်နောက်ကျသွားပြီ။ အိမ်ရှေ့မင်း သားလာမယ်၊ ဝေဖန်ရေးဆရာတွေ လာမယ်၊ ဖိတ်စာတွေအားလုံး ဝေ ထားပြီးပြီ"

ဖွင့်ပွဲနေ့ရောက်လာပြီ၊ ဟင်နရီ၏ သည်းခံနိုင်စွမ်းတို့ ရှေး မှတ်ရောက်သွားပြီ။ မိုင်ရီယမ့်ဆီ သံကြိုးတွေရိုက်သည်။ မောရစ်ဆီသို့ ပါပို့သည်။ ဘယ်သူမှ အကြောင်းမပြန်၊ တစ်ခုခု ဖြစ်ပြီပေါ့။

ကိုယ့်ကိုယ်ကိုယ်ဒေါပွလာ၏။ ဘာကြောင့် ပါရီကို ထားခဲ့ပြီး သည်သောက်သုံးမကျ တိုင်းပြည်ကို ထွက်လာခဲ့မိခြင်းလဲ။ မေးခွန်းပေါင်း များစွာ၊ မြင်ကွင်းပေါင်းများစွာက သူ့ကို ဆက်တိုက်နှိပ်စက်နေပြီ။

လူချောလူလှ၊ လူချမ်းသာကလေးတစ်ယောက်နှင့်အတူ ညစာ



နေသည့် မိုင်ရီယမ်၊ သူ့အခန်းကလေးထဲတွင်ပြုံးစုမည့်သူမရှိဘဲ ငပြင်းဖျားနေသည့် မိုင်ရီယမ်၊ မတော်တဆ ထိခိုက်မှုဖြစ်ပြီး ထမ်းစင် နှင့် ပါသွားသည့် မိုင်ရီယမ်၊ ဆေးရုံပေါ်တွင် သေကောင်ပေါင်းလဲဖြစ်နေ သည့် မိုင်ရီယမ်။

ထိုနေ့ပြခန်းရောက်တော့ သူဖျားချင်သလိုလို ဖြစ်နေပြီ။ ပန်း ခြင်းများကို သူမမြင်။ ဝတ်ကောင်းစားလှနှင့် ပြခန်းဝန်ထမ်းများကိုလည်း သူမတွေ့။ ကြိမ်တုတ်ကို ထောက်ကာ၊ ထောက်ကာဖြင့် ကတ္တီပါခန်းဆီး များကိုတွန်းပြီး ပြခန်းထဲဝင်သွားသည်။ ဘယ်သူမှမရှိ။ ရေမွှေးနံ့ကမူ သင်းတပျံ့ပျံ့။

တစ်ခုခု မှားပြီထင်၏။ အစကတည်းက သည်ခရီးကို ထွက် လာခဲ့ရင် အကောင်းဆုံးပဲ။

အစိမ်းရောင်ဆိုဖာကြီးပေါ်တွင် အရုပ်ကြိုးပြတ်ထိုင်ချလိုက်၏။ အင်း . . ဘာတွေဖြစ်ကုန်ပြီလဲ၊ မနက်ဖြန်တော့ သိရမှာပဲ၊ နေပါဦး၊ ခင်တာကိုထွက်မည့် ညနေရထားရှိတာပဲ၊ ဟိုတယ်ကိုပြန်၊ အဝတ်အစား လဲပြီး ဘူတာရုံပြေး၊ ဖယ်ရီဆက်စီး၊ မနက်ဆို ပါရီရောက်ပြီပဲ။

သည်စိတ်ဝေဒနာမျိုး ဘယ်တော့မှ မခံစားနိုင်တော့ပါ။ နယူး ယောက်ကိုသွားလျှင် မိုင်ရီယမ့်ကို ခေါ်သွားမည်။ ဘယ်တော့မှ သူ့ကို မျက်စိအောက်က အပျောက်မခံတော့။

ရက်ဆက် အိပ်ပျက်သဖြင့် မျက်ခွံတွေ လေးလာသည်။ အခန်း ထဲတွင် လေမရှိတော့သလို အသက်ရှူကျပ်လာ၏။ ပြခန်းတွေဟာ သည်လိုချည်းပဲ၊ မောရစ်ရဲ့ပန်းခြံခန်းလဲ အတူတူပဲ။ ဦးထုပ်ကိုချွတ်ပြီး ဘေးဖော့ပေါ်ပစ်ချလိုက်သည်။ နာရီကြည့်လိုက်တော့ တစ်နာရီ အချိန်ရ သေးသည်ပဲ။ အင်း. . မနက်ဖြန်ဆို ပါရီပြန်ရောက်၊ သူနဲ့ဆုံနေကျ နေရာကိုသွား။

သည်တစ်ခါ သူ့အာရုံတွင် ပေါ်လာသည့် မိုင်ရီယမ်၏ ပုံရိပ် က တစ်မျိုး။ ဝင်းပပမျက်နှာကလေးဖြင့် သူ့ရထားဆီကို ပြေးချလာသည်။ ဘယ်၍ဘယ်မျှ အောက်မေ့နေကြောင်း၊ "ဘာ . . စာမရဘူး . . ဟုတ် လား စာအရှည်ကြီးတွေ နေ့တိုင်းရေးပို့တာပဲ၊ ဟင်အင်း . . ဘာသံကြိုး မှ မရဘူး"

ခုတော့ ဘာမှ အကြောင်းမဟုတ်တော့ပြီ။ ချစ်ရန့်မပြယ်သော ချစ်သူကို ပြန်တွေ့ရပြီမဟုတ်လား။ အတွေးသည် အိပ်မက်နှင့် ဆက်

www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ လက်နှစ်ဖက်ကို ရင်ပတ်ပေါ်တင်ကာ နှလုံးသား၏ တမ်းတ
သံကို အိပ်မက်ထဲတွင် ဆက်ကြားနေ၏။

"မွန်စီယာ၊ မွန်စီယာ . . ဟာ . . ပြဿနာပဲ၊ ကျွန်တော့်ကို
သတိတော့ပေးကြသားဗျာ၊ သူဟာ အရက်စွဲနေတဲ့လူတဲ့။ သေပါတော့
ဗျာ၊ သူ့ကို ကျွန်တော် မျက်ခြည်ပြတ်ခံဖို့မကောင်းဘူး၊ ပြင်သစ်ကောင်
တွေဟာ သောက်သုံးကို မကျဘူး"

ဆူဆူညံညံ အသံတွေ သူ့ကို လှုပ်နှိုးနေခြင်းပါလား။ နောက်
ထိုလူ၏ စိုးရိမ်ထိတ်လန့်နေသံ။ မျက်လွှာကို ကြိုးစားပြီး ဖွင့်ကြည့်လိုက်
၏။ သူ့အနားမှ ပရိသတ်မှာ မနည်းပါလား။ အနီးဆုံးတွေ့လိုက်ရသူက
မာချန်။ တွေ့ဖူးသော မာချန်မဟုတ်တော့။ ဒေါသအမျက် ချောင်းချောင်း
ထွက်နေသည့် မာချန်။ ဟင်နရီက ကြိုးစားထထိုင်ပြီး မျက်လုံးတွေကို
ပွတ်ကြည့်သည်။

"ကျွန်တော် အိပ်ပျော်သွားတယ်ထင်တယ်၊ အိမ်ရှေ့မင်းသား
ရောက်ပြီလားဗျ"

"အိမ်ရှေ့မင်းသား ပြန်သွားပြီ၊ ခင်ဗျား ကျုပ်ပြောတာ ကြား
လား၊ ပြန်သွားပြီ"

ပြတိုက်ညွှန်ကြားရေးမှူး မာချန်၏ ဒေါသသည်းနေသည့်အသံ။
ဟင်နရီက သူ့ကိုစိုက်ကြည့်ပြီး
"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကို မနှိုးသလဲ"
"ဘာ. . ဘာလို့ မနှိုးသလဲ ဟုတ်လား၊ အိမ်ရှေ့မင်းသားကိုယ်
တိုင် မောင်ရင့်ကို အိပ်ပါစေလို့ အမိန့်ရှိသွားလို့ပေါ့ကွ"
"အင်း . . အိမ်ရှေ့မင်းသားက လူတော်တစ်ယောက်ပဲ၊ အမြော်
အမြင်ကြီးပါပေတယ်" ဟု ဟင်နရီ အားရပါးရပြောလိုက်သည်။

ပြုံးလျက်ကပင် သူ့အနားတွင် ဝိုင်းနေသည့်လူအုပ်ကြီးကို အတဲ
ခတ်လိုက်သည်။ ပြီးမှ အလေ့ာတကြီးပုံစံဖြင့်
"ဟောဗျာ . . ရထား ရထား၊ အခု ဘယ်နှစ်နာရီလဲဗျ"
သူက နာရီကိုကြည့်ပြီးမေးနေခြင်းဖြစ်သည်။
"ငါးနာရီထိုးပြီ"
တစ်စုံတစ်ယောက် ဝင်ဖြေသံ။
"ဘာ . . ငါးနာရီ ဟုတ်လား၊ ဘုရား . . ဘုရား"
ခုမှ သူလုံးလုံးနိုးလာခြင်းဖြစ်၏။ ကြမ်းပြင်ပေါ်မှ ဦးထုပ်ကို



ကောက်ယူသည်။ လမ်းလျှောက်တုတ်ကို လှမ်းဆွဲသည်။ ပြီးတော့ ဆိုဖာ
ပေါ်မှ လူးလဲထသည်။

တံခါးဝရောက်မှ လူတစ်သိုက်ဆီသို့ ပြန်လှည့်ပြီး ဦးညွတ်သည်။
"ဂုဏ်သရေရှိလူကြီးမင်းများနှင့် အမျိုးသမီးများခင်ဗျား . .
သိပ်အရေးကြီးတဲ့ကိစ္စနဲ့ ညနေရထားအမီ ကျွန်တော် ပြေးရမှာမို့ အား
သုံး ခွင့်လွှတ်ကြပါ။ လေးစားအပ်တဲ့ အမျိုးသား၊ အမျိုးသမီးများခင်ဗျား၊
အိမ်ရှေ့စံ ဝေလမင်းသားကိုလဲ ကျွန်တော့်ကိုယ်စား တောင်းပန်ပေးကြ
ပါ"

အားလုံးကို ပတ်ပတ်လည် ဦးညွတ်နှုတ်ဆက်ပြီး ခန်းမထဲမှ
ထွက်သွားတော့သည်။ ကတ္တီပါခန်းဆီးများ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။
ပြီးတော့ ပြန်ငြိမ်သွားကြသည်။

*

ပါရီမြို့စွန်ရပ်ကွက်များကို ရထားဖြတ်သန်းနေပြီ။ နောက်ခံအလင်းရောင်
မှာတွင် အီဖဲလ်မျှော်စင်ကို လှမ်းမြင်နေရပြီ။ တယ်လီဖုန်းတိုင်များသည်
ရထားပြတင်းပေါက်များတွင် ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားနေ၏။ စိတ်ငြိမ်
အောင် သူက တယ်လီဖုန်းတိုင်တွေကို ရေတွက်နေသည်။ သို့သော်
အစီအစဉ်မတည့်။ နောက် နာရီဝက်ကြာတော့ ပါရီဘူတာသို့ ရထား
ဆိုက်သည်။ အိမ်ပြန်ဖို့အချိန်ရသေးသည်။ ပြီးမှ ဆုံနေကျနေရာသို့ ပြေး
သည်။

မထင်ဘဲနှင့် ခေါင်းထဲတွင် အတွေးတစ်ခု လျှပ်စီးလက်သွား
သည်။ ပြတင်းပေါက်မှန်ထဲတွင် ကိုယ့်ကိုယ်ကိုယ် ပြန်မြင်လိုက်၏။ ပါး
ပြင်အဟောင်းသား၊ မျက်လုံးအပြူးသားဖြစ်နေသည်။ ဘာကြောင့် ခုမှ
သတိရခြင်းလဲ၊ တုံးပါလား။ ငါ့လောက် မိုက်မဲသူလောကတွင် မရှိပါ
သလားဟုလည်း ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိ၏။ အာကာချွန်ကမ်းခြေမှာတုန်း
ကလို ငွေတွေ၊ စည်းစိမ်ချမ်းသာတွေနှင့် စည်းရှုံးမည့်အစား မိသား
စုသားပီပီ တောင်းရမ်းရမည်ဖြစ်၏။ သူ့ကို စွန့်လွှတ်ရမှာ အစိုးရိမ်ကြီး
စိုးရိမ်ပြီး ခေါင်းတွေပူနေသဖြင့် ဆင်ခြင်တုံတရားများအားနည်းခဲ့ခြင်း
ဖြစ်သည်။ သည်အမှား၏ အကျိုးသက်ရောက်မှုတွေကြောင့် မိုင်ရီယမ်
နှင့်ထွက်ခဲ့ခြင်းမဟုတ်လား။ ငွေကို မုန်းသည်တဲ့။ စည်းစိမ်ချမ်းသာနှင့်
ငွေတွေကြောင့် သူတို့ဆက်ဆံရေးပျက်ပြားသွားမည်တဲ့။ မှားလေစွ. .

www.burmeseclassic.com

www.burmeseclassic.com



သည်လို မိန်းကလေးကို ငွေနှင့် လမ်းခင်းခဲ့ခြင်းမှာ မဟာအမှားကြီးပါ လား။

သည်ည သူ့အခန်းကလေးထဲတွင် သည်အမှားတွေကို ပြင်မည်။ ပြောရမည့်စကားလုံးများကို ရွေးချယ်လိုက်၏။

"မောင့်အနားမှာ လာထိုင်ပါဦး မိုင်ရီယမ်ရယ်"

နှစ်ယောက်သား မီးလင်းဖိုကို ငေးကြည့်နေမည်။ တစ်ဦး လက်ကိုတစ်ဦးကိုင်ပြီး စကားဆက်မည်။

တူလုစ်မြို့စားကတော်ကလေး မိုင်ရီယမ်။

တူလုစ်လောထရက်မျိုးဆက်သွေးကို ဆက်ခံမည့် မိုင်ရီယမ်။ ပြင်သစ်နိုင်ငံတွင် အစဉ်အလာကြီးမားခဲ့သည့် မင်းစိုးရာဇာအသိုင်းအဝိုင်းမှ မြို့စားကတော်ကလေး မိုင်ရီယမ်။

မီးရထားကြီးသည် ဘီးလိမ့်သံဆူဆူညံညံဖြင့် ပါရီဘူတာရုံထဲသို့ ဝင်သွားသည်။ ရပ်သည်နှင့်တစ်ပြိုင်နက် ရထားပေါ်က ခုန်ဆင်းကာ လူအုပ်ကြီးထဲသို့ အတင်းတိုးဝှေ့ဝင်ရောက်ပျောက်ကွယ်သွားသည်။ သည်တွင်မှ တွဲထဲတွင် လက်ဆွဲအိတ် ကျန်ခဲ့ကြောင်း သတိရ၏။ ကိစ္စမရှိ သူပြန်မလှည့်တော့။

အိမ်လိပ်စာကိုပြောပြီး ရထားသမားအား တအားမောင်းခိုင်းသည်။

"ငါးဖရန့်ပိုပေးမယ်ဗျို့ . . ခင်ဗျားမြင်းကို ကဆုန်စိုင်းခိုင်းပေတော့"

လမ်းတစ်လျှောက်တွင် ကေးလက်ပိုစတာများ နေရာအနှံ့ ကပ်ထားသည်ကို တွေ့ရ၏။ သို့သော် သူအာရုံမစိုက်အားတော့။ အိမ်ရှေ့ ရောက်တော့ ရထားပေါ်က ခုန်ဆင်းပြီး ရထားသမားကို စောင့်ခိုင်း သည်။

"ခဏလေးစောင့် . . ကျွန်တော် ချက်ချင်းပြန်ထွက်ခဲ့မယ်"

မဒမ်လူဘေးကို အောက်ထပ်ဧည့်ခန်းတွင် မတွေ့ရ။ စိတ်ထဲ ခနိုးစနောင့်ဖြစ်သွားသည်။ သူ့စတူဒီယိုထဲကို ရောက်တော့လည်းမတွေ့ရ။ အခန်းထဲတွင် အလင်းရောင်က မှိုင်းမှိုင်းပျပျ။ မီးလင်းဖိုတွင် မီးမရှိ။ ဆည်းဆာရောင်ကို ဧရာမ ပြတင်းပေါက်ကြီးမှ လှမ်းမြင်နေရ၏။ အချေး အလွှားရေချိုးသည်။ အဝတ်လဲသည်။ အခန်းထဲမှ ထွက်ခါနီးဆဲဆဲတွင် မဒမ်လူဘေး၏ ခြေသံကို ကြားရ၏။

"ဆောရီးပဲ မွန်စီယာ၊ အဲဒေါ် ဘုရားကျောင်းသွားနေလို့"



"ဘာဖြစ်တာလဲ အဲဒေါ်"

အဘွားကြီး၏ အမူအရာကိုကြည့်ပြီး တစ်ခုခုဖြစ်ပြီဟု သူ နားလည်လိုက်၏။

"ပြောလေ အဲဒေါ် . . ဘာဖြစ်တာလဲ"

မဒမ်လူဘေးသည် ခုမှသူ့ကို တည့်တည့်ကြည့်သည်။

"ထိုင်ပါဦး မွန်စီယာ"

သူပါးစပ်အဟောင်းသားနှင့် မဒမ်လူဘေးကို စိုက်ကြည့်နေသည်။ အဘွားကြီးက ရင်ဖုံးအင်္ကျီထဲမှ စာအိတ်တစ်လုံး ထုတ်ယူလိုက်၏။ ပြီးတော့ တုန်တုန်ယင်ယင်ဖြင့် သူ့ကို ကမ်းပေးသည်။

"မွန်စီယာ သွားတဲ့နေ့က မဒမ်မွိုင်ဇယ်လ်လာပေးသွားတယ်"

စာအိတ်ကိုဖောက်ပြီး အနီးမှုန် မျက်လုံးများနှင့် ကပ်ဖတ်သည်။

"ကျွန်မ မွန်စီယာဒူပရဲနဲ့ ဒီညလိုက်သွားပါပြီ။ ဒါဟာအကောင်းဆုံးနည်းလမ်းပါပဲ မောင် . . "

*

www.burmeseclassic.com

www.burmeseclassic.com

လိုက်ကာချ . . . ဇာတ်သိမ်းပြီ

www.burmeseclassic.com

www.burmeseclassic.com

"အရက်ပေးပါ၊ ဟေး . . ဝစ်တာ မြန်မြန်လုပ်ပါကွ၊ နောက် တစ်ခွက်"

ဗစ်တာက အရက်ကောင်တာနားမှ လူတစ်ယောက်ကို

"ခဏလေးနော် ဒိုဒို၊ ငမူးတွေဟာ ဒီအတိုင်းချည်းပါပဲဗျာ" ဟု ပြောပြီး သူ့စားပွဲဆီကို လှမ်းကြည့်သည်။

"ကဲ . . မွန်စီယာ တူလုစ်၊ ခင်ဗျား မူးနေပြီဗျာ၊ တော်လောက် ရောပေါ့"

"ဟေ့လူ နောက်တစ်ခွက်ယူခဲ့၊ မပေးရင် အားလုံး ရိုက်ခွဲပစ် မယ်"

အာလေးလျှာလေးနှင့် သူလှမ်းအော်သည်။ အော်ရင်း ကျောက် စားပွဲပေါ်သို့ ဇက်ကျိုးကျသွား၏။ ဒုံးခနဲအသံမြည်သွားသည်။

"သူ့ကိုယ်သူ တမင်အနာတရဖြစ်အောင် လုပ်နေတာများလား မသိဘူး"

ဒိုဒိုဆိုသူက စိတ်မကောင်းသည့်လေသံဖြင့် ဝင်ပြော၏။

"အရက်သမားတွေဟာ ဒီလိုချည်းပါပဲဗျာ။ ဒီတစ်ယောက်က တော့ အဆိုးဆုံးပဲ၊ ဟိုအနားလဲကျ၊ ဟိုဟာနဲ့ ဝင်ဆောင့်၊ ဒီဟာနဲ့ ဝင် တိုက်နဲ့၊ သေကောင်ပေါင်းလဲချည်းပဲ။ ဟော . . ခု အိပ်ပျော်သွားပြန်ပြီ"

ဗစ်တာက ရယ်ပြီး ဖန်ခွက်တစ်လုံးကို သုတ်နေရင်း ဆက်ပြော သည်။

"သူ အဲဒီအတိုင်းဖြစ်နေတာ တစ်နှစ်လောက်ရှိနေပြီ။ တခြား ဆိုင်သွားပါဆိုလဲ မရဘူး၊ ဒီပဲ လာနေတာပဲ။ စိတ်ညစ်စရာကတော့ လူတိုင်းရှိတာပေါ့ဗျာ၊ အဲဒီလို အိပ်ပျော်နေရင် ကိစ္စမရှိဘူး။ နိုးလာရင် ရန်ရှာရော။ သူ့ပုံလဲ ကြည့်ပါဦး၊ လေတိုက်ရင် လွင့်ပါသွားတော့မယ့် ပုံမျိုး။ တစ်ခါတစ်ခါကျရင် စာတစ်စောင်ထုတ်ဖတ်ပြီး ငိုပြန်ရော ဒီစာတစ် စောင်တည်းကိုပဲ ထပ်ကာ ထပ်ကာဖတ်၊ ပြီးတော့ ငို"

"အမျိုးသမီးကိစ္စပဲ ဖြစ်မှာပေါ့ဗျာ၊ မချောတစ်ယောက်ယောက် က ကန်ထုတ်လိုက်လို့ဖြစ်မှာပေါ့"

ဒိုဒိုက ဦးထုပ်စုတ်ကြီးကိုချွတ်ပြီး ခေါင်းကုတ်ရင်း ထင်ကြေး ပေးသည်။

"ဒါပေမဲ့ တစ်ခါတစ်ခါတော့လည်း သီချင်းတွေအော်ဆိုချင် ဆိုနေပြန်ရောဗျ၊ အဲဒီအခါ ပိုပြီး စိတ်ညစ်စရာကောင်းတယ်၊ သူ့အသံ



က နည်းနည်းကလေးမှ သာယာနာပျော်ဖွယ်မရှိဘူးဗျ၊ လမ်းပေါ်မှာ အသားကုန် ဟစ်ချင်ဟစ်နေတာ၊ ဒါပေမဲ့ ဘယ်သူမှ သူ့ကို မတားရဲ ဘူး၊ သူက နယ်ထိန်းပါတူးရဲ့ သူငယ်ချင်းလေ"

"အရက်ပေးလေ၊ ဘယ်မလဲ အရက်"

စားပွဲကို ကြိမ်လုံးနှင့် တဖြန်းဖြန်းရိုက်ပြီး အော်ပြန်၏။ ဗစ်တာ က ကောင်တာတစ်ဖက်စွန်းသို့ လျှောက်လာပြီး

"ဒုက္ခပါပဲ မွန်စီယာ၊ ခင်ဗျားလုပ်ပုံနဲ့တော့။ ကျွန်တော်နဲ့ ပါတူး. ."

"ဘယ်က ပါတူးလဲ၊ ဟိုဝက်ပုပ်ကြီးလား၊ ဟေး . . ဗစ်တာ၊ ဒီအနား လာပါဦးဗျ၊ ခင်ဗျားနဲ့ ပြောစရာရှိလို့"

ဗစ်တာ ကောင်တာထဲမှ ထွက်လာသည်။

"ဘာလဲဗျ"

"ခင်ဗျားနဲ့ ကျွန်တော်ဟာ မိတ်ဆွေဟောင်းတွေပါဗျာ၊ ခင်ဗျား ဟာ လူတော်လူကောင်းတစ်ယောက်ပါ။ ဗဟုသုတလဲ ကြွယ်တယ်။ ကျွန် တော်တို့ နှစ်ယောက်တည်း ဆွေးနွေးကြရအောင်၊ မိန်းမတွေကို ခင်ဗျား ဘယ်လိုမြင်လဲ"

"ကျွန်တော့်အမြင်ကို ခင်ဗျားသိချင်သလား၊ မိန်းမဆိုတာ ဘာမှ မဟုတ်ဘူး၊ ယောကျ်ားတွေကို ဒုက္ခပေးဖို့ လူဖြစ်လာတာ။ တခြား မကြည့်နဲ့၊ ကျွန်တော့်မိန်းမကိုပဲကြည့်။ ညည ဟောက်တယ်၊ အိပ်နေရင်း စကားပြောတယ်၊ သူနဲ့အိပ်ရတာ သံစုံတီးဝိုင်းကြီးနဲ့ဖက်အိပ်ရသလို၊ ကဇာတ်ရုံထဲမှာ အိပ်ရသလိုပဲ"

"အင်း . . တော်တော်ဆိုးပါလား၊ ခေါင်းအုံးနဲ့ မျက်နှာကို ဖိ သားပါလား"

ဟင်နရီက အမူးသမားတို့ ထုံးစံအတိုင်း တစ်ဘက်သားကို စာနာစွာအကြံပေးနေ၏။

"ကျွန်တော့်သူငယ်ချင်းတစ်ယောက်တော့ အဲဒီနည်းနဲ့ ကုတာ၊ သူ့မိန်းမဟောက်တာ ပျောက်သွားတယ်။ ဟောက်တာတင် ပျောက်တာ ဘင်မဟုတ်ဘူး၊ အသက်ပါ ပျောက်သွားတယ်။ ကဲ . . ကဲ၊ ကျွန်တော့်ကို နောက်တစ်ခွက်ပေးဗျာ၊ ပြီးတော့ ကျွန်တော်တို့ အလေးအနက် ဆွေး ဆွေးနွေးကြတာပေါ့"

ပြောနေရင်း ခေါင်းထဲက နာလာသည်။ ဗစ်တာသည် သူ့ မြင်

www.burmeseclassic.com

www.burmeseclassic.com



ကွင်းထဲတွင် ချာချာလည်နေသည်။ စားပွဲပေါ်သို့ သူ ဦးခေါင်းစိုက်ကျသွားပြန်၏။ သည်တစ်ခါလက်မောင်းပေါ်သို့ မျက်နှာတင်မိလျက်သားဖြစ်သွားသည်။ လည်ချောင်းထဲတွင် ရုတ်ချည်း ပို့တက်လာသည်။ ပါးစပ်ထဲတွင် ချဉ်စုတ်စုတ် ခါးသက်သက်အရသာကို သတိပြုမိလိုက်၏။ သေတော့မှာပဲ၊ အန်တော့မယ်ထင်ရဲ့။ ဝမ်းဗိုက်ထဲမှ လေတွေ လှိုက်တက်လာသည်။ အစာမကြေတာများလား၊ မဟုတ်သေးဘူး၊ မနက်စာစားပြီးကတည်းက ဘာမှ မစားရသေးပါကလား။ ဆာလွန်းလို့ဖြစ်မည်။ ပို့တက်လာသည့်လေကို အတင်းပြန်မြိုချသည်။ သို့သော် မနိုင်တော့ ရှမ်ပိန်ပုလင်းကို ဖွင့်လိုက်သည့်အလား။ ဝေါ့ခနဲ ထိုးအန်ချလိုက်တော့၏။

လက်တစ်ဖက်က ကြိမ်လုံးကိုရှာသည်။ ကျန်တစ်ဖက်ဖြင့် ပါးစပ်ကိုပိတ်ပြီး အိမ်သာဆီသို့ ဒယီးဒယိုင် ထသွားသည်။ အထဲရောက်သည်နှင့် အားရပါးရ ထိုးအန်ချလိုက်၏။ မုတ်ဆိတ်မွေးတစ်ဝိုက်မှ အန်ဖတ်တွေကိုလက်ကိုင်ပဝါနှင့် သုတ်ပြီး စားပွဲဆီသို့ ပြန်လျှောက်လာသည်။ ထိုင်ချလိုက်ပြီး လက်တစ်ဖက်ကို မြှောက်ဖို့ကြိုးစားသည်။ သို့သော် သူ့လက်ကို သူ မ မနိုင်တော့။ ပြီးတော့ လောကကြီးတစ်ခုလုံး အမှောင်ကျသွားလေတော့၏။

အချိန်နာရီမရှိ၊ ဝေဒနာမရှိ၊ သတိရစရာမရှိ၊ ဘာဆိုဘာမှ မရှိသည့် အမှောင်ထုထဲမှ အသံတစ်သံကြားရ၏။ ဟိုးအဝေးကြီးမှ လာနေသည့်အသံမျိုး။

"မွန်စီယာ တူလုစ်၊ ထတော့ . . ထတော့"

သူလုံးဝလှုပ်လို့မရ၊ ခပ်နွေးနွေးလက်တစ်ဖက် ပါးပြင်ပေါ်သို့ ကပ်လာကြောင်း သတိထားမိလိုက်၏။

"မွန်စီယာ တူလုစ် . . သတိရပြီလား၊ ထလေဗျာ"

မော့ကြည့်လိုက်တော့ ပါတူးကို တွေ့ရသည်။ မလိုတမာ ပြုံးပြီး

"ဩော် . . ခင်ဗျားကိုး"

"ဟုတ်တယ်၊ ကျွန်တော်ပါ မွန်စီယာ တူလုစ်၊ ရော့ . . ဒါလေးသောက်လိုက်"

ကော်ဖီကြမ်းခွက်ကို ရှေ့တိုးပေးရင်း ပါတူးကြီးက ပြောလိုက်သည်။



"ခင်ဗျား . . ဒီမှာ"

"ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ" ဟု သူပြောဖို့ကြိုးစားခြင်းဖြစ်၏။ သို့သော် ဆုံးအောင် မပြောနိုင်တော့၊ မျက်လုံးပြန်မှိတ်သွားပြီးနောက်သို့ လန်ကျသွားတော့၏။ ပါတူးက အဆင်သင့်ဖမ်းပွေ့လိုက်သည်။ ဘာမျှမရှိသောလောကကြီးထဲသို့ ပြန်ရောက်သွားပြန်၏။

နောက်နေ့ နေ့လည်တွင်မှ သူပြန်နိုးလာသည်။ ခေါင်းတစ်ခုလုံး အုံခဲနေ၏။ ပါးစပ်ထဲတွင် ချဉ်စုတ်စုတ် အပုပ်နံ့ဖြင့် လှိုင်နေ၏။ ညက ဘယ်လိုဖြစ်တာပါလိမ့်။

"ဟိုက် . . သေလိုက်ပါတော့၊ မေ့ပြန်ပြီ"

စိတ်ပျက်လက်ပျက်နှင့် သတိရလိုက်ခြင်းဖြစ်၏။ မောရစ်နှင့်တွေ့ဖို့ ပျက်ကွက်ခဲ့သည်မှာ သုံးကြိမ်ရှိသွားပြီ၊ အပေါင်းအသင်းများကြားတွင် မိမိပျက်ကွက်မှုသည် မနည်းတော့ပါလား။ မမ နက်တာဆင်လည်း သူ့ကို ဒေါပွနေမည်။ ပျက်ကွက်မှုအတွက် ပန်းစည်းဖြင့်တောင်းပန်သော်လည်းမရ၊ စနစ်ကျသည့် အိမ်ရှင်မများသည် သူတို့၏ ဧည့်ခံပွဲများတွင် ကုလားထိုင်တစ်လုံး လွတ်နေလျှင် ရှေ့သွားတစ်ချောင်းကျိုးသလို သဘောထားတတ်သူများဖြစ်၏။ တရားခံမှာ အရက်ဖြစ်သည်။ အရက်သည် မှတ်ဉာဏ်ကို လျော့ပါးစေ၏။ ဦးခေါင်းကို အစိပ်စိပ်အမြွာမြွာဖြစ်သွားမလား ထင်ရအောင် ကိုက်ခဲစေ၏။ ယင်းအတွက် ကုရာဆေးမှာလည်း ကော့ညက်တစ်ခွက်သာဖြစ်လေသည်။

စားပွဲဆီသို့ ထလျှောက်သွားပြီး တစ်ခွက်ငှဲ့ကာ မော့လိုက်၏။ လည်ချောင်းတစ်လျှောက်တွင် မီးခဲမျိုလိုက်ရသလို ပူလောင်သွား၏။ မျက်ရည်တွေ ပြည့်လျှံလာသည်။ ခဏနေတော့ ခေါင်းကိုက်သက်သာသွား၏။ နောက်တစ်ခွက်ချလိုက်လျှင် လုံးဝကောင်းသွားတော့မည်။ ဒုတိယခွက်ကို မော့မည့်ဆဲဆဲတွင် တံခါးခေါက်သံပေါ်လာ၏။

တံခါးဝတွင် ဘွားခနဲပေါ်လာသူက မောရစ်။ မပြုံးမရယ်နှင့် သူ့ကို ရပ်ကြည့်နေသည်။

"ဝင်လေကွာ . . မင်းဘာဖြစ်လာတာလဲ၊ လူတစ်ယောက် အရက်သောက်တာ မမြင်ဖူးလို့လား"

သူ့ဆီ ပြေးသွားပြီး သူငယ်ချင်း၏လက်ကို ဆုပ်ကာ တောင်းပန်စကားဆိုလိုက်ချင်သည်။ သို့သော် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိပြီး ထမသွားဖြစ်။ မိမိက စုတ်ပြတ်ညစ်ပေနေ၏။ သူငယ်ချင်းလုပ်သူက

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလိုပင် ချောမောလှပသေသပ်ခန့်ညားနေခြင်းကြောင့် ဖြစ်သည်။

"ငါမင်းဆီ မရောက်တဲ့အကြောင်း မင်းသိချင်မှာပဲ၊ ငါ့မှာ ခိုင်လုံတဲ့အကြောင်းပြချက် ရှိပါတယ်ကွ၊ မမျှော်လင့်တဲ့ အဖြစ်အပျက် တစ်ခု . . ."

မောရစ်ကို လိမ်ရ ညာရ အော်ဝေါက်ပြောဆိုရသည်မှာလည်း များလှပြီ။

"မင်း ဘာတွေကြည့်နေတာလဲ၊ တစ်ခုခု ပြောလေကွာ"

အရက်ခွက်ကို မော့ချလိုက်၏။ မောရစ်က တံခါးကို အသာ နောက်ပြန်ပိတ်လိုက်ပြီး

"မနေ့ညက ငါ့ဆီမင်းမလာလို့ ခု ငါလာတာမဟုတ်ဘူး ဟင်နရီ။ ငါလာခဲ့ဖို့ မကောင်းဘူး၊ စိတ်မကောင်းပါဘူး သူငယ်ချင်း"

"ကဲ . . ခုမင်းရောက်လာပြီလေ၊ လာရင်းကိစ္စကို ပြော"

"အမျိုးသမီးတစ်ယောက် ငါ့ဆီ လာဆွေးနွေးတယ်၊ ဖရန့် သုံးထောင်ပေးမယ်တဲ့၊ သူ့ ပုံတူ . . "

"ဖရန့် သုံးထောင် ငါက ဘာလုပ်ရမှာလဲ၊ ငါ သိပ်အလုပ်များနေတယ်၊ ငါ့မှာ လုပ်စရာတွေ"

"ဟုတ်လား . . ဒါဆိုလဲ မင်းကိုငါလာပြီး အနှောင့်အယှက် မပေးတော့ဘူးလေ"

မောရစ်၏ အသံက တည်တည်ငြိမ်ငြိမ်။ နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြ၏။ အတန်ကြာမှ 'ဂွတ်ဘိုင်ဟင်နရီ' ဟု နှုတ်ဆက်ပြီး လှည့်ထွက်သွားတော့၏။

တံခါးပိတ်သွားသည်နှင့် ဟင်နရီက လက်နှစ်ဖက်ဖြင့် သူ့မျက်နှာကို အုပ်လိုက်သည်။ "သူ သွားပြီ၊ ဘာဖြစ်လို့ သူ့ကို ဒီလိုပြောမိပါလိမ့်၊ အင်း . . အရက်၊ အရက်" ညက အဖြစ်ကို ခုမှ ပြန်သတိရသည်။ အရက်ဆိုင်ထဲတွင် အန်ချသည်။ နံနံစော်စော် အိမ်သာထဲတွင် ထပ်အန်သည်။ မျက်နှာပေါ် လက်ဝါးအုပ်လျက်ပင် ဆက်စဉ်းစားသည်။ သိပ်နောက်မကျသေးဘူး ထင်ပါရဲ့၊ အရက်ဆိုသည်မှာ ဖြတ်လို့ရသည်ပဲ၊ အရက်ဖြတ်ဖို့စိတ်ကူးနေစဉ်မှာပင် ထပ်သောက်ချင်စိတ်ကို မနည်းချိုးနှိမ်ရ၏။ မဖြစ်ဘူး။ ဒီမှာဆက်နေလို့မဖြစ်ဘူး။ ဒါဖြင့်ဘယ်သွားမလဲ၊ ဤတွင်မှ အမေ့အိမ်ကို သတိရသည်။ အရက်ဖြတ်မည်။ မေမေ့ဆီ ပြန်မည်။



"ဖြတ်မယ် . . . . ဖြတ်မယ်"

နှုတ်က တတွတ်တွတ်ရေရွတ်ရင်း တုန်ရီသောလက်များဖြင့် ဖိနပ်ကြိုးတွေကို ချည်နေသည်။ အမေ့အိမ်သို့အသွားတွင် သောက်နေကျ အရက်ဆိုင်များစွာကို ဖြတ်သန်းရ၏။ ပြင်းပြသည့် သောက်ချင်စိတ်ကို ထိန်းနိုင်ခဲ့သည်။

"သား ပြန်လာတာ မေမေ ဝမ်းသာလိုက်တာ၊ ဒီတစ်ခါ သား ပျောက်သွားတာ တော်တော်ကြာတယ်နော်၊ သားနဲ့မေမေ တိုင်ပင်စရာ ရှိတယ်။ ကဲ . . တစ်ခုခုအရင်စားလိုက်ဦး"

တံခါးဝတွင်ပေါ်လာသော ဂျိုးဇက်ကို မေမေ လှမ်းပြောသည်။

"နောက်တစ်ခွက်ဖျော်ခဲ့ဦး ဂျိုးဇက်၊ မုန့်ပါယူခဲ့"

ဂျိုးဇက်ထွက်သွားတော့ ဟင်နရီက မိခင်ကြီး၏ပါးကိုနမ်းပြီး နှုတ်ဆက်သည်။

"မေမေ့ကို သားအရမ်းအောက်မေ့တာပဲ" ဟု နားနားကပ်ပြီး တိုးတိုးပြောသည်။

မြို့စားကတော်ကြီးက သူ့ကို သိုင်းဖက်ပြီး

"မေမေလဲ သားကို အောက်မေ့တာပေါ့ကွယ်၊ သားကြည့်ရတာ အရမ်းပင်ပန်းလာပုံပဲ၊ ကဲ . . ဦးထုပ်ချွတ်ပြီး နားပါဦး"

စားစရာ သောက်စရာများဖြင့် အင်းနက်ရောက်လာသည်။ ဟင်နရီ့လက်ကို ကိုင်ပြီး အကြိမ်ကြိမ်နမ်းသည်။ ပြီးမှ သွားမရှိတော့သည့် ပါးစပ်ကလေးဖြင့် ပြုံးပြပြီး ဘောက်ဆတ်ဘောက်ဆတ်နှင့် အခန်းထဲမှ ထွက်သွားသည်။

"စားလေ သား"

ဟင်နရီ ပလုတ်ပလောင်းစားသည်။ အမေများသည် အလွန်အံ့ဩစရာကောင်းသူများပါကလား။ သူဆာနေသည်ကို မေမေ ဘယ်လိုလုပ်ပြီး သိပါလိမ့်။ အမေ့အိမ်သည် အေးမြလှပါဘိခြင်း။

လက်ဖက်ရည်ငှဲ့ပေးရင်း "ပူပူကလေးသောက်လိုက်" ဟု မေမေ ပြောတော့ ဘာရာဟင်ဂီတပွဲညက မိုင်ရီယမ် သည်အတိုင်း ပြောခဲ့ဖူးသည်ကို အမှတ်ရလာပြန်၏။

မုန့်ပန်းကန်ပြောင်သွားသည်။ လက်ဖက်ရည်ကို နှစ်ခွက်ဆင့် သောက်ပစ်လိုက်၏။ မီးလင်းဖို၏ အနွေးဓာတ်ဖြင့်တဖြည်းဖြည်း ငိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

အင်းနက်အကြောင်း မေမေပြောပြသည်။

"အသက်ကြီးလာတော့ နားလည်းမကြားတော့ဘူး။ အဘေး တွေကို တစ်နေ့လုံး လိုက်ဆူနေတတ်တယ်၊ အသက် ၆၈ နှစ်ထဲရောက်နေ တဲ့ ဂျိုးဖက်ကြီးကိုလဲ လူသစ်ကလေးတစ်ယောက်ကို သင်သလို သူလိုက် သင်နေတယ်လေ"

မေမေ့အသံကို မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေ၏။ မျက် စိထဲတွင် အရက်ပုလင်းတွေချည်း မြင်နေသည်။

"ဖြတ် . . ဖြတ်ရမယ်၊ မင်း အရက်ဖြတ်ရမယ်"

သူ၏ ဒုတိယအသံကို သူပြန်ကြားနေရ၏။ မေမေ သူ့လက်ကို ဆုပ်ထားကြောင်း သိလိုက်သည်။

"မေမေ . . မေမေ၊ သားအရက်တစ်ခွက်လောက်သောက်ပါရ စေနော်" ဟု နှုတ်မှ ထွက်သွားသံ ကြားလိုက်၏။ ချက်ချင်း ပုလင်းနှင့် ဖန်ခွက် ရောက်လာသည်။ မေမေကိုယ်တိုင် ပြေးယူပေးခြင်း ဖြစ်၏။

မေမေက ကော့ညက်ငှဲ့ပေးပြီး "ကဲ . . ရော့၊ သား သောက် လေ" ဟု ပြောရှာသည်။

အရက်ခွက်ကို လက်နှစ်ဖက်ဖြင့်ကိုင်ပြီး သူ နွားငတ်ရေတွေ့ သောက်သည်။ ကုတ်အင်္ကျီပေါ်သို့ ကော့ညက်တွေ စီးကျကုန်၏။

"သားကို ခွင့်လွှတ်ပါမေမေ၊ ခုတော့ မေမေသိသွားပြီပေါ့နော်"

"မေမေ သိတာကြာပြီပဲ"

"ဒါပေမဲ့ သားဘယ်လောက်သောက်တယ်ဆိုတာတော့ မေမေ မသိဘူးမဟုတ်လား။ မေမေ့ကို သားအမြဲတမ်း လိမ်ခဲ့တယ်၊ သား ပါးစပ်က မေမေ အရက်နံ့မရအောင် သားအမြဲတမ်း သတိထားခဲ့ပါတယ် မေမေ ပထမပိုင်းမှာတော့ လူကြီးလူကောင်းတစ်ယောက်လို သောက်တဲ့ အတွက် ကိုယ့်ကိုယ်ကိုယ်တောင် ဂုဏ်ယူမိသေးတယ်၊ ခြေထောက်နာ တာလဲ သက်သာတယ်၊ တခြားကိစ္စတွေမှာလဲ အကျိုးပြုတယ်၊ သား စိတ်ထင်လို့လားမသိဘူး၊ ခုတော့ ခြေထောက်နာတာလဲ မသက်သာ တော့ဘူး၊ ဒါပေမဲ့ ဆက်သောက်နေမိတယ်၊ မနေ့ကဆို ဆိုင်ထဲမှာ မူးလဲနေတယ်၊ သူများတွေ ပြန်ပို့လို့ ကိုယ့်အခန်းကိုယ်ပြန်ရောက်တာ ပန်းချီဆွဲလို့လဲမရတော့ဘူး မေမေ၊ သားကို ကူညီပါဦး မေမေ၊ သား အရက်ဖြတ်ချင်တယ်၊ သားတို့ ငယ်ငယ်တုန်းက သွားတဲ့နေရာတွေကို



ပြန်သွားကြရအောင်နော်၊ အေဗီယံကို သား သိပ်သဘောကျတယ်၊ ရွက် လှေစီးရတာကို ဘယ်တော့မှ မမေ့ဘူး"

သားလုပ်သူကို မိခင်က ကရုဏာမျက်လုံးများဖြင့် ငေးကြည့် နေသည်။ ဆရာဝန်တွေနှင့် ပြန်ပြရမည်။

"သား သွားချင်ရင် မေမေလိုက်ပို့မှာပေါ့၊ ဘယ်တော့ သွား ချင်သလဲ ပြောလေ၊ မနက်ဖြန်သွားမလား"

"ဘယ်အချိန်သွားသွား ရတယ်လေ၊ သားမှာ မောရစ်နဲ့ မဒမ် လူဘေးကို နှုတ်ဆက်ရုံကလွဲပြီး ဘာမှ လုပ်စရာမရှိပါဘူး"

"မေမေ့မှာ ရထားအချိန်စာရင်းရှိပါတယ်၊ မေမေ သွားရှာလိုက် ဦးမယ်၊ သား ခဏစောင့်နော်"

ငယ်ငယ်တုန်းက ရောက်ခဲ့သည့် ရှုခင်းတွေကို ပြန်လည်မြင် ယောင်လာသည်။ ကန်ရေပြင် ကြည်လဲ့လဲ့၊ အဖြူရောင်ဖွေးဖွေး ရွက်လှေ ကလေးများ။

ထိုစဉ် အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာပြန်၏။

အဲဒါတွေက ငယ်ငယ်တုန်းက ပျော်စရာတွေ၊ မင်း ခုပျော်နိုင် မလား၊ မင်းနေရာက မောင်မတ်ပဲ၊ အရက်ဆိုင်တွေပဲ၊ ဘာလို့ မေမေ့ကို သိက္ခာကျအောင် မင်းလုပ်မလဲ၊ ပြန်ပြေး . . မောင်မတ်ကို မြန်မြန်ပြန် ပြေး။

ကြိမ်လုံးကို ကောက်ကိုင်ပြီး အခန်းထဲမှ ခိုးကြောင်ခိုးဝှက် ထွက် ပြေးလာခဲ့တော့သည်။

*

သူ့အော်သံကြောင့် မဒမ်လူဘေးနိုးလာသည်။ မြင်းခွာသံများနှင့်အတူ သူ့အသံမှာ ဆူညံနေ၏။ အရူးတစ်ယောက်လို သူ အော်ဟစ်လာသည်၊ အခန်းတိုင်း နိုးကုန်ကြပြီ။

သည်လောက် ယဉ်ကျေးသည့်သူငယ်၊ သည်လောက် နူးညံ့ သည့် မွန်စီယာကလေး ဘယ်လိုဖြစ်တာပါလိမ့်။ အပြေးအလွှားထပြေး မီးအိမ်ထွန်းကာ ထွက်ကြည့်သည်။ တော်ပါသေးရဲ့ မွန်စီယာ ပါတူး လိုက် ပို့ခြင်းဖြစ်သည်။

သို့သော် ပါတူးကို သူ ရန်လုပ်နေပြန်၏။

"ခင်ဗျားဘာကြောင့် ကျုပ်နောက်ကို တကောက်ကောက် လိုက်

www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ၊ ကျုပ်ဟာ လွတ်လပ်တဲ့ပြည်သူတစ်ယောက်ဗျ၊ လွတ်လွတ်လပ်လပ် နေချင်တယ်"

မဒမ်လူဘေးက ဆင်းတွဲသည်။ သူ အိပ်ပျော်သွားမှ နယ်ထိန်းကို တိုးတိုးပြောသည်။

"ဒီနေ့ သိပ်ဒုက္ခမပေးဘူးနော်၊ စောစောအိပ်သွားတယ်"

"ဟုတ်တယ် မဒမ်၊ ဒီနေ့ အန်လဲမအန်ပါဘူး၊ ဒါပေမဲ့ သူ့ ကို ထိန်းရတာမလွယ်ဘူး၊ လူဆိုး ၁၀ ယောက်ကို ထိန်းလိုက်ချင်သေးတယ်။ မနေ့ကလဲ ကောင်မလေးတစ်ယောက်ကို ရိုက်နေတဲ့ ငမူး တစ်ကောင်ဆီသွားပြီး စိန်ခေါ်သေးတယ်။ ပိုဆိုးတာက မောင်မတ်ကနေ အပြင်ထွက်သွားလို့ ကျွန်တော့်မှာ မနည်းပြန်ရှာရတယ်။ အဲဒီရပ်ကွက်က သူ့တို့ မသိကြဘူး၊ အရက်ဆိုင်တစ်ဆိုင်ထဲဝင်ပြီး ဝီစကီ၊ ရမ်၊ ဘရန်ဒီ ရှိရှိသမျှ တံဆိပ်နဲ့ အရက်တွေ အကုန်ရောသောက်သတဲ့၊ ဆိုင်က ကျွန်တော့်ကို ပြောတယ်၊ သူသောက်သလို လိုက်သောက်ရင် မြင်း တစ်ကောင်တောင် သေသွားနိုင်သတဲ့။ ကျွန်တော်တော့ သူ့ကိုယ်သူ သေအောင် လုပ်နေတယ် ထင်တာပဲ"

မဒမ်လူဘေးက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး နားထောင်နေသည်။ ပါတူးက ဆက်ပြောသည်။

"ကျွန်တော့်နယ်ထဲမှာ အရက်သမားတွေ အများကြီးပါဗျာ၊ သူ့လို အမူးသမားတော့ မတွေ့ဖူးဘူး။ သူ စိတ်မမှန်တော့ဘူးမဒမ်၊ သူ ရူးနေပြီ"

မဒမ်လူဘေး မျက်ရည်မကျအောင် မနည်းကြိုးစားနေရသည်။ သူ ရူးနေပြီတဲ့။ နယ်ထိန်းကြီး မသိ၊ မမြင်တာတွေ အများကြီးရှိသေးသည်။ ပိုးဟပ်တွေသေအောင်ဆိုပြီး တစ်ခန်းလုံးကို ရေနံဆီတွေ လျှောက်လောင်းသည်။ ကံကောင်း၍ တစ်အိမ်လုံးမီးမလောင်ခြင်းဖြစ်၏။ ပင်လယ်ကမ်းခြေနှင့်တူအောင်ဆိုပြီး သဲပုံးတွေဝယ်လာသည်။ ပြီးတော့ စတူဒီယိုတစ်ခုလုံး သဲတွေ လိုက်ဖြန့်သည်။

"ကျွန်တော့်စတူဒီယို ခုမှ အာကာချွန်နဲ့တူသွားတာ မဒမ်ရဲ့" ဟု ပြောတတ်သေးသည်။ ပြီးတော့ ဖားပြုပ်ကြီးတစ်ကောင်ယူလာသည်။ ဘယ်က ဖမ်းလာမှန်းမသိ။ ချစ်လို့တဲ့။

"သူနဲ့ကျွန်တော်ဟာ ဘဝတူပဲအဒေါ်၊ အရုပ်ဆိုးတော့ သူ့ကို ချစ်မယ့်လူ မရှိဘူး။ ဒါကြောင့် သူ့ကိုသနားပြီး ကျွန်တော် ခေါ်လာတာ



ယင်ကောင်တွေလဲ သူစားပေးတယ်လေ" ဟု ဆိုသေး၏။ ပိုဆိုးသည်မှာ အရက်မူးလျှင် သူ့ကောင်မလေးအကြောင်း တစ်ယောက်တည်း ထိုင်ပြောနေတတ်ခြင်းဖြစ်၏။ မြင်ရ ကြားရသည်မှာ စိတ်မချမ်းသာစရာ။

ပါတူးကြီးက မဒမ်လူဘေးကို စိုက်ကြည့်နေသည်။

"ကျွန်တော်ခုလိုပြောလို့ မဒမ်စိတ်ထိခိုက်သွားတယ် ထင်တယ်၊ ခုအတိုင်းဆိုရင်တော့ တစ်ခုခုဖြစ်တော့မှာ သေချာတယ်။ သူ့အမေဆီကို မဒမ်အကြောင်းကြားရင်ကောင်းမယ်ထင်တယ်၊ မဒမ်မပြောချင်ရင် ကျွန်တော်ပြောပါ့မယ်"

မဒမ်လူဘေး တရှုတ်ရှုတ်ငိုနေပြီ၊ နယ်ထိန်းကြီးက အဘွားကြီး၏လက်ကိုဆုပ်နယ်ပြီး အားပေးသည်။

"သိပ်လဲ မစိုးရိမ်ပါနဲ့လေ၊ သူ့အတွက်ကောင်းဖို့ ကျွန်တော်တို့ လုပ်ပေးတာပဲ"

"သူ့ကို အရူးထောင်ပို့မှာ ကျွန်မ စိုးရိမ်လို့ပါရှင်"

"ဟာ . . မဟုတ်ပါဘူး၊ ဆေးရုံမှာ ဖြတ်လို့ရပါတယ်၊ နှစ်ပတ်သုံးပတ်ပဲကြာမှာပါ"

"သူ့တို့တကယ်ပြတ်အောင် လုပ်ပေးနိုင်မလားဟင်"

"တိကနဲ ပြတ်သွားမှာပါ၊ ဆရာဝန်တွေ သိပ်တော်ကြပါတယ်၊ ၂ ပတ် ၃ ပတ်အတွင်း သူလူကောင်းပကတိ ပြန်ဖြစ်သွားမှာပါ"

သူ့အခန်းထဲမှ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ အောက်ထပ်သို့ရောက်တော့ ဟင်နရီ့အခန်းမှ အော်သံကြားရ၏။ ဟင်နရီ ကြောက်အားလန့်အားဖြင့် စတူဒီယိုထဲမှ ပြေးထွက်လာပြီး လှေကားထိပ်မှ အသားကုန်အော်နေခြင်းဖြစ်၏။

"အဒေါ် . . အဒေါ်ရေ ပိုးဟပ်တွေဗျ ပိုးဟပ်တွေ၊ တစ်သိန်းလောက်ရှိတယ်၊ တစ်သိန်းလောက် . . "

ညဝတ်အင်္ကျီအောက်ပိုင်းနှင့် သူ့ခြေထောက်တစ်ဖက်ငြိပြီး နှဲ့ထိုးကျလာသည်။ ထိတ်လန့်စရာမြင်ကွင်းကို မဒမ်လူဘေးနှင့် မွန်စီယာပါတူးအောက်ထပ်မှ လှမ်းမြင်လိုက်၏။ သူ့ခန္ဓာကိုယ်ကလေးသည် လှေကားတစ်လျှောက် တဒိုင်းဒိုင်းနှင့် ထိုးကျလာလေ၏။ အောက်ထပ် လှေကားခုံအရောက်တွင် ဒုန်းခနဲကျသံနှင့်အတူ ငြိမ်သက်သွားတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဆရာဝန်ကြီးဆီလာမိန်း၏ စိတ္တဇဆေးရုံမှာ မင်းစိုးရာဇာများနေသည့် ရပ်ကွက်တွင်တည်ရှိသည်။ စိတ္တဇဝေဒနာသည်များထားရှိရာနေရာနှင့် လုံးဝမတူ။ ၁၈ ရာစုနှစ် အိမ်ကြီးတစ်ဆောင်တွင် ဖွင့်လှစ်ထားခြင်းဖြစ် သည်။ အိမ်ပိုင်ရှင်မှာ မေရီအင်တွိုင်းနက်၏ သူငယ်ချင်း လမ်းဘဲယ် မင်းသမီးကြီးဖြစ်သည်။ မင်းစိုးရာဇာလူချမ်းသာ စိတ်ဝေဒနာရှင်များ အတွက် အသင့်တော်ဆုံးနေရာကို ဆရာဝန်ကြီးက ရွေးချယ်ခဲ့ခြင်းဖြစ်၏။ ကမ္ဘာကြီးနှင့် ဝေးကွာလှသည့် ရှေးဟောင်းကျေးလက်စံအိမ်ကြီးဖြစ်သည်။

ဟင်နရီ့အတွက်မူ ငရဲပြည်ရောက်နေရသည်နှင့် မခြား‌ပေ... သည်နေရာကို ရောက်လာသည်မှာ ၃ ပတ်ပြည့်ခဲ့ပြီ။ ရှင်းသန့်ပြောင် ချောနေသည့်ဝရန်တာတွေကို သူမုန်းသည်။ ပြုံးနေသည့် ဆရာဝန်တွေ ဝတ်ရုံဖြူနှင့် အမျိုးသား သူနာပြုတွေကို မုန်းသည်။ ကြောက်မက်ဖွယ် အသံများ ထွက်ထွက်လာသည့် အလုံပိတ်အခန်းတွေကို မုန်းသည်။ မှောင် ရီပျိုးပြီဆိုလျှင် အိပ်မက်ထဲမှ တစ္ဆေအိမ်ကြီးနှင့်တူလာ၏။ နှလုံးသွေး ပျက်ချင်စရာအော်ဟစ်သံများက အစီစီပွက်သည့်နှယ်။ ငြိမ်းချမ်းစွာ သေဆုံးခြင်းမရှိသည့် သင်္ချိုင်းမြေဖြစ်လေသည်။

မတ်လ နေ့လည်ပိုင်း တစ်ရက်ဖြစ်သည်။ သည်အိမ်ကြီးထဲ ဟင်နရီ အုထဲအသည်းထဲက မုန်းနေ၏။ ရောမအခန်းပြတင်းပေါက် သံတိုင်ကြီးများမှ ကောင်းကင်ကို မော်ကြည့်နေ၏။



ရှိသမျှ အသံကုန်ဟစ်ပြီး ကယ်ပါ ယူပါဟု အော်လိုက်ချင်၏။ သို့သော် ဘာမှ အကြောင်းထူးမည်မဟုတ်။ မလှမ်းမကမ်းတွင် သွားကြား ထိုးရင်း သတင်းစာဖတ်ရင်း ထိုင်စောင့်နေသည့် အသည်းနှလုံးပါဟန် မတူသောအစောင့်က "အော် . . အော်၊ ကြိုက်သလောက်အော်၊ ခင်ဗျား အသံကို ဘယ်သူမှ မကြားနိုင်ဘူး" ဟု ပြောလိမ့်မည်။

သည်လိုအော်သံကို ကြားမည့်သူ၊ နားထောင်မည့်သူမရှိသည့် အရပ်တွင် ရောက်နေခြင်းမှာ သေရခြင်းနှင့်ဘာထူးမည်နည်း။ အရူး တစ်ယောက်၏ ဘဝနှင့် ဘာခြားမည်နည်း။

သူမရူးကြောင်း၊ ဦးနှောက်မရှိသည့် အထူးကုဆိုသော ဆရာဝန် တွေ ဘယ်တော့များမှ လက်ခံကြမှာလဲ။ အမူးသမားဆိုလျှင် ထားပါ တော့၊ သူ အမူးသမားပဲ၊ သို့သော် အရူးတစ်ယောက်တော့ မဟုတ်။

"ဘာလဲ . . ဘာပြောလိုက်တယ်"

အစောင့်က သတင်းစာပေါ်မှ သူ့ကိုကျော်ကြည့်ပြီးမေးသည်။

"ဘာမှ မပြောပါဘူး၊ ဟိုး . . မျက်စောင်းထိုးအခန်းက မိန်းမ ပြောတာဖြစ်မှာပေါ့"

တစ်ခုခု ပါးစပ်က ထွက်သွားသည်ဆိုတာတော့ သိလိုက်သည်။ ဘာပြောလိုက်မိမှန်းမသိ။ ကောင်းသည့်အကျင့်တော့မဟုတ်။ လူတို့သည် တစ်ယောက်တည်းရှိစဉ် ကိုယ့်ကိုယ်ကိုယ် စကားပြောလေ့မရှိပါ။ အင်း . . သည်အတိုင်း သည်မှာနောက်တစ်လလောက် ဆက်နေရမယ်ဆိုရင် တော့ ကိုယ့်ကိုယ်ကိုယ် စကားပြောသည့်အကျင့်၊ အမေးအဖြေလုပ်သည့် အကျင့်တွေ ဝင်လာတော့မည်ထင်၏။ နောက်သုံးလလောက်ဆိုရင် ကိုယ့် ကိုယ်ကိုယ် နပိုလီယံလို့ ပြောမိမည်လားမသိ။

"ဒီနေ့ ကျွန်တော့်ဆီ ဧည့်သည်လာဖို့များ ရှိသလားဗျ"

"ကျွန်တော် ဘယ်သိမလဲ၊ နေပါဦး . . ခင်ဗျားမှာ ဧည့်သည် တွေ့ခွင့်မှ မရှိတာပဲ"

စိတ်ဆိုးနေလျှင်လည်း အပိုပင်။ သူမရူးပါဘူးဟုပြောလျှင်လည်း အရာထင်မည်မဟုတ်။ ဧည့်သည်တွေ့ချင်ပါသည်ဆို၍လည်း သူတို့ဂရု စိုက်မည်မဟုတ်။ ဆရာဝန်များကို သူအကြိမ်ကြိမ်ရှင်းပြပြီးပြီ။ ထုံးစံ အတိုင်း သည်းခံခွင့်လွှတ်သော၊ စိတ်ရှည်သောအပြုံးဖြင့်

"ဟုတ်ပါတယ်၊ ခင်ဗျားမရူးပါဘူး။ ဒါကလဲ အရူးထောင် မဟုတ် ပါဘူး။ ဒါဟာ ကျောင်းသင်ခန်းလို၊ တရားစခန်းလို ဧကရာ ကျင့်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာမျိုးပါ။ ခင်ဗျား လိုအပ်နေတာက အနားယူဖို့ပါ။ အကြာကြီး အနား ယူရမယ်" ဟု ဓာတ်ပြားဟောင်းကြီးကို ဖွင့်ပြမြဲ။ သို့သော် သူတို့မျက်လုံး များတွင် အဖြေထွက်နေပါသည်။ သူ့ကိုကြည့်သည့်အကြည့်က အရူး တစ် ယောက်ကိုကြည့်သည့် အကြည့်မျိုး။

ဆရာဝန်ဆိုသူတို့သည် ရှေ့နေများလိုပင် ဇာတ်လမ်းတည် ဆောက်ရာတွင် ဝါသနာထုံသူများဖြစ်၏။ မဒမ်လူဘေးထံမှ သူတို့သိရ သည့်အချက်အလက်များကို စုစည်း၍ အဖြေထုတ်လို့မဆုံးဖြစ်နေကြ၏။ အခန်းထဲတွင် သဲဖျန်းသည့်အကြောင်း၊ ရေနံဆီလောင်းသည့်အကြောင်း၊ ဖားပြုပ်မွေးသည့်အကြောင်း၊ သူတောင်းစားယောင်ဆောင်ပြီး ဆိုင်တစ် ဆိုင်သို့ သွားသည့်အကြောင်း၊ ပိုးဟပ်နီနီတွေအကြောင်း၊ လန်ဒန်မြို့ တွင် ဝေလမင်းသားလာတော့ အိပ်ပျော်နေသည့်အကြောင်းမှစပြီး ကြောင်ကြောင်ကျားကျားတွေဝတ်ကာ ညစာစားပွဲတွေတက်သည့် အကြောင်းထိ သူတို့သိသည်။ ဝက်တွေ မြေတူးသလို သူတို့လိုက်တူးထား ခြင်းဖြစ်၏။ ပြီးတော့ စာရွက်ပေါ်သို့ လက်တင်စကားလုံးတွေ ရေး သည်။ ဤသို့ဖြင့် ငယ်သည့်အမှုကြီးကာ ကြီးသည့်အမှု အကျိုးနည်းတော့ တော့၏။

သံတိုင်များကိုဖြတ်သန်းပြီး ကောင်းကင်ကို မော့ကြည့်ကာ အတွေးနယ်ချဲ့နေမိ၏။ ဘဝတွင် တစ်ခါမျှ ယခုလို အကျဉ်းချမခံခဲ့ဖူးပေ။ မိနစ်တိုင်းတစ်စုံတစ်ယောက်၏ စောင့်ကြည့်ခြင်းကိုလည်း တစ်ခါမျှ မခံဖူးခဲ့။ ကျိတ်မှိတ်မျိုချနိုင်သည့် အစားအစာကို အစောင့်က ကမ်းပေး သည်။ ၉ နာရီတွင် အိပ်ရသည်။ အရက်ပြတ်နေပြီဖြစ်၍ အချိန်မှန်မှန် အိပ်လို့ ရနေပြီ။ ရောက်စရက်များကတော့ ပြောမပြနိုင်လောက်အောင် ခံစားခဲ့ရ၏။ ခြေတွေလက်တွေကို ရောမ ခါးပတ်ကြီးများဖြင့် ခုတင် တိုင်နှင့်တွဲပတ်ထား၏။ အရက်မပေးသဖြင့် ကိုယ့်ကိုယ်ကိုယ်သေတော့ မည်ထင်၏။ ကျိုးသွားသည့်နံရိုးကလည်း မခံမရပ်နိုင်လောက်အောင်နာ နေသည်။ အော်ခေါ်သည်၊ အကူအညီတောင်းသည်။ သည်အိမ်ကြီးတွင် အခန်းတိုင်း မှ အော်ဟစ်ညည်းညူသံတွေ ထွက်နေသည်ဖြစ်ရာမည်သူမျှ အရေးမလုပ်တော့ပေ။ နောက်ပိုင်း သူလုံးဝမအော်တော့။ သည်အတွက် ဆုပေးသည့်အနေဖြင့် ချုပ်နှောင်ထားသည့် ခါးပတ်တွေကို ဖြုတ်လိုက်ကြ သည်။

သူ့ကို အရူးတစ်ယောက်အဖြစ် မသတ်မှတ်တော့ဟုဆို၏၊ သို့



သော် သည်နေရာတွင် ဘယ်လောက်ကြာကြာ နေရဦးမည်ကို မည်သူမျှ မပြောနိုင်။ စိတ်ပျက်လက်ပျက်နှင့် ခေါင်းကုတ်လိုက်သည်၊

"ခေါင်းကိုက်လို့လား" ဟု အစောင့်က လှမ်းမေးသည်၊

"ဟင့်အင်း . . ဘာမှမဖြစ်ပါဘူး၊ နေကောင်းပါတယ်။ ဒီနေ့ ရာသီဥတုကောင်းတယ်ထင်တယ်"

"အင်း"

"ခင်ဗျားနဲ့ကျွန်တော် ပန်းခြံထဲထွက်ပြီး လမ်းလျှောက်ရင် ကောင်းဘူးလား"

အစောင့်က သူ့ကို သံသယမျက်လုံးများဖြင့်ကြည့်သည်။

"လျှောက်ချင်လျှောက်လေ၊ ဒါပေမဲ့ ခင်ဗျား ကိုယ့်ဟိုကားယား တော့ မလုပ်နဲ့နော်"

အရူးတစ်ယောက်ကို လူတွေပြောလေ့ရှိသည့် စကားလုံးများ။ ခင်ဗျားကို အရူးဟု အထင်ခံရလျှင် ခင်ဗျားပြောသမျှ စကားလုံးကို သူတို့ အမျိုးမျိုး အဓိပ္ပာယ်ဖွင့်မည်။ သံသယပေတံဖြင့် တိုင်းမည်။ ခေါင်းပေါ် လက်တင်မိသည်နှင့် ခေါင်းကိုက်သလားမေးမည်။ မကိုက်ပါဟု ပြောသော အခါ အရူးဖြစ်ရပြန်၏။ ပန်းခြံထဲလမ်းလျှောက်ဖို့ပြောသည်ကို သစ်ပင် ပေါ် ဖက်တက်မလား၊ ဂိတ်ဝဆီထွက်ပြေးမလားဟု အထင်ခံရ၏။ စကား ပြောလျှင်လည်း အရူးလို့ထင်၏။ မပြောလျှင်လည်း အရူးထင်ပြန်၏။

"လေကောင်းလေသန့် ရှူချင်လို့ပါဗျာ၊ ခင်ဗျားမပို့ချင်ရင်လည်း နေပါတယ်"

သည်တော့မှ အစောင့်ကထပြီး

"ကဲ . . လာ၊ ဆယ်မိနစ်ပဲ ရမယ်နော်" ဟု သဘောတူသည်၊

ပန်းခြံထဲတွင် ပန်းမျိုးစုံဖူးပွင့်နေကြ၏။ ပန်းပွင့်များသည် လူ တို့၏ သစ္စာရှိသော မိတ်ဆွေများဖြစ်သည်။ အထူးသဖြင့် မပျော်ရွှင်သော ကျန်းမာသောသူများ၊ သေလွန်သူများနှင့် ပိုရင်းနှီးသည်။

အခြားလူနာများလည်း သူတို့အစောင့်များ ခြံရံလျက် လမ်း လျှောက်နေကြ၏။ ဆံပင်တွေ ဖြူဖွေးနေသည့် လူကုံထံအမျိုးသမီးကြီး တစ်ယောက်က ဟင်နရီကို ပြုံးပြသည်။ ပြီးတော့ လျှာထုတ်ပြသွား၏၊ လမ်းစပျောက်နေသည့် ဝိညာဉ်များ၏ ပန်းဥယျာဉ်ပါလား။ ဝင်းစင့်ကို သြုံသတိရမိသည်။ သည်နေရာမျိုးဟာ ကွန်းခိုရာရိပ်သာမဟုတ်ဘူး၊ လူတွေကို ပိုရူးအောင် လုပ်တဲ့နေရာတဲ့။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဒါလေးယူသွားလို့ရမလားဟင်"

ဟင်နရီက ငှက်တောင်ကလေးတစ်ခုကို ကောက်ကိုင်ပြီး အစောင့်ကို မေးလိုက်သည်။

"ဘာလုပ်ဖို့လဲဗျ"

သူက ငှက်တောင်ကလေးကို ငုံ့ကြည့်ပြီး မေးသည်။ လွန်ခဲ့သည့် ၃ ပတ်လောက်ကဆိုလျှင် 'ဘာလုပ်ဖို့လဲ၊ ဟုတ်လား၊ ကိုယ့်လည်ပင်း ကိုယ်လှီးဖို့ပေါ့ဗျ' ဟု ပြောမိမည်မှချ။ ခုတော့ သူအားလုံးကို နားလည်နေပြီ။ သည်လိုပြောလိုက်သည်နှင့် မနူးမနပ် အစောင့်သည် ရုံးခန်းသို့ ပြေးပြီးသတင်းပို့မည်။

ဆရာဝန်ကြီးဒေါက်တာဆီလာမိန်း ခေါင်းယမ်းမည်၊ တက်ခေါက်မည်။

"ဘာရယ်လို့မဟုတ်ပါဘူးဗျာ၊ ဒီငှက်တောင်ကလေးနဲ့ ပုံလေးဘာလေး ရေးကြည့်မလားလို့။ မင်ကလေး၊ စက္ကူကလေးများ ရနိုင်မယ်ဆိုရင်ပေါ့ဗျာ၊ ကျွန်တော်ဒီမရောက်ခင် အရုပ်တွေ ရေးတယ်ဗျ"

အစောင့်ပုဂ္ဂိုလ်က သူ့ကို စိမ်းစိမ်းကြည့်သည်။ သို့သော် ငှက်တောင်ကလေးကို သူပြဿနာမလုပ်တော့။

ထိုညတွင် ဟင်နရီ ဆပ်ကပ်ပုံတွေ ဆွဲဖြစ်သည်။ သည်နေရာရောက်ပြီးကတည်းက ပထမဆုံးအကြိမ်အဖြစ် အချိန်တွေ အကုန်မြန်နေ၏။ အစောင့်လုပ်သူက သူ့ကိုအမြဲစောင့်ကြည့်နေ၏။ တဖြည်းဖြည်း သူစောင့်နေသည့်လူနာကို စိတ်ဝင်စားစပြုလာပြီ။

တစ်နေ့တွင် သူက မှတ်ချက်ပေးသည်။

"ခင်ဗျား ဆပ်ကပ်ပွဲတွေ အများကြီးကြည့်ဖူးတယ်ထင်တယ်၊ ဟုတ်လား"

သူ့အသံက ရန်လိုသံမျိုး၊ အစောင့်တစ်ယောက်၏ ဟိန်းဟောက်သံမျိုး မပါတော့။

"ကျွန်တော်လဲ ဆပ်ကပ်ဝါသနာပါတယ်ဗျ၊ ကျွန်တော် နားရက်ရတာနဲ့ ဆပ်ကပ်ပွဲကို တန်းလစ်တာပဲ"

"ကျွန်တော်လဲ အတူတူပဲလေ၊ ခင်ဗျား မေရဲလစ်ဆပ်ကပ်ကြည့်ဖူးလား"

"သိပ်ကောင်းပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ဇူပစ်နစ်စ်အဖွဲ့ကို ပိုသဘောကျတယ်"



ဘယ်အဖွဲ့က ဘယ်လိုကောင်းကြောင်းသူတို့ ဆွေးနွေးကြ၏။ ဟင်နရီက သူ့ကို မြှောက်ပင့်ပြောသည်။ ပုံကြမ်းတွေ သူ့ကိုပေးသည်။ ရက်အနည်းငယ်အတွင်း ဆရာဝန်ကြီးက ဟင်နရီ့ကို သူ့ရုံးခန်းတွင် ခေါ်တွေ့သည်။ ဆရာဝန်ကြီးဆီလာမိန်းက မှတ်ဆိတ်ကိုသပ်ရင်း ပဏာမပျိုးသည်။

"ကျွန်တော်တို့ သိပ်ဝမ်းသာတယ်ဗျာ၊ သိပ်ကိုဝမ်းသာတယ်၊ ကျွန်တော်ကလည်း အစကတည်းက မွန်စီယာ့ကို ရက်ရှည်အနားယူဖို့ပဲ လိုအပ်တယ်ထင်တာပါ။ ခု မွန်စီယာ အစားအသောက်လည်းမှန်လာပြီ။ အချိန်မှန်မှန်လဲ အိပ်လို့ပျော်ပြီ။ မွန်စီယာ့ရဲ့ ပုံတွေကိုလည်း ကျွန်တော်တို့ လေ့လာပြီးပါပြီ။ လွတ်လွတ်လပ်လပ်ရေးပါ။ စာကြည့်တိုက်မှာ ပုံတွေအများကြီးရှိပါတယ်။ ကြိုက်သလိုကူးရေးပါ"

"ကူးရေးပါ . . ဟုတ်လား၊ ကျွန်တော်က ကူးရေးတဲ့ လူစားမျိုးမှ မဟုတ်တာ"

"မွန်စီယာရဲ့ မှတ်ဉာဏ်ပြန်ကောင်းလာအောင် ဆရာတို့ အကြံပြုတာပါ။ နေပါဦး။ ဘာပြောတယ်၊ ခင်ဗျား ကူးမရေးဘူး၊ ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော့်ခေါင်းထဲမှာ မှတ်မိနေတဲ့ မြင်ကွင်းတွေကို ပြန်ဆွဲတာ"

"ဟာ . . မဖြစ်နိုင်တာ၊ ခင်ဗျားရဲ့ စိတ်အခြေအနေက . ."

"ဗျာ . . ကျွန်တော့်စိတ်အခြေအနေ ဟုတ်လား"

ဟင်နရီ့အသံ ကျယ်လာသည်။

"ကျွန်တော် မှတ်ဉာဏ်ပိုင်းမှာ ဘာမှမဖြစ်ဘူးဆိုတာ ခင်ဗျားတို့မသိဘူးလား။ ကျွန်တော်အရက်စွဲနေတယ်ဆိုတာ မှန်တယ်၊ ဒါကို ကျွန်တော် ဝန်ခံတယ်၊ ဒါပေမဲ့ ကျွန်တော့်မှတ်ဉာဏ်မချွတ်ယွင်းဘူး၊ ခင်ဗျား ကျွန်တော့်ကို ဘယ်လိုစမ်းမလဲ၊ ရက်စွဲတွေ . . နေ့စွဲတွေ မေးမလား။ မေးလေ . . ကြိုက်သလိုမေး . ."

"ကျွန်တော်တို့ ဆေးမှတ်တမ်းတွေ . ."

"သွားစမ်းပါ၊ သောက်သုံးမကျ ခင်ဗျားတို့မှတ်တမ်းတွေအကြောင်း လာမပြောနဲ့။ ခင်ဗျား မျက်စိကန်းနေသလား၊ နားပင်းနေသလား။ ကျွန်တော်မရူးပါဘူးလို့ ခင်ဗျားကို ဘယ်နှခါပြောရမလဲ၊ ကျွန်တော့်သတိတွေ၊ မှတ်ဉာဏ်တွေ ပိုတောင်ကောင်းလာသေးတယ်။ ဒုက္ခပါပဲ၊ ခင်ဗျားတို့ ကျွန်တော့်ကို ဘာလို့မှတ်ဉာဏ်နဲ့ပတ်သက်ပြီး မစမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြတာလဲ။ ဒီမယ်ဆရာ . . ကျွန်တော်လူကောင်းဖြစ်နေပါပြီဗျာ၊ ခင်ဗျား ကြားလား၊ ကျွန်တော်လူကောင်းဗျ လူကောင်း”

ဘယ်လိုမှ သူလက်ခံအောင် ပြောလို့မဖြစ်နိုင်ကြောင်း နားလည်လိုက်ပါပြီ။ ဆရာဝန်ကြီးမျက်နှာ ရှုတ်ချည်းတင်းမာသွားသည်မဟုတ်လား။ ဆရာဝန်ကြီးတစ်ယောက်ကို လူကောင်းတစ်ယောက်က လေသံမာမာဖြင့်အော် ပြောရိုးထုံးစံမရှိဘူးလေ။

ဒေါက်တာဆီလာမိန်းက လေအေးကလေးဖြင့် ပြုံးပြုံးကလေး ပြန်ပြောသည်။

“ဟုတ်ပါတယ် မွန်စီယာ မရူးပါဘူး၊ အနားယူဖို့ပဲ လိုတာပါ၊ တစ်လတန်သည်၊ နှစ်လတန်သည်ပေါ့ဗျာ”

“ဘာ. . တစ်လ နှစ်လ ဟုတ်လား”

ဟင်နရီ အကျယ်ကြီးအော်ပြောလိုက်မိပြန်သည်။

“ဒီအရူးတွေထားတဲ့နေရာမှာ ခင်ဗျား ကျွန်တော်ကို ဆက်ထားမယ်ဟုတ်လား။ ခင်ဗျား ကျွန်တော့်ကို ရူးအောင်လုပ်နေတာ၊ ခင်ဗျား ကျွန်တော့်ဘဝကို ဖျက်ဆီးနေတာ။ ကျွန်တော်မရူးပါဘူးဆိုတာ ခင်ဗျား မယုံဘူး၊ ပေးစက္ကူ။ ပေးခဲတံ ပေး ခင်ဗျားပုံကို ကျွန်တော်ဆွဲပြမယ်”

ဗလကောင်းကောင်းအစောင့်နှစ်ယောက် သူ့ကို ခေါ်ထုတ်သွားသည်အထိ သူအော်ဟစ်နေတုံး။

အခန်းပြန်ရောက်တော့ အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။ ခေါင်းအုံးကို လက်သီးနှင့်ဆက်တိုက်ထိုးသည်။ ပြီးတော့ ရှိုက်ကြီးတငင် ငိုသည်။ ပြီးတော့ အမေ့ကိုတသည်။

နောက်တစ်နေ့တွင် သူငြိမ်နေပြန်၏။ စိတ်ကို တည်ငြိမ်အောင် ထားနိုင်လာ၏။ သည်နေရာမှ သူ့ကိုလွတ်အောင်လုပ်ပေးနိုင်သူမှာ ဖခင်မြို့စားကြီးမှတစ်ပါး အခြားမရှိနိုင်ပြီ။ အဖေ့ဆီသို့ စာရေးပြီး အကူအညီတောင်းသည်။ ဒေါသတကြီး ဝုန်းဒိုင်းကြဲပြီးဝင်လာမည့် အဖေ့ခြေသံကို မျှော်သည်။

နေ့တွေ၊ ရက်တွေ၊ လတွေ ကုန်သွားသည်။ ဖခင်မြို့စားကြီးကား ပေါ်မလာခဲ့ပေ။ နရသိန်အကျဉ်းခန်းထဲတွင် လွတ်ရက်မရှိ ပြစ်ဒဏ်ကျခံနေရသည့် ရာဇဝတ်သားဘဝမျိုးပါလား။

ကံကောင်းထောက်မစွာ အမေနှင့်တွေ့ခွင့်ရသည်။ သားအမိနှစ်ယောက်တည်း စကားပြောခွင့်ရသည်နှင့် မေမေရင်ဖွင့်သည်။



“မေမေ့ကို နားလည်ပါသားရယ်၊ မေမေ မလွဲသာလွန်းလို့ ဒီလို စီစဉ်လိုက်ရတာပါ။ မဟုတ်ရင် သူတို့က သားကို တရားဥပဒေကြောင်းနဲ့ လုပ်ရင် ဒါထက်ဆိုးမှာ၊ အစိုးရဆေးရုံက ဒါထက်ဆိုးပါတယ် သားရယ်”

ခေါင်းငိုက်စိုက်ချလျက်က သူခေါင်းညိတ်သည်။

“သားနားလည်ပါတယ် မေမေ”

မေမေ့ကို လှမ်းဖက်ထားလိုက်ချင်၏။ ဒီငရဲခန်းထဲမှ ပြန်ခေါ်သွားဖို့ ငိုယိုတောင်းပန်လိုက်ချင်၏။ သားမရူးပါဘူးမေမေဟု ကျိန်တွယ်ပြောလိုက်ချင်၏။

သည်လိုလုပ်မိလျှင် မေမေ စိတ်မချမ်းမသာ ထပ်ဖြစ်ရုံသာရှိမည်ဟုလည်း သိနေ၏။ နိုင်ငံကျော်ဆရာဝန်ကြီးတွေ စကားထက် မေမေက သားစကားကို ပိုယုံနိုင်ပါမည်လား။ မိမိ၏ ဆေးမှတ်တမ်းတွေကို မေမေ ဖတ်ပြီးလောက်ပြီ။

မိမိတကယ်ရူးသွားပြီး ရူးမှန်းမသိခြင်းလားဟုလည်း သံသယဝင်လာပြန်၏။ နောက်ဆုံးကြမ်းပြင်ကို ငုံ့ကြည့်ပြီး ပြောဖြစ်သည်။

“ကျေးဇူးပဲမေမေ၊ သားကောင်းဖို့အတွက် မေမေ အစွမ်းကုန်လုပ်ပေးတယ်ဆိုတာ သားနားလည်ပါတယ်၊ မေမေစိတ်ဆင်းရဲအောင်လုပ်မိတဲ့အတွက် သားကိုခါတိုင်းလိုပဲ ခွင့်လွှတ်ပါဦးမေမေ”

မိခင်ကြီးက သူ့ကိုပွေ့ဖက်ပြီး ခေါင်းထဲက ဆံပင်တွေကို ပွတ်သပ်ပေးနေသည်။ ရဲတိုက်ကြီးထဲတွင် နေခဲ့ရသည့် ငယ်ဘဝအတိုင်းပင်၊

“သား . . သားလေးရီရီ၊ သတ္တိရှိရမယ်နော်”

သားအမိနှစ်ယောက် ပန်းခြံထဲတွင် လမ်းလျှောက်ကြသည်၊ ပန်းတွေဖူးပွင့်နေသည့် သစ်ပင်ရိပ်အောက်မှ ခုံတန်းလျားတွင် ထိုင်ကြသည်။ မေမေမေးသမျှ အနိမ့်အမြင့်မရှိသည့်အသံဖြင့် သူဖြေသည်၊

ပခုံးရိုးကတော့ ဆက်သွားပြီ။ သိပ်မနာတော့။ ထိုညက ခြေထောက်ထပ်မကျိုးခြင်းမှာ ကံကောင်းထောက်မခြင်းပင်။

ဆရာဝန်များက ဂရုစိုက်ဖော်ရလာကြပါသည်။ စာဖတ်ခွင့်ပေး၏။ ပုံဆွဲခွင့်ပေး၏။ သည်တော့ ဘဝသည် သိပ်အထီးကျန်မဆန်တော့၊

“ပုံဆွဲနေတော့ အချိန်တွေကုန်မှန်းမသိတော့ဘူးပေါ့ မေမေ”

“သားစိတ်ရှည်ရှည်ထားနော်၊ စိတ်ဝေဒနာကြောင့် သားအပန်းခံစားခဲ့ရတယ်၊ အဲဒီအတွက် ပြန်အားမွေးရမယ်။ မေမေမကြာခင်လာကြည့်မယ်၊ ဆရာဝန်တွေခွင့်ပြုသလောက်ပေါ့နော်”

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ခြံဝအထိလိုက်ပို့သည်။ မေမေက မှာသည်။

"သား . . ဘုရားရှိခိုးနော်၊ သားစိတ်ရဲ့ ငြိမ်းချမ်းမှု ရလာလိမ့်မယ်'

ဝင်းခြံကြီး၏တစ်ဘက်တွင် မေမေရထားပေါ် တက်သွားသည်ကို လှမ်းကြည့်နေမိ၏။ ဂျိုးဇက်ကို ရထားမောင်းသမားနေရာတွင် မတွေ့ပါလား၊ မေမေ တမင်စီစဉ်ထားခြင်းဖြစ်မည်။ မိမိအခြေအနေကို ဂျိုးဇက်ကြီး မမြင်စေလိုသည်မှာ သဘာဝကျပါသည်။

သည်ငရဲခန်းမှ သူ့ကိုလာကယ်သူမှာ မောရစ်ဖြစ်သည်။ အခန်းဝတွင် မောရစ်လာရပ်တော့ ဟင်နရီရှိုက်ကြီးတငင်ငိုချလိုက်မိသည်။

"မင်း . . မင်းဘယ်လိုဝင်ခွင့်ရလာတာလဲဟင်"

မောရစ်က ပြုံးပြုံးကြီးလုပ်နေ၏။

"အင်္ဂလန်ပြည့်ရှင်ဘုရင်မကြီးနဲ့ မနက်စာအတူစားရဖို့လောက် မခက်ပါဘူးကွာ၊ ဧည့်ကြိုအတွင်းရေးမှူးကောင့်မလေးကို ဖရန့် ၅၀ တန် တစ်ရွက်ပေးလိုက်တာနဲ့ ကိစ္စအားလုံးပြီးသွားရော။ ကဲ . . ငါ ရောက်လာပြီလေကွာ၊ မင်းကြည့်ရတာ ဘာမှမဖြစ်သလိုပါပဲလား။ ကဲ . . ထိုင်ကွာ၊ တို့စကားတွေအများကြီးပြောစရာရှိတယ်၊ အချိန်သိပ်မရဘူး၊ ငါ့ကို အကြောင်းစုံပြောပြ၊ သတင်းစာတွေကတော့ မင်းအကြောင်း ဖတ်ကောင်းအောင် ရေးနေကြလေရဲ့။ ဘယ်လိုစဖြစ်လဲ ပြောပါဦး၊ ငါ မင်း မယ်တော်ကြီးကို မမေးဘူး၊ မဒမ်လူဘောဆီက ငါသိပ်များများမသိခဲ့ရဘူး။ အဘွားကြီးကို ဘာမှမေးလို့သိပ်မရဘူး၊ တစ်ချိန်လုံးငိုနေတယ်၊ မူးကြောင်ရူးကြောင်နဲ့ မင်းပြေးထွက်လာတယ်၊ လှေခါးပေါ်က လိမ့်ကျတယ်၊ အဲဒါလောက်ပဲ သိရတယ်၊ အဲဒါဟုတ်လား"

ဟင်နရီက သူမှတ်မိသမျှ အကုန်အစင်ပြောပြသည်။ သည်နေရာကိုရောက်ပြီး အကြောက်လွန်နေပုံ၊ မျက်စောင်းထိုးအခန်းတစ်ခန်းမှ မိန်းမတစ်ယောက်အော်သံ၊ သူ့ကိုဆရာဝန်တွေ အရှုထင်နေပုံ စသည် စသည်။

ပြီးတော့ စားပွဲဆီထသွားပြီး စက္ကူတစ်ထပ်ဆွဲယူလိုက်သည်။

"ဒီမှာကြည့်၊ ဒါတွေကို ငါကူးရေးတာလို့ သူတို့ပြောတယ်၊ ကူးဆွဲတာမဟုတ်တဲ့အကြောင်း သူတို့လက်ခံကြပြီးတော့လဲ ငါ့ကို စိတ်မနှံ့ ဘူးထင်နေကြတုန်းပဲ။ဒီငတုံးတွေကို ငါမရူးကြောင်း ဘယ်လိုသက်သေပြရ



မလဲ မောရစ်။ ငါ့ကို ကူညီပါကွာ၊ မင်းပဲ ငါ့အားကိုးပါတယ်၊ ငါ့အသေဆိုးရေးတာလဲ ဘာမှအကြောင်းမပြန်ဘူး"

မောရစ်က ပုံတွေကို တစ်ခုပြီးတစ်ခု သေသေချာချာကြည့်သည်။ ပြီးတော့ ကျေနပ်စွာပြုံးလိုက်၏။ "ဒီပုံဆွဲတဲ့လူ ရူးနေတယ်ဆိုရင် ငါလဲ ရူးနေတာဖြစ်မှာပဲ၊ သောက်သုံးမကျ သတင်းစာတွေကြောင့် ငါ့ငဲ မင်းအပေါ် သံသယတွေဖြစ်မိတာ။ မင်းရူးသွားပြီလို့ ဝိုင်းရေးကြတာလေ၊ မပူနဲ့ သူငယ်ချင်း၊ မင်းကို ငါရအောင်ထုတ်ယူမယ်။ ဒီမယ် သေသေချာချာနားထောင်၊ ငါစိတ်ကူးထားတာရှိတယ်၊ အလုပ်ဖြစ် မဖြစ်တော့ မသိဘူး၊ ဒီနည်းမဖြစ်ရင် နောက်တစ်နည်းပေါ့ကွာ။ လောလောဆယ်တော့ မင်းဒီမှာ ငြိမ်ငြိမ်ကလေးဆက်နေ ကြားလား၊ ဒါတွေ ငါယူသွားခဲ့ရမလား"

"ဘာလို့ မရရမှာလဲ၊ မင်းကြိုက်သလောက် ယူသွား"

ပြန်ခါနီးတွင် မောရစ်က အိတ်ထဲနှိုက်ပြီး "မဒမ်လူဘော သိမ်းထားတဲ့ မင်းစာတွေ၊ ကဲ . . ငါသွားမယ်သူငယ်ချင်း၊ မင်းဘာမှ စိတ်ပူတတ်မကျနဲ့နော်၊ မင်းကို ငါ မရရအောင်ထုတ်ယူမယ်၊ နောက်ဆုံး ဒီအိမ်ကြီးကို မိုင်းနဲ့ခွဲရခွဲရ"

ပထမစာက အနုပညာဝန်ကြီးဌာနမှ အကြောင်းကြားစာ။ သူ့နာမည်ကို နိုင်ငံ့ဂုဏ်ရည် (Legion of Honor) စာရင်းတင်လိုက်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကိုယ်တိုင် ထောက်ခံခြင်းဖြစ်ကြောင်း၊ လက်ခံနိုင်မခံနိုင် အကြောင်းပြန်ဖို့ လိုအပ်ကြောင်း၊ အကြောင်းမပြန်လျှင် ဆုတံဆိပ်ပေးအပ်ခြင်းကိစ္စ မဖြစ်နိုင်ကြောင်း။

ပန်းချီဆရာအများစုမှာ မွဲတေငတ်ပြတ်နေကြဆဲ၊ မထင်မရှားနှင့် ဆင်းရဲမွဲတေနေကြဆဲဖြစ်သည်။ ၃၅ နှစ်သာရှိသေးသည့် မိမိအားသည် ဘွဲ့ထူးကြီးချီးမြှင့်မည်တဲ့။ အတော်ထူးဆန်းတာပဲ၊ ကျော်ကြားမှုဆိုတာ မိန်းမတွေသာ မက်မောတာပါ။ အမျိုးမျိုးဝိုင်းအပုပ်ချခံရပြီးမှ နောက်တစ်ခါ သတင်းစာထဲ မပါစေချင်တော့၊ ဒါကြီးရရ၊ မရရ မေမေလဲ ဂရုစိုက်မယ်မထင်ပါဘူး။ ဖေဖေကတော့ ဘွဲ့ထူး ဂုဏ်ထူးတွေ သဘောကျသည်။ မိုင်ရီယမ်သိရင်လည်း ရင်ခုန်နေမည်မုချ။ သူက အောင်မြင်မှုကို မြတ်နိုးတတ်သူမဟုတ်လား။

ချက်ချင်း သူ့အနားရောက်လာသလို စိတ်ထဲထင်လာ၏၊

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ မောင့်ကို အနုပညာနိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပေးကြတယ် မိုင်ရီယမ်" လို့ပြောတော့ ဂုဏ်ယူသည့်အပြုံးကလေးဖြင့် . .

ဦးခေါင်းကိုလက်နှစ်ဖက်နှင့် ဖိလိုက်သည်။ ဘယ်တော့မှ သူ့ကို မေ့မေ့ပျောက်ပျောက် ထားနိုင်မှာလဲ။

ထိုစဉ် ညစာလင်ပန်းနှင့် အစောင့်ဝင်လာပြီးမေးသည်။

"သတင်းဆိုးလား ဟင်"

သူက ခေါင်းထောင်ကြည့်ပြီး

"မဟုတ်ပါဘူး . . ဘာမှအရေးမကြီးပါဘူး"

စာရွက်ကိုဆွဲဆုတ်ပြီး ခြင်းထဲပစ်ထည့်လိုက်သည်။

နောက်တစ်ပတ်အကြာတွင် မောရစ်ပြန်ရောက်လာသည်။ သူ နှင့်အတူ သတင်းစာတစ်စောင်မှ နာမည်ကျော်ပန်းချီဝေဖန်ရေးဆရာ အာဆန်၊ အယ်လက်ဇန္ဒား ပါလာ၏။

ဟင်နရီက ဧည့်သည်တွေကို အပြုံးဖြင့်ကြိုသည်။

"တွေ့လား မောရစ်၊ မင်းပြောတဲ့အတိုင်း ငါနေပါတယ်နော် ရေးလဲရေးဖြစ်တယ်ကွ"

ဝေဖန်ရေးဆရာက သူ့ပုံတွေကို တောင်းကြည့်သည်။

"ဒါတွေအားလုံးကို မွန်စီယာမှတ်ဉာဏ်နဲ့ဆွဲတာဟုတ်လား မှတ်စုကလေးတွေ၊ ပုံကြမ်းကလေးတွေကို ကြည့်ရေးတာမဟုတ်ပါဘူး နော်"

ဟင်နရီခေါင်းယမ်းပြသည်။

"ဘယ်လိုဖြစ်နိုင်မှာလဲ၊ ကျွန်တော့်မှတ်စုတွေ၊ ပုံကြမ်းတွေ တစ်ခုမှ ပါမလာတာပဲ၊ အားလုံး ကျွန်တော့်စတူဒီယိုထဲမှာ ကျန်ခဲ့တယ်"

"အံ့သြကုန်နိုင်ဖွယ်ပါလားဗျို့။ မှတ်စုမရှိဘဲ၊ ပုံကြမ်းမကြည့်ဘဲ ဒီလိုပုံမျိုးတွေရေးနိုင်တယ်လို့ ပန်းချီသမိုင်းမှာ ကျွန်တော် တစ်ခါမှ မကြားဖူးသေးဘူး။ မွန်စီယာ့ကို ရှူနေတယ်ပြောရင် ပန်းချီဆရာများများ ရှူးကြပါစေလို့ ဆုတောင်းရမလို ဖြစ်နေပြီ"

သုံးယောက်သား ပန်းခြံထဲ ဆင်းလျှောက်ကြသည်။ သူ့ကို တမင် လေ့လာနေမှန်းသိသဖြင့် ဝေဖန်ရေးဆရာ၏ မေးခွန်းများကို သတိ နှင့်ဖြေသည်။ နောက်ဆုံး သူကျေနပ်နားလည်သွားပုံရ၏။

ဆရာဝန်ကြီး ဒေါက်တာစီလာမိန်းသည် အယ်လက်ဇန္ဒား၏ ဆောင်းပါးကိုဖတ်ပြီး ဒေါသူပုန်ထနေ၏။ ပန်းချီဝေဖန်ရေးဆရာက သူ့



ဆေးရုံဝင်းထဲရောက်လာပြီး စိတ်မနှံ့သူ ပန်းချီဆရာအား လူကောင်း ကောတိပါဟု ရေးထား၏။ ဟင်နရီအခန်းထဲဝင်လာတော့ ဆရာဝန်ကြီးက သူ့ကိုယ်သူ စိတ်ထိန်းလိုက်သည်။

"ကျွန်တော်အမြဲတမ်းပြောတယ်လေ၊ မွန်စီယာအတွက် လိုအပ် နေတာက အနားယူဖို့ပါလို့၊ ကျွန်တော်တို့ဆေးရုံမှာ ကောင်းကောင်း နား လိုက်ရင် လုံးဝပျောက်သွားတာချည်းပဲ"

ဟင်နရီက ယဉ်ကျေးစွာဖြင့်

"သိပ်ကောင်းတာပေါ့ ဆရာရယ်" ဟု ထောက်ပေးလိုက်သည်။

"မွန်စီယာ တူလုစ်ရဲ့ကုထုံးမှတ်တမ်းကို ကျွန်တော်တို့ပိတ်ခါ နီးပါပြီ၊ ဧည့်သည်တွေနဲ့လဲ တွေ့လို့ရပါပြီ၊ ပန်းချီလဲ ကြိုက်သလောက် ဆွဲပါတော့၊ နောက်နှစ်ပတ်ဆို ဆင်းလို့ရပါပြီ"

ဟင်နရီက ခုချက်ချင်းဆင်းလိုကြောင်းမပြောတော့ဘဲ ထိန်း ထားလိုက်သည်။ မောရစ်က ပန်းချီပစ္စည်းတွေ ယူလာပေးသည်။ ဧည့် သည်တွေ့ခွင့်ရပြီဆိုသည်နှင့် ပထမဆုံးရောက်လာသူက မဒမ်လူဘေး။ နောက် မမနက်တာဆင်နှင့်အပေါင်းအသင်းများ။ ပြီးတော့ တေလေဘဝ က အပေါင်းအသင်းများပါ ရောက်လာကြ၏။

ပိုတီရွှန်ဇနီးမောင်နှံနှင့် ဘာသ့်တို့လည်းရောက်လာ၏။ ပန်းချီ ကောင်စီဝင် လူကြီးများကိုရှူးဆူးက ခေါင်းဆောင်ပြီးရောက်လာသည်။ ဂျိန်းအေဗရီနှင့် ခပ်ချောချောလူငယ်တစ်ယောက်လည်း ရောက်လာ၏။ "သူက ခရစ္စတိုဖီလေ" ဟု မိတ်ဆက်ပေးပြီး ထုံးစံအတိုင်းနောက်ဆုံး နှစ်သူ၏ ဂုဏ်ပုဒ်တွေကို ထုတ်ဖော်ချီးကျူးခြင်းပြုပြန်၏။ ခရစ္စတိုဖီက ပန်းခြံထဲတွင်စောင့်မည်ဆိုကာ ထွက်သွားတော့ သူတို့နှစ်ယောက်ထဲ ကျန်ခဲ့သည်။ တောအကြောင်း၊ တောင်အကြောင်းပြောရင်း မိုင်ရီယမ့် အကြောင်းကို တမင်ရှောင်ကွင်းနေကြ၏။ နောက်ဆုံးတွင်မှ ဂျိန်းက သက် ပြင်းချပြီး

"ဒီလို ဇာတ်သိမ်းသွားတာ၊ ဒီနည်းနဲ့ဇာတ်သိမ်းသွားတာ ဂျိန်း စိတ်မကောင်းပါဘူး"

"စိတ်မကောင်းမဖြစ်ပါနဲ့ ဂျိန်းရယ်၊ ကိုယ့်ဘဝမှာ အပျော်ဆုံး ကာလတစ်ခုကို မင်းဖန်တီးပေးခဲ့တာပဲ"

ဆေးရုံမဆင်းမီတစ်ရက်တွင် မေမေရောက်လာသည်။

"သားဘာလုပ်မယ်စိတ်ကူးသလဲ၊ အစီအစဉ်တွေ ဆွဲပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မသေချာသေးပါဘူး မေမေရယ်၊ မောင်မတ်ကိုပဲ ပြန်ခြ လိမ့်မယ်ထင်တယ်၊ သားအလုပ်က အဲဒီမှာပဲ ရှိတာကိုး။ မောရစ်ကို ပုံတူ တစ်ပုံရေးပေးရဦးမယ်၊ သူတစ်ခါမှ ကျွန်တော့်ကို မခိုင်းဖူးဘူး၊ သူ့ကျေးဇူး တွေက ဆပ်လို့မကုန်နိုင်ဘူးမေမေ"

"သားရဲ့အစီအစဉ်တွေကို ပြောဦးလေ"

"ပြောပြီးပြီလေ မေမေ၊ လောလောဆယ် မောင်မတ်ကို ပြန် မယ်၊ နောက်ပိုင်းတော့ ဘာတွေလုပ်ဖြစ်မလဲမသိဘူး၊ မောရစ်ကတော့ နောက်နှစ် နယူးယောက်ပြပွဲအတွက် ဆက်လုပ်နေမှာပဲ"

"လောလောဆယ် သားဘာလုပ်မှာလဲ"

"မေမေ ဘာကိုဆိုလိုတာလဲ။ သားမှာဆွဲစရာ၊ အပြီးသတ်စရာ ကားတွေအများကြီး။ ဖွန်လလောက်ဆိုရင်တော့ ကမ်းခြေတစ်နေရာမှာ သွားအနားယူဖြစ်မယ်ထင်တယ်၊ အာကာချွန်ကိုတော့ ကျွန်တော် မသွား တော့ဘူး၊ ဘယ်တော့မှ မသွားတော့ဘူး"

သားအကြောင်းကို ချေးခါးအူမကျန် သိတတ်သော မေမေ၏ ဖြူဖျော့ဖျော့မျက်နှာကို လှမ်းကြည့်လိုက်ပြီး

"ဩော် . . သိပြီ၊ သားအရက်ပြန်သောက်မှာကို မေမေ စိုးရိမ် နေတာကိုး။ စိတ်ချပါ မေမေ၊ သားမသောက်တော့ပါဘူး၊ ကတိပေးပါ တယ်"

"မေမေ ယုံပါတယ်သားရယ်၊ ဒါပေမဲ့ တစ်ယောက်ထဲ အနေ ကြာလာရင် သားပြန်သောက်မိဦးမှာပါပဲ"

သူမျက်လွှာချထားသည်။ ဘာမှ ပြန်မပြော။

"ဒီတစ်ခါ ပြန်သောက်ရင် အဖတ်ဆယ်လို့ရတော့မှာမဟုတ်ဘူး မေမေတို့မိသားစု မိတ်ဆွေဟောင်းကြီးတစ်ယောက်ရှိတယ်၊ သူ့နာမည်က ပေါလ်တဲ့။ ခေတ်ပညာတတ် လူပျိုကြီးတစ်ယောက်ပဲ၊ သားနဲ့အတူနေဖို့ စီစဉ်ထားတယ်၊ သားနဲ့မိတ်ဆွေကောင်းတစ်ယောက် ဖြစ်စေရပါ့မယ်"

သူ ဖြည်းဖြည်းမော့ကြည့်သည်။

"သားကို ထိန်းဖို့ပေါ့ ဟုတ်လား"

"ဟုတ်တယ် သား၊ သားကိုထိန်းဖို့ပဲ"

*



နောက်တစ်နှစ်လုံးလုံး ဟင်နရီအရက်ကိုလှည့်မကြည့်။ လပေါင်းများစွာ သူတော်စင်တစ်ယောက်လို နေသည်။ မဒမ်လူဘေး၊ ပေါလ်တို့နှင့် ခဲ ကစားသည်။ ခံစားမှု ပြင်းထန်သူတို့ ထုံးစံအတိုင်း သူသည် မှုမှားခဲ့ သည့် ဒုစရိုက်မှုများအတွက် နောင်တရမဆုံးဖြစ်နေ၏။

"အရက်ကို တစ်ကမ္ဘာလုံးက ဝိုင်းပြီး တိုက်ဖျက်ကြရမယ်၊ အရက်ကြောင့် လူတွေသန်းနဲ့ချီပြီး သေကြေပျက်စီးနေကြတယ်၊ သူတို့နဲ့ မိသားစုဘဝတွေ ပျက်စီးနေကြတယ်၊ အပြစ်မရှိတဲ့ကလေးတွေ ဒုက္ခ ရောက်နေကြရတယ်" ဟူသည့်စကားမျိုးတွေ ပြောလာသည်။

ဤသို့သောစိတ်အနေဖြင့် မောရစ်၏ ပုံကိုသူဆွဲသည်။ အခြား အခြားသော ပုံပေါင်းများစွာလည်း ဆွဲဖြစ်၏။ ရိုးနီ၏ ပုံမှာ သူ၏ နောက် ပိုင်းလက်ရာများထဲတွင် အပြောင်မြောက်ဆုံးဖြစ်သည်။ လှပသည့် ရိုးနီ ၏အဘေးတိုက်ပုံမှာ အသက်ဝင်လှသည်။

သူ့လက်ရာတွေ ပို၍ပြောင်မြောက်လာသည်။ ပြတိုက်တကာ တွင် သူ့ကားတွေ ပို၍ပို၍ နေရာယူလာသည်။ ထိုအခါ သူ့လက်ရာ အတုတွေပေါ်လာသည်။ ၃၆ နှစ်အရွယ်ပန်းချီကျော် တူလုစ်လောထရက် ၏ လက်ရာကို လိုက်တုကြသည်။

ပေါလ်နှင့်အတူ မြို့ထဲလျှောက်ဖြစ်သည့်အခါ ကဖေးဆိုင်များ ကို အပြင်မှလှမ်းကြည့်မိသည်။ ငြင်းခုန်နေကြသည့် ပန်းချီကျောင်းသား များက မှတ်ဆိတ်တွေဖြူစပြုနေသည့် လူပုကလေးကို တလေးတစား ငေးကြည့်နေတတ်၏။ သူတို့ငယ်ငယ်က ဒေဂါးကို ကြည့်သည့်အတိုင်း ပင်။

ခုတော့သူသည် တိုင်းသိပြည်သိ နာမည်ကျော်ပန်းချီဆရာ တစ်ယောက်ဖြစ်နေပြီ။ ဒုတိယအကြိမ်အဖြစ် သူ့ကိုတော်ဝင်နိုင်ငံ... ရည်ဆုပေးအပ်ဖို့ နိုင်ငံတော်က အဆိုပြုလာပြန်သည်။ သည်တစ်ခါတော့ အလေးအနက် စဉ်းစားရတော့မည်။

၁၉ ရာစုနှစ်ကုန်၍ ၂၀ ရာစုသို့အဝင် ရာစုသစ်ကြိုပွဲကြီးမှာ နိုင်ငံတော်က ဟင်နရီတူလုစ်အား ပန်းချီကောင်စီဥက္ကဋ္ဌ... ခန့်အပ်သည်။

ပန်းချီကားပေါင်းများစွာ၊ ပိုစတာပေါင်းများစွာ... သူ ရေးဆွဲ သည်။ အမှတ်ပေးရသည်။ သူ့ဂုဏ်သတင်းသည် ... မွေးပျံ့လျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ၁၉ ရာစုနှစ်သည် ကြေကွဲဖွယ်ညအမှောင်ထဲတွင် ကုန်ဆုံးသွားလေသည်။ ထိုနေ့ည လေရဟတ်နီမှ လေမှုတ်ကိရိယာများကို တစ်ပြိုင်တည်းမှုတ်၍ ရာစုသစ်ကို ကြိုနေသံကြားရ၏။ တစ်မြို့လုံး အုန်းအုန်းကျက်ကျက်ပျော်ပွဲတွေ ဆင်နွှဲနေကြ၏။ ထိုစဉ်တွင် မိခင်ကြီးနှင့်အတူ ညစာစားဖို့ ဟင်နရီထွက်လာခဲ့သည်။

ညစာဝိုင်းတွင် ဟင်နရီက အရက်ဆန့်ကျင်ရေး၊ အရက်တိုက်ဖျက်ရေးကိစ္စတွေကို အာပေါင်အာရင်းသန်သန်ဖြင့် ပြောနေ၏။ မိခင်ကြီးက ခေါင်းညိတ်ရုံသာညိတ်သည်။ အားတက်သရောမရှိလှ။ သားဖြစ်သူကို မရေမရာကြည့်ပြုံးနေသည်။ မေမေ့နှုတ်ခမ်းတွေ ဖျော့နေပါကလား။

ကော်ဖီဝိုင်းတွင် ဟင်နရီက စဆွေးနွေးသည်။

"ပေါလ်ကို အနားပေးဖို့တော်ပြီလို့ မေမေမထင်ဘူးလားဟင်။ သူဟာ လူတော်လူကောင်းတစ်ယောက်ပါ။ အများကြီး အားကိုးရပါ တယ်။ မေမေသူ့ကို သားဆီပို့ပေးတာလဲ သိပ်ကောင်းပါတယ်၊ ဒါပေမဲ့ သားကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်နေပြီပဲ၊ သူမလိုတော့ပါဘူး မေမေ"

"ဖြည်းဖြည်းစဉ်းစားတာပေါ့ သားရယ်"

"သားကတိပေးပါတယ် မေမေ"

"ပေါလ်က ငွေလိုနေလို့ပါ သားရယ်"

မြို့စားကတော်ကြီး ဤသို့လိမ်ပြောလိုက်မှ ကိစ္စပြတ်သွားသည်။

"ဒါဆိုလဲ . . မေမေ့သဘောပါလေ"

*

အခန်း (၂၂)

"လုပ်ပါ ဗစ်တာရယ်၊ ထည့်ပါဦး"

အရက်ဆိုင်ထဲတွင် လူသူကင်းမဲ့တိတ်ဆိတ်နေသည်။

"ပေးဗျာ . . တစ်ခွက်ချဦးမယ်"

တောင်းပန်တိုးလျှိုးနေရာမှ နားပူနားဆာလုပ်သည့်လေသံဖြစ်လာသည်။

"ခင်ဗျားမတွေ့ဘူးလား၊ ကျုပ် မဝသေးဘူးလေ။ ဖရန့်နှစ်ဆယ် ပေးရမလား၊ တစ်ရာပေးရမလား . . ငါးရာပေးရမလား"

"ဟာ . . ဒုက္ခပါပဲဗျာ"

ပြောပြောဆိုဆို ပုလင်းယူလာပြီး သူ့ခွက်ထဲ ငှဲ့ပေးသည်။

"ကဲ . . ရော့၊ ဒီတစ်ခွက်သောက်ပြီး တော်ပါတော့ဗျာ၊ ကျွန်တော်ဆိုင်ပိတ်တော့မယ်။ တကယ်ပြောတာ၊ ခင်ဗျားတော်လောက်ပြီ မွန်စီယာ တူလုစ်"

အရက်ခွက်ကိုတစ်ကျိုက်တည်းမော့ချလိုက်သည်။ ခြေထောက်အောက်မှ ကြမ်းပြင်ကြီး ယိမ်းထိုးလှုပ်ရှားသွား၏။ ကျောက်ဖြူသားဘားပွဲကြီး မျက်စိနားရောက်လာ၏။ မကြားဖူးသည့်အသံတွေ နားထဲတွင်ဆူညံသွား၏။ ယိမ်းထိုးနေသော ကုလားထိုင်ကို လက်တစ်ဖက်ဖြင့် မြဲမြဲဆိန်းလိုက်နိုင်၏။ အသက်ရှုကျပ်လာ၏။ ဗိုက်ထဲက အလိပ်လိုက်အင်ပင်သိုက်တက်လာ၏။ ခဏကြာတော့ အရာအားလုံး ပုံမှန်ပြန်ဖြစ်သွားသည်။

www.burmeseclassic.com



ကျောက်စားပွဲကြီး သူနေရာတွင်သူ ငြိမ်နေ၏။ ကြမ်းပြင်လည်း လှုပ်ရှားခြင်းမရှိတော့။ ခေါင်းထဲမှာသာ ချာလပတ်လည်နေဆဲဖြစ်၏။ အပြင်တွင် မိုးတွေ သဲကြီးမဲကြီးရွာနေသည်။

"အင်း . . ပေါလ်တစ်ယောက် သနားပါတယ်"

မိုးထဲလေထဲတွင် ဆိုင်တကာလိုက်ရှာနေတော့မည်။ အမူးသမားတွေအားလုံး လိမ်ပြောတဲ့နေရာမှာ တေဒဂ်ရတဲ့သူတွေဆိုတာ ပေါလ်တစ်ယောက် မသိရှာရော့သလား။ သူတို့သောက်ချင်လာပြီဆိုရင် ဘာပဲလုပ်ရလုပ်ရ ဝန်မလေးတဲ့လူစားတွေမှန်း သူမသိဘူးလား။ မေမေဒီနေရာတော့ လူရွေးမှားရှာသည်။ စိတ္တဇဆေးရုံမှ အစောင့်တစ်ယောက်ယောက်ကို ငှားဖို့ကောင်းသည်။

ရှာလို့မတွေ့ရင် ပေါလ်တစ်ယောက် ပါတူးဆီသို့ ပြေးမည်၊ ၁၀ မိနစ်အတွင်းသူ့ကို အတင်းအိမ်ပြန်ပို့မည်။ မဒမ်လူဘေးကို ကော်ဖီကြမ်း တိုက်ခိုင်းမည်။ အဝတ်အစားလဲပေးပြီး အိပ်ရာပေါ် အထိပို့ပေးမည်။

နောက်တစ်နေ့တွင်လည်း ထိုနည်းနှင်နှင် ဖြစ်နေဦးမည်၊ နောက်နေ့၊ ပြီးတော့နောက်တစ်နေ့။ သည်သံသရာတွင် ချာချာလည်နေရဦးမည်။

အတိတ်တစ္ဆေသည် သူ့ကိုတိမ်းတိမ်းပွေ့ပွေ့ဖြစ်အောင် ဖမ်းစားနေလေပြီ။ တစ်နေ့တွင် ခံနိုင်ရည် မရှိတော့သလိုဖြစ်လာ၏။ အချစ်ဖြင့်ထုံမွှမ်းနေသည့်ကာလများ။ ရင်ခုန်သံအမြန်ပြိုင်နေသည့်ကာလများ၊ မည်သို့မေ့နိုင်ပါမည်လဲ။ သူထွက်သွားပြီဟူသည့် အမှန်တရားခံကို လက်မခံနိုင်ဖြစ်လာ၏။ တကယ်တွင် သည်အချိန်သည် တစ်ပါးသူတစ်ခြားလူတစ်ယောက်၏ ရင်ခွင်ထဲတွင် သူရောက်နေချိန်ဖြစ်သည်။ ထိုတစ်ယောက်သောသူ၏ အထွေးအပွေ့၊ အယုအယတို့တွင် သူနစ်မျောနေပေလိမ့်မည်။

ထိုနေ့က ပေါလ်၏အလစ်တွင် ခိုးထွက်ခဲ့ခြင်းဖြစ်၏။ ပထမဆုံးအကြိမ်အဖြစ် ပြန်သောက်မိသည်။ အရက်မူးခြင်းမဟုတ်။ ပြင်းထန်သည့်စိတ်ဝေဒနာတစ်မျိုးကို စူးစူးရှရှခံစားရခြင်းမျိုးဖြစ်သည်။

မေမေ့ကို ပေးခဲ့သည့် ကတိပျက်ချေပြီ။ မေမေ့အသည်းကို ခွဲသည်နှင့်မခြား ဖြစ်ခဲ့ပြီ။ မေ့ချင်သည့်ဘဝကဏ္ဍကို မေ့အောင် အရက်ပြန်သောက်သည်။ သိပ်မသောက်နိုင်တော့။ ဝမ်းထဲက အော်ဂလီဆန်၊



အန်ချင်သလိုပျို့၊ ကြို့တစ်ချက်ထိုး၊ မြင်ကွင်းများ ဝိုးတဝါး ပါးစပ်ထဲမှာ ခါးသက်သက်၊ အက်ကွဲပြိုကျလာတော့မည့်နံရံများ၊

သည်လိုနှင့် မူးရီဝိုးဝါး၊ စခန်းသွားခဲ့သည်မှာ လေးလခန့်ရှိခဲ့ပြီ။ သို့သော်အတိတ်ကို အတိတ်မှာ မထားခဲ့နိုင်ပါ၊ ထားလို့မရပါ။ မောင်းထုတ်လို့လည်းမရပါ။ ဘာမျှ မတတ်နိုင်ဘဲ ဝေဒနာကို ရင်မှာပိုက်ပြီး အမိုက်ဘဝခရီးကို ဆက်ရတော့မည်။

"ဒါလေးတွေ ကျွန်မကို ပေးပါလား မွန်စီယာ"

သူချာခနဲလှည့်ကြည့်လိုက်၏။ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် အမျိုးသမီးကြီးတစ်ယောက်။ ရီဝေဝေမျက်လုံးများဖြင့်သူ့ကိုစိုက်ကြည့်နေသည်။ ဖွာဖွေးနေသည့် ဆံပင်တွေက မျက်နှာတစ်ဖက်တစ်ချက်တွင် ဝဲကျနေသည်။ မိုးရေတွေ စက်စက်နစ်နေသည့် ခြုံထည်က ရင်ပတ်ပေါ် တွင်တွဲရရွဲ။

"ဘာကို ပေးရမှာလဲ"

"စီးကရက်တိုကလေးတွေတောင်းတာပါ မွန်စီယာ၊ ကျွန်မပြန်ရောင်းစားလို့ရတယ်လေ"

သည်ထက် အောက်တန်းကျသည့်ဘဝမျိုး မရှိနိုင်တော့သော်လည်း သူ့လေသံက တည်တည်ငြိမ်ငြိမ်။

"ယူလေ . . ယူပါ၊ အားလုံးယူသွားပါ"

ဆေးလိပ်ပြာခွက်ထိုးပေးရင်း အိတ်ထဲလိုက်စမ်းသည်။ ရွှေစီးကရက်ဘူးထဲမှ ရှိသမျှလက်ကျန်စီးကရက်အားလုံးယူပြီးပေးလိုက်သည်၊

"ရော့ . . ဒါတွေပါယူသွား၊ ခင်ဗျားတစ်ခုခုသောက်ချင်သေးလားဟင်။ ထိုင်ပါလား၊ ဘာသောက်မလဲ ပြော"

"ရမ်နည်းနည်းသောက်ချင်ပါတယ်"

အမျိုးသမီးကြီး ဝင်ထိုင်သည်။ ပခုံးပေါ်မှ ခြုံထည်ကို ဆွဲချသည်။ ငွေရောင်ဆံပင်တွေကို နောက်သို့ သပ်တင်လိုက်တော့၊ မမှော်လင့်ဘဲ လှပ ကျက်သရေရှိသည့်မျက်နှာကို တွေ့ရ၏။

"မွန်စီယာက ပန်းချီဆရာလားဟင်"

ဇရာမျက်လုံးများဖြင့် သူ့ကို မေးစင်းကြည့်ရင်း မေးလာသည်၊

"ဟုတ်ပါတယ်၊ အဲ . . ဆိုပါတော့ ဘယ်လိုလုပ် သိသလဲဟင်"

"ပန်းချီဆရာတွေကို မှန်းရတာလွယ်ပါတယ်ကွယ် သူတို့တတွေနဲ့ တို့အများကြီး ပတ်သက်ခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အရက်ခွက်ရောက်လာသည်အထိ အမျိုးသမီးကြီးက ဆက်မပြောသေးဘဲ စောင့်နေသည်။

"ကျန်းမာပါစေ မွန်စီယာ"

"ကျန်းမာပါစေ မဒမ်"

ဟင်နရီက ဖန်ခွက်ကိုမြှောက်ပြီး အပြန်အလှန်ဆုတောင်းလိုက်သည်။ အမျိုးသမီးကြီး အရက်သောက်ပုံကို သူစောင့်ကြည့်နေ၏။ ဖန်ခွက်ကို စားပွဲပေါ်ပြန်ချပြီး ပါးစပ်ကို လက်ခုံနှင့်သုတ်သည်။ ပြီးမှ ခပ်တိုးတိုးရယ်သည်။

"မဒမ်တဲ့ . . ဟုတ်လား၊ ကျွန်မကို မဒမ်လို့ ခေါ်လိုက်တယ်နော်"

ရယ်လျှက်ပင် စားပွဲပေါ်သို့ တံတောင်ဖြင့် ထောက်လိုက်သည်။ ပြီးတော့ စူးစမ်းသည့်မျက်လုံးများဖြင့် ဟင်နရီ့ကိုကြည့်သည်။

"အင်း . . မင်းလိုပါပဲလေ၊ သူလဲ သိပ်ယဉ်ကျေးပါတယ်၊ တကယ့်လူကြီးလူကောင်းပါ။ အိပ်ခန်းထဲမှာတောင် သူက ယဉ်ကျေးတဲ့လူ၊ သူ့အကြောင်း မွန်စီယာ ကြားဖူးမှာပါ၊ သူ့နာမည်က မာနေးတဲ့"

"ဗျာ . . မာနေး ဟုတ်လား၊ ဧဒွတ်မာနေးလား"

အမျိုးသမီးကြီးကို သူချက်ချင်း မှတ်မိလိုက်သည်။

"ဒါဖြင့် . . ဒါဖြင့် ခင်ဗျား အိုလံပီယာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ကွယ်၊ သူတို့ အဲဒီလိုခေါ်ကြပါတယ်၊ ဘာလို့ အဲဒီလိုခေါ်လဲဆိုတာတော့ ကျွန်မမသိဘူး၊ ကျွန်မနာမည်က ဗစ်တိုရင်းပါ။ သူကပြောတယ်၊ မဟုတ်ဘူး . . မဟုတ်ဘူးတဲ့၊ မင်းဟာ အိုလံပီယာပဲတဲ့၊ အဲဒီပန်းချီကား ကြည့်ဖူးမှာပေါ့နော်"

ဟင်နရီက ပြုံးပြီး

"ဗျာ . . ကြည့်ဖူးမှာပေါ့ ဟုတ်လား၊ ခြော် . . မဒမ်ရယ်၊ အဲဒီကားက ကမ္ဘာကျော်ပန်းချီကားပဲ၊ လူတိုင်းကြည့်ဖူးတာပေါ့"

"အဲဒီကားရေးတုန်းက သိပ်ချေးများတာ၊ မွန်စီယာ မြင်စေချင်တယ်၊ စတူဒီယိုထဲမှာ ကျွန်မကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်၊ ဆိုဖာပေါ်မှာ အိပ်ခိုင်းလိုက်၊ ထိုင်ခိုင်းလိုက်နဲ့။ ပထမဆုံး ခေါင်းအုံးအဝါကြီးတစ်လုံးမှာ ကျွန်မကို မှီခိုင်းတယ်၊ ပြီးတော့ ခေါင်းက ပန်းတွေပြင်ပေးတယ်၊ စိတ်တိုင်းမကျဘူးထင်ပါရဲ့၊ အခန်းထဲက ပြေးထွက်သွားပြီး ဖဲပြားအနက်ကလေးတစ်ခု ယူပြန်လာတယ်၊ သူကရယ်ပြီးတော့ 'ဒါနဲ့ဆိုအတော်ပဲတဲ့၊



ဘာမှမလိုဘူး၊ ဒါလေးပဲလိုတယ်' တဲ့။ ပန်းချီဆရာတွေအကြောင်း သိဘယ်မဟုတ်လား၊ သူတို့ဘာဆိုလိုချင်တယ်ဆိုတာ ကျွန်မတို့ တစ်ဝက်တောင်နားမလည်ဘူး၊ အဲဒီဖဲပြားကလေးကို ကျွန်မလည်ပင်းမှာ ချည်ပေးတယ်၊ နောက် 'မလှုပ်နဲ့တော့နော်' လို့ပြောပြီး သူစရေးတော့တာပဲ"

ဘုရား . . ဘုရား၊ လမ်းပေါ်ကဒီပုံပျက်ပန်းပျက် မိန်းမကြီးသည် အိုလံပီယာပါလား။ အင်း . . လောက၊ လောက၊ ကြောက်မက်ဖွယ် သင်္ခါရတရားပါလား။ ဒီလောက် . . ဒီလောက် ချောမောလှပခဲ့သည့် အိုလံပီယာ။ နုနယ်ပျိုမြစ်ခြင်းနှင့် အလှအပတို့၏မြေခကြွေကျခန်းကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရခြင်းပင်။ ဒါဆိုလျှင် ပန်းချီအနုပညာသည် ဘဝပဲပေါ့။ အချိန်၏ တိုက်စားခြင်းကို အံတုနိုင်သည်မှာ ပန်းချီပဲပေါ့။ အိုလံပီယာပန်းချီကားက ထာဝရတည်ရှိနေမည်မဟုတ်လား။

အမျိုးသမီးကြီးက ကုလားထိုင်ကို နောက်ဆုတ်ပြီး ထရန် ဟန်ပြင်သည်။

"ကဲ . . ကျွန်မသွားမယ်၊ စီးကရက်တိုတွေ လိုက်စုလိုက်ဦးမယ်၊ မဟုတ်ရင် နောက်တစ်နေ့ စားစရာမရှိဘူး၊ တစ်ကီလိုကို လေးဖရန့်ရတယ်လေ၊ ဒါပေမဲ့ ခုတော့ သုံးဖရန့်ခွဲပဲရတော့တယ်။ အခြေအနေက တစ်နေ့တခြား ဆိုးဆိုးလာပြီနော်၊ ဒါဟာ ဘဝပါပဲလေ၊ အရက်တိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် မွန်စီယာ"

ငွေစက္ကူတစ်ရွက် သူ့လက်ထဲကို ထိုးထည့်လိုက်ပြီး။

"ယူသွားနော် ကျွန်တော့်ကို ကျေးဇူးမတင်နဲ့၊ လုံးဝမတင်ပါနဲ့"

အမျိုးသမီးကြီးက ငွေစက္ကူကို အံ့ဩခြင်းမရှိ၊ တပ်မက်ခြင်းမရှိသော မျက်လုံးများဖြင့်ကြည့်ပြီး

"သူလဲ ဒီလိုပါပဲ၊ သိပ်ကြင်နာတတ်တာ" ဟု ပြောပြောဆိုဆို ခြုံထည်ကလေး ပခုံးပေါ်သိုင်းပြီး အရက်ဆိုင်ထဲမှ ထွက်သွားလေတော့သည်။ တစ်ယောက်တည်း ကျန်ခဲ့၏။ လက်ကျန်ကိုမော့လိုက်သည်။ နားထဲတွင် ဆူဆူညံညံအသံများ ကြားလာရပြန်၏။ ဗိုက်ထဲက တလိပ်လိပ်တက်လာပြန်သည်။ အကြောပေါင်းစုံ ဆုပ်ဆွဲလိုက်သလို စူးစူးရှရှ ခံစားလိုက်ရ၏။ သည်ဝေဒနာကြောင့် သူ့မျက်နှာတစ်ချက်ရှုံ့သွားသည်၊ သူ့ရှေ့က ဖန်ခွက်ထဲတွင် အရက်လုံးဝမရှိတော့၊ ဖန်ခွက်သည် သက်သေရောင်ပြေးနေ၏။ အရက်မရှိတော့သဖြင့် ဘာမှ တန်ဖိုးမရှိတော့၊ အရာဝတ္ထုတို့သည် ငိုသည့်အခါငိုပြီး ရယ်သည့်အခါရယ်သည်ဟု တွေးနေ၏၊

www.burmeseclassic.com

www.burmeseclassic.com


သည်ဖန်ခွက်သည် အဆိပ်ခွက်ဖြစ်သည်။ သူ့ကိုကြည့်ပြီး ဖန်ခွက်က ရယ်နေပြီ။ သူ့အထဲတွင် ဘာမှမရှိတော့သဖြင့် လှောင်ရယ်ရယ်နေခြင်းဖြစ်၏။ သူ နောက်ထပ်မသောက်နိုင်တော့။ သို့သော် သူ့ကိုအသုံးပြုဦး နောက်ထပ်လူမိုက်တွေ၊ အရက်၏ကျေးကျွန်တွေ အများကြီးရှိဦးမည်။ အရက်မဟုတ်ဘူး၊ အဆိပ်တွေ၊ အဆိပ်တွေ၊ မင်းလဲအဆိပ်ခွက်ပဲ၊ မုန်းတယ်၊ ငါမင်းတို့ကို မုန်းတယ်"

ပလုံးပထွေးနှင့် အသားကုန်အော်ပြောလိုက်၏။ ပြီးတော့ ဖန်ခွက်ကို တံတွေးနှင့်ထွေးလိုက်သည်။ နောက်လက်ပြန်ရိုက်ချလိုက်သည်။ ကြမ်းပြင်ပေါ်တွင် ဖန်ခွက်တစ်စစီဖြစ်သွား၏။

*

အပြင်တွင်လုံးဝမှောင်နေပြီ။ မိုးလည်းတိတ်သွားပြီ။ လူသွားလမ်းပေါ်ရောက်တော့ ရပ်ပြီးတွေနေ၏။ ဘာလို့ဆိုင်ထဲက ထွက်လာမိပါလိမ့်၊ ဘယ်ကိုသွားစရာရှိလို့လဲ။ ချီတုံချတုံဖြင့် လမ်းပေါ်သို့ ဟိုကြည့်သည်ကြည့်လုပ်နေသည်။ ရထားရဖို့ လမ်းထိပ်ထိထွက်ရသည်။ ကောင်းတယ်။ လမ်းနည်းနည်းလျှောက်ရခြင်းသည် ခဏတစ်ဖြုတ် အချိန်ဖြုန်းရခြင်းပင်။ ရထားရလျှင်လည်း ဘယ်ကိုမောင်းခိုင်းရမှန်းသိမည်မဟုတ်။ ခေါင်းငိုက်စိုက်ချပြီးဆက်လျှောက်သည်။ ကြိမ်တုတ်ကိုပို၍ပို၍အားပြုလာရ၏။ ခဏခဏနားပြီး အသက်ရှူသည်။ လမ်းထောင့်ရောက်တော့ အမှတ်မထင်တန်ဂီး၏ ဆိုင်ကိုလှမ်းမြင်လိုက်သည်။ မှန်ပြတင်းနှင့်မျက်နှာကပ်ပြီးဆိုင်ထဲကို ချောင်းကြည့်လိုက်သည်။ မဒမ်တန်ဂီး ဆေးဘူးတွေထုပ်ပိုးသည့်ကောင်တာက ယခင်အတိုင်းရှိနေဆဲ။ စေဇန်းကားတွေ၊ ဗန်ဂိုးကားတွေချိတ်သည့်နံရံတွင် ဘောင်ရာတွေထင်ပြီး ကွက်လပ်ကြီးတွေဖြစ်နေ၏။ ဆိုင်တစ်ခုလုံးကို မရဏမင်းက စိုးမိုးထားသလို တိတ်ဆိတ်ငြိမ်သက်နေ၏။ တစ်ရံရောအခါက သည်ဆိုင်တွင် ဗင်းစင့်နှင့် ကျက်စားခဲ့ဖူးသည်။ ခုတော့ တန်ဂီးရော၊ ဗင်းစင့်ပါမရှိကြတော့ပြီ။ ငါက ဒီမှာ ဘာလာလုပ်နေတာလဲ၊ ဘာလုပ်စရာရှိလို့လဲ၊ နှင်းကာအကျႌကော်လာ ကိုဆွဲထောင်ပြီး ချမ်းချမ်းစီးစီးညအမှောင်ထဲသို့ ထွက်ခဲ့သည်။ ရထားတစ်စီးမျှမရသေး။ မိုးတွေသည်းသည်းမည်းမည်း ရွာချလာပြန်သည်။ ရပ်ထားသည့် ရထားတစ်စီးသွားတွေ့သည်။

"အားလား"

"အားပါတယ် မွန်စီယာ"

ရထားထဲဝင်ထိုင်ပြီး ဦးထုပ်မှ မိုးရေစက်တွေကို ခါချသည်။

"ဘယ်ကိုမောင်းရမလဲ ခင်ဗျာ"

"ခဏလေးဗျာ၊ မိုးရေတွေ ညှစ်ချပါရစေဦး"

ဘယ်ကိုသွားရပါ့မလဲ၊ ဘယ်မှသွားစရာမရှိ။ စိတ်ထဲတွင် ဟာလာဟင်းလင်းဖြစ်နေ၏။ အခန်းပြန်ပြီး အဝတ်အစားလဲလျှင်ကော ပေါလ်တစ်ယောက်ရှာပုံတော်ဖွင့်နေဆဲလား။ အင်း. . အဘိုးကြီး သနားပါတယ်။ ဤသည်မှာအရက်သမားတို့၏ အကျင့်ဖြစ်သည်။ အကျိုးသက်ရောက်မှုကို ဘယ်တော့မှမစဉ်းစားဘဲ လုပ်ချင်ရာဇွတ်လုပ်ကြသည်၊ ပြီးမှ စိတ်မကောင်းဖြစ်တတ်ကြ၏။ သည်လိုလွန်ကဲပြီးသည်နှင့် ပေါလ်အတွက် စိတ်မကောင်းဖြစ်ရ၏။ အလားတူပင် မေမေ့အတွက် စိတ်မကောင်းဖြစ်ရသည်မှာ အကြိမ်ကြိမ်။ မဒမ်လူဘေးအတွက်ကော၊ မိမိအတွက်ပါပေါ့လေ။ အို . . ဒါတွေထားလိုက်စမ်းပါ။

"လေရဟာတ်နီကိုမောင်းဗျာ"

စိတ်ကူးပေါက်ရာအော်ပြောလိုက်ခြင်းဖြစ်၏။

"လေရဟာတ်နီ ဒီအချိန်ပိတ်ပြီဆရာရဲ့"

"ဒါဖြင့် လေလီကိုမောင်းဗျာ"

"ဩော် . . ဆရာသမားက ညသည်ကိုး၊ လေလီပိတ်သွားတာကြာပြီခင်ဗျ"

ဤသို့ဖြင့် ရထားဆရာသည် သူပြောသည့် မရေမရာနေရာပေါင်းစုံကို လျှောက်မောင်းနေရ၏။ ကဖေးဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်ခိုင်းလိုက်သည်။ ဆိုင်ထဲသို့ ဝင်ချင်စိတ်မရှိ။ ဘာစိတ်ဝင်စားစရာရှိလို့လဲ၊ လူကြီးတချို့သတင်းစာထိုင်ဖတ်နေကြသည်။ လက်သည်းညှပ်ရမှန်းမသိသည့် ပန်းချီကျောင်းသားတချို့နှင့် လူလတ်ပိုင်းတောလေတစ်သိုက် အရက်သောက်ရင်း ငြင်းခုန်နေကြသည်။

ရာရှူး၊ ဂျူလီ၊ ဗင်းစင့်၊ လီယိုနာဒိုတို့၏ တစ္ဆေပုံရိပ်တွေ မြင်ကွင်းထဲဝင်လာသည်။ ပြီးတော့ မိမိကိုယ်တိုင်၏ အရိပ်သဏ္ဌာန်။

"ဆရာ ရောက်ပြီလေ"

ရထားသမား၏ သတိပေးသံကို သူမကြား။ ဆိုင်ထဲသို့ သွားချင်စိတ်မရှိပြန်။ ဘယ်ကိုမှ သွားချင်စိတ်မရှိ။ ယခုတိုင်သားရေအိတ်ထဲ

www.burmeseclassic.com



တွင်ရှိနေသေးသည့် ထိုစာကို ဖတ်ရင်းဖတ်ရင်း ခံစားမှုတို့ တစ်စတစ်စ ဆိတ်သုဉ်းသွားခဲ့ခြင်းဖြစ်သည်။

ဆာလောင်မွတ်သိပ်ခြင်းလည်းမရှိတော့။ ဗိုက်ထဲက ထိုးထိုး နာလာသည်။ မမနက်တာဆင်ဆီ သွားရကောင်းမလား၊ ကဇာတ်ရုံသွားရ ကောင်းမလား၊ ဖလော်ဘာလန့်ချ်ကို ဦးလှည့်ရမလား၊ ဆပ်ကပ်ပွဲကြည့် မလား။ တစ်ခုမှ အာရုံမလာဖြစ်နေ၏။ သေတော့မှာပဲ။ ဘယ်ကိုသွားရ မှာလဲ။ နောက်နေ့နောက်ညတွေမှာရော။

"ဘာလုပ်ရမှာလဲ"

သူ့ကိုယ်သူအော်မေးလိုက်သည်။ ဝေဒနာတစ်ခုကို အပြင်း အထန်ခံစားလိုက်ရသလို မျက်နှာတစ်ခုလုံးရှုံ့မဲ့သွားပြန်၏။ လက်ထဲမှ စီးကရက်လွတ်ကျသွား၏။ စူးစူးဝါးဝါးတစ်ချက်အော်ပြီး ရှေ့ခုံသို့ ငိုက် ကျသွားသည်။ ဝမ်းဗိုက်ကို သေနတ်မှန်လိုက်သည့်အလား။ လက်သည်း တွေ သူ့လက်ဝါးထဲနစ်ဝင်သွားသည်။ နှုတ်ခမ်းတွေကို တအားကိုက်ထား လိုက်၏။

တဖြည်းဖြည်းနှင့် သက်သာသွား၏။ နဂိုနေအတိုင်း ပြန်ဖြစ် သွားသည်။

"မေမေ"

သွေးစတွေ ပေကျံနေသည့် နှုတ်ခမ်းများမှဝလုံးဗတွေးထွက် လာသည့်အသံ။

"မေမေ"

အမေ့ကို ထပ်ကာထပ်ကာ တနေရသည်မှာ ဝေဒနာ သက်သာ သလိုထင်ရ၏။ သေခြင်းတရား ချောက်ကမ်းပါးထဲမှ အမေကို အော် ခေါ်နေခြင်းဖြစ်သည်။ သေရတော့မည်ဟု စိတ်ထဲသိလိုက်၏။

တစ်ကိုယ်လုံးတစ်စစီဖြစ်ကုန်တော့မည့်အလား။ စူးစူးဝါးဝါး ခံစားရ၏။ မောင်မတ်တွင်တော့ မသေချင်၊ မောင်မတ်လမ်းပေါ်တွင် လဲကျပြီး ခွေးသေဝက်သေ သေရမည်ဆိုလျှင်တော့ ရာဇဝင်ရိုင်းပေလိမ့် မည်။ မိမိက တူလုစ်လောက်ထရက်တစ်ယောက်ပဲ။

မောရစ်၊ မဒမ်လူဘေး၊ ပါတူးနှင့် ဘာ့သ်တို့ကိုတော့ တောင်း ပန်စကားပြောချင်သေးသည်။ ငွေကြေးအကူလည်း ပေးခဲ့ချင်သေးသည်။ ကျေးဇူးတုံ့ပြန်မှုသဘောဖြစ်၍ သူတို့ကို စော်ကားရာရောက်မည်တော့ မထင်ပါ။



ပြီးတော့ မေမေ။ ကျန်သမျှအချိန်ကလေးကိုတော့ မေမေ့ အတွက်ဖြစ်အောင် ကြိုးစားမည်။ ပြီးခဲ့တာတွေက ပြင်လို့မရတော့ဘူး လေ။ နောက်ဆုံး ခွင့်လွှတ်ဖို့တော့ မေမေ့ကို တောင်းပန်ရမည်။ ဒဏ်ရာ ဒဏ်ချက်ပေါင်းများစွာဖြင့် တစ်စစီဖြစ်နေသော၊ အငြင်းပယ်ခံ နှလုံးသား ကို မေမေ့ဆီပြန်အပ်ရမည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

မဲလ်ရှမ်းရဲတိုက်ကြီးတွင် ဒုတိယထပ်ရှိ ဟင်နရီ့အခန်းတစ်ခန်းမှ လွဲ၍ ပိန်းပိန်းပိတ်မှောင်နေသည်။

"ဒီညတော့ သူအိပ်ရမှာပါ"

ဆရာဝန်က ဟင်နရီ့လက်ကောက်ဝတ်ကိုစမ်းပြီး မြို့စားကတော်ကြီးကို ပြောလိုက်သည်။

"တစ်မျိုးတော့ကောင်းပါတယ်လေ၊ သူ လေဖြတ်သွားတော့ များများစားစားမခံရတော့ဘူးပေါ့ မြို့စားကတော်ကြီး"

ဟင်နရီ၏အရိုးပေါ်အရေတင်နေသည့် လက်ကလေးကို အိပ်ရာပေါ်တွင် အသာချပြီးဆရာဝန်က မြို့စားကတော်ကြီးအား မေတ္တာရပ်ခံသည်။

"မြို့စားကတော်ကြီးခင်ဗျား၊ အခန်းကိုပြန်နားဖို့ ကျွန်တော်တိုက်တွန်းပါရစေ၊ အားလေးရှိသွားအောင် တစ်ရေးပြန်အိပ်လိုက်ပါခင်ဗျာ"

အခန်းဝရောက်တော့ ဆရာဝန်က ပြန်လှည့်ကြည့်သည်။ မေးခွန်းထုတ်နေသည့် မြို့စားကတော်ကြီး၏ မျက်လုံးများကို တွေ့ရသည်။ ပခုံးတွန့်ပြီး ဆရာဝန်က ဖြေသည်။

"ပြောဖို့တော့ မလွယ်ဘူးခင်ဗျာ၊ နှစ်ရက်၊ ဒါမှမဟုတ် သုံးရက်လောက်တော့ . . သူက လူငယ်ဆိုတော့ ခန္ဓာကိုယ်က ခံနိုင်ရည်ရှိပါတယ် ဒီညအတွက်တော့ စိတ်ချပါ။ မနက်ဖြန် ကျွန်တော် လာခဲ့ပါဦးမယ်"



အောက်ထပ်တွင် ဂျိုးဇက်စောင့်နေသည်။

"အခြေအနေ ဘယ်လိုလဲဆရာ"

"ဒီလိုပဲ ဂျိုးဇက်၊ သူ ဒီတောင်ကိုကျော်ဖို့ မလွယ်ပါဘူး။ သူ့အဖေဆီက ဘာကြားသေးလဲ"

ဂျိုးဇက် ခေါင်းယမ်းပြသည်။ ဆရာဝန်က သူ့ရထားဆီလျှောက်သွားရင်း

"မြို့စားကြီးလာမယ်ဆိုရင်လဲ မြန်မြန်လာဖို့ ကောင်းတယ်။ မြို့စားကတော်ကြီး အိပ်ဖြစ်အောင် ပြောလိုက်ပါဦးဂျိုးဇက်"

ဆရာဝန်ကြီး၏ ရထားထွက်သွားသည်ကို ဂျိုးဇက်ငေးကြည့်ကျန်ရစ်သည်။

လရောင်ရွှန်းမြသော ညဖြစ်သည်။ ရဲတိုက်ကြီးတစ်ခုလုံး ပကတိ တိတ်ဆိတ်ငြိမ်သက်နေ၏။ ဂျိုးဇက်အခန်းထဲဝင်လာသည်ကို မြို့စားကတော်ကြီး သတိမထားမိလိုက်ပေ။ ဧရာမ ကုတင်ကြီးပေါ်မှ သားကလေးကို စိုက်ကြည့်လျက်ရှိသည်။ မုတ်ဆိတ်မွေးဘုတ်သိုက်ထဲမှ ပါးချောင်နားချောင်ကျနေသည့် မျက်တွင်းဟောက်ပက်နှင့် မျက်နှာကလေး။

အချိန်တန်တော့ အမေ့အိမ်ကိုပြန်ရောက်လာသည်။ ပြုခဲ့သမျှ ဒိုက်မဲမှုများအတွက် မိခင်ကို ဝန်ချတောင်းပန်သည်။ လှုပ်ရှားမှုတိုင်း၊ သူ့အကြည့်တိုင်းတွင် ပြုမှားမိခဲ့သည့် ဒုစရိုက်မျိုးစုံအတွက် နောင်တကြီးစွာ ရလျက်ရှိကြောင်းကို တွေ့ရသည်။

အယ်လ်ဖောင့်စ်တစ်ယောက် ဘာကြောင့်ပေါ်မလာပါလိမ့်။ တစ်ဦးတည်းသောသားကလေးကို နှုတ်ဆက်စကားတစ်ခွန်းမဆိုဘဲ၊ မွေးမွေးကလေးတစ်ချက်မပေးဘဲ . . ။ နှစ်ရက်၊ သုံးရက်တဲ့၊ ဆရာဝန်က ရက်သတ်မှတ်ပေးသွားပြီ။ ဩော် . . သား . . သား၊ တစ်မျိုးတော့ဖြင့် ကောင်းပါသည်။ ဘုရားသခင်ထံတွင် ငြိမ်းချမ်းစွာ ခိုလှုံခြင်းက သူ့အသက်ရှင်နေရသည့်ဘဝနှင့်စာလျှင် အပုံကြီးပို၍ အေးမြပေလိမ့်မည်။ သူ့ရင်ထဲကဆာလောင်မွတ်သိပ်စွာ တောင့်တသည့် အချစ်ကိုရမသွားရှာဘဲ အကြိမ်ကြိမ်ရင်ကွဲနာ ကျခဲ့ရသည့် သားကလေး။

"မြို့စားကတော်ကြီး အနားယူပါလို့ ဆရာဝန်ကြီးက မှာခဲ့တယ်ခင်ဗျ"

ငယ်ကျွန်ကြီးနှင့် မြို့စားကတော်ကြီးတို့ တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြသည်။ သူတို့မျက်လုံးများက မျှဝေခံစားဖို့သဘောတူကြ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ ဂျိုးဇက်"

"ကျွန်တော်တစ်ညလုံး စောင့်ပါ့မယ်၊ တစ်ခုခုဖြစ်တာနဲ့ . ."

မြို့စားကတော်ကြီးက သူ့လက်ကိုဖမ်းဆုပ်ပြီး တိုးတိုးကလေး ပြန်ပြောသည်။

"ကျေးဇူးပဲ ဂျိုးဇက်၊ ကျေးဇူးပဲ"

*

အာရုံမတက်မီ ဟင်နရီမျက်လုံးဖွင့်ကြည့်သည်။ ခရမ်းရောင် ပြေးနေဆဲ ကောင်းကင်ပြင်ကို ပြတင်းပေါက်မှလှမ်းမြင်နေရ၏။ အမှောင်ထုလွင့်ပြယ်စပြုပြီဟု သိလိုက်၏။ ကြယ်ကလေးတွေလည်း အရောင်မှိန်စပြုနေပြီ။

သည်အချိန်တွေမှာပေါ့၊ ရထားတစ်စင်းနှင့်ဆိုင်တကာလည်ပြီး သောက်သောက်စားစား နေခဲ့သည်။ ညတာဝန်စားပွဲထိုးတွေ၊ ညဥ့်တေလေတွေ အိမ်ပြန်ချိန်၊ လက်တွန်းဈေးသည်တွေ အလျှိုအလျှိုလမ်းပေါ် ထွက်လာချိန်ဖြစ်၏။

ယခုလောက်ဆို မာရီတစ်ယောက် သည်လိုဈေးလှည်းတွေများ တွန်းနေလေမည်လား။ ခုံတန်းလျားတစ်ခုပေါ်တွင် အိပ်ပျော်နေလေမည်လား။ ဒါမှမဟုတ် သေများသေလေပြီလား။ ၁၁ နှစ်ဆိုသော ကာလအတွင်း အမျိုးမျိုးဖြစ်နိုင်သည်လေ။

မဲလ်ရှမ်းသည် တိတ်ဆိတ်လွန်းလှပါကလား။ ဖန်မီးအိမ်အလင်းရောင်ဖျော့ဖျော့တွင် ကုလားထိုင်ပေါ်ထိုင်ကာ အိပ်ငိုက်နေသော ဂျိုးဇက်ကို မြင်နေရ၏။ မေမေ့ကို ညစောင့်သူနာပြုတစ်ယောက်ငှားဖို့ သူဘာလို့ မတိုက်တွန်းပါလိမ့်။ သူကိုယ်တိုင် ပြုစုချင်လို့ ဖြစ်မည်။

သေရမည့်ကိစ္စတွင် ချစ်သူခင်သူများက မျှဝေခံစားနေသည့် အဖြစ်ကို သိမြင်နေခြင်းက ခံစားနေရသည့် ဝေဒနာထက် ပိုဆိုးမည်ထင်၏။ သေရမည်ကို သိနေလျက် သူတို့ရှေ့တွင် သက်သာဟန်ဆောင်ထားရ၏။ ဤသို့မျှ ဟန်မဆောင်နိုင်လျှင် သူတို့က ဝေဒနာသည်ထက်ပိုပြီး ခံစားကြရမည်ထင်၏။

လွန်ခဲ့သည့်နှစ်ပတ်က လေဖြတ်ပြီးတစ်ခါတည်း ကိစ္စတုံးသွားလျှင် မည်မျှကောင်းလေမည်လဲ။ ဂျိုးဇက်ကြီးလဲ အိပ်ပျက်မည်မဟုတ်။ မေမေလည်း သည်မျှဒုက္ခရောက်မည်မဟုတ်။ သေခြင်းဟာ ငြိမ်းချမ်းစွာ လွတ်မြောက်ခြင်းပဲ။



ခုလို မသေမရှင်ဘဝကြောင့် သူတို့အားလုံး ဒုက္ခရောက်နေကြရ၏။ သိပ်တော့ ကြောက်စရာအကြောင်းမရှိတော့ပါ။ သူတို့အားလုံးကို သည်သောက၊ ဒုက္ခတွေအားလုံးမှ မိမိကိုယ်တိုင်ရပ်ဆိုင်းပေးတော့မည် မဟုတ်လား။

*

ပါးပါးကလေး ပြန်အိပ်ပျော်သွား၏။ သည်တစ်ခါနိုးလာတော့ ရောင်နီပျို့လာပြီ။ ကောင်းကင်ပြင်သည် နှင်းဆီသွေးရောင်ပြေးနေပြီ။ ညသည် ကြယ်ကလေးတွေကို သိမ်းဆည်းယူဆောင်ကာ ပျောက်ကွယ်သွားလေပြီ။

တစ်နေရာရာမှ ကြက်တွန်သံကြားလိုက်၏။ ဂျိုးဇက်နိုးလာသည်။ မျက်လုံးတွေကို လက်ခုံနှင့်ပွတ်ပြီး လူနာ မြို့စားကလေးကို ကြည့်သည်။ ဟင်နရီက သူ့ကို ပြုံးကြည့်နေ၏။

"မင်္ဂလာပါ ဂျိုးဇက်၊ အိပ်လို့ကောင်းရဲ့လား"

"ကျွန်တော်အိပ်ပျော်သွားတယ်ထင်တယ်၊ ခွင့်လွှတ်ပါ မွန်စီယာ ကျွန်တော် မရည်ရွယ်ပါဘူး"

"ခင်ဗျားပင်ပန်းလှပါပြီ ဂျိုးဇက်၊ ကျွန်တော်သိပါတယ်၊ ဒီအိမ်ကြီးမှာ ရှိသမျှ လူအားလုံးပင်ပန်းနေကြပြီ။ ကဲ . . အောက်ဆင်းပြီး ကော်ဖီတစ်ခွက်လောက် သောက်လိုက်ပါဦး၊ ဒါမှ လန်းသွားမယ်"

"ခဏလေး နေပါရစေဦး မွန်စီယာ၊ ထမင်းချက်လဲ နိုးမှာ မဟုတ်သေးဘူး၊ မွန်စီယာ နိုးနေတာကြာပြီလားဟင်"

"သိပ်မကြာသေးဘူး၊ ကျွန်တော့်ကို ထူပေးပါဂျိုးဇက်၊ ပြီးတော့ ကျွန်တော့်မျက်မှန်ယူပေးပါ"

ရထားထိန်းကြီးက သူ့ကို ဖေဖေးမမထူပေးသည်။ ပြီးတော့ မျက်မှန်ယူပေးသည်။

"တော်ပြီ၊ ရပြီ၊ လက်တစ်ဖက်က သုံးလို့ရပါသေးတယ်"

"ပြတင်းပေါက်ပိတ်ပေးရမလား မွန်စီယာ"

ဟင်နရီက ခပ်တိုးတိုးရယ်ပြီး

"ခင်ဗျားဘာမှ မပြောင်းလဲဘူးနော်၊ ကျွန်တော် ငယ်ငယ်ကလေးကအတိုင်းပဲ။ လာ . . ကျွန်တော့်အနားမှာထိုင်ပါဦး၊ ကျွန်တော် စကားတွေပြောချင်လို့"

"မွန်စီယာ . . ဆရာဝန်ကပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှူး . . ကျွန်တော်ပြောနိုင်တုံး ပြောပါရစေဂျိုးဇက်၊ လာ . . ဒီဘက်တိုး၊ ဒါမှ ခင်ဗျားကြားမှာ . ."

သူ့မျက်လုံးများ နူးညံ့လာ၏။ အကြင်နာများစွာဖြင့် ပင်ပန်းနွမ်းနယ်နေသော မျက်နှာမွဲမွဲကြီးကို သူစိုက်ကြည့်နေသည်။

"ပထမဆုံး ခင်ဗျားကို ကျေးဇူးတင်တဲ့အကြောင်း၊ အများကြီး တင်တဲ့အကြောင်း ပြောပါရစေ ဂျိုးဇက် . . ရှူး . . ကျွန်တော့်ကို ဖြတ်မပြောနဲ့၊ ခင်ဗျားဟာ ကျွန်တော့်အတွက် အဖေလိုပါပဲ၊ တစ်သက်လုံး ခင်ဗျား ကျွန်တော့်ကို ဂရုစိုက်ခဲ့တယ်နော်။ ကျွန်တော် အမှတ်တရပစ္စည်းကလေးတွေ ပေးခဲ့ချင်တယ်၊ ကျွန်တော့်နာရီနဲ့ စီးကရက်ဘူးကလေးကို ယူထားလိုက်နော်၊ ခင်ဗျားစီးကရက်မသောက်မှန်း ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ အမှတ်တရပစ္စည်းကလေးအဖြစ် သိမ်းထားပါ"

သူ့မျက်လုံးတွေ ပိတ်သွားပြန်သည်။ ပြီးတော့ ကြိုးစားပြီး တိုးတိုးကလေး စကားဆက်သည်။

"ကဲ . . နားထောင်ဦး"

မျက်လုံးဖွင့်ပြီး သူစကားဆက်သည်။

"ကျွန်တော် မရှိတော့ရင် မေမေ့ကို တစ်ယောက်ထဲ အကြာကြီး မထားစေချင်ဘူး၊ သူမခေါ်လဲ အကြောင်းအမျိုးမျိုးပြပြီး ဧည့်ခန်းထဲကို သွားပါ။ မီးမွှေးဖို့လာသလိုလို၊ လိုက်ကာတွေဆွဲဖို့ လာသလိုလိုလုပ်ပေါ့။ အနားရောက်ရင် ဟုတ်ကဲ့ မြို့စားကတော်ကြီး၊ မဟုတ်ဘူး မြို့စားကတော်ကြီးနဲ့ တရိုတသေကြီး ခစားမနေနဲ့၊ မေမေစိတ်ရွှင်လန်းအောင်၊ ဟိုအကြောင်း သည်အကြောင်းလေးတွေပြောနေ၊ ရာသီဥတုအကြောင်းဖြစ်ဖြစ်၊ မြင်းတွေအကြောင်းဖြစ်ဖြစ်ပေါ့"

မျက်လုံးတွေ ပြန်ပိတ်သွားသည်။ သူမောနေပြီ။

"မွန်စီယာ . . မွန်စီယာ"

ဂျိုးဇက် ခပ်တိုးတိုးခေါ်သည်။

"နောက်တစ်ခု မေမေက ပန်းချစ်တတ်တယ်၊ နှင်းဆီဖြူတွေကို သူသိပ်ကြိုက်တယ်၊ ခြံထဲမှာ နှင်းဆီဖြူတွေ အမြဲပွင့်နေအောင် ဩဂတ်စတီကို ခဏခဏသတိပေးပေးပါ . . ခင်ဗျားအောက်ထပ်ဆင်းတော့ ထမင်းချက် နိုးလောက်ရောပေါ့"

ဂျိုးဇက်ချိုတုံ့ချတုံ့ဖြစ်နေသည်။ နှုတ်ခမ်းမှ ဆုတောင်းတွေ တတွတ်တွတ်ရွတ်လျက်။



"ကဲ . . သွားပါ၊ ဒါလောက်မြန်မြန်ကြီး ကျွန်တော် မသေနိုင်သေးပါဘူး"

ထိုနေ့တွင် ဟင်နရီ နည်းနည်းသက်သာနေသည်။ မနက်စောစောဆရာဝန်ကြီးရောက်လာပြီး ထုံးစံအတိုင်း စစ်ဆေးသည်။ နေ့လည်ပိုင်းတွင် စွပ်ပြုတ်အနည်းငယ်သောက်နိုင်သည်။ အင်းနက်ရောက်လာပြီး သူ့လက်ကို နမ်းသည်။ မျက်တောင်မရှိတော့ပြီဖြစ်သည့် မျက်လုံးများဖြင့် သူ့ကို ငုံ့ကြည့်ပြီးပြုံးပြသည်။ ပြီးတော့ အလာပ သလ္လာပ စကားတွေပြောရင်း တရှုတ်ရှုတ်ငိုကာ အခန်းထဲမှ ပြေးထွက်သွားသည်။

ထမင်းချက်နှင့် ဥယျာဉ်မှူး ဩဂတ်စတီတို့ တံခါးဝမှ သာချောင်းကြည့်ကြသည်။ အကြာကြီးစောင့်ကြည့်နေကြပြီးမှ ပျောက်ကွယ်သွားကြ၏။ ညနေပိုင်းတွင် ဘုန်းတော်ကြီးအဘေးဆိုးလက် ရောက်လာသည်။ ဟင်နရီ့နဘေးတွင် အကြာကြီးထိုင်သည်။ ပြန်ခါနီးတွင် ဆုတောင်းပေးသွားသည်။

ထို့နောက်အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်သွားပြန်၏။ အခန်းထဲတွင် မေမေနှင့်နှစ်ယောက်တည်း ကျန်ရစ်ပြန်သည်။

"ဒီနေ့ ဘာနေ့လဲဟင် မေမေ"

"တနင်္ဂနွေနေ့လေ သား၊ စက်တင်ဘာလ ၈ ရက်"

"သားကြောင့် ဘုရားရှိခိုးမသွားနိုင်တာ စိတ်မကောင်းပါဘူး မေမေ"

မေမေက နှုတ်ခမ်းကို လက်ညှိုးနှင့်ဖိပြီး

"ရှူး . . သား သိပ် စကားမပြောနဲ့"

"ဟုတ်ကဲ့ပါ မေမေ"

ဆေးရုံတကာ ရေပူစမ်းတကာလည်ပြီး ခြေထောက်ကို ကုနေရသည့် အချိန်များကို သတိရနေသည်။ ပြီးတော့မှ ပါရီ၊ မောင်မတ်၊ နူဲလ်၊ မမနက်တာဆင်၊ အာကာချွန်၊ အားလုံး အိပ်မက်ဟောင်းကြီးလို ဖြစ်နေ ၏။ သည်အိပ်မက်ရှည်ကြီးမှ လန့်နိုးလာတော့ တိတ်ဆိတ်တွေဖြူနေပြီး လေဖြတ်ထားသည့် မိမိနှင့် မိမိနဘေးမှ မေမေ့ကို တွေ့ရသည်။ အိပ် မက်မက်နေစဉ်ကာလအတွင်း မေမေလည်း အရွမ်းအိုစာသွား၏။

"သား သက်သာရဲ့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com

မေမေ့မျက်လုံးများမှာ အကြင်နာတရားများဖြင့် နူးညံ့အေးမြ နေသည်။ အသံမှာလည်း အလားတူစွာ ချိုသာလှသည်။

"ဟုတ်ကဲ့ မေမေ"

ဇာထိုးနေသော မေမေ့လက်ချောင်းတွေကို ငေးကြည့်နေမိ၏။ ဇာထိုးအပ်နှင့် လက်နှင့်မပြတ်သောမေမေ။

"မေမေ"

"ဘာလဲ သားလေး"

"ဒင်းနစ်ဘာဖြစ်သွားလဲဟင်၊ သူ အိမ်ထောင်ပြုဖြစ်သလား"

"သူ အိမ်ထောင်ပြုဖြစ်တယ်သား၊ ရေတပ်က စစ်ဗိုလ်ကလေး တစ်ယောက်နဲ့ပဲ၊ ခု သူတို့ ကလေး ၃ ယောက်ရနေပြီ"

"သားလေ . . သားတကယ်ရည်ရွယ်ပြီး . . "

စကားဆက်မပြောဖို့ မေမေတားပြန်သည်။ မေမေစိတ်ဆင်းရဲ အောင် လုပ်ခဲ့မိသည့်အတွက် တောင်းပန်ဖို့ သူနိဒါန်းပျိုးနေမှန်း မအေ လုပ်သူက သိနေ၏။

ထိုရက်တွေကို ပြန်တွေးကြည့်သည်။ ဒင်းနစ်၏ မျက်နှာကို ပြန် ဖော်မရတော့။ ထူးတော့ထူးဆန်းသည်။ ဘာဝေဒနာမှ မခံစားရဘဲ ကြည်လင်သောစိတ်ဖြင့် သေခြင်းကို စောင့်နေရသည်မှာ ပျော်စရာတစ် မျိုးပင်။ အဲ . . ညာဘက်ကိုယ်တစ်ခြမ်းကတော့ ဘာမှမသိတော့ဘူးပေါ့ အဲဒီအပိုင်းက သေနှင့်ပြီလေ။

သည်လိုကာလတွင် စိုးမိုးလာသည်မှာ မောင်မတ်ပင်။ မောင် မတ်သည် နိဗ္ဗာန်တည်းဟူသော မြို့ကြီးတစ်မြို့၏ ဆင်ခြေဖုံး။ တတိယ တန်းစား နိဗ္ဗာန်ဟုဆိုနိုင်မည်ထင်၏။ သည်လိုအရပ်တွင် ဘုရားသခင်ပို့ ပေးတော်မူသောလူတွေရောက်လာကြ၏။ ဘုရားသခင်သည် သူတို့လို လူတွေကို ငရဲသို့ မပို့ရက်သဖြင့် ဘာလုပ်ရမှန်းမသိဘဲ သည်နေရာသို့ ပို့ပေးလိုက်ခြင်းဖြစ်တန်ရာသည်။ ဥပမာ - ပန်းချီဆရာဗင်းစင့်လို လူမျိုး ရှူးဆူးလို၊ ဒီဘောက်တင်လိုလူမျိုး။ အာဂိုစတီးနာလို၊ ဂျူလီလို မိန်းမမျိုး ပြီးတော့ မာရီလို ကောင်မလေးမျိုးတွေ၊ မော်ဒယ်မကလေးတွေ။ ပြီးတော့ တန်ဂီ၊ ပီယာကိုတဲလ်၊ ဆာရာ၊ ဘာ့သ်။ ပြီးတော့ မေရီမဂ္ဂဒါလင်နှင့်တူ သည့် မာရီ၊ အချစ်ဇာတ်လမ်းပေါင်းများစွာနှင့်မာရီ။ အချစ်သည်းလွန်း သောကြောင့်တော့ ဘုရားသခင်က ငရဲသို့ မပို့တန်ရာ။



အဲသည်နေရာမျိုးသည် နိဗ္ဗာန်ဆိုလျှင်တော့ သူသွားချင်ပါ သည်။

"မေမေ"

"စကားမပြောနဲ့ သား"

"မေမေ့ကို သားချစ်ပါတယ်"

"သိပါတယ် သားရယ်၊ မေမေကလည်း သားကိုသိပ်ချစ်ပါ တယ်"

"သားရဲ့ ဂျပန်ပန်းချီစာအုပ်ကလေးကို ကောင်းကောင်း သိမ်း ထားပေးနော်မေမေ။ ပြီးတော့ သားရဲ့ကားတွေ၊ မေမေသိပ်မကြည့်ဖူးဘူး ထင်တယ်။ သားရဲ့ကားတွေဟာ ညစ်ညမ်းတဲ့ကားတွေမဟုတ်ပါဘူး မေမေ၊ အမှန်တရားတွေပါ။ မှန်လွန်းလို့ မလှမပဖြစ်နေတာတွေ ပါချင် ပါပါလိမ့်မယ်။ မောရစ်ကို အားလုံးစီစဉ်ခိုင်းပါ၊ သူသိတယ်၊ သူ ကောင်း ကောင်းနားလည်တယ်"

ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ရေးခဲ့ သည့်ကားတွေ။ ရေဆေး၊ ဆီးဆေး၊ ခဲ၊ မီးသွေး၊ နည်းနည်းနောနော ကား တွေလား။

"မေမေ"

လက်ညှိုးကလေးဖြင့် နှုတ်ခမ်းကို ဖိနေသောမေမေ့ကို မြင်ရ ၏။

"နည်းနည်းလေးပဲ ကျန်ပါတော့တယ် မေမေ၊ ပြီးရင် ကျွန်တော် ငြိမ်ငြိမ်ကလေးနေပါတော့မယ်၊ မေမေ ငယ်ငယ်တုန်းက အမြဲတမ်း လိမ္မာ ခဲ့သလားဟင်"

ထိုးလက်စ ဇာကို ရပ်ထားပြီး

"အမြဲတမ်းတော့ ဘယ်ဟုတ်ပါ့မလဲ သားရယ်၊ လူကြီးတွေ ကြိုက်တာကလေးတွေလဲ လုပ်မိတာပေါ့၊ တခြားကလေးတွေလိုပေါ့ သားရဲ့၊ ကဲ . . သားအိပ်တော့နော်"

မျက်လုံးကိုပိတ်လိုက်တော့ အာကာချွန်သို့ မိုင်ရီယမ်နှင့်အတူ ပြန်ရောက်သွားပြန်သည်။ အကြိမ်ကြိမ်ပြန်မက်ခဲ့သည့် အိပ်မက်ထဲကနှင့် မတူ။ တကယ့်မိုင်ရီယမ်ကို ကမ်းခြေတွင် တကယ်တွေ့ရသည်နှင့်မခြား။ ပထမဆုံးအကြိမ်အဖြစ် နာနာကြည်းကြည်းမခံစားရတော့။ နောင်တမရ တော့။ နှလုံးသားသည် ငြိမ်းချမ်းမှုဖြင့် အေးမြနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံဖွဖွကလေးပေါ်လာပြီး ဂျိုးဇက်ဝင်လာသည်။

"သံကြိုးတစ်စောင်ဝင်လာပါတယ် မြို့စားကတော်ကြီး"

"ဘာသံကြိုးလဲ ဟင်၊ ဖေဖေ့ဆီကလား"

ဟင်နရီက ပက်လက်မှလှမ်းမေးသည်။ မေမေဖွင့်ဖတ်သည်။

"ဖေဖေ့ဆီကမဟုတ်ဘူး၊ မောရစ်ဆီက သားရဲ့၊ မေမေ ဖတ်ပြမယ်နော်"

"ကွန်မိုဒို၊ စုဆောင်းတင်ပြတဲ့ကားတွေကို လုဗ်မှာတင်ဖို့ အစိုးရက လက်ခံလိုက်ပြီ၊ အဲဒီအထဲမှာ မင်းကားတွေပါတယ် ဟင်နရီ . ."

ဟင်နရီပါးစပ်အဟောင်းသားဖြစ်သွားသည်။

"လုဗ်တဲ့၊ ဟုတ်လား မေမေ"

မေမေက သားနှင့် ပါးချင်းအပ်ပြီး ငိုချလိုက်သည်။

"အို . . သားရယ်၊ မေမေ ပန်းချီကို နားလည်ချင်လိုက်တာကွယ်။ မေမေဘာမှမသိဘူး၊ ဒါပေမဲ့ ပျော်လိုက်တာကွယ် . . မေမေ ပျော်လိုက်တာ"

"မေမေ ဂုဏ်မယူဘူးလားဟင်"

"သိပ်ဂုဏ်ယူတာပေါ့ သားရယ်"

"လုဗ်ပြတိုက်မှာ ကားချိတ်ဖို့ သိပ်မလွယ်ဘူးမေမေ . . သားရဲ့ အီကားရက်စ်အကြောင်း မေမေ့ကိုပြောပြချင်လိုက်တာ။ ခုတော့ သားကျေနပ်ပါပြီ၊ အင်း . . လုဗ်၊ လုဗ်"

ပါးစပ်ဆက်လှုပ်နေပြီး အသံပျောက်သွားသည်။

*

မိုးစင်စင်လင်းတော့မည်။ မြို့စားကြီးကား ရောက်မလာသေး။ ဂျိုးဇက်က ခေါင်းငိုက်စိုက်ဖြင့် ပြတင်းပေါက်နားတွင် ရပ်စောင့်နေသည်။ အင်းနက်က ခုတင်နဘေးတွင် ဒူးထောက်ပြီး ကျိတ်ငိုနေသည်။ မေမေက ခုတင်ပေါ် ထိုင်ပြီး သူ့ကို စကားတွေ တိုးတိုးပြောကာ ချွေးသုတ်ပေးနေ၏။

"သား နေဦးနော်၊ သတ္တိမွေးနော်၊ သူရောက်တော့မှာ သားရဲ့၊ တင်းထားနော် သား"

သေခြင်းဆိုတာ ဒါပဲ၊ အဆုတ်ထဲမှ ထွက်လာသည့် အသက်ရှူသံ ပြင်းလာ၏။ မြင့်တက်သွားလိုက်၊ ထိုးဆင်းသွားလိုက်၊ ရုတ်ချည်း ခြေထောက်အောက်မှ ကုန်းပတ်တစ်ခုလုံး ကြွတက်လာသလို ထင်ရ၏။



သင်္ဘောကြီးက ပင်လယ်ရေမျက်နှာပြင်မှ ရုန်းထွက်ဖို့ ကြိုးစားနေသည့်အလား။

အမြင့်ကြီးသို့ မြောက်တက်သွားသည်။ ဒန်းစီးသည့်အခါ မြောက်ပါသွားခြင်းမျိုး။ သင်္ဘောကြီးသည် လှိုင်းခေါင်းဖြူတို့၏ ထိပ်ဖျားတွင် ခဏတန့်နေ၏။ ပန်ကာရွက်သည် ရေနှင့်လွတ်နေ၏။ ပြီးတော့ ရုတ်ချည်း ရေပြင်သို့ ဦးစိုက်ကာ ထိုးဆင်းသွားပြန်သည်။ ဩော် . . ဒါ သေခြင်းလား။ အဆုတ်ထဲသို့ လေတွေ အားရပါးရ ဝင်လာပြန်သည်၊ လေတွေ ပြန်ထွက်သွားစဉ် အောက်သို့ ထိုးဆင်းသွားသလိုခံစားရခြင်းဖြစ်၏။

"ပါပါ မြန်မြန်လာပါ"

လေသံကလေး နှုတ်ဖျားမှထွက်လာသည်။ သေမင်းကို သူ့စိတ်ထဲမှ အတင်း အချိန်တိုးတောင်းနေ၏။

"နေဦးလေဗျာ . . ကျုပ်ဘယ်လောက်နေရသေးလို့လဲ"

ကြက်တွန်သံ တစ်ချက်ကြားလိုက်သည်။ နေ့သစ်တစ်နေ့ မွေးဖွားလာခြင်း။ စက်တင်ဘာလ ၉ ရက်။ နေသာနွေးထွေးသောနေ့ တစ်နေ့။ မျက်စိကို မှေးထားလိုက်သည်။ အသိဉာဏ်တွေ ဝေဝါးလာ၏။ ရင်ဘတ်ကလေးက နိမ့်တုံ၊ မြင့်တုံ။

"တင်းထားဦး သား၊ တင်းထားဦး"

တအားမောင်းဝင်လာသော မြင်းခွာသံများနှင့် ရထားဘီးသံများ အောက်ဖက်ဆီမှ ကြားလိုက်ရသည်။

"ငါ့ မီရဲ့လား . . မီသေးလား" ဟူသည့် အသံနှင့်အတူ အခန်းထဲသို့ မြို့စားကြီး ပြေးဝင်လာသည်။ မြို့စားကတော်ကြီးက ထပေးလိုက်သည်။

ခုတင်စွန်းတွင် ဝင်ထိုင်ပြီး

"ဟင်နရီ . . ဟင်နရီ၊ ဖေဖေ့ကိုခွင့်လွှတ်ပါ၊ သားကို ဖေဖေ ဘယ်လောက်အောက်မေ့နေလဲ သိလား" ဟုပြောရင်း သား၏ နဖူးကို ဆက်ကာ ဆက်ကာနမ်းပြီး ရှိုက်ကြီးတငင်ငိုကြွေးလေသည်။

နည်းနည်းလေး စောရောက်လာလျှင် သားအဖနှစ်ယောက် တစ်ဦးကိုတစ်ဦး ခွင့်လွှတ်ဖို့ တစ်ပြိုင်တည်းပြောဖြစ်ကြမည်ထင်၏။ ခုတော့ သိပ်နောက်ကျသွားပြီ။ သို့သော် မိမိသေဆုံးမှုကြောင့်ပင် အမေနှင့်

www.burmeseclassic.com

www.burmeseclassic.com


အမေ ပြန်လည်နီးစပ်ဖို့အကြောင်း ဖြစ်လာနိုင်ပေသည်။ မြို့စားကြီးက ခါးဆန့်လိုက်ပြီး ဇနီးသည်ဘက်လှည့်၍

"မင်းလဲကျုပ်ကိုခွင့်လွှတ်ပါ အာဒေလီ" ဟု ထူးထူးခြားခြား အနူးညွှတ်ဆုံးအသံဖြင့် တောင်းပန်သည်။

"သားဆီကို လာဦးလေ၊ သူ့အနားမှာ မင်းပိုရှိသင့်တာပေါ့"

မေမေ့မျက်နှာကို နှုတ်ခမ်းချင်းထိလုမတတ် အနီးကပ် ခံစားလိုက်ရသည်။ အေးမြမြ လက်ချောင်းကလေးများဖြင့် သူ့ဆံပင်တွေကို မေမေပွတ် သပ်ပေးနေသည်။ ငယ်ငယ်တုန်းက ချော့သိပ်သည့်အတိုင်းပင်။

"အိပ်တော့နော် . . အိပ်တော့ရီရီရယ်"

မေမေ့ပါးပြင်ပေါ်မှ မျက်ရည်တွေ သူ့မျက်နှာပေါ်သို့ လိမ့်ကျနေသည်။ သို့သော် မေမေပြုံးနေမည်ထင်၏။ မေမေ ပျော်နေမှာပါ။ သားအတွက် ဂုဏ်ယူနေသည့်မေမေဟု စိတ်ထဲက သိနေ၏။ မေမေက သူ့ကိုဆက်ထားမထားတော့။ ပင်ပန်းကြီးစွာ ကြိုးစားရုန်းကန်နေရာမှ လျှော့ချလိုက်သည်။ နံနက်ခင်းအလင်းရောင်သည် အခန်းတွင်းသို့ ဖြာဆင်းနေသော်လည်း သူ့ကို အမှောင်ထုကြီးက လွှမ်းခြုံလိုက်လေသည်။

"မေမေ . . မေမေ ဂွတ်ဘိုင်မေမေ"

တင်မောင်မြင့်
၁၆-၄-၂၀၀၀

www.burmeseclassic.com